ပါဠိ ပါရဂူ
ဓမ္မာစရိယ
အရှင်သီရိကဉ္စနာဘိဝံသ-၏

# ပါတိမောက်
နှင့်
# ကင်္ခါအမေးအဖြေ

ကူညီရေးအရှင်ဓမ္မဿာမိဘိဝံသ
ပြင်ဆင်ဖြည့်စွက်သည်

မူပိုင်
သာသနာ့အလင်းစာပေဌာန

သာသနဓဇ သီရိပဝရ ဓမ္မာစရိယ

ဝိနယ ပါဠိပါရဂူ

## အရှင် သီရိ ကဉ္စနာဘိဝံသ

၏

# ပါတိမောက်

နှင့်

# ကင်္ခါအမေးအဖြေ

ကူညီရေး အရှင် ဓမ္မသာမိဘိဝံသ

ပြင်ဆင်ဖြည့်စွက်သည်

မူပိုင်

သာသနာ့အလင်း စာပေဖြန့်ချိရေး ဦးစီးဌာန

၂၁၊ ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်မြို့ ကြည့်တိုက်

ကမ္ဘာအေး၊ ရန်ကုန်

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၆၁၁၀)

ထုတ်ဝေသူ။ ။ဦးတင်မောင် (၀၀၈၂) သင့်ဘာဝ စာအုပ်တိုက်
၁၇၊ မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁) သင့်ဘာဝ စာပုံနှိပ်တိုက်
၁၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

ပဉ္စမအကြိမ် အုပ်ရေ ၂၀၀၀

၁၉၇၃-ခု၊ ဇွန်လ

နှုန်း - တအုပ် ၆-ကျပ်

# ပလ္လင်ဖွင့်အချီ

ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားခဲ့သော ဝိနည်းဒေသနာတော် မြတ်ကြီးသည် သာသနာတော် မြတ်ကြီး၏ အဓိက အရေးကြီးသော သွေးကြောကြီး ဖြစ်ပါပေသည်၊ ဝိနည်းဒေသနာတော်ကြီး တည်တံ့မှသာ ဘုရားရှင်ရဲ့ သာသနာတော် အရှည် ခံ့ညား၍ လ-ရထား ဘုံဆောင်ကဲ့သို့ ထွန်းပြောင်တော် မူနိုင်ပေလိမ့်မည်၊ ဝိနည်းဒေသနာ ဆိုသည်မှာ ဘုရားရှင်ကိုယ်တော်မြတ် အရာသာ ဖြစ်၍ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းများ၏ ချမ်းသာကြောင်း ကောင်းစားရေး အတွက်လည်း ဝိနည်းတော်သာလျှင် ရည်ရွယ်ချက် ပြီးမြောက်၍ ခရီးရောက်နိုင်လေသည်။

ဝိနည်းမတတ် အာပတ် "ဝိနည်းမတတ်, ကျောင်းထိုင်လတ် အာပတ်မဆုံးရာ" ဟူသော စကားလည်း သာသနာ့ဝန်ထမ်း ရဟန်းများဟာ တနေ့ကျရင် ပရိသတ် အချေအရံတွေနှင့် ဝေကန့် နေကြရဦးမည်၊ ရပ်ဆရာ ရွာဆရာ သားဆရာ မြေးဆရာ စသည်ဖြင့် ထင်ပေါ် ကျော်စောပြီး ဆရာတော်ကြီး အခေါ်ခံကာ စံတော်မူကြရပေတော့မည်၊ ထိုအခါ ဝိနည်း မတတ်ခဲ့ပါမူ နေထိုင် ကျင့်ကြံမှု နားမလည်၍ အပါယ်သို့ ဆိုက်ရောက်တတ်ကြောင်းကို အဋ္ဌကထာ၌ ပြ၏။

# ပလ္လင်ဖွင့် အခါ

**မဟာပဒုမ မထေရ်၏ အမြင်**— ဝိနည်း တရားတော် ဆိုသည်မှာ ကျယ်ဝန်းပေရာ လေ့ကျင့် သင်ကြား၍ ဆုံးခန်းတိုင်အောင် အပြီးမြောက် ခဲ့သည်ဟု မဆိုသာချေ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တွင် မဟာသုမ မထေရ်မှာ ဝိနည်း ကိုးခေါက်သင်ပြီး, မဟာပဒုမ မထေရ်မှာကား တဆဲ့ရှစ်ခေါက် သင်ကြား တတ်မြောက် သတတ်၊ တနေ့သ၌ ဝိနည်းကိုးခေါက် ပေါက်သော မဟာသုမ မထေရ်သည် တဘက်ကမ်း ကျွန်းဆွယ်သို့ ကျောင်းထိုင် ကြွရောက်သော အခါ မဟာပဒုမထေရ်က "တယ် အတင့်ရဲလှပါတကား၊ ဆရာကို လက်လွှတ်ပြီး ထီးထီး နေယောင်တကား" ဟု ငြီးတွားတော် မူသတတ်၊ ဤနေရာ၌ စဉ်းစားဘွယ်ကား ဝိနည်းတရားတော်၏ နက်နဲ၍ ခက်ခဲသော အချက်ကို သိမြင်နိုင်လောက်ပေပြီ၊ ဝိနည်းကိုးခေါက် ပေါက်မြောက် သင်ယူ သော်လဲ စိတ်မချရ သေးကြောင်းကို မဟာပဒုမ မထေရ် ရည်သန်တော် မူလေသည်။

**ဤကျမ်းစာ ပေါ်ပေါက်ရပုံ**— အထက်ပါ အကြောင်းအရပ်ရပ်တို့ကို ပေါင်းစပ်ပြီး ဝိနည်း ဒေသနာတော်၏ ကျယ်ဝန်းပုံကို အလုံးစုံ သိမြင်မိသဖြင့် နေ-ထိုင်-သွား-လာ-ကျင့်-ကြံမှု အရပ်ရပ် ဝိနည်း ပိဋကတ်၌ တတ်သိဘို့ရာ စေတနာ ထားမြဲလျှင် ယခုအခါတွင် မြန်မာပြည် အရပ်ရပ် ကျင်းပ ပြုလုပ်အပ်သော စာမေးပွဲဟူသမျှ၌ ရဟန်း, သာမဏေများ မပင်ပန်းဘဲ ချမ်းချမ်းသာသာဖြင့် လိုရာကြည့်ရှုပြီး အောင်ပွဲကြီး ဆင်နိုင်ကြစေရန် ရည်သန်လျက် သမဂ္ဂ အများ၏ တိုက်တွန်းချက် အဝဝကို လက်ခံကာ လာလတံ့သော အစိုးရ ပထမပြန် စာမေးပွဲကြီးအမှီ ဤကျမ်းစာ တွက်ပေါ် လာခဲ့ရပေပြီ။

(ပဉ္စမအကြိမ်)

# ပလ္လင်ဖွင့် အချီ

ဤကျမ်းကို စီစဉ်ရာ၌ သဒ္ဒ, အတ္ထ, အဓိပ္ပါယ်, သဘာဝ, ဝိနိစ္ဆယ, အတ္တနောမတိ, ပုဒ်နေ, ပုဒ်ထား, စကား အသုံးအနှုန်း အဖြတ် အတောက် တို့ကို ရှင်းရှင်းနဲ့ လိုရင်းမိအောင် ကြံဆောင် ထားသဖြင့် ကျမ်းကြီးခြင်း အပြစ်မှ ကင်းလွတ်ပြီး အနှစ်တကာ တို့၏ စုပေါင်းရာ အမြုတေရတနာကြီး ဖြစ်ပါသည်၊ မိမိဉာဏ် မှီသမျှ ပါဠိ, အဋ္ဌကထာ, ဋီကာတို့မှ အကာကိုပစ်, အနှစ်ဟူ သမျှ စုပေါင်း ပြထားသဖြင့် အကောင်းတကာ့ ဘုရင် သဲလဲစင် ဟု မဆိုသာသော်လည်း သာသနာ့ ဝန်ထမ်း ရဟန်းတို့အဘို့ စာမေးပွဲများ နှင့် အထူး သင့်လျော်အောင် စီစဉ်ထားကြောင်း ကိုကား ရဲဝံ့စွာ တာဝန်ယူပါသည်။

ဤ ကျမ်းစာ မှာ နား ရှုပ်မည့် အချက်ကို ဝက္ကက်ပြီး ပါတိမောက် နှင့် ကခ်ါ ၂-ဖြာ ယှဉ်တွဲ၍ ထားသဖြင့် ကြည့်ရှု ရာ၌ လွယ်ကူခြင်း အကျိုးတမျိုး ရှိလှပေရာ များစွာသော စာ သင်သားများ၏ အကျိုးကို သည်ပိုး ရွက်ဆောင်ရာ၌ ဤကျမ်း မှာ သာသနာတော်ကြီး တလျှောက်လုံး အသုံးချစရာ အဘိုးတန် ရတနာ အဖြစ် တည်ရှိပါစေသတည်း။

အရှင် သီရိကဥ္စနာ ဘိဝံသ

၁၃၀၀-ပြည့်၊ ဝါဆိုလဆန်း ၈-ရက်

(ပဥ္စမအကြိမ်)

# အာသိယ ပုဗ္ဗက ဂန္ဓာရမ္ဟ

**နယောဒကေ ဗျဉ္ဇနတ္ထ,**
**မဇ္ဈေ သုတ္တ-မဟာသရေ၊**
**ဂန္ဓာလောကေန သောဘေန္တာ,**
**ဗောဓေန္တု ကုမုဒါ ဇနာ။**

**နယောဒကေ**—နည်း အသွယ်သွယ်, လွန်ဆန်းကြွယ်သည့် ရေပြင်ကျယ်ကြီးလည်း ရှိပေထသော။ **ဗျဉ္ဇနတ္ထမဇ္ဈေ**—သဒ္ဒါအနက်, အတွေးခက်အောင်, ထွေးယှက် မြူးကွန့်, လူးလွန့်ပျော်ပါး အစားစားသော ငါးလည်း ရှိပေထသော။ **သုတ္တမဟာသရေ**—ဝိနယ ပိဋကတ်, အဿိဓာတ် အခြေ မပိုင်နိုင်ကြသည့်, ပရိယတ် ရေအိုင်တော် မြတ်ကြီးအတွင်း၌။ **ဇနာကုမုဒါ**—ရဟန်းပျိုနု, အခြေပြုစ, မန္ဒနုနယ်, အရွယ်မျိုးစုံ, ကြာတောရုံကြီးတို့သည်။ **ဂန္ဓာလောကေန**—ပါတိမောက်နှင့် ကခ်ါ အမည်သာသည့်, ဤစာတည်းဟူသော ဝင်းပြောင် ထိန်ငြိး, အလင်းရောင်ကြီးဖြင့်။ **သောဘေန္တာ**—သာသနာ့ ချက်ဗွေမှာ, ကြက်သရေအဆင့်ဆင့်နှင့်, မြင့်သထက်မြင့်အောင်, အတင့်တယ်ကြီး တင့်တယ်ကြ စေကုန်လျက်။ **ဗောဓေန္တု**—ဇာနည် မုံသောက် ပြောင်မြောက် ချက်ခြင်း ပွင့်လင်း သိမြင်နိုင်ကြပါစေ ကုန်သတည်း။

(ပဌမအကြိမ်)

# ၁-ဘိက္ခုမာတိကာ


| | | |
|---|---|---|
| ၁-နိဒါနုဒ္ဒေသ | .... | ၁ |
| ၂-ပါရာဇိကုဒ္ဒေသ | .... | ၅၁ |
| ၁။ ပ-ပါရာဇိက | .... | ၅၉ |
| ၂။ ဒု-ပါရာဇိက | .... | ၇၉ |
| ၃။ တ-ပါရာဇိက | .... | ၈၈ |
| ၄။ စ-ပါရာဇိက | .... | ၉၅ |
| ၃-သံဃာဒိသေသုဒ္ဒေသ | | ၁၀၁ |
| ၁။ ပဌမ သံဃာဒိသေသ | .... | ၁၀၁ |
| ၂။ ဒုတိယ | .... | ၁၁၅ |
| ၃။ တတိယ | .... | ၁၁၅ |
| ၄။ စတုတ္ထ | .... | ၁၁၆ |
| ၅။ ပဥ္စမ | .... | ၁၁၆ |
| ၆။ ဆဋ္ဌ | .... | ၁၁၈ |
| ၇။ သတ္တမ | .... | ၁၂၁ |
| ၈။ အဋ္ဌမ | .... | ၁၂၃ |
| ၉။ နဝမ | .... | ၁၂၅ |
| ၁၀။ ဒသမ | .... | ၁၂၈ |


(ပဥ္စမအကြိမ်)

# မာတိကာ


၁၁။ ဧကာဒသမ .... ၁၃၁

၁၂။ တေရသမ .... ၁၃၁

၄-အနိယတုဒ္ဒေသ .... ၁၃၇

၅-ဝိတ္ထာရုဒ္ဒေသ .... ၁၄၁

နိဿဂ္ဂိယ-ပါစိတ္တိယ

၁။ စီဝရ ဝဂ္ဂ .... ၁၄၁

၂။ ဧဠကလောမ ဝဂ္ဂ .... ၁၆၂

၃။ ပတ္တ ဝဂ္ဂ .... ၁၇၁

သုဒ္ဓ-ပါစိတ္တိယ

၁။ မုသာဝါဒ ဝဂ္ဂ .... ၁၈၂

၂။ ဘူတဂါမ ဝဂ္ဂ .... ၂၁၉

၃။ ဘိက္ခုနောဝါဒ ဝဂ္ဂ .... ၂၄၇

၄။ ဘောဇန ဝဂ္ဂ .... ၂၆၀

၅။ အစေလက ဝဂ္ဂ .... ၂၈၇

၆။ သုရာပါန ဝဂ္ဂ .... ၃၀၆

၇။ သပ္ပါဏက ဝဂ္ဂ .... ၃၁၇

၈။ သဟဓမ္မိက ဝဂ္ဂ .... ၃၂၅

၉။ ရတန ဝဂ္ဂ .... ၃၃၄

ပါဋိဒေသနီယ .... ၃၄၁

သေခိယ .... ၃၄၃

အဓိကရဏ သမထ .... ၃၅၆


(ပဉ္စမအကြိမ်)

# ၂-ဘိက္ခုနီ မာတိကာ


| | | |
|---|---|---|
| ၁-ပါရာဇိက ကဏ္ဍ | .... | ၃၆၁ |
| ၂-သံဃာဒိသေသ | .... | ၃၇၀ |
| ၃-နိဿဂ္ဂိယ-ပါစိတ် | .... | ၃၇၇ |
| ၄-သုဒ္ဓ-ပါစိတ် | .... | ၃၈၁ |
| ၁။ လသုဏ ဝဂ္ဂ | .... | ၃၈၁ |
| ၂။ ရတ္တန္ဓကာရ ဝဂ္ဂ | .... | ၃၈၆ |
| ၃။ နဂ္ဂ ဝဂ္ဂ | .... | ၃၈၈ |
| ၄။ တုဝဋ္ဋ ဝဂ္ဂ | .... | ၃၉၃ |
| ၅။ စိတ္တာဂါရ ဝဂ္ဂ | .... | ၃၉၈ |
| ၆။ အာရာမ ဝဂ္ဂ | .... | ၄၀၂ |
| ၇။ ဂဗ္ဘိနီ ဝဂ္ဂ | .... | ၄၀၇ |
| ၈။ ကုမာရိဘူတ ဝဂ္ဂ | .... | ၄၁၀ |
| ၉။ ဆတ္တ ဝဂ္ဂ | .... | ၄၁၅ |
| နောက်ဆက်တွဲ ကင်္ခါသာရ | .... | ၄၂၁ |
| နိဂမ ပတ္ထနာ | .... | ၄၃၉ |


(ပဌမအကြိမ်),



# ပါတိမောက် နှင့် ကခ ဒ္ဒါ

## အမေး အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါနုဒ္ဒေသ

● ပါတိမောက်ကို သရုပ ဘေဒအားဖြင့် ပြပါ။

သီလ ပါတိမောက်, ဂန္ထပါတိမောက်ဟု ၂-ပါးပြား၏။

---

● သီလဂန္ထ ၂—ပါးကို ပါတိမောက် ခေါ်ပုံ အကိုးအကား ပါဠိ တော်ကို ထုတ်ပြခဲ့ပါ။

ပါတိမောက္ခ သံဝရ သံဝုတော ဝိဟရတိ-ပါဠိ၌ သီလကို, ဥဘယာနိ ခေါပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ-၌ ဂန္ထကို ပါတိ မောက်ဟု ခေါ်ပါသည်။

( 1 ) (ပဉ္စမအကြိမ်)

## ပါတိမောက် နှင့် ကဝါ

◉ သီလ, ဂန္ထ ပါတိမောက် အရ ကောက်ပြပါ။

သီလ ပါတိမောက် အရ ဝိရတိ စေတနာ ပြဋ္ဌာန်းသော ကုသိုလ် ကြိယာ စိတ္တုပ္ပါဒ် ဓမ္မသမူဟကို မှချကောက်၊
ဂန္ထ ပါတိမောက်အရ သုဏာတု မေ-အစရှိသော အက္ခရာ ပဗန္ဓပညတ်ကို ဥဒ္ဒေသပါဠိ၊ ဥဒ္ဒေသပါဠိ တော်အားဖြင့် ကောက်။

---

◉ သီလပါတိမောက်၌ သီလ အပြား ပြပါ။

ပါတိမောက္ခ သံဝရ-သိက္ခာပုဒ် ထိန်းသိမ်းမှု = သဒ္ဓါ။
ဣန္ဒြိယ သံဝရ-ဣန္ဒြေ စောင့်စည်းမှု = သတိ။
အာဇီဝပါရိသုဒ္ဓိ-အနေသန ၂၁-ပါးမှ ရှောင်မှု = ဝီရိယ။
ပစ္စယသန္နိဿိတ-ပစ္စဝေက္ခဏာ ဆင်ခြင် သုံးမှု = ပညာ။

---

◉ ဂန္ထပါတိမောက် အပြားကို ရေးပြပါ။

ဩဝါဒပါတိမောက်, အာဏာပါတိမောက် ၂-ပါး၊
တနည်း-ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် ၂-ပါး။

---

◉ ဩဝါဒ နှင့် အာဏာ ပါတိမောက်အပြားကို ပြပါ။

ဩဝါဒ၌ အပြားမရှိ, ဂါထာ ၃-ပုဒ်သာ လာရှိ၏၊
အာဏာပါတိမောက်၌ ဘိက္ခု ပါတိမောက်နှင့် ဘိက္ခုနီ ပါတိမောက်ဟု ၂-ပါး ပြားပါသည်။

(ဩဝါဒကို ဘုရားပြ၏၊ အာဏာ ပါတိမောက်ကို ရဟန်းများပြ၏။)

(ပဉ္စမအကြိမ်)

● ဂန္ထကို ပါတိမောက်ဟု ခေါ်ရာ၊ သီလ ပါတိမောက်ကို ဖွင့်နိုင်ရာ၌ ဥပစာ တင်စားပုံ အထူးပြပါ။

ဌာနီသီလ၏ မုချ ပါတိမောက် အမည်ကို ဌာန ဂန္ထ၌ ဌာန်ျူပစာ တင်စား၍ ဂန္ထကို ပါတိမောက် ခေါ်ပါသည်။ ဌာနဂန္ထကို မုချ ဖွင့်သဖြင့် အဝိနာဘာဝ နည်းအားဖြင့် သီလကိုလည်း ဌာန်ျူပစာအားဖြင့် ဖွင့်ပြရာ ရောက်၏။

(ဂန္ထပေါ် ဌာန်ျူပစာတင်၊ သီလကို ဌာနူပစာဖွင့်)

---

● ပါတိမောက် ၂—ပါး၌ ဥဒ္ဒေသ အသီးသီး နှဲပြပါ။

၁။ နိဒါနုဒ္ဒေသ,
၂။ ပါရာဇိကုဒ္ဒေသ,
၃။ သံဃာဒိသေသုဒ္ဒေသ,
၄။ အနိယတုဒ္ဒေသ,
၅။ ဝိတ္ထာရုဒ္ဒေသ, ဘိက္ခုပါတိမောက်၌ ၅-ပါး၊
ဘိက္ခုနီပါတိမောက်၌ အနိယတုဒ္ဒေသကြဉ် ၄-ပါး။

---

● ဘိက္ခုနီ၌ ဘာ့ကြောင့် အနိယတုဒ္ဒေသ မပါသနည်း။

ပါဠိတော်၌ အဋ္ဌုပ္ပတ္တိ မလာမရှိ၍ လျော့ပါသည်၊
ဘိက္ခုနီနံ အနိယတ သိက္ခာပဒ ပညတ္တိယာ အဘာဝတော။

---

● ဥဒ္ဒေသ ငါးပါး ပြပုံ ပိုင်းခြား ပြပါ။

၁။ နိဒါနုဒ္ဒေသ ကုန်ရုံရွတ်ပြီး ကြွင်း ဥဒ္ဒေသတို့ကို သုတ-သဒ္ဒါဖြင့် ရွတ်ခြင်းသည် နိဒါနုဒ္ဒေသ။

(ပဥ္စမအကြိမ်)

၂။ ပါရာဇိကုဒ္ဒေသ ကုန်ရုံရွတ်ပြီး ကြွင်းဥဒ္ဒေသတို့ကို သုတ-သဒ္ဒါဖြင့် ရွတ်ခြင်းသည် ပါရာဇိကုဒ္ဒေသ။

၃။ သံဃာဒိသိသ် ကုန်ရုံရွတ်ပြီး ကြွင်းတို့ကို သုတ-သဒ္ဒါဖြင့် ရွတ်ခြင်းသည် သံဃာဒိသေသုဒ္ဒေသ။

၄။ အနိယတုဒ္ဒေသ ကုန်ရုံရွတ်ပြီး ကြွင်းတို့ကိုသုတ-သဒ္ဒါဖြင့် ရွတ်ခြင်းသည် အနိယတုဒ္ဒေသ။

၅။ တစောင်လုံး ကုန်စင်အောင် ရွတ်ခြင်းသည်-ဝိတ္ထာရုဒ္ဒေသ မည်၏။

---

● ကျောင်းတိုက် တခုတွင် သံဃာ လုံလောက်ပါလျက် သံဃာ့-ဥပုသ် မပြုလျှင် အာပတ် သင့် မသင့် ပြပါ။

အကြောင်းရှိ၍ သံဃာ့ဥပုသ်မပြုလျှင် အာပတ် မသင့်၊ အကြောင်းမရှိဘဲ သံဃာ့ဥပုသ် မပြုလျှင် ဒုက် သင့်၏။

အကြောင်းဆိုသည်မှာ အန္တရာယ် ၁၀-ပါးကို ယူ။

---

● သံဃာ့ဥပုသ်ကို ဘယ်အခါ ဘယ်လို ပြုရသလဲ။

အန္တရာယ် မရှိလျှင် ပါတိမောက် ဆုံးအောင် ပြရ၏၊ နိဒါန်းစသည် ပြပြီး၍ အန္တရာယ် ဖြစ်လာခဲ့သော် ကြွင်း ဥဒ္ဒေသတို့ကို သုတသဒ္ဒါဖြင့် ကြားရ၏၊ နိဒါန်း မပြီးမီ အန္တရာယ်ပေါ်ခဲ့သော် ဥပုသ် မပြုဘဲ နေကောင်း၏။

(အန္တရာယ်ကြောင့် ဥပုသ်မပြုဘဲ နေကောင်း၏—ဟူလို)

(ပ၉မအကြိမ်)

● ပါရာဇိကုဒ္ဒေသ စသည်ကို ပြနေခိုက် ဆုံးခါနီး အန္တရာယ် ဖြစ်လာခဲ့သော် အသို့ ပြုရပါသနည်း။

ပြနေခိုက် အန္တရာယ်ပေါ်လာခဲ့သော် မပြီးသေးသော ဥဒ္ဒေသကို သုတဖြင့် သိမ်းကျုံး၍ ပြရပါသည်။

---

● ဥပုသ် အန္တရာယ် ၁၀–ပါး ရေတွက်ခဲ့ပါ။

မိး, မင်း, ခိုးသူ၊ မိုးယံးရေ, လူ၊ ဘီလူး, သားရဲ မြွေ၊
အသက်,ဗြဟ္မ၊ စရိယ၊ ဒသ အန္တရေ။

---

● နိဒါန်း မပြီးမီ အန္တရာယ်ဖြစ်လာခဲ့သော် အဘယ့်ကြောင့် သုတဖြင့် မကြားကောင်းသနည်း။

နိဒါန်း၌ "ယဿ သိယာ" ဖြင့် အကျဉ်းချုပ် ပြအပ်သော ပါတိမောက်ကို ကြားဘူးပြီး မဖြစ်နိုင်၍ နိဒါန်းမပြီးလျှင် သုတဖြင့် မကြားကောင်းပါ။

---

● "ယဿ သိယာ အာပတ္တိ" ဖြင့် ပါတိမောက်ကို ကြားဘူးပြီး ဖြစ်ပုံသဘောကို ရှင်းပြပါ။

အာပတ္တိ ၆-ပါးသော အကြောင်းကြောင့် သင့်သော ခုနစ်ပါးသော အာပတ်ဆိုရာ၌ အကျိုးဌာနီ အာပတ်ကိုပြသဖြင့် အကြောင်းဌာန သိက္ခာပဒကို ဌာနျူပစာ ကာရဏူပစာ အားဖြင့် ကြားဘူးပြီး ဖြစ်ရ၏။

(ပဌမအကြိမ်)

● ပုဗ္ဗကရဏကိုမပြုဘဲ ဥပုသ်ပြုခဲ့သော် မည်သည့်ပုဂ္ဂိုလ်အား အပြစ်ရောက်ပါသနည်း။

ဥပုသ်ပြုသော သံဃာအားလုံး ဒုက်-အာပတ် သင့်၏။

---

● ဤဝတ္တရားသည် မည်သူ့ အပေါ် တာဝန် ကျသလဲ။

မထေရ်ကြီးပေါ် တာဝန်ကျ၍ ကိုယ်တိုင်မှုလည်း ပြု့သင့် လျော် သော ပုဂ္ဂိုလ် ကို မှုလည်း စေ ခိုင်း ရသည်။

---

● ဤ တာဝန် အတွက် မခိုင်းသင့်သော ပုဂ္ဂိုလ်ကို ပြခဲ့ပါ။

နာ ဖျားသော ရဟန်း, ကိစ္စများသော ရဟန်းတို့အား မခိုင်း ရပါ။

---

● ဤ ၄-ပါးကို အဘယ့်ကြောင့် ပညတ် ပါသနည်း။

အာဂန္တုက ရဟန်းများ ဥပုသ်ပြုရန် ကြွလာကြရာ တံမျက် မလှဲ၍ အမှိုက်ထူခြင်း, မီးမထွန်း၍ တိုက်မိခြင်း, ရေမရှိ၍ မသုံး ရခြင်း,နေရာ မခင်း၍ ဖုံလူးခြင်းကြောင့်အာဂန္တုကများ ကဲ့ရဲ့၍ ပညတ်ရပါသည်။

---

● ပါတိမောက်ကို ဘာ အကျိုးငှါး ဘယ်မှာ ပညတ်ပါသလဲ။

ဥပုသ် ပြုရန် အကျိုးငှါ ရာဇဂြိုဟ်မှာ ပညတ်ပါသည်။

---

● ဘာ့ပုံ အစွဲပြု၍ ဥပုသ် ပညတ်ကြောင်း အမြွက်မျှရေးပါ။

ရှစ်ရက် သီတင်း လပြည့် လကွယ်၌ တိတ္ထိတို့သည် တရား ဆွေး နွေးပွဲလုပ်လေ့ ရှိသဖြင့် လူအများ၏ ခင်မင်လေးစားခြင်း ခံကြရ

သောထုံးကို ဗိမ္ဗိသာရမင်းကြီး မြင်တော်မူ၍ ဘုရားအား ထိုမင်းကြီးလျှောက်ထားချက်အရ "အနုဇာနာမိ ဘိက္ခဝေပါတိမောက္ခံ ဥဒ္ဒိသိတုံ" ဟု ပညတ်တော် မူပါသည်။

---

ပါတိမောက် ပါဠိ [illegible] သီးခြား ရှိ, မရှိ ဆုံးဖြတ်ပါ။

အချို့ ဆရာများက သီးခြားမရှိ, ဥဘတောဝိဘင်း၌ လာသော မာတိကာကို ထုတ်ထားခြင်းသာ ဖြစ်၏ ဟု ဆို၏၊ ဝိမတိဋီကာဆရာက သီးခြား ဟောထား၏ ဟုဆို၏။ ဘဂဝါ တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တီတိအာဒိနာ ပါရာဇိကုဒ္ဒေသာဒိဝသေန ဝိနယ မာတိကံ ကတွာ နိဒါနုဒ္ဒေသေန သဟ သယမေဝ သံဂဟေတွာ ပါတိမောက္ခန္တိ ပညပေသိ၊ ဤသို့ ဝိမတိ၌ အခိုင်အလုံ မိန့်ထား၏။

---

အနုဇာနာမိ ဘိက္ခဝေ [illegible] ပါတိမောက္ခ [illegible] ထားရှိ ပါတိမောက်ကို မထေရ်ကြီး ချည်းသာ ပြကောင်းပါသလော။

ဥဒ္ဒေသ ၂-ပါး အထိ ကောင်းစွာ ရပါမှ မထေရ်ကြီးသာ ပြရပါသည်။ မရခဲ့သော် ဗျတ္တ ပဋိဗလ သီတင်းငယ်အား ပြခွင့်ရပါသည်။

---

မထေရ်ကြီး [illegible]
အာပတ် သင့် မသင့် ပြပါ။

ရသရွေ့ ၂-ဥဒ္ဒေသမျှ ပြသောကြောင့် အာပတ်မသင့်ပါ၊ တစောင်လုံး ရလျက် အကျဉ်းပြမှုသာလျှင် ဒုက် အာပတ် သင့်ပါသည်။

(ပဌမအကြိမ်)

● ဆန္ဒ ပေးပုံ ပါရိသုဒ္ဓိပေးပုံ ပါဠိရေးပါ။

ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ၊
ပါရိသုဒ္ဓိံ ဒမ္မိ.... ပါရိသုဒ္ဓိံ မေ အာရောစေဟိ။

---

● ဆန္ဒံ ဒမ္မိဖြင့် ပြီးပါလျက် ဘာ့ကြောင့် ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိကို ဆိုပါသနည်း။

အပြစ်ကင်းခြင်း့ မိမိဆန္ဒရောက်စေခြင်း အကျိုးငှါ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိကို ဆိုပါသည်။

---

● ဆန္ဒံ မေ ဟရ အစရှိသော နောက် ၂-ဝါကျဖြင့် အပြစ်ကင်း၍ ဆန္ဒရောက်ခြင်း အကျိုးကို ပြပါ။

"ဆန္ဒကို ဆောင်ပါ့ ပြောပါ"မှာပါလျက် ဆန္ဒဆောင်ရဟန်းကသံဃာ့ဘောင် သိမ်အပြင်ဝယ် သံဃာအားမပြောဘဲနေခဲ့လျှင် ပေးသူ၌ အပြစ်လည်းမရှိ, ဆန္ဒလည်း ရောက်၏၊ မပြောသူအားသာ ဝတ်ပျက်၍ ဒုက်သင့်၏။

(ဆန္ဒ ဆောင်သည် ပြောပြော မပြောပြော ဆန္ဒကား ရောက်၏၊ ပေးသူအား အပြစ်လည်းမရှိ ဟူလို)

---

● "ဆန္ဒံ ဒမ္မိ"ဆိုပေးလိုက်ပါလျက် မကြားလျှင် အသို့နည်း။

ဟရ့ အာရောစေဟိ- ဆောင်သွားပါ့ ဆက် ဆက် လျှောက်ထားပါဟု မမှာလိုက်၍ ဆန္ဒဆောင်၌ အာပတ်မသင့်၊ ဆန္ဒပေးမှာသာ ဒုက်အာပတ် သင့်၏့ ဆန္ဒလဲသံဃာ့ဘောင်သို့မရောက်ပါ။

(ပဋမအကြိမ်)

● အဘယ်ရဟန်းသည် ဆန္ဒသက်သက်ကို, အဘယ်ရဟန်းသည် ဆန္ဒပါရိသုဒ္ဓိ ၂-ပါးလုံးကို ပေးရသနည်း။

တခြားက ဥပုသ်ပြုခဲ့သော် ဆန္ဒကိုသာ ပေး၊ ဥပုသ်မပြုခဲ့ရသေးသော် ၂ပါးစုံကို ပေးရ၏။

---

● ဆန္ဒ နှင့် ပါရိသုဒ္ဓိကို အဘယ် အကျိုးငှါ ပေးရပါသလဲ။

ဆန္ဒကို သံဃာ့ကိစ္စအဝဝ ဆောင်ရွက်ရန် ပေးရ၏၊ ပါရိသုဒ္ဓိကို မိမိဥပုသ်ပြုရန် အတွက် ပေးရ၏။

---

● ဥပုသ်ပြုရန် ပါရိသုဒ္ဓိ ပေးသော သူသည် ဆန္ဒကို ပေးရန်လို့မလိုဆုံးဖြတ်ခဲ့ပါ။

ဥပုသ်ပြုရင်းတခြားသံဃာ့ကိစ္စများ ပေါ်လာခဲ့သော် ဆောင်ရွက်လွယ်အောင် ဆန္ဒကိုပါရောပေးရပါသည်။

တေနာပိ ပါရိသုဒ္ဓိဒေန္တေန ဆန္ဒောပိ ဒါတဗ္ဗော။

(တခြား သံဃာ့ကိစ္စ မပေါ်လျှင် ဆန္ဒကို ပေးစရာ မလို)

---

● ဆန္ဒပေးမှုကြောင့် ပြီးသောကိစ္စ, မပြီးသောကိစ္စကို ပြပါ။

ဆန္ဒ ပေးမှုကြောင့် သံဃာ့ကိစ္စ အဝဝ ပြီးစီးနိုင်၏၊ မိမိ၏ ဥပုသ်ပြုမှုကိစ္စကား မပြီးနိုင်ပါ။

ဆန္ဒဒါနံ သံဃဿေဝ ဥပေါသထ ကရဏဉ္စ သေသကိစ္စဉ္စ သမ္ပာဒေတိ၊ အတ္တနော ပန ဥပေါသထော အကတောယေဝ ဟောတိ။

---

● ပါရိသုဒ္ဓိ ပေးရကျိုးနှင့် မပြီးသော ကိစ္စကို ပြပါ။

ပါရိသုဒ္ဓိကို ပေးသဖြင့် မိမိနှင့် သံဃာ၏ ဥပုသ်ကိုပြီးစေနိုင်၏၊ ကြွင်းသော သံဃာ့ကိစ္စများ ပေါ်ခဲ့သော် မပြီးစေနိုင်ပါ။

(ပဥ္စမအကြိမ်)

● ဘယ်လို စပ်နေ၍ ဆန္ဒပါရိသုဒ္ဓိ ပေးရသလဲ။

**တသိမ်တည်း တည်ရှိနေသောအားဖြင့် စပ်နေ၍သာ ပေးရပါသည်။**

(ပခုက္ကူ ကျောင်းတိုက်ကြီးများလို တသိမ်တည်းဖြစ်နေ၍ဟူလို)

---

● ဝိဟာရသိမ်၌ တည်သော သံဃာသည် ခဏ္ဍသိမ်၌ ဥပုသ်ပြုရန် ဆန္ဒပါရိသုဒ္ဓိကို ပေးသင့်, မပေးသင့်ကို ပြပါ။

**တသိမ်တည်း မဟုတ်၍ ဆန္ဒပါရိသုဒ္ဓိ မပေးသင့်ပါ။**

**မှတ်ရန်။** ။ဝိဟာရသိမ်မှာ နေရစ်ခဲ့ပြီး ခဏ္ဍသိမ်၌ ကိုယ်တိုင် မသွားလို၍ ဆန္ဒပါရိသုဒ္ဓိပေးလျှင် ဘာမှ အကျိုးမရှိပေ။

---

● ရဟန်းဟု ဝန်ခံသော ထေယျသံဝါသကအား ဆန္ဒပါရိသုဒ္ဓိပေးခဲ့သော် ရောက် မရောက် ရေးပါ။

**ထိုပုဂ္ဂိုလ် သံဃာ့ဘောင် ရောက်လျှင် ဆန္ဒပါရိသုဒ္ဓိရောက်၏၊ ရဟန်းဟု ဝန်ခံသဖြင့်ရဟန်းထင်၍ ပေးမိသဖြင့် အပြစ်မရှိပေ။**

---

● ရဟန်းဟု ဝန်ခံ၍ ဆန္ဒပါရိသုဒ္ဓိ ဆောင်ပြီး သာမဏေက သံဃာ့ဘောင်၌ သာမဏေပါဟု ဝန်ခံရာ ပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိ ရောက်မရောက် ဆုံးဖြတ်ခဲ့ပါ။

**ရဟန်းအမှတ်ဖြင့် ပေးလိုက်၍ ဆန္ဒပါရိသုဒ္ဓိရောက်၏။**

သော ဆန္ဒံ အာဟရိတွာ သံဃပတ္တော 'သာမဏေရော' အဟ'န္တိ ပဋိဇာနာတိ, ဧဝမ္ပိ အာဟဋော ဟောတိ ဆန္ဒော, ကမ္မံ န ကုပ္ပတိ။

(ပဥမအကြိမ်)

● ဆန္ဒကို လက်ခံခဲ့ပြီး သံဃာအား မကြားလျှင် အသို့နည်း။

တမင် သက်သက် မလျှောက်လို၍ မြုံထားလျှင် ဒုက်၊ အိပ်နေ၍သော်၎င်း မေ့နေ၍သော်၎င်း သမာပတ် ဝင်စားနေ၍သော်၎င်း မကြားမိလျှင် အနာပတ္တိ။

● ဆန္ဒ ဟာရကသည် အဘယ်အခါ အဘယ်နေရာရောက်မှ ဆောင်လာသော ဆန္ဒကို ကြားနိုင် ရောက်နိုင်ပါသနည်း။

သံဃာ စည်းဝေးပြီးရာ အခါ ၂-တောင့်ထွာ အတွင်းအထိ ဆန္ဒဟာရကရဟန်း ရောက်ပြီးမှ ဆောင်ခဲ့သော ဆန္ဒ ကြားနိုင် ရောက်နိုင်ပါသည်။

(ဂဏ ပုဂ္ဂလ ဥပုသ်တို့၌ ဤကိစ္စကို ပြုဘွယ် မလိုဟု သိ။)

● ဥက္ခိတ္တကအား ဆန္ဒဆောင်စေရာ ရောက် မရောက်ရေးပါ။

ဥက္ခိတ္တကမှန်းသိက မရောက်၊ ပကတတ်ထင်၍ ဆောင်စေရာ၌ကား ဆန္ဒ ရောက်၏။

(ဥက္ခိတ္တကသည် သံဃာ့ဘောင် ရောက်လျှင် ဆန္ဒရောက်၏။)

● တိဿထံမှ ဆောင်ခဲ့သော ဆန္ဒကို မိမိ၏ ဆန္ဒနှင့်အတူ ဒတ္တအား တဆင့်ပေးရာ အသို့နည်း။

တိဿ၏ ဆန္ဒသည် ကျိုးသွားသောကြောင့် မရောက်၊ မိမိ၏ ဆန္ဒသာ ရောက်၏။

● ဆန္ဒကို တဆင့်ပေးခြင်း,မကြားခြင်းကြောင့် ဘာဖြစ်သလဲ။

ဆန္ဒကို တဆင့် ပေးခြင်းကြောင့်၎င်း, မကြားခြင်းကြောင့်၎င်း ဒုက်-အာပတ်သင့်၏။

(ပဥ္စမအကြိမ်)

## (၁၂) ပါတိမောက် နှင့် ကခ်ါ

● သုဒ္ဓိကစ္ဆန္ဒ, မိဿကစ္ဆန္ဒ, ဗိလာလသခ်လိကစ္ဆန္ဒကို ရေးပါ။

၁။ ပါရိသုဒ္ဓိမဖက် ဆန္ဒသက်သက်သည် သုဒ္ဓိကစ္ဆန္ဒ။

၂။ ပါရိသုဒ္ဓိနှင့် ရောသော ဆန္ဒသည် မိဿကစ္ဆန္ဒ။

၃။ တဆင့် ပြောင်းပေးသော ဆန္ဒသည် ဗိလာလသခ်လိ ကစ္ဆန္ဒ။

မှတ်ချက်။ သံကွင်းကြိုးသည် တကွင်းကို ကျော်၍ မဆက်, အစဉ်အတိုင်းသာလျှင် ဆက်သကဲ့သို့ တဆင့် ကျော်ပေးသော ဆန္ဒမျိုးသည် ဗိလာလသခ်ကစ္ဆန္ဒ မည်လေသည်။

---

● ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စ အထူးကိုပြပါ။

၁။ သံဃာ မစည်းဝေးမီ ပြုရ၍ ပုဗ္ဗကရဏ။

၂။ သံဃာ စည်းဝေး ပြီးသည့်နောက် ပါတိမောက် မပြမီ ပြုရ၍ ပုဗ္ဗကိစ္စ။

---

● ကရဏ နှင့် ကိစ္စ အထူးကို ပြပါ။

မပြု မနေရ မုချ ပြုရမည့် တာဝန်သည် ကရဏ၊
မပြုဘဲလည်း နေခွင့်ရှိသော တာဝန်သည် ကိစ္စ။
ယံ အဝဿံ ကတ္တဗ္ဗမေဝ, တံ ကရဏီယံ နာမ။
ယံ အကာတုံပိ ဝဋ္ဋတိ, တံ ကိစ္စန္တိ ဝုစ္စတိ။ (သီ-ဋ)

---

● အနုဇာနာမိ ဘိက္ခဝေ ပက္ခဂဏနံ ဥဂ္ဂဟေတုံ-ဟု ပက္ခဂဏန ကိစ္စကို ခွင့်ပြုပါလျက် အဘယ့်ကြောင့် ဥတုက္ခာန ဆိုသလဲ။

ဥတုမှလွတ်သော ပက္ခသည် မရှိ, ပက္ခဂဏနသည် ဥတုက္ခာန၏ အတွင်း၌ အကျုံးဝင်နေသောကြောင့် ဥတုက္ခာန ဟူ၍သာ ဆိုပါသည်။

(ပဌမအကြိမ်)

● ဥပေါသထော ယာ၀တိကာ-၌ ရသင့်သော ဥပုသ်၏ သရူပ ဘေဒနှင့် ကမ္မဘေဒကို ရေးပါ။

၁။ သရူပဘေဒ-စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ၃-ပါး။

၂။ ကမ္မဘေဒ-အဓမ္မေန ၀ဂ္ဂ, အဓမ္မေန သမဂ္ဂ, ဓမ္မေန ၀ဂ္ဂ, ဓမ္မေန သမဂ္ဂ ၄-ပါး။

---

● ယာ၀တိကာ ဘိက္ခူ ကမ္မပတ္တာ၌ စတုဝဂ္ဂါ ဘိက္ခူဟု အဘယ့် ကြောင့် ၀ဂ္ဂပရိစ္ဆေဒကို အတိ အကျ မဆိုသလဲ။

တသိမ်ဘည်းတည်ရခြင်း, ဟတ္ထပါသ်ကို မစွန့်ရခြင်း, ပကတတ် ဖြစ်ရခြင်း, စတုဝဂ်စသည် ရှိရခြင်း ဤအင်္ဂါ ၄-ပါးကို အင်္ဂါ တပါးတည်းအဖြစ် ယူစေလို၍ ဝဂ်သံချာကို အတိအကျမဆိုပါ။

---

● စတုဝဂ္ဂါ ဘိက္ခူ ဆိုလျှင် အင်္ဂါကွဲပုံ ပြပါ။

စတုဝဂ် ရဟန်းများ ဥပုသ် ကံအား လျောက်ပတ်ကုန်၏, ဆိုလျှင် "တသိမ်တည်း၌ တည်ရှိရခြင်း" စသော အင်္ဂါ ၃-ပါးကို တသီး တခြား ရှာတွက်ရန် လိုနေလိမ့်မည်၊ စတုဝဂ္ဂါ ဘိက္ခူဟု အတိအကျဆိုလျှင် ကျန်အင်္ဂါများ မပါနိုင် ဟူလို။

---

● ကေသီမာ အရ ဘေဒနှင့် အဓိပ္ပေတတ္ထကို ပြပါ။

(က) ဗဒ္ဓသိမ်, (ခ) အဗဒ္ဓသိမ် ၂-ပါးလုံး ယူပါ။

---

● ဗဒ္ဓသိမ် ပြောက်ကြောင်း အင်္ဂါကို ရေးပါ။

၁။ ဝိပတ္တိသိမ် မဟုတ်ရခြင်း။

(ပဌမအကြိမ်)

၂။ သုံးပါးသော သမ္မတ္တိနှင့် ယှဉ်ခြင်း။
၃။ နိမိတ် အချင်းချင်း စပ်ရခြင်း •၃-ပါး။

---

◉ ဝိပတ္တိသိမ် ၁၁-လုံး ရေတွက်ပြပါ။

၁။ အတိခုဒ္ဒကာ,
၂။ အတိမဟန္တိ,
၃။ ခဏ္ဍနိမိတ္တာ,
၄။ ဆာယာ နိမိတ္တာ,
၅။ အနိမိတ္တာ,
၆။ ဗဟိ ဌိတေန သမ္မတာ,
၇။ နဒိယာ သမ္မတာ,
၈။ သမုဒ္ဒေ သမ္မတာ,
၉။ ဇာတဿရေ သမ္မတာ,
၁၀။ သမ္ဘိန္ဒန္တေန သမ္မတာ,
၁၁။ သီမာယသီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ
ပေါင်း ဝိပတ္တိသိမ် ၁၁-လုံး။

---

◉ အတိခုဒ္ဒကာသိမ် အရွယ် ပမာဏကို ပြပါ။

နှစ်ကျိပ်တပါး ဝန်းဝိုင်းသော အားဖြင့် မထိုင်နိုင်လောက်သောသိမ်သည် အတိခုဒ္ဒကာသိမ် မည်ပါသည်။

---

◉ ထို အတိခုဒ္ဒကာသိမ်သည် လုံးဝ သိမ် မမည်သလော။

ကျဉ်းလွန်း၍ ဗဒ္ဓသိမ် အရာသာ မမြောက်ပါ၊ ပကတိဂါမသိမ်(အဗဒ္ဓသိမ်) အရာမှာ တည်ပါသေးသည်။

(ဗဒ္ဓသိမ် မမည်၊ အဗဒ္ဓ ဂါမသိမ်ကား မည်၏ ဟူလို)

(ပဌမအကြိမ်)

● အတိမဟန္တိသိမ်၏ အတိုင်း အရှည် ပမာဏကို ပြပါ။

သုံးယူဇနာ ပမာဏထက် ဆံခြည်တလုံးစားမျှ ပို၍ကျယ်သော သိမ်သည် အတိမဟန္တိသိမ် မည်၏၊ (၃-ယူဇနာ တိတိကား မဟာသိမ်)

---

● အတိမဟန္တိ ဖြစ်ခဲ့သော် ဘာသိမ်မှ မမည်သလော။

ဂါမသိမ် အရှည်သိမ် (အဗဒ္ဓ) အရာတည်သေး၏။

---

● မဟာသိမ်၏ အရွယ် ပမာဏကို ပြပါ။

ရဟန်း ၁၀၀၀–ထက်ပို၍ဆန့်သော၃-ယူဇနာထက်မပိုသော သိမ်သည်မဟာသိမ် မည်ပါသည်။

---

● ခဏ္ဍနိတ္တာခေါ် သိမ်ပျက်ပုံကို ပြပါ။

နိမိတ်ကြားရာ၌ မူလစ၍ ကြားခဲ့သော နိမိတ်ကိုပြန်၍စပ်အောင် မကြားဘဲ သမုတ်သော သိမ်မျိုးတည်း၊

တနည်း- နိမိတ်လောက်သော နိမိတ်တို့၏ အကြား၌ နိမိတ်မလောက်သော နိမိတ်ပျက် တခု ထည့်ကြား၍ သမုတ်အပ်သော သိမ်မျိုးသည် ခဏ္ဍနိမိတ္တာ သိမ်ပျက်ပင်တည်း။

---

● ယခုကာလ ထားလေ့ရှိသော နိမိတ် ၉-ပါးတို့၏ အလယ်၌ နိမိတ်ပျက် တခုပါလျှင် ခဏ္ဍ ဖြစ်သလော။

အရှေ့ဘက်တွင်နိမိတ် သုံးခုရှိရာ အလယ် နိမိတ်ကို နိမိတ်ပျက်တခုထားခဲ့သော် ထောင့်နိမိတ်ချင်း လှမ်း၍ စပ်နေသေးသဖြင့် အလယ်နိမိတ်အတွက် မကျိုးမပျက်ပါ။

(ပဥ္စမအကြိမ်)

● အပရာပိ ခဏ္ဍနိမိတ္တာနာမ အနိမိတ္တျုပဂ် တစသာရရှက္ခံ ဝါ,ခါ ဏုက် ဝါ, ပံသုပုဥ္ဇ–ဝါဠုကပုဥ္ဇာနံ ဝါ အညတရံ အန္တရာ ကော် နိမိတ္တံ ကတွာ သမ္မတာ-အရ နိမိတ်ပျက် ကြားညှပ်ပြီးပါနေ၍ ခဏ္ဍနိမိတ္တာ ခေါ်ရပုံ ရှင်းပါ။

နိမိတ်၃–ပါးသာ ထား၍ သမုတ်ရာ နိမိတ်ပျက်တခု ကြား ညှပ်ပြီး ပါနေလျှင် ခဏ္ဍနိမိတ္တာ သိမ်ပျက် မည်၏၊နိမိတ် ၃-၄-ခု **အကြားမှာ** ညှပ်၍ မပျက်။

**မှတ်ရန်**။ ။နိမိတ် ၅-၆-၇-စသည်တို့၌ အကြား၌ နိမိတ်ပျက်တခု ညှပ်သော်လည်း ခဏ္ဍနိမိတ္တာ မမည်နိုင်၊အဌကထာတို့၌ သာမညဆိုထား၍ ငါပြောတိုင်းမမှတ်သေးဘဲ စုံစမ်းကြဦး-ဟု ကမ်ါ-ဋီကာသစ် မှာသွားလေ သည်၊ဤကျမ်း အယူမှာ နိမိတ် ဘယ်မျှရှိရှိ၊အကြား၌ အနိမိတ္တျုပဂ နိမိတ် ပါလျှင် ခဏ္ဍနိမိတ္တာ မည်ရမည်၊ အကယ်၍ အစအဆုံးကြားအပ်သော နိမိတ်သည် အနိမိတ္တျုပဂ နိမိတ်ပျက်ကြီး ဖြစ်နေခဲ့သော် ခဏ္ဍနိမိတ္တာ မည်ပုံ သာ၍ ထင်ရှားသောကြောင့်တည်း။

---

● သိမ်နိမိတ် အနဲဆုံး မည်မျှ ထားကောင်းသနည်း။

အနဲဆုံး သိမ်နိမိတ် ၃-ခု ထားရပါသည်၊ ဒီအောက် လျှော့ ကာ နိမိတ် သတ်မှတ်၍ မရပါ၊

---

● သဗ္ဗာ ဘိက္ခုဝေ နဒီ အသီမာ–မြစ် စသည်တို့သည် သိမ်မမည် ခဲ့သော် အဘဲ့ကြောင့် ကံဆောင်နေကြသနည်း။

မြစ်စသည်တို့၌ ကမ္မဝါဖြင့် ဖွဲ့အပ်သော ဗဒ္ဓသိမ်သာမမည်၊ ပကတိ အတိုင်း သယံဇာက အဗဒ္ဓ နဒီသိမ်တော့ မည်သော ကြောင့်တည်း။

(ပဌမအကြိမ်)

● အဇ္ဈောတ္ထရဏ နှင့် သမ္ဘေဒသိမ် အထူးကို ပြပါ။

ရဟန်း ၄-ပါး ဝန်းဝိုင်းစွာထိုင်၍ ကံပြုလောက်သော အစိတ်အပိုင်းမှာ စ၍ရင်း တသိမ်လုံး အထိရင်း ငုံ၍ထပ်၍သမုတ်သော နောက်သိမ်သစ်သည် အဇ္ဈောတ္ထရဏမည်၏၊ ရဟန်း ၄-ပါး ကံပြုနိုင်ထိုင်နိုင် လောက်သောအရပ် မရောက်သည်အထိ နိမိတ်ကစ၍ ထပ်စပ် သမုတ်အပ်သော သိမ်သစ်သည် သမ္ဘေဒ မည်၏။

---

● ဗဒ္ဓသိမ်၏ ကျွတ်နိုင် ပျက်နိုင်ပုံ ပြပါ။

၁။ မြေကြီးကိုအောက်က ရေအထိ ကုန်စင်အောင်တူးပစ်ခဲ့သော်ရင်း,

၂။ သာသနာ ကွယ်ပတဲ့ အခါ ကျခဲ့သော်ရင်း,

၃။ ကမ္မဝါစာဖြင့် နှုတ်ပစ်ခဲ့သော်ရင်း

ဤအကြောင်းသုံးပါးကြောင့် သိမ်ကျွတ်ပါသည်။

---

● ခဏ္ဍသိမ်, သမာန သံဝါသ သိမ်, အဝိပ္ပဝါသ သိမ် ၃-ပါး၏ သဘော အဓိပ္ပါယ်ကို ရှင်းပြပါ။

၁။ ကျောင်းတိုက် တခု အတွင်း တခုသော ရပ်ကွက်၌ သီးခြား သမုတ်ထားသော သိမ်သည် ခဏ္ဍသိမ် မည်၏၊

၂။ ကံ အတူ ဆောင်ရာဖြစ်၍ သမာနသံဝါသသိမ်မည်၏။

၃။ တိစီဝရိက် နှင့် နှစ်တောင့်ထွာမှ ကင်း၍ နေခွင့်ရအောင် အဝိပ္ပဝါသ ကမ္မဝါဖြင့် အမုတ်အပ်၍ အဝိပ္ပဝါသသိမ် မည်ပြန်၏။

မှတ်.... (ဤ ၃-မျိုးသည် ဗဒ္ဓသိမ်၏ အမည်ထူးမျှ ဖြစ်၏။)

● ခဏ္ဍ, မဟာ, အတိမဟန္တီ သိမ် ပမာဏကို ပြပါ။

၁။ ၂၁-ပါးမှ တထောင် အထိ ဆန့်လျှင် ခဏ္ဍသိမ်၊

၂။ တထောင်ဆန့်မှ စ၍ ၃-ယူဇနာအထိ ကျယ်သောသိမ် သည် မဟာသိမ်၊

၃။ ၃-ယူဇနာ ပမာဏထက် ဆံချည်တဖျားမျှ ပိုလျှင်အတိ မဟန္တီ သိမ် မည်၏။

(ရှေ့ ၂-လုံးဗဒ္ဓသိမ်, နောက်တလုံးကား အဗဒ္ဓဝိပတ္တိ သိမ်။)

---

● တိဝိဓ အသမ္ပတ္တိ အရ သမ္ပတ္တိ ၃-မျိုး ပြပါ။

၁။ နိမိတ္တသမ္ပတ္တိ=နိမိတ် ပြည့်စုံသော သိမ်၊

၂။ ပရိသသမ္ပတ္တိ=ပရိသတ် ပြည့်စုံသော သိမ်၊

၃။ ကမ္မဝါစာသမ္ပတ္တိ=ကမ္မဝါ ပြည့်စုံသော သိမ်။

---

● သိမ်နိမိတ် ၈-ပါးကို ရေတွက် ပြပါ။

၁- ပဗ္ဗတ, ၂- ပါသာဏ, ၃- ဝန, ၄- ရုက္ခ, ၅- မဂ္ဂ, ၆- ဝမ္မိက, ၇- နဒီ, ၈- ဥဒက,

ပ, ပါ, ဝ, ရုက္ခ, ၊ မဂ်, ဝမ်, န၊ အန္တ ဥဒကာ။

---

● ဘိက္ခုနီ သိမ်ကို ဘိက္ခုက စပ်သမုတ်လျှင် အသို့နည်း။

ဘိက္ခုနီနှင့် ဘိက္ခုတို့မှာ သမာန သံဝါသ မရှိသောကြောင့် ဘိက္ခုနီ သိမ်ပေါ်ါ စပ်၍ ထပ်၍ ဘိက္ခုက သမုတ် သော်လည်း အဇ္ဈောတ္ထရဏ သမ္ဘေဒ မမည်,သိမ် မြောက်သည်သာ။

(ဘိက္ခုနီနှင့် ဘိက္ခုသည် အချင်းချင်း ဝဂ္ဂမရှိ၊ သံဝါသ မရှိ။)

(ပဋ္ဌမအကြိမ်)

ဒွတ္တိံသ ပလ ဂုဋ္ဌပိဏ္ဍ ပရိမာဏော ဣ္ဆ ပလ အရ ပြပါ။

**ပလ အရ ပိဿာကိုရင်း တကျပ်သားကိုရင်း ရှေးဆရာတော်ကြီးများ အမျိုးမျိုး ယူကြ၏။**

**မှတ်**.... တင်လဲခဲကို ၃၂-ပိဿာတော့ မလုပ်၊ ၃၂-ကျပ်သားသာလုပ်နိုင်သဖြင့် တကျပ်သားကို တပိုလ်ယူကြ၏၊ သူစိ ကဏ္ဍ ကပ္ပမာဏကို ထောက်လျှင် ၁-ကျပ် တပိုလ် တော်လောက်ပါ၏။

---

အဗဒ္ဓ သိမ် အပြား ပြပါ။

**၁- ဂါမသိမ် ၂-သတ္တဗ္ဘန္တရသိမ် ၃-ဥဒကုက္ခေပသိမ် ဟု ၃-ပါး အပြား ရှိပါသည်။**

---

ဂါမသိမ် နှင့် ဝိသုံဂါမသိမ် အထူးကို ပြပါ။

**၁၊ ရွာသူကြီး (ရွာစား) တပိုင်သည် ဂါမ သိမ်မည်၏။**

**၂။ ရွာသူကြီး တပိုင် အတွင်းမှာပင် သီးခြားအမိန့်တောင်းခံထား အပ်သော အကွက်ငယ် အပိုင်း အစိတ်သည်ဝိသုံဂါမသိမ် မည်၏။**

---

ခုကာလ သိမ်အမိန့်ကျပြီးသား သိမ်ရာ၌ ကံကိုဆောင်သင့်မသင့် အကြောင်းပြ ဆုံးဖြတ်ပါ၊

**ဝိသုံဂါမ အမိန့်ကျလျှင် ဝိသုံဂါမ သိမ်အရာ မြောက်သောကြောင့် ကံဆောင်နိုင်တော့၏။**

**မှတ်**.... သီးခြား ဝိသုံဂါမ အမိန့်ကျပြီးလျှင် အဗဒ္ဓ ဝိသုံဂါမ သိမ်မြောက်သော်လည်း နောက်အခါ ပြန်နုတ် ရုတ်သိမ်းလျှင် ကျောက်သွား

(ရှေ့မအကြိမ်)

မည် ဗိုး၍ ကမ္မဝါဖြင့် ခဏ္ဍသိမ် သမုတ်ကြရသည်၊ ဝိသုံဂါမ ပျက်လျှင် ပကတိ ဂါမသိမ်သို့ သက်ဝင်သွား၏။

ဂါမသိမ်မှ စောင်းတန်းစသော [illegible] [illegible]က်အဦများနှ[illegible] [illegible] မြစ်များ ခဏ္ဍသိမ်နှင့် စပ်နေလျှင် အသို့နည်း။

ဌာန ဌာနီဖြစ်၍ စောင်းတန်း သစ်ကိုင်း စသည်တို့သည် ဂါမသိမ်နှင့် ခဏ္ဍသိမ်တို့ ဆက်စပ်နေစေကာမူ ဘာမှ မဖြစ်ပါ။

**မှတ်ရန်။** ကျွဲအရာ၌ ခဏ္ဍသိမ်၏ သမံတလင်းများ တံခါးများ ဂါမ[illegible] ဆက်စပ်မည် စိ[illegible] [illegible] [illegible]ညာ[illegible] [illegible]သာ ဖြစ်သည်။

သတ္တဗ္ဘန္တရသိမ် [illegible] ဌာန နှင့် ပမာဏကို ပြပါ။

၁။ နေ့ချင်း ပြန်မရောက်နိုင်အောင် ဝေးသော တောအရပ် ဒေသသည် သတ္တဗ္ဘန္တရ သိမ်၏တည်ရာဌာန ဖြစ်၏။

၂။ သံဃာတည်ရာ ဌာနမှ ပတ်လည် အဗ္ဘန္တရ ၇-ပြန်စီ ၇-ပြန်စီသည် သတ္တဗ္ဘရ သိမ်၏ အကျယ်အဝန်း ပမာဏ ဖြစ်၏။

အဗ္ဘန္တရ [illegible] ပမာဏ [illegible] သိမ်လုံး၏ ပမာဏကို ပြပါ။

အဗ္ဘန္တရ တခုသည် ၂၈-တောင်ရှိ၏၊ တအိမ်လုံးမှာ ထုတ်ချင်ပေါက် အရှေ့-အနောက် ၁၄-အဗ္ဘန္တရ ရှိ၏။

[illegible] ဥဒကုက္ခေပ[illegible] တည် [illegible] [illegible]ကျယ်အဝန်းကို ပြပါ။

မြစ်, သမုဒ္ဒရာ, ထုံ အိုင်တို့သည် ဥဒကုက္ခေပ၏ တည်ရာတည်း၊

([illegible])

သံဃာတည်ရာဌာနမှ ပတ်ပတ်လည် ရေ-သဲ တကျသည် အကျယ်တည်း။

---

● ရေ နှင့် သဲကို ပစ်မှ ဥဒကုက္ခေပ ဖြစ်သလော။

ရေ နှင့် သဲတို့ကို မပစ်သော်လည်း အလိုလို ဖြစ်၏။

**မှတ်ရန်။** ။သွားနေသော လှေဖြင့် ဥပုသ်ပြုလျှင် ဥတ်ထားရာ တသိမ် ဥပုသ်ပြုရာ တသိမ် ဖြစ်နေ၍ လှေ၌ တည်၍ ဥပုသ် မပြုရဆိုထားသဖြင့် အာဘောဂ၏ အစွမ်း အလိုလို ဖြစ်ကြောင်း သိရ၏။

---

● မြစ်ပေါ်ဝဲကျနေသော သစ်ကိုင်းစသည်ကို ချီထားသော လှေပေါ်မှာ ဥပုသ်စသည် ပြုကောင်းပါသလော။

ဂါမသိမ်နှင့် ဆက်သွယ်နေသဖြင့် ဂါမသိမ်၌ သံဃာရှိခဲ့သော် မပြုကောင်း၊ ဂါမသိမ်အတွင်းရှိ အားလုံးကို ပင့်ဆောင်ကာ လှေပေါ်သို့ရောက်မှ ပြုလျှင် ပြုကောင်း၏။

(ဂါမသိမ်၌ ရဟန်း ကျန်ရှိနေလျှင် ဝဂ်ဖြစ်၍ ဥပုသ်စသည် မပြုရ၊ ထို့ကြောင့် ဥဒကုက္ခေပ သိမ်နှင့်စပ်သော တံတားများ ဖြုတ်ရသည်။)

---

● ဥဒကုက္ခေပ လောက်သော နဒီလက္ခဏာကို ပြပါ။

၁။ မိုဃ်းလေးလ ရေမပြတ် တည်ရှိသည် ဖြစ်စေ,

၂။ ထိုတည်သော ရေသည် ခြေသားလုံး တပတ်ခန့်ထက် မနဲရှိသည် ဖြစ်စေ,

၃။ အယဉ်မပြတ် စီးဆင်းနေသည် ဖြစ်စေ,

ဤသို့ လက္ခဏာ၃-ပါးနှင့် ပြည့်စုံရပါသည်။

● မိုးလေးလ နဒီလက္ခဏာနှင့် အညီ ရေတည်ပြီး နွေအခါ သောင်ပေါ်နေခဲ့သော် မြစ်လော—ဂါမလော။

သောင်ပေါ်တွင် စိုက်ပျိုးခြင်း ရေတွင်း တူးခြင်း စသည်ပြုလျှင် ဂါမ ဖြစ်သွား၏, မပြုလျှင် နဒီ လက္ခဏာအတိုင်းပင်။

(ဂါမဖြစ်လျှင် ဂါမသိမ်, နဒီ ဖြစ်လျှင် ဥဒကုက္ခေပ သိမ်ပင်)

---

● သတ္တဗ္ဘန္တရ နှင့် ဥဒကုက္ခေပ တို့၏ ဥပစာကို ပြပါ။

သံဃာ ၂-စု မြစ်ထဲမှာ အနီးကပ်၍ ကံဆောင်လျှင် သိမ် ၂-လုံးအကြား၌ ဥဒကုက္ခေပတခုစာ ဥပစာထားရ၏၊ သတ္တဗ္ဘန္တရသိမ်အရာ၌လည်း သိမ်တလုံးစာ ဥပစာထား။

---

● သတ္တဗ္ဘန္တရ ၂-လုံး ဥဒကုက္ခေပ ၂-လုံးတို့၏အကြား၌ အဘယ့်ကြောင့် သိမ်တလုံးစာ ဥပစာ ထားရသနည်း။

သံဃာ တိုးတိုင်း သိမ်ကျယ်၍ ကျယ်၍ လာသဖြင့် သိမ်ချင်း စပ်မိသည် စိုးသောကြောင့် သိမ် တလုံးစာ ဥပစာ ထားရပါသည်။

---

● သဘာဂ အာပတ္တိဘေဒ နှင့် အဓိပ္ပေတတ္ထကို ပြပါ။

(၁) ဝတ္ထုသဘာဂနှင့် (၂) အာပတ္တိသဘာဂ ဟူ၍ ၂-ပါး အပြားရှိ၏၊ ဤအရာ၌ အာပတ္တိ သဘာဂကိုသာလျှင် သဘာဂါပတ္တိ အရ ယူရပါသည်။

[(ပဌမအကြိမ်)]

● ဘယ်သဘာဂအာပတ်ရှိလျှင် မည်သူ့အား အာပတ်သင့်သလဲ။

၁။ ဝတ္ထုသဘာဂ အာပတ်ရှိလျှင် ဥပုသ်ပြုကြသော သံဃာအားလုံး ဒုက်-သင့်။

၂။ အာပတ္တိသဘာဂ အာပတ်ရှိလျှင် ရှိသူမှာသာ ဒုက်-သင့်။

---

● သဘာဂ အာပတ် ၂-မျိုး သင့်ပုံကို ပြပါ။

၁။ ညစာ အတူစား၍ သင့်လျှင် ဝတ္ထု သဘာဂ အာပတ် မည်ပါသည်။

၂။ ဝိကာလ ဘောဇန ပါစိတ်နှင့် သဟသေယျ ပါစိတ်သည် အာပတ် အမျိုးအစားချင်း တူသောကြောင့် အာပတ္တိသဘာဂ အာပတ် မည်ပါသည်။

---

● ဝတ္ထုသဘာဂ အာပတ်သင့်သော ရဟန်းချင်း ဒေသနာကြားခဲ့သော် ထ,မထ၊ အပြစ်ရှိ,မရှိ ပြပါ။

၁။ ဝတ္ထုသဘာဂ အာပတ်ကို ကြားလျှင် ထပါသည်၊ သို့သော်—

၂။ ဝတ္ထု သဘာဂ အာပတ်ကို ကြားခြင်း ခံခြင်းကြောင့် ကြားသူ ခံသူ ၂-ပါးလုံး ဒုက္ကဋ် အသစ် ထပ်သင့်သည်။

---

● ယခုကာလ အငယ်က အဘယ့်ကြောင့် ၂—ထပ်ကြားပြီး, အကြီးက တထပ်သာ ကြားသနည်း။

ဝတ္ထုသဘာဂ အာပတ် ပါခဲ့သော် ကြားခြင်းကြောင့် အငယ်၌ ဒုက် အာပတ်ထပ်သင့်ကာ ကျန်နေခဲ့၏။ အကြီး၌ ခံခြင်း

[(ပဉ္စမအကြိမ်)]

ကြောင့် ဒုက် အာပတ်သင့်သွားခဲ့ရာ အကြီးက ပြန်ကြားသော အခါ ခံခြင်းကြောင့် သင့်သောအာပတ်ပါ ရောပါသွား၍ အားလုံးထ၏၊ အငယ်၌ ကြားခြင်းကြောင့် သင့်သော ဒုက် အာပတ် အတွက် တထပ်ကြောပြီး ကြားရပြန်ပါသည်။ (သတိ)

---

❁ အကြီး၌ ပထမကြားခိုက် အဘယ့်ကြောင့် ဒုက် အာပတ် မသင့်သနည်း၊ အငယ်ကဲ့သို့ သင့်ထိုက်သည်မဟုတ်လော။

အကြီးက ကြားသောအခါ အငယ်တွင် မူလက အာပတ် အားလုံးမှ ထပြီးဖြစ်၍ အငယ်ကြားတုန်းက သင့်သကဲ့သို့ အကြီးမှာ ကြားမှုအတွက် မသင့်ပါ။

---

❁ ဝတ္တုသဘာဂရှိလျက် ဥပုသ်ပြုလျှင် အသို့နည်း။

(၁) ဝတ္တုသဘာဂရှိလျှင် ဥပုသ်ကံ၌ အပြစ်မရှိ၊

(၂) သမ္ပဇာန မုသာဝါဒအတွက် အာပတ်ရှိသောပုဂ္ဂိုလ် မှာသာလျှင် ဒုက်-သင့်၏။

---

❁ သံဃာဒိသိသ် အာပတ်ရှိလျှင် အသို့ပြုရသနည်း။

အာဝိကရဏပြုလျှင် ဥပုသ်ပြုနိုင်ခွင့် ရပါသည်။

---

❁ ဝဇ္ဇနီယ ပုဂ္ဂိုလ်ရှိလျက် ဥပုသ်ပြုလျှင် အသို့နည်း။

(၁) ဥက္ခိတ္တက ၃-မျိုးရှိလျှင် သံဃာ၌ ပါစိတ်သင့်၏၊

(၂) ကြွင်းပုဂ္ဂိုလ်များရှိလျှင် သံဃာ၌ ဒုက်သင့်၏။

(ပဥ္စမအကြိမ်)

● ဝဇ္ဇနီယ ၂၁-ယောက် ရေတွက်ပြပါ။

လူ့,နီ့,သိက်,သာ,၊ ရိ,သိက္ခာ၊ ပါရာ,ဥက္ခိတ်တည်း။
ပဏ်,ထေ,ပက်,စွာန်,၊ ပဥ္စာနန်၊ ဒူသံ,ဥဘောဗျည်း။
ဝဇ္ဇာနီယ၊ ထုတ်၍ပြ၊ ကေဝီသ တည်း။

---

● ပဗ္ဗဇ္ဇာကလ္လ ရဟန်းများတည်ရာ ဟတ္ထပါသ်နှင့် ဝဇ္ဇနီယများကြဉ်ရာ ဟတ္ထပါသ်အထူးကိုပြပါ။

(၁) ရဟန်းချင်း ဟတ္ထပါသ်ကား တတောင့်ထွာ၊ တနည်း ၂-တောင့်ထွာ။ (၂) ဝဇ္ဇနီယများကို ကြဉ်ရာ ဟတ္ထပါသ်မှာမူကား တတောင့်ထွာ။

---

● တိတ္ထိတို့ကို အဘယ်ဝဇ္ဇနီယ၌ သွင်းမည်နည်း။

တိတ္တိယာ ဂဟဋ္ဌေနေဝ သင်္ဂဟိတာ၊ လူ၌သွင်းပါ။

---

● သိက္ခမာန်နှင့် သာမဏေရီ အထူးကိုပြပါ။

(၁) ဝိကာလဘောဇန အဆုံးရှိသော သိက္ခာပုဒ် ၆-ပါးကို ၂-နှစ်ပတ်လုံး ကျင့်သုံးနေသော မာတုဂါမသည် သိက္ခမာန်။

(၂) သာမဏေကဲ့သို့ ၁၀-ပါးသီလ ထိန်းနေသော မာတုဂါမသည် သာမဏေရီ မည်ပါသည်။

---

● ဂဟဋ္ဌနှင့် သိက္ခာပစ္စက္ခာတက အထူးကိုရေးပါ။

(၁) ပကတိ လူဝတ်နှင့်နေသော သူသည် ဂဟဋ္ဌမည်၏။ (ပင်ကိုယ်လူသားဆိုပါတော့)

(ပဉ္စမအကြိမ်)

(၂) သိက္ခာချပြီး သင်္ကန်းဝတ်နေသူသည် သိက္ခာပစ္စက္ခာ တက မည်၏။(သို့မဟုတ် လူထွက်)

---

ထေနက ၃-မျိုး၏ အဓိပ္ပါယ်ကို ရေးပါ။

(၁) ကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်းအသွင်ကို ခိုးလျှင် လိင်္ဂထေနက၊

(၂) သာမဏေက ရဟန်းဘယ်နှစ်ဝါရပြီဟု ရေတွက်ခြင်း ရဟန်းတို့၏ ရှိခိုးခံခြင်း,ဥပုသ် ကံစသည်ကိုဝင်ပြုခြင်း သည် သံဝါသထေနက။

(၃) ကိုယ့်ဘာသာ သင်္ကန်းဝတ်လာပြီးလျှင် ဝါကို ရေတွက်ခြင်း ရှိခိုးခံခြင်းစသည်ပြုလျှင် ဥဘယထေနက မည်ပါသည်။

---

မိမိဘာသာ သင်္ကန်းဝတ်တိုင်း လိင်္ဂထေနက ဖြစ်သလော။

မင်းဘေးစသည်မှ လွတ်ရုံသက်သက် ရည်ရွယ်၍ စိတ်သန့်ရှင်းစွာ ကိုယ့်ဘာသာ ဝတ်သော်လည်း လိင်္ဂထေနက မဖြစ်ပါ။

---

ထိုလွတ်နိုင်သော အကြောင်းများကို ရေတွက်ပြပါ။

ရာဇဒုဗ္ဘိက္ခ စသောအကြောင်းများကြောင့် လွတ်၏။
ရာဇ-ဒုဗ္ဘိက္ခ-ကန္တာရ, ရောဂ-ဝေရီ-ဘယေနဝ ါ၊
စီဝရာဟရဏတ္တံ ဝါ, လိင်္ဂံ အာဒိယတိဓ ယော။

(ပဌမအကြိမ်)

● မိမိဘာသာ သက်န်းဝတ်ရာ ဖာဘယ်အခါ လိင်္ဂထေနကအရာ မြောက်သနည်း။

မစင်ကြယ်သောစိတ်ဖြင့် ရဟန်းအသွင်ကို ခိုးလိုစိတ်ဖြင့် ဝတ်လျှင်, ဝတ်ဝတ်ခြင်း လိင်္ဂထေနက ဖြစ်၏။

---

● ငါရဟန်းဘဲ, ဘယ်နှစ်ဝါ ရပြီဟု လူများအား ပြော၍ လူ၏ ရှိခိုးခံခြင်း ရဟန်းဟုအထင်ခံရခြင်း၌ အသို့နည်း။

ရဟန်း သာမဏေတို့ ရှိခိုးခံမှ လိင်္ဂထေနကဖြစ်၏၊ လူများ၏ ရှိခိုးခံခြင်း ရဟန်းအထင်ခံခြင်း၌ ထေနကဟူသော အပြစ်မဖြစ်ပါ။

ဘိက္ခူနံ ဝါ သာမဏေရာနံ ဝါဝန္ဒနံ သာဒိယတိ၊ ဂိဟီနံ ဝုတ္တော ဒေါသော နတ္ထိ-ဟူလို။

---

● ရှင်ရဟန်းငယ်သည် အကြီး၏ ရှိခိုးခံရာ အသို့နည်း။

ရှင်ရဟန်းငယ်ကို အကြီးကရှိခိုးရာ ထေနက မဖြစ်ပါ။ ဒဟရ သာမဏေရော ဝုဍ္ဎ သာမဏေရာနံ, ဒဟရ ဘိက္ခူ စ ဝုဍ္ဎ ဘိက္ခူနံ ဝန္ဒနံ သာဒိယန္တောပိ ထေယျ သံဝါသကော န ဟောတိ။

---

● အသံဝါသ, သံဝါသ ထေနကတို့၌ သံဝါသအထူးပြပါ။

(က) ဝါ ရေတွက်ခြင်း, ရှိခိုးခံခြင်း, နေရာဖြင့်မြစ်ခြင်း, ဥပုသ်ကံ စသည်၌ ပါဝင်ခြင်းသည် အသံဝါသထေနက ပြုရာ၌ သံဝါသမည်၏။

[(ပဉ္စမအကြိမ်)]

(ခ) ကေုဒ္ဒေသ, ကေကမ္မ, သမသိက္ခတာသည် သံဝါသ ထေနကပြုရာ၌ သံဝါသမည်၏။

---

သာမဏေသည် ပြန်ဝတ်မည် ရည်ရွယ်၍ သင်္ကန်း ချတ်ကာ မေထုန်မှီဝဲပြီး သင်္ကန်းပြန်ဝတ်လျှင် ဘာဖြစ်သနည်း။

ရဟန်းပေးသောအသွင်ကို မစွန့်သောကြောင့်ငှင်း, အသွင်အားလျော်သော သံဝါသကို သာယာနေသောကြောင့် ငှင်း ထေနက ၂-ပါးလုံး မဖြစ်ပါ။

---

သင်္ကန်းကို ပြန်မဝတ်ပြီ ဆုံးဖြတ်ချတ်၍ မေထုန်မှီဝဲပြီးမှ ပြန်ဝတ်ခဲ့သော် အသို့နည်း။

အာလယပြတ် ချတ်ပြီး ပြန်ဝတ်သောကြောင့် လိင်္ဂထေနက သာ ဖြစ်၏၊ အသွင်အားလျော်သော သံဝါသကို သာယာသောကြောင့် သံဝါသထေနကမဖြစ်။

---

သိက္ခာချပြီး သင်္ကန်းမချတ်ဘဲ သာယာလျှင် အသို့နည်း။

မူလ သင်္ကန်းဝတ်အသွင်ကို မစွန့်သေးသောကြောင့် လိင်္ဂထေနက မဖြစ်၊သိက္ခာစွန့်ပြီးမှ သံဝါသကို သာယာနေသောကြောင့် သံဝါသထေနကသာ ဖြစ်၏။

---

သာမဏေသည် လူဖြင်လို၍ သင်္ကန်းကို ခါးတောင်း(အောက်ပိုး)ကြိုက်ခြင်း လူဝတ်သလို ဝတ်ခြင်း၌ အသို့နည်း။

၁။ အချိုး ကျ, မကျ စုံစမ်းရေးနှင့် ဝတ်လျှင် အပြစ်မရှိ၊

၂။ အချိုးကျပြီဟု သဘောပြီးမှ သာမဏေဝတ်အတိုင်း ပြန်ဝတ်၍ သဘောနေလျှင် လိင်္ဂထေနကဖြစ်၏။ (သတိ)

(သာမဏေများသည် ခါးတောင်း အောက်ပိုး မကြိုက်မိစေနှင့်။)

---

🌑 သာမဏေသည် သင်္ကန်းပေါ်၌ လူဝတ်ဝတ်၍ စုံစမ်းရာ အခါ, ဆုံးဖြတ်သဘောသော အခါ အသို့နည်း။

သင်္ကန်းပေါ်၌ လူဝတ်ဝတ်၍ စုံစမ်းရာ ဆုံးဖြတ်ရာအခါ ၂-ပါးလုံး၌ ရဟန်းပေးသောအသွင်ကို မစွန့်သေး၍ ထေနက မဖြစ်ပါ။

---

🌑 သာမဏေသည် သင်္ကန်းချွတ်၍ လူဝတ်လဲကာ စုံစမ်းရာ ဆုံးဖြတ်ရာ အခါ ၂-ပါး၌ အသို့နည်း။

စုံစမ်းရာအခါ ထေနကမဖြစ်၊ လူဝတ်ကို သဘောဆုံးဖြတ်ပြီးမှ သင်္ကန်းဝတ်ကာ သဘောလျှင် လိင်္ဂထေနကဖြစ်၏၊ သံဝါသထေနကကား မဖြစ်ပါ။

---

🌑 မာတုဂါမများနှင့် သာမဏေရီများ၌ထေနက ရှိသလော။

မာတုဂါမများနှင့် သာမဏေရီများ၌ ယောကျ်ားနှင့် သာမဏေအတိုင်းပင် ထေနက ၂-မျိုးလုံးရှိ၏။

---

🌑 လိင်္ဂထေနကပုဂ္ဂိုလ်သည် ဘယ်အခါ အပြစ်ရောက်သနည်း။

အသုဒ္ဓစိတ်ဖြင့် သင်္ကန်းကိုဝတ်လျှင် ဝတ်မိပြီးပြီးခြင်း လိင်္ဂထေနက ဖြစ်တော့၏။

(ပဉ္စမအကြိမ်)

ရာဇဘယ စသည်ကြောင့် ကိုယ့်ဘာသာ သင်္ကန်းဝတ်ကာ လူကို လှည့်စားခဲ့သော် ထေနက ဖြစ် မဖြစ် ပြပါ။

ရဟန်းသာမဏေကို လှည့်စားတာမဟုတ်၍ ထေနကမဖြစ်ပါ၊ (ဇာတ်ထုတ် ကပြရာ၌လည်း ထေနကမဖြစ်)

---

ရာဇဘယ စသည်ကြောင့် သင်္ကန်းဝတ်အတုသည် ရဟန်း ဝါ ရေတွက်အံ့ဟုဆုံးဖြတ်လျှင် ဘယ်အခါ ထေနက ဖြစ်သနည်း။

နဂိုက စိတ်စင်ကြယ်စွာ ဝတ်ခဲ့၍ နောက်မှ ဝါရေတွက်ခြင်း စသည်ပြုအံ့ဟု စိတ်ဆုံးဖြတ်ရုံနှင့် ထေနကမဖြစ်၊ အမှန်မှာရဟန်း သာမဏေများနှင့် တွေ့သောအခါ ဝါရေတွက်ခြင်းပြုမှ ဥဘယ ထေနကဖြစ်၏။

---

အိမ်မှာ လူဝတ်လဲပြီးမှ ပြန်ဝတ်ကာ မသိဘဲ ဒီအတိုင်းနေသော သာမဏေအား အဘယ်သို့နည်း။

ဤသို့ပြုလျှင်ဤအပြစ်ရောက်၏ဟု မသိသောကြောင့် အပြစ်မရှိ၊ အသက်စေ့၍ ရဟန်းခံလျှင်လည်း ဖြစ်၏။

---

ထို လိင်ထေနက (ချွတ်ပြီး ပြန်ဝတ်) သာမဏေသည် ရဟန်းဖြစ်စာတတ်မှ ထေနကဖြစ်ခဲ့မှန်းသိလျှင် အဘယ်သို့နည်း။

သာမဏေဘာက ထေနက ဖြစ်မှန်းမသိဘဲ ရဟန်းဖြစ်၍ စာတတ်မှ ထေနကဖြစ်ခဲ့မှန်းသိလျှင် ရဟန်းများအား လျှောက်ကြားကာ ရဟန်းပြန်ခံရ၏၊ သိလျက်သားနှင့် မပြောပြီ ဆုံးဖြတ်လျှင် ထေနကဖြစ်သွား၏။

(ပဥ္စမအကြိမ်)

● သိက္ခာချပြီး အသင့်မစွန့်ဘဲ ဝါရေတွက်ရာ၌ရှင်း သိက္ခာမချဘဲ မေထုန်မှီဝဲပြီး ဝါ ရေတွက်ရာ၌ရှင်း အသို့နည်း။

၁။ သိက္ခာချပြီး အသင့်မစွန့်ဘဲ ဝါရေတွက်လျှင် သံဝါသ ထေနက၊ ၂။ မေထုန်မှီဝဲပြီး ဝါရေတွက်လျှင် ဘာထေနကမှ မဖြစ် အသင့်ကိုမစွန့်ခြင်း အသင့်အားလျော်သော သံဝါသကို သာယာခြင်း ကြောင့်တည်း။

---

● သာမဏေကြီး တပါးသည် ရဟန်းထေရ်စဉ်၌ ဝင်၍ဝါရေတွက် ခြင်းမပြုဘဲ ဘုံလောင်းဝင်ခံသွားခဲ့သော် အသို့နည်း။

ဝါရေတွက်ခြင်းကို မပြုသောကြောင့် သံဝါသ ထေနက မဖြစ်။

---

● ရဟန်းသာမဏေများ ဝါပိုတွက်၍ခံရာ အသို့နည်း။

၁။ ၅-ဝါရအတွက် ၂-ကျပ်တန်မယူဘဲ ၁၀-ဝါရ အတွက် ၅-ကျပ်တန်ကို ကျော်၍ယူသော် ၂-ဝါရ ရဟန်း၌ ၃-ကျပ် ဘဏ္ဍာစားထိုက်၏။

၂။ သာမဏေများအတွက် ဘဏ္ဍာစားမရှိသဖြင့် ၂-ပါးကို ပြုရာ၌ ထေနက မဖြစ်ပါ။

---

● ကျောင်းသားကြီးများ သင်္ကန်းကိုဝတ်ပြီး ဆရာကြီးနေရာ၌ ထိုင်ပြီး ရဟန်းသာမဏေတို့၏ ရှိခိုးခံရာ အသို့နည်း။

ကိဋ္ဌာခိပ္ပါယ=ပြောင်လှောင်ကစားလို၍ ထေနက မဖြစ်ပါ။ (ဇာတ်ပွဲကပြရာ၌လည်း ဤအတိုင်းပင်)

(ပဋ္ဌမအကြိမ်)

● ကျောင်းသားများ သာမဏေဝတ်ကြည့်တတ်ရာ ထေနက ဖြစ် မဖြစ်ပြခဲ့ပါ။

တော်ရဲ့လားလို့ စုံစမ်းကြည့်ကြတာ ဖြစ်သောကြောင့် ထေနကမဖြစ်ပါ။

---

● ဘိက္ခုနီကို လူဝတ်လဲစေပြီး မှိဝဲသော် အသို့နည်း။

(က) လူဝတ်ကို မသာယာသေးသော ဘိက္ခုနီမ၌ မှိဝဲခဲ့သော် ဘိက္ခုနီဒူသကပင်ဖြစ်၏။

(ခ) လူဝတ်ကို သာယာသွားသော ဘိက္ခုနီမ၌ လူဖြစ်သွားသောကြောင့် ဘိက္ခုနီဒူသကမဖြစ်ပါ။

---

● တိတ္ထိယ ပက္ကန္တက အဓိပ္ပါယ်ကို ရေးပါ။

တိတ္ထိအဝတ်ကို ဝတ်ခြင်း, တိတ္ထိထံ ရဟန်းခံခြင်း, တိတ္ထိကျင့်ဝတ်ကို ဆောက်တည်ခြင်းကို ပြုသော ရဟန်းယူ၊

တိတ္ထိကျောင်းတိုက်သို့ အလည်အပတ် သွားရောက်ခြင်းကို တိတ္ထိယ ပက္ကန္တကဟု မယူရပါ။

---

● ရဟန်းအဖြစ်ဖြင့် ဒိဋ္ဌိအယူ ယူလျှင် အသို့နည်း။

ကောရခတ္တိယ၏ အယူကို သုနက္ခတ္တ ရဟန်းက ယူ၍ နေပေမဲ့ တိတ္ထိယပက္ကန္တက မဖြစ်၊ အသွင်ကျင့်ဝတ်ကို ယူမှသာလျှင် တိတ္ထိယ ပက္ကန္တက ဖြစ်၏။

> တိတ္ထိယဘာဝံ ပတ္ထယမာနောတိ ဣဒံ တိတ္ထိယဝေသေ သေဋ္ဌ ဘာဝဂ္ဂဟဏမေဝ သန္ဓာယ ဝုတ္တံ၊ န သဿတာဒိဂါဟံ။

(ပဥ္စမအကြိမ်)

❀ သာမဏေများ တိတ္ထိဘောင် ပြောင်းလျှင် အသို့နည်း။

သာမဏေများ၌ တိတ္ထိယ ပက္ကန္တက သဘော မရှိ၊ ရဟန်းများ၌သာလျှင် ထိုသဘော ရှိပါသည်။

---

❀ စုံစမ်းလို၍ တိတ္ထိအသွင် ဝတ် ရုံလျှင် အသို့နည်း။

စုံစမ်းရုံ၌ အပြစ်မရှိ, ဆုံးဖြတ်လျှင် ပက္ကန္တက ဖြစ်သွားပါသည်။

---

❀ အဝတ်ချွတ်ကာ အာဇီဝကထံသွားရာ အသို့နည်း။

အဝတ် ကွာကင်းမှု၌ ဒုက်တချက်၊ ခြေလှမ်းတိုင်း လှမ်းဘိုင်း ဒုက်အကြိမ်ကြိမ်သင့်၏။

---

❀ ပဏ္ဍုက် ငါးမျိုး ရေတွက်၍ ပြခဲ့ပါ။

အာသိတ္တ၊ ဥဿူယ၊ ဩပက္ကမိက၊ ပက္ခ၊ နပုံး။
အာ,ဥ,ဩ,ပက်၊ နပုံးစွက်၊ ငါးချက်ပဏ္ဍုက်ပြား။

---

❀ အာသိတ္တ နှင့် ဥဿူယ ပဏ္ဍုက် သဘော ပြပါ။

၁။ သူတပါး၏ပန်းကိုစုပ်ကာ မိမိ၏သုက်ကို လွတ်စေသော အားဖြင့် ရာဂကို ငြိမ်းစေသောသူ (ပန်းစုပ်) သည် အာသိတ္တ ပဏ္ဍုက် မည်၏။
၂။ သူတပါး စပ်ယှက်မှိဝဲသည်ကို ကြည့်ကာ မိမိ၏သုက်ကို လွတ်စေ၍ ရာဂငြိမ်းသူသည် ဥဿူယ ပဏ္ဍုက်မည်၏။

● ဤပဏ္ဏက် ၂-မျိုးကို အဘယ့်ကြောင့် ရဟန်းခံခွင့် ပြုသလဲ။

ယောနိသော မနသိကာရ စသည်ဖြင့် ကျူးလွန်ဖေါက်ပြားခြင်းမှ ကာကွယ်နိုင်သောကြောင့် ရဟန်းခံခွင့် ပြုပါသည်။

---

● အစေ့သာရှိ၍ အင်္ဂါပြတ်နေလျှင် အသို့ဆိုးဖြတ်မည်နည်း။

အစေ့ရှိနေသေးလျှင် အင်္ဂါပြတ်သော်လည်း ဩပက္ကမိက မဖြစ်။

ဗီဇေသု ဌိတေသု နိမိတ္တမတ္တေ အပနီတေ ပဏ္ဍကော န ဟောတိ။

---

● အင်္ဂါဇာတ်ကို ဖြတ်တောက်ပစ်လျှင် အသို့နည်း။

အနာကြောင့် ဖြတ်လျှင် အနာပတ္တိ၊ အနာ မ ရှိ ဘဲ လျက်သက်သက်ဖြတ်တောက်လျှင် ထုလ် သင့်၏။

---

● အစေ့ ထုတ်လိုက်လျှင် ဘာများ ကွယ်သွားသနည်း။

ယောကျ်ားအဖြစ်, မုတ်ဆိတ်, ရဟန်းအဖြစ် ကွယ်၏။ ပုမဘာဝေါဝိဂစ္ဆတိ,မဿုအာဒိ ပုရိသလိင်္ဂမ္ပိ ဥပသမ္ပဒါပိ ဝိဂစ္ဆတိ။

---

● ရဟန်းဖြစ်ပြီးမှ အစေ့ထုတ်ပစ်လျှင် အသို့နည်း။

အပရေအလို-ရဟန်း ဖြစ်ပြီးမှ အစေ့ ထုတ်ပစ်လျှင် ဩပက္ကမိက မဖြစ်၊ ယောဇနာကြီး အလို- ဩပက္ကမိကဖြစ်၏ဟု ဆုံးဖြတ်ပါသည်။

(ပဥ္စမအကြိမ်)

● လဆန်း ယောကျ်ား တလှည့် လဆုတ် မိန်းမ တလှည့် ဖြစ်သည်ကို ပက္ခပက္ခ ခေါ်ပါသလော။

အချို့က ပက္ခ ပက္ခ ခေါ်ကြ၏၊ ကျမ်းဂန်များ၌လာသော ပက္ခပက္ခကား ဤသို့ မဟုတ်ပေ။

(လောကမှာ ဤသဘော ထင်ရှားရှိ၍ ဥဘတောဗျည်းခေါ်သင့်၏။)

---

● ပက္ခပက္ခကို ရဟန်းခံသင့်, မသင့် ဆုံးဖြတ်ခဲ့ပါ။

(က) ကိလေသာ ငြိမ်းသော လဆန်း ပက္ခ၌ ပက္ခပက္ခ မဟုတ်သောကြောင့် ရဟန်း ပြုကောင်း၏။

(ခ) ကိလေသာ ထကြွ၍နေသော လဆုတ် ပက္ခ၌ ရဟန်း မပြုကောင်း။

(လဆန်းပက္ခ၌ ပက္ခပက္ခမဟုတ်၊လဆုတ်၌သာ ပက္ခပက္ခဖြစ်၏။)

---

● ပက္ခပက္ခ မဟုတ်သော လဆန်း ပက္ခ၌ ရဟန်းခံထားရာ ပက္ခပက္ခ ရောက်တော့ သိက္ခာ ဘယ်လို နေသနည်း။

ပက္ခပက္ခ ပက္ခမှ နောင်တဖန် အကောင်းအဖြစ်သို့ ပြန်မလာတော့ဘဲ ပက္ခပက္ခ ဆက်ဖြစ်သွားလျှင် သိက္ခာကျ၏၊ အကောင်း ပြန်ဖြစ်လာသေးလျှင်ကား မကျ။

(ပဥ္စမအကြိမ်)

● အပဏ္ဏာက် အခိုက် ရဟန်းခံထားရာ ပဏ္ဏာက်ပက္ခသို့ပြောင်းပြီး အပဏ္ဏာက် ပြန်ခြစ်လျှင် အသို့နည်း။
(ပဏ္ဏာက်ဖြစ်လိုက်, ပဏ္ဏာက်မှ လွတ်လိုက်-ဟူလို။)

သမာပတ် ဝင်စားခိုက် ရုပ်နာမ် ချုပ်ခဲ့သော်လည်း သမာပတ်မှ ထသောအခါ ဆက်လက်၍ ရုပ်နာမ် ဖြစ်ပေါ်ဘိ သကဲ့သို့ နောင်တဖန် အပဏ္ဏာက် အဖြစ် ပြန်ပြောင်းမည့် ပဏ္ဏာက်သည် ရှေးဦး ရပြီးသော ရဟန်းအဖြစ်၌ တည်ရှိ နေပါသည်။

လဘန္တဿ ပဏ္ဍက ဘာဝ ပက္ခေပိ ဘိက္ခုဘာဝေါ အတ္ထိ။

---

● အပဏ္ဏာက်ပက္ခ၌ ရဟန်း ဖြစ်ပြီး၍ ပဏ္ဏာက်ပက္ခ အခါ၌ မေထုန် ကျူးလွန်လျှင် အသို့ ဆိုမည်နည်း။

(က) ပဏ္ဏာက် ဆက်ဖြစ် သွားသူမှာ သိက္ခာကျပြီး၍ ဘိက္ခုဘာဝ မရှိတော့သောကြောင့် အနာပတ္တိ။

(ခ) အပဏ္ဏာက် ပြန်ဖြစ် လာမည့် သူမှာ ပဏ္ဏာက်အခိုက်၌ ရဟန်းအဖြစ် ရှိသေး၍ မေထုန်ကျူးလွန်လျှင် ပါရာဇိက အာပတ်သင့်၏။

---

● ရဟန်း ပြုကောင်းသော ပဏ္ဏာက်, ရဟန်းမပြုကောင်းသော ပဏ္ဏာက်တို့ကို ခွဲခြား၍ပြပါ။

(က) အာသိတ္တ နှင့် ဥဿူယ ၂-မျိုးပြုကောင်း၏။

(ခ) ဩပက္ကမိက နှင့် ဥဘတောဗျည်း ၂-မျိုးမှာ ရဟန်းမပြုကောင်း။

(ပဌမအကြိမ်)

(ဂ) ပက္ခပဏ္ဍုက် အခိုက် ရဟန်းဝါပြုကောင်း၏၊ အပက္ခ ပဏ္ဍုက်မှာ ရဟန်းမပြုကောင်း၏။

---

● ဗျည်း ၂-ပါးဖြစ်ခြင်း၏အကြောင်းနှင့်လိင် ၂-ပါးပြောင်းခြင်း၏အကြောင်းတို့ကို ခွဲဝေပြပါ။

(က) လိင် ၂-ပါးကို ဖြစ်စေသော ကံကြောင့် ဗျည်း ၂-ပါးဖြစ်၏၊

(ခ) မိန်းမ၌ ချစ်သော ရာဂ ကြောင့် ယောကျ်ား ဗျည်း, ယောကျ်ား၌ ချစ်သော ရာဂကြောင့် မိန်းမဗျည်း ပြောင်းဖြစ်သည်။

(ကံကြောင့် ဗျည်း ၂-ပါဖြစ်၏၊ ရာဂကြောင့် ဗျည်းပြောင်း၏၊ တပြိုင်တည်း လိင် ၂ပါး မရှိကောင်း။)

---

● ဥဘတော ဗျည်း၏ ပဋိသန္ဓေ ပေးပုံ ယူပုံ ရေးပါ။

၁။ ပုရိသ ဥဘတော ဗျည်းသည် သန္ဓေပေးနိုင်၏၊ မိမိကား မယူ၊

၂။ ဣတ္ထိ ဥဘတော ဗျည်းသည် ပေးနိုင် ,ယူနိုင်၏။

---

● ဥဘတော ဗျည်း၌ လိင် ၂-ပါးပြိုင်ရှိကောင်း သလော။

၂-ပါးစုံ ပြိုင် မရှိကောင်း, တပါးစီသာ ရှိကောင်းပါသည်၊ ဣတ္ထိ ဥဘတောဗျည်း၌ ဣတ္ထိလိင်သာ ထင်ရှား၏။ ပုရိသ ဥဘတောဗျည်း၌ ပုလ္လိင်သာ ထင်ရှား၏ဟူလို၊

(ပဥ္စမအကြိမ်)

အမိသမင်မ, အဖ ခြသေ့ကို သတ်ရာ၌ အသို့နည်း။

လူဇာတ်ရှိသောမိ-ဖမဟုတ်၍ အာနန္တရိယ မထိုက်။

(သားသိုးလဲ လူ့မိ—ဖ လဲ လူဖြစ်မှ အာနန္တရိယကံ ထိုက်၏)

---

လိင်ပြန်နေသော မိ-ဘ သတ်လျှင် အသို့နည်း။

ဘဝင်နှင့် ဇီဝိတိန္ဒြေသည် လိင်ပြန် နေသော်လည်း တဆက်တည်းဖြစ်နေ၍ အာနန္တရိယကံ ထိုက်ပါသည်။

---

အမိမဟုတ်သူကို သတ်၍ မာတုဃာတက, အဖ မဟုတ်သူကိုသတ်၍ ပိတုဃာတကကံ ထိုက်ပုံပြပါ။

အမိအဖြစ်မှ လိင်ပြန်သွားလျှင် အမိ မခေါ်ရ၊ အဖ ဖြစ်သွား၏၊ အမိ မဟုတ်သူကို သတ်ရာ မာတုဃာတကကံသာလျှင်ထိုက်၏၊ ပိတုဃာတက မခေါ်ရ။

**မှတ်ရန်။** ။မွေးမိခင် သတ်၍ မာတုဃာတကကံ ခေါ်၏၊သို့သော် ပုလ္လိင်ပြန်နေခြင်းကြောင့် အမိမဟုတ်ဟု ဆိုပြန်သည်၊ ဖခင် လိင်ပြန်ရာ၌လည်း ၎င်းနည်းအတိုင်းပင်။

---

ဒုကုလနှင့် မာတင်္ဂတို့က ချက်ကို သုံးသပ်သောအားဖြင့် မွေးသောသားများက အဖသတ်လျှင် အသို့နည်း။

ချက်ကို သုံးသပ်သော အားဖြင့် အဖအရာ မြောက်၍ ထို အဖကို သတ်လျှင် ပိတုဃာတကပင် ထိုက်၏။

သစေ နာဘိပရာမသနာဒိနာ ဇာတော, တထာရူပ ပိတရံ ဃာတေတိ, ပိတုဃာတကော ဟောတိတိ ဝဒန္တိ။

(ပဥ္စမအကြိ၆်)

တိရစ္ဆာန် ဝဇ္ဇနီယ ပုဂ္ဂိုလ်အရ ပြပါ။

တိရစ္ဆာန် ဝဇ္ဇနီယ အရ နဂါး, ဂဠုန်, ဘီလူး, နတ်, ဗြဟ္မာ, သိကြားစသည်ကို ယူ၊ ကျွဲ, နွား, ခွေး, မြင်း, ခြင်, သန်း စသည်ကို မယူရ၊

ထို့ကြောင့်-မက္ခိကာဒယော ပန အဗ္ဗောဟာရိကာပါဠိမရှိသင့်ပြီ၊ ဝိမတိဋ္ဌ-လူဇာတ်မှုကြွင်းတာ အကုန်ကောက်၏။

---

သံဃော ဥပေါသထံ၌ ဘေဒနှင့် အဓိပ္ပေတတ္တကိုပြပါ။

သံဃ၊ ဂဏ၊ ပုဂ္ဂလ ဥပုတ် ၃မျိုးကို ကာရကဘေဒအားဖြင့် ပြ၏၊ ဤနေရာ၌ သံဃေ ဥပေါသထကိုသာ ယူ၊ အကြွင်း ၂-ပါးကို မယူရ။

---

ပါတိမောက္ခံ ဥဒ္ဒိသေယျ၌ ဘေဒနှင့် အဓိပ္ပေတတ္တ ပြပါ။

ကာတဗ္ဗာ ကာရအားဖြင့် သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိ, အဓိဋ္ဌာန် ဘေဒ ၃-ပါး၊ ဤအရာ၌ သုတ္တုဒ္ဒေသ ဥပုသ်ကိုသာယူ၊ ကြွင်း ၂-ပါး မယူရဟု အဓိပ္ပေတတ္တ ပြ၏။

---

ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ၌ ပါတိမောက္ခကို ကောက်ပါ။

မနောဝိညာဏ်၏ အာရုံဖြစ်သော 'သုဏာတု မေ' အစရှိသော သဒ္ဒါ အစဉ် တည်း ဟူသော အာဏာပါတိမောက္ခပါဠိ ကို ကောက်ပါသည်။

(ပဠမအကြိမ်)

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ စသောပါဌ်သည်စာအုပ်တို့၌ရှိကောင်းမရှိကောင်း ဆုံးဖြတ်ပါ။

၎င်းဝါကျကို အဋ္ဌကထာ ဋီကာတို့မှာ မဖွင့်၍ မရှိကောင်းပါ၊ နောက်မှ ဆရာများ ထည့်ထားပုံရ၏၊ စာအုပ်တို့၌ ရှိခဲ့သော်၎င်း ရှုက်ခဲ့သော်၎င်း အပြစ် မရှိပေ၊ ခုဒ္ဒသိက္ခာ၌ကား ရှိ၏။

---

သုဏာတု မေ စသည်ကို ဥတ်ခေါ်ပုံသဘော ရေးပါ။

မိမိပြုလုပ်မည့် ကိစ္စကို ရှေးမဆွက ကြိုတင်ပြီး သိရှိစေတတ်သော စကားရပ်ဖြစ်၍ ဥတ်ခေါ်ပါသည်။

---

သံဃကံ အပြားပြ၍ ဥပုဘ်ကံကို ၎င်း၌ သွင်းပြပါ။

၁။ အပလောကန ကံ၊
၂။ ဉတ္တိ ကံ၊
၃။ ဉတ္တိ ဒုတိယ ကံ၊
၄။ ဉတ္တိ စတုတ္ထ ကံ၊

ဥပုသ် ကံသည် ဉတ္တိကံ၌ အကျုံးဝင်ပါသည်။

---

သံဃော၌ ဘေဒ နှင့်အဓိပ္ပေတတ္ထ အရပြပါ။

(က) ဒက္ခိဏေယျသံဃာ, (ခ) သမ္မုတိ သံဃာ ၂-စား၊ ဤအရာ၌ သမ္မုတိ သံဃာကို ယူ။ (ဒက္ခိဏေယျလည်းသံဃအရ၌ အတွင်းဝင်၏)

(ပဥမအကြိမ်)

● ဒက္ခိဏေယျအရ သမ္မုတိအရ သံဃာကို ပြပါ။

၁။ အရိယာသံဃာ ရှစ်ပါးသည် ဒက္ခိဏေယျသံဃာမည်၏။

၂။ ဥတ်ကမ္မဝါဖြင့် ရဟန်း အဖြစ် အသိမှတ် သမုတ်ခံရသော အရိယာ ရှစ်ပါးနှင့် ပုထုဇဉ်သံဃာ အားလုံးသည် သမ္မုတိသံဃာတည်း။

---

● ကံနှင့် စပ်၍ သံဃာ့ဝဂ် သံဃာ့အစုကို ရေတွက်ပြပါ။

စတုဝဂ္ဂ၊ ပဉ္စဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဝီသတိဝဂ္ဂ၊ အတိရေကဝီသတိဝဂ္ဂ အားဖြင့် ၅-ပါးရှိ၏။

---

● ဝဂ်အသီးသီး ပြုနိုင်သော ကံအသီးသီးကိုပြပါ။

၁။ စတုဝဂ်ဖြင့် ဥပသမ္ပဒကံ, သံဃပဝါရဏာကံနှင့်အဗ္ဘာန ကံမှ တပါး ကျန်အားလုံးသော သံဃကံကိုပြုနိုင်ပါသည်။

၂။ ပဉ္စဝဂ်ဖြင့် မဇ္ဈိမဒေသ ဖြစ်ခဲ့သော် ဥပသမ္ပဒကံအဗ္ဘာန ကံမှ တပါးကျန် သံဃကံများ ပြုနိုင်ပါသည်၊ ပစ္စန္တရဇ်၌ ပဉ္စဝဂ်ဖြင့် ဥပသမ္ပဒကံဆောင်နိုင်ပါသည်။

၃။ ဒသဝဂ်ဖြင့် အဗ္ဘာနကံမှ တပါး ကျန်သောကံ အားလုံးကို ပြုနိုင်ပါသည်။

၄။ ဝီသတိဝဂ်, အတိရေက ဝီသတိ ဝဂ်ဖြင့် မပြုနိုင်သော ကံမည်သည် မရှိ။

(ပဉ္စမအကြိမ်)

● အတိရေက ဝိသတိ ဝဂ်ကို ဘာအကျိုးငှါဆိုပါသနည်း။

စတုဝဂ် စသည်က ပြုအပ်သော ကံကို အတိရေကစတုဝဂ်အတိရေက ပဉ္စဝဂ် အတိရေက ဒသဝဂ်သံဃာဖြင့် ပြုကောင်း၏ ဟု ပြခြင်းအကျိုးငှာ ဆိုသည်။

(သံဃာပိုသော် အပ်၏, လိုနေလျှင်သာ မအပ် ဟူလို)

သော ပန စတုဝဂ္ဂါဒိနာ သံဃေန ကတ္တဗ္ဗကမ္မံ ဦနကတရေန ကာတုံ န ဝဋ္ဋတိ,အတိရေကေန ပန ဝဋ္ဋတိဘိဒဿနတ္ထံ ဝုတ္တော။

---

● ဥပုသ် ကိုးမျိုးကို ရေတွက်ပြပါ။

ကာရအာ အားဖြင့် သံဃ၊ ဂဏ၊ ပုဂ္ဂလ ၃-ပါး။ ကတ္တဗ္ဗာကရ အားဖြင့် သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန် ၃ ပါး။ ဒိန အားဖြင့် စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ ၃-ပါး၊

(ဤ ပုစ္ဆာကိုရှေ့ဆက်လို၍ စကားပျိုးရန် ထပ်ထုတ်သည်။)

---

● တနှစ်အတွင်း ရသင့်သော စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂီ ဥပုသ်နေ့များကို ရေတွက်ပြပါ။

(က) စာတုဒ္ဒသီ ဥပုသ်=၆-ရက်,
(ခ) ပန္နရသီ ဥပုသ်=၁၈-ရက်,
(ဂ) သာမဂ္ဂီ ဥပုသ်=-၃၃၆-ရက်,

---

● သာမဂ္ဂီဥပုသ်နေ့ ဖြစ်ပုံ ရှင်းပြပါ။

ကောသမ္ဗီ ပြည်သား ရဟန်းများ ကဲ့သို့ အကြီးအကျယ် သံဃာ သင်းကွဲပြီး နောက် ပြန်၍ ညီညွတ်ရာနေ့သည် ညီညွတ်မှုကို ပြရန် ဥပုသ်ပြုရသော နေ့ဖြစ်၍ သာမဂ္ဂီဥပုသ်နေ့ မည်၏။

(ပဌမအကြိမ်)

ပကတိ စာရိတ္တ ဝိကတိစာရိတ္တ ဥပုသ်ကို ခွဲပြပါ။

စာတုဒ္ဒသီ—၆၊ ပန္နရသီ—၁၈ သည် ပကတိစာရိတ္တ၊ တခြားသော စာတုဒ္ဒသီ ပန္နရသီ နှင့် သာမဂ္ဂီနေ့သည် ဝိကတိစာရိတ္တ။

---

တခြားသောစာတုဒ္ဒသီပန္နရသီ (ဝိကတိစာရိတ္တ) ကိုရှင်းပါ။

တိုင်းရင်းသားက ရက်မစုံ လကွယ်နေ့ စာတုဒ္ဒသီပြုမည်ရှိခိုက် တိုင်းတပါးသားတို့က လွန်ခဲ့တဲ့ လပြည့်အဖိတ် ၁၄-ရက်နေ့က ဥပုသ်ပြုခဲ့ပြီး လကွယ်နေ့ကို ၁၅-ရက်ဟု တော့ဆိုင် ငြင်းခုံရာ တိုင်းတပါးသားတို့ကများ၍ပန္နရသီနေ့ အဖြစ်ဖြင့်တိုင်းရင်းသားတို့က လိုက်ပြုရလျှင် ဝိကတိစာရိတ္တ ပန္နရသီ ဖြစ်၏။

**မှတ်....** (တိုင်းသား အလိုအတိုင်း စာတုဒ္ဒသီ ပြုရလျှင် ပကတိစာရိတ္တပင်၊ဒီနေ့မျိုးမှာ တိုင်းရင်းသားများလျှင် ပကတိ စာရိတ္တပြု၊တိုင်းတပါးသားများလျှင် ပန္နရသီ ဝိကတိစာရိတ္တ ပြုရ၏၊ စာတုဒ္ဒသီဝိကတိ၌လည်း ရှင်းနည်း အတိုင်းပင်။)

---

ပကတိစာရိတ္တ ပဝါရဏာ ရက်ကို ရေတွက်ပြပါ။

သီတင်းကျွတ် လပြည့် တရက်နှင့် လကွယ် တရက် ပေါင်း ၂၊ တန်ဆောင်မုန်း လပြည့် တရက်၊ စုစုပေါင်း ၃-ရက်သည် ပကတိစာရိတ္တရက်မည်၏။

---

သာမဂ္ဂီ ပဝါရဏာနေ့ကို ရေတွက်ပြပါ။

သီတင်းကျွတ် လပြည့်မှ တန်ဆောင်မုန်း လပြည့် အထိ

(ပဥ္စမအကြိမ်)

ရက် ၃၀-အတွင်း ပကာတိစာရိတ္တ ၃—ရက်မှ ကျင်း ၂၇-ရက် တို့တွင် တရက်ရက်သည် သာမဂ္ဂီ ပဝါရဏာပြုရသောနေ့ ဖြစ်၏။
(ဝိကတိစာရိတ္တ စာတုဒ္ဒသီ ပန္နရသီ ပဝါရဏာနေ့မှာ ဥပုသ်အတိုင်း)

---

● သုဏာတု စသော ဉတ်ဖြင့် အဘယ်အင်္ဂါကိုပြသနည်း။

(က) သံဃာ့ဥပုသ် ဖြစ်ရခြင်း,
(ခ) သုတ္တုဒ္ဒေသ ဥပုသ်ဖြစ်ရခြင်း,
(ဂ) ပန္နရသီ ဥပုသ်ဖြစ်ရခြင်း အင်္ဂါ ၃-ပါးပြ၏။

---

● ဂဏ ဥပုသ်၌ ဉတ် မထားရသော ဥပုသ်နှင့် ဉတ်ထားရသော ဥပုသ်ကို ခွဲပြီးလျှင် ဉတ်ထားပုံကိုပါ ရေးပါ။

(၁) ၂-ပါးပြုလျှင် ဉတ်မထားဘဲ ပါရိသုဒ္ဓိပြု၊
(၂) ၃-ပါးပြုလျှင် ဉတ်ထားပြီး ပါရိသုဒ္ဓိပြုရ၏။

ဉတ်ထားပုံ-သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပေါ သထော ပန္နရသော (စာတုဒ္ဒသီ)၊ ယဒါ ယသ္မန္တာနံ ပတ္တ ကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ။

---

● ဂဏဥပုသ် (ပါရိသုဒ္ဓိ) ပြုပုံ ပါဠိကို ရေးပါ။

ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ၊
(အကြီးက ဆိုပုံ)
ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ၊
(အငယ်က ဆိုပုံ)

(ပဥ္စမအကြိမ်)

● ပုဂ္ဂလ (အဓိဋ္ဌာန်) ဥပုသ် ပြုပုံကို ရေးပြပါ။

အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ။
အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ။

---

● ဝဇ္ဇနီယများ မကြဉ်လျှင် အဘယ်အပြစ် သင့်သနည်း။

(က) ဥက္ခိတ္တက ၃-မျိုး မကြဉ်လျှင် ပါစိတ် သင့်၏။
(ခ) ကြွင်းဝဇ္ဇနီယ ၁၈—မျိုး မကြဉ်လျှင် ဒုက်သင့်။

---

● ဥက္ခိတ္တက ၃-မျိုး ရေတွက်ပြပါ။

မရှု, မကု၊ မစွန့်မှု၊ သုံးခု ဥက္ခိတ္တာ။
အာပတ္တိ အဒဿန၊ အာပတ္တိ အပဋိကမ္မ၊ အာပတ္တိ အပဋိနိဿဂ္ဂ အားဖြင့် ဥက္ခိတ္တက ၃-မျိုးရှိ၏။

---

● ပုဂ္ဂလနှင့် ကာတဗ္ဗာကာရကို သင့်သလို ပြပါ။

(၁) သံဃာသည်....သုတ္တုဒ္ဒေသ ဥပုသ်ကို ပြုရ၏။
(၂) ဂဏ သည်....ပါရိသုဒ္ဓိ .... ....။
(၃) ပုဂ္ဂလ သည်....အဓိဋ္ဌာန် .... ....။

(နေ့အားဖြင့် သာမဂ္ဂီနေ့မှာ သံဃာ့ဥပုသ်သာ ပြုရ၏၊ စာတုဒ္ဒသီ, ပန္နရသီနေ့များ၌ သံဃ, ဂဏ, ပုဂ္ဂလ ပြုရ၏)

---

● ပါရိဂဏာ ၉-မျိုး ရေတွက်ပြပါ။

(က) ကာရက....သံဃ, ဂဏ, ပုဂ္ဂလ ၃-ပါး။
(ခ) ကာတဗ္ဗာကာရ-တေစိဝါက,ဒွေဝါစိက,ဧကဝါစိက ၃-ပါး။

(ပဥ္စမအကြိမ်)

(ဂ) ဒိန....စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ၃-ပါး။

---

● ဂဏဉပုသ် နှင့် ဂဏပဝါရဏာတို့၌ ကံဆောင်ထိုက်သော သံဃာအရေအတွက် အသီးသီးကို ရေတွက်ပြပါ။

(က) ဂဏဉပုသ်၌ ရဟန်း ၂—ပါး ၃-ပါး ရှိရ၏။

(ခ) ဂဏပဝါရဏာ၌ ရဟန်း ၂,၃,၄-ပါးရှိရ၏။

---

● သံဃာ့ဉပုသ် ပဝါရဏာတို့၌ သံဃာအရေအတွက်ပြပါ။

(က) သံဃာ့ဉပုသ်၌ ၄-ပါး, ၄-ပါးထက် လွန်ရ၏။

(ခ) သံဃာ့ ပဝါရဏာ၌ ၅-ပါး, ၅-ပါးထက် လွန်ရ၏။ (ပဝါရဏာ၌ တပါး ပိုရ၏)

---

● ၄-ပါးရှိလျှင် သံဃာ့ဉပုသ်ပြုနိုင်သကဲ့သို့ သံဃာ ၄-ပါးသည် အဘယ့်ကြောင့် သံဃာ့ပဝါရဏာ မပြုနိုင်သနည်း။

ပဝါရဏာပြုရာ၌ ဘိတ်ကြားလျှောက်ထားနေသောပုဂ္ဂိုလ်မှတပါး ကျန်ပုဂ္ဂိုလ်၏ အရေအတွက်အလိုက် သံဃာစသည်ခေါ်ရ၏၊ ရဟန်း ၄—ပါးတွင် တပါးသည် ၃-ပါး ထံ၌ ပဝါရဏာပြုရ၍ ဂဏပဝါရဏာဟူ၍သာ ခေါ်ပါသည်၊ သံဃာ့ပဝါရဏာ မခေါ်ရပါ။

(ဉပုသ်၌ တပြိုင်တည်း ပြုကြ၍ ၄-ပါးရှိလျှင် သံဃာ့ဉပုသ်ခေါ်ရ၏)

(ပဥ္စမအကြိမ်)

● သံဃာ ၄-ပါးတွင် တပါးက ပါတိမောက် ပြနေခိုက်၌ နား ထောင်သော ၃-ပါးသာ ဥပုသ် ပြုရာ ရောက်၍ ပဝါရဏာ ကဲ့သို့ ၄-ပါးဥပုသ်ပြုရာ၌ ဂဏဥပုသ် ဟူ၍ပင် ခေါ်သင့်ပါ သလော။

သုဏာတုမေ ဘန္တေ သံဃော အစရှိသမျှ သံဃာအားလုံး ပါတိမောက်ကို နားကြားကြသဖြင့် တပြိုင်တည်း ဥပုသ်ပြုရာ ကျသောကြောင့် ၄-ပါးပြုရာ၌ ဂဏမခေါ်ဘဲ သံဃာ့ဥပုသ် ခေါ်ရပါသည်။

(ပဝါရဏာ၌ ဖိတ်သူ နားသူ တခြားစီ၊ ဥပုသ်၌ အတူနာယူ၏)

---

● ဂဏပဝါရဏာ၌ ဥတ်ထားပုံ ရေးပါ။

၃-ပါး-သုဏန္တု မေ အာယသ္မန္တာ, အဇ္ဇပဝါရဏာ ပန္နရသီ, ယဒါယသ္မန္တာနံ ပတ္တကလ္လံ, မယံ အညမညံ ပဝါရေယျာမ။

၄-ပါး-သုဏန္တု မေ အာယသ္မန္တော....အကြွင်းတူပြီ။

(၂-ပါးပဝါရဏာ ပြုရာ၌ ဥတ်မထားရ)။

---

● ဂဏပဝါရဏာပြုနည်း အသီးသီးကိုပြပါ။

၂-ပါး-ပြုပုံ အဟံ ဘန္တေ အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ, ပဿန္တော ပဋိကရိဿာမိ။

၃-ပါးပြုပုံ အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ....ဝဒန္တု မံ အာယသ္မန္တော....ပဋိကရိဿာမိ။

(ပဥ္စမအကြိမ်)

၄-ပါးပြုပုံ–အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ....ဝဒန္တု မံ အာယသ္မန္တော....ပဋိကရိဿာမိ။

တပါးမှာ သွာ၊ ၂-ပါး န္တော၊ ၃-ပါးမှာ န္တော၊ ၄-ပါးမှာ ယော။

(ပဝါရဏာနေ့၌ ပဝါရဏာက အရေးကြီး၍ ဥပုသ်ကိုနောက်ပြုရ၏)

---

ပဝါရဏာနေ့၌ ပဝါရဏာပြုရန် ဥပုသ်ပြုရန် အရေအတွက်၏ သံဃာ ၂-ဦး ဆိုခဲ့သော် အသို့ပြုရမည်နည်း။

ပဝါရဏာ ဥတ်ထားပြီး ပဝါရဏာကို ရှေးဦးစွာပြု၊ နောက်မှ ဥပုသ်ပြုလိုသော ရဟန်းများက ဥတ်မထားဘဲ ပါရိသုဒ္ဓိ ပြုနိုင်သည်။

---

ပဝါရဏာနေ့၌ ဥပုသ်ပြုမည့် ရဟန်းက ပဝါရဏာပြုမည့် ရဟန်းထက်များနေသော် ဘယ်ကံကို ရှေ့ဦးပြုရသနည်း။

ဥပုသ်ပြုမည့် ရဟန်းများက ရှေးဦးစွာ ဥပုသ်ကံကို ဆောင်ရ၏၊ ပြီးမှဥတ်မထားဘဲ ပဝါရဏာပြုရ၏။

(ဘယ်ကံက ရှေ့ပြုပြု၊ နောက်ကံအတွက် ဥတ်မထားရ၊ သတိ)

---

တပါးတည်းက ဥပုသ်ပဝါရဏာ အစုံပြုကောင်းသလော။

(က) ပဝါရဏာပြုသော ရဟန်းသည် ဥပုသ် မပြုရ။

(ခ) ဥပုသ်ပြုသော ရဟန်းသည် ပဝါရဏာ မပြုရ။

**မှာတမ်း....** ဇုဒ္ဓဂယာ နေရဥရာ မြစ်ပေါ်တွင် ပဝါရဏာနေ့၌ ရဟန်းခံကိစ္စ ဆောင်ရွက်ကြပြီး ရဟန်းသစ်များနှင့် ရောကာ ဥပုသ်

ပဝါရဏာပြုကြရာ ဆရာတော်တပါးသည် ဥပုသ်ရော ပဝါရဏာရော လူစေ့ တက်စေ့ အပြုခိုင်း၏၊ ဥတ်ကိုလည်း ၂-မျိုးလုံး ထားသေး၏၊ အမြင်မတော်တာနဲ့ ကိုယ်တိုင် ပြေရှင်းခဲ့ရဘူးပြီ။

---

- သံဃာ ၁၀-ပါးရှိသော ကျောင်းတိုက်၌ ၅-ပါး မရှိခိုက် ကျန်နေခဲ့သော ၅-ပါး ပါတိမောက်ပြပြီးမှ ရောက်လာသော ခရီးသွား ၅-ပါးသည် ဥပုသ် ဘယ်လိုပြုရသနည်း။

အညီအမျှဖြစ်နေလျှင် နောက်မှ ပြန်လာသော ရဟန်းများသည် ပါတိမောက်ပြပြီး ရဟန်းများထံမှာ ပါရိသုဒ္ဓိ ဥပုသ်သာ ပြုရ၏၊ အကယ်၍ နောက်ရောက်ကများလျှင် အားလုံးပြန်စု၍ ပါတိမောက် ထပ်ပြရပါသည်။

---

- သံဃာ့ ဥပုသ် ပြုပြီးမှ နောက်ရောက်သော သံဃာသည် တသိမ်တည်းရှိ သံဃာကုန်အောင်မပင့်ဘဲ အချို့ထံ၌သာ ပါရိသုဒ္ဓိ ဥပုသ်ပြုခဲ့သော် ဝင်ဖြစ်၍ အပြစ်ရှိသလော။

သံဃာ့ကိစ္စ မဟုတ်၍ ဝင်မဖြစ်, အပြစ်မရှိပါ။

---

- နိဒါန်း ရွတ်ကတည်းက ပြနေသဲ ဖြစ်ပါလျက် ဥဒ္ဒိဋ္ဌာမိမဆိုဘဲ အဘဲ့ကြောင့် ဥဒ္ဒိသိဿာမိ ဟု အနာဂတ်ဝိဘတ်နှင့် ဆိုပါသလဲ။

နိဒါန်းအဆုံး ကစ္စိတ္ထ ပရိသုဒ္ဓါဟု ၃-ကြိမ် ရွတ်ပြီးမှ အာပတ်ခေတဲ ဖြစ်ကြောင်း ပြလို၍ အနာဂတ် ဝိဘတ်ဖြင့်ဆိုပါသည်။

တနဲ:-ပါတိမောက်ကို တစိတ် တဒေသမျှသာ ပြနေသေး၍ မပြီးမဆုံး သေးသောကြောင့် ဥဒ္ဒိသိဿာမိဟု အနာဂတ် ဝိဘတ်ဖြင့် ဆိုရပါသည်။

---

● သံဃော ဥပေါသထံ ကရေယျ, ပါတိမောက္ခံ ဥဒ္ဒိသေယျ နှင့် နာမယောဂချင်း ညီမျှအောင် ဥဒ္ဒိသိဿတိ ဟု နာမယော ဂနှင့် အဘဲ့ကြောင့် မဆိုသလဲ။

ပါတိမောက်ပြသောရဟန်းသည် သံဃာ၌ အကျုံးဝင်သော သံဃာ့ကိုယ်စား ဖြစ်၍ ဥဒ္ဒိသိဿာမိ ဟုဆိုသော်လည်း သဘာဝ တူမျှသည်သာ။

(သဒ္ဒါနည်း အရ အမှယောဂ ဆိုစေကာမူ အဓိပ္ပါယ် အရ သံဃာပင် ပါတိမောက်ကို ပြနေတာဘာဘဲ ဟူလို)

---

● ဥဒ္ဒိသိဿာမိ နှင့် အညီ သုဏောထ မနသိကရောထ မဆိုဘဲ ဘာ့ကြောင့် သုဏောမ မနသိကရောမ ဆိုပါသလဲ။

ပါတိမောက်ပြသော ရဟန်းလည်း သံဃာ၌အကျုံးဝင်ကာ နာယူရမည့် တာဝန် ရှိနေ၍ သုဏောမ မနသိကရောမ ဟု(အမှ ယောဂဖြင့်) ဆိုပါသည်။

(ငါလဲဘဲ ငါပြောတိုင်း လုပ်မည် နာယူပါမည် ဟူလို)

---

● ဥဒ္ဒိသိဿာမိ နှင့် အညီ သုဏိဿာမ ဟု အနာဂတ်ကာလချင်း တူမျှအောင် မဆိုဘဲ ဘာ့ကြောင့် သုဏောမဟု ပစ္စုပ္ပန် ကာလ ဖြင့် ဆိုပါသလဲ။

ပါတိမောက် ပြသော ရဟန်းသည် အလုံးစုံ မပြရသေး၊

[(ပဉ္စမအကြိမ်)]

ဝန်ခံရုံသာ ရှိသေး၍ ဥဒ္ဒိသိဿာမိဟု အနာဂတ်ဖြင့် ဆိုပါသည်။ နာနေသော ရဟန်းသို့ ပါတိမောက် နာယူဘို့ဝတ္တရားသည် ဆိုက်ရောက်နေသဲဖြစ်၍ သုဏောမ မနသိကရောမ ဟု ဆိုပါသည်။

---

● သုဏောမဆိုလျှင် ပြီးကောင်းပါလျက် အဘယ့်ကြောင့်မနသိကရောမကို ထပ်၍ ဆိုပြန် ပါသနည်း။

နာကြား ရုံသာမက, စိတ်ဖြင့်လည်း သုံးသပ်စေလို၍မနသိကရောမဟု ထပ်၍ ဆိုပါသည်။

(ဆောင်)....ကြား နာ ရုံသာ၊ မယူပါနှင့်၊ စိတ်မှာမှီးသို၊ သုံးသပ်လို၊ မိန့်ဆို မနသိ ကာရတည်း။

---

● ကာယသာမဂ္ဂီ, စိတ္တသာမဂ္ဂီ အထူးကို ပြပါ။

(က) နှစ်တောင့်ထွာ အတွင်း ညီညွတ် နီးစပ်ကာရောက်ရှိနေခြင်းသည် ကာယသာမဂ္ဂီ၊

(ခ) ဆောင်ရွက်သော ကံကို မကန့် ကွက်ဘဲ နှစ်သက်ခြင်းသည် စိတ္တသာမဂ္ဂီ။

---

● ပါရိသုဒ္ဓိံ အာရောစေထ ဖြင့် တိုက်တွန်း၍ ပြီးပါလျက် ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ ဟူသော အဓိပ္ပါယ်တူ ဝါကျကိုအဘယ့်ကြောင့် ထပ်ဆိုပြန်သနည်း။

ပါရိသုဒ္ဓိ ပြောကြားပုံ နည်းပြလို၍ ထပ်ဆိုပြင်သည်။

(ရှေ့က တိုက်တွန်းခဲ့တဲ့ အတိုင်း ပြောကြား နည်းပြသည်-ဟူလို)

[(ပဥ္စမအကြိမ်)]

● အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ ဝါကျကိုဘယ်သဘော ပြလို၍ ဆိုပြန်ပါသနည်း။

ပါရိသုဒ္ဓိ အာရောစေထ အရ နှုတ်မြွက်၍ပြောမှသာ မဟုတ်၊ အဓိပ္ပါယ်ရောက်အားဖြင့် တိတ်တိတ်ဆိတ်ဆိတ် နေလျှင်လည်း ပရိသုဒ္ဓ ဘောဂဏ်ကို ပြောကြားသည်မည်၏ ဟု ပြလို၍ မိန့်ဆိုပါသည်။

---

● ယထာ သိယာ အာပတ္တိ၌ ယထာ, အာပတ္တိ အရ ပြပါ။

(၁) ယထာ အရ=ထေရ,နဝ,မဇ္ဈိမ ၃-စား ယူ။

(၂) အာပတ္တိအရ=အာပတ် ခုနစ်ပုံ ယူရပါသည်။

---

● ထေရ,နဝ,မဇ္ဈိမ အရွယ် အစားခွဲခြားပြပါ။

(၁) ဆယ်ဝါရမှစ၍ အထက်ကို ထေရ ယူပါသည်။

(၂) ရဟန်း ဖြစ်စမှ ငါးဝါမရမီ အတွင်း နဝ။

(၃) ၅-ဝါရမှ ၉-ဝါရ အထိ မဇ္ဈိမ ယူပါသည်။

(၁ဝ-ဝါမှ ၁၉-အထိ အနုထေရ်၊ ဝါ ၂ဝ-မှ အထက်မဟာ ထေရ် ဟူ၍လည်း ခေါ်သေး၏)

---

● အာပတ် ခုနစ်ပုံကို ရေတွက် ပြပါ။

အာပတ် ၇-ပုံမှာ လက်ာအတိုင်း ဖြစ်ပါသည်။

ပါ,သံ,ထုလ်,ပါ၊ ဒုက်, ဒုဗ်, ပါ၊သတ္တာ အာပတ္တိ။

---

● ပါတိမောက်၌ လာသော အာပတ်ကို ရေတွက် ပြခဲ့ပါ။

ပါရာ၊ သံဃာ၊ ပါစိတ်၊ ဒုက္ကဋ်၊ ပ ဋိဒေသနီ=၅။

(ထုလ္လစ္စယ နှင့် ဒုဗ္ဘာသိ ၂-ချက် ပါတိမောက်၌ မပါ မလာ)

● အာပတ် ခုနစ်ပုံကို ဒေသနာဂါမိ် ဝုဋ္ဌာနဂါမိ် ခွဲပြပါ။

(က) သံဃာ ဒိသိသ် အာပတ်သည် ဝတ်စသည်ကျင့်သုံးမှ ထနိုင်၍ ဝုဋ္ဌာနဂါမိ် မည်၏။

(ခ) ကြွင်း၆-ပုံသည်ဒေသနာဂါမိ်အာပတ်မည်၏။

---

● ပါရာဇိက အာပတ် ဒေသနာကြားပုံ ရေးပါ။

သက်န်းချွတ်၍ လူဝတ် လဲလိုက်ခြင်းသည်ပါရာဇိကအာပတ်ကို ဒေသနာကြားခြင်း မည်ပါသည်။

ပါရာဇိကာပတ္တိ ဒေသနာနာမ ဘိက္ခုဘာဝ ပရိစ္စာဂေါ။

---

● ပါတိမောက် ပြနေမှ အာပတ်သင့်မှန်း သိလျှင် သမ္ဗဇာနဒုက္ကဋ်မှ လွတ်အောင် အသို့ ပြုရသနည်း။

အာပတ်သင့်မှန်းသိလျှင် အနီးရှိရဟန်းအားဝတ္ထုကိုဖြစ်စေ, အာပတ်ကို ဖြစ်စေ ပြောကြား လိုက်ရ၏။

(စင်ကြယ်ပုံ ပါရိသုဒ္ဓိ ပြောလိုလျှင် တိတ်တိတ် နေရုံနှင့်ပြီ၏)

---

● အာပတ် သင့်ခြင်း အကြောင်း ၆–ပါးကိုရေးပါ။

(၁) အလဇ္ဇိတာ၊

(၁) အညာဏတာ၊

(၃) ကုက္ကုစ္စပကတတာ၊

(၄) အကပ္ပိယေ ကပ္ပိယသညိတာ၊

(၅) ကပ္ပိယေ အကပ္ပိယသညိတာ၊

(၆) သတိ သမ္မောသာ ၆-ပါး။

ဤ ၆-ပါးသည် အာပတ်သင့်ခြင်း အကြောင်းဖြစ်သည်။

(ပဌမအကြိမ်)

● ဂရုကဲ လဟုက အာပတ်ကို သဘောနှင့် တကွပြပါ။

(က) ပါရာ့ သံဃာ အာပတ် ၂-စားသည် လူထွက်ခြင်း, ဝတ်စောင့်းခြင်း ဟူသော ကြီးလေးစွာကုစားရသော ကြောင့်ဂရုကာပတ္တိ မည်၏။

(ခ) ကြွင်း ငါးပုံသည် ဒေသနာကြားခြင်းအားဖြင့်ပေါ့ပါးစွာ ကုစား ရသောကြောင့် လဟုကအာပတ် မည်ပါသည်။

---

● တုဏှီ ဘာဝေန ခေါပန ဥ္ဒိ နိပါတ် ပုဒ်တို့၏ အနက်နှင့် ဝါကျ၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဖေါ်ပြပါ။

(၁) ပန-ဆိတ်ဆိတ်နေရခြင်း အကျိုးကား၊ (ပန-လဒ္ဓဂုဏ်)

(၂) တုဏှီ ဘာဝေန ခေါ=တုဏှီဘာဝေနပိ-
(ခေါ-သမ္ပိဏ္ဍနတ္ထ)

ထင်စွာ ပြုမှုသာ မဟုတ်, တိတ်ဆိတ်စွာ နေခြင်းအားဖြင့်လည်း အရှင်ဘုရားတို့၏ အာပတ်မှ စင်ကြယ်ကြောင်းကို သိရပါသည်-ဟူလို။

---

● ယာဝတတိယံဖြင့် အဘယ် သဘောကို ပြသနည်း။

ယာဝတတိယံဖြင့် ဥပလက္ခဏ သဘောကိုပြပါသည်၊ ပြပုံ နိဒါန်းစသည်ကို ၃-ကြိမ် ၃-ကြိမ်စီ ပြတုန်းရှိ၍, ၃-ကြိမ် ပြပြီး မေးပြီး အဆုံး၌သာ အာပတ်သင့်၏ဟု ယာဝတတိယံဖြင့်ပြ၏။

(ပဥ္စမအကြိမ်)

● ဥဒ္ဒိဋ္ဌ ခေါ် အာယသ္မန္တော နိဒါန် စသော နိဂုံးစကားသည် စာအုပ်များ၌ တိုက်ရိုက်ရှိသင့်, မရှိသင့်ပြပါ။

ယာဝတတိယံ အနုသာဝိတံကို ထောက်သော် နိဒါန်း၏နိဂုံး စကားသည် စာအုပ်၌ တိုက်ရိုက်မရှိသင့်၊ သို့သော် နိဒါန်းပြရာ အခါ၌ ထည့်ရွတ်ရပါသည်။

(ပါရာဇိကုဒ္ဒေသ စသည်တို့၏ နိဂုံးသာ တိုက်ရိုက်ရှိရမည်)

---

● သမ္ပဇာန မုသာဝါဒသဣ၌ အာပတ်နှင့် ပယောဂပြပါ။

ဝစီဒွါရ၌ နှုတ် ဝတ္တာရး ပျက်ကွက်၍ ဝစိ ဒွါရေအကြိယ သမ္ပဇာန ဒုက် အာပတ် သင့်၏။

(ပါစိတ်မဟုတ် ဒုက်သင့်၊ ဝစီဒွါရမှာပင်သင့်၏ ဟူလို)

---

● နှုတ် မမြွက်ဘဲ နှုတ်ပြစ် အတွက် အာပတ်သင့်ရပုံပြပါ။

ပါတိမောက်ပြရာ အာပတ် ရှိလျက် နှုတ်မမြွက်သော ရဟန်း အား နှုတ်ဝတ်ပျက်၍ ဝါစာသိက ဒုက်သင့်၏။ (ပရိဝါ)

---

● ပါရာဇိက ကျနေသော ရဟန်းအား ထင်စွာ မပြုဘဲနေခဲ့သော် ဝါစာသိက ဒုက်အာပတ်သင့်သေးသလော။

ရဟန်း မဟုတ်၍ ဒုက်မသင့်ပါ၊ ဒုက္ကဋ ဟောတိ အရ သမ္ပဇာန မုသာဝါဒ ကမ္မပထသာလျှင် ထိုက်ပါသည်။

ထို့ကြောင့် ဒုက္ကဋံ-ဒုက္ကဋ အပြစ်သည်၊ ဝါ-မကောင်းသဖြင့် ပြုအပ်သော သမ္ပဇာနမုသာဝါဒကံသည်၊ ဟောတိ-ဖြစ်၏ဟု အနက်ပေး။

(ပဌမအကြိမ်)

● သရမာနေန ဘိက္ခုနာ အရ အသရမာန နှင့် သံသယယုံမှား ရှိသူ ရဟန်းများအား အသို့ဖြစ်သနည်း။

(၁) အာပတ်သင့်သော်လည်း လုံး၀ သတိမရသော အသရမာန ရဟန်းအား အနာပတ္တိ။

(၂) ယုံမှားရှိခဲ့သော် ယုံမှားကြောင်းပြောပါ၊မပြောလျှင် ဒုက္ကဋ်သင့်။

---

● အာပတ်မှန်သမျှ အန္တရာယိကချည်း မှတ်ရမည်လော။

(၁) အစိတ္တက ပဏ္ဏတ္တိ ၀ဇ္ဇ အာပတ်မျိုးသည် အန္တရာယိက မဖြစ်။

(၂) သစိတ္တက ဖြစ်ခဲ့သော် ပဏ္ဏတ္တိ၀ဇ္ဇ, လောက၀ဇ္ဇ အာပတ် ၂–မျိုးလုံးပင် အန္တရာယိက ဓမ္မဖြစ်ပါသည်။ (သတိ)

---

● အာပတ် တင်းလင်းနှင့်သေလျှင် ဘယ်လားတတ်သလဲ။

တိရစ္ဆာန်ဘုံသော်ငင်း, သို့မဟုတ် ပြိတ္တာဘုံသော်ငင်း လား တတ်ပါသည်။

သာပတ္တိကော ဘိက္ခဝေ ဒွိန္နံဂတီနံ အညတရံ ဂတိံ နိဂစ္ဆေယျ-တိရစ္ဆာန ယောနိံယံ ၀ါ, ပေတ္တိဝိသယံ၀ါ။ (ဤပါဠိကို ကျမ်းရင်းရှာ၍မတွေ့ကြသေး)

---

● အာဝိကတာ အရ အာဝိကရဏပြုပုံ ရှင်းပြပါ။

(၁) ပါရာဇိကကျလျှင် လူထွက်သောအားဖြင့် ဒေသနာပြု၊

(၂) သံဃာ ဒိသိသ်သင့်လျှင် ဝတ်ဆောက်တည်၊ ဝါ-ထင် စွာပြု။

(၃) ကြွင်း အာပတ် ငါးပုံ သင့်ခဲ့လျှင် ဒေသနာကြားရပါသည်။

---

● ဥဒ္ဒိဋ္ဌ ခေါ် အာယသမ္ဘွော နိဒါန် ဆိုရာ၌ နိဒါန်းကို အကုန် ပြပါလျက် အဘဲ့ကြောင့် အကျဉ်းပြအပ်ပြီဟူ၍ ဆိုပါသလဲ။

နိဒါန်းကို အကုန်ပြသော်လည်း နိဒါန်း၌ ပါသော ယဿသိယာ အာပတ္တိအရ ဌာနသိက္ခာပဒကို ပေါင်းရုံးပြသခြင်းကြောင့် နိဒါန်းကိုပင် အကျဉ်းပြအပ်ပြီဟု ဆိုပါသည်။

(နိဒါန်း ပါဠိကျယ် အကုန်ပြပေမဲ့ နိဒါန်း၌ ပါဝင်သော သိက္ခာပဒ ပါတိမောက္ခကို ပေါင်းရုံးချဉ်းချုံးပြထား၍ ဥဒ္ဒိဋ္ဌ နိဒါန် ဆိုသည်)

---

● ဖာသု ဟောတိ အရ ဖာသု, အဖာသု ဖြစ်ပုံပြပါ။

ဖာသုဖြစ်ပုံ-အာပတ်ကို ထင်စွာပြုသဖြင့် နှလုံးမသာယာမှု မရှိ၍ ပါမောဇ္ဇ ဖြစ်၏၊ ထို့နောင် ပီတိ, ပဿဒ္ဓိ, သုခဖြစ်၍ ပဌမ ဈာန် စသည်နှင့် မဂ်-ဖိုလ် တရားများကို ရသည်အထိ ဖာသု ဖြစ်၏။

အဖာသု ဖြစ်ပုံ-အာပတ်ကို ထင်စွာ မပြုမိလျှင် ဝိပ္ပဋိသာရ ဖြစ်၏၊ ထို့နောင် ဒေါမနဿ ဒုက္ခစသည်ဖြစ်၍ ပဌမဈာန် စသည်ရဘို့ရာ အန္တရာယ်ဖြစ်၍ အဖာသုဖြစ်သည် မည်၏။

(ပဌမအကြိမ်)

- နိဒါနေ ဥတ္တိထပနံ, ပုဗ္ဗတိစ္စဿ ပုစ္ဆနံ၊
နိဒါနုဒ္ဒေသ သဝနေ, ဝိသုဒ္ဓါရောစနေ ဝိဓိ၊
အနာရောစနေစာပတ္တိ, ဥဒ္ဒေ ယံပိဏ္ဍတ္ထပဉ္စကံ-အရပြပါ။

(၁) သုဏာတုမေမှ ဥဒ္ဒိသေယျံ တိုင်အောင် ဥတ္တိထပန၊

(၂) ကိံ သံဃဿမှ ဥဒ္ဒိသိဿာမိ-အထိ ပုဗ္ဗကိစ္စ ပုစ္ဆန၊

(၃) တံ သဗ္ဗေဝမှ မနသိကရောမ - အထိနိဒါနုဒ္ဒေသ သဝနဝိဓိ၊

(၄) ယဿသိယာမှ အနုသာဝိတံ ဟောတိ-အထိ ဝိသုဒ္ဓါရောစနဝိဓိ၊

(၅) ယောပန ဘိက္ခုမှ ဖာသု ဟောတိ-အထိ အနာရောစနာပတ္တိဝိဓိ။

နိဒါနုဒ္ဒေသ ပြီးပြီ။

---

# ပါရာဇိကကုဒွေသ

## ၁—ပဌမ ပါရာဇိက

● နိဒါနုဒ္ဒေသ ပါရာဇိကုဒ္ဒေသတို့၌ ဥ-သဒ္ဒါ အထူးပြပါ။

(က) နိဒါနုဒ္ဒေသဉ် ဥ-သဒ္ဒါအကျဉ်းချုပ် သခေ်ပတ္တ၊

(ခ) ပါရာဇိကုဒ္ဒေသ၌ ဥ-သဒ္ဒါ အကျယ်သရူပတ္တ။

---

● ယော ပန ဘိက္ခု၌ ဘိက္ခု ဂ-မျိုးရေးပါ။

(၁) ဟေိဘိက္ခုပသမ္ပဒါ,
(၂) သရဏာဂမကူပ,
(၃) ဩဝါဒ ပဋိဂ္ဂဟကူပ,
(၄) ပဉှာဗျာကရဏူပ,
(၅) အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟကူပ,
(၆) ဒူတေနူပ,
(ဂ) ဉတ္တိစတုတ္ထ ကမ္မူပသမ္ပဒါ။

---

● မေထုန သိက္ခာပုဒ်၌ ရသင့်သော ရဟန်းစားမျိုးပြပါ။

ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ တမျိုးကို သာရ၏။

**မှတ်ရန်။** ။အမှန်မှာ ဉတ္တိစတုတ္ထကမ္မူပ သမ္ပဒါ၌ အဋ္ဌဝါစိကူပ သမ္ပဒါဘိက္ခုနီများပါ ပါဝင်လေသည်။

(ပဌမအကြိမ်)

● ဟေဝိဘိက္ခုပသမ္ပဒါမှ ဒူတေနူပအထိ ရဟန်း ၆-မျိုးသည် အဘယ့်ကြောင့် ပဌမ ပါရာ ကဌ မပါဝင်သနည်း။

ထို ၆-မျိုးသည် မေထုန ဝီတိက္ကမ မပြုတော့၍ ပဌမ ပါရာဇိက သိက္ခာပုဒ်၌ မပါဝင်ပါ။

---

● ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ ဟေဝိ ဘိက္ခုပသမ္ပဒါ စသော ရဟန်း ၆-မျိုး ပါနိုင်, မပါနိုင် ဆုံးဖြတ်ပါ။

ဒွေ ပုဂ္ဂလာ အဘဗ္ဗာ အာပတ္တိံ အာပဇ္ဇိတုံ ဗုဒ္ဓါ စ, ပစ္စေက ဗုဒ္ဓါ စ၊ ဒွေ ပုဂ္ဂလာ ဘဗ္ဗာ အာပတ္တိံ အာပဇ္ဇိတုံ ဘိက္ခူ စ ဘိက္ခုနိယော စ။

ဤပရိဝါ ပါဠိတော်၏ အနက်ရောက်သော အတ္ထာပန္န နည်းအားဖြင့် ပဒသောဓမ္မ သဟသေယျ စသည်တို့၌ ထို ၆-မျိုး ပါနိုင်၏ဟု သိရ၏။

---

● ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များ၌ ရဟန်း ၈-မျိုးလုံး ပါနိုင်လျှင် အဘယ့်ကြောင့် ဥတ္တိစတုတ္ထတမျိုးတည်းကိုသာ ဟောပါသလဲ။

ဥတ္တိ စတုတ္ထ ကမ္မုပသမ္ပဒါသည် အခါခပ်သိမ်း ရှိနေခြင်း ဝီတိက္ကမအမှု ပြုတတ်ခြင်းကြောင့် သိက္ခာပုဒ်တိုင်းမှာ ဒီတမျိုးကို သာ ဟောပါသည်။

မှတ်ရန်။ ။ပါဠိတော် သိက္ခာပုဒ်တိုင်းမှာ ဥတ္တိ စတုတ္ထ ကမ္မုပ သမ္ပဒါရဟန်း တမျိုးတည်းကိုသာ ဘုရားဟောထားခြင်းသည် "သဗ္ဗ သိက္ခာပဒ-ဝီတိက္ကမာရဟတ္တာ, သဗ္ဗကာလိကတ္တာ စ" ဟူလို။

(ပဌမအကြိမ်)

● ဘိက္ခု, ဘိက္ခုနီတို့၌ ရဟန်း ဘယ်နှစ်စားစီ ရသလဲ။
(က) ဘိက္ခုနီ၌ အဋ္ဌဂရု, ဒူတေန, အဋ္ဌဝါစိက ၃-မျိုး။
(ခ) ဘိက္ခု၌ ကြွင်း ဥပသမ္ပဒါ ၂-မျိုး ရ၏။

● ခုကာလ ရဟန်း ဘယ် ၂-မျိုး ရကောင်းသလဲ။
ဉတ္တိစတုတ္ထ ကမ္မူပသမ္ပဒါ တမျိုးသာ ရကောင်း၏။

● သြဝါဒမှ ဒူတေနူပ ရဟန်း ၄-မျိုး ထုတ်ပြပါ။
၁။ သြဝါဒ ပဋိဂ္ဂဟ ဏူပသမ္ပဒါ-အရှင်မဟာကဿပ။
၂။ ပဥှာဗျာကရဏူပသမ္ပဒါ - ရှင်သောပါက။
၃။ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူ - မဟာပဇာပတိ ဂေါတမီ။
၄။ ဒူတေနူပ သမ္ပဒါ- အဍ္ဍကာသိ ဂဏိကာ။

● သရဏ ဂမဏူပ သမ္ပဒါပြုနည်း အမြွက်မျှ ပြခဲ့ပါ။
သာမဏေကဲ့သို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆို၍ ရဟန်းပြုခြင်း တည်း။
**မှတ်ရန်**။ ။သာမဏေဖြစ်လိုမှု, ရဟန်းဖြစ်လိုမှု, အာဘောဂမျှသာ ထူး၏၊ (သာမဏေအတိုင်း သရဏဂုံ ဖြင့်ပင် ကိစ္စ ပြီးနိုင်၏။)

● ဘယ်အခါ သရဏ ဂမဏူပ သမ္ပဒါကို ယုတ်သိမ်းသလဲ။
သားတော် ရာဟုလာ ရဟန်းပြုတော့မှ ယုတ်သိမ်းပါသည်။

● ဟော် ဘိက္ခုများရသော ပရိက္ခာရာချစ်ပါး ရေးပါ။
တိစီဝရဥ္စ ပတ္တောစ, ဝါသိ သူစိစ ဗန္ဓနံ၊
ပရိဿာဝနေနဋ္ဌ မိစ္စေတေ, ယုတ္တယောဂဿ ဘိက္ခုနော။
(ပဌမအကြိမ်)

● ဥတ္တိစတုက္က ဆိုရာ ဥတ် စတုက္ကဖြစ်ပုံ ပြပါ။

ကမ္မဝါမှ ပဋိလောမ ရေ၍ ဥတ်, စတုက္က ဖြစ်ပါသည်။

---

● သိက္ခာ ..ေ ပဉ္စက်, သိက္ခာချ ဆဋ္ဌက်ကို ပြ..

ဝတ်, ဥတ်, ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာသမ္ပတ္တိ။ (တင်)
ဝိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာနပုဂ္ဂလာ။ (ချ)
ဝိတ္ထံ ခေတ္တဉ္စ ကာလောစ, ပယောဂေါ ပု..လော တထာ။
ဝိဇာနနန္တိ သိက္ခာယ, ပစ္စက္ခာနံ ဆဋ္ဌင်္ဂိကံ။

---

● ဝတ္ထုသမ္ပတ္တိမ..ဖြစ်သော ပုဂ္ဂိုလ်များ ပြပါ။

ပဏ်, ထေ, ပက်, ဗ္ဗာန်၊ ပဉ္စာနန်၊ ဒွိသံ ဥဘောဗျည်း။
ဧကူနဝိသ၊ အန္တိမ၊ ထည့်က သဲ့ သုံးတည်း။

**မှတ်ရန်။** ။(ရှေ့ ၁၁-ယောက်ကား ဘယ်..ါမှ ရဟန်း မ..ံ ထိုက်သော အဘဗ္ဗတည်း၊နောက် ၂-ဦးကား အခိုက်အတန့်သာ)

---

● ..က္ခာနှင့် သာဇီဝ အထူး ခွဲခြားပြပါ။

(က) ကျင့်သုံးအပ်သော ပါတိမောက္ခ သံဝရသီလခေါ် ဝိရတိ စေတနာပဓာန စိတ္တုပ္ပါဒ် အာရမ္မဏိက တရားသည် သိက္ခာ။

(ခ) မကျူးလွန်အပ်သော သိက္ခာပုဒ်အာရုံသည် သာဇီဝ။

သိက္ခာပဒ၊ သာဇီဝ၊ သီလ ဖြစ်သိက္ခာ။

(ပဉ္စမအကြိမ်)

● သိက္ခာသမာပန္န်, သီလသမာပန္န, ဖြစ်ပုံ ပြပါ။

(က) ဝတ္ထု ရှောင်ကြဉ်၍ ဖြည့်ကျင့်ခြင်းသည် သိက္ခာ **သမာပန္န၊**

(ခ) သိက္ခာစောင့်ထိန်း၍ ဖြည့်ကျင့်ခြင်းသည် သာဇီဝ **သမာပန္န။**

(ဝိရမိတဗ္ဗ ဝတ္ထုမှ ရှောင်ကြဉ်ခိုက်နှင့် သိက္ခာပုဒ် စောင့်ထိန်းခိုက်)

**(က) ရှောင်ကြဉ်လျက်သာ၊ ဖြည့်ကျင့်ရာ၊ သိက္ခာသမာပန်။**

**(ခ) ထိန်းသိမ်းလျက်သာ၊ ဖြည့်ကျင့်ရာ၊ ဇီဝါ သမာပန်။**

---

● သိက္ခံအပစ္စက္ခာယ ဆိုလျှင် ပြီးကောင်းလျက် အဘယ့်ကြောင့် ဒုဗ္ဗလျံအနာဝိကတွာကို ထပ်ဆိုပြန်ပါသနည်း။

ပရိယာယ်ပြ၊ သိလိဋ္ဌ၊ အတ္ထဝဏ္ဏနာ။
အကျိုးသုံးချက်၊ ပြလိုတွက်၊ မိန့်မြွက် ဒုဗ္ဗလျံ။

---

● ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာပစ္စက္ခာန၏ အကြောင်းဖြစ်လျက် အဘယ့်ကြောင့် ဒုဗ္ဗလျာဝိကမ္မကို ရှေ့မဟောသလဲ။

သိက္ခာသာဇီဝ သမာပန္နော စကားစဉ်အတိုင်း ဆိုသွားသော ကြောင့် ဒုဗ္ဗလျာဝိကမ္မကို နောက်ထားသည်။

---

● သိက္ခာသာဇီဝ သမာပန္နနှင့် ပစ္စက္ခာန, အာဝိကမ္မဟပ်ပြပါ။

သိက္ခာ သမာပန္နကို ရှေ့ထားခဲ့၍ သိက္ခာပစ္စက္ခာနကို ရှေး ဦးပြရ၏။ သာဇီဝသမာပန္နကို နောက်ထားခဲ့၍ ဒုဗ္ဗလျံအနာဝိ ကာတွာကို နောက်၌ ပြရ၏။

(ပဌမအကြိမ်)

● သိက္ခာ ကျ,မကျ ဒုဗ္ဗလျာဝိကမ္မ ၂-မျိုးပြပါ။

လူထွက်ရ ကောင်းမှာဘဲ (ဘုန်းကြီးဝတ်နဲ့ နေရတာ ပိုနေတာဘဲ) စသည်ဖြင့်ပြောသော ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာမကျ၊ သိက္ခာကို စွန့်၏ဆိုမှ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မ ဖြစ်၏။

**မှတ်ရန်။** ။ "ယံနူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ" ဒုဗ္ဗလျာဝိကမ္မမျှသာ။ "ဗုဒ္ဓံ ပစ္စက္ခာမိ" ဒုဗ္ဗလျာဝိကမ္မလည်းဖြစ်, သိက္ခာလည်းကျ၏။

---

● ချုရာ ဆိုရသော ခေတ်ပုဒ် ၂၂-ပါး ပြပါ။

၁။ ဗုဒ္ဓံ ပစ္စက္ခာမိ,
၂။ ဓမ္မံ,
၃။ သံဃံ,
၄။ သိက္ခံ,
၅။ ဝိနယံ,
၆။ ပါတိမောက္ခံ,
၇။ ဥဒ္ဒေသံ,
၈။ ဥပဇ္ဈာယံ,
၉။ အာစရိယံ,
၁၀။ သဒ္ဓိဝိဟာရိကံ,
၁၁။ အန္တေဝါသိကံ,
၁၂။ သမာနုပဇ္ဈာယကံ,
၁၃။ သမာနာစရိယကံ,
၁၄။ သဗြဟ္မစာရိံ ပစ္စက္ခာမိ,

၁။ ဂိဟီတိ မံ ဓာရေဟိ,
၂။ ဥပါသကော,
၃။ အာရာမိကော,
၄။ သာမဏေရော,
၅။ တိတ္ထိယော,
၆။ တိတ္ထိယ ပက္ကန္တကော,
၇။ အသမဏော,
၈။ အသကျပုတ္တိကော,

---

● "သာမဏေရောတိ မံ ဓာရေဟိ" ဟု ဆို၍ သိက္ခာချပျှင်သော မဏေကာဖြစ်၍ တည်နိုင်ခွင့်ရှိ မရှိ ဆုံးဖြတ်ပါ။

ဥဘတော ဟဒ္ဒိ မရှိခြင်း, ဝိနည်း ပရိယာယ် သုံးမျိုဖြစ်ခြင်း

((ပဥ္စမအကြိမ်)

ကြောင့် တိတ္ထိယောတိ မံ ဓာရေဟိ ဆိုစေကာမူ တိတ္ထိမဖြစ်သလို သာမဏေရော ဆိုစေကာမူ သာမဏေအဖြစ်၌ မတည်နိုင်ပါ။

---

● ဗုဒ္ဓံပစ္စက္ခာမိကို နားလည်ပြီး,သိက္ခာချတာဘဲဟု မသိရာ, ဗုဒ္ဓံ ပစ္စက္ခာမိကို နာမလည်ဘဲ,သိက္ခာချတာဘဲ ဟုသိရာ အသို့နည်း။

ဗုဒ္ဓံပစ္စက္ခာမိ အဓိပ္ပါယ်ကို နာလည်မှု, နားမလည်မှု အရေးမပါ, သိက္ခာချတာဘဲဟု သိမှ, ဝါ-သိလျှင် သိက္ခာကျပါသည်၊ အဓိပ္ပါယ် နားလည်မှုသာ ပမာဏ။

---

● ဒဝါ,ရဝါအားဖြင့် သိက္ခာ မကျပုံ ရေးပါ။

၁။ သိကျွမ်း နားလည်လျက် တခြား စကားကိုဆိုရင်း လျင်မြန်စွာ "ဗုဒ္ဓံ ပစ္စက္ခာမိ" ဆိုမှားလျှင် ဒဝါဘာဏ ဖြစ်၍ မကျ၊

၂။ မသိ နားမလည်ဘဲ တခြား စကားကိုဆိုရင်း တလွဲချော်ပြီး "ဗုဒ္ဓံ ပစ္စက္ခာမိ"ဆိုမိလျှင် ရဝါဘာဏ ဖြစ်၍ မကျ။

(သိလျက် ပညာရှိမှားတာ ဒဝါ၊ မသိ နားမလည်၍ လွဲတာ ရဝါ)

---

● "ဗုဒ္ဓံပစ္စက္ခာမိ" အစား, "ပစ္စက္ခာမိ ဗုဒ္ဓံ" "ဓမ္မံ ပစ္စက္ခာမိ" စသည် ဆိုမိလျှင် ဒဝါ,ရဝါဖြစ် မဖြစ်ပြပါ။

နားထောင်သူက သိက္ခာ ချတာဘဲဟု သိသွားလျှင် သိက္ခာကျပါသည်၊ ဘယ်လိုဆိုဆို သဘာဝတ္တာ ဆိုက်နေ၍ ဒဝါ,ရဝါ မဖြစ် အောင်မြင်၏။

---

● သိက္ခာ ချကောင်း မကောင်းရာ ပုဂ္ဂိုလ်များကို ပြပါ။

(က) နားလည်သူ လူ၏ မျက်မှောက်မှာသာ သိက္ခာ ချကောင်းပါသည်။

(ခ) သူရှူး, စိတ်မငြိမ်သူ, ဝေဒနာပြင်းထန်စွာခံစားရသူ, နတ်,ပြဟ္မာ, နဂါး, စသည်တို့အထံ၌ မချကောင်းပါ။

---

● နတ်များထံမှာ ဘဲ့ကြောင့် မချကောင်းပါသနည်း။

နတ်များသည် ဉာဏ်ထက်မြက်သဖြင့် အလျင်အမြန်သိပြီး အလျင်အမြန် မပျက်စီးစေလိုသောကြောင့်သာလျှင် နတ်များထံမှာ သိက္ခာကို မချရပါ။

---

● တိရစ္ဆာန်များထံမှာ ဘဲ့ကြောင့် မချကောင်းသနည်း။

ဘုရား၏ အာဏာသိက္ခာတော်ကို တိရစ္ဆာန်များထံ မထိုက်တန်သောကြောင့် တိရစ္ဆာန်များအထံမှာ သိက္ခာမချကောင်းပါ၊ ချသော်လည်း မကျပါ။

---

● တိဿထံချရာ ကိဿမသိဘဲ ဒတ္တကသိသော် အဘယ်သို့နည်း။

မူလ ရည်မှတ်ထားအပ်သော တိဿ သိမှသာကျ၏၊ ဒတ္တနှင့် မဆိုင်၍ သိက္ခာမကျပါ။

---

● တိဿ ဒတ္တ ၂-ပါးထံချရာ တပါးသာသိလျှင် အသို့နည်း၊ ထို့ပြင် ဘယ်သူ သိသိဟု မမှတ်ဘဲချရာ အသို့နည်း။

၂-ပါးလုံး သိမှ ကျ၏၊ တပါးတည်း သိ၍ မကျပါ။

ဘယ်သူသိသိဟု အမှတ် မထားဘဲ အများတို့ထံမှာ ချရာ၌ တပါးပါးသိလျှင် သိက္ခာကျတော့သည်သာ။

(ပဋ္ဌမအကြိမ်)

● ဝဇ္ဇနီယ တိရစ္ဆာန် နှင့် တိရစ္ဆာန ဂတာ အထူးကိုပြပါ။

ရဟန်းအဖြစ် အပစ်ပယ်ခံရသူ အားလုံးသည် ဝဇ္ဇနီယ တိရစ္ဆာန် မည်၏၊

တိရစ္ဆာန် မျိုးဇာတ် အစစ်သည် တိရစ္ဆာနဂတာ မည်၏။

---

● တိရစ္ဆာန် အဖို့နှင့်လည်း ဆိုင်ပါလျက် အဘယ့်ကြောင့် တိရစ္ဆာနဂတာယပိ တိရစ္ဆာန်မဟု ဆိုရပါသနည်း။

အများအားဖြင့် အမ သတ္တဝါ၌သာ မှီဝဲလေ့ ရှိသဖြင့် တိရစ္ဆနဂတာယပိ တိရစ္ဆာန်မဟု ဆိုရပါသည်။

---

● ပါရာဇိကလောက်သော တိရစ္ဆာန် အရွယ်အစားပြပါ။

အပဒါနံ အဟိ မစ္ဆာ, ဒွိပဒါနဉ္စ ကုက္ကုဋီ၊
စတုပ္ပဒါနံ မဇ္ဇာရီ, ဝတ္ထု ပါရာဇိကဿိမာ။

**အပဒ** = စပါးကြီး, စပါးအုံးမ, မြွေမ, ငါးမစသည်၊
ဒွိပဒ = ကြက်မ, ကျီးမ, ခိုမ စသည်၊
စတုပ္ပဒ = ကြောင်မ, ခွေးမ, မြွေပါမ, ဖွတ်မ စသည်။

---

● ပါရာဇိက မလောက်သော တိရစ္ဆာန် အသေးစား ကလေး များ၌ မှီဝဲခဲ့သော် အဘယ်အာပတ် သင့်သနည်း။

ပါရာဇိက မလောက်သော တိရစ္ဆာန် **အငယ်စားများ၌ ဒုက်သင့်၏။**

(ပဍ္ဍမအကြိမ်)

● လူ့ နွား စသည်တို့၏ နား, မျက်စိ, နှာခေါင်း, လက်, ခြေ, ချိုင်း, ပေါင်ကြား၌ မှိဝဲသော် ဘယ် အာပတ်နည်း။

(က) နား, မျက်စိ, နှာခေါင်း, အစရှိသည်တို့၌ ထုလ္လစ္စည်း သင့်၏၊

(ခ) လက်, ခြေ, ချိုင်း, ပေါင် စသည်တို့၌ ဒုက်သင့်ပါသည်။

---

● မဂ် ၃၀–ရေတွက် ပြခဲ့ပါ။

အထိ:, အမ၊ ပဏ္ဍက၊ ဒွယ ဥဘောဗျည်း။

ကျင်ကြောင်း နှစ်ပါး၊ ခံတွင်းအား၊ ၃-ပါး မဂ်ခေါ်နည်း။

အထိ:၊ အမ၊ ပဏ္ဍုက်၊ ဥဘဘောဗျည်း။

၂။ ၃။ ၂။ ၃=၁၀

ဘီလူးနှင့် လူ၊ တိရစ်ကူ၊ သုံးဆူ သုံးဆယ်ပြား။

၁၀×၃=၃၀။

---

● အသေကောင်ကို မှိဝဲလျှင် အဘယ် အာပတ်နည်း။

(က) ညှိမဲပုပ်ပွခြင်း မရှိသေးသော အသေကောင်၏ ထက်ဝက် တိတိ အထိ မပျက်စီးသေးသော အင်္ဂါ၌ မှိဝဲလျှင် ပါရာဇိက၊

(ခ) ထက်ဝက်,ထက်ဝက်ထက် ပျက်စီး၍နေသော အင်္ဂါ၌ ထုလ္လ၊

(ပဥ္စမအကြိမ်)

(ဂ) ညိုမဲပုပ်ပွနေသော အသေကောင်၌ရင်း,ပွင့်၍နေသော ခံတွင်း၌ရင်း ဘေးနှင့် အောက်ပိုင်း အာစောက်တို့ကို မထိအောင် မှီဝဲခဲ့သော် ဒုက်၊ ထိလျှင် ပါရာဇိက။

---

● ဤ သိက္ခာပုဒ်၏ အနာပတ္တိက ပုဂ္ဂိုလ်များ ပြပါ။

အာဒိကမ္မိကာ၊ အဇာနန်၊ အ-သာဒိယန္တ၊ ဥမ္မတ္တက၊ ဝေဒနဋ္ဋ၊ ခိတ္တ ဝိက္ခိတ္တ။

---

● မိမိ၏ အင်္ဂါကို အဝတ်ပတ်၍ရင်း, မိန်းမ အင်္ဂါ၌ အဝတ်ခု၍ ရင်း မှီဝဲသော် အာပတ် သင့် မသင့် ပြပါ။

အဝတ် ပတ်ခု နေသော်လည်း နှမ်းတလုံးခန့်အထိ သွင်းမိက ပါရာဇိက အာပတ် သင့်၏။

---

● ယခုကာလ သိမ်အတူမဝင်နိုင် ဆွမ်းအတူမစားနိုင်ဟု ပယ်မြစ်ခြင်းသည် အပြစ် ရှိ,မရှိ ဆုံးဖြတ်ပါ။

ရဟန်း ကောင်းချင်းဖြစ်လျက် မပေါင်းသင်းနိုင်ဘူး ပယ်မြစ်လျှင် သံဝါသ ပဋိက္ခေပ ဒုက် သင့်၏၊ သို့သော် တပည့်ဒကာများ တာ ဆွမ်း ပရိတ် ကံဆောင်ရာ ခွဲခြမ်းမှု လက်လယ်ပြီးဖြစ်၍ ဆရာရဟန်းများမှာ အနာပတ္တိ၊ ရဟန်းချင်း ကိုယ်တိုင်ပယ်မှ သံဝါသ ပဋိက္ခေပ ဖြစ်၏၊ ဒကာကို သင်ထားရာ၌ ကိစ္စမရှိ။

---

● သံဝါသ ၃-ပါး၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

(၁) ကမ္မသံဝါသ=အတူတကွ ဥပုသ်ကံ ဆောင်ခြင်း။
(၂) ဥဒ္ဒေသ=တခြား ကံကြီးကံငယ် အတူပြုခြင်း။
(၃) သမသိက္ခတာ=သိက္ခာချင်း ညီတူညီမျှရှိခြင်း။

(ပဌမအကြိမ်)]

● ပါရာဇိကကျပြီး ရဟန်းအကပ်ခံတာကိုစားခြင်း, ၎င်းနှင့် သဟသေယျပြုခြင်း၌ အပြစ် ရှိ,မရှိ ဆုံးဖြတ်ပါ။

အကပ်မြောက်၍ စားကောင်း၏၊ သဟသေယျကို ပြုလျှင်လည်း အပြစ်မရှိ၊ အိပ်ကောင်း၏။

---

● ယခုကာလ ရဟန်းတပါး၏ ဝိနည်းတော်နှင့် မအပ်စပ်သော အသုံးအဆောင်ကို ယူငင်ဖျက်ဆီးပစ်လျှင် အသို့နည်း။

အပြစ်မရှိ, ဖျက်ဆီးကောင်း၏၊ ဘဏ္ဍာစားမထိုက်ပေ။

ဣဒါနိပိ ယော ဘိက္ခု ဗဟုဿုတော ဝိနယညူ အညံ ဘိက္ခုံ အကပ္ပိယံ ဂဟေတွာ ဝိစရန္တံ ဒိသွာ တံ ဆိန္ဒာ ပေယျ ဝါ, ဘိန္ဒာ ပေယျ ဝါ အနုပဝဇ္ဇော။

---

● နိဒါန်းခေါ် သိက္ခာပဒ ပညတ်ရာ ဌာနများ ပြပါ။

ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝီ၊ ကောသမ္ဗိ၊ သက္က၊ ဘဂ္ဂ အားဖြင့် ခုနစ်ဌာန ရှိပါသည်။

**ဝေ,ရာ,သာ,အာ၊ ကော,သက်,ဂ္ဂါ၊ နိဒါ သတ်-ဌာန။**

---

● သာဏတ္တိကနှင့် အနာဏတ္တိက အထူးကို ပြပါ။

(က) ကိုယ်တိုင်ပြုခြင်း ခိုင်းစေခြင်း ၂-မျိုးကြောင့် သင့်လျှင် သာဏတ္တိက၊

(ခ) ကိုယ်တိုင်ပြုမှသာ သင့်သော အာပတ်သည် အနာဏတ္တိက။

(အဘိဓမ္မာသုံး သာဟတ္ထိက အာဏတ္တိကနှင့် မှားမည်၊သတိ)

(ပဋ္ဌမအကြိမ်)

● ပညတ် အပြား ၉-ပါးကို ရေတွက်ပြခဲ့ပါ။

(၁) မူလပညတ် (၆) ပဒေသ *
(၂) အနုပညတ် (၇) သာဓာရဏ
(၃) အနုပ္ပန္န (၈) အသာဓာရဏ
(၄) သဗ္ဗတ္ထ (၉) ဧကတော
(၅) ဥဘတောပညတ်၊ ပေါင်း ပညတ် ၉-ပါး။

---

● အနုပညတ် အပြား ၃-ပါးကို ရေတွက် ပြပါ။

(၁) အာပတ္တိကရ=အာပတ်သင့်အောင်ပြု၊
(၂) အနာပတ္တိကရ=အာပတ်မသင့်အောင်ပြု။
(၃) ဥပထမ္ဘကရ=အာပတ်ကို ထောက်ခံချက်ပြု။

---

● အာပတ္တိကရ အနုပညတ် သဘောသရုပ် ထုတ်ပြပါ။

အညဝါဒက နှင့် ဥဇ္ဈာပနက သိက္ခာပုဒ်တို့၌ ဝိဟေသကေ, ခိယျနကေ အနုပညတ်များသည် သီးခြားအာပတ် သင့်စေတတ်သောကြောင့် အာပတ္တိံ ကရောတီတိ အာပတ္တိကရာ အာပတ္တိကရ အနုပညတ်မည်၏။

---

● အနာပတ္တိကရ အနုပညတ် သဘောသရုပ် ထုတ်ပြပါ။

**အနာပတ္တိံ** ကရောတိ, **အာပတ္တိံ** ဝါ န ကရောတီတိ **အနာ**ပတ္တိကရာ။

အညတြ သုပိနန္တာ, အညတြ အဓိမာနာ စသည်ဖြင့် အညတြ ပါသော ပညတ်သည် အာပတ် မသင့်အောင် ချွင်းချက်ထား

(ပဌမအကြိမ်)

ကာ နောက်တိုး ပညတ်ဖြစ်သောကြောင့် အနာပတ္တိကရ အနု ပညတ် မည်၏။

---

● အာပတ္တိ ဥပထမ္ဘကရ အနုပညတ် သဘောသရုပ် ထုတ်ပြပါ။

အာပတ္တိယာ ဥပထမ္ဘံ ကရောတီတိ အာပတ္တိဥပထမ္ဘကရာ၊ မူလပညတ်ကို ထောက်ခံချက် ပြုသော နောက်တိုး ပညတ်၊

ဂါမာဝါ အရညာဝါ, အန္တမသော တိရစ္ဆာန ဂတာယပိ စသည်ကို ယူရသည်။

---

● အနုပ္ပန္နပညတ်ကို မည်သူ့အတွက် ပညတ်သလဲ။

အနုပ္ပန္နပညတ်ကို မိထွေးတော်ကြီးအတွက် ဂရုဓမ်ကို ဝန်ခံစေ၍ ပညတ်ပါသည်။

---

● ပဒေသပညတ် ၄-ပါးကို ထုတ်ပြပါ။

ဂဏေနဥပသမ္ပဒါ=ပဉ္စဝဂ် သံဃာဖြင့် ရဟန်းခံခွင့်။
ဝုဏဂုံဏှူပါဟနာ=အထပ်ထပ်ရှိသော ဘိနပ်စီးခွင့်။
ဓုဝန္ဟာနံ=အမြဲရေချိုးခွင့်ပြုခြင်း။
စမ္မတ္ထရဏံ=သားရေအခင်း ခွင့်ပြုခြင်း။
(ဤ ၄-ပါးကို မဇ္ဈိမဒေသ၌မပြုကောင်း, ပြုခွင့်လည်းမရ)

---

● ပါတိမောက်လာ ပဒေသပညတ် သိက္ခာပုဒ်ကို ပြပါ။

"ဩရေနဒ္ဓမာသံ နဟာသေယျ" သိက္ခာတပုဒ်သာ လာ၏။ (ကျန် သိက္ခာပုဒ်များ ဝိဘင်း၌ လာ၏)။

(ပဥ္စမအကြိမ်)

● သဗ္ဗတ္ထ ပညတ် အဓိပ္ပါယ်နှင့် အရကို ပြပါ။

အားလုံးသော အရပ်တိုင်း၌ လိုက်နာအပ်သောကြောင့် သဗ္ဗတ္ထ ပညတ်မည်၏၊

ပဒေသပညတ်မှ ကြွင်းကျန်သမျှ အားလုံးယူရပါသည်။

---

● သာဓာရဏ အသာဓာရဏ၊ ဧကတော ပညတ် ဥဘတောပညတ် တို့၏ သဘာဝတ္ထကို ရှင်းပါ။

(၁) ကျား-မ ၂-ဦးလုံးတို့နှင့် ဆက်ဆံနေသော ပညတ်သည် သာဓာရဏ ပညတ်, ဝါ ဥဘတောပညတ် မည်၏။

(၂) ဘိက္ခု အတွက် ဝါ ဘိက္ခုနီ အတွက်သာ တဦးစီနှင့် ဆက်ဆံနေသော ပညတ်သည် အသာဓာရဏ ပညတ်, ဝါ ဧကတော ပညတ်။

---

● ဝိပတ္တိ ၄-ပါးကိုရေး၍ အာပတ်နှင့် ဝိပတ္တိ တွဲပြပါ။

သီလဝိပတ္တိ၊ အာစာရ၊ ဒိဋ္ဌိ၊ အာဇီဝ ဝိပတ္တိ၊
ပါရာဇိကသံဃာ၊ သီလသာ၊ ကြွင်းမှာအာစာရ။
မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌိဝိပတ္တိ၊အာဇီဝကြောင့် ပညတ်သော သိက္ခာပုဒ် ၆-ပါးသည် အာဇီဝ ဝိပတ္တိ။

---

● သမုဋ္ဌာန် ၆-ပါးကို ရေတွက်ပြခဲ့ပါ။

(၁) ကာယ၊ (၂) ဝါစာ၊
(၃) ကာယ ဝါစာ၊ (၄) ကာယ စိတ္တ၊
(၅) ဝါစာ စိတ္တ၊ (၆) ကာယ ဝါစာ စိတ္တ။

(ပဥ္စမအကြိမ်)

● သမုဋ္ဌာန် ၆-ပါးကို သစိတ္တက အစိတ္တက အားဖြင့် ခွဲပါ။

(က) ရှေ့ကာယ, ဝါစာ, ကာယဝါစာ ၃-ပါးကား အစိတ္တက သမုဋ္ဌာန်။

(ခ) နောက် ကျန် ၃-ပါး သစိတ္တက သမုဋ္ဌာန်။

---

● ကြိယာဘေဒအားဖြင့် အာပတ် ၅-မျိုး ပြပါ။

(၁) ကြိယတော… မပြုအပ်ထာပြုမိ၍ ပထမပါရာဇိက၊

(၂) အကြိယတော….ပြုအပ်ထာ မပြုမိ၍ ပဌမ ကထိန။

(၃) ကြိယာ ကြိယတော = အညာတိက ဘိက္ခုနီ စီဝရ ပဋိဂ္ဂဟဏ။

(၄) သိယာ ကြိယတော, သိယာ အကြိယတော = ရူပိယ ပဋိဂ္ဂဟဏ။

(၅) သိယာ ကြိယတော, သိယာ ကြိယာ ကြိယတော= ကုဋိကာရ။

---

● သညာ ဝိမောက္ခ, နော သညာဝိမောက္ခတို့ကို ဝိဂ္ဂဟပြုပါ။

(၁) သညာယ အဘာဝေန ဝိမောက္ခော ဧတသ္မာတိ သညာ ဝိမောက္ခော=ဝီတိက္ကမ သညာ မရှိ၍ အာပတ်မှ လွတ်ခြင်း။

(၂) နတ္ထိ သညာယ အဘာဝေနပိ ဝိမောက္ခော ဧတသ္မာ တိ နောသညာ ဝိမောက္ခော = သညာ မရှိစေကာမူ အာပတ်မှ မလွတ်ခြင်း။

(ပဌမအကြိမ်)

● သစိတ္တက အစိတ္တက အဓိပ္ပါယ်ကို ရေးပါ။

(၁) ဝတ္ထု ဝီတိက္ကမ စိတ်ရှိ၍ပြုလျှင် သစိတ္တက။

(၂) ဝတ္ထု ဝီတိက္ကမ စိတ်ရှိ၍ ဖြစ်စေ, စိတ်မရှိ၍ ဖြစ်စေ ပြုလျှင် အစိတ္တက။

(စိတ်မရှိတာတောင် သင့်လျှင် စိတ်ရှိက ပြောစရာမရှိပေ။)

---

● သညာဝိမောက္ခဒုက်နှင့် သစိတ္တကဒုက် အထူးပြပါ။

(၁) သညာဝိမောက္ခ ဒုက်၌ အနာပတ္တိ ရှေ့ထား၏။

(၂) သစိတ္တက ဒုက်၌ အာပတ္တိ ရှေ့ထား၏။

---

● နောသညာဝိမောက္ခနှင့် အစိတ္တက အထူးကို ပြပါ။

(၁) နောသညာ ဝိမောက္ခသည် ဝီတိက္ကမ အဇာနန။

(၂) အစိတ္တကသည် ဝတ္ထု အဇာနန။ (ဤသို့ ထူး၏။)

---

● လောကဝဇ္ဇနှင့် ပဏ္ဏတ္တိဝဇ္ဇ အထူးပြပါ။

(၁) အကုသိုလ် စိတ်ဖြင့် ကျူးလွန်အပ်သော အာပတ် လောကဝဇ္ဇ။

(၂) ထိုလောကဝဇ္ဇ ရှိသော အာပတ်, မရှိသော အာပတ်သည် ဘုရား၏ပညတ်တော်အတိုင်း အဒိန္နာဒါန ပါရာဇိက အာပတ် သဟသေယျ အာပတ်စသည် ခေါ်ရ၍ ပဏ္ဏတ္တိဝဇ္ဇ မည်၏။ တနည်း လောကကြောင်း ဒုစရိုက်ဖြစ်သော အပြစ်သည် လောကဝဇ္ဇ၊ ဘုရားရှင်

(ပဉ္စမအကြိမ်)

၏ ပညတ်တော် (အာဏာတော်) အတွက် သက်သက်
ကြောင့်သာ ပထဝီဓာန စသည်ကား ပဏ္ဏတ္တိဝဇ္ဇ။
ပညတ္တိတော ပဠာယ ဝဇ္ဇတော ပဏ္ဏတ္တိဝဇ္ဇံ။ (ဝဇိရ)

---

● အာပတ်သင့်ကြောင်း စိတ်အမျိုးမျိုး ခွဲပြပါ။

(က) ပဒသော ဓမ္မ အာပတ်သည် ကုသိုလ် စိတ်ဖြင့် သင့်ပါသည်။

(ခ) သုရာပါန အာပတ်သည် အကုသိုလ် စိတ်ဖြင့် သင့်ပါသည်။

(ဂ) သဟသေယျ အာပတ်သည် ဘဝင် အဗျာကတ စိတ်ဖြင့် သင့်ပါသည်။

(ဃ) နိရောဓသမာပတ် ဝင်စားနေသော အခိုက်၌ ရုပ် အဗျာကတဖြင့် သင့်ပါသည်။

(နိရောဓ ဝင်စားခိုက် တမိုးတရောမ် အတွင်း ဒကာမ ဝင်အိပ်ရာယူ)

---

● ကာယ, ဝါစာ, စိတ္တ သမုဋ္ဌာန် ၃-ပါး ကောက်ပြပါ။

(၁) ကာယ ဝိညတ်သည် ဝါ-စောပန ကာယသည် ကာယ မည်၏။

(၂) ဝစီ ဝိညတ်သည် ဝစီသမုဋ္ဌာန် မည်၏။

(၃) အာပတ်သင့်ကြောင်း ဝိတိက္ကမ စိတ်သည် စိတ္တမည်၏။

---

● ကာယသမုဋ္ဌာန်, ဝစီသမုဋ္ဌာန် အာပတ် သင့်ပုံ ပြပါ။

(၁) ဝိညတ္တိ ကာယဖြင့် ပြုမိခြင်း, မပြုမိခြင်းကြောင့် သင့်

သော အာပတ်မျိုးသည် ကာယသမုဋ္ဌာန် အာပတ် မည်၏။

(၂) သဝိညတ္တိက ဝစီဖြင့် ပြောမိခြင်း,မပြောမိခြင်းအတွက် သင့်သော အာပတ်မျိုးသည် ဝစီသမုဋ္ဌာန် အာပတ် မည်၏။

---

● မနောဒွါရဖြင့် အာပတ် သင့်, မသင့် ဆုံးဖြတ်ခဲ့ပါ။

မနော ဒွါရ၌ အနာပတ္တိ၊

ဝိနယဿ ဒွေ မူလာနိ- ကာယော ဝါစာ၊....မနော ဒွါရေ အာပတ္တိ ပညာပနံ နာမ နတ္ထိ။

**မှတ်ရန်**။ ။အနီး၌ချထားအပ်သော ရွှေငွေကို သာယာခြင်း၌ နှုတ်ဖြင့် မအပ်ဟု ပယ်ရမည်ကို မပယ်မိ၍ နှုတ်ကြွေးကြောင့်သာလျှင် ဝစီဒွါရ အားဖြင့် အကြိယ သမုဋ္ဌာန်တည်း။

---

● ပဌမ ပါရာဇိကကို မူလ အနုပညတ် ၂-စား ခွဲပြပါ။

(၁) ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ, ပါရာဇိကော ဟောတိ, အသံဝါသော (မူလ)

(၂) က-အန္တမသော တိရစ္ဆာနဂတာယပိ၊(ပ-အနုပညတ်) ခ-ဘိက္ခူနံ သိက္ခာသာဇီဝ သမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ။ (ဒု-အနုပညတ်၊ အနုပညတ် ၂-ချက်လာသည်။)

---

● အနုပညတ် ၃-စားတွင် ဘာ အနုပညတ် ဖြစ်သလဲ။

ဤအနုပညတ် ၂-ချက်လုံး အာပတ္တိ ဥပတ္ထမ္ဘကရ ချည်းသာ။

(ပဌမအကြိမ်),

● သုတပါးအား မေထုနအမှု အပြုခိုင်းရာ အသို့ပါနည်း။

သုတပါးကို မေထုနကိစ္စ အပြုခိုင်းလျှင် ပါရာဇိက မသင့်၊ ဒုက်သာ သင့်၏။

---

● ပါရာဇိက အင်္ဂါကို ပါဠိထောက်၍ ပြပါ။

(၁) မေထုန်ဖြင့် မှီဝဲလိုသော လောဘမှု သေဝနစိတ်ရှိခြင်း။

(၂) ပဋိသေဝေယျဖြင့် မဂ်အချင်းချင်း သွင်းခြင်း အင်္ဂါ ၂-ပါး ရ၏။

**မှီဝဲလိုခြင်း၊ မဂ်၌သွင်း၊ ကြောင်းရင်း အင်္ဂါ နှစ်။**

**သေဝေတုကာမတာစိတ္တံ၊**
**မဂ္ဂေ မဂ္ဂပ္ပဝေသနံ။**
**ဣဒ မင်္ဂ ဒွယံ ဝုတ္တံ၊**
**ပဌမန္တိမ ဝတ္ထုနော။**

---

● သမုဋ္ဌာန် စသည်တို့သည် အာပတ်၏ အကြောင်း ဖြစ်ပါလျက် အဘယ့်ကြောင့် သိက္ခာပုဒ်၏အကြောင်းအဖြစ် ဆိုထားသလဲ။

သိက္ခာပုဒ်ကို ခေါ်ဆိုချပို့နေကြသဖြင့် ခေါ်လွယ် သိလွယ် စေခြင်းငှာ သိက္ခာပုဒ်၏ သမုဋ္ဌာန် အဖြစ် ဆို၍ထားပါသည်။

(ဒီသိက္ခာပုဒ်ကား ဘာသမုဋ္ဌာန်ဘဲဟု သိက္ခာပုဒ်ကိုသာ အစွဲပြု၍ သုံးနေကြသည်၊ ဒီအာပတ် ဘာသမုဋ္ဌာန်ဘဲဟု အာပတ်ဖြင့် မသုံးချေ။)

(စဥ္စမအကြိမ်)

## ၂-ဒုတိယ ပါရာဇိက

● ဂါမေဝါ အရညေဝါဟု အဘယ့်ကြောင့် မဟောသနည်း။

ရွာမှ တောမှ ခိုးယူခြင်းဟု ဌာနာဝစရ အဓိပ္ပါယ်ကို ပြလို၍ အပါဒါန် သွာဝိဘတ်ဖြင့် ဟောပါသည်။

---

● ဂါမာဝါ အရညာဝါ၌ ဂါမ, အရညအရ ပိုင်းခြားပြပါ။

(က) ခြံစည်းရိုးရှိ,မရှိ၊ လူ ရှိ,မရှိ၊ တအိမ်တည်းပင် ဖြစ်စေ ကာမူ ရွာခေါ်၏။ ယုတ်စွအဆုံး နွား,လှည်း ကုန်သည် စသည်တို့ မိုဃ်း ၄-လ စခန်းချကာ နေဘူးရာ အရပ်သည်လည်း ဂါမ မည်၏။

(ခ) ဂါမ, ဂါမူပစာရမှ အပြင်ဘက်ကျသော အရပ်သည် အရည မည်၏။

---

● ဂါမာဝါ အရညာဝါ ဆိုခြင်းကြောင့် အိမ်မှ ခိုးလျှင် အပြစ် မရှိသလော။

အိမ်လည်း ရွာ၌ အကျုံးဝင်သောကြောင့်ရင်း, ဥပလက္ခဏာ နည်း ဖြစ်သောကြောင့်ရင်း, အိမ်မှ ခို လျှင်လည်း အပြစ် ရှိပါ သည်။

ဌပေတွာ အရညံ အဝသေသံ နဂရမ္ပိ နိဂမမ္ပိ ဂါမေနေဝ သင်္ဂဟိတံ။

---

● ဂါမာဝါ အရညာဝါ၌ ရနိုင်သမျှဌာနတို့ကို ထုတ်ပြပါ။

ဃရ၊ ဃရူပစာရ၊ ဂါမ၊ ဂါမူပစာရ၊ နိဂမ၊ န``ရ အ:ည ပေါင်း ၇ ဌာန။

(ပဌမအကြိမ်)

● ဿရနှင့် ဿရူပစာရ ခွဲပြပါ။

(က) ဿရ အရ တံစက်မြိတ် အတွင်းယူ။
(ခ) ဿရူပစာရ အရ ခြံစည်းရိုးအထိယူ၊ စည်းရိုးမရှိလျှင် အိမ်ပေါ်မှ လှမ်း၍ ရေတသွန် တကျ အချပ် အထိယူ။

---

● ဂါမနှင့် ဂါမူပစာရ ခွဲပြပါ။

(က) ဂါမ ရွာကိုဝိုင်းထားသော တပ်ခရိုး အထိယူ၊စည်းရိုး မရှိလျှင် ဿရူပစာရမှနေ၍ ထာမ မဇ္ဈိမ ပုရိသ၏ ခဲ တပစ်ယူ။

---

● ဝိနယ, သုတ္တန္တ, အဘိဓမ္မာတို့၌ လာသော အရည အထူးပြပါ။

(က) ဝိနယ အရညမှာ ဂါမူပစာရမှ ဟိုဘက်အရပ်၊
(ခ) သုတ္တန္တ အရညမှာ ရွာမှ လံတာ ၅၀၀-၏ ဟိုဘက် အရပ်။
(ဂ) အဘိဓမ္မာ အရညမှာ ဂါမမှ ဟိုဘက်အရပ်။

---

● ဤသိက္ခာပုဒ် အဓိန္နနှင့် ဒန္တပေါန သိက္ခာပုဒ် အဒိန္နအထူးကို ပြပါ။

(က) ဒုတိယ အဒိန္နကား ပရ ပရိဂ္ဂဟိတ သန္တက ရွှေ ငွေ ဘဏ္ဍာတည်း။
(ခ) ဒန္တပေါန အဒိန္နကား အပဋိဂ္ဂဟိတ,အကပ်မခံရသေး သော စားဘွယ် သောက်ဘွယ် ဝတ္ထုတည်း။ (ကိုယ် ပိုင်ကိုလည်း ယူရသည်။)

(ပဉ္စမအကြိမ်)

● ထေယျသင်္ခါတံ၌ သင်္ခါတ သဒ္ဒါ၏ အနက်ကို ပြ၍ သမာသ်တွဲပြီးလျှင် အဘယ်ဝိဘတ်,အဘယ်အနက်၌ သက်ထားကြောင်း ဆိုးဖြတ်ပါ။

(က) သင်္ခါတ သဒ္ဒါ ခိုးလိုသော စိတ်အစု ဟူသော ကောဋ္ဌာသ အနက်ရှိ၏။

(ခ) ထေယျဥ္စ တံ သင်္ခါတဥ္စာတိ ထေယျသင်္ခါတံ၊ထေယျစိတ္တ ကောဋ္ဌာသ ရှ၏။

(ဂ) ကရိုဏ်းအနက် ပဌမာသကာ်၊ခိုးလိုသော စိတ် အစုဖြင့်ပေး။

တနည်း ထေယျဘူတံ သင်္ခါတံ ကောဋ္ဌာသံ တေသာတိ ထေယျသင်္ခါတော၊ တံ ထေယျသင်္ခါတံ ခိုးလိုသော၊ စိတ်စု ရှိသည်ဖြစ်၍ ကြိယာဝိသေသနပေး၊ ဘာဝ နပုံသက အနက် အံ သက်။

---

● အာဒိယေယျပုဒ်ဖြင့် ပြအပ်သော ခိုးခြင်း ၂၅-ပါး ပြပါ။

(၁) နာနာဘဏ္ဍပဥ္စက ၅ ပါး။
(၂) ဧကဘဏ္ဍပဥ္စက ၅ ပါး။
(၃) သာဟတ္ထိကပဥ္စက ၅ ပါး။
(၄) ပုဗ္ဗပယောဂပဥ္စက ၅ ပါး။
(၅) ထေယျာဝဟာရပဥ္စက ၅ ပါး။

ပေါင်း ၂၅ ပါး။

## (၈၂) ပါတိမောက်နှင့် ကမ်္ဘါ

● နာနာဘဏ္ဍာ ပဥ္စကကို အစိပ္ပါယ် အဆုံးအဖြတ်နှင့်တကွ ပြခဲ့ပါ။

(၁) အာဒိယန၊
(၂) ဟရဏ၊
(၃) အဝဟရဏ၊
(၄) ဣရိယာပထဝိကောပန၊
(၅) ဌာနာစာဝန

ပေါင်း ၅ ပါး။

### (၁) အာဒိယန

(က) တရားတွေ့အံ့ ဒုက်။
(ခ) သို့လော သို့လော ယုံမှားစေအံ့ ထုလ်။
(ဂ) ဥစ္စာရှင်က မရပြီဟု ဝန်ချအံ့, ပါရာ။

### (၂) ဟရဏ

(က) လူကြုံပေးလိုက်၍ ခေါင်းပေါ်တင်ကာ ဆောင်ယူလာသော ပစ္စည်းကို ခိုးလိုသော စိတ်ဖြင့် သုံးသပ်အံ့ ဒုက်။
(ခ) လှုပ်စေအံ့ ထုလ်။
(ဂ) ပခုံးစသည်သို့ ချအံ့၊ နေရာရွေ့လျှင် ပါရာ။

### (၃) အဝဟရဏ

(က) အပ်နှံထားသော ဥစ္စာကို ပြန်တောင်းရာ၌ ငါမယူဆိုလျှင် ဒုက်။

(မဥ္ဇအကြံမ်)

(ခ) ရအံ့လော, မရအံ့လော ဖြစ်စေလျှင် ထုလ်။
(ဂ) မရတော့ပါဘူးဟု ဝန်ချလျှင် တမတ်တန်၌ ပါရာ။

(၄) ဣရိယာပထ ဝိကောပန

(က) ဘဏ္ဍာ ဆောင်လာသော လူ, တိရစ္ဆာန်ကို ပဌမ ခြေလှမ်း လှမ်းစေလျှင် ထုလ်။
(ခ) ဒု-ခြေလှမ်း လှမ်းစေလျှင် ပါရာ။

(၅) ဌာနာစာဝန

(က) နေရာတခု၌ ထားသော ပစ္စည်းကို သုံးသပ်လျှင် ဒုက် အာပတ်။
(ခ) လှုပ်စေလျှင် ထုလ်။
(ဂ) မူလ နေရာမှ ကြွစေ, ရွေ့စေလျှင် ပါရာ။

---

● နာနာဘဏ္ဍ နှင့် ဧကဘဏ္ဍ အထူးကို ပြပါ။

(က) နာနာဘဏ္ဍ ပဥ္စကကို သက်ရှိ, သက်မဲ့ပစ္စည်း ၂-ပါး လုံး၌ ရ၏။
(ခ) ဧကဘဏ္ဍ ပဥ္စကကို သက်မဲ့ ပစ္စည်း၌သာ ရအပ်၏၊

---

● သာဟတ္ထိက ပဥ္စကကို ထုတ်ပြပါ။

(၁) သာဟတ္ထိက =ကိုယ်တိုင်ခိုးခြင်း။
(၂) အာဏတ္တိက=စေခိုင်း၍ ခိုးခြင်း။
(၃) နိဿဂ္ဂိယ =ပစ်လွှင့် ခိုးခြင်း။

(၄) အတ္တသာဓကေ = မခိုးမိကပင် အာပတ် သင့်ခြင်း ဟူသော အကျိုးကို ပြီးစေသော ခိုးခြင်း။
(၅) ဓုရနိက္ခေပ=ပစ္စည်းရှင် ဝန်ချသဖြင့် ခိုးခြင်း။

---

● ပုဗ္ဗပယောဂ ပဥ္စကကို ထုတ်ပြပါ။

(၁) ပုဗ္ဗပယောဂ=အာဏတ္တိနှင့် တူ၏။
(၂) သဟပယောဂ=ဌာနာစာဝနနှင့် တူ၏။
(၃) သံဝိဓာဝဟာရ=တိုင်ပင်၍ ခိုးခြင်း။
(၄) သင်္ကေတကမ္မ=ဤအခါ၌ ဤဘဏ္ဍာ ခိုးပါဟု မှတ်သားထားခြင်း။
(၅) နိမိတ္တကမ္မ = ခေါင်းညိတ်, လည်ညိတ်, အရိပ်ပြ၍ ခိုးယူခြင်း။

---

● ထေယျာ ဝဟာရ ပဥ္စကကို ထုတ်ပြပါ။

(၁) ထေယျာဝဟာရ=စဉ်းလဲ၍ ခိုးယူခြင်း။
(၂) ပသယှာဝဟာရ=အတင်းလုယက်ယူခြင်း။
(၃) ပရိကပ္ပါဝဟာရ=ကြံဆ၍ ခိုးခြင်း။
(၄) ပဋိစ္ဆန္နာဝဟာရ=ဖုံးဝှက်၍ ခိုးခြင်း။
(၅) ကုသာ ဝဟာရ =ကမ္မည်းစာ စသော အမှတ်အသားပြောင်း၍ ခိုးခြင်း။

---

● ကဟာပဏ၊ ပါဒ၊ မာသကတို့ကို ပိုင်းခြား ပြပါ။

(၁) တကျပ်သည် ကဟာပဏ။
(၂) တကျပ်၏ လေးပုံတပုံသည် ပါဒ။

(၃) တကျပ်၏ ၁၆-ပိုင်း တပိုင်းသည် မာသက။

---

● ပါဒအရ ရွှေလော, ငွေလော ဆုံးဖြတ်ပါ။

သုဝဏ္ဏ ကဟာပဏ ယူလျှင် ရွှေတမတ်။

မိဿက ကဟာပဏ ယူလျှင် ငွေတမတ်။

"မိမိအတွက် ငွေတမတ်, သူတပါးအတွက် ရွှေတမတ် တန်ဘိုးအားဖြင့် ဆုံးဖြတ်လေ"ဟု ဆရာ့ ဆရာကြီးများ ဆုံးမတော်မူကြသည်။

---

● အဘယ်ကဲ့သို့ ပြုလုပ်ထားသော ဒင်္ဂါးသည် မိဿက ကဟာပဏ နီလကဟာပဏ မည်သနည်း။

ရွှေ ၅-ပဲ၊ ငွေ ၅-ပဲ၊ ကြေး ၁၀-ပဲ၊ သံ စပါးတလုံးခန့် ရောရှုတံဆိပ်ခေါင်း ရိုက်နှိပ်သုံးစွဲအပ်သော ကျပ်ပြား ဒင်္ဂါးအစရှိသော ပိုက်ဆံတို့သည် မိဿက ကဟာပဏ, နီလ ကဟာပဏ မည်ပါသည်။

---

● တမတ် မပြည့်သော ဝါ-တမတ်အောက် ဥစ္စာ ခိုးလျှင် အဘယ်အာပတ် သင့်သနည်း။

(၁) တပဲထက်လွန် တမတ်အောက် ယုတ်သော ဥစ္စာကို ခိုးလျှင် ထုလ်။

(၂) တပဲ, တပဲအောက် ခိုးလျှင် ဒုက်။

(ပဋ္ဌမအကြိမ်)

● ရာဇာ အရ ရေတွက်ပြပါ။

ပဒေသရာဇ်၊ ကေရာဇ်၊ နယ်စား၊ မြို့စား၊ ရွာစား၊ အမတ်ချုပ်၊ တရားသူကြီး ၎င်းတို့ကို ရာဇာခေါ်ပါသည်။

---

● အာပတ် မသင့်အောင် သူတပါးဥစ္စာကို မည်ကဲ့သို့သောနည်းဖြင့် ယူရသနည်း။

ဝိဿာသဂ္ဂါဟ၊ တာဝကာလိက၊ ပေတပရိဂ္ဂဟိတ၊ ဒေဝပရိဂ္ဂဟိတ၊ တိရစ္ဆာန ပရိဂ္ဂဟိတ၊ ပံသုကူလ သညီ၊ ဥမ္မတ္တက စသည်အားဖြင့် ယူလျှင် အာပတ်မသင့်ပါ။

---

● ဝိဿာသဂ္ဂါဟ ယူနည်း အင်္ဂါရေးပါ။

(၁) သန္ဒိဋ္ဌ, ဇီဝတိ, ဂဟိတေ အတ္တမနု၊
(၂) သမ္ဘတ္တ, ဇီဝတိ, ဂဟိတေ အတ္တမနု၊
(၃) အာလပိတ, ဇီဝတိ, ဂတိတေ အတ္တမနု။

---

● နတ်, ပြိတ္တာ, ဥစ္စာစောင့်တို့၏ ပစ္စည်းကိုယူလျှင် အပြစ် ရှိ,မရှိ ဆုံးဖြတ်ခဲ့ပါ။

ဒေဝပရိဂ္ဂဟိတေ အနာပတ္တိစသည် လာသောကြောင့် ၎င်းတို့၏ ပစ္စည်းယူလျှင် အာပတ်မသင့်ပါ။

---

● အပ်နှံထားအပ်သော ပစ္စည်း, ချေးငှါး ထားအပ်သောပစ္စည်းများ ပြန်မပေးလျှင် အဘယ်အာပတ်သင့်သနည်း။

(၁) မပေးဘူးပါ,မအပ်ခဲ့ဘူးပါဟု ပြောင်ပြောင်ငြင်းကွယ်လျှင် ဒုက်၊

(၂) ဥစ္စာရှင်က ရမှရပါတော့မလားဟု ဘင်လျှင် ထုလ်၊
(၃) ပစ္စည်းရှင်က မရတော့ပါဘူး ဝန်ချလျှင် တမဘ်တန် ခဲ့သော် ပါရာ။

---

● ဤသိက္ခာပုဒ်သည် စေခိုင်းခြင်းနှင့်တကွ အာပတ်သင့်သော ကြောင့် ပရိယာယ်အားဖြင့် အခိုးခိုင်းလျှင် အာပတ် သင့်၊ မသင့် ဆုံးဖြတ်ခဲ့ပါ။

ပရိယာယ ကသာယ မုစ္စတိ=ပရိယာယ်အားဖြင့် သွယ်ဝိုက် ခိုင်းလျှင် အာပတ်မသင့်။

---

● အာဏတ္တိ နှင့် ပရိယာယ် အထူးကိုပြပါ။

(က) ဤဝတ္ထုပစ္စည်းခိုးချေလော့ဟုတိုက်ရိုက်အခိုးခိုင်းလျှင် အာဏတ္တိ၊
(ခ) ဤ ဝတ္ထု ပစ္စည်းများ ခုနေအခါ အခြေင်ဘဲပြော လျှင် ပရိယာယ်။

---

● မူလ ပညတ်, အနုပညတ် ခွဲပြပါ။

ဂါမာဝါ အရညာဝါ အနုပညတ်, ကြွင်းမူလပညတ်။

---

● အနုပညတ် သုံးမျိုးတွင် အဘယ်နည်း။

အာပတ္တိ ဥပထမ္ဘကရ အနုပညတ် ဖြစ်ပါသည်။

---

● အဒိန္နာဒါန အဆုံးအဖြတ်ပြုရာ အရေးကြီးသော အချက်ကြီး ငါးရပ်ကို ပြပါ။

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ, အဂ္ဃံ ပရိဘောဂ ပဉ္စမံ၊
တုလယိတွာ ပဉ္စဌာနာနိ, ဓာရေယျတ္ထံ ဝိစက္ခဏော။

(ပဉ္စမအကြိမ်)

## ၃—တတိယ ပါရာဇိက

● မနုဿ ဝိဂ္ဂဟဉ် ဝိဂ္ဂဟ သဒ္ဒတ္တ အနက်ကိုပြ၍, အဘယ်ကာလမှ အဘယ်ကာလအထိ တည်ရှိသောသူကို ယူရမည်နည်း။

(က) ဝိဂ္ဂဟ သဒ္ဒါသည် ခန္ဓာကိုယ်တည်းဟူသောအနက်ကို ဟော၏။

(ခ) ကလလ ရေကြည် တည်စမှ သေသည့် အချိန်အထိ ဤ အတွင်း အသက်ရှင်သော လူဇာတ်ရှိသူကိုယူပါသည်။

**မှတ်ရန်**....သမင်, ခြသေ့်, ဘီလူး စသည်တို့နှင့် စပ်ကျသော မိဂ သိဃ်ရသေ့၊ သီဟဗာဟု၊ မယ်ကုဝဏ်၏ သား သမီး, ကြိုးကြာဥမှ ပေါက် ဖွားသော ကောဏ္ဍတိဿ စသော ကပြား ကကတစ်တို့ကိုလည်း မနုဿ ဝိဂ္ဂဟ အဖြစ်ဖြင့် ယူရပါသည်။

---

● ကလလ ရေကြည် တည်စ သတ္တဝါကိုသတ်၍ သေစေနိုင်ပါ သလော၊ အကိုးအကားပြ၍ ဆုံးဖြတ်ပါ။

ကလလ တည်ပြီး စိတ္တက္ခဏ ၁၆-ချက်အတွင်း စုတိစိတ် မကျ နိုင်သောကြောင့် အမိလည်း မသေ၊ သားကောင်လည်း သတ်၍ မသေနိုင်ပါ။

တေသွိ ဟိ သောဠသစိတ္တက္ခဏကာလေ ဒါရကဿ မရဏံ နတ္ထိ, တဒါ စုတိစိတ္တဿ အသမ္ဘဝတော။

---

● စိဠမာန စသည်တို့ကဲ့သို့ သံသေဒဇ, ဩပပါတိက သတ္တဝါတို့ သည် မနုဿဝိဂ္ဂဟအရ ဖြစ်နိုင်, မဖြစ်နိုင် ဆုံးဖြတ်ပါ။

လူဇာတ်ပင်ဖြစ်ကြ၍ မနုဿ ဝိဂ္ဂဟအရ သက်ဝင်ကြပါသည်။

(ပဉ္စမအကြိမ်)

ဩပပါတိက သံသေဒဇာပိ ဟိ မနုဿာ ပါရာဇိက ၀တ္ထု မေ၀။

---

● ပါထ၊ ပါထာတိပါတ၊ ပါထာတိ ပါတိ၊ တပ္ပယောဂရင်း ၄-မျိုးတို့တွင် ပါထ အရ ကောက်ပြပါ။

(က) ၀ေါဟာရတော သတ္တော,
(ခ) ပရမတ္ထတော ဇီ၀ိတိန္ဒြိယံ၊

ပါထ ဟူသည်-
(က) ၀ေါဟာရအားဖြင့် သတ္တ၀ါ,
(ခ) ပရမတ္ထအားဖြင့် ဇီ၀ိတပင်တည်း။

---

● ဇီ၀ိတိန္ဒြေ သရုပ်ထုတ်ပြ၍, ဤ၌ လိုအပ်သော ဇီ၀ိတိန္ဒြေကို ထုတ်ဆောင်ပြခဲ့ပါ။

ဇီ၀ိတသည်-

(က) ရုပ်ဇီ၀ိတ,
(ခ) နာမ် ဇီ၀ိတ ၂-ပါး။

နာမ် ဇီ၀ိတသည် လျင်မြန်သောကြောင့် ချ၍ မဖြစ်နိုင်သဖြင့် ပစ္စုပ္ပန် ရုပ်ဇီ၀ိတကိုသာလျှင် ဤ၌ဇီ၀ိတဟုယူရပါသည်။

---

● ပစ္စုပ္ပန် ၃-မျိုး ခွဲပြီးလျှင် အဘယ် ပစ္စုပ္ပန်ကာလ၌တည်သော ရုပ်ဇီ၀ိတကို ချကောင်းပါသနည်း၊ ဖြေဆိုပါ။

(၁) ခဏပစ္စုပ္ပန်....ခဏတ္တယ ယူ၊

(ပဌမအကြိမ်)

(၂) သန္တတိ ပစ္စုပ္ပန်....၇-ဝီထိ, ၈-ဝီထိ ကာလခန့်အချိန် အတွင်းကို ယူ၊

(၃) အဒ္ဓါန ပစ္စုပ္ပန်....ပဋိသန္ဓေနှင့် စုတိအကြားကာလကို ယူ၊

ခဏပစ္စုပ္ပန် လျင်မြန်သောကြောင့် မယူရ၊ သန္တတိနှင့် အဒ္ဓါ ပစ္စုပ္ပန် ၂-ပါး၌တည်သော ရုပ်ဇီဝိတကို ဇီဝိတိန္ဒြေအရ ယူပါသည်။

---

ပါဏာတိပါတ ပယောဂ အပြားထုတ်ပြပါ။

(၁) သာဟတ္ထိက,
(၂) နိဿဂ္ဂိယ,
(၃) အာဏတ္တိက,
(၄) ထာဝရ,
(၅) ဝိဇ္ဇာမယ,
(၆) ဣဒ္ဓိမယ ၆-ပါး။

---

အာဏတ္တိက ပယောဂ၏ လက္ခဏာ ၆-ပါး ထုတ်ပြပါ။

(၁) ဝတ္ထု, (၂) ကာလ,
(၃) ဩကာသ, (၄) အာဝုဓ,
(၅) ဣရိယာပထ, (၆) ကြိယာ,

ပေါင်း အာဏတ္တိက ပယောဂ ၆-ပါး။

(ပဌမအကြိမ်)

ဝတ္ထု ကာလော စ ဩကာသော,
အာဝုဓံ ဣရိယာပထော၊
ကြိယာဝိသေသောတိ ဣမေ,
ဆ အာဏတ္တိ နိယာမကာ။

---

ဝိဇ္ဇာမယ ပယောဂ နှင့် ဣဒ္ဓိမယ ပယောဂ အထူးပြပါ။

(က) စုန်း, ကဝေ ပြုစားခြင်း အတတ်မျိုးသည် ဝိဇ္ဇာမယ ပယောဂ၊

(ခ) နဂါး, ဂဠုန်,နတ်စသည်တို့၏ တန်ခိုးသည် ဣဒ္ဓိမယ ပယောဂ။

---

ခန္ဓာကိုယ်နှင့် ဇီဝိတသည် မည်သူအပါဒါန် ဖြစ်သနည်း။

မနုဿ ဝိဂ္ဂဟံ ဇီဝိတာတို့ကို ထောက်သဖြင့် ဇီဝိတသည် အစလ သဘောရှိ၍ အပါဒါန်၊ ခန္ဓာကိုယ်သည် အပါဒီ ဖြစ်ပါသည်။

---

မနုဿဝိဂ္ဂဟနှင့် ဇီဝိတ ထူးသလော တူသလော ရှင်းပြပါ။

(က) ဇီဝိတမှ ကြွင်းသော ခန္ဓာ ပဉ္စက ဒြဗ်သည် မနုဿ ဝိဂ္ဂဟ မည်၏။

(ခ) နာမ ရူပ ဇီဝိတ ၂-ပါးသည် ဤအရာ၌ ဇီဝိတ မည်ပါသည်။ သို့သော် ချဲသောအခါ ရူပ ဇီဝိတကို သာ လျှင် ယူရ၏။

(ပဥ္စမအကြိမ်)

ဤသို့ ပရမတ္ထအားဖြင့် ထူး၏။

ဝေါဟာရအားဖြင့် မနသည် ဝိဂ္ဂဟ နှင့် ဇီဝိတ အရ အတူတူပင် ဖြစ်သတည်း။

(ပါဌ အရနှင့် မထူးပုံ သတိပြု။)

---

● သတ္တဟာရကံ ဝါသ ပရိယေသေယျ၌ လက်နက် ရှာမှီးရုံမျှဖြင့်ပင် အာပတ် သင့်ပါသလော ဆုံးဖြတ်ပါ။

ရှာမှီးရုံ, လက်နက် ရရှိရုံမျှဖြင့် အာပတ် မသင့်ပါ၊ မုချသတ်ပြီး သေစေကြောင်း လက်နက်ကို ရှာမှီးပြီး အနီးအနား၌ သွား၍ ချထားမှသာ အာပတ် သင့်၏၊ "ပရိယေသိတွာ ဥပနိက္ခိပေယျ"ဟု ဓာတွတ္ထာတိသယနည်း ယူရပါသည်။

---

● ဣတိစိတ္တမနောကို ဝစနတ္ထ ပြု၍ စိတ္တ နှင့် မန ၂-ပါးကို ထပ်ဆိုရခြင်း အကြောင်းအကျိုးကို ဖြေရှင်းပါ။

(က) ဣတိ အယံ မရဏသခ်ါတော စိတ္တမနော တေသာ တိ ဣတိစိတ္တမနော = သေစေလိုသော စိတ်ရှိသော ရဟန်း ရှိ၏၊

(ခ) စိတ္တ သဒ္ဒါ၏ အနက် ပြလို၍ မန သဒ္ဒါကို ထပ်ဆိုပါသည်။

---

● စိတ္တမန, စိတ္တသက်ပ္ပတို့၌ စိတ္တသဒ္ဒါ ၂-ပါး တူပုံ ထူးပုံပြပါ။

(က) စိတ္တသဒ္ဒါ ၂-ပါး သဒ္ဒါအားဖြင့် တူ၏၊

(ခ) အနက်အားဖြင့် ရှေ့စိတ္တသဒ္ဒါ မန ဟော၊

(ဂ) နောက် စိတ္တသဒ္ဒါ ဝိဝိဓ, ဝိစိတ္တ အနက် ဟော၏၊ ဤသို့ စိတ္တသဒ္ဒါ ၂-ပါး ထူး၏။

---

● အမ္ဗော်ပုရိသ စသည်ဖြင့် အဘယ် သဘောကို ပြသနည်း။

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ- အရ ချီးမွမ်းပုံ, သေကြောင်း တိုက်တွန်းပုံကို ပြပါသည်။

---

● မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ ဟူသော စကားတို့၏ အဓိပ္ပါယ်ကို ရေးပါ။

(က) အကြင်သူသည် ဤသို့ သေခဲ့သော် ကောင်းရာသုဂတိ ရောက်၏ဟု နှုတ်ဖြင့်၎င်း, စာဖြင့်၎င်း ချီးမွမ်းခြင်းသည် သံဝဏ္ဏေယျ ဖြစ်၏။

(ခ) လက်နက် စသည်ကို ကိုင်ဆောင်လော့ စသည်ဖြင့် တိုက်တွန်းမှုသည် မရဏာယ ဝါ သမာဒပေယျ ဖြစ်၏။

---

● မိန်းမ, နပုံး စသည်တို့နှင့်လည်း သက်ဆိုင်ပါလျက် အဘဲ့ကြောင့် အမ္ဗော်ပုရိသ ဟု ပုလ္လင်ဖြင့် ဟောရပါသနည်း။

အကြောင်းရင်း အတ္ထုပ္ပတ်အားလျော်စွာ ဟောရပါသည်၊ ဝါ-ပဓာန, ပါကဋအားဖြင့် ဆိုပါသည်။

---

● အနေက ပရိယာယေန ဟူသည် အဘယ်နည်း။

အမ္ဗော ပုရိသ ကိံ တုယှိမိနာ-လ-သေယျော ဟူသော စကားသည် အနေက ပရိယာယကထာ ဖြစ်ပါသည်။

(ပဌမအကြိမ်)

● ဤ သိက္ခာပုဒ်၌ ပါဠိထောက်၍ အင်္ဂါ ကောက်ပြပါ။

(၁) ပါဏော .... မနုဿဝိဂ္ဂဟံ ဖြင့်ပြ၊
(၂) ပါဏသညိတာ ....သဠ္ဌိစ္စ္ဌ် သံသဒ္ဒါဖြင့် ပြ၊
(၃) ဝဓကစိတ္တံ ....စိစ္စ ဖြင့် ပြ၊
(၄) ဥပက္ကမော .... ဝေါရောပေယျ ဖြင့်ပြ၊
(၅) တေန မရဏံ ....ကာရကျုပစာ အားဖြင့် ဝေါရောပေယျ ဖြင့်ပင် ပြ၏၊ အင်္ဂါငါးပါး။

---

● အနုပညတ်ကောက်၍ အဘယ် အနုပညတ်ဟု ဆုံးဖြတ်ပါ။

မနုဿဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ- အမ္ဘောပုရိသ ကိံ တုယှိမိနာ ပါပကေနဒုဇ္ဇီဝိတေန၊ မတံ တေ ဇီဝိတာ သေယျော- ဤကားအနုပညတ်၊ ဤအနုပညတ်သည် အာပတ္တိ ဥပထမ္ဘကရ အမျိုးအစား ဖြစ်၏၊

---

● နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို ပြပါ။

ဝေသာလိယံ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အညမညံ ဇီဝိတာ ဝေါရောပန ဝတ္ထုသ္မိံ ပညတ္တံ၊ ဝေသာလီ၊ သမ္ဗဟုလာ ဘိက္ခူ၊ ဇီဝိတာ ဝေါရောပနဝတ္ထု။

---

● ဤသိက္ခာပုဒ်၌ ပရိယာယ်အားဖြင့် သေစေခဲ့သော် ဒုတိယ ပါရာဇိက ကဲ့သို့ အာပတ်မှ လွတ်, မလွတ်ဆုံးဖြတ်ပါ။

အနေက ပရိယာယေန မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျဆိုခြင်း ကြောင့် ပရိယာယ်အားဖြင့် မလွတ်၊ အာပတ် သင့်ပါသည်။

(ပဥ္စမအကြိမ်)

သံဝဏ္ဏေယျာ တိ ဝဏ္ဏေနတော ပန ကူမ ပရိယာယ ကထာယ ပိန မုစ္စတိ။

---

● လူ, နတ်, ဘီလူး တိရစ္ဆာန်တို့ကို ညှဉ်းဆဲလျှင် အာပတ်အာပတ် သင့်သနည်း၊ အသီးအသီး ရှင်းပါ။

(က) လူကို ညှဉ်းလျှင် ထုလ်၊
(ခ) ကြွင်း သတ္တဝါကို ညှဉ်းလျှင် ဒုက်၊

---

● လူ, နတ်, ဘီလူး တိရစ္ဆာန်တို့ကို သတ်လျှင် အာဘယ်အာပတ် သင့်သနည်း၊ တခုစီ ဖြေရှင်းပါ။

(၁) လူ သတ်လျှင် ပါရာ၊
(၂) နတ် နှင့် ဘီလူး သတ်လျှင် ထုလ်၊
(၃) တိရစ္ဆာန် သတ်လျှင် ပါစိတ်။

---

## ၄-စတုတ္ထ ပါရာဇိက

● ဥတ္တရိမနုဿဓမ္မ ပုဒ်ကို ဝဏ္ဏနာထုတ်ပြ၍ ကောက်ပြပါ။

ပကတိ မနုဿေတိ ဥတ္တရိ ဥတ္တရိမနုဿော = ကျော်ချသော ကျော်နလာဘီ အရိယာ ရစေ။

ဥတ္တရိ မနုဿာနံ ဓမ္မော ဥတ္တရိမနုဿ ဓမ္မော=ကျော်နမဂ္ဂဖလ ဓမ္မ ရစေ။

အထဝါ မနုဿေဟိ နိဗ္ဗတ္တေတဗ္ဗော ဓမ္မော မနုဿဓမ္မော= ဒသကုသလ ကမ္မပထ ရစေ။

(ပဋ္ဌမအကြိမ်)

မနုဿဓမ္မာနံ ဥတ္တရိ ဥတ္တရိ မနုဿဓမ္မာ=မဟဂ္ဂုတ် လောကုတ္တရာဓမ္မ ရစေ၊

**မှတ်ရန်။** ..ဒသကုသလ ကမ္မပထကို အပါယ်ဘုံ, နတ်, ဗြဟ္မာဘုံတို့၌ ပြုအပ်ကောင်းသော်လည်း ဝနစရကောကဲ့သို့တဗ္ဗဟုလနည်းအားဖြင့် လူ့ဘုံ၌ ဖြစ်၏ဟု ဆိုသည်၊ လူတို့သည် ဈာန မဂ္ဂဖလဓမ္မတို့ကို ဖြစ်စေနိုင်ကြသော်လည်း ဒသကုသလကမ္မပထ တရားတို့သာအဖြစ်များအပြုများသောကြောင့် ခဒိရဝနကဲ့သို့ ယေဘုယျ နည်းအားဖြင့် ဒသကုသလ ကမ္မပထကို မနုဿဓမ္မဟု ဆိုထားပါသည်။

---

● သူတပါးအတွက် ချီးမြှောက် ဝါကြွားပြီး "ဒို့ဆရာကြီးဟာ ရဟန္တာကြီးဘဲ" ပြောလျှင် အဘယ် အာပတ်သင့်သနည်း။

အတ္တုပနာယိကံ ဆိုခြင်းကြောင့် သူတပါးအတွက် ပြောခဲ့သော်-

(က) ယုံလျှင် ထုလ်၊

(ခ) မယုံလျှင် ဒုက်အာပတ် သင့်ပါသည်။

---

● ဖြေဆဲ ခဏ,နားထောင်သောသူ သိရာကာလ,အာပတ်သင့်ပါပြီဟု ဝန်ခံရာ ကာလတို့တွင် အဘယ် ကာလ၌ အာပတ်သင့်သနည်း။

ပြောဆဲ ခဏ၌ပင် အာပတ် သင့်ပါသည်။

အယံ ပန အာရောစိတက္ခဏေယေဝ အာပတ္တိံ အာပဇ္ဇတိ။

---

● ဉာတိ ဇာနာမိ ဉာဘိပဿာမိဟု ပစ္စုပ္ပန်ဖြင့်ဆိုထားရာ ခဏ, သန္တတိ, အဒ္ဓါဟု ဆိုအပ်သော ပစ္စုပ္ပန် ၃-မျိုးတို့တွင် အဘယ် ပစ္စုပ္ပန် ကာလကို ယူရမည်နည်း။

[(ပဌမအကြိမ်)

ပဌမံ ဈာနံ အတ္တကံ သမာပဇ္ဇိံ, သမာပန္နော စသည်ဖြင့် ဝိဘင်း ပါဠိတော်၌ ဟောတော်မူအပ်သော ကြောင့် တသက် လုံး အတွင်းဖြစ်သော အဒ္ဓါပစ္စုပ္ပန်ကိုသာ ယူရပါသည်။

---

● တုစ္ဆနှင့် မုသာ အထူးရေးပါ။

(က) အနက်အဓိပ္ပါယ်မရှိခြင်းသည် တုစ္ဆ။

(ခ) လိမ်လည်ခြင်းသည် မုသာ၊ ဤသို့ ထူး၏။

---

● သန္တိ အာပတ္တိ အာဝိကာတဗ္ဗာ အရ အာဝိကာတဗ္ဗဖြစ်အောင် အဘယ်ကဲ့သို့ ပြုရမည်နည်း။

အဇာနမေဝံ, အာဝုသော, အဝစံ, စသည်ပြု။

(အဝ-စံ မဟုတ်, အ-ဝစံ ဟု သေချာစွာဖတ်)

---

● ဝတ္ထုကို ကျူးလွန်ရာ အခါဖြစ်သော ပြောဆဲခဏကပင်လျှင် အာပတ်သင့်ပြီး ဖြစ်ပါလျက် အဘယ်အကျိုးငှာ တတော အပ ရေန စသော အာပတ္တိပဋိဇာနန ဝါကျကို ဆိုရပြန်သနည်း။

စုဒိတက ပုဂ္ဂိုလ်၏ ပဋိညာဏ် ဝန်ခံချက် အတိုင်း ဆုံးဖြတ်ရန် အကျိုးငှာ ဆိုပါသည်။

စုဒိတကဿဝ ပဋိညာယ ကာရေတဗ္ဗပယောဇနံ။

---

● အဓိမာနဖြစ်ပုံ ဝိဂ္ဂဟပြု၍ အဓိပ္ပါယ် ရှင်းပြပါ။

အဓိဂတော ဣတိ မာနော သညာ ယဿာတိ အဓိမာနော= ဘိက္ခု။

အဓိဂတော ဣတိ မာနော အဓိမာနော၊ အထင်ကြီးမှုရစေ၊ အထင်ကြီးခြင်း ရှိသော ရဟန်းကို ဝါ-အထင်ကြီးမှုကို အနက်ပေး။

သခ်ါရတရားတို့ကို လက္ခဏာယဉ်တင်၍ အပြင်းအထန် ဆင်ခြင်အားထုတ်သော ရဟန်းအား တဒင်္ဂပဟာန်အားဖြင့် ဖြစ်သော သမာဓိ၏ အစွမ်းအားဖြင့် မဂ်ထိ,ဖိုလ်ဆိုက် 'ငါဖြင့် မျက်မှောက် ပြုရလေပြီ'ဟု အထင်ကြီးမှုသည် အဓိမာန မည်ပါသည်။

---

ပါဠိတော်ထောက်၍ အင်္ဂါရေတွက်ပြပါ။

(၁) အတ္တနိ အသန္တတာ — အနုဘိဇာနံဖြင့်ပြ။
(၂) ပါပိစ္ဆတာယ အာရောစနံ - အညတြ အဓိမာနဖြင့်ပြ။
(၃) အနညပဒေသာ - အတ္တုပနာယကံဖြင့်ပြ။
(၄) အာရောစိတဿ မနုဿဇာတိကတာ အင်္ဂါနှင့်
(၅) တခ်ဏ ဝိဇာနနံအင်္ဂါ ဤအင်္ဂါ ၂-ပါးကို ရှေ့သိက္ခာပုဒ်မှ လိုက်လာသော မနုဿဝိဂ္ဂဟဖြင့် ပြပါသည်။

---

အနုပညတ်ကောက်ပြ၍ အဘယ်အနုပညတ်ဟုပြပါ။

(က) အညတြ အဓိမာနာသည် အနုပညတ်။
(ခ) အနာပတ္တိကရ အနုပညတ် ဖြစ်ပါသည်။

---

ပါရာဇိက အာပတ်၏ အနီးဆုံး ရှေ့သွားအာပတ်ကို ပြပါ။

(က) ပဌမ ပါရာဇိက၏ အနီးဆုံး ရှေ့သွားအာပတ်ဟူသည် ကား ဒုက်အာပတ်ဖြစ်ပါသည်။

(ခ) ကြွင်း ၃-ပါး၏ အာသန္န အာပတ်ကား ထုလ်။
ဒုက္ကဋ္ဌ ပန တသော၀, သာမန္တ မိတိ ဝဏ္ဏိတံ၊
သေသာနံ ပန တိဏ္ဏမ္ပိ, ထုလ္လစ္စယ မုဒ္ဒိရိတံ။

---

ပါရာဇိက ကျသောရဟန်းသည် အဘယ်ကဲ့သို့ ကုစားရသနည်း၊ ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ် ၂-ပါးတို့တွင် အဘယ်နည်း။

(က) လူဝတ်လဲ၍ ကုစားရပါသည်။

(ခ) ဒေသနာဂါမ် အာပတ် မည်ပါသည်။

ပါရာဇိကာပတ္တိဒေသနာနာမ ဘိက္ခုဘာဝပရိစ္စာဂေါ။

---

ပါရာဇိက ကျသောရဟန်းသည် လူ, သာမဏေ, ဘိက္ခုတို့တွင် အဘယ်ပုဂ္ဂိုလ် ဖြစ်သနည်း။

လူ,သာမဏေ, ဘိက္ခုတို့မှ တသီးတခြားထုတ်၍ အန္တိမဝတ္ထု-အဇ္ဈာပန္နက ပုဂ္ဂိုလ်ကို (ပါရာဇိကကျသော ပုဂ္ဂိုလ်ကို) ဝဇ္ဇနီယ ကထာ၌ အထူး ဆိုထားသောကြောင့် လူ, သာမဏေ, ဘိက္ခုတို့၌ ပါရာဇိကကျသော ပုဂ္ဂိုလ် မသက်ဝင်ပါ၊ လူ, သာမဏေ, ဘိက္ခု မဟုတ်ပါ။

---

ပါရာဇိက ကျသော ရဟန်းသည် လူဝတ် မလဲမူ၍ ရဟန်းတို့နှင့် သံဝါသ ပြုနေလျှင် ထေနက ဖြစ်, မဖြစ် ရှင်းပါ။

မူလ ရဟန်း အသွင် ရှိသေးသောကြောင့် သံဝါသပြုနေသော်လည်း ထေနက မဖြစ်ပ ။

(ပဥ္စမအကြိမ်)

● အလဇ္ဇီနှင့် ဒုဿီလ အထူးကိုပြ၍ ပါရာဇိက ကျသောရဟန်းသည် အဘယ်၌ အကျုံးဝင်သနည်း။

(က) သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊ အာပတ်ကို ဖုံးလွှမ်းခြင်း အဂတိ လိုက်စားခြင်း၊ဤအင်္ဂါ ၃–ပါးနှင့်ယှဉ်လျှင် အလဇ္ဇီ။

**အလဇ္ဇီ လက္ခဏာ**

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ,
အာပတ္တိံ ပရိဂူဟတိ၊
အဂတိ ဂမနဉ္စ ဂစ္ဆတိ,
ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလောတိ။

(ခ) သီလ မရှိသော ရဟန်းသည် ဒုဿီလ၊ပါရာဇိကကျသော ရဟန်းကို ဒုဿီလ၌ ထည့်သွင်းအပ်၏။

**ပါရာဇိကုဒ္ဒေသ ပြီး၏။**

---

# သံဃာဒိသေသဒွေသ

## ပဉ္စမ

● သံဃာဒိသေသပုဒ်ကို စေနတ္တ ပြု၍ အမည်မှည့်ပါ။

(က) သံဃော အာဒိမှိ စေဝ သေသေသု စ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။

(ခ) သဒ္ဒနီတိ ဆရာ အလိုအားဖြင့် ဣစ္ဆိတဗ္ဗအဿ တဒ္ဓိက်, ရှေး ဆရာများ အလိုအားဖြင့် တိပဒ ဗဟုဗ္ဗိဟိသမာသ် ခေါ်ပါသည်။

---

● သံဃာဒိသေသ ပုဒ်၏ အဓိပ္ပါယ်ကို ရေးပါ။

သံဃာဒိသိသ် အာပတ်မှ ထစေခြင်းအကျိုးငှါ ပရိဝါသ် ဆောက်တည်သော အစ ကိစ္စ, ကြွင်းသော မာနတ် ကိစ္စ, အဗ္ဘာန်ကိစ္စတို့၌ သံဃာဖြင့်သာ ဆောင်ရွက်အပ်သည်ဖြစ်၍ သံဃာကို အလို ရှိအပ်သောကြောင့် သံဃာဒိသေသ မည်ပါသည်။

မှတ်ရန်....(အပ္ပဋိစ္ဆာန် အာပတ်၌ ပရိဝါသ်ကိစ္စ မရှိခြင်းကြောင့် အစကိစ္စ မာနတ်, ကြွင်းကိစ္စ အဗ္ဘာန်ကို ယူလေ)

---

● ပဉ္စမ သံဃာဒိသေသ သိက္ခာပုဒ်၌ အဘဲ့ကြောင့် ကာရက ပုဂ္ဂိုလ်ကို ညွှန်း၍ မဟောသနည်း။

ပုဂ္ဂလနိဒ္ဒေသ ပညတ္တိမျိုးမဟုတ်၍ ကာရကပုဂ္ဂိုလ်ကို မညွှန်းဘဲ ဟောပါသည်။

(ပဉ္စမအကြိမ်)

**မှတ်ရန်။** ။အညတြ သုပိနန္တာ ဟူသော အနုပညတ္တိ၏ အခွင့်ကိုင် ရှိပုဂ္ဂိုလ်ကို မည္သန်းပါ၊ မှန်၏ အကယ်၍ အကြောင် ရဟန်းသည်စေတနာဖြင့် စေ့ဆော်၍ သုက်လွှတ်ခြင်းသို့ ရောက်အံ့၊ ထိုရဟန်းအား သံဃာဒိသိသ် သင့်စေ ဟု ပညတ်လျှင် သုပိနစေတနာကို ခွင့်မလွှတ်နိုင်ရာ၊ ဝါ-ခွင့်ပြုရန် အခွင့်မရှိရာ ကျနေပေလိမ့်မည်။ (နေ့ာတက္ကော)

---

- ဝိဿဋ္ဌိအရ "အပြင် ထွက်မှု" ဟု ယူရ မည်လော၊ အသို့နည်း၊ ဆုံးဖြတ်ပါ။

ယဿ ကဿစိ သုက္ကဿ ဌာနာ စာဝနာ-ဆိုခြင်းကြောင့်ရင်း ဒကသောတံ ဩတိဏ္ဏမတ္တေ ဗဟိနိက္ခန္တေဝါ အနိက္ခန္တေ ဝါ သံဃာဒိသေသော— ဆိုခြင်းကြောင့် ရင်း အပြင်သို့ မထွက် မရောက်သော်လည်း ပကတိတည်ရာဌာနမှ ရွေ့လျှင် သုက္ကဝိဿဋ္ဌိ မည်၏။

---

- အယံ သုက္ကဝိဿဋ္ဌိ သံဃာဒိသေသော "ဤသုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် ဖြစ်၏" ဆိုရာ သုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် ဖြစ်ကောင်းသလော၊ အသို့ မှတ်ရပါအံ့နည်း။

သုက္ကဝိဿဋ္ဌိသည် သံဃာဒိသိသ် မဟုတ်ပါ၊ သုက္ကဝိဿဋ္ဌိ တည်းဟူသော ဝတ္ထု ဝီတိက္ကမ ကျူးလွန်မှုကြောင့် ဖြစ်သော ပြစ်ချက် အာပတ်သည်သာလျှင် သံဃာဒိသိသ် ဖြစ်ပါသည်။

ဤအရာ၌ ကာရဏူပစာ နည်းအားဖြင့် ဟောတော် မူသည် ဟု မှတ်ရမည်။

(ပဌမအကြိမ်)

● သံဃာဒိသေသောနာမ အာပတ္တိ နိကာယော ဆိုခြင်းကြောင့် သုက္ကဝိဿဋ္ဌိ ပြစ်မှုအတွက် သံဃာဒိသိသ် အာပတ်ပေါင်း အားလုံး သင့်သည်ဟု မှတ်ရမည်လော။ အဘယ် နည်းအားဖြင့် မှတ်ရအံ့နည်း။

(က) သုက္ကဝိဿဋ္ဌိ ပြစ်ချက် တခုကြောင့် သံဃာဒိသိသ် အာပတ် အားလုံး သင့်တော့သည် ဟု မမှတ်ယူအပ်, သုက္က ဝိဿဋ္ဌိ သံဃာ ဒိသေသ တပါးတည်းသာလျှင် သင့်၏။

(ခ) အာပတ္တိ နိကာယော ဆိုခြင်းကား အာပတ် အပေါင်း၏ အာပတ္တိ နိကာယ ဟူသော အမည်ကို အစိတ် အာပတ် တပါးစီဘပါးစီအပေါ်၌ တင်စား၍ "သမုဒ္ဒေါ မယာ ဒိဋ္ဌော"ကဲ့သို့ အဝယဝူပစာရအား ဖြင့်သာလျှင် ဆိုထားပါသည်

---

● အနုပညတ် ထုတ်ပြ၍ အဘယ်အနုပညတ်ဟုဆို ဖြတ်ပါ။

(က) အညတြ သုပိနန္တာသည် အနုပညတ်၊
(ခ) အနာပတ္တိကာရ အနုပညတ် ဖြစ်ပါသည်။

---

● အနာဂါမ် မဟန္တာသည်များ သုက် ရှိ, မရှိ လွှတ်, မလွှတ် ဆုံးဖြတ်ပါ။

အနာဂါမ် ရဟန္တာများမှာ သုက်ကား ရှိ၏၊ လွှတ်ကား မလွှတ်၊ ကာမဆာဂ ပယ်ပြီးသောကြောင့်တည်း။

အနာဂါမိ ခီဏာသဝါနံ ပန ကာမရာဂါဘာဝေန သုက္ကဝိသတ္တ ဝိကာရမ္ပိ နာပဇ္ဇတိ။

(ပဌမအကြိမ်)

● နတ်, ဗြဟ္မာတို့၌ သုက် ရှိ, မရှိ၊ လွတ်, မလွတ် ရှင်းပါ။

(က) ဆကာမာဝစရနတ်များမှာ သုက်ရှိ၍မရှေ့၊
ဆန္ဒပနကာမာဝစရ ဒေဝတာနံ ဒွယံဒွယသမာ ပတ္တိဝသေနသုက္ကံ ဌာနတော နဂလတိ၊ ယထာ ဌာနေယေဝ ဌတွာ ဝူပသမတိ။

(ခ) ဗြဟ္မာများမှာ သုက်လည်း မရှိ၊ လွတ်လည်း မလွတ်ပါ၊ ရူပဗြဟ္မာနံ ပန ဝိက္ခမ္ဘိတကာမရာဂေန ဇနိတတ္တာ, အနာဟာ ရူပဇီဝိတတ္တာ စ သုက္ကဓာတု နတ္ထေဝါတိ ဝေဒိတဗ္ဗံ။

---

● အိပ်မက်၌ သုက်လွတ်သော အခါ သာယာကြောင်း စေတနာ ရှိပါလျက် ဘာ့ကြောင့် အာပတ်မသင့်သနည်း။

သုပိန စေတနာသည် ပယောဂ ဥပက္ကမ ပြုနိုင်လောက်သော အရာဌာန မဟုတ်သောကြောင့် အာပတ် အင်္ဂါ ခေါ်လောက် အောင် အကြောင်းမဟုတ်၍ အိပ်မက်၌ သုက်လွတ်မှုမှာ အပြစ် မရှိပါ၊ ဝါ-သုပိနန္တအဿာဒစေတနာမှာ အပြစ်မရှိပါ၊

---

● လုံ့လ ပြုသော်လည်း သုက်မလွတ်လျှင် အာပတ် သင့်, မသင့်၊ သင့်လျှင် အဘယ် အာပတ်ဟု ဆိုးဖြတ်ပါ။

လုံ့လပြုလျက် သုက် မလွတ်လျှင် ထုလ် အာပတ် သင့် ပါသည်။

နိမိတ္တေ ဥပက္ကမန္တဿ သစေ န မုစ္စတိ, ထုလ္လစ္စယံ။
(ပဌမအကြိမ်)

## ဒုတိယ

● ဝိပရိဏတေန စိတ္တေန ဆိုခြင်းကြောင့် စိတ်ဖြင့် ကာယသံသဂ္ဂ ပြုကောင်းပါသလော၊ အသို့ မှတ်ရမည်နည်း။

ဝိပရိဏတ စိတ်ဖြင့် ကာယသံသဂ္ဂ အမှု မပြုနိုင်ပါ၊ သို့သော် အဋ္ဌကထာက ကရိုဏ်းကို ပြလို၍ စိတ္တေန ဟူသော ကရိုဏ်းကို ဆိုပါသည်၊ အမှန်အားဖြင့် ဗာဟိရ ကရိုဏ်းဖြစ်သော ကာယဒွါရဖြင့် သာ လျှင် ကာယသံသဂ္ဂအမှု ပြုနိုင်ပါသည်။

တနည်းကား-"ဝိပရိဏတေန စိတ္တေန ဝိပရိဏတေ စိတ္တော ဟုတွာ ကာယေန ကာယသံသဂ္ဂံ သမာပဇ္ဇေယျ"ဟု ဣတ္ထမ္ဘူတ ချာန လက္ခဏ အနက် ပေးစေလိုပါသည်။

ဥိန ပဥ္စ ဗန္ဓနေန ပတ္တေန ပုဒ်ကဲ့သို့တည်း။

---

● ဩတိဏ္ဏော တပုဒ်တည်းဖြင့် ပင်လျှင် ပြီးကောင်းပါလျက် ဝိပရိဏတေန စိတ္တေန ဟူသော ပုဒ်ကို အဘယ့်ကြောင့် ဟော ရပြန်ပါသနည်း။

ဩတိဏ္ဏော ပုဒ်၏ အနက်ကို ပင်လျှင် ပေါ်လွင်စေခြင်းငှါ ဝိပရိဏတေန စိတ္တေန ဟူသောပုဒ်ကို ထပ်၍ဟောရပါသည်။

ဝိပရိဏတေန စိတ္တေနဟု ထပ်၍မဆိုပါလျှင် မာတုပေမ, ဘဂိနိပေမ စသည်အားဖြင့် သုံးသပ်မိရာ၌လည်း ဩတိဏ္ဏောပင် ဖြစ်မည်လောဟု လျှဉ်းပါးရန် ရှိသောကြောင့်တည်း။

---

● အမိ, နှစ်မ စသည်တို့ကို အမိဘဲ, နှမဘဲ ဟူသောအမှတ်ဖြင့် တွေ့ထိ သုံးသပ်လျှင် အဘယ် အာပတ် သင့်ပါးသနည်း။

အမိ, နှစ်မ စသည်တို့ကို အမိဘဲ နှမဘဲ ဟူသော အမှတ်ဖြင့် တွေ့ထိသုံးသပ်မိလျှင် ဒုက္ကဋ် အာပတ် သင့်၏။

(ပဉ္စမအကြိမ်)

● မာတုဂါမ အရ အရွယ်ကို ပိုင်းခြားပြပါ။

မာတုဂါမအရ ယနေ့မွေးခါစ အရွယ်မှစ၍ သေသည်တိုင်အောင် အချိန် အရွယ်အတွင်း၌ အသက် ရှင်ဆဲဖြစ်သော မိန်းမအပေါင်းကို ယူရပါသည်။

မာတုဂါမေန သဒ္ဓိန္တိ ဧဒဟု ဇာတာယ ဇီဝမာနက မနုဿိတ္ထိယာ သဒ္ဓိံ။

● မာတုဂါမံ, မာတုဂါမဿ စသည် မဟောမူ၍ မာတုဂါမေနေဟု သဟာဒိယောဂ နာဝိဘတ်ဖြင့် အဘဲ့ကြောင့် ဟောတော်မူရပါသနည်း။

မာတုဂါမံဟု ကံပုဒ်နှင့် ဟောလျှင် မိမိက သွားရောက်၍ သုံးသပ်မှု ပြုမှသာ အာပတ် သင့်ပါသည်၊ မိမိကို အသုံးသပ်ခိုင်းလျှင် အာပတ်မသင့်နိုင်ရာ ကျ၏၊ ထို့ကြောင့် မာတုဂါမေန ဟု သဟာဒိယောဂတ္ထ နာ ဝိဘတ်ဖြင့် ဟောထားခြင်းအားဖြင့် "ငါ့ကို သုံးသပ်လော" ဟု စေခိုင်း သုံးသပ်စေရာ၌လည်း ကာယသံသဂ္ဂပင် ဖြစ်၍ အာပတ်သင့်၏ ဟု ပြလို၍နာဝိဘတ်ဖြင့် ဟောရပါသည်။

● ကာယသံသဂ္ဂံ သမာပဇ္ဇေယျ ဟု ဟောလျှင် ပြီးပါလျက် အဘဲ့ကြောင့် ဟတ္ထဂ္ဂါဟံဝါ စသည် ဟောရပြန်ပါသနည်း။

ကာယသံသဂ္ဂံ သမာပဇ္ဇေယျ အရ ကိုယ်လက် နှီးနှောပုံ အခြင်းအရာ အာကာရကို ပြလိုသောကြောင့်သာလျှင် ဟတ္ထဂ္ဂါဟံဝါ စသည်ကို ဟောရပြန်ပါသည်။

[(ပဥ္စမအကြိမ်)

● ဟတ္ထ၊ ဝေဏိ၊ အင်္ဂ အရ ပိုင်းခြားပြပါ။

၁။ ဟတ္ထ အရ လက်မောင်းအဖျားနှင့် တကွ တတောင်ဆစ်မှ စ၍ လက်သီးဖျား အဆုံးထိ ယူ၊

၂။ ဝေဏိ အရ ထုံးသည်ဖြစ်စေ၊ မထုံးသည်ဖြစ်စေ၊ ရွှေချည်၊ ပန်းစီးကြိုး စသည်တို့နှင့် ရောသော ဆံပင်၊ မရောသော ဆံပင်၊ အားလုံးကို ယူ၊

၃။ အင်္ဂ အရ ဟတ္ထ၊ ဝေဏိမှ ကြွင်းသော ကိုယ်အင်္ဂါ အစိတ်အပိုင်း အားလုံးကို ယူပါသည်။

---

● ကာယနှင့် ဟတ္ထ၊ ဝေဏိတို့သည် တူသလော ထူးသလော ဆုံးဖြတ်ပါ။

ကာယ နှင့် ဟတ္ထ၊ ဝေဏိတို့သည် "ရုက္ခေ သာခါ" ကဲ့သို့ အဘေဒဘေဒူပစာ မျှသာ ဖြစ်၍ အရတူ မထူးပါ၊ ဘီး၊ ဝင်ရိုး၊ ထမ်းပိုးတို့မှာ လှည်းနှင့် အပေါင်း အစိတ်မျှသာဖြစ်၍ အရတူသကဲ့သို့တည်း။

---

● မာတုဂါမ၏ အမွေးသည် ဟတ္ထ၊ ဝေဏိ၊ အင်္ဂါ ၃-ပါးတို့တွင် အဘယ်၌ အကျုံးဝင်သနည်း၊ အမွေးကို သုံးသပ်မိလျှင် အပြစ် ရှိ၊ မရှိ ဆုံးဖြတ်ပါ။

ယမွေးကို ဝေဏိပုဒ်၌ သွင်းယူအပ်ပါသည်၊ အမွေးကို တွေ့ထိသုံးသပ်မိလျှင် သံဃာဒိသိသ်ပင် သင့်ပါသည်။

ဝေဏိဂ္ဂဟဏေန စေတ္ထ ကေသာပိ ဂဟိတာ ယေဝ သဒ္ဓိံ လောမေဟိ။

[(ပဉ္စမအကြိမ်)]

● မာတုဂါမ တဦးတည်း၏ လက်ချောင်း ငါးခုကို တပြိုင်တည်း ဆုပ်ကိုင်လျှင် အာပတ် ဘယ်နှစ်ချက် သင့်သနည်း။

မာတုဂါမ တဦးတည်း၏ လက်ချောင်း ငါးခုကို တချက်တည်း ဆွဲဆုပ်၍ကိုင်လျှင် အာပတ် တချက်သာ သင့်ပါသည်။

ပဥ္စန္နံ အင်္ဂုလီနံ ဧကတော ဂဟဏေပိ ဧကောယေဝ။

● မိန်းမ ငါးယောက်တို့၏ လက်ချောင်း ငါးခုကို တပြိုင်တည်း ဆုပ်ကိုင်လျှင် အာပတ် ဘယ်နှစ်ချက် သင့်သနည်း။

မိန်းမ အရေအတွက် အားလျော်စွာ အာပတ် အရေအတွက် လိုက်၍ သင့်ပါသည်။

သစေ ပန နာနိတ္ထီနံ ပဥ္စင်္ဂုလိယော ဧကတော ဂဏှာတိ၊ ပဉ္စ အာပတ္တိယော။

● မာတုဂါမ၏ အမွေးကို သုံးသပ်သော အခါ အမွေး၏အရေ အတွက် လိုက်၍ အာပတ် သင့်, မသင့် ဆုံးဖြတ်ပါ။

တဦးတည်းသော မာတုဂါမ ပင် ဖြစ်သော်လည်း အမွေး များသည် တပင်နှင့် တပင် ထိစပ်လျက် မရှိသောကြောင့် အမွေး၏ အရေအတွက်လိုက်၍ အာပတ် သင့်ပါသည်။(ကုရုန္ဒီ)

ကုရုန္ဒိယံ ပန လောမာနိ ဂဟေတွာ သံဃာဒိသေသော ဝုတ္တော။

တနည်း-အမွေး အရေအတွက်အားဖြင့် မသင့်၊ မာတုဂါမ အရေ အတွက် အားဖြင့်သာ သင့်၏၊ တဦးတည်းသော မာတု

ဂါမ၏ အမွေးပေါင်း တထောင် ဖြစ်စေ တချက်သာ သင့်ပါသည်။ (မဟာအဋ္ဌကထာ)

**မဟာ**အဋ္ဌကထာယံ လောမာနိ ဂဟေတွာ

အာပတ္တိယာ· န ကာရေတဗ္ဗော။

မဟာအဋ္ဌကထာ ဝါဒ အရသာလျှင် သင့်တော်၍, ကုရုန္ဒီ အဋ္ဌကထာ ဝါဒ မသင့်ဟု ဆုံးဖြတ်တော်မူကြပါသည်။

---

● မာတုဂါက အလိုအလျောက် လာ၍ သုံးသပ်ခြင်းကို မတုန် မလှုပ်ဘဲ အတွေ့ကို သာယာသော ရဟန်းအား အာပတ် သင့်, မသင့် ဆုံးဖြတ်ဖါသည်။

မိမိက လှုံ့လမပြုဘဲ မာတုဂါမ၏ အတွေ့ အထိကို သာယာသော ရဟန်းအား အာပတ် မသင့်ပါ။

အဝါယမိတွာ ဖဿံ ပဋိဝိဇာနန္တဿ အနာပတ္တိ။

---

● လက်တဖက်ဖြင့် မလွှတ်ဘဲကိုင်၍ အခြားလက်တဖက်ဖြင့် တနေ့ လုံး ခြေဆုံး ခေါင်းဖျား သုံးသပ်သော ရဟန်းအား အာပတ် ဘယ်နှစ်ချက် သင့် သနည်း။

လက်တဖက်ဖြင့် မလွှတ်မူ၍ သုံးသပ်လျှင် အာပတ်တချက် သာ သင့်ပါသည်၊လွှတ်၍ လွှတ်၍ သုံးသပ်လျှင် ပယောဂ ပြုတိုင်း ပြုတိုင်း ပယောဂ အရေ အတွက်ကျသင့်၏။

ဟတ္ထံ အမောစေန္တော ယေဝ ဖုသတိ ဧကာဝ အာပတ္တိ။

(ပဌမအကြိမ်)

● မိန်းမကို ယောကျ်ား အမှတ်ဖြင့်ရှင်း, ယောကျ်ားကို မိန်းမ အမှတ်ဖြင့်ရှင်း, သုံးသပ်ခဲ့သော် အဘယ်အပြစ် ရှိသနည်း။

(က) မိန်းမကို ယောကျ်ားမှတ်၍ သုံးသပ်လျှင် ထုလ်၊
(ခ) ယောကျ်ားကို မိန်းမ အမှတ်ဖြင့် သုံးသပ်လျှင် ဒုက် အာပတ် သင့်ပါသည်။

ပုရိသကာယ ဖုသနာဒီသု စ ဒုက္ကဋံ။

---

● တိရစ္ဆာန်မကို ကာယသံသဂ္ဂ ရာဂဖြင့် သုံးသပ်လျှင် အဘယ် အာပတ် သင့်သနည်း။

တိရစ္ဆာန်မကို ကာယသံသဂ္ဂရာဂဖြင့် သုံးသပ်လျှင် ထုလ် အာပတ် သင့်ပါသည်။

---

● နတ်သမီး, ဘီလူးမ, ပဏ္ဍုက်တို့ကို သုံးသပ်လျှင် အဘယ် အာပတ် သင့်သနည်း။

နတ်သမီး, ဘီလူးမ, ပဏ္ဍုက်တို့ကို သုံးသပ်လျှင် ထုလ္လစ္စည်း အာပတ် သင့်ပါသည်။

---

● သေနေသော မိန်းမကို သုံးသပ်လျှင် အဘယ် အာပတ် သင့်ပါသနည်း။

သေနေသော မိန်းမကို သုံးသပ်လျှင် ထုလ် အာပတ် သင့်ပါသည်၊

---

● မာတုဂါမ၏ ကိုယ်၌ ဝတ်ထားသော အဝတ်စသော ကာယ ပဋိဗဒ္ဓ ဝတ္ထုကို သုံးသပ်သော ရဟန်းအားရှင်း မိမိ၏ကိုယ်၌

ဝတ်ထားသော ဝါ-မိမိကိုယ်နှင့် ထိစပ်နေသော ကာယပဋိဗဒ္ဓ ဝတ္ထုနှင့် မာတုဂါမ၏ ကိုယ်ကိုထိခဲ့သော်ရင်း အဘယ်အာပတ် သင့်သနည်း။

(က) မာတုဂါမ၏ ကာယပဋိဗဒ္ဓ ဝတ္ထုကို သုံးသပ်လျှင် ထုလ္လစ္စည်း အာပတ် သင့်ပါသည်။

(ခ) မိမိ၏ ကာယပဋိဗဒ္ဓ ဝတ္ထုဖြင့် မိန်းမကိုယ်ကို ထိလျှင် ထုလ္လစ္စည်း အာပတ်ပင် သင့်ပါသည်။

---

● မိန်းမရုပ်ကို ရေးခဲ့သော်ရင်း, မိန်းမ ရုပ်ပုံကို ကိုင်ခဲ့သော်ရင်း အဘယ် အာပတ် သင့်သနည်း။

မိန်းမရုပ်ပုံကို ကိုင်တွယ် သုံးသပ်ခြင်း, ရေးဆွဲခြင်း ပြုသော ရဟန်းအား ဒုက်အာပတ် သင့်ပါသည်။

---

● မာတုဂါမ၏ ကာယပဋိဗဒ္ဓဝတ္ထုကို မိမိ၏ ကာယပဋိဗဒ္ဓဝတ္ထုဖြင့် ထိခဲ့သော် အဘယ် အပြစ်ရှိပါသနည်း။

ကာယပဋိဗဒ္ဓ အချင်းချင်း ထိခဲ့သော် ဒုက် သင့်၏။
မနုဿိတ္ထိယာ ပန ကာယပဋိဗဒ္ဓေန ကာယပဋိဗဒ္ဓါဒီသု ပုရိသကာယဖုသနာဒီသု စ ဒုက္ကဋံ။

---

● စပါး ခုနှစ်မျိုး, ရတနာ ခုနှစ်မျိုး, သစ်သီး, လက်နက်,မြှုံး, ပိုက်,ကွန်, တူရိယာတို့ကို ကိုင်တွယ် သုံးသပ်လျှင် အဘယ် အာပတ် သင့်ပါသနည်း။

စပါး, ရတနာမျိုး, သစ်သီး, လက်နက်, မြှုံး, ပိုက်, ကွန်, တူရိယာ စသည်တို့ကို ကိုင်တွယ်သုံးသပ်လျှင် ဒုက်အာပတ် သင့်ပါသည်၊

(ပဥ္စမအကြိမ်)

● မာတုဂါမကို သုံးသပ်မိသော်လည်း အပြစ် လွတ်ခွင့်ရှိသော ရဟန်းများကို ထုတ်ပြပါ။

၁။ တာကွယ်လိုသောအားဖြင့် မာတုဂါမကို တွန်းမိ ကိုင်မိသော ရဟန်း၊

၂။ စေတနာ မပါသော ရဟန်း၊

၃။ အမှတ်တမဲ့ ထိမိသော ရဟန်း၊

၄။ မသိသော ရဟန်း၊

၅။ မသာယာသော ရဟန်း၊

၆။ ရူးသော ရဟန်း စသည်တို့အား အာပတ် မသင့်ပါ။

---

## တတိယ

● တတိယ သံဃာဒိသေသ ဒုဋ္ဌုလ္လ ဝါစာ သိက္ခာပုဒ်၌ မာတုဂါမ အရ အဘယ် မိန်းမမျိုးကို ယူရမည်နည်း။

ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ် သိက္ခာပုဒ်၌ ဒုဋ္ဌုလ္လာ, ဒုဋ္ဌုလ္လကို ခွဲခြား သိတတ်သော မိန်းမကို မာတုဂါမအရ ယူပါသည်။

**မှတ်ရန်။** ကာယသံသဂ္ဂ သိက္ခာပုဒ်၌ အချိန်အရွယ် ပမာန ယူ၊ တတိယ သိက္ခာပုဒ်၌ အသိဉာဏ်ကို ပမာနထား၍ ယူရသည်၊ အသက် ၆ဝ-ပင် ရှိသော်လည်း နားမလည်လျှင် ဝါ-အသိဉာဏ်မရှိက မယူရ။

---

● ဒုဋ္ဌုလ္လ ဝါစာ အရ အဘယ်ကို ယူရမည်နည်း၊ အသံဆိုးဝါး ကြမ်းကြုတ် ခက်ထန်ခြင်းကို ယူရပါသလော။

[(ပဉ္စမအကြိမ်)

(က) ဒုဋ္ဌုလ္လဝါစာ အခု-ဝစ္စမဂ်, ပဿာဝ မဂ်နှင့် စပ်သော စကား, ဝါ-အပျို လူပျို သွီးရည်းစား စကားကို ယူရပါသည်။

(ခ) အသံဆိုးဝါး ကြမ်းကြုတ်ခြင်းကို မယူရပါ။

---

● ကာယသံသဂ္ဂ သိက္ခာပုဒ် ဝိပရိဏတစိတ္တအရနှင့် တတိယ သိက္ခာပုဒ် ဝိပရိဏတ စိတ္တတို့၏ အထူးကို ပြပါ။

(က) ကာယသံသဂ္ဂ သိက္ခာပုဒ်၏ ဝိပရိဏတစိတ္တအရကား၊ ကိုယ်လက် နှီးနှောမှုကို သာယာသော ရာဂနှင့် ယှဉ်သော စိတ်တည်း။

(ခ) တတိယ သိက္ခာပုဒ်၏ ဝိပရိဏတစိတ္တ အရကား ဒုဋ္ဌုလ္လဝါစာကို သာယာသော ရာဂနှင့် ယှဉ်သော စိတ်တည်း။

---

● ရင်သား,တင်သား,ကိုယ်လုံး,ကိုယ်ပေါက်ကို ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းပြုသော ရဟန်းအား အဘယ် အာပတ်နည်း။

(က) ဒူးအောက်, ညှပ်ရိုး (မြှပ်ရိုး) အထက် ချီးမွမ်း ကဲ့ရဲ့ခြင်းပြုလျှင် ဒုက်အာပတ် သင့်ပါသည်။

(ခ) ဒူး ၂-ဘက် အထက်, ညှပ်ရိုး(မြှပ်ရိုး) ၂-ချောင်း အောက်ကို ချီးမွမ်း, ကဲ့ရဲ့ခြင်းပြုလျှင် ထုလ် အာပတ် သင့်ပါသည်။

**မှတ်ရန်**....လည်ပင်းမှ ပခုံးဘက် ထွက်နေသော အရိုးကြီး ၂-ချောင်းကို ညှပ်ရိုးဟု ခေါ်သည်၊ ပက်လက်လှန်သောအခါ ချက်၏ ဟိုဘက် ဒီဘက် ထွက်နေသော အရိုး ၂-ချောင်းဟု မမှတ်နှင့်။

● ချစ်ခင်း,ကြိုက်ခင်း သမီးရည်စား စကားများသည် အလွန်သာယာ နူးညံ့သော စကားဖြစ်ပါလျက် အဘယ့်ကြောင့်ဒုဋ္ဌုလ္လဝါစာဟု ဘုရားဟောတော်မူရပါသနည်း။

သမီးရည်းစား စကားသည် ချိုသာ နူးညံ့သော စကားဖြစ်သော်လည်း မေထုနုပသံဟိတ, ဟီနကထာများဖြစ်၍ အလွန်ညစ်ညမ်း ယုတ်မာသော စကားများဖြစ်သောကြောင့် ဒုဋ္ဌုလ္လဝါစာ ဟု ဘုရားဟောတော်မူပါသည်။

---

● "သိခရဏီသိ=အစေ့ ရှေမ၊ သမ္ဘိန္နာသိ=မင် ၂ ရပ် စပ်သော ကောင်မ" အစရှိသော ဆဲရေးကြောင်း အင်္ဂကြာသ ကယာတို့ဖြင့် ပြောလျှင် အဘယ် အာပတ် သင့်သနည်း။

၁။ သိခရဏီသိ၊ သမ္ဘိန္နာသိ အစရှိသော အင်္ဂါသကထာတို့ဖြင့် ဒုဋ္ဌုလ္လ ဝါစာဿာဒရာဂ အလိုအားဖြင့် ပြောလျှင် သံဃာဒိသိသ် သင့်၏။

၂။ သိခရဏီသိ၊ အမ္ဘိန္နာသိ အစရှိသော အင်္ဂါသကထာတို့ဖြင့် ဆဲရေးလိုသော အင်္ဂါသ အခိပ္ပါယ်အားဖြင့် ပြောလျှင် ပါစိတ် သင့်၏။

---

● လက်ဟန်,ခြေဟန်ဖြင့် ဒုဋ္ဌုလ္လဝါစာ အဓိပ္ပါယ်ပါအောင် လှုပ်ရှား ပြသလျှင် အဘယ် အာပတ် သင့်သနည်း။

လက်ဟန်, ခြေဟန်ဖြင့် ဒုဋ္ဌုလ္လဝါစာ အဓိပ္ပါယ်ပါအောင် လှုပ်ရှားပြသလျှင် သံဃာဒိသိသ် အာပတ် သင့်သည်။

((ပ၄ မအကြိမ်)

အန္တမသော ဟတ္ထမုဋ္ဌိယာပိ ဝုတ္တနယေန ဩဘာသန္တဿ သစေ သာ တမတ္ထံ တသ္မိံ ယေဝ ခဏေ ဇာနာတိ, သံဃာဒိသေသော။

● "ယထာ တံ ယုဝါ ယုဝတိံ" အစရှိသော ဥပမာ ဝါကျကို အဘယ် အကျိုးငှါ ဟောတော်မူပါသနည်း။

"ယထာ တံ ယုဝါ ယုဝတိံ" အစရှိသော စကားကို ဒုဋ္ဌုလ္လဝါစာ ပြောရာတွင် နှစ်နှစ်ကာကာ စိတ်ပါသည်၏ အဖြစ်ကို ပြခြင်းငှါ ဟောတော်မူပါသည်။

စတုတ္ထ

● အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်၌ပါသော မာတုဂါမသည် ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်တို့၌ပါသော မာတုဂါမတို့နှင့် တူသလော ထူးသလော ပြပါ။

အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်၌ပါသော မာတုဂါမသည် ကာယသံသဂ္ဂ သိက္ခာပုဒ်၌ ပါသော မာတုဂါမနှင့် မတူပါ, ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ပါသော မာတုဂါမနှင့်သာ တူပါသည်။

● မေထုန်ဖြင့် လုပ်ကျွေးရန် ပြောပြသောအခါ မာတုဂါမက နားမလည်လျှင် အဘယ် အာပတ် သင့်သနည်း။

နော စေ ဇာနာတိ, ထုလ္လစ္စယံ၊ တုလ် အာပတ် သင့်၏။

(ပဥ္စမအကြိမ်)

● မေထုန်ဖြင့် လုပ်ကျွေးရန် ချီးမွမ်း ပြောဆိုသော အခါ အဘယ်ကဲ့သို့ ပြောဆိုရသနည်း ပြောဆိုပုံ ရေးပြပါ။

တေဒဂ္ဂံ ဘဂိနိ....လ....ပရိစရေယျ ဟု ပြောဆိုရပါသည်။

---

● ဘဂိနိ ဟူသော ပုဒ်သည် အဘယ် ပုဒ်နည်း၊ အဘယ် အသုံး အနှုန်းမျိုး ဖြစ်သနည်း။

ဘဂိနိ ဟူသော ပုဒ်သည် အာလုပ်ပုဒ်တည်း၊ တဝမ်းတည်း မွေးသော နှစ်မရင်း မဟုတ်သော်လည်း လောကဝေါဟာရ အသုံးအနှုန်းမျိုးတည်း။

သာသနာတော် အသုံး၌ အရိယာတို့၏ အသုံး အနှုန်း တမျိုး ဖြစ်ပါသည်။

သာသနေ ပန အရိယဝေါဟာရန္တိ ဝုစ္စတိ။

---

● လက်ဆုပ် စသည်ဖြင့် ဝါ-လက်ဟန်, ခြေဟန်တို့ဖြင့် ပြသော အခါ အပြစ် ရှိ, မရှိ ဆုံးဖြတ်ပါ။

လက်ဟန်, ခြေတန် စသည်တို့ဖြင့် ပြ၍ အတ္တကာမ ပါရိစရိယ အကျိုးငှါ ပြောဆိုသောအခါ အဓိပ္ပါယ်ကိုသိလျှင် သံဃာဒိသိသ် အာပတ် သင့်ပါသည်။ မသိလျှင် ထုလ် အာပတ် သင့်ပါသည်။

---

ပဥ္စမ

● သဉ္စရိတ္တံ သမာပဇ္ဇေယျ၌ အဘယ်ကဲ့သို့ ပြုလုပ်မှ သမာ ပဇ္ဇေယျ ဖြစ်မည်နည်း၊ သမာပဇ္ဇေယျ အရ ပြပါ။

(၁) ကောင်းပြီဟု ဝန်ခံခြင်း = သမ္ပဋိဂ္ဂဟဏ၊

(၂) သွားရောက်၍စုံစမ်းထောက်လှမ်းခြင်း = ဝီမံသန၊

(၃) အကြောင်း ပြန်ကြားခြင်း=ပစ္စာဟရဏ, ဤ ၃-ပါး နှင့် စုံညီလျှင် သမာပဇ္ဇေယျ အရ ဖြစ်ပါသည်။

---

● ဇာယတ္တန နှင့် ဇာရတ္တန အထူးကို ရေးပါ။

အပျို လူပျို အတွက်-

(က) ဇာယတ္တန=မယားဖြစ်လိုမှု၊
(ခ) ဇာရတ္တန = လင် ဖြစ်လိုမှု၊

တနည်း-လင်ရှိ, မယားရှိ အအိုများအတွက်-

(က) ဇာယတ္တန=အမြဲလင်, အမြဲမယား ဖြစ်လိုမှု၊
(ခ) ဇာရတ္တန-မျောက်မ မယား, မျောက်မ လင် ဖြစ်လိုမှု၊ ဝါ- အချောင် အမြှောင် ထားကြခြင်း, စသည်တို့ ဖြစ်ပါသည်။

---

● တခ်ဏိက အရ အဘယ်ကို ရပါသနည်း၊ ဝစနတ္ထပြု၍ တခ်ဏိက အရ ကောက်ပြပါ။

တာဒိသော ခဏော တခ်ဏော၊
တခ်ဏေ သံဝသိတဗ္ဗာ တခ်ဏိကာ=ဂဏိကာ၊
အချောင် မယားရသည်။

တခ်ဏိကေ သံဝတိတဗ္ဗော တခ်ဏိကော=စောရသာမိ၊ မျောက်မလင်, အချောင် လင်ကို ရ၏၊ သံဝသိတဗ္ဗတဒ္ဓိတ်, ဏိက ပစ္စည်း။

[ပဥ္စမအကြိမ်]

● ခေတ္တ ကွဲကွာနေသော လင်မယားအား စေ့စပ်မှု၊ အမြဲ အပြီးအပြတ် ကွာပြီးသော လင်မယားအား စေ့စပ်မှုတို့၌ အာပတ် သင့်၊ မသင့် ဆုံးဖြတ်ပါ။

(က) ခေတ္တ ကွဲကွာနေကြသော လင်မယားအား ပြန်၍ စေ့စပ် အောင်သွယ်ပေးလျှင် အာပတ် မသင့်ပါ။

(ခ) အလံဝစနီယတာဟု ဆိုအပ်သော ကွာရှင်းပြီး လင် မယားကို စေ့စပ်ပေးလျှင် ရဟန္တာပင် ဖြစ်စေကာမူ သံဃာဒိသိသ် အာပတ် သင့်၏။

---

ဆင္ဒ

● ကုဋီ အပြား ၃-ပါးကို ရေတွက်ပြပါ။

(၁) ဉလ္လိတ္တ ကုဋီ၊

(၂) အဝလိတ္တ ကုဋီ၊

(၃) ဉလ္လိတ္တာဝလိတ္တ ကုဋီ ၃-ပါး။

---

● ဉလ္လိတ္တ နှင့် အဝလိတ္တ အဓိပ္ပါယ်ကို ရေးပြပါ။

(၁) ဉလ္လိတ္တကုဋီဟူသည်ကား-မျက်နှာကိုအထက်သို့ မော့၍ အတွင်းဘက်က အင်္ဂတေ လိမ်းကျံထားသော တိုက် ကျောင်းတည်း။

(၂) အဝလိတ္တ ကုဋီ ဟူသည်ကား အပြင် အထက် အမိုး ဘက်မှ မျက်နှာ အောက်ငုံ၍ အင်္ဂတေ လိမ်းကျံ ထားအပ်သော တိုက်ကျောင်းတည်း။

(ပဥ္စမအကြိမ်)

● ဥလ္လိတ္တာဝလိတ္တ ကုဋိပုဒ်ကို ဝစနတ္ထပြု၍ ဥလ္လိတ္တာဝလိတ္တံ ကုဋိအရ ပြုလုပ်ပုံ ဖော်ပြပါ။

ဥဒ္ဓံ မုခံ ကတွာ လိတ္တံ ဥလ္လိတ္တံ၊ အဓော မုခံ လိတ္တံ အဝလိတ္တံ၊ ဥလ္လိတ္တဉ္စ အဝလိတ္တဉ္စ တံ ကုဋိ စာတိ ဥလ္လိတ္တာဝလိတ္တကုဋိ။

အတွင်း အပြင် လိမ်းကျံ ဆောက်လုပ်ထားအပ်သော ကျောင်းသည် ဥလ္လိတ္တာဝလိတ္တကုဋိ မည်ပါသည်။

---

● အသာမိကံ နှင့် အတ္တုဒ္ဒေသံ အရ အဓိပ္ပါယ် ရေးပါ။

(က) အသာမိကံ-ကျောင်းဒါယကာ မရှိခြင်း၊

(ခ) အတ္တုဒ္ဒေသံ မိမိနေဘို့ အတွက်ဖြစ်ခြင်းတည်း။

---

● ပမာဏိကာ အရ ကုဋိ ပမာဏကို ပြပါ။

အလျား

| | | | |
|---|---|---|---|
| အထွာ | ဘုရား, | မဇ္ဈိမ | ပကတိ |
| | ၁၂ | ၃၆ | ၅၄ |

အနံ

| | | | |
|---|---|---|---|
| အထွာ | ဘုရား | မဇ္ဈိမ, | ပကတိ |
| | ၇ | ၂၁ | ၃၁ ၁/၂ |

အလျား ၂၇–တောင်၊ အနံ ၁၅–တောင် တထွာနှင့် ၆ လက်သစ်။

ရှင်စေတ ဘဆ၊ မ-သုံးဆ၊ တို့က ထက်ဝက်တိုး။

[(ပဉ္စမအကြိမ်)]

မှတ်ရန်....ယခုကာလ ၁၂-လက်မ တပေ ခေါ်သော အသုံးသည် ပါဠိတော် အသုံးနှင့် ကွာခြားလေသည်။ ပါဠိတော်၌ ၁၂-လက်သစ်ကို တထွာဟု သုံးစွဲလေသည်။ အထူး သတိပြုမှတ်သားလေ။

---

● သပရိက္ခမန်၏ အမိပ္ပါယ်ကို ရေးပါ။

တလက်ကြောင်းပေါ်အတွင်း ဘီးတဖက် ထားကာ လှည်းတစီး မောင်းသာအောင် ကြား ဥပစာ ရှိခြင်းသည် သပရိက္ခမန် အရ အနက် အဓိပ္ပါယ် ဖြစ်ပါသည်။

---

● အလျား လျော့၍ အနံ ကျယ်ခြင်း၊ အနံ လျော့၍ အလျား ကျယ်ခြင်း ပြုလျှင် အာပတ် သင့်, မသင့်, ဆုံးဖြတ်ပါ။

ပမာဏထက် မည်သည့် ဘက်ကမှ တိုးချဲ့၍ မပြုကောင်းပါ၊ ဆံချည် တလုံးခန့် တိုးချဲ့လျှင်ပင် အာပတ်သင့်တော့၏၊ တဖက်ဖက် လျော့ခြင်းသည် လိုရင်းမဟုတ်။

---

● အလျား,အနံ တိုင်းသောအခါ အဘယ်ကဲ့သို့ တိုင်းတာရသနည်း၊ တိုင်းတာပုံကို ပြပါ။

(က) အလျား တိုင်းသောအခါ အပြင် အစွန်းမှစ၍ တိုင်းရပါသည်။

(ခ) အနံ တိုင်းသောအခါ အတွင်း (ဂွင်ကျ) အစွန်းဘက်က တိုင်းရပါသည်။

---

● ပမာဏိကာ အရ အယုတ်ဆုံး ပမာဏအားဖြင့် ကုဋိလောက်သော အတိုင်း အရှည်ကို ပြပါ။

(ပဥ္စမအကြိမ်)

အယုတ်ဆုံး အားဖြင့် ၄-တောင် ပမာဏ ပတ်လည်ကျယ်သော ကုဋီသည် အယုတ်ဆုံး ပမာဏနှင့် ယှဉ်သော ကုဋီ မည်ပါသည်။

**မှတ်ရန်**....အချို့ဋီကာ၌ ၇-တောင် ပမာဏ, ရှေးဆရာများကား အနံ ၃-တောင်နှင့် တထွာ ပမာဏရှိသော ကုဋီသည် အယုတ်ဆုံး ပမာဏ၌ ယှဉ်သော ကုဋီဟု ဆိုကြ၏။

---

## သတ္တမ

● မဟလ္လကံအရ အဘယ်ထက် ကြီးသည်ဟု မှတ်ရမည်နည်း။

သညာစိကာ ကုဋီထက် ပမာဏကြီးသည်ဟူ၍ မှတ်ရပါသည်။

---

● အဘယ့်ကြောင့် သညာစိကာ ကုဋီထက် ကြီးရသနည်း။

သသာမိက, ပမာဏာ တိက္ကန္တ ၂-ချက်ကြောင့် ကြီးရပါသည်။

---

● အနာရမ္ဘ, သပရိက္ကမန အင်္ဂါများသည် အဘယ်အတွက်ဖြစ်သနည်း၊ ၎င်းအင်္ဂါ တခုခုချို့လျှင် အဘယ်အာပတ် သင့်သနည်း။

အနာရမ္ဘ, သပရိက္ကမန အင်္ဂါ ၂-ပါးသည် ကျောင်းနေရာအတွက် ပြသော အင်္ဂါများ ဖြစ်ပါသည်၊ ၎င်းအင်္ဂါ တခုခုချို့လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။

(ပဌမအကြိမ်)

● ဘိက္ခုု ဝါ အနဘိနေယျ ဝါကျကို သံဃာဒိသေသောနှင့် စပ်၍ ရဟန်းတို့ကို ကျောင်းနေရာ ကြားရန် မပင့်ခဲ့သော် သံဃာဒိသိသ် အာပတ် သင့်၏ဟု မှတ်ရမည်လော။

ရဟန်းတို့ကို မပင့်လျှင် ဒုက္ကဋ် အာပတ်သာလျှင် သင့်ပါသေးသည်၊ သံဃာဒိသိသ် အာပတ် မသင့်ပါ။

---

● သညာစိက ကုဋိဆောက်လုပ်ရာတွင် သာရမ္ဘ,အပရိက္ကမန,အဒေသိတဝတ္ထု, ပမာဏာတိက္ကန္တ-တခုခု ချို့ယွင်းလျှင် အဘယ် အပြစ်များ ရောက်သနည်း၊ အသီးအသီး ခွဲပြပါ။

(က) သာရမ္ဘ နှင့် အပရိက္ကမန ချို့ယွင်းလျှင် ဒုက် အာပတ် သင့်ပါသည်။

(ခ) အဒေသိတ ဝတ္ထု နှင့် အပရိက္ကမန တခုခုချို့ယွင်းလျှင် ထုလ္လစ္စည်း အာပတ် သင့်ပါသည်။

---

● အဒေသိတဝတ္ထု, ပမာဏာတိက္ကန္တ ကျောင်းကို ပြုလျှင် အဘယ်အခါ အဘယ် အာပတ် သင့်သနည်း။

၁။ နောက်ဆုံး အင်္ဂတေ မြေညက်ကို လိမ်းကျံပြီးလျှင် သံဃာဒိသိသ် အာပတ် သင့်ပါသည်။

၂။ နောက်ဆုံး၏ ရှေ့ ဒုတိယ အင်္ဂတေနှင့် မြေညက်အဆိုင်ကို လိမ်းကျံသောအခါ ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

၃။ သစ်, ဝါး, ထား, ပုဆိန် ရှာမှီးခြင်းစသော ပယောဂ အားလုံးတို့၌ ပယောဂအားလျော်စွာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ပဉ္စမအကြိမ်)

## အဋ္ဌမ

● ဒုဋ္ဌ, ဒေါသ, အပ္ပတိတ သုံးပုဒ်လုံး အနက် အရကောက်တူပါ လျက် အဘဲ့ကြောင့် အထပ်ထပ် ဟောရသနည်း။

(၁) ဒုဋ္ဌောပုဒ်ဖြင့်-မိမိကိုယ်ကို ရှေးဦးစွာ ဒေါသက ဖျက် ဆီးအပ်ပုံ, ထိခိုက်ပုံ ဒုသိတာကာရကို ပြ၏။

(၂) ဒေါသောဖြင့် ဒေါသ၏ အစွမ်းအားဖြင့် သူတပါး အား ဖျက်ဆီးပုံ ဒူသနာကာရကို ပြ၏။

(၃) အပ္ပတိတ ပုဒ်ဖြင့် ဒေသနာ ဝိလာသ, ဝေနေယျဇ္ဈာ သယ ပဒတ္ထုတိ အကျိုးကိုပြ၏။

(အမှန်မှာ ဒုဋ္ဌ ဒေါသ အပ္ပတိတ အရတူ၍ ဤသုံးပုဒ်လုံးပင် ပရိယာယ် ချည်းသာ)

---

● အမူလကဟူရာ၌ အဘယ်အားဖြင့်, အမူလ, အဘယ်အားဖြင့် အမူလက မည်သနည်း။

(၁) မြင်ခြင်း, ကြားခြင်း, ယုံမှားမရှိခြင်းသည် အမူလ မည်၏။

(၂) စွပ်စွဲကြောင်း အာပတ်သည် အမူလက မည်၏။

---

● မုချ ပါရာဇိကကျနေသော ရဟန်းအား ဒိဋ္ဌ,သုတ,ပရိသင်္ကိတ မရှိဘဲ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော် အာပတ် သင့်, မသင့် ဆုံးဖြတ်ပါ။

အမူလကာသာလျှင် ပမာနဖြစ်သောကြောင့် မြင်,ကြား,ယုံ မှားမရှိဘဲ စွပ်စွဲခဲ့သော် အာပတ်သင့်ပါသည်။

(ပဌမအကြိမ်)

ဣမသ္မိံ သိက္ခာပဒေ စုဒိတကဿ ပါရာဇိကာပတ္တာနာ ပန္နတ္တံ အပ္ပမာဏံ, အမူလကာမေဝ ပမာဏန္တိ ဝေဒိတဗ္ဗံ၊ တံပန သော အာပန္နော ဝါ ဟောတု, အနာပန္နော ဝါ၊ တံ ဣဓ အပ္ပမာဏံ။

● အနုဒ္ဓံသေယျ၌ စွပ်စွဲကြောင်း စောဒနာ ၄-မျိုး ရေးပါ။

(၁) ဝတ္ထုသန္ဒဿန=သင်သည် မေထုန် မှီဝဲပြီဟု ဝတ္ထုကို ပြ၍ စွပ်စွဲခြင်း၊

(၂) အာပတ္တိသန္ဒဿန=သင် ပါရာဇိက ကျပြီဟု အာပတ်ကိုပြ၍ စွပ်စွဲခြင်း၊

(၃) သံဝါသ ပဋိက္ခေပ=သင်နှင့်အတူတကွ ကံကို မဆောင်နိုင်ဟု စွပ်စွဲခြင်း၊

(၄) သာမိစိပ္ပဋိက္ခေပ=ရှိမခိုး, ဝတ်မပြုဘဲနေခြင်း။

● အဘယ်အလိုဆန္ဒဖြင့် စောဒနာမှ သံဃာဒိသိသ် အာပတ် သင့်သနည်း။

သာသနာမှ ရွေ့လျောစေလိုသော ဆန္ဒနှင့် စောဒနာမှ သံဃာဒိသိသ် အာပတ် သင့်ပါသည်။

● ကွယ်ရာမှာ သတင်းလွှင့်လျှင် အဘယ်အာပတ် သင့်သနည်း။

ကွယ်ရာမှာ အာပတ်အမျိုးမျိုးနှင့် မကောင်းသတင်း လွှင့်လျှင် ဒုက် အာပတ် သင့်ပါသည်။

အသမ္မုခါ ပန သတ္တဟိ အာပတ္တိက္ခန္ဓေဟိ ဝဒန္တဿ ဒုက္ကဋံ။
(ပဉ္စမအကြိမ်)

- ဆဲရေးလို၍ ခွင့်မတောင်းဘဲ စောဒနာသော ရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း။

(က) ဆဲရေးလိုသောကြောင့် စောဒနာလျှင် ပါစိတ် အာပတ် သင့်၏။

(ခ) ခွင့်မတောင်းဘဲ စောဒနာလျှင် ဒုက် သင့်၏။

---

## နဝမ

- ဤ နဝမ အညဘာဂိယ သံဃာဒိသိသ် သိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို အကျဉ်းရေးပြပါ။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဘုရားသခင် သီတင်း သုံးတော်မူသောအခါ, ခုနစ်နှစ်သား အရွယ်က ရဟန္တာ ဖြစ်၍ ဒဗ္ဗ အမည်ရှိသော မလ္လမင်းသား ရဟန်းတော်သည်, ဆွမ်း ညွှန်း ဘုန်းကြီး (ဆွမ်း စား ကျောင်း ဘုန်း ကြီး) ကျောင်း ပြင် (ဘဏ္ဍာစိုး) ဘုန်းကြီးအဖြစ်ဖြင့် ရာထူး ခန့်အပ်ခြင်း ခံတော်မူ ရ၏။

မေတ္တိယနှင့် ဘုမ္မဇက ရဟန်းကျော် ၂-ပါးသည် အငယ်ဆုံး (သံဃနဝ) ဖြစ်ကြ၍ ဘုန်းကံလည်း အလွန် ညံ့ကြကုန်၏။ (အကျင့်သီလလည်း များစွာ မကောင်းကြပေ။)

ဆွမ်းဟင်းအကောင်းစားတို့ဖြင့် သံဃာ ၃-ပါး, ၄-ပါးမျှကို အမြဲ ဆွမ်း ကပ် လေ့ ရှိသော ဒါယကာတဦးသည် ဆွမ်းစား ကျောင်း ဘုန်းကြီး ဦးဒဗ္ဗထံသို့လာ၍ "အဘယ် သံဃာများ ရပါ

(ပဋ္ဌမအကြိမ်)

မည်နည်း''ဟု သံဃာပင့်လေ၏၊ ''နက်ဖန် မေတ္တိယနှင့် ဘုမ္မဇက တို့ အလှဲ့ကျနေလို့ သူတို့ဘဲ ကြွကြလိမ့်မည်''ဟု မိန့်လိုက်၏။

နာမည်ကြီးသော မေတ္တိယနှင့် ဘုမ္မဇက ကြွကြလိမ့်မည် ဆို ဏတည်းက သဘောမကျလှ၍ အိမ်သို့ ရောက်သောအခါ ကျွန်မ အား ''နက်ဖန် မေတ္တိယနှင့် ဘုမ္မဇကတို့ ကြွကြလိမ့်မည်၊ အပြင် ဘက် ကွပ်ပျစ်ပေါ်မှာ နေရာခင်းပြီး တော်အိ့ လျော်အိ ကြည့် လုပ်လိုက်''ဟု မှာထားလေ၏၊ မေတ္တိယနှင့် ဘုမ္မဇက တို့သည် ကျောင်းပြန် ထိုင်မှိုင်ပြီး ''ကိုဒဗ္ဗရဲ့ လက်ချက် ဖြစ်မှာဘဲ''ဟု စိတ်ညစ်တော် မူနေကြလေသည်။

ထိုအခါ မေတ္တိယအမည်ရှိသော ဘိက္ခုနီမ တဦးနှင့် ဦးဒဗ္ဗ အား မဟုတ်မတရား စွပ်စွဲမှုအတွက် ပဌမ ဒုဋ္ဌဒေါသသိက္ခာပုဒ် ပညတ်ရ၏။ ပဌမ စွပ်စွဲချက် ရှုံးသည့်အတွက် အချက်ကောင်း ချောင်းနေသော မေတ္တိယနှင့် ဘုမ္မဇကတို့သည် တနေ့သော အခါ ဂိဇ္ဈကုဋ် တောင်မှအဆင်း ဆိတ်သိုး အဖိုကြီးတကောင် သည် ဆိတ်မတကောင်၌ ကျင့်ကြံနေသော အမူအရာကို မြင်ကြ ကုန်သည်ရှိသော် ''အချက်ပေါ်၍ ကော်ပြီ''ဆိုပြီး ဆိတ်သိုးကြီး ကို ဒဗ္ဗ၊ ဆိတ်မကလေးကို မေတ္တိယ ဘိက္ခုနီမ ဟု အမည်ပေးကြ လျက် 'ရှင်ဒဗ္ဗနှင့် မယ်မေတ္တိယတို့ တပ်အပ်တကာယ် မဖွယ်မရာ ကျင့်ကြံ၍ နေကြသည်ကို မြင်ခဲ့ရကြောင်း မကောင်းသတင်း အဆင့်ဆင့် လွှင့်သဖြင့် ဤဒုတိယ အညဘာဂိယ သိက္ခာပုဒ်ကို ပညတ်တော် မူခဲ့ရပြန်ပေသည်။

---

အညဘာဂ၊ အညဘာဂိယ ၂-ပုဒ်ကို စေနဟ္ဗပြု၍ အရကောက် ပြီး အဓိပ္ပါယ် ရှင်းပြပါ။

(ပဉ္စမအကြိမ်)

(၁) အညော ဘာဂေါ အညဘာဂေါ၊ ရှင်ဒဗ္ဗ၏ လူ့ဇာတ်,ဘိက္ခုဘောမှ တပါးသော ဆိတ်ဖိုကြီး၏ တိရစ္ဆာန်ဇာတ် ဆိတ်သိုးဖြူကြီးအဖြစ် (ဆ ဂ လ ဘာ ဝ)ကို အညဘာဂ အရ ကောက်။

(၂) အညဘာဂိယ အရ ရှင်ဒဗ္ဗ၏ ခန္ဓာဒြဗ်မှ တပါး ဆိတ်သိုးဖြူကြီး၏ ခန္ဓာဒြဗ်ကို ကောက်။

(၃) ဆိတ်သိုးဖြူကြီး၏ အမှုအကျင့်ကို ရှင်ဒဗ္ဗ၏အမှုအကျင့်ဟု စွပ်စွဲသည်၊ ဆိတ်မလေး၏ အမှုအကျင့်ကို မယ်မေတ္တိယ၏ အမှုအကျင့် လုပ်၍ စွပ်စွဲသည်။

---

● အဓိကရဏ အရ ဝိဝါဒါဓိကရဏ စသည်ကို ယူရ အံ့လော၊ အဘယ်ကို ယူရမည်နည်း။

အရဋ္ဌကထာနှ မဟုတ်လှ၍ ဝိဝါဒါ ဓိကရဏ စသည်ကို ကျဉ်၍ အဓိကရဏ အရ မကောက်ရ၊ ရှင်ဒဗ္ဗကြီးဟု အမည်ပြောင်းလွှဲ ပေးအပ်တပ်ထားသော ဆိတ်သိုးကြီးကိုသာ အဓိကရဏဟု ယူ။

---

● လေသ ၁၀-ပါးကို ရေတွက်ပြပါ။

လေသာ ဇာတိ နာမ ဂေါတ္တ,
လိင်္ဂါ ပတ္တိ ဝသာ ပိ စ၊
ပတ္တ စီဝရ ပဏ္ဏာယာ,
စရိယာ ဝါသ ဝသာ ဒသ။

ဇာတိ၊ နာမ၊ ဂေါတ္တ၊ လိင်္ဂ၊ အာပတ္တိ၊ ပတ္တ၊ စီဝရ၊ ဥပဇ္ဈာယ၊ အာစရိယ၊ အာဝါသ= ၁၀-ပါး။

(ပဌမအကြိမ်)

ဒသမ

● သမဂ္ဂဿ သံဃဿအရ သံဃ သာမဂ္ဂီ ဖြစ်ပုံ ပြပါ။

(၁) ဟတ္ထပါသ၊ ကပ်တုံက၊ ကာယသာမဂ္ဂီ၊

(၂) ဆန္ဒ လာရောက်၊ မျက်မှောက် ရှိက၊ မမြစ်တ၊ စိတ္တ သာမဂ္ဂီ၊

(၃) ကိုယ် စိတ် နှစ်ဖြာ၊ ညီညွတ် လာ၊ သံဃာသာမဂ္ဂီ။

---

● သံဃဘေဒ အဓိကရဏနှင့် အညာဘာဂိယ အဓိကရဏ ၂-ပါး တို့၏ အထူးကို ရေးပြပါ။

(၁) သံဃဘေဒ အဓိကရဏ အရကား– ဘေဒကရဝတ္ထု ၁၈-ပါး ရ၏။

(၂) အညာဘာဂိယ အဓိကရဏမှာ-ဆိတ်ဖြူကြီး ရ၏။

---

● "ဘေဒါယ ပရက္ကမေယျ" အဓိပ္ပါယ်နှင့် "အဓိကရဏံ ဝါ သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ" အဓိပ္ပါယ် အထူးပြပါ။

(၁) ပရက္ကမေယျကား–ဘယ်ပုံ ဂိုဏ်း ခွဲရပါ အံ့ နည်း ဟု ကြံစည်၍ အသင်း အစည်း အရုံး တည်ထောင် ဖွဲ့ စည်းခြင်းတည်း။

(၂) ပဂ္ဂယှ တိဋ္ဌေယျကား– ဘေဒကရ ဝတ္ထု တို့ကို ကျေငြာခြင်း, ဝါဒဖြန့်ခြင်းပင်တည်း။

တနည်း–

(၁) ပရက္ကမနကား – အကြောင်းရင်း မူလကာရဏ၊

(၂) တိင္ဒွေယျကား — နိုးကပ်သော အာသန္န ကရဏ အကြောင်း။

---

● ဤ ပရသမန, သမာဒါန ကိစ္စများ ဆောင်ရွက်သော အခါ၌ အဘယ်အာပတ် သင့်သနည်း။

အားလုံးသော ကိစ္စများကို ဆောင်ရွက်ရာ ပယောဂတိုင်း၌ ဒုက် အာပတ် သင့်ပါသည်။

---

● သံဃာ ကွဲပြားအောင် လုပ်နေသော ရဟန်းကို မြင်ပါ, ကြားပါလျက် မဆုံးမဘဲ နေသော ရဟန်းအားရင်း, သူတပါးအား စေခိုင်း၍ ကိုယ်စား အဆုံးမ ခိုင်းသော ရဟန်း အားရင်း အဘယ် အာပတ် သင့်ပါသနည်း။

၂-နည်းလုံး၌ ဒုက် အာပတ် သင့်ပါသည်။

(က) ဒိသွာ ဝါ သုတွာ ဝါ အဝဒန္တာနံ ဒုက္ကဋံ၊

(ခ) ဒူတံ ဝါ ပဏ္ဏံ ဝါ ပေသေတွာ ဝဒတော ပိ အာပတ္တိတော မောက္ခာ နတ္ထိ။ (ဒုက် အာပတ်သင့်၏)

---

● အဘယ် အရပ်ဒေသ ပမာဏ အတွင်း အထိ မဆုံးမလျှင် အာပတ်သင့်၍ အဘယ်အရပ်ဒေသ၌ အပြစ်လွတ်သနည်း။

(က) ယူဇနာခွဲ အတွင်း၌ ကြားလျက် မဆုံးမလျှင် ဒုက် အာပတ် သင့်ပါသည်။

သမန္တာ အဍ္ဍယောဇနေ ဘိက္ခုနံ ဘာရော၊

(ခ) ယူဇနာခွဲထက် ဝေးသော အရပ်၌ ကြား၍ မဆုံး မလျှင် အပြစ်မရှိပါ၊ သို့သော် ကျန်းမာလျှင် သွား ၍ ဆုံးမရန် ဝတ္တရားရှိ၏။

ပဟောသန္တေ ပန ဒူရမ္ပိ ဂန္တဗ္ဗံ, အဂိလာနေန ဟိ ဒူရေ ပိ ဘာရော ဃဋေ၀။

---

● သမန္တပါသာဒိကာ ပြုပါလျက် အယူမစွန့်သော ရဟန်းအား အဘယ် အခါ၌ အဘယ်အာပတ် သင့်သနည်း။

(က) ဥတ်ဖြင့် ဒုက်၊

(ခ) ကမ္မဝါစာ နှစ်ကြိမ်ဖြင့် ထုလ် ၂-ချက်၊

(ဂ) သောဘာသေယျ၌ ယျ အက္ခရာ ရောက်သော အခါ ဒုက် နှင့် ထုလ် ငြိမ်းပျောက်ပြီး သံဃာဒိသေသ သင့်တော့သည်။

---

● ဒုက် နှင့် ထုလ် ငြိမ်းပျောက်ရာ, သင့်ပြီးမှ ငြိမ်းပျောက် သလော၊ မသင့်ဘဲ ငြိမ်းပျောက်သလော၊ ဖြေရှင်းပါ။

(၁) မဟာသုမ ထေရ်က မသင့်ဘဲ ငြိမ်း၏ဟု ဆို၏၊

(၂) မဟာပဒုမ ထေရ်က သင့်ပြီးမှ ငြိမ်း၏ဟု ဆို၏၊ အကယ်၍ မသင့်သေးလျှင် ငြိမ်းပျောက်ရန် မလိုဟု အကြောင်း ပြ၏၊

(ပဉ္စမအကြိမ်)

## ကောဒသမ

● ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ ဒေဝဒတ်၏ နောက်သို့ပါသွားကြသော ရဟန်း ၅၀၀-ကို ရည်ရွယ်ဟောပါလျက် အဘယ်ကြောင့် ကော ဝါ ဒွေ ဝါ တယော ဝါ ဟူ၍ သာလျှင် ဆိုအပ်ပါသနည်း။

ရဟန်း ၅၀၀-ကို ရည်ရွယ်သည် မှန်သော်လည်း သမနုဘာသနကံ ပြုရာ အခါ ၄-ပါး အထိ တပြိုင်နက် သံဃာက သံဃာကို ကံ မပြုကောင်း သောကြောင့် ကော ဝါ စသည်ကို ဆိုပါသည်။

(ဥက္ခေပနီယကံ စသည်ကား အများသံဃာကိုပင် တကြိမ်တည်း, တပြိုင်တည်း ပြုကောင်းပါသည်။)

ယသ္မာ န သံဃော သံဃဿ နိဂ္ဂဟာဝသေန ကမ္မံ ကရောတိ၊ တသ္မာ ကော ဝါ ဒွေ ဝါ တယော ဝါတိ ဝုတ္တံ၊ ဥက္ခေပနီယကာဒိ ကမ္မံ ပန ဗဟူနမ္ပိ ကမ္မံ ကာတုံ ဝဋ္ဋတိ ယေဝ။

---

## တေရသမ

● နဂရကို ဂါမ,နိဂမတို့တွင် အဘယ်၌ သွင်းအပ်သနည်း။

နဂရမ္ပိ ဂါမေ အန္တောဂဓမေဝ၊ (ဂါမ၌ သွင်းယူ)

တနည်း အဝုတ္တသမုစ္စယ ဝါ သဒ္ဒါဖြင့် နဂရကို ယူ။

---

● အမျိုးအား ဖျက်ဆီးပုံကိုပြပါ။

သစ်သီး, ပန်း သည်ပေး၍ ဒါယကာတို့ကို အရောတဝင်

(ပ,မအကြိမ်)

ခင်မင်ရောရှက်မှုပြုသော ရဟန်းသည် မိမိလို လက်ဆောင်မထိုး ရိုးရိုး ရဟန်းကောင်းတို့အား မကြည်ညိုတတ်အောင် ပြုလုပ်ခြင်း သည် အမျိုးတို့၏ သဒ္ဓါတရားကို ဖျက်သည် မည်ပါ၏။

---

● ကုလဒူသန ဝတ္ထု ၈-ပါးကို ရေးပြပါ။

ပွင့်, သီး, မှုံ့, မြေ၊ ဝါး, ပူ, ခြေ၊ ဝဇ္ဇေ ဒူ ရှစ်ဖြာ။
ပုပ္ဖဒါန, ဖလဒါန, စုဏ္ဏဒါန, မတ္တိကာဒါန,
အန္တကဋ္ဌဒါန, ဝေဠုဒါန, ဝဇ္ဇိက, ဇင်္ဃပေသနိယ။

---

● ဂါမ နိဂမ နဂရတို့၏ အထူးကို ပြပါ။

(က) တံတိုင်းနှင့် ဈေးမရှိသော အရပ်သည် ဂါမ။
(ခ) တံတိုင်းမရှိ ဈေးသာရှိလျှင် နိဂမ။
(ဂ) တံတိုင်း ဈေး ၂-ပါးစုံရှိလျှင် နဂရ။

တံတိုင်း ဈေးနှ၁၊ မရှိပါ၊ ရွာသာ မည်လသော။
တံတိုင်းမလုံ၊ ဈေးသာစုံ၊ နိဂုမ် အမည်ပေး။
တံတိုင်းရံပြု၊ ဈေးလည်းပြု၊ မြို့ဟုအမည်ပေး။

---

● ကုလဒူသက ရဟန်းအား အဘယ်ကံ ထိုက်သနည်း။

အာယသ္မာ ခေါ် ကုလဒူသကော အစရှိသော ဝါကျဖြင့် ကုလဒူသက ရဟန်းအား ပဗ္ဗာဇနီယကံ ထိုက်ကြောင်း ပြ၏။

---

● ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်းသည် အဘယ်ဌာန၌ နေခွင့် ရှိ၍ အဘယ် ဌာန၌ နေခွင့် မရှိသနည်း။

(ပဥ္စမအကြိမ်)

အကြွင်ရွာ, နိဂုမ်း, ကျောင်း၌ ပဗ္ဗာဇနိယကံ အပြုခံရ၏။ ထိုရွာ, နိဂုမ်း, ကျောင်းတို့၌ နေခွင့်မရှိ၊ ၎င်းနယ်နိမိတ် အပြင်ဘက် အရပ်မှာသာ နေကောင်း၏။

---

● ကုလဒူသန အမှုပြုခြင်း ၎င်းအမှုဖြင့်ရသော ပစ္စည်းကို သုံးဆောင်ခြင်းတို့၌ အဘယ်အာပတ်သင့်သနည်း။

(က) ကုလဒူသန အမှုပြုလျှင် ဒုက်။
(ခ) ၎င်းဖြင့် ရသော ပစ္စည်းသုံးစွဲလျှင်လည်း ဒုက်။

---

● မိမိပစ္စည်း ဘုရားပစ္စည်း သံဃိက ပစ္စည်းကို ဒါယကာဒါယိကာမတို့အားပေးလျှင် အဘယ်အာပတ် သင့်သနည်း။

(၁) မိမိ ပစ္စည်းကို ပေးလျှင် ဒုက်။
(၂) ဘုရား, သံဃာတို့ ပစ္စည်းကို အစိုးတရ ကိုယ်ပိုင်အနေ ပေးလျှင် ထုလ်။
(၃) ဘုရား, သံဃာတို့ ပစ္စည်းကို အနိုင်ကျင့်၍ ပေးလျှင် တမတ်တန်ကစ၍ ပါရာ။

---

● ကုလဒူသက သိက္ခာပုဒ်၌ ပဏ္ဏမတော ယသ္မာ စသော ဝါကျကို အဘယ်သဘောအားဖြင့် ၂-ကြိမ်ဆိုရပါသနည်း။

(က) ရှေ့ဝါကျကို ကံပြုထိုက်ကြောင်း ပြသော အားဖြင့် ဆို၏။
(ခ) နောက်ဝါကျကို ကံပြုသော ရဟန်း၏ အစွမ်းဖြင့် ဆို၏။

(ပဉ္စမအကြိမ်)

● ပရိဂ္ဂါသ်ပုဒ်ကို ဝစနတ္ထပြု၍ ပရိဂ္ဂါသ် ၃-ပါး ရေးပြပါ။

(က) ဒိဝသ မာသ သံဝစ္ဆရာဒသေန ပရိစ္ဆိန္ဒိတွာ ဝသန့် ပရိဂ္ဂါသော။

(ခ) ၁-ပဋိစ္ဆန္န ပရိဝါသ၊
၂-သုဒ္ဓန္တ ပရိဝါသ၊
၃-သမောဓာန ပရိဝါသ ၃-ပါး။

● သုဒ္ဓန္တ ပရိဝါသ်အပြား ဖော်ပြပါ။

(၁) စူဠသုဒ္ဓန္တ၊

(၂) မဟာသုဒ္ဓန္တ ၂-ပါး။

● သမောဓာန ပရိဝါသ် အပြား ဖော်ပြပါ။

(၁) ဩဓာန သမောဓာန၊

(၂) အဂ္ဃသမောဓာန၊

(၃) မိဿက သမောဓာန ၃-ပါး။

● ပရိဝါသ်ပျက်ကြောင်း အင်္ဂါ ရေးပါ။

(၁) သဟဝါသ-ပကတတ် ရဟန်းတို့နှင့် တမိုးတရံ တည်း အိပ်ခြင်း၊

(၂) ဝိပ္ပဝါသ- ပကတတ်ရဟန်းတို့နှင့် ကွေကွင်းကွဲကွာ၍ နေခြင်း၊

(၃) အနာရောစန- ဝတ်မကြားဘဲ နေခြင်း။

[(ပဋ္ဌာအကြီး)

● သဟာဝါသအရ အဘယ် ဣရိယာပုထ်ကို ယူရသနည်း။

ပကတတ် ရဟန်းတို့နှင့် တမိုးဘရံ ဘည်း၌ အတူအိပ်ခြင်း ဣရိယာပုထ်ကို မယူရပါ။

သဟာဝါသောတိ-နာနူပစာရေ ပိ ဧကစ္ဆန္နေ ဘိက္ခုနာ သဒ္ဓိံ သယနမေဝ အဓိပ္ပေတံ, န သေသဣရိယာပထကပ္ပနံ။

---

● မာနတ်ပျက်ကြောင်း အင်္ဂါရေတွက်ပြပါ။

(၁) သဟာဝါသ၊
(၂) ဝိပ္ပဝါသ၊ } ပရိဝါသ်ပျက်ကြောင်းနှင့် ဤ ၃-ပါးမှာ တူ၏။
(၃) အနာရောစန
(၄) ဦနေ ဂဏေ စရဏ ၄-ပါး။

---

● ဦနေ ဂဏေ စရဏ၌ ဂဏအရ ပြပါ။

ဂဏောတိ-စတုအာဒိ ဘိက္ခုဂဏော, န တယော၊ ဂဏအရ ၄-ပါး စသည်ယူ, ၃-ပါး မဟုတ်။

---

● ပရိဝုတ္ထ ပရိဝါသပုဒ်ကို ဝစနတ္ထပြု၍ အရ ကြားပါ။

(က) ပရိစ္ဆိန္ဒိတွာ ဝသိတောတိ ပရိဝုတ္ထော-ပရိဝါသ်ရ၏။

(ခ) ပရိစ္ဆိန္ဒိတွာ ဝသနံ ပရိဝါသော-ဝိနယကမ္မရ။

(ဂ) ပရိဝုတ္ထော ပရိဝါသော အနေနာတိ ပရိဝုတ္ထ ပရိဝါသော။

ပရိဝါသ် ဆောက်တည်ပြီးခြင်း ရှိသော ဝုဟာန်း ရေး။

---

ဆာရတ္တံ ဟု အစ္စန္တ သံယောဂ နှင့် ဆိုခြင်းကြောင့် ရက်ခြား ရက်ဖြတ်၍ မာနတ် ကျင့်ကောင်း, မကျင့်ကောင်း ဆုံးဖြတ်ပါ။

ဆာရတ္တံ ဟု အစ္စန္တ သံယောဂနှင့် ဆိုသော်လည်း ရက်၏ အရေအတွက် မယုတ်, မလျော့ စေခြင်း ငှာသာ ဆိုပါသည်၊ ရက်ခြား, ရက်ဖြတ် ကျင့်ကောင်း၏။

---

ဂါရယှာ ဟူသော ပါဠိဖြင့် အဘယ်နည်း အားဖြင့် အသ ပြစ်ချက်ကို ပြသနည်း။

ဒုက် အာပတ် သင့်ခြင်းကြောင့် ကဲ့ရဲ့အပ်သော အကျိုး ဖြစ်၏။ ထို့ကြောင့် အကြောင်း ဒုက် အာပတ်၏ အပေါ်၌ အကျိုး ဂါရယှ၏ အမည်ကို တင်စား၍ ဖလူပစာ အားဖြင့် ဒုက္ကဋ် အာပတ်အပြစ်ကို ပြပါသည်။

---

အယံ တတ္ထ သာမိစိအရ ငှင်းသာမိစိဝတ် ပျက်ကွက်ကို အဘယ် အပြစ် ရှိသနည်း။

သာမိစိ ဝတ်ပျက်လျှင် ဒုက္ကဋ် သင့်ပါသည်။

သံသာဒိသေသဒွေသ ပြီးပြီ။

---

(ပဉ္စမအကြိမ်)

# ၄-အနိယတုဒ္ဒေသ

● အနိယတုဒ္ဒေသကို အဘယ် အကျိုးငှာ ဟောတော် မူပါသနည်း။

အမှုသည် စုဒိတက ပုဂ္ဂိုလ်က ဝန်ခံမှသာ ဆုံးဖြတ်အပ်၏ဟု ပြတော် မူခြင်းငှာ အနိယတကို ဟောတော်မူပါသည်။

---

● လဇ္ဇီ အလဇ္ဇီ ၂-မျိုးလုံး ဝန်ခံချက်ရမှ ဝန်ခံချက်အတိုင်း ဆုံးဖြတ်ရပါသလော။

(က) ပဋိညာလဇ္ဇီသုကတာ=လဇ္ဇီများ အားသာ ပဋိညာဏ်အတိုင်း ဆုံးဖြတ်ရပါသည်။

(ခ) အလဇ္ဇီသော တံ န ဝိဇ္ဇတိ = အလဇ္ဇီ များမှာ ပဋိညာဏ်အတိုင်း ဝါ-အမှုသယ် ပြောတိုင်း မဆုံး ဖြတ်ရပါ။

---

● အလဇ္ဇီ များအား မြင်သလို ကြားသလို မဟုတ်ဘဲ ကွယ်ဝှက် ၍ ဖြောင့်ချက် မရလျှင် အဘယ်ကဲ့သို့ ဆုံးဖြတ်ရမည်နည်း။

ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ,
ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ၊
ဒိဋ္ဌံ ပဋိစ္စ န ဥပေတိ,
အသုဒ္ဓ ပရိသင်္ကိတော။

ဖြောင့်ချက်မရ ကွယ်ဝှက်နေလျှင် အသုဒ္ဓ ပရိသင်္ကိတ ဝါ- နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ရပါသည်။

(ပဉ္စမအကြိမ်)

● မာတုဂါမ အရ အဘယ်ကို ယူရမည်နည်း။

ကာယသံသဂ္ဂအတိုင်း မွေးစက စ၍ ယူရပါသည်။

---

● ဓကော ကောယ ဆိုခြင်းကြောင့် မာတုဂါမ အများနှင့် နေထိုင်လျှင် အပြစ် ရှိ,မရှိ ဆုံးဖြတ်ပါ။

တရာပင် ဖြစ်စေကာမူ လျှို့ဝှက် တတ်သောကြောင့် အာပတ် သင့်၏၊ တယောက်ချင်းကဲ့သို့ အပြစ် ရှိသည်ပင်။

ဂုတ္တိနံ ဟိ သတမ္ပိ အနာပတ္တိ န ကရောတိ, အညမညိသာ ဝဇ္ဇပ္ပဋိစ္ဆာဒနတော။

---

● ရဟော အရ သရုပ်ပြ၍ အဘယ်ရဟော ဆုံးဖြတ်ပါ။

(က) စက္ခုရဟော,

(ခ) သောတရဟော ၂-မျိုး၊

၎င်း၌ ပဋိစ္ဆန္နေ ဆိုခြင်းကြောင့် စက္ခုရဟောကိုသာ ပဋိစ္ဆန္နဟု ယူရပါသည်။

---

● နိသဇ္ဇံ ကပ္ပေယျ အရ ထိုင်နေခြင်း ဣရိယာပုထ် တပါးတည်း ယူရမည်လော။

အိပ်ခြင်း ဣရိယာပုထ်ကိုလည်း ထိုင်ခြင်း၌ သွင်း၍ ဣရိယာ ပုထ် ၂-ပါးကို ယူရပါသည်။

တေ္တ စ သယနမ္ပိ နိသဇ္ဇာယ ဧဝ သင်္ဂဟိတံ။

((ပဌမအကြိမ်)

ဒုတိယ အနိယတ၌ ရဟာအရ အဘယ်နည်း။

(က) နဟေဝ ခေါ ပန ပဋိစ္ဆန္နံ ဟူ၍ရင်း, ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဟူ၍ရင်း ဟောခြင်းကြောင့် သောတ ရဟောကိုသာ ယူ၊
သောတဿ ရဟော ဣဓ အဓိပ္ပေတော။
(သာရတ္ထ)

(ခ) ကာယ ဖြင့်လည်း ဒုဋ္ဌုလ္လ အမှုပြုနိုင်သောကြောင့် စက္ခု, သောတ ရဟာ ၂-ပါးလုံးယူ။
(ဝိမတိ)

မှတ်ချက်။ ။သာရတ္ထက ရှေ့ရေး၊ ဝိမတိက နောက်ရေး၊ ရှုပသိဒ္ဓိ နှင့် နျာသ ဆရာတို့ကဲ့သို့ ကပ်ဖွဲ့လုပ်ကြ၏။

---

ပဌမ အနိယတ သံဃာဒိသေသ သိက္ခာပုဒ်နှင့် ဒုတိယ အနိယတ သံဃာဒိသေသ သိက္ခာပုဒ် အာပတ်ကို ထုတ်ပြပါ။

(၁) ပဌမ **အနိယတ** သံဃာဒိသေသကား ကာယသံသဂ္ဂ သိက္ခာပုဒ် ဖြစ်သည်။

(၂) ဒုတိယ **အနိယတ** သံဃာဒိသေသသည်ကား ဒုဋ္ဌုလ္လ သိက္ခာပုဒ် ဖြစ်သည်။

**အနိယတဒွေသ ပြီးပြီ။**

---

# ၅-ဝိတ္ထာရုဒ္ဒေသ

## နိဿဂ္ဂိယ ပါစိတ္တိယ

### စီဝရဝဂ္ဂ-ပဌမ

● သင်္ကန်း ၉-ထည် သချုပ် ရေတွက် ပြပါ။

(၁) သင်္ဃာဋိ,
(၂) ဥတ္တရာသင်္ဂ,
(၃) အန္တရဝါသက,
(၄) ဝဿိကသာဋိက,
(၅) နိသီဒန,
(၆) ပစ္စတ္ထရဏ,
(၇) ကဏ္ဍုပ္ပဋိစ္ဆာဒိ,
(၈) မုခပုဉ္ဆန,
(၉) ပရိက္ခာရစောဠ
သင်း,ကိုယ်,ဒု,အိပ်၊ မျက်,ပရိက်၊ နိသိဒ်,မိုးသ်း,အမာ။

---

● ကထိန် အာနိသင် အကျိုး ငါးပါး ရေတွက်ပြပါ။

(၁) အနာမန္တစာရ,
(၂) အသမာဒါနစာရ,
(၃) ယာဝဒတ္ထစီဝရ,
(၄) ဂဏဘောဇန,
(၅) ယော စ တတ္ထ စီဝရုပ္ပါဒ ၅-ပါး။

[(ပဌမအကြိမ်)]

အနာမန္တ၊ အသမာဒါ၊ ယာဝါ, ဂဏ၊ ဓယာတတ္တ၊ ပဋ္ဌ အာနိသင်။

---

ကထိန် နုတ်ကြောင်း မာတိကာ ရှစ်ပါး ရေးပါ။

(၁) ပက္ကမနန္တိကာ,
(၂) နိဋ္ဌာနန္တိကာ,
(၃) သန္နိဋ္ဌာနန္တိကာ,
(၄) နာသနန္တိကာ,
(၅) သဝနန္တိကာ,
(၆) အာသာဝစ္ဆေဒိကာ,
(၇) သိမာတိက္ကမနန္တိကာ,
(၈) သဟုဗ္ဘာရ=၈ ပါး။

ပက္ကမနန္တိကနိဋ္ဌာနံ,
သန္နိဋ္ဌာနဥ္စ နာသနံ၊
သဝနာ အာသာဝစ္ဆေဒိ,
သိမာ သဟုဗ္ဘာရဋ္ဌမံ။

---

သင်္ကန်းကို အဓိဋ္ဌာန် တင်ရာ၌ ပယောဂ အားဖြင့် ဘယ်နှစ်မျိုး ရနိုင်ပါသနည်း။

ကာယပယောဂ နှင့် ဝစီပယောဂ ၂-မျိုး ရပါသည်။

---

သင်္ကန်း ၃-၈ သည် [illegible] အဝါ အဟယ် အမည်နှင့် [illegible] ဋ္ဌာန် တင်ရသနည်း၊ အသေးအသိး ပြပါ။

တိစိဝရိက်ကို အမည်ရင်း အတိုင်းသော်ရင်း, တိစိဝရိက် အမည်ဖြင့် သော်ရင်း တင်ရပါသည်၊ အားလုံး ပရိက္ခာရ စောဠ အမည်ဖြင့်လည်း တင်ရပါသည်။

ပရိက္ခာရ၊ စောဠအသုံး၊ကိုးထည်လုံး၊ရှေးသုံးအစဉ်လာ။

---

● အဓိဋ္ဌာန် လောက်သော တိစိဝရိက် ပမာဏ ပြပါ။

တိစိဝရိက် အလျားမှာ ၄-တောင် နှင့် တောင်ဆုပ်စိမ်ညီရှိ၏။ ကိုယ်နှင့် ဒုအနံမှာ ၃-တောင်နှင့် တောင်ဆုပ်စိရှိရ၏၊ သင်းပိုင်းအနံမှာ ၂-တောင် ရှိရသည်။

ငါးတောင် တောင်ဆုပ်၊ သုံးတောင်ဆုပ်၊ ဒုကုဋ်ကိုယ်ရုံမှာ၊
အလျား ထိုဟန်၊ နှစ်တောင်နံ၊ တင်ရန် သင်းပိုင်မှာ။

---

● နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ ရှိသော သင်္ကန်း အဓိဋ္ဌာန် တင်ပုံကို ရေးပါ။

ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ ဟုတင်။

---

● ဟတ္ထပါသ်ထက် ပိုဝေးသော အရပ်၌ ရှိသော သင်္ကန်းကို အဓိဋ္ဌာန် တင်ပုံ ရေးပါ။

ဧတံ သံဃာဋိံ အဓိဋ္ဌာမိ၊
တံ သံဃာဋိံ အဓိဋ္ဌာမိ ဟု တင်။

ဧတာနိ တာနိ ဟု များရာ၌ ဆိုရပါသည်။

([illegible])

● အဓိဋ္ဌာန် ကျကြောင်း အင်္ဂါ ရေးပါ။

ပေးစွန့် ခိုးယူ၊ ကျွမ်းဝင်ယူ၊ လူထွက် ချ သိက္ခာ၊
သေဆုံး လိင်ပြန်၊ ပစ္စုဒ္ဓံ၊ ရှစ်တန် ကျ ဓိဋ္ဌာ၊
သင်း ကိုယ် ဒုအား၊ ပေါက်မှု ပွါး၊ ကိုးပါးကျကြောင်းလာ။

**မှတ်ချက်**။ ။(တိစီဝရိက်မှာ အလျားစွန်း တထွာအတွင်း၊ ကိုယ်ရှိ ဒုကုဋ္ဌတို့၌ အနံစွန်းမှ ရှစ်သစ်အတွင်း၊ သင်းပိုင်မှာ လေးသစ် အတွင်း၊ လက်သည်းဒု ပမာဏမျှ ပေါက်နေလျှင် အဓိဋ္ဌာန် ကျသည်။)

---

● ကုတင်၊ ခေါင်းအုံး၊ စောင်၊ ကော်ဇောအစရှိသော ဝတ္ထုပစ္စည်းပွဲ့ကို အဓိဋ္ဌာန် တင်အပ်၊ မတင်အပ် ဆုံးဖြတ်ပါ။

ကုတင်၊ ခေါင်းအုံး၊ စောင်၊ ကော်ဇော အစရှိသောဝတ္ထု ပစ္စည်းတို့ကို အဓိဋ္ဌာန် တင်ရန်မလိုပါ။

မဉ္စဘိသိ, ပီဌဘိသိ, ဗိမ္ဗောဟနံ, ပါဝါရော, ကောဇဝေါတိ ဧတေသု ပန။လ။ အဓိဋ္ဌာနကိစ္စံ နတ္ထိ ယေဝ။

---

● သေနာသန အသုံးအဆောင်များကို အဓိဋ္ဌာန် တင်သင့် မတင်သင့် ဆုံးဖြတ်ပါ၊

သေနာသန အသုံးအဆောင်တို့ကို အဓိဋ္ဌာန် တင်ရန်မလိုပါ။

သေနာသန ပရိက္ခာရတ္ထာယ ဒိန္န ပစ္စတ္ထရဏေ စ အဓိဋ္ဌာန ကိစ္စံ နတ္တိ ယေဝ။

---

● နိဋ္ဌိတ စီဝရသုံး၌ နိဋ္ဌိတ ,စီဝရ အရ ကောက်ပြပါ။

(က) နိဋ္ဌိတ အရ-နဋ္ဌ,ဝိနဋ္ဌ,ဒဍ္ဎ, စီဝရာသာဥပစ္ဆိန္နအားဖြင့် သင်္ကန်း ပလိဗောဓ ပြီးဆုံးမှု ရပါသည်။

(ပဉ္စမအကြိမ်)

(ခ) စိဝရ အရ-တိစိဝရိက်ကို ယူရပါသည်။

---

ဥဿုတသ္မိံ ကထိနေ ဆိုအပ်သည့် အဘယ် အကြောင်း အားဖြင့် ကထိန် နုတ်အပ်ပါသနည်း။

ရှစ်ပါးသော အကြောင်းအားဖြင့် နုတ်အပ်ပါသည်။

(ပက္ကမနန္တိကာ စသော အကြောင်း ရှစ်ပါးယူ)

---

ကတိန ကံသည် စတုဝဂ္ဂ ကရဏီယ စသော ကံတို့တွင် အဘယ် ကံနည်း၊ ဘယ် နှစ်ပါးရှိမှ ပြုကောင်းသနည်း။

စတု ဝဂ္ဂ ကရဏီယ ကံ ဖြစ်ပါသည်၊ သို့ရာတွင် ခံသောရဟန်း တပါး,ပေးသော ရဟန်း ၄-ပါး၊ပေါင်း ၅-ပါးရှိမှ ပြုရပါသည်။

**မှတ်ချက်။** ။(ပေါင်း ငါးပါးရှိမှ ပြုရသော်လည်း ကံကို ၄-ပါး ကသာ ဆောင်သောကြောင့် စတုဝဂ္ဂ ကရဏီယ ဟု မှတ်။)

---

ကထိန်ကို သံဃာ ခင်းသလော, ပုဂ္ဂိုလ် ခင်းသလော၊ အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

သံဃာညီညွတ်မှုကိုစွဲ၍ ပုဂ္ဂိုလ်ပြုသော ပါတိမောက်သည် သံဃာ ပြုသည် မည်သကဲ့သို့ သံဃာ၏ အနုမောဒနာ ပြုချက်ကို အစွဲပြု၍ ပုဂ္ဂိုလ် ခင်းအပ်သော ကထိန်ဖြစ်သောကြောင့် သံဃာ ခင်းသည် မည်ပါသည်။

---

အတိရေက စီဝရဟူသည် အဘယ်နည်း။

အဓိဋ္ဌာန် ဝိကပ္ပနာ မပြုအပ်သော သင်္ကန်း,အဓိဋ္ဌာန်ကျသော သင်္ကန်းသည် အတိရေက စီဝရ မည်ပါသည်။

အဓိဋ္ဌိတ ဝိကပ္ပိတေသု အပရိယာပန္နတ္တာ အာတိရေကံ ဓိဝ ရန္တိ အတိရေက စီဝရံ။

---

● ဇာတ် အားဖြင့် အတိရေက သက်နီး ၁၂-ထည်ကို ရေးပြပါ။

(က) ၁-ခေါမ ၂-ကပ္ပါသိက၊
၃-ကောသေယျ၊
၄-ကမ္ဗလ၊ ၅-သာဏ၊
၆-ဘင်္ဂ-မူလ ၆။

(ခ) ၁-ဒုကူလ၊ ၂-ပဋ္ဋုဏ္ဏပဋ္ဋ၊
၃-သောမာရပဋ္ဋ၊ ၄-စိနပဋ္ဋ၊
၅-ဣဒ္ဓိဇ၊ ၆-ဒေဝဒိန္န၊
အနုလောမ ၆၊ပေါင်း ၁၂-ထည် ဖြစ်၏။

---

● နိုင်ငံဒိုင်၏ ပမာဏကို ပြပါ။

နှစ်ထွာ ထွာခွဲ၊ မြိုထွာတွဲ၊ လုပ်မြဲ နိသိဒ်မှာ။

| | လျား | နံ | အမြိတ် |
|---|---|---|---|
| ဘုရား | ၂-ထွာ၊ | ၁-ထွာခွဲ၊ | ၁-ထွာ၊ |
| မဇ္ဈိမ - | ၆ ၊ | ၄ ½ ၊ | ၃၊ |
| ပကတိ- | ၉ ၊ | ၆ ¾ ၊ | ၄ ½၊ |

(တထွာ၏ ထက်ဝက် ၆ သစ်ရှိ၏။ ၁၂ လက်မ တပေနှုန်းနှင့် မယူရ၊ ရှေးသုံး လက်သစ်ကို သေချာစွာ မှတ်။)

(ပဥ္စမအကြိမ်)

အမာသွမ်း သက်န်း ပမာဏကို ပြပါ။

လေး နှင့် နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍပြင့်စွာ။

| | | |
|---|---|---|
| ဘုရား၊ | မဇ္ဈိမ၊ | ပကတိ၊ |
| လျား+နံ၊ | လျား+နံ၊ | လျား+နံ၊ |
| ၄ + ၂ | ၁၂ + ၆၊ | ၁၈ + ၉ ထွာ။ |

---

နှမ်ုယ်းရေ သင်္ကန်း ပမာဏ ပြပါ။

| | | |
|---|---|---|
| ဘုရား၊ | မဇ္ဈိမ၊ | ပကတိ၊ |
| လျား+နံ | လျား+နံ၊ | လျား+နံ၊ |
| ၆ + ၂ ၁/၂ ၊ | ၁၈ + ၇ ၁/၂ | ၂၇ + ၁၁ ၃/၄ ထွာ။ |

( ၁/၂ သည် ၆ လက်သစ်၊ ၃/၄ သည် ၉ လက်သစ်ရှိ၏။)

---

ပမာဏထက် လွန်သော၊ ယုတ်သော သင်္ကန်းကို အဘယ်အမည်ဖြင့် အမိန့်နှင့် တင်ရပါသနည်း။

ပမာဏထက် လွန်သော, ယုတ်သော သင်္ကန်းကို ပရိက္ခာရ စောဠ တင်သည်။

ဝတ္တပမာဏတော ပန အတိရေကံ ဥနကဉ္စ ပရိက္ခာရ စောဠန္တိ အဓိဋ္ဌာတဗ္ဗ။

---

ကိုယ်ဝရိုပလ ပရိက္ခာရ စောဠ အမည်နှင့် မည်သောအပါအဘယ် အကျိုးရှိပါသနည်း။

သုံးရိတော အကျိုးမှိပါသည်၊ ပရိက္ခာရ စောဠ အမည်

ဖြင့် တိစိဝရိက်ကို အခ်ဋ္ဌာန် တင်လျှင် ပေါက်ပြဲသော်လည်း အခ်ဋ္ဌာန် မကျ။

---

● ဒသာဟပရမ အရ ဘယ်နှစ် အရက် လွန်မှသာလျှင် ဒသာဟာတိက္ကန္တ ဖြစ်ပါသနည်း။

သင်္ကန်းရသော နေ့၏ လင်းပြီးသော အရုဏ်သည် ၎င်းနေ့ထဲ၌ပင် အကျုံးဝင်သောကြောင့် ၁၁-အရုဏ် ၁၀ ရက်လွန်လျှင် နိဿဂ္ဂိ ဖြစ်ပါသည်။

ကေဒသမေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ (ပါဠိတော်)

---

● ဒသာဟာတိက္ကန္တ သင်္ကန်းကို စွန့်ပုံ၊ ပြန်ပေးပုံ ရေးပြပါ။

ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ (စွန့်ပုံ)

ဣမံ စီဝရံ အာယသ္မတော ဒမ္မိ။ (ပြန်ပေးပုံ)

---

● နိဿဂ္ဂိယ ဝတ်ကို မစွန့်ဘဲ သုံးဆောင်လျှင် အဘယ် အာပတ် သင့်ပါသနည်း။

အနိဿဇ္ဇိတွာ ပရိဘုဉ္ဇန္တဿ ဒုက္ကဋဿ၊ ဒုက် သင့်။

---

● ဝိနည်းကံ အရ မှန်းအပ်သော ဝတ်ကို ပြန်မပေးခဲ့သော် အဘယ် အာပတ် သင့်ပါသနည်း။

အပိုင် ပေးတာဘဲ ထင်၍ ယူသွားလျှင် ဒုက်၊ ဝိနည်းကံအရ

မှုန်း သိလျက် မပေးဘဲ အနိုင်ကျင့်လျှင် ဘဏ္ဍာ၏ တန်ကြေး လိုက်၍ အာပတ် သင့်၏။

နိဿဂ္ဂ ဝတ္ထုံ အဒေန္တော ဒုက္ကဋ္ဌေန ဝါ ဘဏ္ဍဌေန ဝါ ကာရေတဗ္ဗော။

---

● နိဿဂ္ဂိယဝတ္ထုကို တခြား ရဟန်းများ သုံးဆောင်သင့်, မသင့် ဆုံးဖြတ်ပါ။

အညဿ တံ ပရိဘုဉ္ဇတော ပိ အနာပတ္တိ၊ အပြစ်မရှိ။

---

● "နိဋ္ဌိတ ''စီဝရသ္မိံ ,ဥဗ္ဘတသ္မိံ ကထိနေ" ၂-ပုဒ်ဖြင့် အလိုရှိအပ် သော အနက်ကိုပြပါ။

(က) နိဋ္ဌိတစီဝရသ္မိံဖြင့် စီဝရပလိဗောဓ မရှိခြင်း အနက် ကိုပြသည်။

(ခ) ဥဗ္ဘတသ္မိံ ကထိနေဖြင့် အာဝါသ ပလိဗောဓ မရှိခြင်း အနက်ကို ပြပါသည်။

---

## ဒုတိယ

● ပဌမကထိန် သိက္ခာပုဒ် ဘိက္ခုနှင့် ဒုတိယကထိန သိက္ခာပုဒ် ဘိက္ခုနှာ ၂-ပုဒ် အနက်အားဖြင့် အဘယ်ကဲ့သို့ ထူးသနည်း။

ပဌမ ဘိက္ခုနာကား ကရိုဏ်းအနက်၊

ဒုတိယ ဘိက္ခုနာကား သမ္ပဒါန် အနက်၊

---

● [illegible] ဆိုမြင်ကြောင့် [illegible] သုံးညည်း [illegible] အာပတ် [illegible] မှတ်ရမည်လော။

(ပဌမအကြိမ်)

တိစီဝရေန ဆိုသော်လည်း သုံးထည်လုံးနှင့် ကင်းမှ အာပတ်သင့်သည်မဟုတ်၊ တထည်ထည်နှင့် ကင်းလျှင်လည်း အာပတ်သင့်တော့သည် သာတည်း။ (ရုက္ခော ဆိန္နော၊ သမုဒ္ဒေါ မယာ ဒိဋ္ဌော တို့ကဲ့သို့ ဧကဒေသူပစာ)

တိစီဝရာဓိဋ္ဌာနနယေန အဓိဋ္ဌိတေသု တီသု စီဝရေ
သု ယေန ကေနစိ စီဝရေနာတိ အဓိပ္ပါယော။

---

ဒုတိယ ကထိနသိက္ခာပုဒ်၌ မူလ၊ အနုပညတ်တို့ပါ။

(က) အညတြ ဘိက္ခု သမ္မုတိယာသည် အနုပညတ်၊
(ခ) ကြွင်းသောစကားသည် မူလပညတ်။

---

တိစီဝရိတ် နှင့် ညဥ့် ကင်းရာအချိန်ကို ပြပါ။

တိစီဝရိတ်နှင့် အရုဏ် အချိန်ကုန်အောင် ကင်းလျှင် ညဥ့်ကင်းသည် မည်၏။ (အရုဏ် အချိန် ပမာဏ)။

---

တိစီဝရိတ် နှင့် ညဥ့် ကင်းလု ဆဲဆဲ ဖြစ်လျှင် အာပတ် မသင့်အောင် မည်ကဲ့သို့ လုပ်ရမည်နည်း။

ပစ္စုဒ္ဓိုရ် မူလည်းပြု စွန့်မှုလည်းစွန့်၊ လွှတ်၏။

အန္တော အရုဏေ ပစ္စုဒ္ဓရေ ပန ပဌမကထိနေ ဝုတ္တဝိဿဇ္ဇိတာဒိဘေဒေ စ အနာပတ္တိ။

---

ဝိနည်း တိစီဝရိတ် ဆောင်ခြင်း နှင့် ခုခေတ် တိစီဝရိတ် ဆောင်ခြင်း အထူးကို ပြပါ။

(က) ဝိနည်း တိစီဝရိတ် ဆောင်လျှင်၊ ညဥ့် ကင်းသော

အခါ အားပတ်သင့်၏၊ အပို သင်္ကန်းကို ဝိကပ္ပနာ ပြု၍ သိမ်းထားခွင့်လည်း ရှိ၏။

(ခ) ဧကော် တိစီဝရိက် ဆောင်လျှင် ညဉ့်ကင်းရာ၌ အပြစ် မရှိ၊ အပိုသင်္ကန်း သိမ်းဆည်းခွင့် မရ။

---

မေး ၁ဝ။ [illegible] ပစ္စုဒ္ဓိုရ်ပြုနည်း ရေးပါ။

ဤမှ စီဝရံ ပစ္စုဒ္ဓရာမိ စသည် ဆို။

---

အမေး ၁၁။ [illegible] ပ္ပနာ အကျိုးပြပါ။

(က) အဓိဋ္ဌာန် တင်လျှင် ညဉ့်ကင်းခြင်း, ပေါက်ပြဲခြင်း, ခြားခြင်း စသည် မရှိအောင် စောင့်ရှောက်ရသည်။

(ခ) ဝိကပ္ပနာ ပြုသော် ထိုတာဝန်များ မရှိချေ၊ သုံးလို, သိမ်းလို, စွန့်လိုလျှင် သဘော အတိုင်း ပြုခွင့်ရ၏။

---

## တတိယ

အကာလ စီဝရ ဟူသည် အဘယ်အခါ၌ လှူအပ်သော သင်္ကန်း မျိုးဖြစ်သနည်း၊ ကာလ, အကာလကိုလည်း ခွဲပြပါ။

(က) သင်္ကန်း ကာလမှ တပါးသော အခါ၌ လှူအပ်သော သင်္ကန်း၊ ရှင်းပြင် သင်္ကန်းကာလ အတွင်းမှာပင် တပါး သည်းအား ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ လှူသော သင်္ကန်း သည်ရင်း, အကာလ သင်္ကန်းပါဟု တကာကဆို၍ လှူအပ်သော သင်္ကန်းသည်ရင်း အကာလ စီဝရ မည်၏။

(ပဥ္စအကြိမ်)

(ခ) ကာလအရ ကထိန် မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက် နေ့မှ တန်ဆောင်မုန်းလပြည့်အထိ တလယူ၊
(ဂ) ကထိန် ခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့် အထိ ငါးလယူ။

---

ဥပ္ပဇ္ဇေယျအရ သင်္ကန်း ဖြစ်ကြောင်း မာတိကာ ၈-ပါးပြပါ။

(၁) သီမာယ
(၂) ကတိကာယ
(၃) သိက္ခာပဒပညတ္တိကာယ
(၄) သံဃဿ
(၅) ဥဘတောသံဃဿ
(၆) ဝဿံဝုဋ္ဌသံဃဿ
(၇) အာဒိဿ
(၈) ပုဂ္ဂလဿ-ဒေတိ။

---

ခိပ္ပမေဝ ကာရေတဗ္ဗံ အရ ခိပ္ပ ကာလ ပြပါ။

ခိပ္ပ အရ ၁၀-ရက်အတွင်း ကာလကိုယူ၊
ခိပ္ပမေဝ ကာရေတဗ္ဗန္တိ သီဃံ အန္တောဒသာဟေယေဝ ကာရေတဗ္ဗံ။

---

နာဝသော ပါရိပူရိနှင့် ပစ္စာသာ အရ အဓိပ္ပါယ်ပြပါ။

(က) အလျား၊ အနံ စသည် အတွက် ပြည့်နေပါလျှင် ''နာဝသော ပါရိပူရိ'' မည်၏။

(ရှေ့အကြိမ်)

(ခ) ထိုအစ, အနု အတွက် ရစရာ မြောင်လင့် ချက်သည် "ပစ္စယာ" မည်ပါသည်။

---

● ပဌမ သိက္ခာပုဒ်နှင့် ဒုတိယ သိက္ခာပုဒ် အဘယ်ကဲ့သို့ ထူးသနည်း။

(က) ပဌမ သိက္ခာပုဒ်၌ ၁၀-ရက် လွန်လျှင် စွန့်၊
(ခ) တတိယ သိက္ခာပုဒ်၌ တလ လွန်လျှင် စွန့်။

---

● သင်္ကန်းမလောက်သေးသော လက်ရှိအပိုင်းကို အာပတ် လွတ်အောင် အဘယ်ကဲ့သို့ လုပ်ထားရမည်နည်း။

ပရိက္ခာရ စောဠ အမည်ဖြင့် အဓိဋ္ဌာန်တင်ထားလျှင် အာပတ်မှ လွတ်၏။

---

● သင်္ကန်းစုတ်၍ ကိုးပြောင်းသောအခါ အဓိဋ္ဌာန် ပြန်၍ တင်အပ်, မတင်အပ် ဆိုးဖြတ်ပါ။

အစ နှစ်ဘက်ချုပ်ပြီးမှ ဖြတ်လျှင် အဓိဋ္ဌာန်မတင်ရ၊ အလယ်က ဖြတ်ပြီးမှ ချုပ်လျှင် အဓိဋ္ဌာန် ထပ်တင်ရ၏။

---

## စတုတ္ထ

● အညာတိ ကာယ အရ မိမိကို အလယ်ထား၍ အထက်ခုနစ်ဆက်, အောက်ခုနစ်ဆက် ရေတွက်ပါ။

(က) အထက်-အဖ, အဘိုး, အဘေး, အဘင်, အဘွဲ, အဘက်, အဘောင် ၇-ဆက်။

(ပဌမအကြိမ်)

(၁) အောက် - သား, မြေး, မြစ်, တီ, မြွေ, ကျွတ်, ဆတ် ၇-ဆက်။ (အဋ္ဌသာလိနီ နိသျဉ္ဓ် တမျိုးလာ၏။)

---

ပုရာဏ စိဝရအရ သဘာယ်နည်း၊

သုံးဆောင်သော အနေအားဖြ ယုတ်စွအဆုံး ပခုံးဦးခေါင်း ပေါ် တကြိမ်တင်ဘူးခြင်း, ခေါင်းအုံး၍ အိပ်ဘူးခြင်းပြုပြီးလျှင် ပုရာဏ စိဝရ ယူရပါသည်။

---

ဘိက္ခုနီယာ ဆိုခြင်းကြောင့် အမျိုးမတော်သော သိက္ခမာန်, သာမဏေရီ, လူမိန်းမတို့ကို အဖွပ်ခိုင်းလျှင် အပြစ် ရှိမှု သုံး ဖြတ်ပါ။

သိက္ခမာန် စသည်တို့ကို ခိုင်းလျှင် အာပတ်မသင့်။
သိက္ခ မာန သာမဏေရိ ယောဝ ါ ဓောဝေန္တိ, အနာပတ္တိ။

---

သာမဏေရီ, သိက္ခမာန်တို့အား အဖွပ်ခိုင်းရာ, ၎င်းတို့သည် ဘိက္ခုနီဖြစ်ပြီးမှ ဖွပ်လျှင် အပြစ် မှုမရှိ ပြပါ။

မူလ သာမဏေရီဘဝက ခိုင်းသားသော်လည်း ဘိက္ခုနီမ ဖြစ်ပြီးမှ ဖွပ်လျှော်ခြင်းကြောင့် နိဿဂ္ဂိပါစိတ် သင့်၏။

---

အမျိုးတော်သော ဘိက္ခုနီမ [illegible] ခိုင်းသောအခါ ၎င်း [illegible] မိတ် [illegible] သွား ဘိက္ခုနီမက ဖွပ်သော်၎င်း အမျိုးမတော်သော ဘိက္ခုနီမက မခိုင်းဘဲ အလိုလိုလျှောက် ယူ၍ ဖွပ်သော်၎င်း အပြစ် မှုမရှိ ပြပါ။

ရဟန်းက ခစခိုင်းခြင်း မရှိသောကြောင့် အာပတ်မသင့်ပါ၊

(ပဌမအကြိမ်)

ဓောဝါပေတိ, ရဇာပေတိ, အာကောဋ္ဋာပေတိ ဟု သုံးချက်လာရှိရာ အဘယ်အမှုကို ပြုစေခြင်းအားဖြင့် အဘယ်အာပတ် သင့်ပါသနည်း။

(က) ဓောဝါပေတိဖြင့် နိဿဂ္ဂိ ပါစိတ်သင့်၊

(ခ) ကြွင်း ၂-ကိစ္စဖြင့် ဒုက် သင့်သည်။

---

ဓောဝါပန [illegible] သုံးမျိုးသုံး [illegible] အာဝ[illegible]ပါခြင်း ဘယ်နှစ်ချက် သင့်သနည်း။

ဒုက် ၂-ချက်နှင့် ပါစိတ် တချက် သင့်ပါသည်။

အညာတိကာယ အညာတိကာသညီ ဓောဝါပေတိ ရဇာပေတိ ဝါ အာကောဋ္ဋာပေတိ ဝါ နိဿဂ္ဂိယေန အာပတ္တိ ဒွိန္နံ ဒုက္ကဋာနံ။ (ဝိဘင်း)

---

ဧကတော ဥပသမ္ပန္နဘိက္ခုနီ, ဥဘတော ဥပသမ္ပန္နဘိက္ခုနီ ၂-မျိုးတို့တွင် အဘယ်၌ အဘယ်အာပတ် သင့်သနည်း။

(က) ဧကတော ဥပသမ္ပန္န ခိုင်းရာ၌ ဒုက်။

(ခ) ဥဘတော ဥပသမ္ပန္န ခိုင်းရာ၌ ပါစိတ်။

---

သူတပါးသင်္ကန်းနှင့် မိမိ၏ နိသီဒိုင် အိပ်ရာခင်း[illegible] အဖွပ် ခိုင်းလျှင် အဘယ် အာပတ် သင့်သနည်း။

ဒုက်အာပတ် သင့်ပါသည်။

---

တိစီဝရိက်, နိသီဒိုင်, အိပ်ရာခင်းမှ တပါးသော ပရိက္ခရာကို အဖွပ်ခိုင်းလျှင် အပြစ် ရှိ မရှိ ပြပါ။

(ဗွဲ့မအကြိမ်)

အာပတ်မသင့်ပါ။

အပရိဘုတ္တံ ဝါ အညံ ဝါ ပရိက္ခာရံ ဓောဝေတိ၊ လ၊ အနာပတ္တိဝေဝ။

---

ပဥ္စမ

● စီဝရံ ပဋိဂ္ဂဏှေယျ၌ စီဝရအရ အဘယ်နည်း။

(၁) ခေါမ၊ (၄) ကမ္ဗလ၊
(၂) ကပ္ပါသိက၊ (၅) သာဏ၊
(၃) ကောသေယျ၊ (၆) ဘင်္ဂ ၆-ထည်။

---

● ဘိက္ခုနီမက လူ့သာမဏေ စသည်အား တအားခိုင်း၍ လှူသော် ခံအပ်, မခံအပ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဘိက္ခုနိယာ ဟတ္ထတော ဆိုခြင်းကြောင့် တဆင့် အလှူခိုင်းလျှင် ယူကောင်း ခံကောင်း၏၊ အပြစ်မရှိ။

ယသ္မာ ကဿစိ ပန အနုသမ္ပန္နဿ ဟတ္တေ ပေသိတံ ဂဟိတုံ ဝဋ္ဋတိ။

---

● အညာတြ ပါရိဝတ္တကာသည် အဘယ် ပညတ်မြစ်ကြောင်းပြ၍ လဲလှယ်ပုံပြပါ။

(က) အညာတြ ပါရိဝတ္တကာသည် အနုပညတ်၊
(ခ) သင်္ကန်း စသည် ပေးမည် ဆို၍ ယူအပ်သော သင်္ကန်းသည် လဲလှယ် ယူအပ်သည် မည်၏၊ ယူကောင်း၏၊ ယူတော့။

(ပဥ္စမအကြိမ်)

## ဆင္ဒ

● ဂဟပတိ နှင့် ဂဟပတာနီ အရ ပြပါ။

(က) ရဟန်း မဟုတ်သော ယောကျ်ား များသည် ဂဟပတိ မည်၏။

(ခ) ဘိက္ခုနီ မဟုတ်သောမိန်းမသည် ဂဟပတာနီ။

---

● အစ္စိန္န နှင့် နစ္စ အထူး ပြပါ။

(က) အစ္စိန္နကား— ဝိဿာသဂ္ဂါဟ, မင်း, ခိုးသူ စသည် တို့က လုယက် ယူခြင်းတည်း။

(ခ) နစ္စကား-မီးလောင်, ရေမျော, ကြွက်ကိုက်, ခြစားခြင်း အစရှိသည်တည်း။

---

● ပည်ကြ သမ ာဘ္ဘ သမယ အရ ပြပါ။

အစ္စိန္နကာလ, နစ္စကာလ ၂-ပါးသည် သမယမည်၏။

---

● ဘောင်းမြင်းကြောင့် အဘယ် အာပတ်, ရခြင်းကြောင့်အဘယ် အာပတ် သင့်သနည်း။

(က) ဘောင်းခြင်းကြောင့် ဒုက်၊
ဝိညာပနပယောဂေ ဒုက္ကဋံ။

(ခ) ရခြင်းကြောင့် နိဿဂ္ဂိ၊
ပဋိလာဘေ နိဿဂ္ဂိယံ ဟောတိ။

(ပဋ္ဌမအကြိမ်)

အသော့ မတော်လျှင် ဘယ်နည်းနှင့်မျှ မတောင်းကောင်း သလော၊ တောင်းကောင်းသော နည်းရှိက ပျက်ပြပါ။

အလို ရှိလျှင် တောင်းပါဟု ဘိတ်ကြား ထားလျှင် တောင်းကောင်း၏၊ အာပတ် မသင့်ပါ။

---

အစွန်နိန့်, နဋ္ဌစ်၍ သက်နိုး မဖျသော ရဟန်းသည် ကိုယ်တိုင် ပိုး နေကောင်း,မနေကောင်းပြပါ။

မြက်, သစ်ရွက် စသည်ဖြင့် ဖုံးအုပ်၍ လာရ၏၊ ကိုယ်တုံးလုံး လာလျှင် ဒုက္ကဋ် သင့်၏။

တိဏေန ဝါ ပဏ္ဏေန ဝါ ပဋိစ္ဆာဒေတွာ အာဂန္တဗ္ဗံ၊ နတွေဝ နဂ္ဂေန အာဂန္တဗ္ဗံ၊ ယော အာဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။

---

တပါး တခြားသော ရဟန်း၏ ဉာတိ ပဝါရိတ ဒါယကာထံမှ ထိုရဟန်း အတွက် တောင်းသင့်, မတောင်းသင့် ဆိုးပြပါ။

မိမိ အတွက် မဟုတ် ခြင်းကြောင့် တခြား ရဟန်း အတွက် ၎င်း၏ဉာတိပဝါရိတ ပုဂ္ဂိုလ်များအထံမှ တဆင့် တောင်းပေးကောင်းပါသည်။

အညဿ ဝါ ဉာတကေ ပဝါရိတေ တဿေဝတ္ထာယ ဝိညာပေန္တဿ-လ-အနာပတ္တိ။

---

## သတ္တမ

ဝိသတ္တိ ဝိသဒ္ဒါ, ကပ္ပသဒ္ဒါတို့၏ အနက်မိပ္ပါယ် ပြပါ။

(က) ဝိသဒ္ဒါ အသူး အနက် ၌၏၊ ဘလွန် အလဲ အဓိပ္ပါယ် ရ၏၊

(ခ) ကပ္ပသဒ္ဒါ စီမံခန့်ခွဲခြင်းအနက်အဓိပ္ပါယ်ရ၏။
အထူး ဝါ-အလွန် အကဲ စီမံခြင်း ဟူလို။

---

● စီမံသောအခါ ရသောအခါတို့၌ အဘယ်အာပတ်သင့်သနည်း။

(က) စီမံသောအခါ ပယောဂတိုင်း ဒုက် သင့်၊

(ခ) ရသောအခါစွန့်၊ နိဿဂ္ဂီ သင့်။

---

## နဝမ

● အဋ္ဌမသိက္ခာပုဒ်နှင့် ဤနဝမသိက္ခာပုဒ် အထူးကို ပြဆိုပါ။

(က) အဋ္ဌမ၌ တယောက် ရှိ၏၊

(ခ) နဝမ၌ နှစ်ယောက် ရှိ၏။

---

● နဝမသိက္ခာပုဒ်၌ ဉာတိနှံ ဆိုခြင်းကြောင့် နှစ်ယောက်ထက် များသောသူများထံမှာ စီရင်လျှင် အပြစ် ရှိ,မရှိ ပြပါ။

ဉာတိနှံ ဆိုသော်လည်း သုံး,လေးဦး စသည်တို့ကိုလည်း ဉာတိနှံနှင့် အလားတူယူအပ်၏၊ နှစ်ဦးထက်များသော ဉာတကများထံမှာ စီရင်ရာ၌လည်း အာပတ် သင့်ပါသည်။

ဧဝံ ဗဟူနမ္ပိ ပိဋ္ဌံ ကတွာ ဂဏှတော ပိ အာပတ္တိ ဝေဒိတဗ္ဗာ။

---

● ကပ္ပိယကာရက ပဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရေးပုဒ်ကို ဝိဂ္ဂဟ ပြု၍ ဖော်ပြပါ။

(က) ဘိက္ခူနံ ကပ္ပိယံ ကရောတီတိ ကပ္ပိယ ကာရကော၊

(ပဋ္ဌမ[illegible]),

(၁) သီတင်းသုံးဘော် ငါးဦးမှ တပါး အာရာမ်ခေါင့်, သီတင်းသည် စသော သူသည် ကပ္ပိယကာရက မည်၏။

---

ကပ္ပိယကာရက ဆယ်ယောက်ကို ပြပါ။

ရဟန်းညွှန်းပြ၊ လေးယောက်မျှ၊ ဒူတ ညွှန်းလေးဖြာ၊

အနိဒ္ဒိဋ္ဌ၊ ဒုဝိဓ၊ ပေါင်းက တကျိပ်သာ။

---

ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄-ဦးပြပါ။

တဦးမျက်မှောက်၊ ကွယ်သုံးယောက်၊ညွှန်းမြောက်ရဟန်းမှာ၊

---

ကွယ်သုံးယောက် အမည်ကို ရေးပြပါ။

ရှေ့အပ်ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်သာ။

(၁) ရဟန်းက မျက်ကွယ် အဝေးရှိသော ကပ္ပိယအား ညွှန်ကြားသော အခါ တမန်က ထိုကပ္ပိယအထံသို့ သွားခါ သက်နုးဘိုးပေးအပ်ပြီး ရဟန်းထံသို့ တမန် ကိုယ်တိုင် ပြန်လာ၍ "အရှင်ညွှန်းသော ကပ္ပိယအား သက်နုးအဘိုး အပ်ခဲ့ပါပြီ၊အလိုရှိသည့်အခါ ကြွသွား တောင်းခံပါဘုရား" ဟု ပြန်ကြားအပ်သော ကပ္ပိယ တယောက်။

(၂) ကိုယ်တိုင် ပြန်မလျှောက်ထားဘဲ တယောက်ယောက် အား တဆင့် အလျှောက်ခိုင်းသော ကပ္ပိယတယောက်။

(ပန္နမအကြိမ်)

(၃) ကောင်းပါပြီ အရှင် ညွှန်းသော ကပ္ပိယအား အပ်ခဲ့ပါမည်, အလိုရှိသည့်အခါ ကြွသွား တောင်းခံပါဘုရား" ဟူ တခါတည်း မှာကြား ထား ခဲ့ အပ် သော ကပ္ပိယ တယောက် ပေါင်း ၃-ယောက်။

တမန်ညွှန်းလည်း၊ ၄-ယောက်ဘည်း၊ ဤနည်း မှတ်လေပါ။

---

● အနိဒ္ဒိဋ္ဌ ဒုဝိဓအရ အဓိပ္ပါယ်ကို ပြပါ။

ရဟန်းနှင့် တမန်တို့က မညွှန်းအပ်ဘဲ ကပ္ပိယ ကိုယ်တိုင်က "ကျွန်ုပ် ကပ္ပိယဘဲ"ဟု ရှေ့မှောက်မှာ ဝန် ခံ သူ တ ယောက်၊ မျက်ကွယ်၌ ဝန်ခံသူတယောက်၊ ပေါင်း ၂-ယောက်။

---

● နိဿဂ္ဂိယ ဝတ္ထု လေးပါးကို တောင်းခံလျှင် အဘယ်အာပတ်, ရလျှင် အဘယ်အာပတ်သင့်သနည်း ရှင်းပြပါ။

(က) နိဿဂ္ဂိယ ဝတ္ထုကို တောင်းခံလျှင် ဒုက်၊
(ခ) ရလျှင် နိဿဂ္ဂိ ပါစိတ် သင့်ပါသည်။

---

● တောင်းမှုသက်သက်, ရပ်ရုံ သက်သက် ပြုခဲ့လျှင် ဘယ်နှစ်ကြိမ်မိ ပြုအပ်သနည်း။

(က) တောင်းမှုသက်သက် ၆-ကြိမ်၊
(ခ) ရပ်ရုံ သက်သက် ၁၂-ကြိမ်။
(အတောင်း -ကြိမ်သည် အရပ် ၂-ကြိမ်နှင့် ညီမျှ၏။)

● တမန်ညွှန်း ၄-ဦးအား အဘယ်နှစ်ကြိမ်စီ အပ်သနည်း။

တမန်ညွှန်း ၄-ဦးအား အကြိမ်တရာသော်လည်း တောင်းခံ အပ်၏။

ယေ ပန ကပ္ပိယ ကာရကေ ဒါယကော သယမေဝ နိဒ္ဒိသတိ၊ တေ သတက္ခတ္တုမ္ပိ ဓောဒေတုံ ဝဋ္ဋတိ။

---

● အနိဒ္ဒိဋ္ဌ ကပ္ပိယ ၂-ဦးအား ဘယ်လို ကျင့်ရသနည်း။

ရှင်းပုဂ္ဂိုလ် ၂-ဦးအား မတောင်း မရပ်ကောင်း, အညာတက သိက္ခာပုဒ်အတိုင်း ကျင့်ရ၏။

---

● အယံ တတ္ထ သာမိစိအရ ရှင်းအတိုင်းမကျင့်လျှင် ဝါ-ဒါသကာ ထံ အကြောင်းမကြားလျှင် အဘယ်အပြစ်ရှိသနည်း။

ဝတ္တဘေဒ ဒုက် အာပတ် သင့်ပါသည်။

တသ္မာ ဧဝံ အကရောန္တေ ဝတ္တဘေဒေ ဒုက္ကဋံ အာပဇ္ဇတိ။

---

## ဧဠကလောမဝဂ်—ပဌမ

● ပိုးချည်မည်မျှရောစပ်လျှင် ကောသေယျမိဿက ဖြစ်သနည်း။

ပိုးချည်တမြှင်မျှရောလျှင် ကောသေယျ မိဿက မည်ပါ သည်။

---

● သန္ထတဟူသည် အဘယ်ကဲ့သို့ပြုအပ်သော အခင်းနည်း။

ညီသောမြေပေါ်၌ ပိုးချည်, သိုးမွေး စသည်တို့ကို ထပ်၍ ထမင်းရည် စသည်တို့ လောင်းပြီး ကပ်အောင် လုပ်အပ်သော အခင်းတည်း။ (ကုလားမ နွားချေးပြား လုပ်သလိုမှတ်)

(ပဌမအကြိမ်)

ပိုးချည်နှင့်ရောရှဲ ယက်လုပ်အပ်သော် အာပတ် သင့်မသင့် ဆိုး ဖြတ်ပါ။

ယက်လုပ်အပ်သည် ဖြစ်သောကြောင့် အာပတ်မသင့်ပါ။
ဝါယိတွာ ပန တရေန္တဿ အနာပတ္တိ။

---

သူတပါးအတွက် လုပ်ပေးခြင်း ဟဆင့် ခိုင်းပေးခြင်း သူတပါး လုပ်ပြီးသားကို သုံးဆောင်ခြင်းတို့၌ အ ဘယ် အာ ပတ် သင့် သနည်း။

အားလုံး ဒုက္ကဋ် အာပတ် သင့်သည်ချည်းပင်။

အညဿတ္ထာယ ကရဏကာရာပနေသု,အညေန ကတံ ပဋိလ ဘိတွာ ပရိဘုဉ္ဇနေ စ ဒုက္ကဋံ။

---

## တတိယ

ဒွေ ဘာဂ တတိယ ဘာဂ စတုတ္ထ ဘာဂတို့ကို ပြပါ။

ဒွေ ဘာဂ-အနက် ထက်ဝက်၊ ၂ ပုံ။
တတိယ ဘာဂ-အဖြူ ၃ ပုံ တပုံ။
စတုတ္ထဘာဂ-အကြောင် ၄ ပုံ တပုံ။

---

ဂေါစရိယ အရ အဘယ် အရောင်မျိုးနည်း။

အဖြူနှင့် အနက်မှ ကြွင်းသော အရောင် အားလုံး ယူ၊

ထပေတွာ ကာဠဩဒါတေ ပဝသေသာ ဂေါစရိ ယေသု ယေဝ သာကံ ဂဏှန္တိ ဒဠှံ။

(ပဋ္ဌမအကြိမ်)

● နဝံပန ဘိက္ခုနော သန္တတံဒ္ဒ နဝံနင့် သန္တတ သမာသ်လော ဝါကျလော ယုတ္တိ ပြပါ။

ပုရာဏသန္တတ သိက္ခာပုဒ်ကို ထောက်၍ သမာသ် ဖြစ်ပါသည်။ (အလုတ္တ-ပဒန္တရ သမာသ်)

---

● အဘယ် အရောင် ပိုလျှင် အပြစ်ရှိ၍, အဘယ်အရောင် ပိုလျှင် အာပတ် မသင့်သနည်း။

(က) အနက်ရောင် တပင်ပိုလျှင် နိဿဂ္ဂိ သင့်၏။
ကေဿပိ ကာဠကလောမဿ အတိရေက ဘာဝေ နိဿဂ္ဂိယံ ဟောတိ။

(ခ) အဖြူရောင် ပိုသည့်လျှင် အာပတ်မသင့်။
တတိယံ ဩဒါတာနန္တိ ဣဒံ ပန ဟေဋ္ဌိမ ပရိစ္ဆေဒေန ဝုတ္တံ။

---

● နိဿဂ္ဂိယ စီဝရတိုကိုစွန့်ပြီး တဖန်ပြန်၍ သုံးဆောင်ကောင်း သကဲ့သို့, သုဒ္ဓကာဠက စသော အခင်းသုံးမျိုးကို စွန့်ပြီးလျှင် ပြန်၍ သုံးဆောင်လျှင် အပ်,မအပ် ဆုံးဖြတ်ပါ။

ဣမာ ပန တိဏ္ဏံ နိဿဋ္ဌတ္တာ ပဋိလဒ္ဓါနိပိ ပရိဘုဥ္ဇိတုံ နဝဋ္ဋန္တိ၊ သုံးဆောင်လျှင် ဒုက်။

---

## စတုတ္ထ

● ဩရေန ပုဒ်ဝယ် အဘယ်အနက် အဘယ် ဝိဘတ်နည်း။

ဩရသဒ္ဒါ အန္တတ္ထ၊ သမီပ အနက် ကရိုဏ်း ဝိဘတ် သက်သည်။ (သမီပတ္ထေ ကရဏဝစနံ၊)

(ပဥ္စမအကြိမ်)

## ပဥ္စမ

● သန္တတ နှင့် နိသိဒနသန္တတ အထူး ပြပါ။

(က) သန္ထတ အရ-အမြိတ် မပါသော အခင်း၊
(ခ) နိသီဒန သန္ထတမှာ အမြိတ် အဆာ ပါသည်၊
ဤသို့ ထူးပါသည်။

(က) သန္ထတံ နာမ သန္ထရိတွာ ကတံ ဟောတိ, အဝါယိမံ၊
(ခ) နိသီဒန သန္ထတံ နာမ သဒသံ နိသီဒန သခ်ါတံ သန္ထတံ။

---

● [illegible] အရ လေးဘက်[illegible] ယူရမည်လော။

သာမန္တာအရ-လေးဘက်လုံးမှုလည်း ယူ၊
သို့မဟုတ် လေးဘက်တွင် တဘက်ဘက်ကိုမူလည်း ယူ။

---

● သုဂတဝိဒတ္ထိအောက်လျော့၍ ယူလျှင် အပြစ်ရှိ, မရှိပြပါ။

သုဂတဝိဒတ္ထိ ပမာဏကို အလွန် အများဆုံး ပမာဏအားဖြင့် ဆိုပါသည်၊ သုဂတဝိဒတ္ထိအောက် လျော့၍ ယူကောင်းပါသည်။

သုဂတဝိဒတ္ထိတိ ဣဒံ ဥက္ကဋ္ဌပရိစ္ဆေဒဝသေန ဝုတ္တံ၊ တသ္မာ ပုရာဏသန္ထတဿ သာမန္တာ ထောတကာရမ္ပိ အာဒါတဗ္ဗန္တိ ဝေဒိတဗ္ဗံ။

---

● အနာဒါနေ အရ မိမိဥ္ဇ အခင်းဟောင်း မရှိ၍ မယူလျှင် အပြစ်ရှိ, မရှိ ဆုံးဖြတ်ပါ။

(ပဥ္စမအကြိမ်)

အခင်းဟောင်း မရှိလျှင် မယူဘဲ အသစ် ချည်နှင့်ပင် ပြုကောင်း၏၊

အသတိ ပန အဂ္ဂဟေတွာ ပိ ဝဋ္ဋတိ။

---

## ဆဋ္ဌ

● အဒ္ဓါန မဂ္ဂပ္ပဋိပန္နဿဉ္ဇ အဒ္ဓါန ပမာဏ ပြပါ။

အဒ္ဓါန အရ ယူဇနာဝက်, ယူဇနာခွဲ ယူ။

---

● တိယောဇန အရ မူလ ထွက်ခွါရာ အရပ်မှ ယူရမည်လော၊ အဘယ် အရပ်က စ၍ ယူရ မည်နည်း။

သိုးမွေး ရရာ နေရာက စ၍ ယူရပါသည်။

---

● ယောဇနံ အရ ယူဇနာဖွဲ့ပုံ ပြပါ။

သတ္တဟတ္ထော မတော ဒဏ္ဍော,
ဒဏ္ဍော ဝီသတိ ဥသဘံ၊
အသီတိ ဥသဘာ ဂါဝီ,
ဂါဝီ စတ္တာရိ ယောဇနံ။

ခုနစ်တောင်=တတာ၊
တာ နှစ်ဆယ်=တဥသဘ၊
ရှစ်ဆယ် ဥသဘ=တဂါဝုတ်၊
လေးဂါဝုတ်=တယူဇနာ။

[(ပဉ္စမအကြိမ်)

● သဟတ္ထာ အရ လက်ဖြင့် ယူငင်ပြီး ၃-ယူဇနာလွန်မှ အာပတ် သင့်သလော။

မည်သည့် ကိုယ် အင်္ဂါ အစိတ်ဖြင့် ယူယူ အာပတ် သင့်သည် သာ၊ ဥပလက္ခဏာ, ပဓာနအားဖြင့် သာလျှင် သဟတ္ထာ ဆိုပါ သည်။

---

● ၃-ယူဇနာ လွန်သောအခါ အာပတ်သင့်ပုံ ပြပါ။

ပဌမ ခြေလှမ်း လွန်လျှင် ဒုက်၊
ဒုတိယ ခြေလှမ်း လွန်လျှင် နိဿဂ္ဂိ။

---

● ဧဠကလောမ စသည်တို့ဖြင့် အာပတ်သင့်သောအခါ အဘယ် အရေအတွက်အားဖြင့် သင့်သနည်း။

အမွေး အရေအတွက်အားဖြင့် အာပတ် သင့်ပါသည်။

သဗ္ဗတ္ထ လောမဂဏနာယ အာပတ္တိ ပရိစ္ဆေဒေါ ဝေဒိ တဗ္ဗော။

---

## သတ္တမ

● အညာတိကာယ ဘိက္ခုနိယာ၌ အဘယ် အနက်မှာ အဘယ် ဝိဘတ် သက်သနည်း။

ကာရိုက်ကံ အနက်၌ တတိယာ, ဆဋ္ဌီ ဝိဘတ် တခု သက် ပါသည်။

(ပဌမအကြိမ်)

## အဋ္ဌမ

● ခုကာလ သုံးစွဲကြသော ငွေစက္ကူ, ပိုက်ဆံ စသည် တို့သည် ဇာတရူပ ရဇတ အရ အဘယ်၌ အကျုံးဝင်သနည်း။

ရဇတ အရ၌ အကျုံးဝင်ပါသည်။

ကဟာပဏော ပိ, လောဟမာသကာ, ဒါရုမာသက, ဇတုမာသကာဒယော ပိ ယေ ဝေါဟာရံ ဂစ္ဆန္တိ၊ သဗ္ဗေ တေ ဣဓ ရဇတန္တေဝ ဝုတ္တာ။

---

● မိမိ ခံယူသော ရွှေငွေဖြင့် ဝိနည်းကြောင့် ညီလေးမယ် ဝယ်ယူ ရရှိသော ပစ္စည်းများကို မိမိက သုံးဆောင်ဖို့, မထိုက် ဆုံးဖြတ်ပါ။

ခံယူသော မိမိမှာ မသုံးဆောင်ထိုက်ပါ၊ တခြား သံဃာ များသာ သုံးဆောင်ထိုက်ပါသည်။

ရူပိယ ပဋိဂ္ဂါဟကံ ထပေတွာ သဗ္ဗေဟိ ဘာဇေတွာ ပရိဘုဉ္ဇိ တဗ္ဗံ။

---

● ကိုယ်တိုင် ခံယူ အပ်သော ရွှေ ငွေ ဖြင့် လဲလှယ် ဝယ်ယူ၍ ရအပ်သော ဆီမီးထွန်းခြင်း, ရေဝယ်သောက်ခြင်း, ဝယ်စား အပ်သော သစ်သီး အစေ့မှ ပေါက်သော သစ်ပင် ရိပ်၌ ခိုလှုံ ခြင်း စသည် ပြုကောင်း, မပြုကောင်း ပြပါ။

ကိုယ်တိုင် ခံယူအပ်သော ရွှေငွေဖြင့် ဝယ်အပ်သော မီးရောင် ၌ စာမကြည့် မဖတ်အပ်, ရေကို မသောက်အပ်, သစ်ရိပ်ကို မခိုအပ်ပါ။

(ပဉ္စမအကြိမ်)

## နဝမ

● ရှုပိယ သံဝေါဟာရ သိက္ခာပုဒ်၌ ရူပိယ အရ, သံဝေါဟာရ အရတို့ကို အသီးအသီး ပြပါ။

(က) ရူပိယ အရ ရွှေနှင့် ငွေကိုယူ၊
(ခ) သံဝေါဟာရ အရ လဲလှယ် ရောင်းဝယ်မှုယူ။

---

● နာနပ္ပကာရ အရ အဘယ်နည်း။

မူလအတုံး အတိုင်း ဖြစ်စေ, အဆင်းတန်ဆာ လုပ်ထားသည် ဖြစ်စေ, ကျပ်ပြား, မှုးစေ, မတ်စေ ဤသို့ စသည်ဖြင့် အမျိုးမျိုး အစားစား ရွှေငွေကို နာနပ္ပကာရ အရ ယူရပါသည်။

---

● ကယဝိက္ကယ သိက္ခာပုဒ်၌ နာနပ္ပကာရ အရပြပါ။

သင်္ကန်း, သပိတ်, ထီး, ဘိနပ် စသော ကပ္ပိယ ဝတ္ထု များသည် ကယဝိက္ကယ၏ နာနပ္ပကာရ မည်ပါသည်။
နာနပ္ပကာရန္တိ စီဝရာဒီနံ ကပ္ပိယဘဏ္ဍာနံ ဝသေန အနေကဝိဓံ။

---

● သံဝေါဟာရ နှင့် ကယဝိက္ကယ အထူးပြပါ။

(က) သံဝေါဟာရကား — ရွှေငွေ တို့ဖြင့် ရောင်းခြင်း ဝယ်ခြင်း။
(ခ) ကယဝိက္ကယကား — ဝတ္ထု ပစ္စည်းချင်း အပြန်အလှန် လဲလှယ်ခြင်း။

(ပဥ္စမအကြိမ်)

● ကဟ နှင့် ဝိက္ကယ အသိုထူးသနည်း။

(က) ပရဿ ကပ္ပိယဘဏ္ဍ ဂဏှန္တော ကယံ သမာပဇ္ဇတိ။
သူတပါး၏ ဘဏ္ဍာကို ယူခြင်းသည် ကယ။

(ခ) အတ္တနော ကပ္ပိယ ဘဏ္ဍ ဒေန္တော ဝိက္ကယံ သမာ
ပဇ္ဇတိ။
မိမိ၏ ဘဏ္ဍာကို ပေးခြင်းသည် ဝိက္ကယ။

---

● ကယ, ဝိက္ကယ လဲလှယ်မှုကို မည်သူများနှင့် သာလျှင် ပြု
ကောင်း၍ မည်သူများနှင့် မပြုကောင်းသနည်း။

(က) သဟဓမ္မိက ငါးဦးတို့နှင့်သာ ပြုကောင်း၍,

(ခ) ကြွင်းသော သူများနှင့် မပြုကောင်းပါ။

(သဟဓမ္မိကမှ လွဲလျှင် မိဘနှင့်သော်မှ မပြုရ။)

တသ္မာ ထပေတ္ဝာ ပဉ္စ သဟဓမ္မိကေ ယံ ဝေ အတ္တနော
ကပ္ပိယဘဏ္ဍ ဒတွာ မာတုသန္တကမ္ပိ ကပ္ပိယ ဘဏ္ဍ
ဂဏှာတိ, တံ နိဿဂ္ဂိယံ ဟောတိ။

---

● ကပ္ပိယ သံဝေါဟာရ, ကပ္ပိယ ကယဝိက္ကယ ဖြစ်အောင် အဘယ်
ကဲ့သို့ ပြုကျင့်ရသနည်း။

(က) ဘိက္ခု သံဝေါဟာရ, ဖြစ်အောင် ကပ္ပိယကာရက
အား "ဤရွှေငွေဖြင့် ဤဝတ္ထုကို ကပ္ပိလော့, ယူ
လော့" ဟု ဆိုရ၏။

([illegible]) ကပ္ပိယ ကယဝိက္ကယ ဖြစ်အောင် "ငါ၌ သက်န်းရှိ၏, သင်၏ ခဲဘ်, စာအုပ် စသည်ကို အလိုရှိ၏"ဟု ပြောလျှင် အာပတ် မသင့်ပေ။

---

## ပတ္တဝဂ္ဂ—ပဌမ

အတိရေက ပတ္တ[illegible] အဘယ်နည်း။

အဓိဋ္ဌာန်, ဝိကပ္ပနာ မပြုအပ်သော သပိတ်တည်း။
(အတိရေက စီဝရနှင့် အတိရေက ပတ္တ တူ၏။)

---

ပမာဏအား[illegible] သပိတ် ၃-ဘား ပြပါ။

(၁) ဥက္ကဋ္ဌ- သုံးပြည် တင်ကွက် ဆံ့။
(၂) မဇ္ဈိမ- သုံးခွက်နှ[illegible] တစလယ် ဆံ့။
(၃) ဩမက- သုံး[illegible]လယ် နှ[illegible] တလမယ် ဆံ့။

သုံးပြည်တ[illegible]က်၊ နှစ်ကြိမ်ခက်၊ ချ[illegible]တွက် အမှန်ထား။
ဥက္ကဋ်, မဇ္ဈ၊ ဩမက၊ နာမ အစဉ်အား။

---

သပိတ် ၉-[illegible] ရေတွက်ပြ[illegible]

(၁) ဥက္ကဋ္ဌ၊
(၂) ဥက္ကဋ္ဌုက္ကဋ္ဌ၊
(၃) ဥက္ကဋ္ဌဩမက၊
(၄) မဇ္ဈိမ၊
(၅) မဇ္ဈိမုက္ကဋ္ဌ၊
(၆) မဇ္ဈိမောမက၊
(၇) ဩမက၊
(၈) ဩမကဥက္ကဋ္ဌ၊
(၉) ဩမကောမက၊

သုံးလုံး အခန့်၊ သုံးစီဝေ၊ ကိုးထွေ သပိတ်ပြား။

(ပဌမအကြိမ်)

● သပိတ် ကိုးလုံးတွင် အဓိဋ္ဌာန် ဝိကပ်လောက်သော သပိတ် အမျိုးအစားကို ပြပါ။

**အစဆုံး** ဥက္ကဋ္ဌ ကဋ္ဌ နှင့် **အငယ်ဆုံး** ဩမကောမက သပိတ် နှစ်လုံးမှ ကြွင်းသော အလယ် ခုနစ်လုံးသည် အဓိဋ္ဌာန်, ဝိကပ် လောက်ပါသည်။

စ-ဆုံးကြီး, ငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနစ်ပါး။

---

● ဓာတ်အားဖြင့် သပိတ် ၂-မျိုး ပြပါ။

သံသပိတ် နှင့် မြေသပိတ် ၂ မျိုး။
အယောပတ္တော, ဘူမိပတ္တော,
ဓာတိယာ ကပ္ပိယာ ဒုဝေ၊

---

● ၎င်းသပိတ် ၂-မျိုးကို ဘယ်နှစ်ကြိမ်စီ ဖုတ်မှ အပ်ပါသနည်း။

(က) သံသပိတ်ကို ၅-ကြိမ်ဖုတ်မှ အပ်ပါသည်။
(ခ) မြေသပိတ်ကို ၂-ကြိမ် ဖုတ်မှ အပ်ပါသည်။
(ထိုသို့ ဖုတ်မှ ကြည်ညိုဘွယ် ရှိသောကြောင့်)

---

## ဒုတိယ

● သပိတ် အဓိဋ္ဌာန် ကျကြောင်း အင်္ဂါရေးပါ။

သင်္ကန်း အဓိဋ္ဌာန် ကျကြောင်းရှစ်ပါး နှင့် အလားတူမှတ်၊ ပေါက်ခြင်း အင်္ဂါတပါးနှင့်ပေါင်း ၉-ပါး။

မိဋ္ဌာန်, ဝိတပ်၊ ပစ္စုဒ္ဓပ်၊ ကျလတ် သင်္ကန်းလား၊

[(ပဋ္ဌမအကြိမ်)

● ဗန္ဓန အရ အဘယ် ကဲ့သို့ ဖွဲ့ရသနည်း။

သပိတ် ကွဲအက် နေခဲ့သော်စူးနှင့် ဖောက်၍ ကြိုးနှင့်တုပ်ကာ ဖွဲ့ထားရပါသည်။

---

● မည်မျှ ပမာဏ ကွဲအက်သော် ဖွဲ့ရသနည်း။

လက်နှစ်သစ်ခန့် ကွဲအက်သော် ဖွဲ့ရသည်။

---

● ရေနွေးပေါက်၍ ဖွဲ့သော် အဓိဋ္ဌာန် ကျ,မကျပြပါ။

ပေါက်ခြင်းကြောင့် အဓိဋ္ဌာန် ကျ၏၊ထပ်တင်အပ်၏။

သော စပတ္တော အဓိဋ္ဌဟိတ္ဗာ ပရိဘုဥ္ဇိတဗ္ဗော။

---

● အရွယ်နှစ်ခုရှိလျှင် သပိတ် မမည်သနည်း။

ငါးဖွဲ့ရှိသော်ငြား, ငါးဖွဲ့စာ ၁၀-လက်သစ်လောက် ကွဲအက်နေသော်ငြား သပိတ် မမည်တော့ချေ။

---

● ငါးဖွဲ့ရှိလျှင် အဘဲ့ကြောင့် သပိတ် အသစ် တောင်း ကောင်းသနည်း။

သပိတ် အဆု မဝင်သော ကြောင့် အသစ် တောင်းကောင်း ပါသည်။

---

● [illegible] စွန်းရာ [illegible] ပတ္တပရိယန္တ ဖြစ်ပုံ ရေးပါ။

သပိတ်စွန်းရာ အစည်းအဝေးသို့ မိမိတို့ သပိတ်များ ယူဆောင်လာအပ်၏၊ စွန်းအပ်သော သပိတ်အသစ်ကို မထေရ်ကြီးအားလှူ

(ပဉ္စမအကြိမ်)

မထေရ်ကြီး သပိတ်ကို၊ မထေရ်ငယ်အား, မထေရ်ငယ်၏ သပိတ်ကို ရဟန်းငယ်အား လှူ၊ နောက်ဆုံး ရဟန်း ငယ် ဖြစ် သော (သံဃနော) ရဟန်း၏ သပိတ်ဟောင်းသည် ပတ္တပရိယန္တမည်၏၊ ၎င်းပတ္တပရိယန္တကို တောင်းသောရဟန်းအား ပေးရ၏။

---

## တတိယ

● ပဋိသာယနီယာနိ ပုဒ်ဖြင့် အဘယ်အနက်ကို ပြသနည်း။

အကပ် ဖျက်ထား အပ်ကုန်သော, ဝါ-ကိုယ်တိုင် ကိုင်တွယ် သိမ်းဆည်း ထားအပ် ကုန်သော ပဥ္စမဓုတို့သည် ခုနှစ်ရက် လွန်ကုန်သော်လည်း အာပတ် မသင့်၊ စားကား မစားအပ်၊ ဤအနက်သဘောကို ပြပါသည်၊ ခြေလက် လိမ်းကောင်း၏။

---

● သပ္ပိ, နဝနီတ အရ အဘယ် သတ္တဝါမျိုးမှ ဆိဦး ထောပတ်ကို ယူရမည်နည်း။

ကျွဲ, နွား, ဆိတ် စသော သတ္တဝါ မျိုးမှ ရသော ထောပတ် ဆိဦးမျိုးကို ယူရပါသည်။

---

● တေလံ အရ အဘယ်မှ ဖြစ်သော ဆီကို ယူရမည်နည်း။

နှမ်း, မုန်ညင်း, ကြက်ဆူ, အသားတို့မှ ဖြစ်သော ဆီကို ယူရပါသည်။

---

● ဖါဏိတ အရ အဘယ်နည်း။

ကြံမှဖြစ်သော အရည်သည် ဖာဏိတ မည်၏။

● မစု အရ အဘယ် ပျားရည် နည်း။
ပျားကြီး, ပျားငယ်တို့ အရည်ကိုယူ။

---

● ဆီစသည်တို့ကို ခြေလက် လိမ်းကျံခြင်း စသည်ဖြင့် အသုံးပြုရန် ရည်ရွယ်၍ အကပ် ခံပြီး သိမ်းဆည်း ထားလျှင် ခုနှစ်ရက် လွန်သော် အာပတ် သင့်,မသင့် ပြပါ။

ပရိဘုဥ္ဇိတဗ္ဗာနိ ဟူ၍ ဆိုခြင်းကြောင့် ပရိဘောဂ အလို့ငှါ မဟုတ်ဘဲ လိမ်းကျံဖို့ ထားသည့် အတွက်ကြောင့် အာပတ် မသင့်။

ပရိဘုဥ္ဇိတဗ္ဗာနီတိ စ ဝစနတော အဇ္ဈောဟရိတဗ္ဗာဟေ အဗ္ဘဥ္ဇနာဒီနံ အတ္ထာယ အဓိဋ္ဌဟိတ္ဝာ ထပိတေသု အနာပတ္တိ။

---

● ၂-ဦးပိုင် ထောပတ် စသည်ကို တပါးပါးက အကပ်ခံ၍ ခုနစ် ရက်လွန်စေသော် မည်သည့်ရဟန်းအား အာပတ်သင့်သနည်း၊ စားကောင်းသေးသလော။

မဝေဘန်ရ သေးသောကြောင့် ၂-ပါးလုံးမှာ အာပတ်မသင့်၊ စားသောက်ခြင်းငှာ မူကား မအပ်တော့ပြီ။

---

● ၂-ဦးပိုင် ထောပတ်စသည်ကို တပါးပါးက အကပ်ခံ၍ ကျန် တပါးအား "ငါ့ရှင်,သုံးဆောင်တော့"ဟု မှာသွားခဲ့ရာ ခုနစ် ရက် လွန်စေလျှင် မည်သူ့အား အာပတ်သင့်သနည်း။

'သုံးဆောင်တော့' ဟု စွန့်ခဲ့ပြီးဖြစ်၍ အကပ်ခံသော ရဟန်း မှာ အာပတ်မသင့်။

(ပဥ္စမအဋ္ဌကထာ)

ကျန်သော ရဟန်းလည်း မိမိကိုယ်တိုင် အကပ်မခံသော ကြောင့် အာပတ်မသင့် ၂-ပါးလုံး လွတ်၏။

---

**စတုတ္ထ**

- မိုဃ်းရေခံသင်္ကန်း ရှာမှီးရာခေတ်, သုံးဆောင်ရာခေတ်ကို အသီးအသီး ပိုင်းခြားပြပါ။

(က) နယုန်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ၅-လ (ဝါထပ်လျှင် ၆-လ)အတွင်း ရှာမှီးရ၏၊

(ခ) ဝါဆိုလဆန်း ၁-ရက် နေ့ မှ စ ၍ တန် ဆောင် မုန်းလပြည့်နေ့အထိ ၄-လခွဲ (ဝါထပ်လျှင် ၅-လခွဲ) အတွင်း ဝတ်ရုံရ၏။

---

- အခါ မဟုတ်သော အချိန်၌ မိုဃ်းရေခံသင်္ကန်းကို ရှာမှီးခြင်း အကြောင်း ကြောင့် အာ ပတ် သင့် သ လော၊ ဝတ် ရုံ ခြင်း အကြောင်းကြောင့် သင့်သလော၊ ရှင်းပြခဲ့ပါ။

ရှာမှီးဝတ်ရုံ ၂-မျိုးလုံးကြောင့် အာပတ်သင့်ပါသည်။

---

- ရှာပုံးခြင်းကြောင့် သင့်သော ပရိယေသနာပတ္တိ အင်္ဂါ, ဝတ်ရုံခြင်းကြောင့် သင့်သော နိဝါသနာပတ္တိ အင်္ဂါ ပြပါ။

(၁) က-မိမိအဘို့ ရှာခြင်း၊
ခ-အကာလ၌ ရှာခြင်း၊

ဂ-ရှာမှီး၍ ရခြင်း၊
ပရိယေသန အင်္ဂါ ၃-ပါး။

(၂) က-မိုယ်းရေခံသက်န်း ရှိခြင်း၊
ခ-ဘေးရန် မရှိခြင်း၊
ဂ-မိုယ်းရေခံသက်န်း ဖြစ်ခြင်း၊
ဃ-အကာလ၌ ဝတ်ရုံခြင်း၊
နိဝါသန အင်္ဂါ ၄-ပါး။

---

ပဥ္စမ

● ရဟန်းဖါသက်န်း လုယူလျှင် အဘယ်အာပတ်သင့်သနည်း။

(က) အဓိဋ္ဌာန်လောက်သော သက်န်းကိုလုလျှင် နိဿဂ္ဂိ-
အာပတ်သင့်ပါသည်၊

(ခ) မလောက်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။
(တခြားသော ပရိက္ခရာကို လုလျှင်လည်း ဒုက်)

---

● လူသာမဏေတို့၏ သက်န်းစသော လုလျှင် အဘယ်အာပတ်
သင့်သနည်း။

ဒုက်အာပတ်သင့်ပါသည်၊
အနုပသမ္ပန္နဿ စ ယံကိဥ္စိ အစ္ဆိန္ဒတော ဝါ ဒုက္ကဋံ။

---

● လုယက် ယူပါလျှက် အဘဲ့ကြောင့် ပါစိတ်သာ သင့်သနည်း၊
ပသယှာဝဟာရ ခိုးခြင်းအားဖြင့် ပါရာဇိကာ သင့်ထိုက်သည်
မဟုတ်ပါလော။

သက်သညာဖြင့် လုယက်ခြင်းကြောင့် ပါရာဇိက မသင့်ပါ၊ ပရသညာအားဖြင့် လုလျှင်သာလျှင် ပစ္စည်းတန်ကြေးအလိုက် ပါရာဇိက စသည် သင့်ပါသည်၊

ပရိစ္စဇိတ္ဘာ ဟိ ဒိန္နမ္ပိ သကသညာယ ဂဏှတော နတ္ထိ ပါရာဇိကံ၊ သကသညာယ ပန ဝိနာ အစ္ဆိန္နန္တေ ဘဏ္ဍာဌေနေ ကာရေတဗ္ဗော။

---

ဆင်္ခြ

● သာမ်သုတ်တံ၌ သုတ္တ အရ ချည်မျိုး အပြား ရေတွက်ပြပါ။

| | |
|---|---|
| ၁။ ခေါမ၊ | ၄။ ကမ္ဗလ၊ |
| ၂။ ကပ္ပါသိက၊ | ၅။ သာဏ၊ |
| ၃။ ကောသေယျ၊ | ၆။ ဘင်္ဂ-မူလချည် ၆-မျိုး။ |
| ၁။ ဒုကူလ၊ | ၄။ စိနပဋ္ဋ၊ |
| ၂။ ပဋ္ဋုဏ္ဏ၊ | ၅။ ဣဒ္ဓိဇ၊ |
| ၃။ သောမာရပဋ္ဋ၊ | ၆။ ဝေဒဒိန္န- အနုလောမချည် |

၆-မျိုး ပေါင်း ချည် ၁၂-မျိုး။

---

● ကိုယ်တိုင်ချည်တောင်း၍ ကိုယ်တိုင်အယက်ခိုင်းလျှင် အဘယ် အခါ အဘယ်အာပတ် သင့်သနည်း။

(က) တောင်းခြင်း, အရက် ခိုင်းခြင်းကြောင့် ဒုက်၊

(ခ) အနံ တထွာ, အလျား တတောင် ပမာဏမျှ ပြီးတိုင်း, ပြီးတိုင်း နိဿဂ္ဂိသင့်ပါသည်။

(ပဥ္စမအကြိမ်)

## သတ္တမ

● ကိဥ္စိမတ္တံ အနုပဒဇ္ဇေယျာမကို အဘယ်အနက်ပြလို၍ ဆိုသနည်း။

ဆွမ်းစသည်ကို ပေးမှုသည် အာပတ်၏ အင်္ဂါမဟုတ်၊ ထိုသို့ ပေးခြင်းကြောင့် ယက်ကန်းသည်က အလျား အနံ တိုးချဲ့ ယက်လုပ် အားထုတ်သော ပယောဂတိုင်း ဒုက်၊ ထိုသို့ အယက်ခိုင်းသော သက်န်းကို ရမှသာလျှင် နိဿဂ္ဂိသင့်၏ ဟူသော အနက်သဘောကို ပြသည်။

(ဆွမ်းစသည် ပေးမှု, လက်ဆောင်တင်မှုကြောင့် ဒုက်)

---

## အဋ္ဌမ

● ဒသာဟာနာဂတံကို စေနတ္တ ပြု၍ အဓိပ္ပါယ် ရေးပါ။

ဒသာ အဟာနိ ဒသာဟံ၊ ဒသာဟေန အနာဂတော ဒသာဟာနာဂတော၊ သိတင်းကျွတ် လပြည့်ရ၏။

ဒသာဟဥ္စ ဒသာဟာနာဂတော စ ဒသာဟာနာဂတော၊ သိတင်းကျွတ် လဆန်း ၅ ရက်နေ့မှ လပြည့်အထိ ၁၁ ရက်ရ၏၊ ကေသိယ်,သာမည နိဒ္ဒေသနည်း။

(ဒသာဟဥ္စဖြင့် လဆန်း ၁၄ ရက်အထိ ၁၀ ရက် ရ၏၊ ဒသာဟာနာဂတောစဖြင့် လပြည့် ၁-ရက် ရ၏၊ ပေါင်း ၁၁ ရက် ရ၏၊ အလွန် နက်၏၊ မှီအောင် နှိုက်ကြပါလေ၊)

---

● အစ္စေက စီဝရဟူသည် အဘယ် သူတို့က အဘယ်သို့ဆို၍ လှူအပ်သော သင်္ကန်းနည်း။

ခရီးသွား၊ သူနာ၊ ကိုယ်ဝန်ဆောင်၊ သဒ္ဓါ တရားအသစ်

(ပဉ္စမအကြိမ်)

ဖြစ်သော သူများက "ဝါဆိုသင်္ကန်း လှူပါ၏" ဟုဆို၍ လှူအပ်သော သင်္ကန်းသည် အစ္စေက စီဝရ မည်ပါသည်။

---

● အစ္စေကံ မညမာနေန အရ အဓိပ္ပါယ် ရှင်းပါ။

အစ္စေက သင်္ကန်းအလှူခံသော ရဟန်းသည် ဝါကျိုးခဲ့သော် သံဃိက သင်္ကန်း ဖြစ်သွား၏။ သင်္ကန်းဝေဖန်သော အခါ၌ သံဃိက နှင့် ပုဂ္ဂလိက ကွဲပြားအောင် အစ္စေက သင်္ကန်းကို အမှတ် အသား ပြုထားအပ်၏ ဟုအဓိပ္ပါယ်ကို ပြ၏။

---

● ပဌမ ကထိန သိက္ခာပုဒ်နှင့် ဤအစ္စေကစီဝရ သိက္ခာပုဒ် အဘယ်သို့ ထူးသနည်း။

(က) ပဌမ ကထိန သိက္ခာပုဒ်၌ ၁၀ ရက်၊

(ခ) အစ္စေက စီဝရ သိက္ခာပုဒ်၌ ၁၁ ရက်၊ ဤသို့ထူး၏။

---

## နဝမ .

● အာရညက သေနာသန အရ ရွာနှင့် မည်မျှ ဝေးသော ကျောင်းသည် အာရညကသေနာသန မည်သနည်း။

ရွာ, ရွာ၏ ဥပစာ ထိုက်သော အရပ်မှ လံတာ ၅၀၀ ကွာသော အရပ်၌ ရှိသော ကျောင်းသည် အာရညက သေနာသန မည်ပါသည်။

---

● သာသင်္ကံ ဖြစ်ပုံ သပ္ပဋိဘယ ဖြစ်ပုံ ပြပါ။

(က) ကျောင်းတွင်, ကျောင်း၏ အနီး၌ ခိုးသား

(ပဋ္ဌမအကြိမ်)

ထားပြများ တည်းခို ပုန်းအောင်း သွားလာနေသည်ကို မြင်ရ, ကြားရလျှင် သာသက်၊

(ခ) သတ်ဖြတ် လုယက်သည်ကို တွေ့ရ, ကြားရလျှင် သပ္ပဋိဘယ။

---

● သေနာသနပုဒ်ကို အစိတ်အစိတ်ဝိဂ္ဂဟပြု၍ ကောက်ပြပါ။

(က) သေန္တိ သယန္တိ ဧတ္ထာတိ သေနံ၊ သိ+ယု၊

(ခ) အာသန္တိ နိသီဒန္တိ ဧတ္ထာတိ အာသနံ၊ အာသ+ယု၊

(ဂ) သေနဉ္စ တံ အာသနဉ္စာတိ သေနာသနံ=ဝိဟာရ ရ၏။ (အိပ်ရာ နေထိုင်ရာ အရပ် ဟူ၏)

---

● သိယာ စ တဿ ဘိက္ခုနော ကောစိဒေဝ ပစ္စယောဒ္ဓ ကောစိဒေဝ ပစ္စယ အကြောင်းကိုပြပါ။

တခြားသို့ သွားရန် ကိစ္စသည် ကောစိဒေဝ ပစ္စယ အကြောင်းတည်း။

---

## ဒသမ

● အဘယ်ကဲ့သို့ ညွတ်ခြင်းသည် ပရိဏတ မည်သနည်း။

"သံဃာအား လှူဒါန်းမည်" ဟု ကိုယ်နှုတ် နှစ်ပါးတပါးပါးဖြင့် ရည်ရွယ် ထားအပ်သော လှူဒါန်းဘွယ်ဝတ္ထုသည် သံဃပရိဏတ ဖြစ်၏။

(ပဌမအကြိမ်)

- မိမိအား ညွှတ်စေရာ အဘယ် အခါ အဘယ်အာပတ် သင့်သနည်း။

ညွှတ်စေလျှင် ဒုက်၊ ရလာလျှင် နိသ် သင့်၏။

---

- သံဃာအား ဆွမ်းကပ်ရန် ချက်ပြုတ် လုပ်ကိုင်နေစဉ် မကျွန်းမမာသော ရဟန်းအား တကာမျှားက ကပ်လှူလျှင် စားကောင်း, မစားကောင်း ဆုံးဖြတ်ပါ။

မိမိက ညွှတ်စေသည် မဟုတ်၍ စားကောင်း၏။

---

- လူတဦး၏ ပစ္စည်းကို တခြားသူ တဦးအားရင်း, ခွေးတကောင်၏ အစာကို တခြား ခွေးတကောင်အားရင်း, ညွှတ်စေလျှင် အဘယ် အာပတ် သင့်သနည်း။

လူ၏ ပစ္စည်း ဖြစ်စေ, ခွေး၏ အစာဖြစ်စေ, တခြားတယောက် တကောင်အား ပြောင်းလွှဲ ညွှတ်စေလျှင် ဒုက်သင့်၏။

---

- နိဿဂ္ဂိယ စိဝရဝဂ်၌ ပဌမာပတ္တိက သိက္ခာပဒနှင့် ပစ္ဆာ ပတ္တိက သိက္ခာပဒ ခွဲပြပါ။

(က) ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၀—ပဌမာပတ္တိက၊

(ခ) ၆၊ ၈၊ ၉၊ ပစ္ဆာပတ္တိက မည်ပါသည်။

(ဤပုစ္ဆာကို ဉာဏ်စမ်း အတွက် ထည့်လိုက်သည်)

နိဿဂ္ဂိယ ပါစိတ် ပြီးပြီ

# ၅-ဝိဘတ္တာရမ္မေသ

## သုဒ္ဓပါစိတ်

### မုသာဝါဒဝဂ္ဂ

#### ပဌမ

● မုသာအရ နှင့် ဝါဒအရကို အသီး အသီး ပြပါ။

(က) ပြောလိုသော အရာဝတ္ထု၏ မူရင်း သဘောမှပြန်လှန် ပြောင်းလဲ ချွတ်ယွင်းမှုသည် မုသာမည်၏။

(ခ) ဝါဒ အရ ကာယ ဝစီ ပယောဂ ၂-ပါးယူ၏။

---

● ဝါဒအရ ဝစီပယောဂတပါးကိုသာ ဘာ့ကြောင့် မယူသလဲ။

မုသာသည် စကားနှင့် စပ်ကာ နူတ်မှာသာလျှင် အဖြစ်များ၍ ဝါဒ နှင့် ဆိုထားသည်။

စင်စစ်အားဖြင့် ကိုယ်ကာယ ပယောဂ ဖြင့်လည်း သိစေနိုင်၍ သိစေမှု ပယောဂ ၂-ခုလုံး ယူရ၏။

ဘဏနဥ္စနာမ ကာယေနဝါ ဝါစာယ ဝါဝိညာပန ပယောဂေါ။

---

● မုသာဝါဒဖြင့် သင့်နိုင်သမျှ အာပတ်စုကို ပြခဲ့ပါ။

(၁) ဥတ္တရိ မနုဿ ဓမ္မ မုသာဝါဒကြောင့် ပါရာ၊

(၂) အမူလက ပါရာဇိကဖြင့်စွပ်စွဲရာ သံဃာဒိသိသ်၊

(၃) အမူလက သံဃာဒိသိသ်ဖြင့် စွပ်စွဲရာ ပါစိတ်၊

(ပဌမအကြိမ်)

(၄) ထုလ္လစ္စည်း စသော အောက်အာပတ် ၅ ပုံ (အာစာရဝိပတ္တိ) ဖြင့် စွပ်စွဲလျှင် ဒုက္ကဋ် သင့်၊
(၅) ဥတ္တရိ မနုဿ ဓမ္မကို သွယ်ဝိုက်၍ပြောရာ ကြားသူ သိလျှင် ထုလ္လစ္စည်း,မသိလျှင် ဒုက် သင့်၏။
(၆) ပြောင်လှောင် လို၍ မုသား ဆိုလျှင် ဒုဗ္ဘာသိ၊
(၇) မုသား သက်သက် ပြောလျှင် ဤသိက္ခာပုဒ်ဖြင့် . ပါစိတ်၊ ဤသို့ အာပတ် အသီးအသီး သင့်၏။

---

● မုသာဝါဒ အင်္ဂါကို ရေတွက်၍ ပြပါ။
(၁) ချွတ်ယွင်း ဖောက်ပြန် မမှန်တာ ပြောလိုသော စိတ် ရှိခြင်း၊
(၂) ထိုမမှန်သော ဝတ္ထုကို ပုဂ္ဂိုလ်အား သိစေခြင်း အင်္ဂါ ၂-ပါး။

ချွတ်ယွင်းလိုမှု၊ ရှေးရှု၍သာ၊ သိစေရာ၊ မုသာဒွယင်္ဂ။

---

● ဝတ္ထုဝိပရီတတာသည် အင်္ဂါတပါးဖြစ်, မဖြစ် ဆုံးဖြတ်ပါ။
ဝတ္ထု မမှန်မှုသည် သီးခြားအင်္ဂါဖြစ်၏ဟု ဋီကာများယူ၏။ အဋ္ဌကထာ၌ သဘာဝ မမှန်တာကို ပြောလိုစိတ်ရှိခြင်း ဟူသော အင်္ဂါ အတွင်း၌ ထည့်သွင်းကာ အင်္ဂါ ၂-ပါးသာ ယူ၏။
ဝတ္ထုမမှန်၊ ထည့်လေပြန်၊ သုံးတန် တမျိုးပြ။

---

● အင်္ဂါ ၂-ပါးကား မမှန်သလော၊ ၃-ပါးကား မှန်သလော။
အဋ္ဌကထာအလိုအားဖြင့် လုပ်ကြံ၍ မမှန်တာကို ပြောလိုသောစိတ် ရှိရခြင်းအင်္ဂါ၌ဝတ္ထုဝိပရီတတာ အာရုံပါဝင်ပြီးဖြစ်၍

(ပဥ္စမအကြိမ်)

အဝိနာဘာဝ နည်းဖြင့် သီးခြား တအင်္ဂါမယူလို၍ ၂-ပါးပင်၊ ဋီကာ ဆရာများက ချတ်ယွင်းလိုသောအာရမ္မဏကြ စိတ် တအင်္ဂါ အာရုံဝတ္ထု ချွတ်ယွင်းမှု တအင်္ဂါ ယူ၍ ၃-ပါး ဆိုကြသည် အတူပင်။

---

● မုသား ဆိုမိသော်လည်း အာပတ် မသင့်ပုံ ပြပါ။

(၁) အမှတ်မဲ့ သိလျက် အဆော တလျင် ပြောမိရာ၊ (ဒဝါ ဘာဏန ဖြစ်၍ အာပတ် မသင့်)

(၂) အမှန်ကို ပြောလျက် မသိ၍ ချွတ်ချော်ရာ၊

(၃) ရှုးသွပ်၍ မုသားပြောမိရာ အာပတ်မှ လွတ်၏။

---

● အနုပစာရေတွာ သဟသာ ဘဏန္တဿ အရ ပြပါ။

သိနားလည်သော်လည်း သတိမထား မစဉ်းစားဘဲ မြင်တာကို မမြင်ဘူး ပြော၍ အနာပတ္တိ။ (ဒဝါ)

---

● အညံ ဘဏိဿာမိတိ အညံ ဘဏန္တဿ အရ ပြပါ။

မှုပြီသ မကျွမ်းကျင်၍ စီဝရ, ဥဒ္ဒက အစား စီရဥဒယ ဟု ချွတ်ချော် ပြောမိ၍ အာပတ် မသင့်။ (ရဝါ)

---

● ဒဝါနှင့် ရဝါ အထူး ရေးပါ။

လူတတ် မှားတာ ဒဝါ၊ လူအ လွဲတာ ရဝါ၊ (သိက္ခာချ ပြန်ကြည့်)

---

● မိုးခြိမ်းသံကို အမြောက်သံ, ဘုန်းကြီးက မခေါ်ဘဲ ခေါ်နေ တယ် ပြောလျှင် အဘယ်အရ ဘယ်လိုနည်း။

(ပဋ္ဌမအကြိမ်)

(၁) မိုးခြိမ်းသံကို အမြောက်သံ ပြောရာ "အညေ နည်ပဋိစရတိ"အရ မုသာဝါဒပါစိတ် သင့်ပါသည်။

(၂) ခေါ်နေတယ် ညာပြောရာ "ဝိသံဝါဒန ပုရေက္ခာရတာ" အရဖြင့် မုသာဝါဒပါစိတ် သင့်ပါသည်။

---

## ဒုတိယ

● ဩမသ ဝါဒေ၌ ဆဲရေးကြောင်း စကားကြောင့်ဟု အဓိပ္ပါယ်ယူရမည်လော၊ အဘယ်သို့နည်း၊ ရှင်းပါ။

လေးဖြင့် ပစ်၏ဆိုရာ လေး၌တည်သော မြှားဖြင့်သာပစ်၏ဟု ယူရသကဲ့သို့၊ ဆဲရေးကြောင်း စကားကြောင့် ဆိုရာ၌ စကားကို ပြောဆိုမှုကြောင့် ဟု ယူရသည်။

---

● အက္ကောသ ဝတ္ထု ၁၀-ပါး ရေးခဲ့ပါ။

ဇာတိ နာမ ဂေါတ္တ ကမ္မံ,
သိပ္ပံ အာဗာဓ လိင်္ဂကံ၊
ကိလေသာပတ္တိ အက္ကောသော,
ဒသိမောမသဝါဒကာ။

(ဒသ+ဣမာ+ဩသမဝါဒကာ ဟု ပုဒ်ဖြတ်)

---

● ဇာတိအက္ကောသ ဝတ္ထုဖြင့် ဆဲပုံ ရေးပါ။

(က) ဒီဟာကြီးဟာ နွားကြီးဘဲ (ဟီန အားဖြင့်)

(ခ) သူက မင်းကတော်ကြီးပေါ့၊ (ဥက္ကဋ္ဌအားဖြင့်)

● ငါဟဲ့ ဖေဟဲ့ စသည် တိုင်းထွာ ဆဲရေးရာ အသို့နည်း။

ဇာတိစသော အက္ကောသ ဝတ္ထုနှင့် စပ်မှ ပါစိတ် သင့်သည်၊ ငါဟဲ့ ဘာဟဲ့ စသည် တိုင်းထွာ ဆဲရေးရာ၌ ဇာတိ စသည်နှင့် စပ်မှု မရှိ၍ ပါစိတ် မသင့်ပါ။

---

● သူခိုးဘဲ ဂျပိုးဘဲ စသည်ဆိုလျှင် အသို့နည်း။

ဇာတိစသည်နှင့် မစပ်သောကြောင့် ပါစိတ် မသင့်ပါ။

---

● သူတောင်းစားတွေ လာကြပြီ၊ နွားတွေ ကျနေတာဘဲ ဆိုဆဲလျှင် ပါစိတ် သင့်မသင့် ဆုံးဖြတ်ပါ။

ဤရဟန်းတွေဟာ သူတောင်းစားတွေဘဲ ဟု တိုက်ရိုက် မပြော သွယ်ဝိုက် ပြောသောကြောင့် ဒုက်သာသင့်၏။

---

● လူ, ဘိက္ခုနီ, သာမဏေကို ဆဲလျှင် အသို့နည်း။

လူ, ဘိက္ခုနီ, သာမဏေကို ဆဲလျှင် ဒုက်သင့်, ပါစိတ် မသင့်။

(ဘိက္ခုနီကို အနုပသမ္ပန္န၌ သွင်းထား၍ ဒုက်သာသင့်)

---

● ဇာတိ စသည်ကို အဘယ့်ကြောင့် အက္ကောသ ဝတ္ထု ခေါ်သနည်း။

ထားနှင့် ခုတ်ရာ ထားသည် ခုတ်ကြောင်း ဝတ္ထု ဖြစ်သကဲ့သို့ ဆဲရေးကြောင်း အဆောက် အဦဖြစ်၍ ဇာတိ စသည်ကို အက္ကောသဝတ္ထု ခေါ်သည်။

(ပဋ္ဌမအကြိမ်)

● ဇာတ်စသည်ဖြင့် ဆဲတိုင်း ပါစိတ်အာပတ် သင့်သလော။

(က) မြက်မှောက် တိုက်ရိုက်ဆဲမှ ပါစိတ်၊
(ခ) မျက်ကွယ် ဆဲလျှင် ဒုက္ကဋ်။
(ဂ) "ပါမောက္ခကြီးတွေ လာပြီကွ" ဆဲလျှင် ဒုဗ္ဘာသိ။
ပြက်ရယ် ပြုလို၊ ပြက်ချော်ဆို၊ ထိုသူဒုဗ္ဘာသိ။
(ဇာတ် စသည် နှင့် စပ်၍ ပြက်ရယ် ပြောင်လှောင်မှု ဒုဗ္ဘာသိ။

---

● အာပတ် အမျိုးမျိုးဖြင့် ဆဲလျှင် ဘယ်လို သင့်သနည်း။

ဘာ အာပတ် ဖြင့် ဆဲဆဲ ဆဲမှု ရှေးရှု၍ ပါစိတ်ချည်းသာ သင့်၏၊ အာပတ် အဆင့်အတန်း လိုက်၍ အာပတ် အစားစား မသင့်။

---

● ဟီနကို ဥက္ကဋ္ဌဖြင့် ဆဲလျှင် မုသာဝါဒ သင့်သလော။

ဟီနကို ဥက္ကဋ္ဌဖြင့်ဆဲလျှင် ဆဲရေးမှု ရှေးရှု သောကြောင့် ဩမသ ပါစိတ်သာလျှင် သင့်၏။

---

● ဒုဗ္ဘာသိတ ဒုက္ကဋ ဝစနတ္ထပြု၍ အရကြားပါ။

ဒုဋ္ဌု ဘာသိတံ ဒုဗ္ဘာသိတံ = မကောင်း (ပြောင်လှောင်) ပြောမှုကို မုချရ၏၊ ထိုပြောမှု အကြောင်း၏ အမည်ကို အကျိုး ပြုစ်ချက် အာပတ်ပေါ် ကာရဏူပစာ တင်စား၍ အပြစ်အာပတ် ကိုလည်း ဒုဗ္ဘာသိတ အာမတ်ဟူ ခေါ်ထားသည်။

(ဒုက္ကဋ ပုဒ်အရလည်း ရင်းနည်းအတိုင်း မုချ, ဥပစာသိ)

(ငွေမအကြိမ်)

● ကုန်းချောရာ တဦးမှ တဦးသို့ အခြားတဦးက တို့မီး လျှိုမီး လုပ်ထား၍ တိဏ္ဍံ ဘိက္ခုနံ ၃-ပါး ဗဟုဝုစ် ရှိပါလျက် ဘိက္ခုသာ ဆိုရာ အသို့သင့်ပါသလဲ။

ပါဠိတော်၌ အတ္ထုပ္ပတ္တိ ရှိသည့်အတိုင်း တိဏ္ဏံ ဘိက္ခုနံ ဆိုသော်လည်း ဇာတ် ၄ ၍ ဘိက္ခုဿ ဆိုကောင်းပါသည်။

---

● ဒုဗ္ဘာသိတ၏ သမုဋ္ဌာန် စသည်ကို ဝေဘန်ခဲ့ပါ။

ဝါစာ စိတ္တသမုဋ္ဌာန်=နှုတ်စိတ် ၂-ပါးကြောင့် သင့်၊
ကြိယာ = မပြုအပ်သော ပြောင်လှောင်မှုကိုပြုမိ၍ သင့်။
သစိတ္တက=ပြောင်လှောင်လိုသောစိတ်ရှိမှ သင့်၏၊
သညာဝိမောက္ခ= အမှတ်သညာ မရှိမှ အာပတ်မှ လွတ်၏၊
(သစိတ္တက နှင့် သညာဝိမောက္ခ တူ၏)အကုသိုလ်စိတ်
သုခ မဇ္ဈတ္တ ဝေဒနာ ၂-ပါးရှိ၏။

---

● ဩမသ သိက္ခာပုဒ်၏ အင်္ဂါကို ရေတွက်ပြပါ။

ရဟန်း ဖြစ်ခြင်း၊ ဆဲရေးခြင်း၊ သိခြင်း အင် ၃-ဖြာ။
အတ္ထ ပုရေက္ခာရ၊ မရှိရ၊ ထည့်က အင် ၄-ဖြာ။
(အတ္ထ ပုရေက္ခာရ မပါလျှင် ၃-ပါး, ပါလျှင်၄-ပါး။)

---

● အက္ကောသဝတ္ထုဖြင့်ပြောလျက် အနာပတ္တိ ပုဂ္ဂိုလ်ကိုပြပါ။

အတ္ထ, ဓမ္မ, အနုသာသနီ ရှေးရှုရာ၌ အနာပတ္တိ။

---

● အတ္ထ,ဓမ္မ, အနုသာသနီ ရှေးရှုပုံ ရေးပါ။

စဏ္ဍာလ ပုဒ်၏ အနက်ကို ခွဲပြောရာ အတ္ထပုရေက္ခာရ၊
စဏ္ဍာလ အကြောင်း ပါဠိဓမ္မကို ချပို့ရာ ဓမ္မပုရေက္ခာရ၊

(ပဌမအကြိမ်)

ဈေးက မိုက်ခဲ့၍ ခုဘဝ သင့်မှာ စဏ္ဍာလ လာဖြစ်ရ၏, ခုဘဝက စ၍ မမိုက်ပါနှင့်တော့ ဟူ၍ ဆုံးမသော အရာ၌ အနုသာသနီ ပုရေကွာရ။

---

## တတိယ

● ကုန်းချောရာ ဘယ်လို ရည်ရွယ်မှ အထမြောက်သလဲ။

(၁) သူတို့ချင်း၏ အချစ် ပျက်ပြယ် စေလိုခြင်း၊
(၂) မိမိအား ချစ်လာစေလိုခြင်း ရည်ရွယ်ချက် ၂-ပါး ရှိလျှင် အထမြောက်၏။

ဤအင်္ဂါ ၂-ပါးစုံမှ ကုန်းချောအင်္ဂါမြောက်သည်၊ ဤအင်္ဂါ ၂-ပါးသည် သိက္ခာပုဒ်၏ အင်္ဂါမဟုတ်သေး၊ ပေသုည၏ အင်္ဂါမျှသာ ရှိသေး၏၊ သတိ။

---

● ချစ်လှစွာသော ဇနီးမောင်နှံအား သင်၏ဇနီးဟာ စုံးမ, သင့်ယောကျ်ားမှာ အမြီးပါသည် ပြောရာ အသို့နည်း။

မိမိအား ချစ်ရန် မရည်ရွယ်ဘဲ သူတို့ချင်း တွဲရုံသာ ရည်ရွယ်လျှင် ပေသုည မဖြစ်၊မိမိအားချစ်အောင် ရည်ရွယ်ပြီး ကွဲပြားရန် ရှေ့ရှုကုန်းတိုက်မှ ပေသုည အင်္ဂါညီညွတ်၍ ပေသုည မည်သည်။

---

● ဘယ်စကားမျိုးနှင့် ကုန်းတိုက်မှ ပါစိတ်သင့်သလဲ။

ဇာတိ စသည်နှင့်စပ်၍ ကုန်းတိုက်မှ ပါစိတ်သင့်၏။

မှတ်....(ဇာတိ စသည်ကို စွဲ၍ တပါးက ပြောသော အတင်းကို တခြားတပါးအား ကုန်းတိုက်မှ ပါစိတ် သင့်၏ ဟူလို။)

(ပဋ္ဌမအကြိမ်)

● ဇာတ် စသည်နှင့် မစပ်ဘဲ ကုန်းတိုက်လျှင် အသို့နည်း။

ဇာတ်စသည်နှင့် မစပ်သော ကုန်းတိုက်မှုမှာ ဒုက်သာ သင့်၏။

---

● ဥပသမ္ပန္န၏ အတင်းကို အနုပသမ္ပန္နအား, အနုပသမ္ပန္န၏အတင်းကို ဥပသမ္ပန္နအား ကုန်းတိုက်လျှင် အသို့နည်း။

ဤ ၂-မျိုးလုံးမှာ ဒုက် သင့် ပါစိတ်ကား မသင့်ပါ။

(ဘိက္ခုနီမကို အနုပသမ္ပန္န၌ သွင်း၊ ဘိက္ခုနီချင်းမှာ ပါစိတ် အာပတ် သင့်သည်။)

---

● ပေဘုည သိက္ခာပုဒ်၏ အင်္ဂါကို ရေးပါ။

(၁) ရဟန်းအချင်းချင်းအား ကုန်းချောခြင်း၊

(၂) သူတို့ချင်း အချစ်ပြယ်၍ မိမိအား ခင်မင်စေလိုခြင်း၊

(၃) ထိုအဓိပ္ပါယ်ကို သိရှိစေခြင်း၊ အင်္ဂါ ၃-ပါး။

ရဟန်းချင်းချင်း၊ ပြစ်အတင်း၊ ဆောင်ပြင်း ပိသုဏာ၊ ချစ်ကွဲချစ်လို၊ သိစေမှု၊ သုံးခုကြောင်းအင်္ဂါ။

---

## ပတုတ္ထ

● ဓမ္မံအရ ပြ၍ ဥပစာ ပြခဲ့ပါ။

(က) ဓမ္မအရ ပါဠိတော်နှင့် အဋ္ဌကထာသာ ရ၏၊

(ခ) အပေါင်း ပိဋကာ ဓမ္မ အမည်ကို အစိတ် ပဒ စသည်၌ ကောဒေသျှုပစာ တင်စားခေါ်ထားသည်။ဤသို့

(ပဋ္ဌမအကြိမ်)

ကေဒေသျှုပစာ တင်စား ထားသောကြောင့် ဓမ္မ
အကုန်မဟုတ် ပဒ စသည်ဖြင့်ပင် ပါဠိတ် ဟူလို။

---

● ဂါထာ၌ ပဒ စသည် ၄-ချက် ကောက်ပြပါ။

(၁) ဂါထာ၏ ပ-ပါဒသည် ပဒ မည်၏။

(၂) ဒု-ပါဒသည် အနု ပစ္စာပဒံ အနုပဒ မည်၏၊

(၃) တလုံး တလုံးသော အက္ခရာသည် အနက္ခရ။
(အနုဝိစ္ဆတ္ထ၊ အနုဗျဥ္ဇန၌ အနုနှင့် မတူ။)

(၄) ရှေ့ ပုဒ်နှင့်တူသော နောက်ပုဒ်သည် အနုဗျဥ္ဇန။
(အနုသဒ္ဒါ သဒိသတ္ထ၊ဗျဥ္ဇန သဒ္ဒါ ပဒ၏ ပရိယာယ်၊
အနုသဒိသံ ဗျဥ္ဇနံ ပဒံ အနုဗျဥ္ဇနံ ဟူလို)

---

● သဗ္ဗေသင်္ခါရာဂါထာ၌ ပဒ စသည်ဖြင့် အာပတ်သင့်ပြပါ။

(၁) ပ-ပါဒကို "သဗ်" နှင့် " စ္စာ " စတူ ဆုံးတူ ဆရာနှင့်
တပည့် ပြိုင်တူ ရွတ်လျှင် ပဒ အရ ဆရာ၌ ပါဠိတ်။

(၂) ဆရာက ပ-ပါဒ ရွတ်အပြီး "စ္စာ" အက္ခရာနှင့်တပည့်က
ပ-ပါဒကိုကျော်၍ဒု-ပါဒဆုံး(ယဒါပညာယ ပဿတိ)
၌ တိတ္တိ အတူ ချလျှင် အနုပဒအတွက် ဆရာ၌ သင့်။
(ဆရာက ပ-ကို တပည့်က ဒု-ကိုသာ အချတူ ရွတ်သည်ကို
သတိပြု မှတ်သားလေ)

---

● အနုပဒ၌ ဆရာတပည့် အချိ အစ တူ,မတူ ပြပါ။

ဆရာ၏ "သဗ်" (ပ-ပါဒ အစ) နှင့် တပည့်၏ "ယ"

[(ပဥ္စမအကြိမ်),

(ဒုပ္ပါဒ အစ) တို့ အချီ အစ တူတူ, မတူတူ အဆုံးတူလျှင် သင့်၏။

(ဒုပါဒကို ကျော်ရွတ်သော တပည့်သည် ဆရာနှင့် အချီ အစ အက္ခရာချင်း တူချင်လဲ တူမည်၊ မတူချင်လဲ မတူဘူး ဟူလို။)

---

စုဏ္ဏိယ၌ ပဒ စသည် ၄-ချက် ခွဲပြပါ။

(၁) ဝိဘတ်ဆုံးသော ပဌမပုဒ်သည် ပဒ,

(၂) ဝိဘတ်ဆုံးသော နောက် ဒုပဒသည် အနုပဒ,

(၃) တလုံးစီသော အက္ခရာသည် အန္ဝက္ခရ,

(၄) ဝိဘတ် မဆုံးသော အက္ခရာ စုသည် အနုဗျဉ္ဇန မည်ပါသည်။

---

စုဏ္ဏိယ၌ ပဒ စသည်ဖြင့် သင့်ပုံ ပြပါ။

ရူပံ အနိစ္စံ ဝေဒနာ အနိစ္စာ၌ ပြိုင်၍

(၁) ရူပံကို အချီအချ အတူရွတ်လျှင် ပဒဖြင့်,

(၂) အနိစ္စံကို အချီအချ အတူရွတ်လျှင် အနုပဒဖြင့်,

(၃) ဆရာက ရူပံ အနိစ္စံ ရွတ်ခိုက် တပည့်က ဉာဏ်ထက်၍ ဝေဒနာ အနိစ္စာ ၂-ဝ ကျလုံး ရွတ်ရာ ဆရာ၏ "စ္စံ" နှင့် တပည့်၏ "စ္စာ" အချ တူလျှင် အနုဗျဉ္ဇနဖြင့် သင့်၏။

(၄) ရူပံ အနိစ္စံ ဟု ဆရာက ချပေးရာ တပည့်က "ရူ" အက္ခရာကို သာလျှင် ဆရာ နှင့် အတူ ဆိုပြီး ရပ်နေလျှင် အနုက္ခရဖြင့် သင့်၏။

(စုဏ္ဏိယ ဂါထာတို့၌ အနုက္ခရ အနုဗျဉ္ဇနချင်း တူ၏။)

---

● ရူပံ ချပေးရာ "ရူ" ဟု ပြိုင် လိုက်ဆိုလျှင် အသို့နည်း။

"ရူ" အစား "ရူ" ဟု အရွတ်လွဲ၍, ပြိုင်သော်လည်း အနာပတ္တိ။

---

● ဂါထာ စုဏ္ဏိယတို့၌ အနုပဒ အနုဗျဉ္ဇန အထူးပြပါ။

(က) ဂါထာ၏ ဒုတိယ ပါဒသည် အနုပဒ၊

(ခ) စုဏ္ဏိယ၌ ပဌမမှ နောက်နောက် ပုဒ်သည် အနုပဒ။

(အနု=သဒိသံ ပဒံ အနုပဒံ၊ ဝိဘတျတ္ထကိုသာယူ၊)

---

● တိကပါစိတ္တိယ သဘောကို ထုတ်ပြခဲ့ပါ။

(၁) အနုပသမ္ပန္န၌ အနုပသမ္ပန္န အမှတ်ရှိသူ၊

(၂) အနုပသမ္ပန္န၌ ဟုတ်လား၊မဟုတ်လား ယုံမှားရှိသူ၊

(၃) အနုပသမ္ပန္န၌ ဥပသမ္ပန္န အမှတ်ရှိသူ၊

ဤ ၃-ဦးလုံး ပါစိတ် ၃-စား သင့်၏ ဟူလို၊)

---

● ဒုက ဒုက္ကဋ် သင့်ပုံ အဓိပ္ပါယ် ရှင်းပါ။

(၁) ဥပသမ္ပန္န အစစ်ကို အနုသမ္ပန္န အမှတ်ရှိသူ၊

(၂) ဥပသမ္ပန္န၌ ယုံမှားရှိသူ ဤပုဂ္ဂိုလ် ၂-စားလုံး၌ ဒုက္ကဋ် ၂-မျိုး သင့်၍ ဒုက ဒုက္ကဋ် ဆိုသည်။

(ပဥ္စမအကြိမ်)

● ဩမသ, ပေသုည, ပဒသောဓမ္မ အနုပသမ္ပန္န အထူးပြပါ။

(က) ဩမသ, ပေသုညတို့၌ ရဟန်းမှ တပါးယူ၊
(ခ) ပဒသော ဓမ္မ၌ လူ, သာမဏေကိုသာ ယူ။

---

● အတူ ရွတ်ကောင်းသော အနာပတ္တိ သဘောပြပါ။

(၁) ကေတောဥဒ္ဒေသကရဏေ=စာအတူ တက်ရာ,
(၂) သဇ္ဈာယ ကရဏေ=စာ အတူ ရွတ်ရာ,
(၃) တဿသန္တိကေ ဥဒ္ဒေသဂ္ဂဟဏေ = သာမဏေထံ စာ တက်ရာ,
(၄) ပဂုဏ ဂန္ထံ ဘဏန္တဿ= စာအတူ တွဲလွဲရာ,
(၅) ပဂုဏ ဂန္ထံ ဩသာရေန္တဿ = ပရိတ် ရွတ်ရာစသည်၌,
(၆) ခလိတဋ္ဌာနေ ဝေံ ဘဏာဟီတိ ဝစနေ = အမှားပြင် ပေးရာ,
(၇) ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိ၊ အရူး စသည် တို့ အနာပတ္တိ။

---

● ယေကေစိကုသလော ဓမ္မာ ဉဝါချရာ ဆရာနှင့် (သာမဏေ တပါး ပါသော) တပည့် ၄-ပါး တူပြိုင်ရွတ် လျှင် အသို့နည်း။

(၁) ဉဝါ တက်ဖက် ရဟန်း ၄-ပါး၌ သာမဏေ တပါး နှင့် အတူ ရွတ် သော်လည်း စာတက်ဖက် ဖြစ်၍ အနာပတ္တိ။

([illegible])

(၂) ဆရာမှာ သာမဏေ နှင့် ရဟန်း ၄-ပါးအား ချပို့ရာ သာမဏေအား အတူ ပြိုင်၍ ချပို့မှုကြောင့် ပါစိတ် သင့်၏။

---

● ရဟန်း ၃-ပါး အကြား သာမဏေတပါး ပါလာရာ သာမဏေ အတွက် ရည်ရွယ်စိတ် မရှိသော် အသို့နည်း။

ရည်ရွယ်စိတ် မရှိသော်လည်း အစိတ္တက အာပတ် အစားမျိုး ဖြစ်၍ သာမဏေအား ပုဒ်ပြိုင် ချပေးလျှင် ပါစိတ်သင့်၏။

---

● အကယ်၍ သာမဏေသည် ရဟန်းများ၏ အပြင် အပ ၁၂-တောင် ဟိုဘက်က ပုဒ်ပြိုင် သင်ယူလျှင် အသို့နည်း။

၁၂-တောင့် ဟိုဘက်က သင်ယူလျှင် ဆရာ၌ အနာပတ္တိ။

---

● အားလုံးကို ရည်ရွယ်ချလျှင် ၁၂-တောင်၏ အပြင် ဘက်က လိုက်သော သာမဏေ အတွက် ဆရာ၌ အသို့နည်း။

အားလုံး (သာမဏေကိုပါ) ရည်ရွယ်ချလျှင် ပါစိတ်ပင်။

---

● အညံ ဘဏတိ အရ ဘာကို ဆိုလိုပါသနည်း။

"ရှု"အစား "ရု" "ဓ္ဓ" အစား "ဓ" လွဲမှား၍ တခြားတပါး သော အက္ခရာကို ရွတ်ခြင်းတည်း။ (လွဲရင် အနာပတ္တိ)

---

● ပဒသော ဓမ္မ သိက္ခာပုဒ်၏ သမုဋ္ဌာန်ကို ပြပါ။

ဝါစာကြောင့်ရင်း, ဝါစာ-စိတ္တကြောင့် ရင်း သင့်၏။

(ပဌမအကြိမ်)

ဝါစာတော စ သမုဋ္ဌာတိ,
ဝါစာ စိတ္တ ဒွယာ ပိစ၊
သမုဋ္ဌာန မိဒံ ဝုတ္တံ,
ပဒသော ဓမ္မ သညိတံ။

---

## ပဌမ

● ကောတော နိပဇ္ဇနံ အလို ပူးတွဲ အိပ်မှုလော။

ပူးကပ် အိပ်မှု မဟုတ်၊ တကျောင်းတည်းမှာ ၂-ဦးအိပ်မှုကို ယူရ ပါသည်။ (သဟ=ပြိုင် အတူ)

---

● သေယျံ ကပ္ပေယျ၏ကတ္တား အရ ရဟန်းအိမ်မှု ပယောဂ အတွက်ကျ သာ သင့်သလော။

သာမဏေ၏ အိပ်ထ, အိပ်ထ ပယောဂ အတွက်ကျရှင်း သာမဏေအတွက်ကျရှင်း သင့်ပါသည်၊ "ရဟန်း၏ ပယောဂ အရေ အတွက်ကျသာ သင့်၏မယူရ" ဟူလို။

---

● ကပ္ပေယျ၏ ကတ္တားမှာ ရဟန်း သာ ဖြစ်လျက် အဘဲ့ကြောင်း သာမဏေ့ ပယောဂဖြင့် သင့်နိုသလဲ။

သဟ-အတူ ဟူသော သဟ၏ သာမတ္ထိယ အားဖြင့် သာမဏေ၏ အိပ်ထ ပခယာဂသည် ရဟန်း၏ အိပ်မှုနှင့်သာဟာစရဏ ဆက်သွယ်မှု ရှိနေသောကြောင့် သာမဏေ ပယောဂဖြင့်လဲ သင့်ပါသည်။ (သာမဏေ နှင့် တကွ အိပ်ဆိုရာ၌ သာမဏေလဲ အိပ်၏ ဟု သိ)

(ပဌမအကြိမ်)

● ရှင်သောပါက နှင့် ၃-ညဥ့် အိပ်ပြီး ၄-ညဥ့် မြောက်မှာ ရှင်ဥတ္တရ နှင့် အိပ်လျှင် အသို့နည်း။

**သာမဏေပင် ပြောင်းသော်လည်း ၄-ညဥ့် ဆက်၍အိပ်ခဲ့လျှင် ပါစိတ် အာပတ် သင့်၏။**

---

● ပုဗ္ဗာရုံ၌ ၃-ညဥ့် အိပ်ပြီး ဇေတဝန်၌ ၄-ညဥ့် မြောက် အိပ်လျှင် အသို့နည်း။

ကျောင်းပြောင်း သော်လည်း ပါစိတ် သင့်၏၊ (လူသာမဏေ ဖြစ်ရခြင်း ၃-ညဥ့် ဆက်အိပ်ခြင်းသာ ပမာနဖြစ်သောကြောင့် တည်း)။

---

● ဥတ္တရိ ဒိရတ္တ တိရတ္တ အရ အချိန် ပိုင်းပြပါ။

၃-ညဥ့်ဆက် အိပ်ပြီးနောက် ၄-ရက်နေ့ နေဝင်ချိန်မှ စ၍ ဆက်အိပ်သမျှ ညဥ့်တွေကို အရ ကောက်ပါသည်။

---

● တိရတ္တံဖြင့် ပြီးလျက် ဒိရတ္တကို ဘဲ့ကြောင့် ဆိုသလဲ။

လောကထုံး စကားလုံး ပြေပြစ်အောင် ၂-ည, ၃-ည ဟု ဆိုပါသည်၊ (၂-ညအတွက် ဘာ အဓိပ္ပါယ် ထူးမှုမရှိ ဟူလို)

တနဲ့တဆက်တည်း အိပ်မှ သင့်သည်။ ရက်ခြား အိပ်လျှင် မသင့် ဟူတော အဓိပ္ပါယ် ထူးကို ဒိရတ္တဖြင့် ပြပါသည်။

---

● ဤစကားနှင့် စပ်၍ ဆာရတ္တံ မာနတ္တံကို ဆုံးဖြတ်ပါ။

ပဥ္စရတ္တံ ဆာရတ္တံ မဆို၊ ဆာရတ္တံဟူ၍ သာလျှင် ဆိုသောကြောင့် ၆-ညဥ့်မဆက်ဘဲ ပြတ်တောင်း ပြတ်တောင်း ကျင့် ကောင်း၏ဟု ယူပါ။

(ပဥ္စမအကြိမ်)

● ၃-ညဉ့်ထက် လွန် လွန်ချင်း အာပတ် သင့်သလော။

၄-ညဉ့်မြောက် နေဝင်ချိန် အခါမှ စ၍ ပယောဂနှင့်သာမဏေတို့၏ အတွက်ကျ သင့်ပါသည်။

စထုတ္ထေ ဒိဝသေ အတ္ထင်္ဂတေ သူရိယေ အနုပသမ္ပန္နေ နိပန္နေ ဘိက္ခု နိပဇ္ဇတိ,အာပတ္တိ ပ စိတ္တိယဿ။

---

● ၅-ရက်, ၆-ရက် ဆက်အိပ်သော် နေ့ဘက် အိပ်မှု၌ အာပတ် သင့်,မသင့် ဆုံးဖြတ်ပါ။

သဟသေယျ အာပတ်သည် ညဥ့်မှာသာ သင့်သော အာပတ်မျိုးဖြစ်၏ ဟူ၍ ပရိဝါပါဠိ လာရှိသောကြောင့် နေ့ဘက်အိပ်မှုအတွက် အာပတ် မသင့်ပါ။

---

● ဥတ္တရိ ဒိရတ္တ တိရတ္တံသည် ဘာ ပညတ်နည်း။

အာပတ် မသင့်အောင် ပြုတတ်သော အနာပတ္တိကရအနုပညတ်တည်း။

---

● ဤသိက္ခာပုဒ်ကို အာဠဝီမှာပညတ်ပြီး ကောသမ္ဗီကျတော့ရာဟုလာအိပ်စရာ မရှိ၍ အနုပညတ် ထုတ်ရသဖြင့်ဘုရား ကိုယ်တော်မြတ်သည် အဂတိ လိုက်ရာ မကျပါသလော။

သာမဏေ အားလုံးအား စောင့်ရှောက်ရေးအတွက် ဤအနုပညတ်ကို မိန့်သဖြင့် အဂတိ လိုက်ရာ မကျပါ။

(ပဥ္စမအကြိမ်)

**မှတ်**— အဂတိ ဂစ္ဆတိ-အဂတိသို့သာ လိုက်စားမှု ဖြစ်၍ အဂတိလိုက်သည်ဟု ခေါ်ရသည်၊ "ဂတိလိုက်သည်" ဟု ပြောကြခြင်းကား လောက သုံးသာ၊ စာ အတိုင်း အဓိပ္ပါယ်ယူလျှင် ဂတိလိုက်ထာ အကောင်းပင်, ဂတိလိုက်ထာမှ မတရားပြု၏ ဟု အဓိပ္ပါယ်ရ၏။

---

● သဟာသေယျ လောက်သော အမိုး အကာ ပမာဏပြပါ။

ထက်ဝက် လွန်တုံ၊ မိုးကာစုံ၊ လောက်လုံ အာပတ္တိ၊
ထက်ဝက် ထက် ပို၍ မိုး့ကာ ထားသော အဆောက်အဦသည် သဟာသေယျယောက်၏။

---

● အမိုးအကာ ထိုက်သော ဝတ္ထုပစ္စည်း ပြပါ။

သိလာ ဣဋ္ဌ၊ သုဓာစ၊ တိဏ-ပဏ္ဏာပိ၊
ဝတ္ထေန ဝါ၊ ဆ ဆန္နာ၊ ထဝါ ဂဏှာဟိ။
ဤ ၆-မျိုးလုံး အမိုး အကာ ပစ္စည်းများ ဖြစ်၏။

---

● အကာ၏ ပမာဏကို ပြပါ။

တထောင့်ထွာ အမြင့်ပမာဏမှစ၍ ကာရံအပ်သော အကာသည် ပမာဏလောက်သော အကာမည်၏။

ဒိယဍ္ဍဟတ္ထုဗ္ဗေဓေနေ, ပါကာရ စယနာဒိနာ၊
ပရိက္ခိတ္တမ္ပိ တံ သဗ္ဗံ, ပရိက္ခိတ္တန္တိ ဝုစ္စတိ။

---

● ကျေူပစာရ နာနူပစာရ ရှိသော ဝိဟာရများ ပြပါ။

(က) တံခါး တပေါက်တည်းမှ ဝင်၍ အခန်း အားလုံး

တဆက်တည်း ဆက်လှည့်နိုင် သွားလာနိုင်လျှင် ကျေပစာရ၊

(ခ) တံခါး အသီးသီးမှ ဝင်၍ အခန်းအသီးသီးသို့ အခန်းချင်း မဆက် လှည့်လည်နိုင်လျှင် နာနူပစာရ။

---

● အထပ်ထပ်သို့ လှေကားတခုတည်းမှ တက်၍ အထပ်ထပ်ရှိ အခန်းအားလုံး လှည့်သွားနိုင်လျှင် အသို့နည်း။

ဘယ်နှစ်ထပ် ဘယ်နှစ်ခန်းရှိရှိ ဒိုးယိုပေါက် တဆက်တည်း လှည့်လည် ဝင်ထွက်နိုင်လျှင် ကျေပစာရ။

---

● ပါစိတ် ဒုက္ကဋ် အဆောက်အဦ အသီးသီး ခွဲပြပါ။

အမိုးရော အကာရော ထက်ဝက်ထက် ပိုလျှင် ပါစိတ်၊ အမိုးရော အကာရော ထက်ဝက် ရှိခဲ့သော်ငြား ထက်ဝက်အောက် လျော့ခဲ့သော်ငြား ဒုက္ကဋ် အဆောက် အဦဖြစ်၏။

---

● ဒုက္ကဋ် အဆောက်အဦများကို ရေတွက်ပြပါ။

(၁) ဥပစ္စုဆန္န ဥပစ္စုပရိစ္ဆန္န,
(ဆန္န=အမိုး၊ ပရိစ္ဆန္န=အကာ)။
(၂) သဗ္ဗစ္ဆန္န စူဠကပရိစ္ဆန္န,
(၃) ယေဘုယျေနစ္ဆန္န စူဠကပရိစ္ဆန္န,
(၄) သဗ္ဗပရိစ္ဆန္န စူဠကစ္ဆန္န,
(၅) ယေဘုယျေန ပရိစ္ဆန္န စူဠကစ္ဆန္န။

(ပဥ္စမအကြိမ်)

ဤကား ဒုက် အာပတ် အဆောက်အဦ ၅-ပါးသာ ရ၏။

အဆုစ္ဆန္ဒ ပရိစ္ဆေဒေ, ဒုက္ကဋံ ပရိဒီပိတံ။
သဗ္ဗ-စူဠ ပရိစ္ဆန္နံ, ဆန္ဒာဒီဟိပိ ပဉ္စဓာ။

---

● ပါစိတ် အဆောက်အဦ အစားပြပါ။

(၁) သဗ္ဗစ္ဆန္န ယေဘုယျေနပရိစ္ဆန္န,
(၂) သဗ္ဗစ္ဆန္န ဥပဍ္ဎပရိစ္ဆန္နံ,
(၃) ယေဘုယျေနစ္ဆန္န ဥပဍ္ဎပရိစ္ဆန္န,
(၄) သဗ္ဗပရိစ္ဆန္န ယေဘုယျေနစ္ဆန္န,
(၅) သဗ္ဗပရိစ္ဆန္န ဥပဍ္ဎစ္ဆန္န,
(၆) ယေဘုယျေနပရိစ္ဆန္န ဥပဍ္ဎစ္ဆန္န,
(၇) သဗ္ဗစ္ဆန္န သဗ္ဗပရိစ္ဆန္န,
(၈) ယေဘုယျေနစ္ဆန္န ယေဘုယျေန ပရိစ္ဆန္န။

ဤကား ပါစိတ် အဆောက်အဦ ရှစ်ပါးတည်း။

သဗ္ဗ-ယေဘုယျ-ဥပဍ္ဎ, ဆန္နာဒီနံ ပဘေဒတော၊
အဋ္ဌ ပါစိတ္တိယာနေတ္ထ, ဒဋ္ဌဗ္ဗာနိ သုဗုဒ္ဓိနာ။

---

● တဝက်သာ အမိုးရှိခြင်း တ ဝက် သာ အ ကာ ရှိ ခြင်း သည် ပါစိတ် ဝတ္ထုလော၊ ဒုက္ကဋ် ဝတ္ထုလော ဆုံးဖြတ်ပါ။

(က) တဝက် အမိုးသာ ရှိခြင်းသည် အကာ၏ ထက်ဝက် ထက် များမှုနှင့် ဆက်နေ တွဲနေလျှင် ပါစိတ် ဝတ္ထု ဖြစ်၏။

(ခ) အမိုးထက်ဝက်ရှိခြင်းသည် **အကာ၏တဝက်**, တဝက် **အောက်** နဲ့မှုနှင့် စပ်နေလျှင် ဒုက္ကဋ် ဝတ္ထုသာ ဖြစ်၏။

**မှတ်**.... အကာတဝက်သည်လည်း အမိုး၏ အခြေအနေ အတိုင်း ဖြစ်၏၊ ဤထက်ဝက်ရှိမှုသည် ပါစိတ် ဒုက္ကဋ် ဝတ္ထု ၂-မျိုးလုံး နှင့် သက်ဆိုင်နေကြောင်းကို အထူး သတိပြုလေ။

---

● ဒွေရတ္တိယော ဝသိတွာ တတိယာယ ရတ္တိယာ ပုရာရုဏာ နိက္ခမိတွာ ပုန ဝသန္တဿ အနာပတ္တိ၏ အဓိပ္ပါယ်ရှင်းပါ။

၂-ညဉ့် ဆက်အိပ်ပြီး ၃-ညဉ့်မြောက် ညဉ့်၏ အရုဏ်မတက်မီ ကျောင်းအပြင်ဘက်၌ အရုဏ်ခံပြီး ၄-ညဉ့်မြောက်မှာ ပြန်အိပ်သော ရဟန်းအား ညဉ့်ပြတ်ခဲ့၍ **အနာပတ္တိ** ဟူလို။

---

● နိက္ခမိတွာအရ အတွင်းမှာပင် ထိုင်နေသော် အသို့နည်း။

နိက္ခမိတွာ ဟု ဆိုစေကာမူ အတွင်းမှာပင် မအိပ်ဘဲ ထိုင်နေခဲ့သော်လည်း အနာပတ္တိပင်။

ဥဋ္ဌဟိတွာ ပန **အခဏ္ဍာဆဒနေ** နိသိန္နဿာပိ ပုန ဒိဝသေ သဟသေယျေန အနာပတ္တိ ဧဝါတိ ဒဋ္ဌဗ္ဗံ၊ (ဝိမတိ)

**မှတ်**-အဋ္ဌကထာ၌ နိက္ခမိတွာ ဆိုခြင်းကား ဥပလက္ခဏာမျှသာ ဖြစ်၍ အတွင်းမှာပင် ထိုင်နေစေကာမူ အနာပတ္တိဟု ဋီကာဆရာများ မိန့်ကြသည်၊ သေယျ-အိပ်မှုကို သတိပြု၊ ထို့ကြောင့် မအိပ်လျှင် အပြင်သို့မထွက်ထွက်ထွက် အနာပတ္တိ၊ ဘိက္ခုသ္မိံ နိပန္နေ အနုပသမ္ပန္နော နိသီဒတိ၊အနာပတ္တိကို ထောက်။ ဤလို ညဉ့်အဆက် ဖြတ်ရာ၌ နိက္ခမိတွာကို အစွဲပြုကာ ကျောင်းအပြင်ထွက်၍ အရုဏ်ခံမှ ညဉ့်အဆက်ပြတ်၏ဟု ပြောကြ ရေးကြခြင်းကို မမှတ်အပ်။

(ပဌမအကြိမ်)

● သဟာသေယျ မဖြစ်အောင် ဆက်နေနည်း ပြပါ။

၃-ညဥ့် မြောက်မှာ ထနေသည်ဖြစ်စေ, သို့မဟုတ် ၃-ညဥ့် အိပ်မိစေကာမူ အာပတ်ခေတ်ဖြစ်သော ၄-ညဥ့်မြောက်မှာ အနုပ သမ္ပန္န နှင့် မအိပ်ဘဲနေသည် ဖြစ်စေ, သဟာသေယျ မဖြစ်။

---

● ၄-၅-ညဥ့်ထိအောင် သဟာသေယျ ဆက်ဇိပ်ပြီးမှ ညဥ့်ပြတ် အောင် ဖြတ်နည်းကို ရေးခဲ့ပါ။

အကြင်ညဥ့်၌ အရုဏ်တက်အချိန် ထနေ၏၊ ထိုညဥ့်ကစ၍ ညဥ့်အဆက်ပြတ်၏၊ ၂-၃-ညဥ့်အိပ်ခွင့် ရပြန်၏။

---

● သင်္ဘောရထားများ၌ သဟာသေယျ ဖြစ်,မဖြစ် ပြပါ။

အမိုးအကာ ထက်ဝက်ထက် လုံလျှင် မာတုဂါမများ ပါရာ အိပ်မိလျှင် သဟာသေယျ အာပတ် ဒု-သိက္ခာပုဒ်ဖြင့် သင့်၏။

၃-ညဥ့်ထက်ကျော်၍ အိပ်မိသော် ညဥ့်တိုင်း ပ-ဒု- ၂-ပုဒ်ဖြင့် ၂-ချက်ကျ သင့်၏။

မှတ်....(ကုလားထိုင်နှင့် အိပ်လျှင် ခြေနှင့် အောက်အခင်း မလွတ် မကြွသေးလျှင် သေယျမဖြစ်၊ လွတ်လျှင် သေယျဖြစ်၏။

---

● အနုပသမ္ပန္န အရ ကောက်ပြပါ။

လူ,သာမဏေ, ပါရာဇိက လောက်သော တိရစ္ဆာန်အထိးကို ပထမ သဟာသေယျ သိက္ခာပုဒ်၏ အနုပသမ္ပန္နအရ ကောက်ရပါ သည်။

[(ပဥ္စမအကြိမ်)

● ဘိက္ခု ဌပေတွာ ဆိုသောကြောင့် အမတွေ့ ပါသလော။

မာတုဂါမ သဟသေယျ၌ ဘိက္ခုနီ၊ လူမိန်းမ၊ တိရစ္ဆာန် တို့ကို ဤပ-သိက္ခာပုဒ်၌ မယူရပါ။

---

## ဆဌမ

● မာတုဂါမ သဟသေယျ၏ မာတုဂါမ အစား ပြပါ။

မွေးခါစ သေခါနီးအထိ လူမိန်းမကို ယူပါ။

---

● သေသော မာတုဂါမနှင့် သဟသေယျ ပြုလျှင် အဘယ်သို့နည်း။

ကမ္မဇရုပ် ကင်းချုပ်ပြီးသောကြောင့် သဟသေယျ ပါစိတ် မသင့်။

အနုပါဒိန္နက ပက္ခေ ဌိတတ္တာ သဟသေယျာပတ္တိံ န ကရောန္တိ။

---

● ဘီလူးမ၊ ပြိတ္တာမ၊ တိရစ္ဆာန်မ၊ ပဏ္ဍုက်တို့နှင့် အဘယ်သို့နည်း။

ဘီလူးမ စသည်တို့နှင့် သဟသေယျ ပြုလျှင် ဝတ္ထုအရေ အတွက်ကျ ဒုက် သာလျှင် အာပတ်။

ဒိဿမာနက ရူပါယ၊
ယက္ခိယာ ပေတိယာ သဟ၊
ရတ္တိယံ ယော နိပဇ္ဇေယျ၊
ဒေဝိယာ ပဏ္ဍကေန ဝါ။
မေထုန ဝတ္ထု ဘူတာယ၊
တိရစ္ဆာနဂတိတ္ထိယာ၊

(ပဉ္စမအကြိမ်)

ဝတ္ထုနံ ဂဏနာယဿ၊
ဟောတိ အာပတ္တိ ဒုက္ကဋံ။

---

● ဘိလူးမ စသည်တို့နှင့် အိပ်တိုင်း ပါစိတ် သင့်သလော။

ကိုယ်ခန္ဓာထင်ရှားပြ၍ အိပ်မှသာ ဒုက္ကဋ် သင့်ပါသည်၊ ကိုယ်ခန္ဓာ ထင်ရှားမပြဘဲ အိပ်သော ဘိလူးမ စသည်နှင့် အနာပတ္တိ၊ (ကိုယ်ထင်ရှားပြုအိပ်မှ အာပတ်၊ ကိုယ်ထင်မှား မပြုလျှင် အနာပတ္တိ။)

---

● နတ်မ နှင့် အိပ်ရာ အဘယ်သဘော ရှိပါသနည်း။

ကိုယ်မထင်ရှားလျှင် အနာပတ္တိ၊ ထင်ရှားပြ အိပ်မှ ဒုက်သင့်၏။

ကိဥ္စာပိ ပဒဘာဇနေ ဒေဝိတ္ထိ န ဝုတ္တာ, ဒုတ္တဋ္ဌ ဝတ္ထုတိ ပေဒိတဗ္ဗာ။ (ကိုယ်ထင်ရှားမှ ယူ)

---

● လူမိန်းမနှင့် ၄-ညဥ့် ဆက်၍ အိပ်ခဲ့သော် သဟသေယျ ၂-ပုဒ်လုံးအတွက် သင့်, မသင့် ပြခဲ့ပါ။

၂-ချက် သင့်၏ဟု ဆိုကြ၏၊ တချက်သာ သင့်၏ မှတ်ပါ။

မာတုဂါမေန သဒ္ဓိံ စတုတ္ထ ဒိဝသေ သယန္တဿာပိ ဣမိနာ သိက္ခာပဒေန ဧကာ အာပတ္တိ၊ ဧကေစိ ပန ပုရိမ သိက္ခာပဒေနာပိ ဒွေ အာပတ္တိယော ဝဒန္တိ, တံ န ယုတ္တံ, အနုသမ္ပန္နေနာတိ အနိုဋ္ဌိလိင်္ဂေန ဝုတ္တတ္တာ။ (ဝိမတိ)

မှတ်....ဋီမာတိကာ ကခ်ါ ဒု-တဲ့ စာမျက်နှာ ၃၀၊ ပုစ္ဆာအမှတ်-၄၅ ၌ ဤပါဠိကို ယောဇနာကြီး အမှာ အတိုင်း "သာရတ္ထ" ဟု မှားပါသွားသည်၊ အမှန်မှာ ဝိမတိ၌ လာ၏။

(ပဋ္ဌမအကြိမ်)

● နပုံး ပဏ္ဏုက်နှင့် ၄-ညဉ့် ဆက်အိပ်လျှင် အသို့နည်း။

ရှေ့ ၃-ညဉ့်မှာ ဒုတိယ သဟသေယျဖြင့် ဒုက်တချက်သာ သင့်၏၊ စတုတ္ထ ညဉ့်၌ ပ-ဖြင့် ပါစိတ်, ဒု-ဖြင့် ဒုက် ၂-ချက် ပြိုင် သင့်၏။

---

● ဥဘတော ဗျည်း နှင့် အိပ်ရာ အဘယ် အာပတ် သင့်သလဲ။

(က) ပုရိသ ဥဘတော ဗျည်းမှာ နပုံး ပဏ္ဍုက်တို့ အတိုင်း သင့်၏။

(ခ) ဣတ္ထိဥဘတောဗျည်းမှာ လူမိန်းမအတိုင်းသင့်၏။

**မှတ်**-ပဏ္ဍကေနဝါ-သဟသေယျံ ကပ္ပေတိ, အာပတ္တိ ဒုက္ကဋဿ ဟု ပဏ္ဍုက်အတွက် ဒုက္ကဋ်တချက်သာဖော်သော်လည်း ဥဘတောဗျည်းမှာ အနုပသမ္ပန္န မာတုဂါမ အလားတူ ခွဲယူလေ။

---

● တိက ပါစိတ္တိယ အရ အစိပ္ပါယ် ရှင်းအောင် ဖော်ပြပါ။

(၁) မာတုဂါမ၌ မာတုဂါမ ဟု အမှတ်ရှိသူ,
(၂) မာတုဂါမ၌ ယုံမှားရှိသူ,
(၃) မာတုဂါမ၌ အမာတုဂါမ အမှတ် ရှိသူ,
ဤ ၃-ဦးအား ပါစိတ် ၃-မျိုး သင့်၍ တိကပါစိတ္တိယ။

---

## သတ္တမ

● ဥဒ္ဒေသ ဆ ပဥ္စဝါစာ၌ ဝါစာ ပမာဏကို ခွဲခြား ပြပါ။

(၁) ဂါထာ၌ တပါဒသည် ဝါစာ တခု မည်၏။
(၂) စုဏ္ဏိယ၌ ဝိဘတ် တခုဆုံးသော ပုဒ်ကို ဝါစာတခုယူ။

(ပဥ္စမေးကြွေ)

● မာတုဂါမတယောက်တည်းအား သီလပေးရာ အသို့နည်း။

ပိဋကပ ပါဠိ ခမ္မဖြစ်၍ ၆-ပုဒ်က လွန်သရွေ့ ပါစိတ်၊ တရားဟောတာ မဟုတ်၍ မသင့် ဟုလည်း ဆိုကြ၏။

---

● ဓမ္မ အရ ဘယ်ဓမ္မကို ယူသနည်း။

ပါဠိတော်နှင့် အဋ္ဌကထာကိုသာ ဓမ္မ အရ ယူပါသည်။

**မှတ်**- ဓမ္မကထိက ရစနာ ဂါထာနှင့် ပါဠိကို ဗမာပြန် အနက်ပေးရာ၌ ပါစိတ် သင့်ရန် မလို။

---

● နဂါးစသည်တို့ ယောကျာ်းအသွင် ဖန်ဆင်းပြီး မာတုဂါမ အနားဌ ရှိလျှင် အသို့ ဆိုမည်နည်း။

မနုဿဝိဂ္ဂဟံ အရ လူဇာတ် အစစ် ဖြစ်နေသော ယောကျာ်းကိုသာ ယူရ၍ နဂါး လူယောင် ဆောင်ရာ၌အာပတ္တိပင်။

နိမ္မိနိတွာ ဌိတေနာပိ,
သဒ္ဓိံ ပုရိသဝိဂ္ဂဟံ၊
ယက္ခေန ပိ စ ပေတေန,
တိရစ္ဆာန ဂတေနပိ။
ဌိတာ မာတုဂါမဿ,
ဓမ္မံ ယော ပန ဘာသတိ၊
ဆန္နံ ဥပရိ ဝါစာနံ,
တဿ ပါစိတ္တိယံ သိယာ။

(ပဋ္ဌမအကြိမ်)

ဓမ္မစကြာ ဆိုတာ ဘယ်လိုဟာပါနည်း စသည်ဖြင့် လျှောက်သောအခါ ဓမ္မစကြာကိုပြောပြလျှင် အသို့နည်း။

မေးလျှောက်၍ ဖြေကြားရာ အကုန်ရွတ် ပြသော်လည်း အနာပတ္တိ ဖြစ်ပါသည်။

---

အဘယ် မာတုဂါမ, ပုရိသ အမျိုး အစား ယူရသနည်း။

(၁) အဒုဋ္ဌုလ္လ, ဒုဋ္ဌုလ္လ ခွဲခြား နားလည် လောက်သော မာတုဂါမနှင့်,

(၂) သုဘာသိတ ဒုဗ္ဘာသိတ ခွဲခြားသိသော ပုရိသ ၂-မျိုးကိုသာ ယူပါသည်။ (နားမလည်က မယူရ)

---

လူမိန်းမ အသွင် ဖန်တီးထားသော, သို့မဟုတ် ပကတိ နဂိုအသွင် မျှသော ဘီလူးမ ပြိတ္တာမ၌ အသို့နည်း။

၂-စားလုံးသော ဘီလူးမ စသည်အား ဟောရာ ၆-ပုဒ်ထက်လွန်သော စကားလုံး အရေအတွက်ကျ ဒုက်သင့်၊ပါစိတ်မသင့်။

ဣတ္ထိရူပံ ဂဟေတွာန,
တောသံ ဘာသတောပိစ၊
ဒုက္ကဋံ ယက္ခိပေတီနံ,
တိရစ္ဆာန ဂတိတ္ထိယာ၊

---

၆-ပုဒ် ဟောပြီး ပြန်ထ၍ ထိုင်လျှင် အသို့နည်း။

ဣရိယာပုထ် ဖျက်ပြီး၍ နောက်ထပ် ၆-ပုဒ် ဟောကောင်းသေး၏။ (ဣရိယာပုထ် တပါး နှင့် တပါး ပုဒ်၏ အရေအတွက် ချင်း မကူးပေ။)

● ဓမ္မ မာတုဂါမတို့တွင် ဘာအရေအတွက် ဖြစ်သင့်သလဲ။

ဓမ္မအရေ အတွက်,မာတုဂါမ အရေ အတွက် ၂—မျိုး ၂-စား လုံးဖြင့် သင့်၏။

---

## အဋ္ဌမ

● ဉတ္တရိမနုဿ ဓမ္မကို ပြောပြောခြင်း သင့်သလော။

နားထောင်သူ သိမှ ပါစိတ်,မသိက ဒုက်သာ သင့်၏။

---

● ရှိပြီးကို ပရိယာယ်ဖြင့် ပြောလျှင် အသို့နည်း။

နားထောင်သူ သိသိ,မသိသိ, ပရိယာယ် ပြောရာ၌ ဒုက္ကဋ်။

---

● ပြောကောင်းသော သာမဏေ အဆင့်အတန်း ပြပါ။

ပရိယတ် တတ်ပြီး, သီလရှိသော သာမဏေအား ပြော ကောင်း၏။

---

● အရိယာ ဈာနလာဘီများ ရှူးကောင်း သလော။

(၁) အရိယာ ပုဂ္ဂိုလ်များ မရှူးကောင်းတော့ပါ၊

(၂) ပုထုဇန် ဈာနလာဘီ ပုဂ္ဂိုလ်များ မှာကား ရှူးကောင်း ပါသေးသည်။

---

● အနာပတ္တိဝါရ၌ ဉမ္မတ္တကကို ဘာ့ကြောင့် မဟောသလဲ။

ရှူးရှူးခြင်း ဈာန်လျှောသွား၍ ဉမ္မတ္တကကို မဟောပါ။

(ပဥ္စမအကြိမ်)

● ဘူတာရောစနစ်၏ အကြောင်းစိတ်ကို ဝေဘန် ပြပါ။

(က) အရိယာသည် ကု-အဗျာစိတ် ၂-မျိုးဖြင့်,
(ခ) ပုထုဇန်သည် -ကု အကု- အဗျာ ၃-မျိုးဖြင့်ပြော၏။

---

● ကခ်ါ၌ ကုသလာဗျာကတာ စိတ္တေဟိ ဒွိစိတ္တံဟု စိတ် ၂-မျိုး ၂-စားကိုသာ ပြခြင်းသည် ဘယ်လိုပါလဲ။

ရဟန္တာ အတွက်သာ ဒွိစိတ္တံ ဆိုပါသည်၊ ပုထုဇန်အတွက် ကု-အကု-အဗျာစိတ် ၃-မျိုး ဖြစ်နိုင်ပါသည်။

---

● ဘူတာရောစန အနုပသမ္ပန္နံ အရ ကောက်ပြပါ။

လူ့,သာမဏေကိုယူ၊ ဘိက္ခုဘိက္ခုချင်း ပြောကောင်း၏။

---

## နဝမ

● ဒုဋ္ဌုလ္လ အာပတ် သရုပ်နှင့် အဓိပ္ပာယ် ပြပါ။

(က) ပါရာဇိကနှင့် သံဃာဒိသိသ်သည် ဒုဋ္ဌုလ္လ၊
(ခ) ဤ၌ ဒုဋ္ဌုလ္လအရ သံဃာဒိသိသ်ကိုသာ ယူရ၏။

---

● ပါရာဇိကကို အဘယ့်ကြောင့် ဒုဋ္ဌုလ္လ မယူပါသလဲ။

ပါရာဇိက် အနုဇ္ဈာပန္နသာ ဆိုခြင်းကြောင့် သံဃာဒိသိသ် အာပတ်ကိုသာ ယူ၍, ပါရာဇိကကို မယူရပါ။

(ပဥမအကြိမ်)

● ပါရာဇိကကို ဘာ၌ သွင်းမည်နည်း အကြောင်းပြပါ။

ဥပသမ္ပန္နအရ သိက္ခာ ဘိက္ခုနီ ရသော်လည်း ရုံခါ ဘိက္ခုနီကို အနုပသမ္ပန္န၌ သွင်းသကဲ့သို့ ပါရာဇိက အာပတ်ကို အဒုဋ္ဌုလ္လ၌ သွင်းပါသည်။

---

● ပါရာဇိက ကျပြီးမှန်းသိ၍ အာပတ်ဖြင့်ဆဲလျှင် အသို့နည်း။

(က) ပါရာဇိကဖြင့် ဆဲရေးလျှင် ဩမသ ပါစိတ် အာပတ် ပင် သင့်၏။
အက္ကောသာဓိပ္ပါယော ဝဒတိ,
အာပတ္တိ ဩမသ ဝါဒဿ။

(ခ) ကြွင်း အာပတ် များ ဖြင့် ဆဲလျှင် ပါရာဇိကကျပြီး ဖြစ်သောကြောင့် ဒုက်၊ ပါရာဇိက ကျပြီးသူ အတွက် သာ သက်ဆိုင်သည်။

အဝသေသေ ဆအာပတ္တိက္ခန္ဓေ အာရောစေန္တဿပိ ဒုက္ကဋံ။

---

● ပါရာဇိကကျပြီး ရဟန်း၏ ပါရာဇိက အာပတ်ကို လူနှင့် သာမဏေအား ပြောလျှင် ဘာ အာပတ်လဲ။

(က) ပါရာဇိကကျပြီး ရဟန်း၏ ပါရာဇိက အာပတ်နှင့်

(ခ) ကျန် အာပတ် ၆-ပုံကို ပြောရာတိုင်း၌ ဒုက်သာ သင့်၏။

---

● ဘာအကျိုးငှာ အာပတ်ကို ပြောခွင့်ပြုပါသလဲ။

နောင် စောင့်စည်းဘို့, ဒီအာပတ်မျိုး မသင့် ဘို့ရန် ပြောခွင့်

ပြု၏၊ အကျိုးယုတ်တို့ သာသနာ၌ မနေနိုင် စေတို့ ပြောခွင့်ပြုသည် မဟုတ်ပေ။

---

● ဤရဟန်း ကာယသံသဂ္ဂ ပြု၏ဟု ပြောရာ အသို့နည်း။

ကျူးလွန်သော ဝတ္ထုကိုသာပြောရာ အာပတ်မသင့် (ဤအဖြေကို သတိပြု။)

---

● ဘယ်လိုပြောမှ အာပတ်သင့်သနည်း။

ဤရဟန်းသည် ဒကာမကို လက်ဆွဲမိ၍ သံဃာဒိသိသ် သင့်၏ဟု ဝတ္ထုနှင့်အာပတ် စပ်ပြောမှ သင့်ပါသည်။ (အာပတ် သက်သက်, ဝတ္ထုသက်သက်ပြောရာ မသင့်။)

---

● အဒုဋ္ဌုလ္လအရ ကောက်ပြပါ။

ဋီကာသစ်၌ ပါရာ, သံဃာမှ ကြွင်းငါးပုံကို ကောက်၏၊ အမှန်မှာ သံဃာဒိသိသ်ကိုသာ ဒုဋ္ဌုလ္လ ခေါ်သဖြင့် ကြွင်း ၆-ပုံလုံး အဒုဋ္ဌုလ္လအရ ကောက်ယူရ၏။ (ပါရာဇိကကို အဒုဋ္ဌုလ္လခေါ်ရာ သဒိသူပစာ)

---

● သာမဏေ၏အပြစ်ကို ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လခွဲပြီး ၎င်းတို့၏ အပြစ်ပြောလျှင် အဘယ်အာပတ်နည်း။

(က) ပါဏာတိပါတ စသော ရှေ့သိက္ခာပုဒ် ငါးပါး၏ ပြစ်ချက် ဒုဋ္ဌုလ္လ၊

(ခ) ဝိကာလ စသော နောက် သိက္ခာပုဒ် ငါးပါး၏ ပြစ်ချက် အဒုဋ္ဌုလ္လ၊

(ပဋ္ဌမအကြိမ်)]

(ဂ) **သာမဏေ၏ အပြစ်ကို ကဲ့ရဲ့လို၍ ပြောလျှင် ဒုက် သင့်၏။**

---

● သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လာ ဝါစာ, အတ္တ ကာမတို့ ကို သာမဏေများပြုလျှင် အဘယ်အပြစ်နည်း။

**သာမဏေများပြုလျှင် အဒုဋ္ဌုလ္လဒုက် ထိုက်၏။**

**အကတ္တဗ္ဗရူပတ္တာ စ အနုပသမ္ပန္နဿ သုက္ကဝိဿဋ္ဌိ အာဒီနိ ဒုဋ္ဌုလ္လ ကမ္မ ဝတ္ထုပကာ ဘဇန္တိ** (မဟာဋီကာ)

---

● ရဟန်းအား သမ္မုတိ ပေးအပ်ပုံ နည်းကို ရေးပါ။

"ဥပနန္ဒ၏ အာပတ်ကို လူဒကာများအား ပြောကြား တိုင် တန်းရန် တိဿကို အများ အသိအမှတ် ပြုကြပါစို့ သဘောတူ လျှင် ဆိတ်ဆိတ်နေပါ" ဟု အပလောကနကံဖြင့် ပြုရ၏၊ (ပါဠိ တော်တွင် သမုတ်နည်း မရှိ, အလျော်သာ ဆိုကြသည်။)

---

● ကာယသံသဂ္ဂ သံဃာဒိသိသ် အာပတ်ကိုသာ ပြောကြားခွင့် ရသော သမ္မုတိရ ရဟန်းက သုက္ကဝိဿဋ္ဌိ ပြောရာ အသို့နည်း။

ပြောခွင့်ပြုထားသော အာပတ်မှ တပါး တခြားသော သံဃာ ဒိသိသ် အာပတ်ဖြင့် ပြောရာ ပါစိတ်။

---

● ဦးဖြူ အမျိုးအားသာ ပြောခွင့် ရပါလျက် ဦးမဲ အမျိုးစသော ပေါက်ကရတွေအား ပြောလျှင် အသို့နည်း။

ကုလပရိယန္တ = အမျိုး ပိုင်းခြားသည်မှ တပါး အခြားအမျိုး တွေအား ပြောခဲ့သော် ပါစိတ် သင့်၏။

[(ပဌမအကြိမ်)

● အပိုင်းအခြားမရှိ၍ ထင်တိုင်းပြောရာ အသို့နည်း။

သမ္မုတိ ပေးစဉ်က အာပတ္တိ ပရိယန္တ, ကုလ ပရိယန္တ ကန့်သတ်ချက် မရှိသောကြောင့် ထင်သလို ပြောကြားခွင့်ရ၍ အနာပတ္တိ။

---

**ဒသမ**

● ပထဝီ ဘေဒနှင့် အဓိပ္ပါယ်တတ္တ ကောက်ပြပါ။

(၁) ဇာတနှင့် (၂) အဇာတ ပထဝီ ၂-ပါး။
ဤသိက္ခာပုဒ် ဇာတ ပထဝီကိုသာ ယူအပ်ပါသည်။

---

● ဇာတပထဝီ အပြားကို စုံလင်စွာ ဖော်ပြပါ။

(၁) သုဒ္ဓ ပထဝီ=မြေကြီး မြေညက် သက်သက်ယူ၊

(၂) မိဿက ပထဝီ=ကျောက်ခဲ သလဲ စသည်တို့နှင့် ရောနေသော မြေ၊

(၃) ပုဉ္ဇ ပထဝီ=မိုးသီး လေးလကုန်အောင် စုပုံ၍ထားရာ မိုးသီးရေ တကြိမ်မျှ အနဲဆုံး စွတ်ဘူးစိုဘူးသော မြေပုံ အစားမျိုး။

---

● မိဿကနှင့် ပုဉ္ဇ ၂-ပါး၏ ဇာတ,အဇာတ သဘော ပြပါ။

(က) ထက်ဝက်, ဝါ ၃-ပုံ ၂-ပုံထက် မြေသား များလျှင် ဇာတ၊ တဝက်အောက် ဝါ ၃-ပုံ ၂-ပုံအောက်မြေသား ကနဲလျှင် အဇာတ၊

(ပဥ္စမအကြိမ်)

(ခ) ရေစွတ်သော အပိုင်း ဇာတ၊ မစွတ်သော အပိုင်း အဇာတ၊

---

● အဇာတ ပထဝီ အမျိုးအစား ရေးပါ။

မီးလောင်မြေ့တဝက်ထက်, ဝါ ၃-ပုံ တပုံဆက် ကျောက်ရော မြေ့မိုဃ်းလေးလအတွင်း တကြိမ်မှ ရေမစွတ်ဘူးသော မြေစု မြေပုံသည် အဇာတ ပထဝီ မည်၏။

---

● ဝိကောပေယျ အရ ဖျက်ဆီးပုံ သဘောမျိုး ပြပါ။

တူးဆွခြင်း,ဖြိုခွဲခြင်း,မီးတိုက်ခြင်း,ရေခြစ်ခြင်း ယုတ်စွအဆုံး ကျင်ငယ်ဖြင့် မြေချိုင့်အောင် ညီအောင်ပြုခြင်း စသည်တည်း။

---

● တုံးလိုမ့်ရာ တံမြက်လှဲရာ အမှတ်တမဲ့ခြစ်မိရာ အဘယ်သို့နည်း။

ဖျက်ဆီးလိုသော စေတနာ မရှိသောကြောင့် မြေကိုခြစ်မိရာ၌ အနာပတ္တိ။

---

● မြေကူးခိုင်း မီးသတ်ခိုင်းရာ အပ်စပ်အောင် ခိုင်းပြပါ။

မြေကို ကပ္ပိလော့, သိလော့,တွင်းကို ကပ္ပိလော့ မီးဖြင့် ကပ္ပိ, မီးဖြင့် သိလော့ဟု အပ်စပ်အောင် ခိုင်းရသည်။

---

● အဘယ်သို့ ခိုင်းလျှင် အာပတ် သင့်တတ်သနည်း။

ဒီမြေကို တူး, ဒီတွင်းကို တူး, ဒီတောင်ပိ့ကို ဖြို, ဒီမြေကို မီးတိုက် စသည်ဖြင့် မှတ်ခိုင်းလျှင် အာပတ် သင့်၏။

(ပဥ္စမအကြိမ်)

● မြေတူးချေ့ တောင်ပို့ ဖြိုချေ မီးတိုက်ချေဟု အမှတ်အသား မထားဘဲ ခိုင်းသော် အသို့နည်း။

မမှတ်ဘဲ ခိုင်း၍ အနာပတ္တိ။ (အမှတ်လည်း ရှိမှ, မအပ်သော တူး, ဖြို, လှူ ဟူသော အသုံးဖြင့်လည်း ခိုင်းမှ အာပတ်သင့်၏။)

---

● ထယ်ခဲ ကမ်းပြိုရာ, နွားချိုသွေးရာ အတုံး၌ အသို့နည်း။

ထယ်ခဲ ကမ်းပြိုကျတာတို့ ဖျက်ဆီးလျှင် အနာပတ္တိ။

---

## ဘူတဂါမဝဂ်

### ပဌမ

● ဘူတဂါမကို ဝစနတ္ထပြု၍ ကောက်ပါ။

ဘဝန္တိ အဟေသုန္တိစ ဘူတာ၊ (ဘူ+တ ဒွိ ကာလိက)

(က) ဘဝန္တိ အရ အညွန့် အညှောက် စိမ်းသည်မှ ကြီးပွားဆဲ ရ၏။

(ခ) အဟေသုံ အရ ကြီးပွားပြီး သစ်ပင်ရ၏။

ဘူတာနံ ဂါမော ဘူတဂါမော - ကြီးပွားဆဲ ကြီးပွားပြီး သစ်ပင် အပေါင်းရပါသည်။

---

● ဗီဇဂါမ် အပြားနှင့် ဖျက်ဆီးသော အပြစ် ပြပါ။

ပင်စည် အမြစ်၊ အဆစ်ညွှန့်ဖျား၊ အစေ့ အားး၊ ငါးပါး ဗီဇဂါမ်။

ဖျက်ဆီးတုံလတ်၊ သင့်ဒုက္ကဋ်၊ မှတ်ကြ ဗီဇဂါမ်။

(ပဌမအကြိမ်)'

● ဗိဇဂါမ်နှင့် ဘူတဂါမ် အထူး ပြပါ။

(က) အညှောက် မစိမ်းမီ ဝါ—အမြစ် မတွယ်မီ ဗိဇဂါမ်။

(ခ) အမြစ်တွယ် အညှောက် စိမ်းသည်မှ စ၍ ဘူတဂါမ်။

---

● ကဇွန်းဥများ လှောင်ထားရာ, သစ်ကိုင်းများ ခုတ်ပုံထားရာ ထွက်သော အကိုင်း အတက်သည် အဘယ်ဂါမ်နည်း။

အမြစ်မတွယ်သေး၍ ဗိဇဂါမ် မည်ပါသည်၊ (အမြစ်မတွယ်ဘဲ မဏ္ဍပ်တိုင် စသည်၏ အတက်လည်း ဗိဇဂါမ်ပင်။ အမြစ်လည်းတွယ် အတက်လည်းစိမ်းမှ ဘူတဂါမ် မည်သည်။

---

● ကပ္ပိကြောင်း လက်နက်နှင့် ကပ္ပိမြောက်ပုံ ပြပါ။

မီး, ထား, လက်သဲ၊ ဖောက်ဖြတ်ခွဲ၊ မလွဲကပ္ပိယာ၊
မီး,ထား, လက်သဲ စသည်ဖြင့် ဖောက်ဖြတ်ခွဲလျှင် အပ်၏။
(ပိန္နဲစေ့လို ထုတ်ရလျှင် မျိုးနှသေး လျှင်လည်း အပ်၏။)
လူသာမဏေ၊ ကပ္ပိစေ၊ အပ်လေတော့သည်သာ။

---

● ငြုတ်, မံ က လာ စသည်ကို အပင်မှ ကပ္ပိလော့ဟု ခိုင်း၍ အမှည့်ကို စားသော် အာပတ် သင့်,မသင့် ပြပါ။

အပင်မှ ကပ္ပိ ခိုင်းခြင်းသည် ဘူတဂါမ် ပါစိတ်မှလွတ်၏၊ အစေ့ အတွက် ထပ်မကပ္ပိဘဲ စားက ဗိဇဂါမ် ဒုက်သင့်၏။

(ပဌမအကြိမ်)

● ရေအိုး၌ စွဲနေသော ရေညှိကိုပွတ်လျှင် အသို့နည်း။

ရေအိုးက ရေညှိကို ဖျက်ဆီးဘို့ပွတ်လျှင် ဒုက်သင့်၏။

---

● ရေအိုး၌ရေညှိစွဲနေလျှင် နေလှမ်းက အသို့နည်း။

ရေညှိ စွဲ၍နေသော ရေအိုးကို အမှတ်မဲ့ နေလှမ်းကောင်း၏၊ ဖျက်ဆီး လိုသော စိတ်ထားဖြင့် လှမ်းသော် ဒုက္ကဋ်သင့်၏။

ဥဋ္ဌိတသေဝါလဃဋံ အာတပေ နိက္ခိပိတုံ ဝဋ္ဋတိ၊
ဝိကောပေတုကာမတာယ သတိ ဒုက္ကဋံ၊ (ဝိမတိ)

---

● ရေ၌တည်သော မှော်ကို မြှောက်ရာ အသို့နည်း။

ရေမပါအောင် ဝိကောပနစိတ်ဖြင့် မြှောက်ရာ ဒုက်၊ ရေနှင့်တကွ မြှောက်လျှင် အပြစ်မရှိပါ။

---

● ရေချိုးရာ၌ မှော်ကို ဖယ်ရှားလျှင် အသို့နည်း။

မြှောက်၍ မဖယ်အပ်, ရေမှ မလွတ် မကြွအောင် တခုခုနဲ့ တွန်း၍ ဖယ်ကောင်း၏။

---

● ကြံစည်း၌ ပါလာသော သစ်ကိုင်း, သို့မဟုတ် ကြံစည်းကြိုးကို ဖြတ်မိလျှင် ကပ္ပိမြောက် မမြောက် ပြပါ။

ကပ္ပိခိုင်းရာ ကြံစည်း၌ ပါသော သစ်ကိုင်းကပ္ပိမိလျှင် အပ်၏, ကြိုးထိလျှင် မအပ်။

(ပဠမအကြိမ်)

● ဆန်းယာဂု၌ ငြုတ်စေ့ နှမ်းစေ့ ပါလျှင် အသို့နည်း။

ဆွမ်း၌ ပါသော ငြုတ်စေ့ နှမ်းစေ့သည် တစပ်တည်း (အဖတ်ချင်း) စပ်သောကြောင့် ဆွမ်းလုံးကို ကပ်ပြီးသော်လည်း အားလုံးအပ်၏။

အရည်ယာဂု၌ မစပ်၍ တလုံးစီ ကပ်ပိရ၏။

---

● နှစ်တောင့်ထွာ အပမှာ ကပ်ပိခိုင်းလျှင် အသို့နည်း။

ကပ်ပိယံ ဘန္တေနှင့် ဖျက်ဆီး (ကပ္ပိ) မှု တပြိုင်တည်း ကျလျှင် အဝေးဟတ္ထပါသ်မှ အပ၌လည်း ကပ်ပိမြောက်၏။

---

● ဖြတ်ပြီးစ သရက် ကုံကြို ထန်း အုန်းငုတ်များ အသို့နည်း။

သရက်ငုတ်, ကုက္ကိုငုတ်များ ဘူတဂါမ (ပါစိတ်ဝတ္ထု)။
ထန်းငုတ် အုန်းငုတ် (စိမ်းများ) ဗီဇဂါမ (ဒုက်ဝတ္ထု)။

---

● ငှက်ပျောငုတ် နှုတ်ပြီးစ (အရှင်) အသို့နည်း။

အသီး သီးပြီးသော ငှက်ပျောငုတ် ဗီဇဂါမ (ဒုက်ဝတ္ထု) မသီးရသေးသော ငှက်ပျောငုတ် ဘူတဂါမ ပါစိတ်ဝတ္ထု)

---

● ကျင်း ကဇွန်းဥများကို ကပ်ပိထားရာမှ အညှောက် အမြစ်များ ထွက်လာသော် အသို့ ဖြစ်သနည်း။

အတက် အမြစ် လွတ်ရာက လိုးဖြတ် သုံးဆောင် ကောင်း၏၊ ထပ်၍ ကပ်ပိဘွယ် မလို။

(ပဥ္စမအကြိမ်)

(အတက် အမြစ်ကိုတော့ မဖျက်ရ၊ မြေ့သဲ တို့ဖြင့် ကပ်ပြီးသား အမြစ်တွယ်သွားလျှင် ထပ်ကပ်)

---

● ပုပ်သော လက်သည်းဖြင့် ကပ်လျှင် အသို့နည်း။

ပုပ်သော လက်သည်းဖြင့် ကပ်လျှင် ကပ်ရာ မရောက်ပါ။

---

● လူ, သာမဏေများ ပန်း, သစ် သီး, ခူးစဉ် ညွှတ်ပေးလျှင် အသို့နည်း။

ပန်းကိုင်း သစ်သီးကိုင်းကို ညွှတ်ပေး ကောင်း၏၊ မမှီသော လူ သာမဏေကို မြှောက်ချီ၍ပင် ပေးကောင်း၏။

---

● အဖျားက စု ထုံး လိုက် လျှင် သေ စေ တတ် သော မြက်ပင်ကို ဖျက်ဆီးလို၍ စုထုံးလျှင် အသို့နည်း။

ဝိကောပန စေတနာဖြင့် ထုံးလျှင် ဘူတဂါမ် ပါစိတ်။

---

● သစ်ပင်မှ ထွက်ကျနေသော အစေး ချိတ်ကို ယူကောင်း မယူကောင်း ဆုံးဖြတ်ပါ။

သစ်ပင် နှင့် တန်း လန်း နေ သော အစေး ချိတ်ကို ခွာ မယူကောင်း၊ ကွာကျနေရာ သစ်ပင် ခြောက်နေတဲ့ အခါသာ ယူကောင်း၏။

---

● ကြွေခါနီး ဝါဖျော့နေသော သစ်ရွက်ကို လှုပ်ချက အသို့နည်း။

သစ်ရွက် ဖျော့ကို ဖြစ်စေ ပန်းပွင့်ကို ဖြစ် စေ သစ် ပင် သစ်ကိုင်းကို လှုပ်ပြီး ခြွေချလျှင် ဘူတဂါမ် ပါစိတ်။

(ပဌမအကြိမ်)

ရုက္ခံ စာလေတွာ ပဏ္ဍုပလာသံ ဝါ ကဏိကာရာဒိပုပ္ဖံ ဝါ ပါတေန္တဿ ပါစိတ္တိယမေဝ။ (ဝိနယသင်္ဂြိုဟ်)

---

● မှိုကို ချိုးဖျက်ရာ အသို့နည်း။

မှိုငုံချိုးလျှင် ဗီဇဂါမ် ဒုက်၊ အပွင့်ဖျက်လျှင် အနာပတ္တိ။

အဟိဆတ္တကံ ယာဝ မကုဠံ ဟောတိ, တာဝ ဒုက္ကဋဝတ္ထု၊ ပုပ္ဖိတကာလတော ပဋ္ဌာယ အဗျောဟာရိကံ။

---

● သောက်ရေအိုး၌ တွယ်သော ရေညှိကို ဆုံးဖြတ်ပါ။

အပြင်ပကရေညှိ ဒုက်ဝတ္ထု၊ အတွင်းရေညှိ အနာပတ္တိ၊ ပါနီယဃဋာဒီနံ ဗဟိသေဝါလော ဒုက္ကဋဝတ္ထု၊ အန္တော အဗျောဟာရိကော။

---

● ထန်းမြစ် နှင့် အုန်းအစို့ပေါက်များ ဘယ်သဘောလဲ။

ထန်းမြစ်သည် အပေါ်ဘို့ ရွက်ညှောက်ထွက်၍ စိမ်းလာမှ ဘူတဂါမ်, မြေကြီး အတွင်းက အမြစ်သစ် ဗီဇဂါမ် သာ ဖြစ်သေး၏။ အုံးညှောက်သည် ရွက်ဖူးလုံး စိမ်းလာမှ ဘူတဂါမ် ဖြစ်၏။

(အမြစ် မတွယ် သော်လည်း အညှောက် စိမ်းလျှင်, ဗီဇဂါမ်။)

---

● မြေတူးကောင်းရာ သစ်ခက်စိမ်း ချိုးကောင်းရာ ပြပါ။

မြွေကိုက်ရာ အခါ မဟာဝိဋ္ဌက ဆေးဖော်ရန် မြေကိုတူး ကောင်း သစ်ခက်ကို ချိုးကောင်း၏။

(ပဌမအကြိမ်)

● မဟာဝိဋ္ဋက ဆေးကြီး ဖော်စပ်နည်း ပြခဲ့ပါ။

သစ်စိမ်းပြာ, မြေကြီး, ကျင်ကြီး ၃-ပါး အမျှ ပြု၍ ကျင်ငယ်ရေဖြင့် ဖျော်စပ်၍ ဖော်ရပါသည်။

---

● မအပ်သော ခိုင်းနည်း, အပ်သောခိုင်းနည်း ပြပါ။

ဒီအရွက် ဆိတ်လိုက်, အပင်ခုတ်လိုက်,အစေ့ထောင်းလိုက်ဟု အသေအချာ မှတ်ညွှန်းပြီး ခိုင်းလျှင် မအပ်ပါ။

ကပ္ပိလော့, သိလော့, အလိုရှိ၏ ဟူ၍၎င်း၊ ဒီအပင် ဟိုအရွက် ဟု အမှတ်မရှိဘဲ ရှောက်ရွက် သွားခူးစမ်း ကုက္ကိုကိုင်း ချိုင် စမ်း ဟု ခိုင်းရာ အမှတ်မရှိ၍ အာပတ်မသင့်ပါ။

---

## ဒုတိယ

● အညံ့ဝဒတီတိ အညဝါဒကောအရ မဆိုင်တာပြောသူ ပုဂ္ဂိုလ် ရသလော၊ ဘာကိုရသလဲ။

ကတ္တုသာဓန အရ ပြောသူ ပုဂ္ဂိုလ်ကို ယူသင့်သော်လည်း လေးဖြင့် ပစ်၏ ဆိုရာ အမှန်မှာ မြှားဖြင့်သာ ပစ်သည်ဟု ယူရ သကဲ့သို့ ပုဂ္ဂိုလ်၏ ပြောမှုရ၏၊ ထို့ကြောင့် ပြောခြင်းကြောင့် ဟု ပြောမှု ပဓာန ပေးရသည်။

---

● အညဝါဒက ပုဒ်၏ အနက် မုချရအောင် ရှင်းပြပါ။

အညာသာ ဝဒနံ အညဝါဒကံ= မဆိုင်တာ ပြောမှုရ၊ (ပဥ္စမဘောကြိဳ)

အထဝါ–အညံ ဝဒတီဟိ အညဝါဒကော=ပုဂ္ဂလော၊တသ္မာ ဘာဝေါ အညဝါဒကံဟု ဘာဝတဒ္ဓိတ် ဆင့်ပြီး ပြောမှု ကော်က်ရ၏။ (ပြောခြင်းကြောင့်, ဝါ-ပြောတတ်သူ၏ အဖြစ် ကြောင့် ပေး။)

---

အညေည် ပဋိစရတိ သဘောတရားကို ရှင်းပါ။

ဝိနည်းမိုရ်က သင့်မှာ အာပတ် သင့်နေသည် ပြောရာ၊
ကော အာပန္နော၊ ဘာသူ အာပတ် သင့်လို့လဲ၊
ကိံ အာပန္နော၊ ဘာအာပတ်သို့ ရောက်လို့လဲ၊
ကိသ္မိံ အာပန္နော၊ ဘာကြောင့် အာပတ်သင့်သလဲ၊
ကဒါ အာပန္နော၊ ဘယ်တုန်းက သင့်လို့လဲ၊
စသဖြင့် မေးအပ်သည်မှတပါး တခြားတွေကို ရှောက်ပြောမှု သည် အညေနညံပဋိစရတိ မည်၏။

---

ဝိဟေသက သဘော နှင့် ပညတ် အမည် ပြပါ။

သံဃာက စစ်ဆေးနေသည်ကို ပြန်၍ မပြောခြင်း စောဒက တက်ခြင်းသည် ဝိဟေသက၊

ဝိဟေသေတီတိ ဝိဟေသကော = တုဏှိဘာဝဿေတံ နာမံ၊ ဆင်းရဲစေမှု ဟူသည်မှာ တိတ်ဆိတ်စွာ နေမှုဟူလို၊ ဤဝိသေသ တသည် အာပတ္တိကရ အနုပညတ် အမျိုးအစား ဖြစ်သည်။

---

အာပတ္တိကရ အနုပညတ် သဘောကို ရှင်းပါ။

အညဝါဒက မူလ ပညတ်ကြောင့် ပါစိတ် သင့်သလို

ဝိဟောသက အနုပညတ် သည်လည်း ပါစိတ် တချက်သင့်အောင် ပြုတတ်၍ အာပတ္တိကရ-အာပတ် သင့်အောင် လုပ်ဘတ်သော အနုပညတ် ဟူလို။ (ဒီ အနုပညတ်မျိုးမှာ အာပတ် သီးခြား သင့်စေသည် ဟု မှတ်။)

---

ဆိတ်ဆိတ် နေသဖြင့် သံဃာကို ညှဥ်းဆဲပုံ ပြပါ။

ကြာရှည် ထိုင်ရသဖြင့် ညောင်းညာခြင်း, အဖန်ဖန် မေးရ၍ အာခြောက်ခြင်း စသော အားဖြင့် သံဃာကို ညှဥ်းဆဲပါသည်။

---

အာပတ် သင့်မှန်း မသိ၍ ပြန်မေးခဲ့သော် အဆိုနည်း။

အညဝါဒက ဘာဘာ မထာဘဲ မသိလို့ မေးရာ အနာပတ္တိ။

---

အညဝါဒက,ဝိဟေသက ပြု ပြုချင်း အာပတ် သင့်သလား။

အညဝါဒက,ဝိဟေသက ကံမပြုမီ ပြု,ပြုချင်း ဒုက်၊ ကံပြုပြီးမှ အညဝါဒက, ဝိဟေသက ပြုလျှင် ပြု ပြုချင်း ပါစိတ် အာပတ် သင့်ပါသည်။

---

အညဝါဒက,ဝိဟေသက ကံ ပြုပုံ ရေးပါ။

သဿာ ရှင်းပွဲ၌ တရားခံ စုဒိတက က အညဝါဒက လုပ်နေခဲ့သော်—

သုဏာတု မေ ဘန္တေ သံဃော,အယံ ဆန္နော ဘိက္ခု
သံဃမဇ္ဈေ အာပတ္တိယာ အနုယုဉ္ဇိယမာနော အညေ

နည် ပဋိစရတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ, သံဃော ဆန္ဒဿ ဘိက္ခုနော အညဝါဒကံ ကရေယျ၊ သော ဉတ္တိ—

ဤသို့ ဉတ္တိ ဒုတိယကံဖြင့် အညဝါဒကံ ပြုရ၏။

(ဤကံ မပြုမီ ဒုက်သင့်၊ ကံပြုပြီးမှ ဝိဟေသက ပြုခဲ့သော် ပါစိတ်)

---

● အနာပတ္တိ ပုဂ္ဂိုလ်များ ထုတ်ပြခဲ့ပါ။

ဖျား၍, အဓိကရုဏ်း ဖြစ်မည်စိုး၍, အဓမ္မကံ, ဝဂ်ကံထင်၍ မမေးထိုက်တာ မေးသည် ထင်၍ မဖြေလျှင် အနာပတ္တိ။(သို့သော် အညဝါဒက ဝိဟေသက အမှုကို ပြုလိုသော ဆန္ဒ မရှိစေရ။)

---

## တတိယ

● ဥဇ္ဈာပနက ခိယျနက သဘောကို ပြပါ။

(၁) ရဟန်းတပါး၏ အပြစ်ကို တခြား တပါး၏ မျက်မှောက်၌ မကောင်း သတင်း အတင်း ပြောမှုသည် ဥဇ္ဈာပနက၊

(၂) သိစေချင်သော ရဟန်း သိကြား လောက် အောင် မိမိတို့ချင်း အာဘောင် အာရင်း ကျယ်လောင်စွာ မျက်ကွယ်၌ သတင်းလွှင့်ခြင်းသည် ခိယျနက။

---

● ဘယ်ရဟန်းမျိုး၏ ဘယ် အတင်းမျိုး ပြောမှုလဲ။

ဆွမ်း ညွှန်ကြားရေး, ကျောင်း ပြုပြင်ရေး စသည် ဖြင့် သံဃာက အသိအမှတ် သမုတ်အပ်သော ရဟန်း၏ မမှန်မကန်

လုပ်ကြံ ပြောဆိုသော အတင်းစကား ပြောလျှင်သာ ပါစိတ် သင့်၏။

---

● သမ္မုတိ (ရာထူး) မရသော သာမန် ရဟန်း၏ အပြစ်, လူသာမညော၏ အပြစ်ကို လုပ်ကြံပြောရာ အသို့နည်း။

ထိုပုဂ္ဂိုလ်တွေ၏ အတင်းပြောလျှင် ဒုက်သာ သင့်၏။

---

● ဥပသမ္ပန္န နှင့် အနုပသမ္ပန္နထံ ပြောရာ အသို့နည်း။

ဥပသမ္ပန္နထံ ပြောလျှင် ပါစိတ်, အနုပသမ္ပန္နထံမှာ ဒုက်။

---

● တကယ် ဆန္ဒာဂတိ လိုက်ထာကို ပြောလျှင် အသို့နည်း။

တကယ်အမှန် ရှိသော အပြစ် ပြောရာ၌ အနာပတ္တိ။

---

● ဝတ္ထုဒွယေ အာပတ္တိဒွယံ ဝုတ္တံ အရ ရှင်းပါ။

ခိယျနကေ ဟူသော ပညတ်သည် သီးခြား အာပတ်တချက် သင့်အောင် ပြုတတ်သော အာပတ္တိကရ အနုပညတ် ဖြစ်၍ ဥဇ္ဈာပနက, ခိယျနက ၂-မျိုးလုံး ပြုလျှင် ပါစိတ် ၂-ချက် သင့် ဟူလို။

---

● အတင်းအပြစ် ပြောရာ ဘာ ဝေဒနာ ဖြစ်ပါသနည်း။

ဒေါသဖြင့် ပြောသောကြောင့် ဒုက္ခဝေဒနာသာ ဖြစ်၏။
(ဝိနည်း၌ အနုဘာဝနဝသေန ဝေဒနာ ၃-မျိုးကိုသာ သုံး၏။)

---

● ဥဇ္ဈာပနကကို ဝပန္တပြု၍ ရုပ်စီရင်ပါ။

ဥဇ္ဈာပေတိ အနေနာတိ ဥဇ္ဈာပနကံ၊ စကားရ၏၊ အဝ+

(ပဉ္စမအကြိမ်)

ဈေး+ဏာပေ+ဏ္ဍု၊ တမ္ဗိပရိတာ သဒ္ဒါဖြင့် အဝကို ဉပြု၊ ဏ္ဍုကို အနကပြု၊ ဈေး=ဉာဏော။

တနဲ-ဥဏ္ဍာပိယတော ဥဏ္ဍာပနကာံ=ဝစန်၊ ဘာဝသာဓ်။

---

### စတုတ္ထ

မဍူ နှင့် ပိဠ အထူးပြပါ။

အလျား ၄-တောင် ၄-တောင့်ထွာ ရှိလျှင် မဍူ၊

ညောင်စောင်းအောက် တိုသော တန်းလျား ကုလားထိုင် အစရှိသည်ကား ပိဠ။ (ပိဠတိ ဒုက္ခံ ဟိံသတီတိ ပီဌံ။)

---

မဍူ နှင့် ပိဠ ဘေဒကို ပြပါ။

မသာရကာ၊ ဗုန္ဒိကာ၊ ကုဠီ–အာဟစ် လေး။

(၁) တိုင်ထွင်း၍ ဘောင်သွင်းထားလျှင် "မသာရက"

(၂) တိုင်မှာ ဘောင်ကပ်ရိုက်လျှင် "ဗုန္ဒိကာဗဒ္ဓ"

(၃) ခြေကောက်သော ခံတင်သည် "ကုဠီရပါဒ"

(၄) ဘောင်ကိုထွင်း၍ ခြေကိုသွင်းလျှင် "အာဟစ္စပါဒ"

(မဍူလည်း ၄-မျိုး၊ ပိဠလည်း ဤ ၄-မျိုးစီ အတူတူပင်)

---

ဘိသိ ချုပ်ပုံ ချုပ်နည်း ပြပါ။

အပြင်က အဝတ်ကို ဖြစ်စေ သားရေကို ဖြစ်စေ အိတ် ချုပ်၍ အတွင်းက သားမွေး, အဝတ်, အုံဖွဲ, သစ်ရွက်

(ပဉ္စမအကြိမ်)

စသည် သွင်း၍ ချုပ်အပ်သော အခင်း (ဖုံ) တမျိုးကို ဘိသိ ခေါ်ပါသည်။

---

● ဘိသိ အပြား နှင့် အတိုင်းအရှည် ပမာဏကို ပြပါ။

ဥ,စော,ဝါ,တိ၊ ပဏ်ကိုထည့်၊ ဘိသိ ငါးမျိုးပြား၊

ညောင်စောင်း အင်းပျဉ်တို့၏ အပေါ်က ခင်း၍ သုံးဆောင် ရသဖြင့် ညောင်စောင်း အင်းပျဉ် ပမာဏ အလိုက် အတိုင်း အရှည် ရှိရ၏။

---

● ကောစ္ဆ အခင်း လုပ်ပုံ နည်း ပြပါ။

ဖြူဆံထွေး လျှော်ထွေး ချည်ထွေး စသည်ကို နှာနှာပါအောင် ကျစ်၍ ခါးသိမ်သိမ် (ပလ္လင်သဏ္ဍာန်) သားရေဖြင့် (မအပ်သော သားရေ မရှိ) ပတ်ဖွဲ့၍ ချုပ်လုပ်အပ်သော အခင်းသည် ခတ် အခင်းမည်၏။

(ထက်စည် သဏ္ဍာန် ပလ္လင် သဏ္ဍာန် ရှိသည်။ ခါး၌ သား ရေဖြင့် ပတ်၍လည်း လုပ်တတ်ကြ၏, မပတ်ဘဲလည်း ရှိ၏၊ ယခု ကာလမှာ မတွေ့ရတော့ချေ။)

---

● အဇ္ဈောကာသ အရ ပြပါ။

အမိုး အကာ မရှိရာ, မိုးသည်းယိုသော မဏ္ဍပ်တွင်, ကျိုးတို မျှင်းတို့ အိပ်ရာ သစ်ပင်အောက် စသည်ကား အဇ္ဈောကာသ တည်း။

(ပဌမအကြိမ်)

● မခင်းကောင်းသော အခါကို ပိုင်းခြားပြပါ။

မိုဃ်း လေးလအတွင်း လွှင်ပြင်၌ ညောင်စောင်း စသည် မခင်းကောင်း၊ မိုဃ်း ခဏခဏ ရွာတတ်သော ဆောင်းလေးလ အတွင်းလည်း မခင်းရ။

မိုဃ်း မရွာသော ဆောင်းလေးလ နှင့် နွေ လေးလ ခင်းကောင်း၏။

(မိုဃ်း လေးလ နှင့် မိုဃ်း ရွာ တတ် သော ဆောင်းလေးလ ဒီ ရှစ်လ မခင်းရ၊ ဆောင်းလကား မမြဲ၊ မိုဃ်း မရွာသော ဆောင်းလ၌ ခင်းကောင်း၏။)

---

● ဘယ်သစ်ပင်ရင်းမျိုး၌ ဘယ်အခါ ခင်းကောင်းသနည်း။

ဗျိုင်း စသော ငှက်များ မအိပ်သော သစ်ပင်ရင်း၌ ခင်းကောင်း၏၊ ဗျိုင်း ကျီး စသည်တို့ အိပ်ရာ သစ်ပင်အရင်း၌ ဘယ်အခါမှ မခင်းရ။

(ခင်း ကောင်း သော သစ်ပင်အရင်း၌ ခင်းကောင်းသော အချိန်အတွင်းသာ ခင်း။)

---

● သူတပါး အတွက် ခင်းပေးရာ ဘယ်အခါ ဘသူ့တာဝန် ဖြစ်သနည်း၊ ဆုံးဖြတ်ပါ။

နာဂအတွက် တိဿက ခင်းပေးရာ နာဂ မထိုင်မီ အတွင်းမှာရှင်း, နာဂထိုင်ပြီး၍ တိဿအား ပြန်မလွှတ်မီ အတွင်းမှာရှင်း, ခင်းပေးသည့် တိဿ၏ တာဝန်သာ ဖြစ်၏၊ တိဿကို ပြန်တော့ဟု လွှတ်ရာ အခါ၌ တိဿထိုင်ရာ အခါကစ၍ နာဂ၏ တာဝန်ဖြစ်၏။ (တာဝန်ကျသူသာ သိမ်းထိုက်၏။)

(ပဥ္စမအကြိမ်)

● မိမိအတွက် သူတပါးကို ခိုင်းရာ ဘယ်အခါ ဘာ့ တာဝန်လဲ။

နာဂက တိုသကို အခင်းခိုင်းရာ နာဂ မထိုင်မီ တိုသကို ပြန်မလွတ်မီ တိုသ၏ တာဝန် ပင်၊ နာဂ၏ ထိုင်ရာ အခါ၊ တိုသကို ပြန်လွှတ်ရာ အခါတို့၌ နာဂ၏ တာဝန် တည်း။ (သဘောချင်းတူ၏။)

---

● နေဝ ဥဒ္ဒရေယျ၌ ဥဒ္ဒရေယျ အရ ရှင်းပြပါ။

ချီမြှောက်ခြင်းသည် ဥဒ္ဒရဏ ဖြစ်၏၊ ဤအရာ၌ ချီမြှောက် ရုံဖြင့် အပြစ်မရောက်သေး၊ "ဥဒ္ဒရိတွာ ပတိရူပေ ဌာနေ နဋ္ဌ ပေယျ" ဟု ဖွင့်သောကြောင့် ချီကြွမ၍ ယူပြီး သင့်လျော်သော နေရာ၌ သိမ်းထားရမည် ဟူလို၊ ချီမ ရုံသာ မယူဘဲ ချီ မ ကြွ ယူပြီး သင့်တော်ရာ၌ သိမ်းထားရမည်ဟု ခေတ္တထွာ တိသယ နည်း ယူပါ။

---

● ပုဂ္ဂလိကဂဏိကကို မပန်ကြားလျှင် အဘယ်အာပတ်နည်း။

သူတပါးပိုင် ပုဂ္ဂလိက ဂဏိကကို မသိမ်းဘဲ သွားလျှင် ဒုက္ကဋ်၊ မိမိပုဂ္ဂလိကပိုင် ဖြစ်လျှင် အနာပတ္တိ။

---

● ဆွမ်းစားကျောင်းမှ နေ၍ သာမဏေအား နေ့ခင်းနေ့သို့ ဟိုအနားမှာ နေရာ သွားခင်းထားလိုက် ခိုင်းပြီး ဆွမ်းစား ကျောင်းမှ (နေရာရှိရာ မသွားဘဲ) တခြား တွက်သွားသော် အသို့နည်း။

သာမဏေကို သွားခင်း ထားလိုက် ဟု ခိုင်းခြင်းကြောင့် ခိုင်းသော ရဟန်း၏ တာဝန် ဖြစ်၏၊ ဆွမ်းစားကျောင်းနှင့်

(ပဌမအကြိမ်)

ခင်းထားအပ်သော နေရာမှာ ခဲတပစ် ပမာဏ ဝေးနေလျှင် ပဌမ ခြေလှမ်း ဒုက်၊ ဒု–ခြေလှမ်း၌ ပါစိတ်။

---

● ဤသိက္ခာပုဒ်၏ ကြိယာ ကြိယ ဖြစ်ပုံ ရှင်းပြပါ။

မလွန်ကောင်း မပြုကောင်းသော ခဲတကျ ခဲတပစ် အရပ်ကို လွန်အောင် သွားလာမှုကို ပြုခြင်းသည် ကြိယ= မပြုအပ်ထာ ပြုသည်မည်၏၊ ပြုအပ်သော သိမ်းမှု ကိစ္စကို မပြု၍ အကြိယ မည်၏။

လေဠု ပါတာတိက္ကမော ကြိယာ၊ မဠ္ဌာဒိနံ အနုဒ္ဓရဏာဒိ အကြိယာ။

---

● မသိမ်းဆည်းဘဲ သွားရာ ဘယ်လောက်ဝေးမှ အာပတ်လဲ။

ခဲတပစ်ကို ပဌမ ခြေလှမ်းလွန်လျှင် ဒုက်၊ ဒု-ခြေလှမ်းလွန်လျှင် ပါစိတ်၊ ပစ္စည်းရှိရာ အရပ်မှ ခဲတပစ်စာခန့် ဝေးသော အရပ်ကို ယူပါ၊ ကျောင်း၏ ဥပစာမှ မယူရ။

---

ပဌမ

● သံဃိကေ ဝိဟာရေ၌ ဝိဟာရ အရ ပြပါ။

တိုက်ခန်း, ဝါ-အမိုး အကာ လုံသော အဆောက် အဦသည် ဝိဟာရ။

ဂဗ္ဘေ ဝါ, အညတရသ္မိံ ဝါ သဗ္ဗပရိစ္ဆန္နေ ဂုတ္တသေနာသနေ။

(ပဌမအကြိမ်)

● သေယျ အရ သရူပဘေဒကို ရေးပြပါ။

ဘိ,စိ,ဥ,ဘူမိ၊ တဠ်,စမ်,နိ၊ ပစ်,တိ,ပဏ်ဒသ။

(၁) ဘိသိ=ဘုံလျှို.ဖုံ,
(၂) စိမိလိက=အဝတ်ကြမ်းပုဆိုးကြမ်း,
(၃) ဥတ္တရတ္ထရဏ=အပေါ်လွှမ်း အခင်း, ခံတင်အခင်း,
(၄) ဘူမတ္ထရဏ=မြေပေါ်က အခင်း, ဝါ သင်ဖြူး,
(၅) တဋ္ဋိကာ=ထန်းရွက်ဖျာ သပေါ့ဖျာ,
(၆) စမ္မခဏ္ဍ=သားရေပိုင်း သားရေနွယ် အခင်း,
(၇) နိသီဒန=အမြိတ် အဆာ ရှိသော နေရထိုင်နိသီဒိုင်,
(၈) ပစ္စတ္ထရဏ=မွေးရှည်ကော်ဇော,
(၉) တိဏသန္ထာရ=သစ်ရွက် လုပ် အခင်း,
(၁၀) ပဏ္ဏသန္ထာရ=မြက်ဖြင့် လုပ်သော အခင်း။

---

● အဘယ်ထိအောင် လွှန်သွားမှ အာပတ် သင့်သနည်း။

အရံအတားရှိသော ကျောင်းတိုက်၏ အရံအတားကို, မရှိသော ကျောင်း၏ အရံအတား ထိုက်သော အရပ်ကို ပဌမ မြေလှမ်း လွန် ဒုက်၊ ဒု-ခြေလှမ်းလွန် ပါစိတ်။

(ပဌမသိက္ခာပုဒ် လွန်ရာမှာ ခဲတပစ် အရပ်တည်း။)

---

● ကြွက်ခြသို့ မကိုက်လောက်သော နေရာဘဲ ဟု ယုံကြည်စိတ်ချ၍ မပန်ကြားဘဲ သွားခဲ့သော် အသို့နည်း။

စိတ်ချ၍ မပန်ကြားလျှင် အနာပတ္တိ၊ ပန်ကြားလျှင် ဝတ် ကျေ၏။

(ပဌမအကြိမ်)

ယတ္ထ ပန ဥပစိကာသကာ နတ္ထိ တတော အနာပတ္တာပိ ဂန္တုံ ဝဋ္ဋတိ, အာပတ္တန် ပန ဝတ္ထာ။

---

● သံဃိက မဥ္စပီဌကို ကျောင်းအတွင်းမှ ခင်းကာ အသုံးပြုပြီး မသိမ်းဘဲ သွားခဲ့သော် အသိုနည်း။

မဉ္စ ပီဌ (သံဃိက) ပစ္စည်းကို ခင်းသုံးပြီး မသိမ်းဘဲ သွားခဲ့လျှင် ဒုက္ကဋ်။

---

● အခင်း ၁၀-မျိုးကို မဏ္ဍပ်စသည်တို့၌ ခင်းပြီး မသိမ်းဘဲ သွားခဲ့သော် အဘယ် အာပယ် သင့်သနည်း။

ကျောင်း၏အပြင်အပ မဏ္ဍပ် ဇရပ် စသည်တို့၌ အခင်း ၁၀-ပါးကို ခင်းသုံးပြီး မသိမ်းဘဲ သွားသော် ဒုက္ကဋ် **အာပတ်သင့်၏။**

---

● ကျောင်းတွင်း၌ ခင်းမှုနှင့် ဇရပ်မဏ္ဍပ် စသည်တို့တွင် ခင်းမှု၌ အဘဲ့ကြောင့် ပါစိတ် ဒုက္ကဋ် ကွဲသနည်း။

(က) ကျောင်း၌ ခင်းထားခဲ့လျှင် ကျောင်းရော အခင်းပါ ၂-ပါစုံပျက်စီးတတ်၍ ( ၂-ပါးစုံပျက်စီးမှု အတွက်) ပါစိတ်၊

(ခ) မဏ္ဍပ်စသည်၌ အခင်း ၁၀-မျိုး ခင်းထားခဲ့ပြီး ထွက်သွားလျှင် အခင်းသာ ပျက်စီးပြီး ကျောင်းမပျက်စီး၍ ဒုက္ကဋ် သင့်ပါသည်။

(ကျောင်းရော အခင်းပါ ပျက်ရာ ပါစိတ်, တခုခုပျက်ရာ ဒုက္ကဋ်)

(ပဥ္စမအကြိမ်)

သေနာသနဿ သေယျာယ,
ဥဘာယေသံ ဝိနာသတော။
ဂစ္ဆတော သန္တရိတ္ဘာဝ,
ဂစ္ဆေ ပါစိတ္တိ ဝဏ္ဏိတာ။
ဥပစာရ ဝိဟာရဿ,
ဒုက္ကဋံ မဏ္ဍပါ ဒိကေ၊
ဂစ္ဆတော သန္တရိတ္ဘာဝ,
သေယျာမတ္တံ ဝိနာသတော။

---

**ဆင့္မ**

● ဇာနံအရ ဘယ်လို သိတာကို ယူပါသနည်း။

ဝုန္န, ဂိလာန, သံဃဒိန္န ပုဂ္ဂိုလ် အဖြစ်ကို တနည်း မထစေအပ် ကောင်းသော ပုဂ္ဂိုလ်၏ အဖြစ်ကို သိမှုယူ။

---

● အနုပခဇ္ဇ အနီးသို့ကပ်၍ ဝင်ရာ အနီး အရပ် ပြပါ။

ခံတင် ညောင်စောင်း ပတ်လည် တထောင့်ထွာအရပ် အတွင်း ဝင်ခိုက်, ခြေဆေးရာမှ ခံတင် အိပ်ရာ အတိ,အပြင် ထွက်ခိုက် အိပ်ရာ ကျင်ငယ်အိမ် အရပ် အထိ အနီးယူ။

---

● သေယျံ ကပ္ပေယျအရ အိမ်မှုကိုသာ ယူရမည်လော။

ထိုင်ခြင်း အိပ်ခြင်း ၂-ပါးကို ပြုလျှင် ပါစိတ် ၂-ချက်၊ တခုကို ပြုလျှင် ပါစိတ် တချက် သင့်ပါသည်။

(ပဥ္စမအကြိမ်)

နိသီဒန္တဿ ဝါ ဓွေ့,
နိပဇ္ဇန္တဿ ဝါ ပန၊
တထာ ဒွေပိ ကရောန္တဿ,
ဟောတိ ပါစိတ္တိယ ဒ္ဒယံ။

---

● အခင်း ၁၀-မျိုးတို့တွင် တပါးပါးကို ကျဉ်းမြောင်း စေလို၍ ကိုယ်တိုင် ခင်းခြင်း သူတပါးကို ခိုင်းခြင်း၌ အသို့နည်း။

ဒုက္ကဋ် အာပတ် သင့်၏၊ ပါစိတ် မသင့်သေးပါ။

---

● ပုဂ္ဂိုလ်၏ ဥပစာ အပ၌ ကိုယ်တိုင် နေရာခင်းခြင်း ခင်းခိုင်းခြင်း ထိုင်ခြင်း အိပ်ဖြင်းတို့၌ အသို့နည်း။

ဥပစာ၏ အပ၌ ခင်းခြင်း ထိုင်ခြင်း အိပ်ခြင်း တို့၌ ဒုက္ကဋ်သင့်။

---

● အစည်းအဝေး ဇရပ် ကျောင်း ဥပစာတို့၌ ကျဉ်းမြောင်း စေလို၍ ခင်းခြင်း ထိုင်ခြင်း အိပ်ခြင်းတို့၌ အသို့နည်း။

ဤနေရာများ၌ ခင်းခြင်း အိပ်ခြင်းတို့၌ ဒုက် သာသင့်၏။

---

● အနည်း၌ အည် အရ အကြောင်းတပါးကို ပြပါ။

ဘေးရန် ရှိလျှင် နာဖျားလျှင် တိုးဝှေ့ အိပ် ကောင်း ၏။ ဘေးရန် ရှိခြင်း, နာဖျား ခြင်းသည် အည်အရ အကြောင်းတပါး ပင် ဟူလို။

(ပဌမအကြိမ်)

● "ယဿ သမ္မာခော ဘဝိဿတိ, သော ပက္ကမိဿတိ" ဟူသော ဝါကျကား ဘာဝါကျလဲ။

ရန်ရှာသော ရဟန်း၏ နှလုံးသွင်းသဘောထားကို ပြကြောင်းဖြစ်သော ဝါကျ ဖြစ်၏။

---

**သတ္တမ**

● ကုပိတ အနတ္တမန အထူးကို ရှင်းပါ။

ကုပ္ပတီတိ ကုပိတော=စိတ်ဆိုးသူ ရ၏။

အတ္တနော မနော အတ္တမနော, နတ္ထိ အတ္တမနော ဧတဿာတိ အနတ္တမနော၊ ကိုယ်ပိုင် သဘော ပီတိ သုခ နှင့် ယှဉ်သောစိတ် မရှိသော, ဝါ ဒေါသစိတ် ကိန်းနေသော သူ ရ၏။

ဤ ကုပိတ နှင့် အနတ္တမန ၂-ပုဒ်မှာ ကိတ် နှင့် သမာသ်သာ ထူး၏, အရတူ၏။

---

● နိက္ကဍ္ဎေယျ၏ ပယောဂကို ပြပါ။

ကာယ ပယောဂ နှင့် ဝစီ ပယောဂ ၂-ပါး ယူပါ။

---

● ဘယ်လို ဆွဲတုတ်လျှင် ဘယ်လို အာပတ် သင့်ပါသလဲ။

အခန်း အသီးသီး၏ တံခါးဝ၌ နားနားပြီး ဆွဲလျှင် တခန်း တချက်သင့်၏၊ တလျှောက်တည်း မနားဘဲ ဆွဲလျှင် တချက် သင့်၏၊ နှုတ်မြွက်၍ အခါတည်း နှင်ချလျှင် တချက်သာ

သင့်၏၊ ပဃောဂ အရေအတွက် တံခါးနှင့် ဘုံအဆင့် အရေအတွက် ကျသင့်။

---

အပြစ်ရှိ၍ နှင်ထိုက်သော ရဟန်းကို ကျောင်းမှ ဆွဲထုတ်ခိုက် ဒေါသစိတ် ပါသွားလျှင် အာပတ် သင့်မသင့် ပြပါ။

ဆွဲထုတ်ခိုက် စိတ်လျင်မြန်မှု အတွက် ဒေါသစိတ် ဖက်သော်လည်း အနာပတ္တိ။

စိတ္တလဟု ပရိဝတ္တိတာယ ကောပေ ဥပ္ပန္နေပိ အနာပတ္တိ။

---

အဘယ် ရဟန်းမျိုးတို မနှင်ကောင်းသနည်း။

ကောင်းစွာ ကျင့်နေသော ရဟန်း, အငြင်းအခုံ ခိုက်ရန်မရှိသော ရဟန်း, သံဃာကွဲမှု အားမထုတ်သော ရဟန်း စသည်ကို မနှင်အပ်ပေ၊ ဤမှ ပြန်သော အားဖြင့် နှင်ထုတ်အပ်ထာကို သိပါ။

---

သံဃိက ကျောင်းတတိုက် လုံးမှ မနှင်ထိုက်သူကို ပြပါ။

ကောင်းမွန်စွာ အဆုံးအမ မလိုက်နာသော ရဟန်း အလဇ္ဇီရဟန်းများကို မိမိနေရာ တကျောင်း တည်ကသာ နှင်ထုတ်ထိုက်၏၊ သံဃိက ကျောင်း အားလုံးမှ နှင်မထုတ်ရ။ ရန်ခိုက်ဒေါသ ဖြစ်လျှင် ထိုရဟန်း အားလုံးတို့ကို သံဃိက တတိုက်လုံးမှ နှင်ကောင်း၏။

အလဇ္ဇီအာဒယော ပန အတ္တာနော ဝသနဋ္ဌာနတော ယော၀ နိက္ကဍ္ဍိတဗ္ဗာ၊ သကလ သံဃာရာမတော နိက္ကဍ္ဍိတုံ န ဝဋ္ဋတိ။
(ပဥ္စမအကြိမ်)

● တိဿက ဒုတ္တကို စေခိုင်းရာ မည်သူ့အား မည်သို့သင့်သလဲ။

ခိုင်းသော တိဿက တခွန်းတည်း ခိုင်းလျှင် တချက်သာ သင့်၏၊ ဒုက္ကက ဆွဲချရာ ပယောဂ ဒွါရ အလိုက် အထက်အတိုင်း အရေအတွက်ကျ သင့်၏။

---

● စိတ်ဆိုးလို့ နှင်သော်လည်း အနာပတ္တိ ကျောင်းကိုပြပါ။

မိမိကျောင်းမှ ဖြစ်စေ သူငယ်ချင်း (ဝိဿာ သဂ္ဂါဟ) ကျောင်းမှ ဖြစ်စေ စိတ်ဆိုး၍ ရဟန်းကို နှင်သော်လည်း အနာပတ္တိတည်း။

---

● စိတ်ဆိုးလို့ နှင်မိရာ သူ့ဘာသာ အလိုလို ကျောင်းတိုက်မှ ထွက်သွားသော် အသို့နည်း။

သူ့ ဘာသာ ထွက် သွား လို၍ သွား လျှင် နှင် သူအား အနာပတ္တိ။

---

● ဒုက္ကဋ် အာပတ် သင့်ရာခေတ်ကို ပြပါ။

(၁) ပုဂ္ဂလိက ကျောင်းမှ စိတ်ဆိုး၍ နှင်ချခြင်း။
(၂) ရဟန်း၏ ပရိက္ခရာကို စိတ်ဆိုး၍ ဆွဲချခြင်း။
(၃) ကျောင်း ဥပစာမှ ဖြစ်စေ, ဇရပ် စသည်မှ ဖြစ်စေ ရဟန်းကိုရင်း၊ ပရိက္ခရာကိုရင်း ဆွဲချလျှင် ဒုက္ကဋ်။
(၄) သာမဏေကို ဖြစ်စေ, သာမဏေ၏ ပရိက္ခရာ အသုံးအဆောင်ကို ဖြစ်စေ ဆွဲချရာ၌ ဒုက္ကဋ် သင့်၏။

(ပဋ္ဌမအကြိမ်)

● ပရိက္ခရာကို ဆွဲချရာ ဘယ်လိုဆွဲလျှင် ဘယ်လိုသင့်သလဲ။

တစုတပေါင်းတည်း ပရိက္ခရာ ဆွဲချရာ၌ တချက်သင့်၊ အသီးသီးသော ပရိက္ခရာကို အကြိမ်ကြိမ် ဆွဲချရာ ပယောဂနှင့် ပရိက္ခရာ၏ အတွက်ကျ ဒုက္ကဋ် သင့်၏။

---

● ခုကာလ တိုက်တာမှ အပ နှင်ချရာ အသို့နည်း။

ကုပိတ အနုတ္တမန မဖက် တိုက်တာ ကောင်းကျိုး အတွက် စည်းမျဉ်းတကျ နှင်သောကြောင့် အပြစ်မရှိပါ။

အသမ္မာဝတ္တန္တေ အနွေဝါသိကာ–သဒ္ဓိဝိဟာရိကေ နိက္ကဍ္ဍေန္တဿ စ....အနာပတ္တိ။

---

## အဋ္ဌမ

● ဥပရိ ဝေဟာသကို ဝိဂ္ဂဟ ပြု၍ အဓိပ္ပါယ်ရှင်းပါ။

ဥပရိ ဝေဟာသော ဧတဿာတိ ဥပရိ ဝေဟာသော၊ အထက်ထပ်၌ ပျဉ်မခင်းဘဲ ဟင်းလင်း ရှိနေသေးသော ကျောင်းသည် ဥပရိဝေဟာသ ကျောင်း (ကုဋီ) မည်၏။ (အပေါ်ထပ်က ထုတ်လျှောက် စသည်သာ ရှိ၍ အခင်း မရှိသေး ဟူလို။)

---

● ဤကျောင်းအထပ် အရေအတွက် နှင့် ပမာဏ ပြပါ။

၂-ထပ် ၃-ထပ် စသည် အထပ်ရှိရ၏၊ အထက်ထပ်နှင့် အောက်ထပ် အကြား လူတရပ်လွတ် ပမာဏ ရှိရ၏။

[(ပဥ္စမအကြိမ်)

## အဋ္ဌမ

● ဤအဆင့်ပေါ်ရှိ ထိုင်ကောင်းသော ခံဘင်ကို ပြပါ။

ပျဉ် သမံဘလင်း ခင်းပြီးလျှင် ဖြစ်စေ၊ သပ်ပင်း၍ သံရိုက်၍ ဖြစ်စေ, တိုင်နှင့်ဘောင် ခိုင်ခံအောင် တုပ်နှောင် ထားသည် ဖြစ်စေ, ထိုင်ကောင်း၏။

---

● မဟာလ္လကန္တိ သဿာမိကံ ဖွင့်ပုံ သဘော ပြပါ။

အကျိုးမဟာလ္လက၏ သဘောကို အကြောင်း သဿာမိက၌ တင်စား၍ ဖလူပစာရတ္တ မားဖြင့် ဖွင့်ပြသည်။

တန်-မဟာလ္လကော နာမ ဝိဟာရော သဿာမိကော ဝုစ္စတိ ဟူသော ပါဠိအောက် ဘွာအဘိုင်း ဖွင့်ပါသည်။

---

## နဝမ

● သညာစိက ကုဋိ၌ အာပတ် သင့်,မသင့် ပြပါ။

သဿာမိက အတွက် ဖြစ်၍ သညာစိက ကုဋိ၌ အနာပတ္တိ။

---

● ဒွါရကောသ သဒ္ဒါ၏ သဘာဝတ္ထ ရှင်းပါ။

ဒွါရသာ ဗန္ဓနံ ဒွါရံ=တံခါ ဖွဲ့ရာ ဘောင်ကို ယူ၊ ဗန္ဓန ကျေသည်၊ ဒွါရဿ ကောသော=တံခါးဘောင်၏ အရပ်ကို ဒွါရကောသ ခေါ်၏။

ထိုအရပ်၏ ပမာဏမှာ တတောင့်ထွာ, ၂·တောင်, ၂-တောင့်ထွာ အားဖြင့် တံခါး ဗျက်အလိုက် ယူ။

ဥက္ကဋ္ဌ ပရိစ္ဆေဒ အားဖြင့် ၂-တောင့်ထွာ ဟု ဖွင့်ပြ၏၊ တံခါး ဖွင့်ရာ၌ တံခါး တပြန်ထိရာ အရပ် ဟူလို။

---

● အဂ္ဂဠဥပနာသယ၌ အဂ္ဂဠ အရ ဥပနအရ ပြပါ။

(က) အဂ္ဂဠမှာ တံခါးရွက်ကို မှုချရ၏၊ မကောင်းရာ မကောင်း ကြောင်း အဝိနာဘာဝနည်းဖြင့် တံခါးဘောင်ကို ယူပါ။

(ခ) ဥပနာသယမှာ ခိုင်ခံ့ (မတုန်လှုပ်) အောင် ထားမှု ယူပါ။

(တံခါးနှင့် ဘောင် ခိုင်အောင် တံခါးရွက် တပြန်စာ အရပ်၌ အုဋ် အင်္ဂတေ မြေညက်ကို ခိုင်ခိုင်ကျံလေ ဟူ၏။)

---

● အာလောကသန္ဓိ အဓိပ္ပါယ်နှင့် ပရိကမ္မ ပြုပုံပြုနည်း အစီအစဉ် ကို ပြပါ။

(က) အာလောကံ- အလင်းရောင်ကို၊ သန္ဓေတိ—ကောင်း စွာ ပိတ်တတ်, ကာကွယ် တတ်၏။ ဟူ သည် နှင့် အညီ ပြူတင်းပေါက် တံခါးရွက်သည် အာလောက သန္ဓိ။

(ခ) ခိုင်ခံ့အောင် ပြုမှုသည် ပရိကမ္မ မည်၏၊ တံခါးရွက် များ ခိုင်အောင် ပြုဘို့ရာ အထပ်ထပ် လိမ်းကျံအပ် ၏ ဟူလို၊ (ထိုပုဒ်ကို လေပေတာဗ္ဗာနှင့် စပ်။)

● ပရိယာယ၏ အဓိပ္ပါယ်ကို ရှင်းအောင် ပြပါ။

မြက်သစ်ရွက် တို့ဖြင့် မိုးသောအခါ ပတ်လည်အရပ် ၄-မျက်နှာ လှည့်လည်၍ မိုးခြင်းကို ပရိယာယ ခေါ်၏။

---

● အားလုံး အမိုးအစားစားကို လှည့်မိုးသလော။

အုဋ္ဌ အင်္ဂတေ မြေညက် အမိုး ၃-စားမှာ ပတ်လည်လှည့်ကာ ပရိယာယ ပြု၍ မမိုးပါ၊ တကန့်စီ တစဉ်စီ (သွတ်တကန့်စီ တချပ်စီ စဉ်ကဲ့သို့) မိုးပါသည်၊ ဥဇုမဂ္ဂ ဖြောင့်သော လမ်းစဉ် အတန်းစဉ် မိုးရပါသည်၊ မျက်နှင့် သစ်ရွက်အမိုး ၂-စားကိုသာ ပတ်လည်လှည့်၍ တဖြေးဖြေး တက်တက် မိုးရပါသည်။

---

● ပရိယာယံအရ ဘာကိုယူရသနည်း။

မြက် သစ်ရွက် အမိုး ၂-မျိုးအတွက်သာ မှတ်သား၍ ပရိယာယ လှည့်လည်မိုးဟု ဥပလက္ခဏနည်း ယူရ၏၊ အုဋ္ဌ အင်္ဂတေ မြေညက်မိုးတို့၌ ပရိယာယ လှည့်လည်၍ မိုးခြင်းအရ ဥဇုမဂ္ဂ တကန့်စီ တတန့်စီ တလမ်းစီသာလျှင် မိုးရ၏။

---

● အပ္ပဟရိတေ၌ အပ္ပအနက်နှင့် ဟရိတအရ ပြပါ။

(က) အပ္ပိစ္ဆော၌ အပ္ပကဲ့သို့ မရှိခြင်း အဘာဝတ္ထ၌ အပ္ပ သဒ္ဒါဖြစ်၏။

(ခ) ပုဗ္ဗဏ္ဏ အပရဏ္ဏ ၂-စားလုံးကို ဟရိတ အရ ယူပါ။

မှတ်ချက်-ပေါး ၇-မျိုးသည် ပုဗ္ဗဏ္ဏမည်၏၊ ပဲအမျိုးမျိုးနှင့် ဘူး,ဖရုံကို အပရဏ္ဏခေါ်၏၊ ဤ ၂-မျိုး ဟရိတ။

(ပဥ္စမအကြိမ်)

● ဟရိတ အရ အပင် စိမ်းစို ပေါက်ရောက်ထာလော။

မိုးရွာလျှင် မှချ ပေါက်မည့်, မပေါက်သေးသော ကျပျိုး၍ ယာ:အပ်သော အစေ့ကိုလည်းယူ၊ စိမ်းစို၍ နေတာကိုလဲ ယူရ၏။

---

● ဌိတေနအရ တည်ရာ အရပ်ဌာနကို ပြပါ။

ခေါင်ပေါ်က ထိုင်ကြည့်သော ယော်ကျ်ာ:က ထိုင်ကြည့်ရာ အမိုးစွန်း တံစက်စွန်းနှင့်အညီ မြင်ကောင်းရာ အချပ်တည်း၊ အောက်က ရပ်ကြည့်သော ရဟန်းက အထက်ခေါင်က လူကို မြင်ကောင်းရာ ရဟန်းတည်ရာ အရပ်ဟူ၍ ယူပါ။

---

● ထိုအရပ်၏ အတွင်းအပြင်၌ ရပ်လျှင် ဘာဖြစ်သလဲ။

အတွင်းတိုးရပ်လျှင် ကျော်းပြိုကျက ပိတတ်သည်၊ အပြင်ကျကျ ရပ်လျှင် အပြစ်မရှိ။ (အတွင်းသို့ကား ကောက်ပဲသီးနှံ မရှိစေကာမူ ဝင်မရပ်အပ်)။

---

● ၂-စဉ်, ၃-စဉ် မိုးရာ စိမ်ပုံ စိမ်နည်း ပြပါ။

၂-စဉ် အမိုးခိုင်းပြီး ၃-စဉ်မြော်က် ကျတော့ ဒီလိုမိုးလော့ ဟု ပြောဆို၍ထွက်မူလည်း ထွက်သွားရာ၏၊ မသွားလျှင်လည်း ဆိတ်ဆိတ် ရပ်နေရာ၏။ (သဘောမကျ၍ ဖျက် ဖျက် မိုး ရာ အနာပတ္တိ)

---

● စိမ်းစိုသောဌာနဌ ရင်စိမ်လျှင် အသို့နည်း။

(မဠမအကြိမ်)

စိမ်းစိုသောအရပ်၌ တည်၍မိုးခြင်းကို စိမ်လျှင် ဒုက်အာပတ် သင့်၏။

တသ္မိံ ဌတွာ အဓိဋ္ဌဟန္တော ဒုက္ကဋံ အာပဇ္ဇတိ။

---

● ဥတ္တရိအရ ဘယ်လိုလွန်လျှင် ဘယ်လိုသင့်သနည်း။

၃-စဉ် ၃-ထပ်ထက် ပိုမိုးလျှင် အဋ္ဌပြား မြေစိုင် သစ်ရွက် အရေအတွက်ကျ ပါစိတ် အာပတ် သင့်ပါသည်။

**မှတ်ရန်**။ဌေ့နိ ဆေးစသော အရောင်အတွက် အထပ်ထပ် သုတ်သော်လည်း သုတ်ကောင်း၏၊ အာပတ်မသင့်ပါ။

---

**ဒသမ**

● ဇာနံသပါဏကံ၌ သိပုံ အခြင်းအရာ ရေးပါ။

အမြင်အကြား ဆင်ခြင်ခြင်းအားဖြင့် သိမှုကို ဇာနံအရ ယူရပါသည်။

---

● ဥဒကံနှင့် တိဏံ အနက်စပ်ကို ရှင်းပြပါ။

(က) ဥဒကံ=ကို၊ တိဏံ=မြက်ပေါ်သို့၊ (သွန်းလောင်း)
(ခ) တိဏံ=ကို၊ ဥဒကံ=ရေထဲသို့၊ (သွန်းထည့်)
(ဂ) ဥဒကေန=ဖြင့်၊ တိဏံ=သို့၊ (သွန်းလောင်း)
(ဃ) ဥဒကေ=၌၊ တိဏံ=ကို၊ (သွန်းထည့်)
(င) ဥဒကံ=ရေထဲသို့၊ တိဏေန=ဖြင့်။ (သွန်းထည့်)

---

● ဥဒကံ အရ ဘယ်ရေမျိုး ယူရမည်နည်း။

သစ်ရွက် မြေညက်ဖြင့် ထည့်ခဲ့သော် အကြင်ရေသည် နောက်ကျိ၍ ပိုးကို သေစေနိုင်၏၊ ထိုရေမျိုးကို ယူရ၏။

(ပဥ္စမအကြိမ်)

(မြစ် သမုဒ္ဒရာ စသော အန္တရာယ် မဖြစ်စေနိုင်သော ရေမျိုး၌ သွန်းလောင်းသော်လည်း အပြစ်မရှိ)

● သွန်းလောင်းရာ ဘယ်လိုလောင်းလျှင် အဘယ်ကဲ့သို့ အာပတ် သင့်ပါသနည်း။

အိုးထဲက ရေကို တသွင်တည်း အဆက်မပြတ် လောင်းရာ တချက်၊ ဖြတ်၍ ဖြတ်၍ လောင်းလျှင် အကြိမ်ကြိမ် ပါစိတ်သင့်၏။

မြောင်းသွယ်ရာ စေခိုင်းရာ၌ တကြိမ် တချက်သာ သင့်၏၊ တခြားက ယူဆောင်လာလျှင် ပယောဂ အရေအတွက်ကျ သင့်၏။ (ဤသို့ လောင်းနည်း ပယောဂ အမျိုးမျိုးကို မှတ်လေ)

● မြေနှင့်မြက်ကို ရေထဲ ထည့်ရာ ဘယ်လိုသင့်သနည်း။

မြက်အများကို တကြိမ်တည်း အကုန်ထည့်က တချက်သာ သင့်၏၊ တခုစီ အကြိမ်ကြိမ် ထည့်က အရေအတွက်ကျ သင့်ပါသည်၊ မြေကို ရေ၌ ထည့်ရာ၌ကား ပယောဂ အရေအတွက် ကျသာ သင့်၏။

**မှတ်ရန်....** ရေချိုး ခြေဆေး စသော အပ အသုံးအဆောင်အတွက် သာလျှင် ဤ သိက္ခာပုဒ်နှင့် ဆိုင်သည်၊ သပါဏက ရေကို သောက်ခြင်း အားဖြင့် အတွင်း အသုံးအစွဲအတွက် ရှေ့၌ (သပါဏကဝဂ် ဒုတိယ သိက္ခာပုဒ် ရှိလေသေးသည်။)

● ဤသိက္ခာပုဒ်သည် ဘယ်ပညတ် ဘယ်စိတ် ရှိသနည်း။

သေစေလိုသော ဝဓက စေတနာ မရှိသောကြောင့် လောက ဝဇ္ဇမဟုတ်, ပဏ္ဏတ္တိ ဝဇ္ဇ သိက္ခာပုဒ် ဖြစ်ပါသည်။

[(ပဥ္စမအကြိမ်)

(၁) ပညတ်တော်ကို ကျူးကျော်လိုသော စိတ်ဖြင့် လောင်းရာ အကုသိုလ်စိတ်ဖြင့် သင့်၏၊
(၂) ဆင်းတုတော် ရေသပ်ပယ်လို၍ လောင်းရာ ကုသလ စိတ်ဖြင့် သင့်၏။
(၃) ရဟန္တာများ မသိ၍ လောင်းမိရာ အဗျာကတ စိတ်ဖြင့် သင့်၏၊ ဤသို့ စိတ် ၃-ပါးဖြင့် သင့်၏။

---

## ဘိက္ခုနောဝါဒကဝင်

● ဘိက္ခုနော ဝါဒ ရဟန်း၏ အင်္ဂါကို ရေတွက်ပြပါ။

သီလံ သုတဥ္စ သွာဂတံ၊
ဝါစော ပိယော ပဋိဗလော။
နစ္စာပန္နော ဝီသာဝိကော၊
ဘိက္ခုနောဝါဒကင်္ဂိမေ။

(၁) သီလံ-သီလသိက္ခာနှင့် ပြည့်စုံခြင်း၊
(၂) သုတံ-ကျမ်းဂန် ဗဟုသုတ ရှိရခြင်း၊
(၃) သွာဂတံ-ဒွိမာတိကာ ရရှိ၍ အကျယ်တဝင့် သိရှိနားလည်ရခြင်း၊
(၄) ဝါစော-အပြောကောင်းရခြင်း၊
(၅) ပိယော-ဘိက္ခုနီမများ ကျေနပ် နိုင်အောင် မြတ်နိုးခံရခြင်း၊
(၆) ပဋိဗလော-ဆုံးမစွမ်း ဆုံးမတတ်သူ ဖြစ်ရခြင်း၊

(ပဥ္စမအကြိမ်)

(၇) အနဇ္ဇာပန္နော–ဘိက္ခုနီနှ င့် သာမဏေရီတို့၌ မလွန်ကျူးဘူးခြင်း။

(၈) ဝီသာဓိကော = ဝါတော် ၂၀, ၂၀-ကျော် ရခြင်း ၈–ပါး။

မှတ်ရန်.... ဘိက္ခုနီနှင့် ကာယသံသဂ္ဂ မမှုခဲ့ဘူးခြင်း သိက္ခမာန် သာမဏေရီတို့၌ မေထုန် မကျူးခဲ့ဘူးခြင်း၊ ဤအင်္ဂါ မညီ၍ စပ်ယှက်ခဲ့ဘူးလျှင် လွန်ဘူးသော အပြစ်ကို မာတုဂါမများ အထင်သေးတတ်၏။

---

● ဘိက္ခုနီများ နားထောင်နေခိုက် တခြားပုဂ္ဂိုလ် အတွက် ဂရုဓမ္မ ဟောပြရာ, သိက္ခမာန် အတွက် ပြောပြရာ အသို့နည်း။

ဘိက္ခုနီမကို ပဓာန မထားဘဲ တခြား ပုဂ္ဂိုလ်များ အတွက် ဟောပြောမှု ဖြစ်၍ ဘိက္ခုနီ ကြားသော်လည်း အနာပတ္တိ။

---

● အတ္ထင်္ဂတ၌ အဘယ်ဖြင့် ဆုံးမတာ ယူပါသလဲ။

ဂရုဓမ်ဖြင့် ဖြစ်စေ, တခြား တရားဖြင့် ဖြစ်စေ, နေဝင်အောင် ဆုံးမ, နေလျှင် ပါစိတ်။ (ဂရုဓမ် အရေးမကြီး, အချိန်သာ အရေးကြီး၏။)

---

● ကေတော ဥပသမ္ပန္န ံ ဩဝဒန္တဿ စ ဒုက္ကဋံ အရ ပြပါ။

ဘိက္ခုနီ ကေတော ဥပသမ္ပန္နကို သာလျှင် ရည်ရွယ်၍ ဒုက်အာပတ်ဟု ဆိုပါသည်။

ဘိက္ခု ကေတော ဥပသမ္ပန္န၌ ကား–ပါစိတ် သင့်၏။

ကေတော ဥပသမ္ပန္နတ္တိ ဘိက္ခုနီ သံဃေ ဥပသမ္ပန္နံ, ဘိက္ခု သံဃေ ပန ဥပသမ္ပန္နံ ဩဝဒန္တဿ ပါစိတ္တိယံ။

(ပဥ္စမအကြိမ်)

● သမ္မုတိ မရသော ရဟန်းသည် ဘိက္ခုနီ ကျောင်းသို့ သွား၍ နေမဝင်မီ ဂရုဓမ်ဖြင့် ဆုံးမလျှင် ဘာအာပတ်လဲ။

အသမ္မတ အတွက် ပ-သိက္ခာပုဒ်ဖြင့် ပါစိတ် တချက်, ဘိက္ခုနီ ကျောင်းသို့ ချဉ်းကပ်မှုအတွက် တချက်၊ ပေါင်း ၂-ချက် သင့်ပါသည်။

မှတ်ရန်....(နေဝင်မှ သွားလျှင် အတ္ထင်္ဂတ တချက်တိုး, ၃-ချက်။)

---

● သမ္မုတိရသောရဟန်း ညဉ့်ဆုံးမလျှင် ဘာ အာပတ်လဲ။

ဥပဿယ ဒုတိယ သိက္ခာပုဒ် အတွက် ပါစိတ် အာပတ် တချက်နှင့် အတ္ထင်္ဂတ သိက္ခာပုဒ် အတွက် ပါစိတ် တချက်၊ ပေါင်း:—ပါစိတ် အာပတ် နှစ်ချက် သင့်ပါသည်။

---

● ဂိလာန ဘိက္ခုနီ အရ ပြပါ။

ဩဝါဒ သံဝါသ အတွက် ရဟန်းများထံ စုံစိအောင် မသွား နိုင်သော ဘိက္ခုနီ ယူ။

ဂိလာနာတိ န သက္ကောတိ ဩဝါဒါယ ဝါ သံဝါသာယ ဝါ ဂန္တုံ။

---

● ဂရုဓမ္မ တရားရှစ်ပါး ရေးပါ။

ဝဿသတံ အဘိက္ခုကံ,
ပစ္စာသီသာ ပဝါရဏာ၊
မာနတ္တာ ပသမ္ပဒေသာ,
နက္ကောသော ဩဝဒ္ဒော ဂရု။

(ပဥ္စမအကြိမ်)'

(၁) ဝါတရာ ရစေကာမူ ပြုသစ်စ ရဟန်းအား ရှိခိုး ရခြင်း,
(၂) အဘိက္ခုက အာဝါသ၌ ဝါမကပ်ရခြင်း,
(၃) လခွဲတိုင်း ရဟန်းများထံ ခစား ရခြင်း,
(၄) ဥဘတော သံဃာ၌ ပဝါရဏာ ဖိတ်ရခြင်း,
(၅) ဥဘတော သံဃာ၌ တပက္ခ မာနတ် ကျင့်ရခြင်း,
(၆) သိက္ခမာန်ကို ဥဘတော သံဃာ့ထံ၌ ရဟန်း ခံပေး ရခြင်း,
(၇) ရဟန်း ယောကျ်ားများကို မဆဲရခြင်း,
(၈) ဘိက္ခုနီများသည် ဘိက္ခုကို ဩဝါဒ အာဏာ မပေး ရခြင်း ၈—ပါ။

---

● ကေတော ဥပသမ္ပန္န အမျိုးအစား ဝေဖန် ပြပါ။

(က) ဘိက္ခုနီ ကေတော ဥပသမ္ပန္န၊
(ခ) ဘိက္ခု ကေတော ဥပသမ္ပန္န ၂-မျိုး။

---

● ကေတော ဥပသမ္ပန္နကို ဆုံးမလျှင် အသို့နည်း။

(က) ဘိက္ခုနီ ကေတော ဥပသမ္ပန္န အတွက် ဒုက်,
(ခ) ဘိက္ခု ကေတော ဥပသမ္ပန္န အတွက် ပါစိတ်သင့်။

ဘိက္ခုနံ သန္တိကေ ယေဝ,
ဥပသမ္ပန္န ဘိက္ခုနီ၊
တထာ လိင် ဝိပလ္လာသေ,
ပါစိတျေဝ ပကာသိတာ။

(ပဍုမအကြိမ်)

**မှတ်ရန်** .... မိထွေးတော်ကြီး၏ နောက်လိုက် သာကီဝင် မင်းသမီး ဘိက္ခုနီ ၅၀၀-နှင့် ရဟန်းယောကျ်ားအဖြစ်မှ ဣတ္ထိလိင် ပြောင်းသွားသော ဘိက္ခုနီမ (ဘိက္ခု ဧကတော ဥပသမ္ပန္န) စားမျိုး ဆုံးမလျှင် ပါစိတ် အာပတ် သင့်၏။

---

ညဉ့်ဝါဒမှ တပါးသော တရားဟောရာ အသို့နည်း။

ညဉ့်ဝါဒဖြင့် ဆုံးမမှ ပါစိတ် အာပတ် သင့်၏၊ တခြား တရား ဟောရာ ဒုက် အာပတ် သင့်၏။

---

ဂရုဓမ္မနှင့် စပ်၍ဖြစ်စေ, ခန္ဓာစသည်နှင့် စပ်၍ဖြစ်စေ, မေး လျှောက်၍ ဖြေဆိုရာ အသို့နည်း။

ဘိက္ခုနီမက **မေး၍ ဖြေရှင်းရာ အနာပတ္တိ**။ (မေး၍ ဖြေရှင်းခြင်းမှာ ဆုံးမခြင်း မမည်။)

ဝေံ ဘိက္ခုနိယော တံ ပုစ္ဆော ယောဘိက္ခု ကထေသိ၊ တဿ **အနာပတ္တိ**။

တာဝန် ပေးအပ်ခံရသော ရဟန်းသည် ဂရုဓမ္မဖြင့် ဘိက္ခုနီအား (သမ္မုတိ ကိုယ်စား) ဆုံးမ ကောင်း၏, အနာပတ္တိ၊ ထိုတာဝန်ခံ ဘိက္ခုနောဝါဒက အသမ္မုတိ ရဟန်းအား ကဲ့ရဲ့လျှင် ဒုက် သင့်။

**မှတ်ရန်**.... သမ္မုတိရ ရဟန်းက ဖြစ်စေ, သံဃာက 'မသမုဘ်ဘဲ' ဖြစ်စေ, တာဝန် ချထားသည်ကို ခံရသော ရဟန်း သာမဏေများသည် ဆုံးမကောင်း၏, ၎င်းတို့ကို ကဲ့ရဲ့လျှင်ကား ပါစိတ် မသင့်, ဒုက်သာ သင့်၏၊ သတိပြုလေ။

(ပဌမအကြိမ်)

- တကယ် စီဝရဟောတုကြောင့် ဆုံးမနေသော ရဟန်းအား စီဝရာဒိ ဟောတုကြောင့် ဟု စွပ်စွဲလျှင် အသို့နည်း။

တကယ် အစစ် အမှန် ဖြစ်နေသောကြောင့် ဖော်ထုတ် စွပ်စွဲရာ၌ကား အနာပတ္တိ။

---

- ထင်ကြေးဖြင့် စွပ်စွဲရာ, လုပ်ကြံစွပ်စွဲရာ အသို့နည်း။

(၁) စီဝရာဒိ ဟောတုကြောင့်ဘဲလို့ ထင်ရှိသာ ထင်၍ စွပ်စွဲရာ၌ ဒုက္ကဋ်၊

(၂) မဟုတ် မဟပ် လုပ်ဇာတ်ဖြင့် စွပ်စွဲရာ၌ကား—ပါစိတ် အာပတ် သင့်၏။

---

- ဘိက္ခုနီအား သက်န်းပေးသော ရဟန်း, ဘိက္ခုနီ ပေးသော သင်္ကန်း ခံယူသော ရဟန်းအား ဘာ အာပတ်လဲ။

(က) ဘိက္ခုနီမကို သင်္ကန်း ပေးသော ရဟန်းအား သုဒ္ဓ ပါစိတ် သင့်၏။

(ခ) ဘိက္ခုနီမ၏ သင်္ကန်းကို ခံယူသော ရဟန်းမှာ နိဿဂ္ဂိ ပါစိတ် သင့်၏။

တတ္ထ ဘိက္ခုနိယာ ဒိန္နံ,
စီဝရံ ဂဏှ ဘိက္ခုနော၊
တတ္ထ နိဿဂ္ဂိယံ သုဒ္ဓံ,
ပါစိတ္တိ ဂဏှ သူစိတာ။

(ပဉ္စမအကြိမ်)

● ပဌမ, ဆဌမ ၂-ပါး၌ စိဝရ ၂-စား အထူးပြပါ။

(က) ပဌမ စီဝရမှာ — ဝိကပ္ပနာ လောက်သော သင်္ကန်း ၆-ထည်ကို ယူရ၏။

(ခ) ဆဌမမှာ—ဝတ်ရုံလောက်သော သင်္ကန်းကိုယူ။

---

● ဘိက္ခုနီက ရဟန်း သင်္ကန်းကို ဝိဿာသဂ္ဂါဟအနေ ငှါးတဲ့ အနေ အားဖြင့် ယူခဲ့ရာ၌ ပေးလိုက်မိသော ရဟန်းအား အာပတ် သင့်, မသင့် ပြပါ။

ဘိက္ခုနီက ဝိဿာသဂ္ဂါဟ အနေ အားဖြင့်ရှင်း,တာဝကာ လိက အနေအားဖြင့်ရှင်း ယူရာ၌ အနာပတ္တိ။

---

● သင်္ကန်း ချုပ်ပေးလျှင် အဘယ်အခါ အဘယ်အာပတ်လဲ။

မချုပ်ခင် ဖြတ်ခြင်း သားခြင်း စသော ဆုံးမှု ပုဗ္ဗကိစ္စ အဝ ၁၌ ဒုက်၊ အပ်ကိုသွင်းပြီး နှုတ်တိုင်း ပါစိတ် သင့်၏။(လေး ငါးချက် ထိုးပြီး အပ်ကို ဆွဲနှုတ်လျှင် နှုတ်မှ တချက် သင့်၏၊ လေးငါးချက် မချွတ်ဘဲ ဆက်၍ထိုးသော်အရေအတွက်ကျမသင့်, တချက်သာ သင့်ပါသည်)

---

● သမ္မုတိ မရသောရဟန်းသည် နေ့၌ဖြစ်စေ, ညဉ့်၌ဖြစ်စေ, ဂရုဓမ်မှ တပါးသော တရားဖြင့် ဆုံးမလျှင် အသို့နည်း။

(၁) သမ္မုတိ မရဘဲ ဂရုဓမ်မှ တပါးသော တရားဖြစ်၍ ဒုက္ကဋ် အာပတ် သင့်၏၊

(ပဌမအကြိမ်)

(၂) နေ့ဦးကပ်လျှင် ဘိက္ခုနုပဿယ သိက္ခာပုဒ်ဖြင့် ပါစိတ် တချက် သင့်၏၊
(၃) ညဦးကပ်လျှင် အတ္ထင်္ဂတ ပါစိတ် တချက်ဖြစ်၍ နေ့ကပ် ဟောလျှင် သမ္မုတိ ဒုက်နှင့် ဥပဿယ ပါစိတ်= ၂-ချက်၊ ညဦး ကပ်လျှင် အတ္ထင်္ဂတ တပါးတိုး, ပေါင်း= ၃-ချက် သင့်၏။ (တခြားမဓမ္မဖြစ်၍ သမ္မုတိ သိက္ခာပုဒ် ဖြင့် ဒုက်သာသင့်၍၊ ပါစိတ် မသင့်၊ သတိ)

---

● ဘိက္ခုနိယော ဩဝဒေယျဥ္စ ဘိက္ခုနီ ဘယ်မျှနည်း။

အဋ္ဌုပ္ပတ္တိအား လျော်စွာ ဗဟုဝုစ် ဟောသော်လည်း တပါး တည်းမှုစ၍ ဂဏ သံဃများစွာအတိ ယူပါသည်။

---

● အာမိသကို ပြ၍ စွပ်စွဲသူ၏ သဘောရင်းကို ရှင်းပြပါ၊

(က) အာမသိတဗ္ဗ— ငါ့ဟာ ဟု သုံးဆောင် အပ်၏၊တသ္မာ-ကြောင့်၊ အာမိသံ-အာမိသ မည်၏၊ သင်္ကန်း သပိတ် စသည် ရ၏။
(ခ) ကြားသူ အပေါင်း မကောင်း ထင်စေ လို၍ သဘော ယုတ် ဆန္ဒဆိုးဖြင့် ပြောဆိုခြင်းသည် စွပ်စွဲသည် မည် ၏။

---

● အာမိသ ဟေတု၌ အာမိသ အရ ရှစ်ပါးမျှ ထုတ်ခဲ့ပါသည်။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ဝန္ဒနာ, မာန, ပူဇာ, သက္ကာရ, ဂရုကာရ ဤသို့ အစရှိသော အကြောင်းကို အာမိသ ဟေတုအရ ယူရပါသည်။

(ပဥ္စမအကြိမ်)

● သမ္မုတိ ရပြီးရဟန်းမှာ သာမဏေအဖြစ်သို့ ပြန်လျှော၍ နေခဲ့သော် သမ္မုတိ ခေါ်ရသေးသလော။

ဘိက္ခုနောဝါဒက ရဟန်း သာမဏေ ဟုပင် ခေါ်ရ ပါသည်၊ ဗဟုသုတ ရှိသော သာမဏေအားလည်း လွဲသွားရ ပါသည်၊ ထိုကဲ့သို့ သမ္မုတိ ရပြီး မရသေးသော သာမဏေအား ၎င်း, သမ္မုတိ မရသော ရဟန်းအား၎င်း, ကဲ့ရဲ့လျှင် ဒုက် အာပတ် သင့်၏။ (ရဟန်းကို ကဲ့ရဲ့မှ သာ အာပတ် သင့်၏ မမှတ်ရ)

---

● သမ္မုတိ ရပြီး ရဟန်းက ငါ မရှိခိုက် ဆုံးမရစ်ပါ ဟု တာဝန် ပေးအပ် ခံရသော ရဟန်းအား အသို့နည်း။

တာဝန် ပေးထားလျှင် ဆုံးမ ကောင်းပါသည်။

---

● ဤ ဘိက္ခုနီ သက်န်းကို ချုပ်ပေးလော့, ဝါ-ဤသက်န်း၌ အကြင်ပြုဘွယ်ကိစ္စ အဝဝရှိ၏, ထိုကိစ္စ အဝဝဟာ သင်၏ တာဝန်ဘဲဟု ခိုင်းရာ အာပတ် ဘယ်လို သင့်သလဲ။

(က) ဤ သက်န်း ချုပ်ပေးလိုက် သာမည ခိုင်းရာ ပါစိတ် တချက်သာ သင့်၏၊

(ခ) ပြုဘွယ်ကိစ္စ အဝဝဟာ သင့်တာဝန်ဘဲ ခိုင်းရာ၌ အပ်နှုတ်တိုင်း ချုပ်သောရဟန်း၏ ပယောဂတိုင်း အာဏာပကာ၌ ပါစိတ်များစွာ သင့်၏။ (နောက် နည်းမှာ တကြိမ်သာ ခိုင်းသော်လည်း ပါစိတ် အများကြီး သင့်၏)

(ပဥ္စမအကြိမ်)

● ဆရာက မိမိအမျိုး ဘိက္ခုနီ သက်နီးကို တပည့်အား အချုပ်ခိုင်းရာ ဆရာ တပည့်တို့မှာ ဘာ ဖြစ်သလဲ။

(က) ဆရာသည် တပည့်ကို မအပ်စပ်သော ကိစ္စ၌ တိုက်တွန်းစေခိုင်းမှု အတွက် ဒုက် သင့်၊
တပည့်မှာ ပါစိတ်အာပတ် သင့်၏။

---

● ဆရာသည် သူ၏အမျိုး ဘိက္ခုနီ၏ သက်နီး ချုပ်ခိုက် ထပည့်ဖြစ်သူက ဆရာ့ဝတ် ပြုသည့်အနေ ကထိနဝတ် ပြုသည့်အနေဖြင့် ဝင်၍ ကူချုပ်သော် အသို့နည်း။

တပည့်မှာ အဆွေ မတော်၍ အပ်နှုတ်တိုင်း ပါစိတ်။

---

● ဆရာ တပည့် ၂-ဦး၏အမျိုး ဘိက္ခုနီ၏ သက်နီးကို ဆရာက ညာ၍ အချုပ်ခိုင်းရာ ဘာအာပတ်နည်း။

(က) အမျိုး မတော်ဘူးဟူ၍ အမှတ် ရှိသောကြောင့် တပည့်၌ ဒုက်သင့်၏။

(ခ) ဆရာသည် မအပ်သည်၌ တိုက်တွန်းမှုအတွက် ဒုက် သင့်၏။

**မှတ်ရန်**...ဆရာ တပည့်မှန်း "ဆွေတော်မှန်း" သိကြလျှင် အနာပတ္တိ၊ ဆရာက အမျိုးမတော်ဘူးဟု ညာခိုင်း၍ တပည့်မှာ အညာတိက သညီ ရှိသွား၍ ဒုက် သင့်၏၊ အညာတိက အမှတ်ရှိအပ်သော ဉာတိ ဘိက္ခုနီ၏ သက်နီးသည်လည်း အကပ္ပိယ သဘော ရောက်သွား၏၊ ထို အကပ္ပိယ သက်နီးကို တိုက်တွန်းပြီး အချုပ်ခိုင်းသော ဆရာမှာလဲ ဒုက် သင့်၏၊ သဘောကျအောင် ကြံ။

(ပဥ္စမအကြိမ်)

မဝတ်ရုံလောက်သော သင်္ကန်း သပိတ် အိတ် စသည်ကို ချုပ်ပေးရာ, အချုပ် ခိုင်းရာ၌ အသို့နည်း။

မဝတ်ရုံလောက်သော သင်္ကန်းစသည်ကို ချုပ်ပေးရာ အချုပ်ခိုင်းရာမှာ အနာပတ္တိ ချည်းသာတည်း။

**မှတ်ရန်**....အမျိုးတော်သော သိက္ခမာန် သာမဏေရီတို့၏ သင်္ကန်း၌ အနာပတ္တိ၊ ကာဠုဒါယီ မဟာဥဒါယီ လာဠုဒါယီ ၃-ပါး အနက် လာဠုဒါယီ အတွက် ပညတ် ရသည်။

---

ကေဒ္ဒါနမဂ္ဂ- တကြောင်းတည်းသော ခရီးသို့ ဝါ-တပေါင်းတည်း အတူ သွားအင်သော ခရီးသို့ ဟူသော အနက်အား လျော်စွာ ဝစနတ္ထ ပြု၍ ရှင်းပြပါ။

ဧကော အဒ္ဒါန မဂ္ဂေါ ကေဒ္ဒါန မဂ္ဂေါ၊ ဧကတော ဝါ ဂန္တဗ္ဗော အဒ္ဒါန မဂ္ဂေါ ကေဒ္ဒါန မဂ္ဂေါဟု ဝစနတ္ထ ပြုရပါသည်။

ရှေ့အလို ဧကသဒ္ဒါ နာမဝိသေသန၊ နောက်နည်း အရ ဧကသည် သဟတ္ထ ကြိယာဝိသေသန ဖြစ်၍ ဂန္တဗ္ဗောနှင့် ထည့်၍ စပ်ရ၏။

---

တိုင်ပင်သင့်သော အကပ္ပိယ ဘူမိ နှင့် အာပတ်တို့ကို အသီး အသီး ပိုင်းခြားပြပါ။

ဘိက္ခုနီကျောင်း, ကျောင်းစည်းရိုး အကြား, ဆွမ်းစားကျောင်း, တိတ္ထိတို့နေရာ ကပ္ပိယဘူမိ၌ တိုင်ပင်လျှင် အနာပတ္တိ၊

ဆိုခဲ့ပြီးသည်မှ တပါးသော အကပ္ပိယ ဘူမိအရပ်၌တည်၍ တိုင်ပင်လျှင် တိုင်ပင်မှုကြောင့် (မသွားဖြစ် သွားဖြစ်) ဒုက် သင့်၏။

အကပ္ပိယ ဘူမိယံ ဌတွာ သံဝိဒဟန္တဿ သံဝိဒဟနပစ္စယာ တာဝ ဒုက္ကဋံ။

---

● တိုင်ပင်သွားရာ ဘယ်အရပ်မှာ အာပတ် သင့်သနည်း။

(က) ရွာမရှိသော တောလမ်းဖြစ်လျှင် စ၍ ထွက်လာရာ အရပ်မှ ယူဇနာဝက်လွန်လျှင် ပါစိတ် အာပတ်သင့်၏။

(ခ) ရွာတွေ့ကို ဖြတ်ကျော် သွားရလျှင် မိမိနေရင်း ရွာမှ ထွက်ခိုက် အာပတ် မသင့်၊ အနီးဆုံးရွာမှ စ၍ ရွာတွင်း ဥပစာသို့ ဝင်တိုင်း ပဌမ ခြေလှမ်းတိုင်း ဒုက်၊ ဒုခြေလှမ်းတိုင်း ပါစိတ် အာပတ် သင့်ပါသည်။

(ဤသို့ ရွာများစွာကို ဖြတ်ကျော် သွားရာ၌ ရွာ အတွက် အာပတ် အရေအတွက်ကို သတိပြု)

(ရွာမရှိလျှင် ယူဇနာဝက်, ရွာတွေ့ရှိလျှင် ရွာများ၏ ဥပစာဖြင့် ယူဇနာကို ပိုင်းယူ)

---

● ယူဇနာဝက်ကျော်ရာ ဘယ်ခြေလှမ်း၌ ဘာအာပတ်လဲ၊ ကျော်သော ခြေလှမ်းတိုင်း အာပတ်ဟု မှတ်ရအံ့လော။

ယူဇနာဝက်ကို ပ-ခြေလှမ်းကျော်ရာ ဒုက်, ဒု-ခြေလှမ်းကျော်ရာ ပါစိတ် သင့်၏၊ ကျော်သော ခြေလှမ်းဘိုင်း မသင့်၊ ယူဇနာဝက်လောက်ကို တခါကျော်မှ ဒုက်တချက်နှင့် ပါစိတ်တချက်စီ သင့်၏၊ (ယူဇနာဝက်၏ အရေအတွက်ယူ)

((ပဌမအကြိမ်))

 

တံ ဩဇ္ဈတ္တမေန္တဿ ပန ပဌမပါဒေ ဒုက္ကဋ်၊ ဒုတိယပါဒေ ပါစိတ္တိယံ။

---

● ကေတော ဥပသမ္ပန္န ဘိက္ခုနီ သာမဏေရီ သိက္ခမာန်တို့နှင့် တိုင်ပင်၍သွားရာ ဘယ်သိက္ခာပုဒ်အရ အာပတ်လဲ။

မာတုဂါမ သိက္ခာပုဒ်ဖြင့် ပါစိတ်သင့်၏၊

ကေတော ဥပသမ္ပန္နာဒီဟိ ပန သဒ္ဓိံ မာတုဂါမ သိက္ခာပဒေန အာပတ္တိ။

---

● ဘိက္ခုက ချိန်း၍ ဘိက္ခုနီက မချိန်းရာ ဘိက္ခုနီက ချိန်း၍ ဘိက္ခုက မချိန်းရာ၌ အသို့ဖြစ်သနည်း။

ဘိက္ခုနီက မချိန်းဘဲ ဘိက္ခုကသာ ချိန်းသွားရာ၌ ဒုက် အာပတ် သင့်၏၊

လမ်းမှာ ဆုံမိကြ၍ ဘိက္ခုနီက ရှိခိုးရင်း အရှင် ဘယ်ကြွမှာပါလဲ ငါဘယ်သွားမလို့ ပြောကြ နှုတ်ဆက်ကြရင်း ဘိက္ခုနီက တပည့်တော်မလဲ လိုက်ပါမည်ဟု ဘိက္ခုနီကသာ ချိန်းပြီး ဘိက္ခုက မချိန်းရဘဲ နောက်ယောင်ခံ လိုက်လာရာ အနာပတ္တိ။

---

● အနုပညတ် ပါဠိကို ရေးခဲ့ပါ။

အညတြ သမယာ တတ္ထာယံ သမယော သတ္ထဂမနီယော ဟောတိ မဂ္ဂေါ သာသင်္ကသမ္မတော သပ္ပဋိဘယော၊ အယံ တတ္ထ သမယော။

(ဥမ္မအကြိမ်)

● သတ္တဂမနီယ အမိပ္ပါယ်ကို ရှင်းပြပါ။

(က) အတ္တေန (ခနေန) သဟ ယော ဝတ္တတိတိ သတ္တော-ဝါကိဝေ - ငွေနှင့်တကွ ဖြစ်သူ ကုန်သည်ရ၏။

(ခ) သတ္တေန သဒ္ဓိံ ဂမနီယော သတ္တဂမနီယော=မဂ္ဂေါ ကုန်သည်များနှင့်အတူ သွားရမည့် လမ်းခရီး ရ၏။

---

● အဆွေမတော်သူ မဖိတ်သော သူများအား လှူဒါန်းချင် ပေးချင်အောင် သီတင်းသုံးဘော် ငါးဦးက ပြောဟော၍ ကျွေးသောအစာကို စားရာ အသို့နည်း။

(က) ဘိက္ခုနီ ဟောပြောချက် အရ ကျွေးအပ်သော ဆွမ်း၌ ပါစိတ်၊ ဆွမ်းမှ တပါးသော ယာဂု ခဲဘွယ် သစ်သီး စသည်တို့၌ ဒုက် သင့်၏။
(အထက် ပုစ္ဆာတွင် ယာဂု ခဲဘွယ်၌ မသင့်ပါ ဆိုရာ၌ ပါစိတ် အတွက်သာ)

(ခ) ကြွင်းသော သီတင်းသုံးဘော် ငါးဦးက တိုက်တွန်း စီမံချက်အရ လှူအပ်သော ခဲဘွယ် ဘောဇဉ်ကို စားမိလျှင် ဒုက် သင့်၏။

ပဥ္စဟိ ပန သဟာခမ္မိကေဟိ ကတနိမိတ္တော္ဘာဘာသ ပရိကထာဝိညတ္တိဝသေန အဝသေသေပိ ဒုက္ကဋ္ဌတော န မုစ္စတိ။

---

ဘောဇနဝဂ်

● အဂိလာန အရနှင့် ဧကောတိ ဧကဒိဝသိကောဟု ဖွင့်ပုံသဘောကို ရှင်းပါ။

(ပဥ္စမအကြိမ်)

(တ) ယူဇနာခွဲလောက် မလျှောက်နိုင်လျှင် ဂိလာန, ယူဇနာခွဲထက် ပို၍ လမ်းလျှောက်နိုင်လျှင် အဂိလာန မည်ပါသည်။

(ခ) ကောနေ့ာင် ဒိဝသိက ကျေနေသည်၊ တနည်း–"တစ်"ဆိုတာ ဘာမှန်းမသိရ၍ "ဒိဝသိက"တရက်စာဟု ဖွင့်ပြပါသည်။

---

● အာဝသထ ·အရ အာဝသထ ပိဏ္ဍအရ ရှင်းပြပါ။

(က) အာဂန္တု ဝသန္တိ ဧတ္ထာတိ အာဝသထော=တည်းခိုရာ ဇရပ် ရ၏။

(ခ) အာဝသထေ ပညတ္တော ပိဏ္ဍော=ဧည့်သည် တည်းခိုရာ ဇရပ်၌ လှူရန်ထားအပ်သော ဘောဇဉ် ငါးပါးသည် အာဝသထ ပိဏ္ဍ မည်၏။

---

● တတော စေ ဥတ္တရိ အရ လွန်လျှင် ဘယ် အာပတ်လဲ။

တရက်စာထက် ပို၍ ၂-ရက် စသည်တို့၌ အာဝသထ ပိဏ္ဍကို ခံလျှင် ဒုက်, မျိုတိုင်း မျိုတိုင်း ပါစိတ်၊

ပဋိဂ္ဂဟေ ဒုက္ကဋံ, အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

---

● အနုပညတ် ပြ၍ မူလပညတ် အင်္ဂါ ရေတွက်ခဲ့ပါ။

(က) အဂိလာနေန ဘိက္ခုနာ–အနုပညတ်၊

(ပဌမအကြိမ်)]

(ခ) အာဝသထ ပိဏ္ဍ ဖြစ်ခြင်း, နေ့စဉ် စားခြင်း အင်္ဂါ ၂-ပါး။

(အနုပညတ် ပညတ်ပြီးမှ "ဂိလာန မဟုတ်ခြင်း" အင်္ဂါ တပါး တိုးလာ၍ အင်္ဂါ ၃-ပါး ဖြစ်၏။)

---

● စားသောက်ပြီး ခရီးထွက်သွားရာ ဘေးအန္တရာယ် ရှိ၍ ပြန်လာသော ရဟန်းသည် နောက်တနေ့ စားအပ်, မစားအပ် ဆုံးဖြတ်ပါ။

အန္တရာယ်ရှိ၍ သွားပြီးမှ ပြန်လာရာ နောက်တနေ့ စားကောင်း၏။ (ဒကာမျာ:က ဆက် ပင့်လျှောက် ထားလျှင်လည်း စားကောင်းသည်သာ။)

---

● ဂဏ ဘောဇန ခေါ်ရပုံ သဘော ပြောခဲ့ပါ။

၄-ပါး, ၄-ပါးထက် လွန်သော ရဟန်းစု ဂိုဏ်း၏ အတွက် ဂဏပိုင် ဆွမ်းစသော (ဘောဇဉ်) ငါးပါးသည် ဂဏဘောဇန၊ ဂဏဿ သန္တကံ ဘောဇနံ ဂဏဘောဇနံ။

---

● ဂဏဘောဇဉ် ဖြစ်ပုံ ဖြစ်နည်း ပြပါ။

(က) ဒကာက မအပ်သော အန္န,ဘတ္တ စသော အသုံးမျိုးဖြင့် ဖြစ်စေ၊

(ခ) ရဟန်းက ထမင်းပေးစမ်း စသော အသုံးမျိုးဖြင့် ဖြစ်စေ သုံးအပ်သော ၄-ပါး, ၄-ပါးထက် များ

သော ရဟန်းများ ခံယူသော ဘောဇဉ်သည် ဂဏဘောဇဉ် ဖြစ်ပါသည်။ (မအပ်သော လျှောက်နည်း မအပ်သော တောင်းနည်းဖြင့် ရဟန်း ၄-ပါး ခံယူသော ဆွမ်းဟူလို။)

---

● ရဟန်း ၄-ပါးတို့ကို တနေရာတည်း တကျောင်းတည်းက ပင့်မှ အတူ ၄-ပါးလုံးကြွပြီး အတူခံမှ ဂဏဘောဇန မည်သလော။

တကျောင်းစီမှ တပါးစီဖြစ်ဖြစ်, တခြားစီကြွကြွ, ဆွမ်းအကပ်ခံရာ ၁၂-တောင်အတွင်း အားလုံးရှိ၍ တပါးပါးက အကပ်ခံအပ်သော ဆွမ်းသည် ဂဏဘောဇနမည်၏။ (အကပ်ခံတာပဓာန)

---

● ၄-ပါးပင့်ထားရာ တပါးလို၍ လမ်းမှ ရဟန်းတပါးကို အစားထိုး ပင့်လာလျှင် ဂဏဘောဇန ဖြစ်သလော။

မူလက ဒကာ ပင့်ခဲ့သော ရဟန်းမဟုတ်လျှင် ဂဏဘောဇန မမည်။ (ဒကာ ပင့်အပ်သော ရဟန်းစုကိုသာ ဂိုဏ်းခေါ်ရသည်)

---

● ဂဏဘောဇဉ်ခံရာ ဘယ်အခါ ဘာအာပတ်လဲ။

အကပ်ခံရာ ဒုက်, မျိုတိုင်း မျိုတိုင်း ပါစိတ် သင့်၏၊
ပဋိဂ္ဂဟဏေ ဒုက္ကဋံ,
အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

---

● အတူအကပ်ခံပြီး တကွဲစီ ဘုဉ်းပေးရာ အသို့နည်း။

အတူ (၁၂-တောင်အတွင်းဝန်းဝိုင်း) ခံယူပြီး တခြားစီ ခွဲ၍

ဘုန်းပေးသော်လည်း ဂဏဘောဇန ပါစိတ်သင့်၏။ (အတူ အလှူ ခံမှု ပမာန)

ပဋိဂ္ဂဟဏမေဝ ဟိ ဧတ္ထ ပမာဏံ။

---

ဆွမ်းစားပါ, ထမင်းဘုဉ်းပေးပါဆိုရာ ဘယ် စကားလုံးသည် မအပ်သော စကားဖြစ်သနည်း။

ပဥ္စန္နံ ဘောဇနာနံ နာမံ ဆိုခြင်းကြောင့် "စားပါ" ဆိုဆို ဘုဉ်းပေးပါ လျှောက်လျှောက် အရေးမကြီး, ဆွမ်းဟူသော ဘုန်းကြီးသုံး, ထမင်းဟူသော လူသုံး (ဘောဇဉ်၏) အမည်သာအရေးကြီးသဖြင့် "ထမင်း"ဟူသော လူသုံးသည် မအပ်သော အမည်ဖြစ်၏။

(ဩဒန, သတ္တု, ကုမ္မာသ, မစ္ဆ, မံသ=မအပ်သော အမည်များဖြစ်သည်)

---

ဆွမ်းခံကြွရင်း ဒကာက "ထမင်းစားကြွပါ"ဟု တပါးစိပင့်ပြီး ၁၀-ပါးမှ ၁၅-ပါး အကပ်ခံ ဘုဉ်းပေးရာ အသို့နည်း။

ဆွမ်းခံကြွရင်း ကြုံ၍ လက်ဆုံကျမိယာ အတူတကွ ဆုံစီးရာ၍ ဂဏဘောဇန မဖြစ်နိုင်ပါ။

ဗဟူနံ ပိဏ္ဍာယ စရိတ္ဝာ ဧကတော ဘုဥ္ဇန္တာနံ-အနာပတ္တိ။

---

ဂိလာန, စီဝရဒါန, စီဝရကာလ သမယ ၃-ပါး ပြပါ။

(၁) ဆွမ်းခံမထွက်နိုင်အောင် ခြေကွဲရာ အခါသည် ဂိလာန သမယ။

(ပဥ္စမအကြိမ်)

(၂) ကထိန်ခင်းလျှင် ၅-လ, မခင်းလျှင် ၁လသည် စီဝရ ဒါန သမယ။

(၃) သင်္ကန်း ချုပ်ဆိုးရာ အခါသည် စီဝရကာလ သမယ။

(သီတင်းကျွတ် လပြည့်ကျော် တရက်မှ တပေါင်း လပြည့် အထိ ၅-လ၊ တန်ဆောင်မုန်း လပြည့်အထိ ၁လသည် စီဝရ ဒါနသမယတည်း)

---

● အဒ္ဓါန, နာဝါဘိ ရူဟန, မဟာသမယ, သမဏဘတ္တသမယ အသီးသီးတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

(၁) ယူဇနာခွဲ ခရီး သွားပြီး သွားဆဲ သွားလတ္တံ့ အခါ သည် အဒ္ဓါန သမယ။

(၂) ယူဇနာခွဲအထိ လှေဖြင့်သွားရာ အခါသည် နာဝါဘိ ရူဟန သမယ၊

(၃) ရဟန်း ၄-ပါး ဆွမ်းခံစား၍ မမျှနိုင်လောက်သော (ရှားပါးရာ ဒုဗ္ဘိက္ခ) အခါသည် မဟာသမယမည်၏၊

---

● သာသင်္က သပ္ပဋိဘယ သဘောကို ရေးပါ။

(က) အာသင်္ကေန သဟ ယော ဝတ္တတီတိ သာသင်္ကော= အလုများ ခံရမည်လားဟု ယုံမှားတွေးတောဘွယ် ရှိသော ခရီးတည်း။

(ခ) ပဋိဘယေန သဟ ယော ဝတ္တတီတိ သပ္ပဋိဘယော= ခိုးသား ဓားပြ စသော ဘေးအန္တရာယ်ရှိသော ခရီး။

(ပဉ္စမအကြိမ်)

● လှေလှော်သော တက်ချက်တိုင်း သင့်သလော၊ သင့်ပုံပြပါ။

တက်ချက် အနေရအတွက်ကျ မသင့်ပါ။

(က) ရွာနီး, ကမ်းမှ လှော်လျှင် တရွာကျော်၌ တချက်သင့်၊
(ခ) ရွာမရှိသော မြစ်၌ ယူဇနာခွဲ ကျော်တိုင်း ပါစိတ် အာပတ် သင့်၏။

---

● ရွာ ကမ်းခြေ၏ အာပတ်ခေတ် ပမာဏကို ပြပါ။

ရွာကမ်းမှ ရေလယ်သို့ ယူဇနာခွဲသည် အာပတ်ခေတ်တည်း (ယူဇနာခွဲအထိ ကမ်းကပ်လှော်လျှင် ရွာကျော်တိုင်း သင့်၏ ဟူလို)

---

● ရွာကမ်းခြေ ဥပစာအတွင်းက လှေတစင်းတည်း စီးကာ လှော် သွားလျှင် ဂါမန္တရ အာပတ် အသို့နည်း။

ဂါမန္တရ ပါစိတ် နာဝါဘိရူဟန ပါစိတ် ၂-ချက် သင့်၏။

မှတ်ရန်.... ကမ်းခြေ၏ ဥပစာ ယူဇနာဝက် အတွင်း ရေပြင်၌ လှော်သွားလျှင် ပါစိတ် သင့်သည်မှာ နာဝါဘိရူဟန အတွက်ကြောင့် သာ တော်လောက်ပြီ၊ ဂါမန္တရနှင့် ဆိုင်မည်မထင်။

---

● လှေ အတူစီးလျက် အာပတ် မသင့်ရာ ဌာန ပြပါ။

ထုံး, အိုင်, ရေကန်, သမုဒ္ဒရာတို့၌ ပါစိတ် မသင့်၊ သို့ရာတွင် ပျော်မြူးလို၍ စီးမှုကြောင့် ဒုက် သင့်၏၊

ဝါပိသမုဒ္ဒါဒီသု ကီဠာပုရေက္ခာရတာယ ဒုက္ကဋမေဝ,
နပါစိတ္တိယန္တိ ဝဒန္တိတိ ဝုတ္တံ သာရတ္ထ ဒီပနိယံ၊

'(ပဌမအကြိမ်)

● ချိန်းသောအချိန်, ဆိပ်,လှေလှဲရာ အာပတ် သင့်သလော။

(က) ချိန်းသော အချိန်ချင်းလွဲပြီးစီးမိလျှင် အနာပတ္တိ၊

(ခ) ဆိပ်လွဲ, လှေလွဲသော်လည်း စီးမိလျှင် ပါစိတ်။

(စီးစီးချင်း မသင့် ပမာဏလွန်မှ သင့်၏၊ စကားတို ရေးထားသည်)

---

● ဘယ်ပုံ စီမံတာကို ဘိက္ခုနီ ပရိပါစိတ ခေါ်ပါသလဲ။

ဘိက္ခု ဘိက္ခုနီ ၂-ဦးလုံးနှင့် အမျိုးမတော်သော သူတို့၏ အထံမှာ ရဟန်းများအား ကျွေးချင် လှူဒါန်း ချင်လာအောင် ဘိက္ခုနီများက တိုက်တွန်းမှုကို ဘိက္ခုနီ ပရိပါစိတ ခေါ်၏။ ဘိက္ခုနီ တိုက်တွန်းချက် အရ လှူအပ်သော ဆွမ်းဟူလို။

---

● လူများ ဆွမ်းလုပ်ကျွေးရာမှာ ဒီဟာထည့်, ဟိုဟာထည့် စီမံမှုကို ဘိက္ခုနီ ပရိပါစိတ ခေါ်သေးသလော။

လူများက သူ့ဘာသာ သမာရမ္ဘ အားထုတ်စီမံရာ၌ ဘိက္ခုနီ၏ ညွှန်ကြားမှုကို ပရိပါစိတ မခေါ်ပါ။

---

● ဘိက္ခုနီ ပရိပါစိတ ဖြစ်လျက် အာပတ် မသင့်ပုံ ပြပါ။

အမျိုး တော်သူ ဖိတ် ထား သူ တို့ ကို လှူချင်အောင် ဘိက္ခုနီက တိုက်တွန်း စီမံအပ်သော ဆွမ်းစားရာ၌ရင်း, အညာတက ပရိပါစိတ ဆွမ်းမှန်း မသိ၍ စား ရာ ၌ ရင်း, အာပတ် မသင့်။

(ပဥ္စမအကြိမ်)

● ပါစိတ်သင့်သော အစာ, မသင့်သော အစာ ခွဲပြပါ။

ဘောဇဉ် ငါးမျိုး၌ ပါစိတ်, ယာဂု ခဲဘွယ်၌ မသင့်ပါ။

---

● ဘိက္ခုပဟိ သဒ္ဒိံ သံဝိဘဇိတဗ္ဗံအရ ဝေဘန်ပုံ နည်းပြပါ။

၃-သပိတ် တဦးတည်း ခံလာလျှင် ၂-သပိတ်ကို, ၂-သပိတ် ခံလာလျှင် တ သပိတ်ကို, သံဃာများနှင့် ဝေဘန်ရ၏၊ တသပိတ်ကို ချန်ဖယ်ထားကောင်း၏၊ တသပိတ်တည်း ခံလာလျှင် မဝေဘန်ဘဲ နေကောင်း၏ ဟူလို။

---

● ပရံပရဘောဇနဌ ပရံပရ ပုဒ်၏ သဘာဝတ္ထ ပြပါ။

ပရေ နိမန္တိတံ ဘောဇနံ ပရံ= နောက်၌ ဖိတ် အပ် သော ဆွမ်း၊

ပရံစ ပရံစ ပရံ ပရံ = နောက် ဖိတ်အပ်သော ဆွမ်း, နောက် ဖိတ်အပ်သော ဆွမ်းရ၏၊

နိမန္တိတ ကျေသော ဘောဇန တဒ္ဓိတ်, ဝါ-နိမန္တိတ ဘောဇန တဒ္ဓိတ်၊ ရှေ့ပရေပေါ် နိဂ္ဂဟိတ်လာ၊

ပရံပရဿ ဘောဇနံ ပရံပရ ဘောဇနံ=နောက်ဖိတ်ဆွမ်း နောက်ဖိတ်ဆွမ်းကို စားမှုရ၏။ (အနုဝဏ္ဏနာ)

ကခ်ါ-ပရဿ ပရဿ ဘောဇန ဟူသော ဝါကျဖြင့် ပရေစ ပရေစ, ပရံပရေ (နိဂ္ဂဟိတ် လာ) ပရံပရဿ ဘောဇနံ ပရံပရ ဘောဇနံ-နောက်နောက် ဖိတ်သော ဒတာ၏ ဆွမ်းကို စားမှု ရ၏။

(ပဥ္စမအကြိမ်)

● ပရုံပရ ဘောဇဉ်ကို စားကောင်းသော နည်းပြပါ။

(က) ပဌမဆုံး ဖိတ်အပ်သော ဆွမ်းကို တလုပ်စာမျှ စား ပြီး၍ရှင်း,

(ခ) စွန့်မှု ဝိကပ္ပနာကို ပဌမဆွမ်းမှာ ပြုပြီး၍ရှင်း, နောက် နောက် ဖိတ်ကြား အပ်သော ဆွမ်းများကို စား ကောင်း ပါသည်။

---

● ဝိကပ္ပနာ ပြုပုံ နည်းအမျိုးမျိုး ရေးပါ။

(က) မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ၊ (မျက်မှောက် စွန့်ပုံ)

(ခ) မယှံ ဘတ္တပစ္စာသံ ဣတ္ထံနာမဿ ဒမ္မိ၊ (မျက်ကွယ် စွန့်ပုံ) ဤသို့ မိမိဆွမ်း မြှော်လင့် ချက်ကို စွန့်ပါ ၏ဟု ဝိကပ် ပြုရ၏။ (ရှေ့ရှေ့ ဆွမ်းကို ဝိကပ္ပနာ ပြုပြီး လျှင် နောက်နောက် ဆွမ်းများကို စား ကောင်း၏။)

---

● ဘယ်လောက် စားမိလျှင် ဘယ်ပုံ အာပတ် သင့်သလဲ။

ရှေ့ဆွမ်းပယ်ပြီး နောက်ဆွမ်းကို တစေ့မျှ စားမိလျှင် အာ ပတ်၊ ထို ပရမ္ပရ ဘောဇဉ်ကို စားရာ ဆွမ်းအလုပ်တိုင်း အလုပ် တိုင်း ပါစိတ်သင့်၏။

---

● ပရမ္ပရ ဂိလာန အရ အခြေအနေကို ပြပါ။

တနေရာဘည်းတွင် အာဝ မကားနိုင်အောင် ဖျားလျှင် ဂိလာန တည်း။

(ပဌမအကြိမ်)

( ဂဏ ဘောဇန ဂိလာနကား– ဆွမ်းမခံနိုင်အောင် ခြေကျွဲသူ ရ၏။)

---

● ရှေ့ဖိတ် ဆွမ်းကား အောက်, နောက်ဖိတ် ဆွမ်းကား အထက် ဖြစ်နေရာ ဘယ်လိုစားလျှင် ဘယ်လို ဖြစ်သလဲ။

အပေါ်ဆွမ်း (နောက်ဖိတ်) ကို စားလျှင် ပရမ္ပရ ဘောဇန ပါစိတ် သင့်၊ အောက်ဆွမ်း (ရှေ့ဖိတ်) ကို ထိုးနှိုက်၍ ပဌမ စားလျှင် အနာပတ္တိ။

(ရှေ့ဖိတ် နောက်ဖိတ် ဆွမ်းတွေ တသပိတ်တည်းမှာ ရောထွေး နေခဲ့သော် ရွေးလို့ မရတော့၍ စားကောင်း တော့၏, အနာပတ္တိ။)

---

● ပရမ္ပရ ဘောဇဉ်ကို ဘယ်လို နှလုံးသွင်းပြီး နောက် နောက် ဆွမ်းကို စားကောင်းသလဲ, နည်း ပြခဲ့ပါ။

ပရမ္ပရ ဘောဇဉ်အတွက် လာပြီး ပင့်စဉ်က "တပည့်တော်၏ ထမင်းကို လက်ခံပါ" ဖိတ်သဖြင့် "ထမင်းကို အလိုမရှိ, ဆွမ်းကို ငါအလိုရှိ၏" ဟု နှလုံးသွင်းကာ နောက် ဖိတ် ဆွမ်း စားကောင်း၏။

**မှတ်ရန်**...(ပရမ္ပရ ဘောဇဉ်ကို လာပင့်ဖိတ်သူ ဒကာသည် ထမင်း, ငါးဟင်း, အမဲ စသော ကပ္ပိယ ဝေါဟာရဖြင့် ဖိတ်သဖြင့် ငါသည် ထမင်းကို မလို, ဆွမ်းကိုသာ လို၏ ဟု နှလုံးသွင်းလျက် ရှေ့ဆွမ်း မစားဘဲ နောက်ဆွမ်း စားကောင်းသည် ဟူလို၊ ဂဏ ဘောဇန ပရမ္ပရ ဘောဇန ၂-ပါးလုံး အပ္ပိကယ ဝေါဟာရချည်းသာ)

(ပဥ္စမအကြိမ်)

● ဤ သိက္ခာပုဒ်၏ အနုပညတ်ကို ရေးပါ။

အညတြ သမယာ....အယံ တတ္ထ သမယော ၃-ချက်၊ပရိဝါ၌ ဝိကပ္ပနာပြုခြင်း တပါးတို့၍ ၄-ချက်လာ၏။

---

● ဒွတ္တိပတ္တ ပူရာ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ပူရာ ပတ္တာ ပတ္တပူရာ (မုံ့ဖြင့်) ပြည့်ကုန်သော သပိတ်တို့ကို မှချ, မကောင်းတတ်သော မုံ့ကို ဥပစာရ၏။

(လောက၌ စပါး ၂-တင်းကို" ၂-တင်းရခဲ့၏"ပြောရာ တင်းဖြင့် စပါးကို ဆိုလိုသကဲ့သို့ မှတ်ပါ)

အထဝါ-ပတ္တေသု ပူရာ-သပိတ်တို့၌ ပြည့်ကုန်သော မုံ့စသည်ကိုရ၏၊ ပတ္တေသု-တို့၌၊ပူရာ-ပြည့်ကုန်သော မုံ့စသည်တို့ဟု ပေး။

အထဝါ-ပူရာ-ပတ္တာ ယေသံ ပူဝါဒီနန္တိ ပတ္တပူရာ၊ ပြည့်ကုန်သော သပိတ် ရှိကုန်သော မုံ့ စသည် ရ၏၊ ဒွေဝါ တယောဝါ ပတ္တပူရာ တွဲ။

---

● ပူရာ အရ ဘယ်လို ပြည့်ရမှာလဲ။

မြေသပိတ် နခမ်းသားသည် ထူသဖြင့် အပြင်ကမြင့်၍ အတွင်း စပ်က နိမ့်နေ၏, ထိုအတွင်း နခမ်းရစ် နခမ်းရေး အနိမ့်ရစ်ဖြင့် ပြည့်ညီရုံသည် ပူရာမည်၏၊ ထိုအတွင်းရေး အတွင်း နခမ်းရစ်နှင့် ညီရုံသာ ခံကောင်းသည် ဟူလို။

(ပဌမအကြိမ်)

● လက်ဆောင်ရိက္ခာ မဟုတ်သည်ကို ပို၍ ခံရာ အသို့နည်း။

လက်ဆောင် ရိက္ခာ မဟုတ်တာကို ၃-သပိတ်ထက်ပို၍ ခံရာ၌ အနာပတ္တိ။

---

● ရဟန်းတပါးက ၃-သပိတ်ခံပြီးပြန်လာရာ လမ်း၌အခြား ရဟန်းတပါးကို တွေ့လျှင် ဘယ်လို ပြောရသလဲ။

တပည့်တော်သည် ၃-သပိတ် ခံခဲ့ပါပြီ၊ အရှင် ထပ်၍ မခံပါ နှင့် ဟု လျှောက်ထား ရ၏, မလျှောက်ခဲ့သော် မပြောမှု ဝတ္တဘေဒ ဒုက် သင့်၏။

**မှတ်ရန်**....(မိမိခံခဲ့တဲ့ အရေအတွက် အလိုက် လမ်းတွေ့ရာ ရဟန်း တိုင်းအား ခံခဲ့သော ရဟန်းများက အဆင့်ဆင့် ပြောရမည်၊ သစေ ပဿိတ္ဘာ နှ အာရောစေတိ, အာပတ္တိ ဒုက္ကဋဿ)

---

● တပါးတည်း ၃-သပိတ်က ပိုခံလျှင် သင့်သလော။

တအိမ်တည်းမှ (တနေ့တည်း) ၃-သပိတ်ထက်ပို၍ ခံသမျှ ရဟန်းတိုင်းမှာ ပါစိတ် သင့်သည်၊ တပါး၏ သပိတ်နှင့် တပါး၏ သပိတ် အရေ အတွက်ကို ကူး၍ ရေတွက်ရသည်၊ (တပါးတည်း ၏ သပိတ်အရေအတွက်ကို မယူရ)တအိမ်တည်းမှ ရဟန်း အားလုံး အတွက် ၃-သပိတ်ထက်ပိုပြီး မခံရ။

---

● ရဟန်းများ နှင့် ဝေဘန်ပုံ ဝေဘန်ရာ ဌာန ပြပါ။

(က) မိုလှူသော ဒကာ၏ အိမ်နှင့် အနီးဆုံးကျောင်း ဇရပ် စသော နေရာမှာ ဝေဘန်ရ၏။

[(ပဥ္စမအကြိမ်)

(ခ) ၃-သပိတ်ခံလျှင် ၂-သပိတ်, ၂-သပိတ်ခံလျှင် တသပိတ် ပေဘာန်ရ၏, တသပိတ်ထည်းခံလျှင် မဝေတန်ဘဲ နေကောင်း၏။ (နှစ်သပိတ် ၃-သပိတ် ခံခဲ့လျှက် မဝေလျှင် ဝတ္တဘေဒ ဒုက် အာပတ် သင့်၏)

---

ဘုတ္တာဝီ အရ လုံးဝ စားပြီးကို ယူရပါသလော။

နှမ်း တလုံးခန့် စားမိလျှင် ဘုတ္တာဝီ ယူ၊ လုံးဝစား၍ပြီးမှသာ ဘုတ္တာဝီ ယူရသည် မဟုတ်။

**မှတ်ရန်**....အတိက် သဘောကို သဒ္ဒါသုံး အရ လုံးဝပြီးပြတ်မှ ယူသော်လည်း ဤ၌ စားမိပြီဟု ယူရ၏၊အနည်းငယ် စားမိပြီး၍ ဘုတ္တာဝီ စားမိပြီ ဆိုသည် ဟူလို။

---

ပဝါရိသ် သင့်ကြောင်း အင်္ဂါကို ရေးခဲ့ပါ။

(၁) စားဆဲ ထင်ရှား, (၂) ဘောဇဉ် ငါးနှင့်,

(၃) တည်ခြားဟတ္ထပါသ်, (၄) ဆောင်လာကပ်သော်,
(၅) ပယ်လတ် မြစ်တား၊

ဤ ငါးပါးသည်၊ မှတ်သား ပဝါရိတ် အင်္ဂါတည်း။

---

ပဝါရဏာ ဘေဒကို သချပ် ထုတ်ပြခဲ့ပါ။

(၁) ဝဿံဝုတ္ထ ပဝါရဏာ,

(၂) ပစ္စယ ပဝါရဏာ,

(၃) ပဋိက္ခေပ ပဝါရဏာ,

(၄) ယာဝဒတ္ထ ပဝါရဏာ၊

(ဤ ၄-ပါးတို့တွင် ဤအရာ၌ ပဋိက္ခေပ ပဝါရဏာကိုယူ၊ ဝိနယ ဝိနိစ္ဆယ ဋီကာ၌ ယာဝဒတ္ထ ပဝါရဏာကိုပါထည့်၍ ၂-ပါး ယူ၏)

ဝဿံ, ပစ္စယ၊ ပဋိက္ခေပ၊ ယာဝဒတ္ထ လေး။

---

● ဆွမ်းစားစဉ် အနီးရှိ ရဟန်းက ပေးသည်ကို မြစ်ရာ၌ အာပတ် သင့်, မသင့် ထောက်ချင့် ဆုံးဖြတ်ပါ။

(က) ကြွမြှောက် ပေးသည်ကို မြစ်လျှင် ပဝါရိတ်သင့်၏၊

(ခ) မကြွ မမြှောက်ဘဲ ပေးတာကို မြစ်လျှင်ကား အနာပတ္တိ။

---

● မြစ်ပုံ မြစ်နည်း နှင့် ပယောဂကို ပြပါ။

(တ) လက်ဖြင့် ကာခြင်း, နှုတ်ဖြင့် တန်ပြီဟူ၍ ဆိုခြင်းသည် မြစ်ရာကျ၏၊

(ခ) ကာယ ပယောဂ, ဝစီ ပယောဂ အစွမ်းအားဖြင့် ၂-ပါး ရှိ၏။

---

● ပဝါရိတ် မသင့်အောင် တားမြစ်နည်းကို ပြပါ။

ခေတ္တ အချခိုင်းပြီး ယူသွားချေ, သိမ်းထားချေ, ဟု ပရိယာယ် တမျိုးဖြင့် ပယ် မြစ် လိုက် ခြင်း သည် အာပတ် မသင့် (သတိ)။

(ပဌမအကြိမ်)

(သာလိ၊ ဝီဟိ၊ ယဝ၊ ဂေါဓုမ၊ ကင်္ဂု၊ ဝရက၊ ကုဒြူသက)

သလေး၊ ကောက်၊ မုယော၊ နှတ်ကောက်၊ ဆတ်၊ ပြောင်း၊ လူး။ (စပါး ၇-မျိုး)

---

● ဘောဇဉ် ခဲဘွယ် အမျိုးအစားကို ခွဲပြပါ။

(က) ထမင်း, ငါး,သား၊ မုံ့ ၂-ပါး၊ ငါးပါးဘောဇဉ်သာ၊
သြဒနော, သတ္တု, ကုမ္မာသော၊
မစ္ဆော, မံသဉ္စ, ဘောဇနံ၊

(ခ) ဘောဇဉ်မှ ကြွင်းသော စားဘွယ်သည် ခဲဘွယ်။

---

● ပဝါရိတ် သင့်သော ကာလိက,မသင့်သော ကာလိက,၂-မျိုးကို အသီးသီး ခွဲဝေ၍ ပြခဲ့ပါ။

(က) ယာဝ ကာလိက ဘောဇဉ် ခဲဘွယ်၌ ပဝါရိတ် သင့်၏။

(ခ) ယာမကာလိက, သတ္တာဟကာလိက, ယာဝ ဇီဝက တို့၌ကား မသင့်ပါ။

---

● ပဝါရိတ် သင့်ပြီး ရဟန်းသည် ပဝါရိတ် မသင့်သော ကာလိက ၃–ပါးကို ခံရာ, စားရာ အာပတ် သင့်မသင့် ပြပါ။

စားသုံးရန် ခံယူရာ, စားသုံးရာ အခါတို့၌ ဒုက္ကဋ် အာပတ်ချည်း သင့်၏။

([illegible]မအပြီး)

● ဝယ်ခြမ်းစားသော အာဟာရ၌ ပဝါရိုက် အသုံးနည်း။

မအပ်သော အာဟာရဖြစ်၍ ပဝါရိုက် သင့်စရာ မလိုပါ၊ (ပဝါရိုက် ပါစိတ်သာ မသင့်၊ ဆိုင်ရာ ဒုက္ကဋ် ပါစိတ်များတော့ သင့်သေး၏။)

---

● သတ္တု နှင့် ကုမ္မာသ အထူးရေးပါ။

(၁) စပါး ၇-မျိုး၏ ဆန်ကို လှော်အပ်သော အမှုန့်နှင့် ၎င်းအမှုန့်ကို ထောပတ် တင်လဲ စသည်ဖြင့် ဆုပ်အပ်သော မုံ့သည် သတ္တု။

(၂) မုယောဆန်ဖြင့် လုပ်အပ်သော မုံ့သည် ကုမ္မာသ။

(အမှုန့်ပြု၍ လုပ်လျှင် သတ္တု၊ ဆန်အတိုင်း လုပ်လျှင် ကုမ္မာသ။)

---

● ပဝါရိုက် သင့်သော ယာဂု, မသင့်သော ယာဂု, ပြပါ။

လက်ကော်၍ ရကောင်းသော ယာဂု၌ သင့်၏၊ လက်ကော်၍ မရကောင်း ဇွန်းဖြင့်သာ သောက်အပ်သော ယာဂုသည် ပဝါရိုက် မသင့်စေပါ။

တနဲ-အေးသော အခါ ကော်လိုက်သော အခါ အရာထင်နိုင်သော ယာဂု၌ သင့်၍, အရာမထင်သော ယာဂု ခပ်ကျဲကျဲ၌ အာပတ် မသင့်ပါ။

---

● ယာဂု ဟင်းချိုများ ပဝါရိုက် သင့်စေနိုင်ပါသလော။

အမဲသား, ငါး, ပုဇွန်ခြောက် စသည် မုံ့ညှင်းစေ့ ခန့်ပါလျှင် ပဝါရိုက် သင့်စေနိုင်၏၊ အမဲသား, ငါး မပါလျှင် မသင့်ပါ။

(ပဥ္စမအကြိမ်)

(ကျဲသော ယာဂု အတွက်သာ ဆိုလိုသည်၊ ပြစ်လျှင်ကား သင့်၏။)

---

● အသားပါသော အရသာကို ယူဆောင်လာပြီး အရသာကို ခံယူပါ ဆိုရာ၌ ပယ်မြစ်လျှင် ပဝါရိတ် အသို့နည်း။

အရသာကို ခံယူပါ ဆိုရာ၌ ပယ်မြစ်လျှင် ပဝါရိတ် မသင့်ပါ။

ဤဟာကို ခံပါဟု ဆိုရာ၌ ပယ်လျှင် ပဝါရိတ် သင့်၏၊ အသား အရသာကို ခံပါဆိုရာ၌ ပယ်မြစ်လျှင်လည်း ပဝါရိတ် သင့်သည်ပင်။

**မှတ်ရန်**.... အသား အရသာကို၊ ဤဟာကို လျှောက်ရာ၌ မံသံအရ ပတ်သက်၍ ပဝါရိတ်သင့်၏၊ အရသာဟု ပြောရာ မသင့်။

---

● အတိရိတ် ဝိနည်းကံ ပြုကြောင်း အင်္ဂါကို ရေးပါ။

(၁) အပ်အောင် ပြုပြီး ဘောဇဉ် ခဲဘွယ် ဖြစ်ရခြင်း,
(၂) အကပ်ခံပြီး ဖြစ်ခြင်း,
(၃) ကြွချီ၍ ပြုရခြင်း,
(၄) ဟတ္ထပါသ် အတွင်း ဖြစ်ရခြင်း,
(၅) ဝိနည်းဓိုရ်က တလုံးမျှ အနဲဆုံး စားရခြင်း,
(၆) ပဝါရိတ် သင့်ပြီး ရဟန်းက ပြု ပေး လျှင် နေရာမှ မထရသေးခြင်း,
(၇) အလမေတံ သဗ္ဗံဟု ဝိနည်းဓိုရ်က ဆိုရခြင်း,
၇-ပါး ဖြစ်ပါသည်။

(ပဠမအကြိမ်)

ကပ္ပိယံ ပဋိဂ္ဂဟိတံ,
ဥစ္စာရိတံ ဟတ္ထပါသေ၊
ဘုတ္တာဝိနာ နုဋ္ဌိတေန,
အလမေတန္တိ သတ္တမော။

ဤ အင်္ဂါ ၇-ပါး စုံမှသာလျှင် အတိရိတ်, ဝိနည်းကံမြောက်ပါသည်။

---

● ပဝါရိတ် သင့်ပြီး ရဟန်းထံ ပြုရာ၌ ထိုပြုရာ ရဟန်းသည် အဘဲ့ကြောင့် နေရာမှ မထမိ ပြုပေးရပါသနည်း။

အတိရိတ်ကံ ပြုပေးသော ရဟန်းသည် စားရဦးမည် ဖြစ်၍ နေရာမှ မပြောင်းမိသာ အတိရိတ်ကံ ပြုပေး နိုင်ပါသည်၊ နေရာ ပြောင်း (ဣရိယာ ပြောင်း) ပြီးလျှင် မစားနိုင်သော ကြောင့်တည်း။

---

● လက်ကိုဆွဲဖယ်ရာ ဆက်ထည့်နေသူကို ကျည်ပွေ့နှင့် ထောင်းထည့်လော့ဆိုလျှင် ပဝါရိတ် သင့် မသင့် ပြပါ။

(က) တားမြစ်ရာ ကျသောကြောင့် ပဝါရိတ် သင့်၏၊ (မဟာသုမ)

(ခ) "ထည့်လော့" စကား ပါနေ၍ ပဝါရိတ် မသင့်။ (မဟာပဒုမ)

---

● ပဝါရိတ်သင့်ပြီး နေရာ ပြောင်းစားရာ ဘာ အာပတ်များ သင့်သနည်း။

[(ပဥ္စမအကြိမ်)

ခံယူသော အခါ ဒုက်၊ စားသော အခါ အလုပ်တိုင်း ပါစိတ်။

အဇ္ဈောဟာရဏတ္ထာယ ပဋိဂ္ဂဏှတော ဂဟဏေ ဒုက္ကဋံ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

---

- ပဝါရိတ် သင့်ပြီး ရဟန်းအားသိလျက် ခဲဘွယ် ဘောဇဉ်ကို ဆောင်ပေးရာ အဘယ်အခါ ဘာ အာပတ်နည်း။

(၁) ဆောင်ပေးသော အခါ,
(၂) ပဝါရိတ် သင့်ပြီး ရဟန်းက ခံယူရာ,
(၃) စားသော အခါ အလုပ်တိုင်း ဆောင်သူမှာ ဒုက် အာပတ် သင့်၏။
(၄) ပဝါရိတ် သင့်ပြီး ရဟန်း စားပြီးလျှင် ဆောင်သူ၌ ပါစိတ်။

---

- ပဝါရိတ် သင့်ပြီး၍ သူတပါး ဆောင်ပေးတာကို စားရာ အသို့နည်း။

ပဝါရိတ် သင့်ပြီး စားလျှင် ပထမ ပဝါရဏာ သိက္ခာပုဒ် အတိုင်း သင့်။

---

- ယာမကာလိက စသော ၃-ပါးကို ပဝါရိတ် သင့်ပြီး ရဟန်းအား သိလျက် စားရန် ဆောင်ပေးရာ၌ ဆောင်သူမှာ အသို့နည်း။

(က) အာဟာရ အကျိုးငှာ ဆောင်ရာ, ခံယူရာ, စားရာ ဒုက် သင့်၏။

(ခ) ပိပါသ ဂိလာန အတွက် ဆောင်ပေးလျှင် အာပတ် မသင့်။

---

● ကာလ ဝိကာလ မဇ္ဈန္ဟိက ကာလကို ပိုင်းခြားပြပါ။

(က) အရုဏ်မှ မွန်းတည့် အချိန်အထိ ကာလ၊
(ခ) မွန်းလွဲမှ အရုဏ်မတက်မီ အတွင်း ဝိကာလ၊
(ဂ) နေ၏ ဗဟိုတည့်တည့်အချိန် မဇ္ဈန္ဟိက ကာလ၊
(မွန်းတည့် အချိန်ကို ကာလ၌ သွင်း၍ ယူရသည်)

---

● ဝိကာလ၌ ခါဒနီယ ဘောဇနီယကို ခံ၍ စားရာ အဘယ် အာပတ် သင့်သနည်း။

(က) ဝိကာလ၌ ခါဒနီယ ဘောဇနီယကို ခံလျှင် ဒုက် အာပတ် သင့်ပါသည်။

(ခ) ဝိကာလ၌ ခါဒနီယ ဘောဇနီယကို မျိုတိုင်း ပါစိတ် အာပတ် သင့်ပါသည်။

---

● စားမြုံ့ပြန်သော ရောမန္ထက ရဟန်းအား အဘယ်နည်း။

စားမြုံ့ပြန်သော ရဟန်းအား အနာပတ္တိ။
(အပြင် ရောက်အောင် မထုတ်ရ၊ ထုတ်လျှင် ပါစိတ်)

---

● ရောမန္ထက အတ္ထုပ္ပတ္တိ အကျဉ်းချုပ် ရေးပါ။

ရဟန်း တပါးသည် ညဉ့်ညဉ့်၌ စားမြုံ့ပြန်၍ မျိုချသည်ကို ရဟန်းများက ဘုရားအား လျှောက်ထားသဖြင့် နွားဘဝ

(ပဥ္စမအကြိမ်)

က လာသော ရဟန်းဖြစ်၍ သီးခြား ပညတ်ချက် ထုတ်ရပါသည်။

---

● သန္နိဓိ ကာရကဥ္စ အာပတ်သင့်ပုံ ပြပါ။

ခံယူလျှင် ဒုက်, မျိုတိုင်းမျိုတိုင်း ပါစိတ်သင့်၏။

---

● သိုမှီး သိမ်းဆည်းထားတာ မဟုတ်ဘဲ ဆေးကြောရာ ကျန်နေသော အကပ်အသပ်နှင့် ရောလျှင် အသို့နည်း။

ယနေ့ စားကျန် အကပ်အသပ် နှင့် ရောရာ နောက်နေ့ အစာ သစ် သည်လည်း သန္နိဓိကာရက ဖြစ်၍ ပါစိတ် တွေ့ပင် ဖြစ်ပါသည်။

---

● ဘိက္ခု သန္နိဓိသည် ဘိက္ခုနီမအား အသို့နည်း။

ဘိက္ခု သန္နိဓိသည် ဘိက္ခုနီမ အား အပ်၏၊ (အချင်းချင်းသာ မအပ်။)

ဘိက္ခုဿ ပန သန္နိဓိ, ဘိက္ခုနိယာ ဝဋ္ဋတိ၊
ဘိက္ခုနိယာ စ သန္နိဓိ, ဘိက္ခုဿ ဝဋ္ဋတိ။

---

● ညနေဘက် တောထည်းမှ ရခဲ့သော ယုန်သား စသည်ကို သာမဏေများအား စွန့်ပြီး နံနက်ချက်ကပ်ရာ အသို့နည်း။

အာလယပြတ် စွန့်ပြီးဖြစ်၍ ချက်ကပ်ရာ အနာပတ္တိ။

(ပဋ္ဌမအကြိမ်)

● တခြား ကာလိကအတွက် သန္နိဓိကို ဆုံးဖြတ်ပါ။

ယာမ ကာလိကကို ဒီနေ့ အကပ်ခံပြီး နောက်နေ့ စားသုံးလျှင်လည်း ယာဝ ကာလိက ကဲ့သို့ သန္နိဓိပင် ဖြစ်၍ အာပတ်သင့်၏။ (သတ္တာဟ ကာလိကနှင့် ယာဝဇီဝကဥ္စ သန္နိဓိအတွက် အာပတ် မသင့်)

---

● ကာလိကချင်း ရောရာ အဘယ်ကာလသို့ လိုက်သနည်း။

ကာလိကချင်းရောရာ တိုသောကာလသို့ လိုက်ပါသည်။

---

● ယာမ ကာလိက၏ အဓိပ္ပါယ်နှင့် သရုပ် ပေးပါ။

ယာမ အရ ပစ္ဆိမယံ အဆုံး အရုဏ်အထိ အချိန်ကိုယူပါ၊ ထိုပစ္ဆိမ နောက်ဆုံးယံ အချိန် အထိ သုံးစား ကောင်းသော အဖျော်သည် ယာမ ကာလိက မည်၏။ (နေ့ ခင်းပါ အပါအဝင် ယူ)

သပြေ, သရက်၊ မုဘရက်၊ ဖက်သက် သစ်မည်ဆီ။
ငှက်ပျော နှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုး အဖျော်ရည်။

---

● အဖျော် လုပ်နည်းနှင့်တကွ သုံးဆောင်ထိုက်သော အကြောင်း ပြပါ။

ရေအေးနှင့် ဖျော်ရသည်၊ ရေကျက် ရေပူနှင့် မဖျော်ရ၊ နေပူ ဖြင့်မူလည်း ကျက်စေကောင်း၏၊ (ကြိုချက် ပေါင်း၍ ပြုအပ်သော အဖျော်ရည်များ လုံးဝမအပ်ပေ၊) ဆာလောင်သော အကြောင်းကြောင့် သောက်ရ၏, မဆာလောင်ဘဲ သောက်ခဲ့သော် ဒုက္ကဋ် သင့်၏။

(ပဥ္စမအကြိမ်)

● ကပ္ပိယကုဋီ လေးလုံး သရုပ်ကို ထုတ်ဆောင် ပြခဲ့ပါ။

ဂဟပ္ပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။
ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋီ လေးလုံး ဖြာ။

---

● ဂဟပတိ, သမ္မုတိ ကုဋီ အဓိပ္ပါယ် ရေးပါ။

(က) ကပ္ပိယကုဋိ ကရောမ ဟု အလှူရှင် ဒကာက ဆို လျှောက်၍ လှူအပ်သော ကျောင်းသည် ကပ္ပိယ ကုဋီ မည်ပါသည်။

(ခ) ဘေသဇ္ဇ ခန္ဓက လာတဲ့အတိုင်း ဉတ္တိ ဒုတိယကံ၊ သို့မဟုတ် အပလောကနကံဖြင့် သမုတ်အပ်သော ကျောင်းသည် သမ္မုတိကုဋီ တည်း။

---

● ဂေါနိသာဒိက ဥဿာဝနန္တိက ကုဋီ၏ အဓိပ္ပါယ် ရေးပါ။

(က) ခြံစည်းရိုး ထက်ဝက်, သို့မဟုတ် လုံးဝမရှိလျှင် ဂေါနိသာဒိက မည်၏၊

(ခ) ရှေးဦးဆုံးတိုင်, အုတ်ကို 'ကပ္ပိယကုဋိ ကရောမ'ဟု ဆို၍ ချခြင်းနှင့် အဆုံး မ-အက္ခရာ ပြိုင်တူကျအောင် ရဟန်းများက ဆိုချ ဆောက်လုပ်အပ်သော ကျောင်း သည် ဥဿာဝနန္တိက မည်၏၊

---

● ကပ္ပိယ ကုဋီဆိုသည်မှာ ဘယ်လို ကျောင်းပါလဲ။

နေထိုင်ရန် သက်သက် ရည်ရွယ် လှူဒါန်းအပ်သော ပုဂ္ဂလိက သံဃိက ကျောင်းသည် အကပ္ပိယ ကုဋီမည်ပါသည်။

(ပဋ္ဌမအကြိမ်)

(ကာလိက ၂-ပါး မသိမ်းကောင်း၍ အကပ္ပိယ ကုဋိဟု ဆို သည်၊ ကုဋိ ကုဋိ ၂-ချက် သင့်)

---

● အန္တောဝုတ္ထ သဘော ပြ၍ အန္တောဝုတ္ထ ထိုက်သော ကာလိက, မထိုက်သော ကာလိကများကို ခွဲဝေပြခဲ့ပါ။

(က) အကပ္ပိယကုဋိ အတွင်း၌ သိမ်းမှုသည် အန္တောဝုတ္ထ မည်ပါသည်၊

(ခ) ယာဝကာလိက ယာမကာလိက ၂-ပါးသည် သန္နိဓိ ထိုက်၏၊

(ဂ) သတ္တာဟနှင့် ယာဝဇီဝက ၂-ပါးသည်ကား အန္တော ဝုတ္ထ မထိုက်။

(အကပ္ပိယ ကုဋိ၌ မသိမ်းကောင်းတာ ၂-ပါးနှင့် သိမ်း ကောင်းတာ ၂-ပါးကို အထူး မှတ်ပါ)

---

● မုခသန္နိဓိ, အန္တောဝုတ္ထ, အန္တောပက္က, သာမံပက္က ဤသဘော တို့ကို ပြ၍ ပြစ်ချက်ကို တင်ပြခဲ့ပါ။

(က) မုခ=အကပ္ပိယ ကျောင်းအတွင်းမှာ၊ သန္နိဓိ=သိမ်း ထားခြင်း၊ (အကပ္ပိယ ကျောင်းတွင်းမှာ သိမ်း သိမ်း ဆည်းထားမှုတည်း)

(ခ) အန္တော=အကပ္ပိယ ကျောင်းတွင်း၌၊ဝုတ္ထ=ထားခြင်း (အကပ္ပိယ ကျောင်းတိုင်းမှာ သိမ်းသိမ်းဆည်းထား မှု၊ မုခသန္နိဓိ အတိုင်း)

(ပဥ္စမအကြိမ်)

(ဂ) အန္တော=အကပ္ပိယ ကျောင်းတွင်း၌၊ ပက္က = ချက်ပြုတ်ခြင်း၊(အကပ္ပိယ ကျောင်းတွင်းမှာ ကာလိက ၂-ပါး ချက်ပြုတ်မှုတည်း)

(ဃ) သာမံ=ကိုယ်တိုင်၊ ပက္က=ချက်ပြုတ် ကြော်လှော်မှု၊

ဤ ၄-မျိုးကို ပြုတိုင်း သုံးဆောင်တိုင်း ဒုက် သင့်၏။

န ဘိက္ခဝေ အန္တော ဝုတ္ထံ, အန္တော ပက္ကံ, သာမံ ပက္ကံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

---

● ဆွမ်းနှင့် ဟင်းကို ချက်ရာ နွေးရာ၌ အသို့နည်း။

(က) အသစ် ချက်တိုင်းနှင့် စားတိုင်း ဒုက်သင့်၏။

(ခ) ကျက်ပြီးသာ ဆွမ်းနှင့်ဟင်းကို နွေးရာ၌ အနာပတ္တိ။

---

● သန္နိဓိ မဟုတ်ဘဲ ယုံမှားရာ အမှတ်ရှိရာ အသို့နည်း။

ယုံမှားရာ, သန္နိဓိဘဲဟု အမှတ်ရှိရာ၌ ဒုက် သင့်၏။ (ဝတ္ထုက အကပ္ပိယ မဟုတ်သော်လည်း ယုံမှားမှု အမှတ်ရှိမှု အတွက်ကြောင့် ယုံမှားရာ အမှတ်ရှိရာ၌စားလျှင် ဒုက် သင့်ရ၏)

---

● ပဏီတ အရ ဘောဇန အရ ပြခဲ့ပါ။

(က) သပ္ပိ,နဝနီတ,တေလ,မဓု,ဖာဏိတစသော အစာများသည် "ပဏီတ"

(ခ) ဘောဇန အရ ဆွမ်း တမျိုးကိုသာ ယူပါ။

(ပဥ္စမအကြိမ်)

အနုပညတ်ပါဠိနှင့် ဂိလာန အခြေအနေ ပြပါ။

(က) အဂိလာနော ပုဒ်သည် အနုပညတ်တည်း။

(ခ) ပဏီတဘောဇဉ်နှင့် ကင်းမရလောက်အောင် နာဖျား နေလျှင် ဂိလာန၊

---

သပ္ပိ နဝနီတ သက်သက် မစ္ဆ မံသ ဘက်သက် တောင်းလျှင် အဘယ်သိက္ခာပုဒ်အရ အဘယ်အာပတ်သင့်သလဲ။

(က) အဂိလာနေန ဘိက္ခုနာ စာတုမာသ....အစေဋ္ဌကဝဂ် သတ္တမသိက္ခာပုဒ်အရ သပ္ပိ,နဝနီတ သက်သက်တောင်း လျှင် ပါစိတ်၊

(ခ) မစ္ဆ မံသ သက်သက် တောင်းလျှင် သူပေါဒနဝိညတ္တိ သေခိယသိက္ခာပုဒ်ဖြင့် ဒုက်သင့်။

(ဘိက္ခုနီမှာ ပါဋိဒေသနီသင့်)

---

ထောပတ်ထောင်းရာ ထောပတ်ချက်ရန် နို့ကိုဖြစ်စေ, ထော ပတ်အဖိုးကို ဖြစ်စေ ပေးလှူလျှင် အသို့နည်း။

ထောပတ် ရသည်မည်၍ အစေဋ္ဌကဝဂ်, သတ္တမဖြင့် ပါစိတ် သင့်။

---

ပဲဆီတောင်းရာ နှမ်းဆီလှူလျှင် အသို့နည်း။

တောင်းရင်းဆီမဟုတ် ဝိသင်္ကေတဖြစ်၍ အနာပတ္တိ။

(ပဋ္ဌမအကြိမ်)

● အကပ်မြောက်ကြောင်း အင်္ဂါကို ရေးပါ။

(၁) ရှေးရှုလည်းဆောင်၊
(၂) နှစ်တောင်ထွာရောက်၊
(၃) မြောက်နိုင်ဝတ္ထု၊
(၄) သုံးခုပေးခြင်း၊
(၅) ခံခြင်းနှစ်လျှောက်၊
ကျမ်းလာထောက်၊
ကပ်မြောက် အင်္ဂါငါး။

ဒါတုကာမာ ဘိဟာရော၊
ဟတ္ထပါသေ ရဏက္ခမံ၊
တိဓာ ဒေန္တေ ဒွိဓာ ဂါဟော၊
ပဉ္စင်္ဂံ ပဋိဂ္ဂဟော။

(ရဏက္ခမံ မြောက်ချီခြင်းငှာ ခံ့ခြင်းဟု ပေး၊ ရှေ့ကဉစ္စာ ပုဒ် ကျေနေသည်)

---

● ပေးခြင်း ၃-ပါး ခံခြင်း ၂-ပါးကို ပြပါ။

(က) ကိုယ်-ကိုယ်နှင့်ထိ၊ နိဿဂ္ဂိ၊ သုံးရှိ ကပ်သူ့ တာဝန် တည်း။ (ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိ = ပေးခြင်း ၃-ပါး)
(ခ) ကိုယ် ကိုယ်နှင့်စပ်၊ ဤ နှစ်ရပ်၊ ကပ်ခံသူ့ အင်္ဂါတည်း။

---

● ကပ်နိုင်ခွင့် ရှိသူများကို ရေတွက်ပြပါ။

လူ၊နတ်၊ ဗြဟ္မာ၊ ခွေးလိမ္မာ၊ဆင်၊ မျောက်၊ငှက်၊ကြွက် စသည် တည်း။

(ပဌမအကြိမ်)

● ဘိက္ခုအကပ်ခံ ပြီးသည့် ဘိက္ခုနီမအား, ဘိက္ခုနီမ အကပ်ခံပြီးသည့် ဘိက္ခုအား အပ် မအပ် ဆုံးဖြတ်ပါ။

ဘိက္ခုနှင့် ဘိက္ခုနီတို့မှာ တဦးအကပ်ခံတာ တဦးမအပ်ပါ။ (ဘိက္ခု အကပ်ခံတာ ဘိက္ခုနီအား မအပ်၊ ဘိက္ခုနီ အကပ်ခံတာ နည်းတူ)

---

● သပိတ်ခြေကို ကိုင်ထားရာ သပိတ်ခြေပေါ်က သပိတ်ထဲ လာကပ်လျှင် ဘာပဋိဗဒ္ဓဖြစ်သလဲ။

သပိတ်ခြေရော သပိတ်ရော ကာယ ပဋိဗဒ္ဓဖြစ်၍ အပ်၏။ (ဤဟာမျိုးကို စပ်သည်နှင့် ထပ်စပ်၍ ပဋိဗဒ္ဓ ပဋိဗဒ္ဓ ခေါ်ကြသေး၏။)

---

● အကပ်မြောက်သော ဝတ္ထုအရွယ် ပမာဏ ပြဲ့ပါ။

(က) အငယ်ဆုံးပမာဏ ရထရေဏုမျှ အရွယ်သည် အကပ်ခံရသော အရွယ်တည်း။

(ခ) အကြီးဆုံး ပမာဏမှာ တယောက် ချီနိုင်သော ဝန်တည်း။ (ထိုထက်ငယ်လျှင် ကပ်ဘွယ်မလို၊ ထိုထက်ကြီးလျှင် မမြောက်)

---

● ထိုင်ရာ သော္ဍ ဟတ္ထပါသ် တိုင်းတာပြပါ။

(က) ထိုင်နေသော ရဟန်း၏ တင်ပါး နောက်စွန်းဖြင့် ကပ်လာသော သူ၏ လက်မှ တပါးသော ကိုယ်အင်္ဂါချင်း တိုင်းရ၏။

(ပဋ္ဌမအကြိမ်)

(ခ) ရပ်သော ရဟန်း၏ ဖနောင့်စွန်းဖြင့် ကပ်သူ၏ လက်မှ တပါးသော အင်္ဂါ ဟတ္ထပါသ် တိုင်းရ၏။

---

● ရှေးရှုဆောင်ရာ လက်လွှတ်မှ မြောက်သလော။

ခေါင်းပေါ် လက်ထည်း၌ တည်လျက်ပင် ကပ်သူက ထိုညွှတ်ပေးသော ဘန်း စကော ခွက်ထဲမှ ယူစားကောင်း၏။ (ရှေးရှုဆောင်လျှင် ပြီး၏၊ သက်လွှတ်ထာ မလွှတ်ထာ အရာမဟုတ်)

---

● မြောက်နိုင်ဝတ္ထုဆိုရာ၌ ဝတ္ထုကြွမှ အပ်သလော။

အားအလတ်ရှိသူ မြောက်နိုင်သော ဝတ္ထုကို အားသေးသူက မမြောက်နိုင်၍ ဒရွတ်ဆွဲလိမ့်ကာ မလွှတ်ဘဲပေးလျှင် မြောက်၏။ (ခုံ၊ စာပွဲခင်း၊ တွဲလောင်းကြိုး ဒရွတ် တိုက် နေစေကာမူ အပ်၏။)

---

● တယောက်ချီ ဝန်ကို ၂-ယောက် ကပ်ကောင်းသလော။

၂-ယောက် ၃-ယောက်ချီ၍ ကပ်ကောင်းပါသည်။

---

● ဆွမ်းခံရင်း ဖုံတွေ ဝင်ကပ်လျှင် အသို့ဖြစ်သနည်း။

ရသရေကျူမှု ဝင်လျှင် ထပ်ကပ်ရ၏၊ ထပ် အကပ်မခံဘဲ စားလျှင် ဒုက် အာပတ် သင့်ပါသည်။

အပဋိဂ္ဂဟိတဿ ဂဇ္ဈန္တဿ ဝိနယဒုက္ကဋံ။

● ဆွမ်းခံပြန်လျှင် ဤစားပွဲ၌ လာကပ်လော့ဆို၍ အိပ်နေရာ လာ တင်သွားသော အာဟာရ အပ်မအပ် ဆုံးဖြတ်ပါ။

အာဘောဂထားပြီး အိပ်သွား၍ အိပ်ပျော်ပြီးမှ လာချထား သော အာဟာရသည် အပ်ပါ၏၊ အကပ်မြောက်၏။

အာဘောဂေ စ သတိ ပစ္စာ နိဒ္ဒါယန္တဿ ပတ္တေ ဒိန္နမ္ပိ ဟတ္ထ ပါသေ;သတိ ပဋိဂ္ဂဟိတမေဝ ဟောတိ။

(အိပ်ခြင်းဖြင့် ခံယူရာ ရောက်သဖြင့် ဟတ္ထပါသ် ပမာဏ သတိပြု)

---

● သပိတ်ဖြင့် ခံရာ လက်ပေါ်ချော်ကျသော် အသို့နည်း။

အာဘောဂ ပဓာနဖြစ်၍ လက်ပေါ် သို့ ချော်ပြီးလျှင်ကျစေ ကာမူ အကပ်မြောက်၍ အပ်၏။

အာဘောဂ မေဝ ဟေတ္ထ ပဓာနံ၊ ယမ္ပိ ပတ္တေန ပဋိဂ္ဂဏှိဿာ မိတိ ဟတ္ထေ ပတတိ ဝဋ္ဋတိ။

---

● အထက်အောက် အကပ်ခံရာ ဟတ္ထပါသ် ပမာဏပြပါ။

အပေါ်ကနေ၍ ကပ်သူ၏ ခြေ့အောက်မှ အကပ်ခံသော ရဟန်း၏ ဦးခေါင်းအောက်ပိုင်း (ဂုတ်မေး)ဖြင့် ဟတ္ထပါသ်ကို ပိုင်းရ၏။

---

● နှပ် ချွေး တံထွေးများ မိမိခွက်၌ကျရာ အသို့နည်း။

အကပ်ပျက်၏၊ ပြန် အကပ်ခံရ၏၊ နှပ်သည် အမြှင်မပြတ်ဘဲ ကိုယ်မှာပြန်ကပ်လျှင် အကပ် မပျက်၊ ကွာသွားလျှင် ပျက်၏။

(ပဌမအကြိမ်)

**မှတ်ရန်**....ကွမ်းစားရာ ထုံးစသော စားသုံးမည့် အရာတခု၌ တံထွေး ပြုတ်အောင် ထွေးလျှင် အကပ်ပျက်၏၊ မပြုတ်အောင်ထွေးက မပျက်၊ ကျင်ကြီး,ကျင်ငယ် စွန့်ရာတွင်လည်း ၎င်းနည်းအတိုင်းပင်။

---

လူ သာမဏေအား လှမ်းပေးရာ၌ အသို့နည်း။

စားပွဲပေါ်ရှိ သားရည်စာ အများတွင် "ငှက်ပျောသီး ယူလော့"ဆို၍ စွန့်လျှင် ငှက်ပျောက်သီး ယူရာ အခြားအစာများ အကပ်မပျက်၊ တခုလုံး ထိုးပြီး လက်လွတ်မှ အကုန်စွန့်ရာကျ၏၊ လှမ်းပေးရာ သာမဏေ မယူလျှင် လက်မလွှတ်သေး၍ အကပ် မပျက်ပါ။

---

သစ်သီးရှိသော အပင် အကိုင်းကို ကိုင်ရာ အသို့နည်း။

(က) အသီးရှိသော အပင်ကို ကိုင်တွယ်ကောင်းပါသည်။

(ခ) အသီးရှိသော အကိုင်းကို အရိပ်အလို့ငှာ ကိုင်ကောင်း ဆောင်ကောင်း၏၊ စားလိုရာအခါ အသီးကိုအကပ်ခံ၍ စားကောင်း၏၊ အရိပ်အလို့ငှါ မဟုတ်ဘဲ လက် ဂဏာမငြိမ် ကိုင်တွယ်မိလျှင် ဒုရူပစိတ္တာ ဒုက်သင့်၏။

(အသီး ရှိသော နွယ် နှင့် အကိုင်းကို မကိုင် မလှုပ်ကောင်း, အမှတ်မဲ့ ကိုင်မိ လှုပ်မိတတ်သည်။)

---

ဒုရူပစိတ္တာ ဥဂ္ဂဟိတက သဘော ပြပါ။

(က) ဒု = မကောင်းသော၊ ဥပ်စိတ္တာ = အလေ့ အကျင့်, နေရာမှ မရွေ့အောင် ကိုင်တွယ် သုံးသပ်လျှင် ဒုရူပစိတ္တာ၊

(ခ) အကပ် မခံဘဲ မိမိဘာသာ ဥ=ချိမ၍၊ ဂဟိတက်= ယူအပ်သော အစာ၊ မိမိဘာသာ သူတပါး မကပ်ဘဲ ကိုင်အပ်သော ဝတ္ထုတည်း။

(ကိုင်တွယ်မိရုံ ဒုရုပစိဏ္ဍာ၊ ရွေ့ရှား သွားလျှင် ဥဂ္ဂဟိတက ဤသို့ အထူးမှတ်ပါ။)

---

မကပ်ရသေးတာကို ယူပြီး အကပ်ခိုင်းရာ အသို့နည်း။

အကပ် မခံရသေးတာကို မသုံးသပ် မချိမြှောက်အပ်၊ ချိမြှောက်မိ၍ ဥဂ္ဂဟိတက သင့်သော ပစ္စည်းသည် ဘယ်နည်းနှင့်မှ ကပ်၍ မအပ်။

---

ဒုရုပစိဏ္ဍာ ဥဂ္ဂဟိတက ပစ္စည်း မအပ်ပုံ အထူးပြပါ။

(က) ဒုရုပစိဏ္ဍာ ဝတ္ထုကား မိမိ အတွက်သာ မအပ်, တခြား ရဟန်းတော်များ အဘို့ အကပ်ခံ၍ သုံးဆောင် အပ်သေး၏၊

(ခ) ဥဂ္ဂဟိတက ဝတ္ထုသည် ရဟန်း အားလုံးတို့ အတွက် မအပ်စပ်တော့ပေ။

(မကပ်ရ သေးတာကို ယူပြီး အကပ်ခိုင်းမှု သတ်ပြု၊ သပိတ်ဖုံး လုပ်ခြင်း ဆွမ်းအိုး လုပ်ခြင်းများ ဒုရုပစိဏ္ဍာ ဖြစ်တတ်သည်)

---

မုခဒွါရနှင့် အာဟာရ အရ ပြပါ။

(က) မုခဒွါရ အရ လည်ချောင်းယူ, နှုတ်ခမ်းဝ မယူရ၊

(ခ) ကာလိက ၄–ပါးသည် အာဟာရ အရ ဖြစ်ပါသည်။

---

● ဆွမ်းခံရင်း ရထရေကျော့မြူ ဝင်လျှင် အဘယ်သို့ ပြုရသလဲ။

ဖုံတင်သော ဆွမ်း အချို့ကို ယူ၍ စွန့်ပစ်၊ မပင်လျှင် ဝိနယဒုက္ကဋ် သင့်၏၊

ထို ဖုံတင်သော ဆွမ်းဘောဇဉ်ကို ထပ်မကပ်ဘဲ စားလျှင် အဒိန္နပါစိတ် သင့်၏။

---

● ဒုပါရာ အဒိန္န နှင့် ဤ အဒိန္န အထူးကို ရေးပါ။

(က) ဒုပါရာဇိက အဒိန္နပစ္စည်းမှာ ပရသန္တက သူတပါးပိုင် ပစ္စည်းတည်း၊

(ခ) ဤ သိက္ခာပုဒ်၏ အဒိန္နကား မိမိပိုင် ဖြစ်စေကာမူ သူတပါး (ကပ္ပိယ) က မိမိ လက်သို့ မပေးမကပ် အပ်သော အာဟာရတည်း။

---

● ပါးစပ်မှ ဆွမ်းလုံး သပိတ်သို့ ပြန်ကျရာ အဘယ်သို့နည်း။

သွားရည် တံတွေး လူးလာလျှင် ပျက်၏၊ မလူးလျှင် အကပ်မပျက်။

---

● မိဘ သာမဏေ အတွက် အကပ် မခံရသေးသော အာဟာရကို ယူဆောင်သွားလျှင် အဘယ်သို့ ဆုံးဖြတ်မည်နည်း။

(ပဥ္စမအကြိမ်)

သူတို့အတွက် သက်သက် ရည်ရွယ်သဖြင့် ယူသွား ကောင်း၏၊ သူတို့က ပြန် ကပ်လျှင် ဒုရူပစိဏ္ဏ ဥဂ္ဂဟိတက လွတ်၍ အပ်ပါသည်။

---

● အနုပညတ်ကို ထပ်၍ ပညတ်ရကျိုး ပြပါ။

ရေ ဒန်ပူသုံးရာ ဖုံမြူမှုန် ပါမည်ကို သံသယ ရှိမည်စိုး၍ အလို ရှိတိုင်း သုံးဆောင်ရန် အကျိုးငှာ ပညတ်ရ၏။

---

● ဒန်ပူရေ ဒန်ပူ စာရင်းဝင်လျှင် အသို့နည်း။

"မသိဘဲ ဝင်စေကာမူ အဒိန္န သိက္ခာပုဒ်အရ ပါစိတ်။

သစေ ပိ ဒန္တကဋ္ဌရသော အဇ္ဈာနန္တသ

အနွော ပဝိသတိ, ပါစိတ္တိယ မေဝ။

(အကပ်ခံပြီး စားသော ဒန်ပူရေ ဝင်ခဲ့သော်ကား—အနာပတ္တိ အပြစ်မရှိ)

---

● မဟာဝိကဋ ဆေးကြီး မကပ်ဘဲစားရာ အသို့နည်း။

မြွေခဲရာ အခါ၌သာလျှင် ထိုဆေးကြီးကို မကပ်ဘဲ အပ်၏၊ (တခြားအခါ အကပ်ခံမှ အပ်၏။)

သပ္ပဒဋ္ဌက္ခဏေ ယေဝ သာမံ ဂဟေတုံ ဝဋ္ဋတိ။

---

● အတောင် ၃၀, ၄၀-ရှည်သော ဝါး၏ အဖျား၌ ရှိသော အာဟာရကို အလယ်က ကိုင်ကပ်ရာ အသို့နည်း။

ကပ်သူ, ခံသူ ဟတ္ထပါသ်မိလျှင် ဝါးဖျားက အာဟာရ များသည် အကပ် မြောက်ပါသည်။

[(ပဥ္စမအကြိမ်)]

● ကပ်အပ်သော ဝတ္ထု မြေ၌ ချော်ကျရာ အသို့နည်း။

ကပ်သူက စွန့်လွှတ်ပြီဖြစ်၍ အကပ်မြောက်ပါသည်။

မြူ ဖုံကပ်လျှင် ထပ်အကပ်ခံ့, မြူ ဖုံ မကပ်လျှင် ထပ် အကပ် မခံဘဲ ကောက်ယူ စားကောင်း တော့သည်သာ။

---

● မြေပေါ် ချော်ကျသော အာဟာရသည် ဘယ်အချိန် အခါ ထိအောင် အကပ်မြောက်၍ စားကောင်းသနည်း။

ကပ်ရာ တနေ့သာ အပ်၏၊ သို့သော် နောက်ဘနေ့ အတွက် စားလိုလျှင် ထပ်ကပ်မှသာလျှင် စားကောင်း၏၊ သန္နိဓိသဘော ကား မဖြစ်ပေ။

တံ ဝဒိသံယေဝ ဟိ တဿ သာမံ ဂဟေတွာ ပရိဘော ဂေါ အနုညာတော, န တတော ပရံ။

---

● မြေပေါ်ချော်ကျသော အာဟာရကို ဖုံးခဲ့လျှင် အသို့နည်း။

ဖုံးရာအခါ အာဟာရကို ဖုံးသော ဝတ္ထုနှင့် မထိလျှင် သန္နိဓိ မဖြစ်၊ ထိမိလျှင် သန္နိဓိ ဖြစ်၏။

(နောက်နေ့မှာ အကပ်ခံပြီး စားကောင်းသည် သာ)

ယထာဌိတံ ယေဝ အနာမသိတွာ ကေနစိ ပိဒဟိတွာ ဌပိတံ ဒုတိယ ဒိဝသေပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။

သန္နိဓိ ပစ္စယာ အနာပတ္တိ, ပဋိဂ္ဂဟေတွာ ပန ဘုဉ္ဇိတဗ္ဗံ။ (ဤ ပဋိဂ္ဂဟေတွာ ပနကို သတိပြု)

(ပဌမအကြိမ်)

● ဦးနာဂအား ကပ်ရာ အနီး အနား၌ရှိသော ဦးသုတသပိတ် ထဲကျလျှင် အသို့နည်း။

အကပ်မြောက်၍ ၂-ပါးလုံး စားကောင်းပါသည်။

အနန္တရဿ ဘိက္ခုနော ဒိယျမာနံ ပတ္တေ ဘော ဥပ္ပတိတွာ ဣတရဿ ပတ္တေ ပတတိ, သုပ္ပတိဿံ, ပဋိဂ္ဂဟိတမေဝ ဟိ တံ။

---

● ဦးနာဂအား ကပ်အပ်သော သစ်သီးသည် ကြမ်းပြင်ပေါ် ချော်လိမ့်၍ အဝေးရှိ ဦးသုတဆီ သွားလျှင် အသို့နည်း။

ဦးနာဂ အတွက်သာ အပ်၏, အဝေးရှိ ဦးသုတ မှာ မအပ်ပါ၊ သို့သော် ဦးနာဂက ယူလော့, ဘုဉ်းပေးလော့ဆိုမှ ဦးသုတမှာ အပ်၏။

---

● ဦးနာဂဆီမှ လိမ့်သော သစ်သီးသည် ဦးသုတ အတွက် အပ်သောနည်းရှိကပြပါ။

ဦးနာဂက ယူလော့, ဘုဉ်းပေးလေဆိုလျှင် ဦးသုတအား အပ်၏။ ယူလော့ မဆိုစေကာမူ ကောက်ပေးရာ၌ ဒုရူပစိတ္တာ ဥဂ္ဂဟိတက မအင့်၍ ကောက်ပေးကောင်း၏။(ကုရုန္ဒီ)

---

● ကျား ခြသေ့ စားကြွင်းကို ကျောင်းသား သာမဏေများ အတွက် ကောက်ခဲ့၍ ပေးရာ ဘာ အာပတ်နည်း။

ဘာ အာပတ်မှ မသင့်ပါ၊ သို့သော် စိတ်ထား စင်ကြယ်မှု အရေးကြီးသည်၊ နောက်နေ့ ချက်ပြီး ကပ်လျှင် ဘုဉ်းပေး ကောင်းသေး၏။

(ပဥ္စမအကြိမ်)

● မအပ်သောအသားမျိုးနှင့် စားမိသော်အာပတ်ကို ရေးပါ။

လူ့,ခွေး, မြင်း, ဆင်၊ သစ်, ကျား ,ခြင်၊ ဝံလျှင်, အောင်း, မြွေမျိုး။

(ဤအသားကြီး ၁၀-မျိုးတို့တွင် လူမှာ ထုလ္လစ္စဥ်း,ကြွင်းမှာ ဒုက်

မြင်ခြင်, ကြားချင်း၊ ယုံမှားခြင်း၊ ကင်းစေ ၃နှုန်း သုံးပါး။ သိတင်းငါးရပ်၊ ရည်၍ သတ်၊ မအပ် ထိုအသား။

မှတ်ရန်... အပ်သော ကြက်,ဘဲ စသည်တို့ကို သိတင်းသုံးတော်တို့ အတွက်ရည်ရွယ်၍ သတ်သည်ကို မြင်, ကြား, ယုံမှား ဤ အစွန်းသုံးပါး ရှိနေလျှင် ထိုအသားလည်း မအပ်။

---

● အကပ် ပျက်ကြောင်း အင်္ဂါကို ပြပါ။

စွန့်, ချ, ပေး, လု၊ လိင်ပြန် စု၊ ၆-ခု ကပ်ပျက်ကြောင်း။

---

● ကပ်ပြီးသားကို သာမဏေများ လာထိရာ အသို့နည်း။

ရဟန်း ကိုင်မထားက ပျက်သည်ထင်၏၊ မကိုင်ဘဲလည်း မပျက်၊ထိရုံ ကိုင်ရုံ နေရာရွေ့ရုံသည် အကပ် ပျက်ကြောင်းမဟုတ် စွန့် အရ-နူတ်ကပေးမှ လက်ကလွှတ်မှ အကပ်ပျက်သည်၊ ၎ကာလ မှာ ကပ်ပြီးသားကို ထိလျှင် အကပ် ပျက်သည် ထင်နေကြ၏။

---

## အစေလကဝင်

● အစေလက နှင့် ပရိဗ္ဗာဇက အလူးကို ပြပါ။

(က) အဝတ် ကွာကင်း ဗလာကျင်း၍ ကျင့်ကြံကြသော

(ပဉ္စမအကြိမ်)

သာသနာ၏ အပြင်အပ တိတ္ထိသည် အစေဋ္ဌက တက္ကဒွန်းမည်၏၊

(ခ) အဝတ် ဝတ်သော သာသနာ့ အပြင်ပက ရဟန်း အတု သာမဏေ အတုသည် ပရိဗိုဇ် ယောကျ်ား မည်၏၊ ဘိက္ခုနီနှင့် သာမဏေရီ မျာကဲ့သို့ အတုသည် ပရိဗိုဇ်မ မည်၏။

---

● နဂရကို ဂါမ နိဂမတို့တွင် လျော်ရာ သွင်းခဲ့ပါ။

နဂရမှိ ဂါမဂ္ဂဟဏေနေ၀ ဂဟိတံ၊ နဂရကို ဂါမ၌သွင်း၍ ရေတွက် ယူရပါသည်။

---

● အနည်း၌ ပြန်လွှတ်ခွင့် ရှိသော အကြောင်းကို ပြပါ။

၂—ပါးစာ မမျှနိုင်လောက်အောင် ဆွမ်းခံရ ကြပ်တီးခဲခက် ခြင်းစသော အကြောင်းသည် အဖော်ကို ပြန်လွှတ်နိုင်သော အကြောင်းတည်း။

---

● ပြန်လွှတ်ခါနီး ပြောဆိုပုံ ပါဠိဝါကျ ရေးပါ။

"ဂစ္ဆာဝုသော မေ တယာ-ဖါသုဟောတိ" ဟူသောဝါကျ သည် ပြန်လွှတ်ပုံကို ပြောကြောင်း စကားတည်း။

---

● ပြန်လွှတ်ရာ ဘယ်အခါ ဘာအာပတ် သင့်သနည်း။

(က( "ပြန်လော့" ဆိုသောအခါ ဒုက္ကဋ် သင့်၏။

'(ပဥ္စမအကြိမ်)

(ခ) ပြန်သော ရဟန်းသည် ဒသမ္ဘူ သဝန္နူ ပစာကို ပ-ခြေလှမ်း လှန့်လျှင် ဒုက် သင့်, ဒု-ခြေလှမ်း လှန့်လျှင် ပါစိတ် အာပတ် သင့်၏။

---

ဒသမ္ဘူပစာ နှင့် သဝန္နူပစာကို ပိုင်းခြား ပြပါ။

(က) ဟင်းလင်း၌ ၁၂-တောင်သည် ဒသမ္ဘူ သဝန္နူ ပစာ တည်း၊

(ခ) နံရံအကာ ခြားနေလျှင် အကာအတွင်း ဥပစာယူ၊ နံရံ အကာ၏ ဟို ဘက် သည် ဥ ပ စာ ကို လွန့်သွား တော့၏။

---

ကုလ အရ ဘာကို ကောက်ရသနည်း။

မုချ အားဖြင့် အမျိုး (လူ) ကို ကောက်ရသည်, ဌာနီအမျိုး၏ ကုလ အမည်ကို ဌာန အိမ်ပေါ် တင်စား၍ ဌာန္ယူပစာဖြင့် အိမ်ကို ကုလအရ ကောက်ယူရ၏။

---

အာပတ် သင့်ရာ ဌာန အပိုင်းအခြား ပြပါ။

အိပ်ရာခန်း၏ ၂-တောင့်ထွာထက် အဘွင်းကျသော အရပ်၌ ဝင်ထိုင်လျှင် ပါစိတ် အာပတ် သင့်၏၊ ၂-တောင့်ထွာ ကျော်ရာကို ယူ။

အဖော်ရဟန်း ပါရာအခါ, လင်မယား အတွင်းမှာ မရှိတုန်း အခါ ဝင်ရာ၌ အနာပတ္တိ။

(ပဥ္စမအကြိမ်)

● ရဟောပဋိစ္ဆန္န ရဟောနိသဇ္ဇ သိက္ခာပုဒ် ၂—ပါးသည် အနိယတ သိက္ခာပုဒ် နှင့် သဘော အသွား အလာချင်း မထူးဘဲ ဘာ့ကြောင့် ပညတ်ပါသလဲ။

သဘာဝ မထူးသော်လည်း အတ္ထုပ္ပတ္တိ ဖြစ်လာ၍ ဤ သိက္ခာပုဒ်များကို ပညတ်ပါသည်။

(ဝိနည်းအရာမှာ အတ္ထုပ္ပတ္တိ အလျောက် ပညတ်တော်မူ ရ၏။)

---

● သဘတ္တ ပုရေဘတ္တတို့၌ ဘတ္တ ၂-လုံး အထူးကိုပြပါ။

(က) ဘုဥ္စိတဗ္ဗောတိ ဘတ္တော = ဩဒနော, (ကမ္မသာဓန) ဘတ္တေန သဟ ယော ဝတ္တတိ တိ သဘတ္တော = ဘိက္ခု ရ၏၊

(ခ) ဘုဥ္စတိ ဇ္ဈောတိ ဘတ္တော = စားရာကာလရ, (အဓိကရဏ သာဓ်) ဘတ္တတော ပုရေ ပုရေ ဘတ္တံ= မွန်းမတည့်မီ အချိန်ရ။ (အဗျယီ)

ရှေ့ ဘတ္တကား ဘောဇဉ်ကို ရ၏၊ နောက် ဘတ္တကား စားရာအချိန်ကို ရ၏၊ ဤသို့ ထူး၏၊ ဘတ္တတော-ဆွမ်းစားရာ အချိန်မှ ပုရေ-ရှေ့ဖြစ်သော အချိန်ဟု ပေး။

---

● သန္တိဘိက္ခုံ အရ ဘယ်မှာ ရှိတာ ယူရသနည်း။

အကြင် နေရာ၌ သွားလိုစိတ် ဖြစ်၏, ထိုနေရာ၏ ၁၂-တောင် အတွင်း ရှိသော ရဟန်းသည် သန္တိ ဘိက္ခုံ အရ ဖြစ်ပါသည်။

(ပဥ္စမအကြိမ်)

(၁၂-တောင် ဟိုဘက်မှာ ရှိသော ရဟန်းများကို ပန်ကြားရန် မလို)

---

ပန်ကြားပုံ ပန်ကြားနည်း ပါဠိ ရေးခဲ့ပါ။

(က) "အဟံ ဣတ္တံနာမသာ ဃရံ ဂစ္ဆာမိ" ဟူ၍ငင်း,
(ခ) "ကုလေသု စာရိတ္တံ အာပဇ္ဇာမိ" ဟူ၍ ငင်း ပန်ကြားရ၏။

---

ပုရေဘတ္တ ပစ္ဆာဘတ္တ အချိန်ကို ပိုင်းခြားခဲ့ပါ။

ဆွမ်းမစားမီ အခါ ပုရေ ဘတ္တ, ဆွမ်းစားပြီးရာ အခါ ပစ္ဆာဘတ္တ ယူ၊ တခြား သိက္ခာပုဒ်များမှာ မွန်းမဘည့်မီ, မွန်းလွဲကို ယူသကဲ့သို့ မဟုတ်။

(မွန်းမလွဲမီမှာပင် စားပြီး မစားသေး ၂-စား ယူရသည်။)

---

အာပတ် သင့်ရာ ခေတ်ကို ရှင်းခဲ့ပါ။

(၁) အိမ်၏ဥပစာအတွင်း ဝင်လျှင် ဒုက္ကဋ် သင့်၏၊
(၂) အတက် အဆင်း အဂကို ပ-ခြေလှမ်း လွန်ရာ ဒုက္ကဋ် အာပတ် သင့်၏၊
(၃) ဒုတိယ ခြေလှမ်း လွန်လျှင် ပါစိတ်သင့်၏၊

---

ဤသိက္ခာပုဒ်၏ အနုပညတ်ကို အစဉ်အတိုင်း ပြပါ။

(၁) ပစ္ဆာဘတ္တံဝါ .... (ပ-အနုပညတ်)
(၂) အညတြ သမယာ .... စီဝရဒါန သမယော,

[(ပဥ္စမအကြိမ်)]

(၃) အညတြ သမယာ .... စီဝရ ကာရ သမယော,

(၄) သန္တိ ဘိက္ခူ အနာပုစ္ဆာ=၄-ချက် ရှိသည်။

မှတ်ရန်.... အညတြ သမယာကို တချက်ထည်း ယူပြီး, ပုရေဘတ္တံ ပုဒ်ကို ထည့်စွက်၍ ၄-မျိုး ယူကြ၏, မမှတ်အပ်။

---

သန္တံ ဘိက္ခုံ အနာပုစ္ဆာ, ပစ္ဆာဘတ္တ, အညတြ သမယာတိ အယမေတ္ထ စတုဗ္ဗိဓာ အနုပညတ္တိ အရ ၄-ပါး ပြပါ။

စီဝရဒါန သမယ နှင့် စီဝရကာလ သမယ ၂-ပါးကို အညတြ သမယာ အရ၌ အနုပညတ် ၂-ချက်ဟု ယူလျှင် ၄-ပါး စေ့၏။ (ပြီးခဲ့တဲ့ နောက်ပုစ္ဆာ ပြန်ကြည့်)

---

သန္တံ ဘိက္ခုံ အနာပုစ္ဆာ အနုပညတ်သည် စတုတ္ထမြောက် နောက်ဆုံး အနုပညတ် ဖြစ်ပါလျက် အဘယ့်ကြောင့် ရှေ့ဆုံး က ထားပါသနည်း။

စကား အသွားအလာ ကောင်းအောင် ရှေ့ဆုံးက ထား၍ ဟောပါသည်။ (ပါဠိတော် သွားရိုးကို ကြည့်၍ နောမတိ အရ ဖြေလိုက်ပါသည်)

---

မွန်းလွဲမှ လှည့်လည်လျှင် ဘာ သိက္ခာပုဒ်ဖြင့် သင့်သလဲ။

ပစ္ဆာဘတ္တံ အရ စားပြီးရာ အချိန်မှ မွန်းမဘည့်မီ အထိ သာ ယူရ၍ မွန်းမတည့်မီ စားပြီး နောက်အခါ၌ လှည့်လည် မှသာ ပစ္ဆာဘတ္တံ အရ စာရိတ္တ သိက္ခာပုဒ် ဖြင့် ပါစိတ် သင့်၏။

(ပ္ဍမအကြိမ်)

မွန်းလွဲပြီးမှ ဝင်ထွက် လှည့်လည်မှုကား ဝိကာလ ဂါမပဝေသနဖြင့် သင့်ရ၏။

---

● စာတုမာသ ဆိုသဖြင့် ၄-လထက် မပိုကောင်းသလော။

ထပ်ဖိတ်ရာ, အမြဲဖိတ်ရာ၌ ၄-လထက် ပို၍ သာယာကောင်း၏၊ အတ္ထုပ္ပတ္တိ အလျောက် ၄-လဟူ၍သာလျှင် ဆိုထားပါသည်။

---

● ရောဂါမရှိလဲ ဖိတ်ထားသည်ကို ဘယ်သို့ ကျင့်ရသနည်း။

ရောဂါမဖြစ်သေး မရှိသေးသော်လည်း ရောဂါဖြစ်လျှင် အဆင်သင့်ရအောင် လက်ခံထားခွင့်ရှိပါသည်။

ဝိညာပေဿာမိ ရောဂသ္မိံ၊
သတိ မေ ပစ္စယေ တိ စ၊
န ပဋိက္ခိပိဘဗ္ဗာ သာ၊
ရောဂါ ဒါနိ န မေတိ စ၊

(ယခု ရောဂါမရှိဟူ မပယ်နှင့်၊ ရောဂါ ဖြစ်ခဲ့သော် အဆင်သင့်ရအောင် လိုရ မယ်ရ လက်ခံထား ဟူလို)

---

● အညတြ ပုန ပဝါရဏာယ အညတြ နိစ္စပဝါရဏာယ တတော စေ ဥတ္တရိသည် အနုပညတ် ဖြစ်သလော။

ဤသိက္ခာပုဒ်၌ အနုပညတ် လုံး၀ မရှိ, အနုပညတ် မဟုတ်ပါ၊ စကားအသွားကား အနုပညတ်လို ဖြစ်နေ၏။

(ပဋ္ဌမအကြိမ်)

● တတောစေ ဥတ္တရိအရ လွန်ပုံ လွန်နည်း ပြပါ။

(က) ဖိတ်အပ်သော ဆေး၏ အပိုင်း အခြားနှင့်-

(ခ) အချိန်ကာလ အပိုင်းအခြားကို ကျော်လွန်၍ တောင်းခြင်းကို ဥတ္တရိအရ ယူပါ။

**မှတ်ရန်**....ဖိတ်အပ်ရာ အချိန် အဋ္ဌုပ္ပတ္တိမှာ မဟာနာမ်က အစ ၄-လ ဖိတ်၍ စာတုမာသဟု ဟောသော်လည်း တရက်, တလ, တနှစ် စသည်ဖြင့် ဒကာ၏ ကန့်သတ် လျှောက်ထားသော ရက်,လ,နှစ်, အပိုင်း အခြားကို မလွန်မီသာ တောင်းရ၏။

---

● ရောဂါဖြစ်လာ၍ ဖိတ်ရက်လွန်မှ ဖိတ်သူထံ တောင်းရာ တကယ် နာ၍ မဖိတ်သူထံ တောင်းရာ အသို့နည်း။

ယခုမှ ရောဂါဖြစ်လာ၍ ရက်တော့လွန်ပြီ ဆေးလိုချင်သည်ဟု ဖိတ်ထားသော ရက်လွန်မှတောင်းရာ, မဖိတ်သူ ဒကာကိုပင် တကယ် ဆေးအရေးကြီး၍ တောင်းရာ အနာပတ္တိ(ရောဂါရှိလျှင် မဖိတ်သော ဖိတ်သော ဆေးတောင်းကောင်း၏ ဟူလို)

---

● ထောပတ်ဖြင့်ဖိတ်ထားရာ ထောပတ်ချက်ရန် နွားနို့ကိုငှင်း, ဆီ, ပျားကိုငှင်း တောင်းလျှင် အသို့နည်း။

ထောပတ်ချက်ရန် နွားနို့တောင်းရာ, ဆီ, ပျားကိုတောင်းရာ တတော ဥတ္တရိ ဖြစ်၍ တောင်းရာ၌ ဒုက်, သာယာလျှင် ပါစိတ်။

[(ပဌမအကြိမ်);

● စစ်အင်္ဂါ ၄-ပါး တပ်ဖွဲ့ပုံ ဖွဲ့နည်း ပြပါ။

(၁) ဆင်တပ်=ဆင် ၃-စီး ယောကျ်ား ၃၆-ယောက်၊
(၂) မြင်းတပ်=မြင်း ၃-စီး ယောကျ်ား ၉-ယောက်၊
(၃) ရထားတပ်=ရထား ၃-စီး ယောကျ်ား ၁၂-ယောက်၊
(၄) ခြေလျင်တပ် = လက်နက်ကိုင် တပ်သားပေါင်း ၄-ယောက်၊ ဤသို့ တပ်များဖွဲ့ရပါသည်။

ဤ တပ်စိတ် ၄-ခုသည် စစ်တပ် တခု ဖြစ်၏။

ဟတ္ထိ ဒွါဒသ ပေါသောတိ၊
ပုရိသော တုရဂေါ ရထော၊
စတုပ္ပေါသောတိ သေနာ၊
လက္ခဏော နာ မမန္တတော။

---

● ဆင်တပ် တခုဘည်းကို ကြည့်ရန် သွားရာ အသို့နည်း။

အင်္ဂါ ၄-ပါး မစုံသော ကြောင့် အာပတ်မသင့်ပါ။

---

● စစ်တပ်သို့ အကြောင်းမဲ့သွားရာ အာပတ်သင့်ပုံ ပြပါ။

(၁) ခြေလှမ်းတိုင်း လှမ်းတိုင်း ဒုက္ကဋ် သင့်၏။
(၂) ဒဿနူပစာ၌ ရပ်ကြည့်လျှင် ပါစိတ် သင့်၏။
(ခရီးကြုံ ရင်ဆိုင်တိုး မိ၍ ကြည့်ရာ အနာပတ္တိ)

---

● ၃-ညဥ့်ထက်ပိုပြီး ဆက်လက်၍ နေနိုင်ပုံပြပါ။

မိမိက ဖျားနေသည် ဖြစ်စေ, လူမမာ့ ကိစ္စက မပြီး မပြတ်သေးသည် ဖြစ်စေ, စစ်တပ် ပိတ်နေသည် ဖြစ်စေ, လမ်းရေး ဘေး

အန္တရာယ် ရှိနေသည်ဖြစ်စေ ဆက်၍ ၃-ညဉ့်ထက် ကျော်လွန်ပြီး နေတောင်း၏။

---

● "သေနာယ ဝသိတဗ္ဗံ" ၌ ဣရိယာပုတ်နှင့် မနေကောင်းရာ အရပ်ကို ရနိုင်သရွေ့ ညွှန်ပြခဲ့ပါ။

အိပ်မှုကိုသာမက, ဣရိယာပုထ် ၄-ပါးလုံးကို ယူ၊

(ကခ်ါ၌ ၃-ပါးသာ တိုက်ရိုက်လာ၏၊ သွားခြင်းကို ဝါ-ဖြင့် ယူ)

စစ်တပ် တည့်တည့်မှာ အပေါ်ကောင်းကင် တက်၍ ဈာန်ဖြင့် နေစေကာမူ အာပတ် သင့်၏။

ဗလဿ အဂ္ဂံ ကောဋ္ဌာသံ ဇာနန္တိ ဧတ္ထာတိ ဗလဂ္ဂံ၊ စစ်သည် စစ်တပ်စုကို သိရာ ရေတွက် စုရုံးရာ အရပ် ရ၏။

---

## သုရာပါနဝဂ်

● သုရကို ဝစနတ္ထပြု ရုပ်တွက်၍ ဘေဒကို ပြခဲ့ပါ။

(က) သုရေန (မုဆိုး) ကတာ သုရာ၊ "သုရတော အာ" ဖြင့် ကတ အနက် ကတ တဒ္ဓိတ်မှာ အာပစ္စည်း သက် ပြီး၏၊ အထဝါ-သူရံ ဇနေတီတိသုရာ၊ ဇနေတိ အနက် အာသက်၊ သူ၏ ဦကို ဥ ရဿပြုပြီး၏။

ဝိန္ဒ ပူဝ၊ ဩဒန၊ ကိဏ္ဏ သမ္ဘာရာ။ (သုရာငါးပါး)

[(ပဥ္စမအကြိမ်)]

● မေရယ၏ ဝစနတ္ထ "သရူပ ဘေဒ"ကို ပြခဲ့ပါ။

မဒံ ဇနေတီတိ မေရယံ၊ ဒနေတိ အနက် ဏာယပစ္စည်း၊ မ ၏ အကို ဧ, ဒကို ရ ပြု၊ ဏ အနုဗန်ချေ၊ မေရယ ပြီး၏။

ပုပ္ဖ, ဖလာ၊ မဓွာ ဂုဠ၊ သမ္ဘာရ၊ ပဋ္ဌ မေရယာ။

---

● သုရာနှင့် မေရယ သဘော အထူးကို ပြခဲ့ပါ။

(က) ဆံ ကောက်ညှင်း ထမင်း စသည်ကို နယ်ဖတ်ချက် ပေါင်း၍ လုပ်အပ်သော အရက်သေရည်သည် သုရာ၊
(ခ) အသီး အပွင့် အခေါက် ကြံရည် စသည်ကို ကြာရှည် စိမ်၍ ပြုအပ်သော စိမ်ရည်သည် မေရယမည်၏။

---

● အင်္ဂုလိ ပတောဒက အရ တခြားအင်္ဂါဖြင့် အသို့နည်း။

ဥပလက္ခဏာဖြစ်၍ တခြား ကိုယ်အင်္ဂါဖြင့် ကျီစားလို၍ တို့ထိ ပွတ်သပ်ရာ၌လည်း ပါစိတ် အာပတ် သင့်သည်ပင်။

---

● အနုပသမ္ပန္န အရ ပြပြီးလျှင် ကာယပဋိဗဒ္ဓဖြင့် ကျီစားလို၍ ကလိရာ (ကျီဆယ်ရာ) အသို့နည်း။

ဘိက္ခုမှထောက်လျှင် ဘိက္ခုနီ,ဘိက္ခုနီမှ ထောက်လျှင် ဘိက္ခု သည်ငှင်း, သာမဏေသည်ငှင်း, အနုပသမ္ပန္နမည်၏၊ ငှင်း အနုပ သမ္ပန္နကို ကာယပဋိဗဒ္ဓဖြင့် ကလိလျှင် ဒုက်၊ (ဘိက္ခုနှင့် ဘိက္ခုနီ ကလိလျှင် ဒုက်ပင်)

(ပ. မ. ကြိုင်)

● ရေဦးဆင်းကစားရာ သင့်သော အာပတ်အစားစား ပြပါ။

(က) ကစားရန် ဆင်းသော ခြေလှမ်းတိုင်း လက်ယက်တိုင်း ဒုက်၊

(ခ) ငုပ်တိုင်း ပေါ်တိုင်း ပါစိတ်၊ ငုပ်ကူးရာ ပေါ်ကူးရာ ခြေလက်တို့၏ ပယောဂ အတွက်ကျ ပါစိတ် သင့်၏။

---

● ဥဒကေ အရ ယူအပ်သော ရေပမာဏ ပြပါ။

ခြေမျက်စေ့ ခန့်နက်သော ရေမှစ၍ ယူပါသည်၊ (ခွက်တွင်း အိုးတွင်းရှိ ရေကို ဒုက္ကဋ် ဝတ္ထုအဖြစ် ယူသေး၏)

---

● ရေနဲ့၍ ခြေလက်ဖြင့် မြှောက်ကစားရာ နွံ, သဲ, ရွှံ့ စသည်ကို ပစ်မြှောက် ကစားရာ အသွိနည်း။

ရေနဲ့၍ ခြေဖြင့် ခတ်ခြင်း, အိုးခွက် အတွင်း ရေကို လက်ဖြင့် မြှောက်ပစ်ခြင်း သဲ, နွံ, ရွှံ့ စသည်ကို ပစ်ခတ် ကစားခြင်းများ၌ ဒုက်သင့်၏။

---

● မရိုသေပုံ အမြွက် ပြပါ။

(၁) ဒင်း ပြောတာ အရေးလုပ်လို့ဟု ပုဂ္ဂိုလ်၌ မလေးစားခြင်း၊

(၂) ဒီ သိက္ခာတွေ ပိုနေတာဘဲ, ဒီအာပတ် လောက်တော့ အပျော့ပေါ့ဟု ဆုံးမကြောင်း သိက္ခာကို မထေမဲ့ပြုခြင်းသည် မရိုသေပုံတည်း။

[(ပဥ္စမအကြိမ်)]

● သုတ် အဘိဓမ္မာပြင့် ဆုံးမရာ မရှိသေလျှင် အသိုနည်း။

သုတ္တန် အဘိဓမ္မာ တရားများသည် ဝိနယ ဓမ္မ သိက္ခာပဒ မဟုတ်သောကြောင့် ဒုက်သာ သင့်၏။

အပညတ္တေန ဝုစ္စမာနဿ အနာဒရိယေပိ ဒုက္ကဋမေဝ။

(သုတ္တန် အဘိဓမ္မာကို ဘုရားပညတ်တော်မူအပ်သော ဝိနယ မဟုတ်၍ အပညတ္တ ဆိုထားသည်)

---

● သာမဏေက ဆုံးမရာ နားမထောင်လျှင် အသိုနည်း။

သာမဏေက သိက္ခာပဒဖြင့် ဆုံးမ၍ နားမထောင်လျှင်ဒုက္ကဋ် သင့်၏၊

(ရှင်သာရိပုတ္တရာ သော်မှ သာမဏေ၏ အဆုံးအမနာယူခဲ့ဘူး ပြီ, သတိပေး ဆုံးမခြင်းကို လေးစားသင့်၏၊ သာမဏေက ဆုံး မသည့် အတွက် နားမထောင်စေကာမူ အမှန်မှာ သိက္ခာပုဒ်ကို မရှိသေရာကျ၍ အာပတ် သင့်၏)

---

● ချောက်လှန့်ပုံ အခြင်းအရာကို ပြပါ။

ကြောက်လန့်စရာ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဟုဆိုအပ် ကုန်သော အာရုံတို့ဖြင့် ဖြစ်စေ, ခိုးသား ဓားမြ သားရဲ ဘီလူး တစ္ဆေ သူရဲ ဝတ္ထုများကို ဖြစ်စေ, ရှေးရှုဆောင်ခြင်း ကြောက် အောင် ပြောခြင်းသည် ချောက်လှန့်ပုံ အခြင်းအရာ မည်၏။

(ပဋ္ဌမအကြိမ်)]

● အချောက် ခံရသူ ကြောက်မှ အာပတ် သင့်သလော။

ခံရသူ မကြောက်သော်လည်း ချောက်သော ရဟန်းမှာ ပါစိတ် အာပတ် သင့်၏၊

သော ပန ဘာယတုဝါ, မာဝါ၊ ဣတရဿ ပါစိတ္တိယံ။

---

● ကျောင်းသား သာမဏေများအား ချောက်ရာ အသို့နည်း။

ကျောင်သား့ သာမဏေ များအား ချောက်လှန့်ရာ ဒုက္ကဋ် အာပတ် သင့်၏။

---

● ဂိလာန အရ ပြ၍ မီးမွေးရာ အာပတ် သင့်ပုံ ပြပါ။

(၁) မီးနှင့်ကင်း၍ မနေနိုင်အောင် နေမကောင်းလျှင် ဂိလာန အရ ယူပါ၊

(၂) မီးတောက် စေသော ပယောဂသည် ပါစိတ်၊

(၃) ထင်းသယ်ခြင်း ဖိုခနောက် ပြင်ခြင်း စသော မီး မတောက်မီ ပြုသမျှပုဗ္ဗကိစ္စ ခြေလက် ပယောဂတိုင်း ဒုက် အာပတ် သင့်၏။

---

● အနုပညတ်ကို ရေး၍ ပစ္စယ အရ ထုတ်ပြခဲ့ပါ။

(က) အဂိလာနေသ တချက်,
အညတြ တထာရူပ
ပစ္စယာ တချက်၊
ပေါင်း အနုပညတ် ၂-ချက်။

(ပဥ္စမအကြိမ်)

(ခ) မီးထွန်းခြင်း, သပိတ် ဖုတ်ခြင်း စသည်ကား အညတြ တထာရူပပစ္စယတည်း။

---

မီးမတောက်၍ မီးခဲရဲရဲကို မှုတ်လျှင် အသို့နည်း။

မီးမှုတ် ယပ်ခပ်ပေးမှုသည် မီးတောက်လျှင် ပါစိတ် သင့်စေ၏၊ မီး မတောက်လျှင်ကား ဒုက် ပင်။

---

ရေနွေးတည် ဆွမ်းချက်ဘို့ မီးမွှေးရာ အသို့နည်း။

တထာရူပပစ္စယဖြစ်၍ ရဟန်းက မွှေးပေးကောင်း၏။ (လူ သာမဏေ မွှေးပြီး မီးကို လှုံရာ၌ အပြစ်မရှိ)

---

အနုပညတ် ၆-ပါး အပိုင်းအခြားကို အသီးသီး ပြပါ။

(၁) နွေဥတု၏ အဆုံး (နယုန် လဆန်း ၁-မှ ဝါဆိုလပြည့် အထိ) သည် နေပူ လောင်သော ဥဏှ သမယ မည်၏။

(၂) မိုးဥတုအစ (ဝါဆို လပြည့်ကျော် ၁-မှ ဝါခေါင် လပြည့်အထိ) တလသည် အိုက်စပ်သော ပရိဠာဟ သမယ မည်၏။

(၃) ရေချိုးခြင်း နှင့် ကင်းမနေနိုင်သော အခါသည် ဂိလာန သမယ။

(၄) တံမြက် လှည်းရာ စသော အခါသည် ကမ္မသမယ မည်၏။

(ပဌမအကြိမ်)]

(၅) ယူဇနာခွဲ သွားပြီး သွားဆဲ အခါသည် အဒ္ဓါနဂမန သမယ။
(၆) ကိုယ်ပေါ်မှာ ဖုံကပ်ပြီး မိုဃ်း ၂-၃-ပေါက်ခန့် စိုရာ အခါသည် ဝါတဝုဋ္ဌိ သမယ။

---

● နှာန သိက္ခာပုဒ် ပညတ်အမည်နှင့် ဘေဒကို ပြပါ။
(က) ဤသိက္ခာပုဒ်သည် ပဒေသ ပညတ်တည်း၊
(ခ) ၁-ပဋ္ဌဝဂ်ဖြင့် ရဟန်းခံနိုင်ခြင်း၊
၂-ဂုဏင်္ဂုဏူပါဟန် = အထပ်များသော ဘိနပ်စီးနိုင်ခွင့်,
၃-ဓုဝနှာန် = အလိုရှိတိုင်း ရေချိုးခွင့်ရခြင်း,
၄-စမ္မတ္ထရဏ = သားရေပိုင်းအခင်း ဆောင်နိုင်ခြင်း = ၄-မျိုး။
(ဤ ၄-ပါးကို ပစ္စန္တရာဇ်ဌသော အပ်၏၊ မဇ္ဈိမ၌ မအပ်)

---

● ကပ္ပဗိန္ဒု ထိုးရသော သင်္ကန်းမျိုးကို ရေတွက်ပါ။
သင်း ကိုယ် ဒု မိုး၊ မာ ငါးမျိုး၊ ထိုးလေ ဗိန္ဒုညှင်း။
ဝတ်လောက် ရုံလောက်သော သင်းပိုင် အစရှိသော သင်္ကန်း ၅-မျိုးကိုသာလျှင် ယူရပါသည်။

---

● ကပ္ပဗိန္ဒု အဆင်းအရွယ် ထိုးရာ ဌာနကို ပြပါ။
နီလံ ကဒ္ဒမံ၊ ကာဠံ ဝါ၊ တိဓာ ဒုဗ္ဗဏ္ဏာ၊
ကြီးစွာအဆုံး၊ ဒေါင်းမျက်လုံး၊ ငယ်ဆုံး မျက်အဖျား။
အထောင့် ၄-ခု၊ တခုခု၊ ထိုးမှု ဗိန္ဒုကို။
(ပဌမအကြိမ်)

● ဗိန္ဒုထိုးရာ ဌာန အပိုင်းအခြား ပြပါ။

သင်းပိုင် နံ၏ ၄-သစ်, အလျား တထွာ အတွင်း၊ ကေသိ နှင့် ဒုဂုဏ် နံ၏ ရှစ်သစ်, အလျား အထွာ အတွင်း ကပ္ပဗိန္ဒု ထိုးရ၏။

---

● ဗိန္ဒုကို ဘယ်နှစ်လုံး ဘယ်ပုံသဏ္ဌာန် ထိုးရသနည်း။

တလုံးတည်း ဖြစ်စေ, အများ ဖြစ်စေ ဥ ဒေါင်းမျက် စိ သဏ္ဌာန် ဝန်းဝိုင်းစွာ ထိုးရ၏။ ကွင်းပိတ် ထိုးရသည်။

(အများထိုးရာ ပုလဲသွယ်လို စီပြီး မထိုးရ)

---

● အံသကိုဋ်၌ ကပ္ပဗိန္ဒု ထိုးသင့် မထိုးသင့် ပြပါ။

နိဝါသန ပါရုပနူပဂံ ဆိုခြင်းကြောင့် အံသကိုဋ်လည်း ဝတ် လောက်၍ ကပ္ပဗိန္ဒု ထိုးရမည်သာတည်း။

---

● နပတ်၌ ကပ္ပဗိန္ဒု ထိုးလျှင် အသို့နည်း။

မဟာပစ္စရိတ်၌ မအပ်, မဟာ အဋ္ဌကထာ၌ အပ်၏ဟု အဋ္ဌကထာ ဆရာကြီးများ အမျိုးမျိုး မိန့်၏။

ကပ္ပဗိန္ဒု ပျက်သွားရာ ကပ္ပဗိန္ဒု ထိုးသော နေရာပေါ် ထပ်ဖာရာ၌ အသစ် ထိုးဖွယ်မလို)

---

● ကပ္ပဗိန္ဒု ထိုးရကျိုး နှင့် ရဟန်းတပါးက ထိုးပြီးသား ရာ၌ ထပ်ထိုးသင့် မတိုးသင့် ဆုံးဖြတ်ပါ။

(က) ကပ္ပဗိန္ဒု ထိုးရကျိုးကား မှတ်မိရန် အကျိုးရှိ၏၊

(ပဥ္စမအကြိမ်)

(ခ) ထိုးပြီးသား ရလျှင် ထပ် မထိုးရတော့ပါ၊ မထိုးရသေးသော သင်္ကန်းဖြစ်လျှင် ဘယ်မျှ ဟောင်းဟောင်း ထပ်ထိုးရ၏၊ နဝံ ဖြစ်၏။

**မှတ်ရန်**....ဘုရားလက်ထက်က သူခိုးကို မိ၍ သင်္ကန်းကို ရွေးကြရာ ရဟန်းများ မမှတ်မိကြ၍ မှတ်ဘို့ ခွင့်ပြုသည်။

---

● ဝိကပ္ပနာ၏ အဓိပ္ပါယ်ကို ရေးပါ။

ဝိဂတံ ကပ္ပနာ ဝိကပ္ပနာ၊ ဝိဂတံ– မိမိ ဥစ္စာ အဖြစ်မှ ကင်းအောင်၊ ကပ္ပနာ– ပြုခြင်း၊ မိမိပိုင် အဖြစ်မှ ကင်းအောင် ပြုသော ကိစ္စသည် ဝိကပ္ပနာ ပြုသည်မည်၏။

---

● ဝိကပ္ပနာ ဘေဒနှင့် ဝိကပ္ပနာ ပြုပုံ ပြန်ပုံ ပြပါ။

(၁) သမ္မုခါ ဝိကပ္ပနာ, ပရမ္မုခါ ဝိကပ္ပနာ ၂-ပါး၊

(၂) က-ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ (ပြုပုံ)

ခ-မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။ (ပြန်ပုံ)

---

● ဝိကပ္ပနာ ပြုကျိုး ပြန်ကျိုး ပြပါ။

(က) ဝိကပ္ပနာ ပြုခြင်းဖြင့် သိမ်းဆည်းနိုင်ကျိုး ရ၏, ဝိကပ္ပနာပြုရုံနှင့် သုံးစွဲနိုင်ခွင့်တော့ မရသေးပါ၊

(ခ) ဝိကပ္ပနာ ပြန်ပြီးမှ သိမ်းခွင့် သုံးခွင့် ရ၏။

(ပဥ္စမအကြိမ်)

● သမ္မုခါ ဝိကပ္ပနာ၏ အဓိပ္ပါယ်ကို ရေးပါ။

သဿ မုခံ သမ္မုခံ= မိမိ၏ နှုတ်နှင့်စပ်သော စကားရ၊ သမ္မုခေန ဝိကပ္ပနာ သမ္မုခါ ဝိကပ္ပနာ မိမိ စကားနှင့် စပ်၍ ပြုအပ်သော ဝိကပ္ပနာသည် သမ္မုခါ ဝိကပ္ပနာ မည်၏၊ အတ္တနော ဝါစာယ ဧဝ ဝိကပ္ပနာတိ အတ္ထော ဟူလို။

---

● သမ္မုခါ ဝိကပ္ပနာ ပြုပုံ ပြန်ပုံ ပြပါ။

(က) အပြုခံသူ၏ မျက်မှောက်တွင် မိမိပိုင်ကို တုယှံ ဝိကပ္ပေမိဟု ကိုယ့်ဟာကို တိုက်ရိုက်ပြု၊ မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ....စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြန်။

(ခ) မျက်မှောက် ပုဂ္ဂိုလ်မှ တပါး တခြားရဟန်း၏ အမည်ယူ၍ တခြားရဟန်းအား ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိဟု ဝိကပ္ပနာ ပြုနည်း တမျိုး ရှိ၏၊ ပြန်၍ ပေးသော ရဟန်းက တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇဝါ စသည်ဖြင့် ပစ္စုဒ္ဓိုရ် ဝိကပ္ပနာ ပြန်ရ၏။

(မူလကိုက တခြား၌ရှိသော တိဿအား ဝိကပ္ပနာ ပြုထားသည်)

---

● ပရမ္မုခါ ဝိကပ္ပနာ ပြုပုံ ရေးပါ။

“ဣမံ စီဝရံ တုယှံ ဝိကပ္ပနာယ ဒမ္မိ”ဟု ဦးသုဘကိုလှူ၊ သင့် အသိ ဘသူတုံး ဦးသုဘက မေး၊ ဦးဉာဏဟာ ကျွန်ုပ်၏

အသိပါ ဖြေလျှင်– "ဣမံ စီဝရံ အဟံ ဘဒ္ဒန္တ ဉာဏဿ ဒမ္မိ" ဟု ဦးသုတက မျက်ကွယ်ဦးဉာဏအား ဝိကပ္ပနာ ပြု။

ထို့နောက် ဦးသုတကပင် "ဘဒ္ဒန္တဉာဏဿ သန္တကံ ပရိဘုဉ္စ ဝါ" စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြန်၍ မူလ ရဟန်းအား ပေး၊ ဤ ပရမ္မုခါ ဝိကပ္ပနာ၌ ဦးသုတသာ ဇာတ်လိုက်ဖြစ်၏ ဟူလို။

---

● သမ္မုခါ ပရမ္မုခါ ဝိကပ္ပနာ သဘာဝ အထူးကို ပြပါ။

(က) ကိုယ်တိုင် ဝိကပ္ပနာပြုပြီး, တပါး တခြားသော ရဟန်းစာ ဝိကပ္ပနာ ပြန်ခြင်းသည် သမ္မုခါ ဝိကပ္ပနာ မည်၏။

(ခ) တပါးသော ရဟန်းကို ဝိကပ္ပနာ အပြုခိုင်းပြီး တပါးသော ရဟန်းကပင် ဝိကပ် ပြန်ခြင်းသည် ပရမ္မုခါ မည်၏။

(ဝိကပ္ပနာကို ကိုယ်တိုင် ပြုခြင်းသည် သမ္မုခါ ဝိကပ္ပနာ သူတပါးကို ခိုင်းခြင်းသည် ပရမ္မုခါ ဤသို့ ထူး၏)

---

● ဝိကပ္ပနာ ပြုကောင်းရာ ပုဂ္ဂိုလ်များကို ပြပါ။

ဘိက္ခု, ဘိက္ခုနီ, သာမဏေ, သာမဏေရီ, သိက္ခမာန် ဤ သီတင်း သုံးဘော် ငါးဦးလုံး၌ ပြုကောင်း၏။

---

● ပတ္တ, စီဝရ, နိသီဒန ထိုက်သော အစားကို ပြပါ။

(၁) ဥက္ကဋ္ဌ ဩမကောမက သပိတ် ၂-စားမှ တပါး အလယ်သပိတ် ၇-စားကို ပတ္တအရ ယူ၊

(၂) ဝိကပ္ပနာလောက်သော သင်္ကန်းကို စီဝရအရ ယူပါ။
(၃) အမြိတ် အဆာရှိသော နိသီဒိုင်မျိုးကို ယူပါ။

---

● သူတပါးကို အဖွတ်ခိုင်းလျှင် ဘာအာပတ် သင့်သနည်း။

ခိုင်းလျှင် ဒုက် သူတပါးက ဖွတ်လျှင် ခိုင်းသူ ပါစိတ်။

---

● အထားမတော်၍ မှတ်အောင် ဝှက်ရာ အသို့နည်း။

မတော်၍ မှတ်အောင် ဝှက်ထားရာ၌ အနာပတ္တိ။
ဒုန္နိက္ခိတ္တံ ပဋိသာမေန္တဿ....အနာပတ္တိ။

---

● ဟသာ ပေက္ခာ အရ ရည်ရွယ်ပုံ အခြင်းအရာ ပြပါ။

ရှာမတွေ့၍ အူကြောင်ကြောင် ပြာလောင် ခတ်နေသည်ကို ရယ်ရွှင် ပျော်မြူးလိုခြင်းသည် ဟသာ ပေက္ခ မည်၏၊ ညှဉ်းပန်းလို၍ ဝှက်ရာလည်း ပါစိတ် သင့်သည်ပင်။

---

● ပတ္တ စသည်မှ တပါးသော ရဟန်း၏ ပရိက္ခရာနှင့် လူသာမဏေ၏ သင်္ကန်းစသည်ကို ဝှက်ထားရာ အသို့နည်း။

မေးခွန်းပါ ပစ္စည်းများကို ဝှက်ရာ၌ ဒုက် သင့်။
ပတ္တာဒီနိ ဌပေတွာ အညံ ပရိက္ခာရံ ဥပသမ္ပန္နဿဝါ၊
အနုပသမ္ပန္နဿ ဝါ သန္တကံ အပနိဓေန္တဿ ဒုက္ကဋံ။

---

## သပါဏကဝင်

● ပါဏ အရ အဘယ် သတ္တဝါမျိုး ယူပါသလဲ။

(ပဋမအကြိမ်)

ကိစ္စာ၌–အဝူပသန္တံ, ဒုဝူပသန္တံ, ပုနဝူပသမေတာဖွံ၊ အစိကရုဏ်း ၄-ပါး၌ အခြင်းအရာ ၃-မျိုးစီ=၁၂-ပါး။

---

● အဆုံးမရှိ ဆက်သင့်ပုံ, အဆုံးသတ်ပုံ ပြပါ။

(က) တိဿက ဒတ္တအား မပြောပါနှင့် ပိတ်လိုက်၍ ဒတ္တက မပြောဘဲ နေလျှင် ဒတ္တ၌ ပါစိတ်၊ ဒတ္တ ကိုယ်တော်က နာဂအား, နာဂက ဖုဿအား အဆင့်ဆင့် ပိတ်လျှင် အဆက်ဆက် ရာထောင်အထိ သင့်၏။

ဝေံ သတမ္ပိ ဘိက္ခူနံ,
သဟဿမ္ပိ စ ယာဝ တံ၊
အာပဇ္ဇတေဝ အာပတ္တိံ,
ယာဝ ကောဋိ န ဆိဇ္ဇတိ။

(ခ) ဒု–ရဟန်းက ပ–ရဟန်းအား ပြန်ပြောရာ အာပတ် ပြတ်၏။

(တိဿက ဒတ္တကို ပြောလိုက်ရာ ဒတ္တက တိဿကို ဒုတိယတဖန် ပြန်ပြောသော အခါမှ အာပတ် ပြတ်၏။

---

● ဦနဝီသတိဝဿကို ရဟန်းခံပေးရာ အာပတ်ပြပါ။

(က) ဥပဇ္ဈာယ် ဆရာ၌ ပါစိတ် အာပတ် သင့်၏၊

(ခ) ကာရက သံဃာ, ကမ္မဝါဆရာ၌ ဒုက်သင့်၏။

[(ပဥ္စမအကြိမ်)]

● ဥိနဝိသတိဝဿ ပုဂ္ဂိုလ်မှန်း မသိ၍ ရဟန်းခံပေးရာ ရဟန်း အစစ် ထင်နေလျှင် အသို့ဖြစ်သနည်း။

မသိ၍ အပြစ်မရှိ၊ သိရာအခါ ထပ်၍ ရဟန်းခံရ၏။

သော ပိယာဝ န ဇာနာတိ,
တာဝဿ နေဝ သဂ္ဂန္တရာယော
န မောက္ခန္တရာယော၊
ဉတ္တွာ ပန ပုန ဥပသမ္ပဇ္ဇိတဗ္ဗံ။

● ဥိနဝိသတိဝဿ ရဟန်းသည် ရဟန်းထင်၍ ကံဆောင်ရာ ၁၀-ဝါကျော်၍ ဥပဇ္ဈာယ်ပြု ရဟန်းခံရာ အသို့နည်း။

(က) မူရင်းက ရဟန်း မဟုတ်၍ သူပါမှ ဂိုဏ်းပြည့် ပြု၍ ဆောင်ရသော် ကံမမြောက် ကံ ပျက်တော့၏။

(ခ) သူမှ တပါး သံဃာ အရေ အတွက် စေ့လျှင် သူ ဥပဇ္ဈာယ် လုပ်၍ ခံရသော ရဟန်းမှာ ကံမြောက် ပါသည်။

သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ, တံ စေ မုဉ္စိတွာ ဂဏော ပူရတိ, သူပသမ္ပန္နော။

● ကုန်သည်ကို ဘာ့ကြောင့် ထေယျသတ္တ ခေါ်သနည်း။

အစိုးရ ထားသော ကင်းကို ခိုး၍ ထွက်သွားသော ကုန် သည် ဖြစ်သောကြောင့် ထေယျသတ္တ ခေါ်ပါသည်။

(ကုန်သည်ယောင် ဆောင်လျက် ခိုးဝှက် တိုက်ခိုက်နေသည် ဟု မယူအပ်)

● မာတုဂါမေန သိဒ္ဓိံ၌ မာတုဂါမ အရ ပြပါ။

လူမိန်းမ, ကေတော ဥပသမ္ပန္န ဘိက္ခုနီ, သာမဏေရီ, သိက္ခမာန်တို့ကို မာတုဂါမ အရ ယူပါသည်။

ဣဓ ကေတော ဘိက္ခုနီ သံဃတော ဥပသမ္ပန္နာ ဘိက္ခုနီစ, သိက္ခမာနာ စ, သာမဏေရိယော စ သင်္ဂဟံ ဂစ္ဆန္တိ။

**မှတ်ရန်**....အတ္ထုပ္ပတ္တိအား လျော်စွာ ဘိက္ခုနီ သံဝိဓာန နှင့် ခွဲ၍ ပညတ်ရသည်၊ သဘောသွား အတူပင်။

---

● ဘိက္ခုနီ သံဝိဓာနနှင့် ဤသိက္ခာပုဒ် ၂-ပါး၌ ထူးခြားချက် ရှိသရွေ့ ထုတ်ပြပါ။

သာသက် သပ္ပဋိဘယ အခါ ဘိက္ခုနီ သာမဏေရီ သိက္ခမာန် တို့နှင့် အတူ တိုင်ပင် သွားခွင့် ချွင်းချက် အနုပညတ် ရသေး၏။

ဤ သိက္ခာပုဒ်၌ အနုပညတ် မရှိ၍ ဘယ်နည်းနှင့်မှ မသွားကောင်း၊ ထို့ကြောင့် ဘုရားဖူး စသည် တိုင်ပင် သွားကြရာ ပါစိတ် သင့်၏။

---

● အဘယ် အန္တရာယ်သည် ဘယ်သဘော ရှိသနည်း။

(၁) ပဉ္စာနန္တ၊ ဒူသက၊ ကမ္မ အန္တရာယ်။

က-ပဉ္စာနန္တရိယ ကံသည် နတ်ရွာ, မဂ်, ဖိုလ် ကို မြစ်၏။

ခ-ဘိက္ခုနီ ဒူသက ကံ သည် မဂ်, ဖိုလ်ကိုသာ မြစ်၏။

(၂) နိယတ မိစ္ဆာဒိဋ္ဌိ ဟူသော ကိလေသန္တရာယ်သည် သဂ္ဂ, မဂ္ဂ, မောက္ခအားလုံးကို တားမြစ်၏။

(၃) ဝိပါကန္တရာယ်သည် မဂ္ဂ, မောက္ခကိုသာ မြစ်၏။

(၄) အရိယူပ ဝါဒန္တရာယ်သည် မောက္ခ, မဂ္ဂ ကိုသာ မြစ်၏၊ သို့သော် ကန်တော့လျှင် ပျောက်၏။

(၅) သစိတ္တက အာပတ် ဟူသော ဝီတိက္ကမန္တရာယ် အာပတ် မျိုးသည် သဂ္ဂ, မဂ္ဂ, မောက္ခကို မြစ်၏၊ သို့သော် ဆိုင်ရာ ကုစားလျှင် ပျောက်၏။

---

● အကဋ္ဌာနုဓမ္မ သဘာဝတ္ထကို ရှင်းပြပါ။

ဥက္ခေပနီယ ကံအား လျော်သော, ဝါ-ဥက္ခေပနီယ ကံ၏ နောက်၌ ပြုအပ်သော ဩသာရဏာ ပြန်သွင်းမှုသည် အနုဓမ္မ၊

ထိုအနုဓမ္မခေါ် ဩသာရဏာကံ မပြုအပ်သေးသော မရှု, မကု, မစွန့်သူ ဥက္ခိတ္တက ရဟန်း ၃-စားကို အကဋ္ဌာနုဓမ္မ ခေါ်၏။

(အနုဓမ္မ မပြုရသေးသော ဥက္ခိတ္တတ ရဟန်းဟူလို)

---

● သံဘောဂ သံဝါသ သရုပ်ကို အသီးသီး ရေးပြပါ။

(က) ပစ္စယ သမ္ဘောဂ, ဓမ္မ သမ္ဘောဂ ၂-ပါး။

(ခ) ကေုဒ္ဒေသ, ဧက ကမ္မ, သမ သိက္ခတာ အားဖြင့် သံဝါသ ၃-ပါး။

● အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂ ပြပုံရေးပါ။

(က) သံ-ကောင်းစွာ, ဝါ-အတူ၊ ဘောဂ-သုံးဆောင်ခြင်း၊ ပစ္စည်း ၄-ပါး အပေး အယူ ဆက်ဆံမှုသည် အာမိသ သမ္ဘောဂ။

(ခ) စာချပေးခြင်း သူ့ဆီမှာ စာတက်ခြင်း စသည် ပြုခြင်းအားဖြင့် ဆက်ဆံမှုသည် ဓမ္မ သမ္ဘောဂ၊

ဤသို့သံဝါသ နှစ်ပါး ထူးသည်။

---

● "သဟ ဝါ သေယျံ"၏ အဆောက် အဦ ပြပါ။

ကေဆန္တဖြစ်၍ ကျူပစာ နာနူပစာ အဆောက်အဦ တခုခုကို အာပတ် သင့်ရာ အဆောက်အဦ ဟု ယူ။

---

● ဘယ်လိုအိပ်လျှင် ဘယ်အခါ အာပတ် သင့်သလဲ။

တဦးဦးက အလျောင် ဖြစ်စေ ပြိုင်တူ ဖြစ်စေ တညဥ့်မျှ ထိုသာမဏေမျိုးနှင့် အိပ်လျှင် ထို ညဥ့်မှာပင် ပါစိတ် သင့်၏။ (ဒိရတ္တ တိရတ္တ မဆိုင်း)

---

● သမဏုဒ္ဒေသ ခေါ်ပုံ ရှင်းပြပါ။

ရဟန်း နှင့် အသွင်တူ၍ ရဟန်းဟု ညွှန်အပ်သော သာမဏေသည် သမဏုဒ္ဒေသ မည်ပါသည်။

သမဏော ဣတိ ဥဒ္ဒေသော သမဏုဒ္ဒေသော။

(ပဥ္စမအကြိမ်)

● နာသန ဘေဒ နှင့် ဤအရာ၌ အဓိပ္ပေါတ္ထကို ပြခဲ့ပါ။

'သံဝါသနာသန၊
လိင်္ဂနာသန၊
ဒဏ္ဍနာသန ၃-ပါး။
ဒဏ္ဍကမ္မ နာသန တပါးကိုသာ ဤ၌ ယူအပ်၏။

**သံဝါသေနာ၊ လိင်္ဂနာ၊ ဒဏ္ဍကမ္မာ သုံး။**
**ဒဏ္ဍကမ္မာ၊ နာသနာ၊ ဣဓ ဝိပ္ပေတာ။**

**မှတ်ရန်** .... သာမဏေ၌ သံဝါသ မရှိ၍ သံဝါသ နာသန မရ, သင်္ကန်းချွတ် လူဝတ်လဲစေသော လိင်္ဂနာသနလည်း မရ, နှင်ဒဏ်ပေးသောဒဏ္ဍကမ္မ နာသန တပါးသာ ရ၏ ဟူလို။

---

● ဥပလာပေယျ အရ သွေးဆောင်ပုံကို ပြပါ။

သပိတ် သင်္ကန်း ပေးမည် စာချပေးမည် စသည်ဖြင့် နှင်ဒဏ် ပေးထားသော သာမဏေအား ပြောမှုသည် ဥပလာပနမည်၏။

---

## သဟာဓမ္မိကဝင်

● အနာဒရိယ နှင့် ဤ သိက္ခာပုဒ် အထူးကို ရေးပါ။

(က) အနာဒရိယ သိက္ခာပုဒ်၌ "သင်ပြော သလို ငါမကျင့်နိုင်" ဟု တိုက်ရိုက် ပုဂ္ဂလ, ဓမ္မကို စော်ကားသည်။

(ခ) ဤ သိက္ခာပုဒ်၌ "တတ်ကျွမ်းသူကို မမေးရသေးအရွေ့ မကျင့်နိုင် သေးဘူး" ဟု သွယ်ဝိုက်၍ စော်

ကားသည်၊ (တကယ် မသိ၍ "မေးပါရ စေဦး" ဟူ၍ကား ဆိုကောင်း၏။)

---

● သုတ္တန် အဘိဓမ္မာကြောင်းနှင့် ဆုံးမသောအခါ သွယ်ဝိုက်၍ (မရှိသေဘဲ) ငြင်းဆန်လျှင် ဘာ အာပတ်လဲ။

သုတ္တန် အဘိဓမ္မာကြောင်းကို ငြင်းဆန်ရာ၌ ဒုက် သင့်၏။ (အနာဒရိယ, ဒုဗ္ဗစစိတ်သာ ပဓာနဖြစ်၍ အာပတ် သင့်၏၊)

---

● ဥဒ္ဒိဿမာနေ အရ ဘယ် အခါကို ယူရမည်နည်း။

ဆရာက ချပို့ပေးရာ, ရွတ်အံ ပြန်ဆိုရာ, ပါတိမောက် ပြရာ ဤအခါ အားလုံးကို ဥဒ္ဒိဿ ကာလ ယူရပါသည်။

---

● ခုဒ္ဒါနုခုဒ္ဒက ကို ဝစနတ္ထ ပြု၍ ကောက်ပြပါ။

(၁) ခုဒ္ဒကဥ္စ, အနုခုဒ္ဒကဥ္စ, (ပိုင်း၍ဟယ်) ခုဒ္ဒါနု ခုဒ္ဒကံ၊

(၂) သံဃာဒိသိသ် ခုဒ္ဒက, ကျန် အားလုံး အနုခုဒ္ဒက၊
တန်-နိဿဂ္ဂိသည် ခုဒ္ဒက, ကျန် အနုခုဒ္ဒက၊
တန်-ဒုက္ကဋ်သည် ခုဒ္ဒက, ကျန် အနုခုဒ္ဒက၊

(ဤသို့ ခုဒ္ဒါနု ခုဒ္ဒက အရ ရဟန္တာများသော်မှ အတိအကျ အမှန် မမိန့်နိုင်ကြ၍ သင်္ဂါယနာ တင်စဉ်ကပင် မပြတ်သား ခဲ့ပေ။)

[(ပဉ္စမအကြိမ်)]

● ကုက္ကုစ္စ, ဝိပ္ပဋိသာ, ဝိလေခါ အထူး ကောက်ပြပါ။

(၁) ယုံမှားခြင်း နှလုံးမသာခြင်းသည် ကုက္ကုစ္စ၊

(၂) စိတ်ဆင်းရဲ ငြိုငြင်မှုသည် ဝိပ္ပဋိသာ၊

(၃) ဝိစိကိစ္ဆာသည် ဝိလေခါ မည်ပါသည်။

(နောက် ၂-မျိုးသည် ဝိစိကိစ္ဆာ၊ တနဲ-အစ ၂-ပါးသည် ကုက္ကုစ္စ, နောက်ဆုံး တပါးသည် ဝိစိကိစ္ဆာတည်း။)

---

● မောဟန သိက္ခာပုဒ်၌ ဘယ်အခါ ဘာအာပတ်လဲ။

(က) ဣဒါနေဝ .... ဥဒ္ဒေသံ အာဂစ္ဆတီတိ ပြောရာ ဒုက် အာပတ် သင့်ပါသည်။

(ခ) မောဟာရောပန ကံ၏ အဆုံး၌ ပါစိတ် သင့်၏။

---

● မောဟာရောပနကံ ပြုပုံ ပါဠိ ရေးပါ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (တိဿော) ဘိက္ခု ပါတိမောက္ခေ ဥဒ္ဒိဿမာနေ သာဓုကံ အဋ္ဌိံ ကတွာ န မနသိ ကရောတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (တိဿဿ) ဘိက္ခုနော မောဟံ အာရောပေယျ၊ ဧသာ ဉတ္တိ....

စသော ဉတ္တိ ဒုတိယ ကံဖြင့် ပြုရ၏။

---

● မောဟကံ တင်ပြီး ပြီးခြင်း ပါစိတ် သင့်သလော။

မောဟကံ တင်ပြီး ထပ်ပြောမှ အာပတ် သင့်သည်။ (ကံ အဆုံး၌ မသင့်သေး)

(ပဌမအကြိမ်)

● လူ့ သာမဏေကို ရိုက်ရာ လက် ခြေ နား စသည်ကို ဖြတ်ရာ, အရိုက်လွန်၍ သေသွားရာ၌ ဘာ အာပတ်လဲ။

(က) လူ့ သာမဏေကို ရိုက်ရာ, လက် ခြေ စသည် ဖြတ်ရာ ဒုက် **အာပတ်** သင့်၏။

(ခ) ရဟန်းကို ရိုက် ရင်း သေ လျှင် ရိုက်ပြစ် ပါစိတ်ပင်၊ သာမဏေ လူကို ရိုက်ရင်း သေလျှင် ရိုက်ပြစ် ဒုက္ကဋ် သာ သင့်၏။ (သေ စေ လို သော စေတနာ မရှိ၍ ရိုက်ပြစ်, အာပတ်သာ ဟူလို)

---

● မိမိအား စော်ကားလာ၍ ကာကွယ်ရင်း ရိုက်ရာ, လက်လွန်၍ သေသွားရာ၌ အသို့ ဆုံးဖြတ်မည်နည်း။

လွတ်အောင် ကာကွယ်ရာ၌ သေစေကာမူ အနာပတ္တိ။

ကေနစိ ဝိဟေဌိယမာနဿ ပန
မောက္ခာဓိပ္ပါယဿ အနာပတ္တိ။

---

● ချစ်စိတ်ဖြင့် မာတုဂါမအား ရိုက်လျှင် အသို့နည်း။

ချစ်စိတ်ဖြင့် ရိုက်နှက်သောကြောင့် သံဃာဒိသိသ် သင့်၏။

(မေထုန ရာဂအထိ မရည်ရွယ်သော အချစ်ယူ)

သစေ ပန သာရတ္တော ဣတ္ထိံ ပဟရတိ,
သံဃာဒိသေသော။

(မေထုန ရာဂဖြင့် ဣတ္ထိ ပုရိသကို ရိုက်ရာ၌ ဒုက်)

(ပဥ္စမအကြိမ်)

● ဘားကို လွတ်လို၍ မြွေကို ဖိထားရာ အသို့နည်း။

ဘားကို လွတ်အောင် မြွေခေါင်း ဒုတ်ဖြင့် ဖိရာ အနာပတ္တိ ဖြစ်ပါသည်။

မောက္ခာဓိပ္ပါယေန ဒဏ္ဍကောဋိယာ သပ္ပါဒိံ ဿရွေတွာ မဏ္ဍူကာဒိံ မောစေန္တဿပိ အနာပတ္တိ ဧဝ။ (ဝိမတိ)

---

● ပြောင်ချော်၍ ရိုက်လျှင် အဘယ်သို့ ဆိုမည်နည်း။

ပြောင်ချော် လွဲဖယ် ရိုက်လျှင် ဒုက်၊ လွဲဖယ် ရိုက်ရင်း မတော် တဆ ထိမိ၍ ပေါက်ကွဲသွားလျှင်လည်း ဒုက္ကဋ် အာပတ် သင့် ပါသည်။

န ပဟရိတု ကာမတာယ ဒိန္နတ္တာ ဒုက္ကဋ မေဝ။

---

● အမူလက သံဃာဒိသိသ်ဖြင့် စွပ်စွဲရာ ခံရသောရဟန်းက စွပ်စွဲ မှန်းမသိခဲ့သော် အဘယ်သို့ ဆုံးဖြတ်မည်နည်း။

စွပ်စွဲသော ဇောဉ် ငါ့ စွပ်စွဲတာဘဲဟု မသိလျှင် ဝါ-နောက် မှသိလျှင် ဒုက္ကဋ် သင့်၏၊ စွပ်စွဲခိုက်မှာ ချက်ခြင်း သိမှ ပါစိတ်။

---

● တခြား ရဟန်းအား စွပ်စွဲခိုင်းရာ အသို့နည်း။

(က) စွပ်စွဲခိုင်းသော ရဟန်းသာ ပါစိတ် သင့်၏၊

(ခ) အကယ်၍ ငါလည်း သိ၏ဟု ၂-ဦးသဘောအရ စွပ် စွဲလျှင် ခိုင်းသူရော စွပ်စွဲသူပါ စကားအခွန်းရေတိုင်း ပါစိတ် သင့်၏။

(ပဥ္စမအကြိမ်)

● ကုက္ကုစ္စ ဖြစ်စေပုံ အခြင်းအရာကို ရေးပါ။

"သင်ဟာ အသက်မစေ့ဘဲ ရဟန်းခံခဲ့ဘာဘဲ" "မွန်းလွဲမှ ဆွမ်းစားတာဘဲ"ဤသို့ ပြောခြင်းသည် ကုက္ကုစ္စယုံမှားမှုကို ဖြစ်စေသည် မည်၏။

(တကယ် အသက်မစေ့ဘူးထင်၍ငင်း မွန်းလွဲတာဘဲ ထင်၍ ငင်း ပြောရာ အနာပတ္တိ)

---

● တဖက်သား ကုက္ကုစ္စ ဖြစ်မှ သင့်သလော။

အစွပ်စွဲခံ ရဟန်းမှာ ကုက္ကုစ္စဖြစ်ဖြစ်, မဖြစ်ဖြစ် ပါစိတ်။
ပရော ကုက္ကုစ္စံ ဥပ္ပါဒေတု ဝါ, မာ ဝါ, တံ အပ္ပမာဏံ။

---

● ဘဏ္ဍန, ကလဟ, ဝိဝါဒ အထူး ပြပါ။

(၁) တိုင်ပင် စိုင်းပြင်းမှုသည် ဘဏ္ဍန၊
(၂) ကိုယ်,နှုတ်ဖြင့် ကျူးလွန်ခြင်းသည် ကလဟ၊
(၃) ငြင်းခုံခြင်းသည် ဝိဝါဒ မည်၏။

---

● ဥပသုတိအရ ပမာဏကို ပြပါ။

ချဉ်းကပ်၍ နားထောင်ရာ ၁၂-တောင်ခန့် အနီးအရပ် ယူရပါသည်။

---

● နား သွားထောင်ရာ ဘယ်အခါ ဘာအာပတ်လဲ။

၁၂-တောင်အနီးမရောက်မီ ခြေလှမ်းတိုင်း ဒုက်သင့်, ၁၂-တောင် အနီးရောက်လျှင် ပါစိတ် သင့်၏။

(ပဌမအကြိမ်)

(ဆွမ်းပေးဘို့ သွားရာ ပါစိတ်, အေးရာ အေးကြောင်း ပြောဆို နားချဘို့ သွားရာ၌ အနာပတ္တိ)

● ဓမ္မိကာနံကို ဝစနတ္ထပြု၍ ဘေဒ ပြခဲ့ပါ။

ဓမ္မေန ဝေဒေသု အတ္တီတိ ဓမ္မိကာနိ- ဟုတ်မှန်သော ဓမ္မ သဘော ရှိကုန်သော ကံများသည် ဓမ္မိက မည်ကြ၏။

(၁) အပလောကနကံ,

(၂) ဉတ္တိကံ,

(၃) ဉတ္တိ ဒုတိယကံ,

(၄) ဉတ္တိ စတုတ္ထကံ။

အပ,ဉတ္တိ၊ ဉတ် ဒုတိ၊ ဉတ္တိ စတုတ္ထ၊
ဓမ္မိကာနိ၊ ကမ္မာနိ၊ အတ္တိ စတုက္က။

● ကံ ၄-ပါး၏ ဌာနချုပ် အသီးသီးကို ပြပါ။

ပ-ငါးဌာန၊ ဉတ်-နဝ၊ သေသ သတ္တဌာန်။

● ပ-ငါးဌာန အရ ရေတွက်ပြခဲ့ပါ။

(၁) ဩသာရဏ၊  (၃) ဘဏ္ဍုကမ္မ၊
(၂) နိဿာရဏ၊  (၄) ဗြဟ္မဒဏ္ဍ၊
(၅) ကမ္မလက္ခဏ၊ (အပလောကနကံ ဌာန ငါးပါး)

ဩ,နိဿာရဏ၊ ဘဏ္ဍုကံ၊ ဗြဟ္မ, ကမ္မငါး။

(ပဋ္ဌမအကြိမ်)

● ဥတ္တိက် ၉-ဌာန "ဥတ်နဝ" ပြပါ။

(၁) ဩသာရဏ၊
(၂) နိဿာရဏ၊
(၃) သမ္ပုတိ၊
(၄) ဒါန၊
(၅) ဥပေါသထ၊
(၆) ပဝါရဏ၊
(၇) ပဋိဂ္ဂဟ၊
(၈) ပစ္စုကစ္စန၊
(၉) ကမ္မလက္ခဏ။

(ဥတ္တိက် ၉-ဌာန)

ဩ,နိ,ဥ,ပ၊ သံ,ဒါ,ဟ၊ ပစ္စုကစ္စ, ဥတ်နဝ။

---

● သေသ သတ္တဌာန်အရ ဥတ္တိဒုတိယ ဌာနကို ပြပါ။

(၁) ဩသာရဏ၊
(၂) နိဿာရဏ၊
(၃) သမ္ပုတိ၊
(၄) ဒါန၊
(၅) ဥဒ္ဒါရဏ၊
(၆) ဒေသနံ၊
(၇) ကမ္မလက္ခဏ၊

ဥတ္တိဒု-က် ၇-ဌာန်)

---

● ဖြဟ္မဒဏ်ကို အသုံးပြုခဲ့ဘူးပုံ ရေးပါ။

ဘုရားဘက်တော် မြင်းမီးဆွဲ ဆန္န မထေရ်အား မာနတက်၍ အပြောရ ခက်သောကြောင့် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတိုက်၌ အရှင်အာနန္ဒာက ပြုဘူးပါသည်။

(ဆန္န မာန်ကျလာတော့မှ အပလောကနကံဖြင့် တဖန်ပြန်နှုတ် ယုတ်သိမ်းခဲ့ရဘူးပြီ)

[(ပဌမအကြိမ်)

● ကမ္ဗဝါဘတ်၍ ကံဆောင်နေခိုက် ကံ ပျက်အောင် ဟတ္ထပါသ်မှ ထွက်သွားရာ ဘယ်အာပတ် သင့်သလဲ။

ဟတ္ထပါသ် မလွန်မီ ပယောဂတိုင်း ဒုက်၊ လွန်လျှင် ပါစိတ်အာပတ် သင့်ပါသည်။

(ကမ္ဗဝါ၏ နိဂုံး, ခါရယာမိကျမှ ကံ ပြီးသည်)

---

● တွက်သွားကောင်းသော အကြောင်းများ ပြပါ။

ဂိလာန စောင့်ရှောက်ရေး မိမိကိုယ်တိုင် နေမကောင်း ထိုင်မသာ အတွက် ကျင်ကြီး ကျင်ငယ် ကိစ္စအတွက် ဖျက်ဆီးလိုစိတ်မရှိဘဲ စိတ်ကောင်းနှင့် ထွက်သွားရာ အနာပတ္တိ။

---

● ပက္ကမေယျ အရ အာပတ်သင့်ရာဌာန ပြပါ။

သိမ်တွင်းမှာပင် ဝင်ပြီးဖြစ်ပြီး၊ ကံပျက်စေလို၍ ဟတ္ထပါသ်အရပ်ကို စွန့်ဖယ်၍နေလျှင် ပါစိတ် သင့်၏၊ သိမ်၏ အပြင်ပကျအောင် ဖယ်သွားလျှင် အနာပတ္တိ။

(သမာန သီမာယံ ဌိတဘာာ ဟတ္ထပါသ ဝိဇဟနံ၊ ဤအဂ်ါများကို ထောက်)

---

● အဝေဘင်္ဂိယ ဝတ္ထုနှင့် ဝေဘန်ပြစ်ကို ပြခဲ့ပါ။

အာရာမော အာရာမဝတ္ထု၊
ဝိဟာရော တဿ ဝတ္ထုစ၊
မဉ္စော ပီဌံ ဘိသိ ဗိမ္ဗော၊
ဟနာဒိ သယနာသနံ။

(ပဥ္စမအကြိမ်)

လောဟကုမ္ဘီ ကဋ္ဌာဟော စ၊
လောဟဘာဏကဝါရကော၊
ကုဋ္ဌာရီ ဝါသိ ဖရသု၊
ကုဒါလော စ နိခါဒနံ။
ဝလ္လိ ဝေဠု တိဏံ ပဏ္ဏံ၊
မုဉ္စ ပဗ္ဗဇ မတ္တိကာ၊
ဒါရုမတ္တိက ဘဏ္ဍာနိ၊
ပဉ္စတေ အဝိဘာဇိယာ။

အဝေဘင်္ဂိယကို ဝေဘန်လျှင် ထုလ္လစ္စည်းအာပတ်၊ ဝေဘန်သော်လည်း ဝေဘန်ရာမရောက်။

ထုလ္လစ္စယံ ဘာဇယကော, ဘာဇိတာ ပိ အဘာဇိတာ။

---

● နိဿဂ္ဂိ ပရိဏတနှင့် ဤ ပရိဏတ အထူးကို ပြပါ။

နိဿဂ္ဂိ၌ မိမိအား ဤ၌ ပုဂ္ဂိုလ်အား ညွတ်မှု ထူး၏။

တတ္ထ အတ္တနော ပရိဏာမိတတ္တာ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ဣဓ ပုဂ္ဂလဿ ပရိဏာမိတတ္တာ သုဒ္ဓိက ပါစိတ္တိယံ။

---

ရတနဝဂ်

● ဒုတိယ သိက္ခာပုဒ်၏ ရတနာအပြား ရေးပါ။

မုတ္တာ, မဏိ, ဝေဠုရိယံ၊
သင်္ခါ, သိလာစ ပဝါဠံ၊
ရဇတံ ဇာတရူပဉ္စ၊
လောဟိတင်္ဂ, မသာရဂံ။ (၁၀-ပါး)

● ရတနသမ္မတအရ ရေတွက်ခဲ့ပါ။

ပုတီး, နှားဒွောင်း, အဝတ်အစား အသုံးအဆောင်ကို ယူ။ (လူတို့၏ အတွင်းအပြင် အသုံးအဆောင် အားလုံးရ၏။)

---

● အဇ္ဈာရာမ် အဇ္ဈာဝသထံ အရ ရှင်းပြပါ။

(က) အာရာမံ အဓိကိစ္စ ပဝတ္တတီတိ အဇ္ဈာရာမံ= စည်းရိုးရှိလျှင် ၎င်းအတွင်း၊ မရှိလျှင် ခဲ ၂-ပစ်အတွင်း ယူ၊

(ခ) အာဝသထံ အဓိကိစ္စ ပဝတ္တတီတိ အဇ္ဈာဝသထံ= အကာရှိလျှင် အကာအတွင်း, မရှိလျှင် ကျည်ပွေ့ တကျ ယူ။

(အာရာမ်တွင်း မိမိကျောင်းမှာ ရတနာကျန်ခဲ့လျှင် သိမ်းထားရသော တာဝန်ရှိ၏၊ မသိမ်းလျှင် ဒုက်)

---

● ဘယ် ရတနာကို ဘယ်လိုယူထားလျှင် ဘာအာပတ်လဲ။

(၁) ရွှေ,ငွေကို မိမိ အတွက် ကိုယ်တိုင် ဖြစ်စေ သူတပါးကို ဖြစ်စေ ကောက်ယူ စေလျှင် နိဿဂ္ဂိယ ပါစိတ် သင့်၏။

(၂) သံဃ ဂဏ ပုဂ္ဂလ စေတီ အတွက် နဝကမ္မ အကျိုးငှါ ကောက်ယူလျှင် ဒုက္ကဋ် သင့်၏။

(၃) ရွှေ,ငွေမှ တပါး ပုလဲ, ပတ္တမြား စသည်ကို မိမိအတွက် ဖြစ်စေ သံဃာစသည်တို့၏ အတွက်ဖြစ်စေ ကောက်လျှင် ဒုက်။

(ပဥ္စမအကြိမ်)

● ဒကာ ဒကာမများ၏ ပစ္စည်းကို သိမ်းကောင်းသလော။

စောင့်ရှောက်သော အနေနှင့် အမိပစ္စည်း ဖြစ်စေကာမူ ကပ္ပိယ အကပ္ပိယ ပစ္စည်းအားလုံးကို သိမ်းခဲ့လျှင် ပါစိတ်။

(မိဘပစ္စည်းကို မနေသာလျှင် ကိုယ်ပိုင် အနေနှင့် သိမ်းတော့၊ ပစ္စည်းထိမ်းရဟန်းများ သတိပြုကြ။)

---

● အနုပညတ် ပါဠိများ ထုတ်ခဲ့ပါ။

(က) အညတြ အဇ္ဈာရာမာ ဝါ=ပ-အနုပညတ်၊

(ခ) အညတြ အဇ္ဈာဝသထာ ဝါ=ဒု-အနုပညတ်။

---

● ဝိကာလကို ပိုင်းခြားပြီး ပန်ကြားပုံ ရေးပါ။

(က) မွန်းလွဲသည်မှ အရုဏ်တက် အထိ ဝိကာလ၊

(ခ) ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ၊ တနဲ- ဂါမံ ပဝိသိဿာမိ ဟူ၍ ပန်ကြားရ၏။

---

● အာပတ် သင့်ရာ ခေတ်ဌာနကို ပြပါ။

စည်းရိုးကို ဖြစ်စေ စည်းရိုးမရှိက ဥပစာ ထိုက်သော အရပ်ကို ဖြစ်စေ, ပ-ခြေလှမ်းလျှင် ဒုက်၊ ဒု-ခြေလှမ်းလျှင် ပါစိတ် အာပတ် သင့်ပါသည်။

---

● ကျောင်းမှာ မေ့ပြီး ရွာနားကျမှ ပန်ကြားဘို့ရန် သတိရခဲ့သော် အတူသွားချင်း ပန်ကြားကောင်း သလော။

အတူ သွားချင်းပင် အချင်းချင်း ပန်ကြားလျှင်လည်း ပန်ကြား ကောင်းပါသည်။

(ပဥ္စမအကြိမ်)

● တခြားရွာသို့ ဆက်သွားလိုလျှင် အသို့ပြုရသနည်း။

ဒီရွာမှာ ကိစ္စ မပြီး၍ တဆက်တည်း ဆက်ကာ တခြားရွာသို့ သွားလိုသော် ပန်ကြားခွင့် မရှိ ဆက်သွားနိုင်၏၊ အကယ်၍ ဒီရွာမှ တက်ကာ ကျောင်းပြန်လာစဉ် လမ်းကျမှ တခြားရွာသို့ သွားလိုသော် ထပ် ပန်ကြား ရ၏၊ မူလ ပန်ကြားချက်အတွက် အာလယ ပြတ်ပြီးသောကြောင့် နောက်ထပ် ပန်ကြားရလေသည်။

---

● အနုပညတ် ပြ၍ သန္တံ အရ ရှင်းပါ။

(၁) သန္တံ ဘိက္ခုံ=ပထမ- အနုပညတ်၊

(၂) အနာပုစ္ဆာ-ဒု- အနုပညတ်၊

(၃) တထာရူပါ အစ္စာယိကာ=တ-အနုပညတ်၊

ဤသို့ အနုပညတ် ၃-ပါး ရှိပါသည်။

၁၂-တောင် အတွင်း ရှိလျှင် သန္တံ ဘိက္ခုံ ဆိုရပါသည်၊ ဤ အတွင်း ရှိလျှင် ပန်ကြား, မရှိလျှင် မပန်ကြားဘဲ သွားရ၏။

---

● အင်္ဂုလ်ပါဒကဍ် ပကတိပုရိသ ပမာဏ ပြပါ။

ဘုရား=၈၊ မဇ္ဈိမ=၂၄၊ ပကတိ ပုရိသ= ၃၆—သစ်၊ ၁၂-သစ် ကထွာ၊ ၃၆-သစ် ၃-ထွာ, ၀ါ-တဘောင့်ထွာ။

(ပကတိ တတောင့်ထွာ သာ ခြေ ရှည်ရ၏။)

● ဆေဒနက် အရ ပိုတာကိုဖြတ်မှုသာ အပ်သလော။

တတောင့်ထွာက ပိုသရွေ့ မြေမှာ မြုပ်၍ဖြစ်စေ အခြေကို ပက်လက် လှန်၍ ဖြစ်စေ သုံးစွဲကောင်းပါသည်။

---

● တူလောနဒ္ဓိ၌ ဝစနတ္ထနှင့် တူလဘေဒ ပြပါ။

တူလံ သြနဒ္ဓံ ဧတ္ထာတိ တူလောနဒ္ဓံ၊ (သတ္တမီ ဗဟုဗ္ဗီ) လဲသွတ်၍ ထားအပ်သော အခင်း (မွေ့ရာ) ဟူလို။

က–ရုက္ခတူလ=သစ်သားလဲ၊ (ဂွမ်း)
ခ–လတာတူလ=နွယ်မှ ဖြစ်သော လဲ။
ဂ–ပေါဋကိတူလ=အုန်းမြက် လဲ ၃-စား။

(အနာ ပေါက်ရာ စသည်၌ တူလောနဒ္ဓ အခင်းကို သုံးဆောင်ကောင်း၏။)

---

● သီသပ္ပမာဏကို ဝိဂ္ဂဟပြု၍ ပမာဏကို ပြခဲ့ပါ။

(က) သီသဿ ပမာဏံ သီသပ္ပမာဏံ၊ သီသပ္ပမာဏံ ဝိယ ပမာဏံ ဧတဿ (ဗိမ္ဗောဟနဿာတိ) သီသပ္ပမာဏံ၊

(ခ) အနံ တထွာ ၄-သစ်၊ အလျား ၂-တောင် ပမာဏ။

---

● အဂိလာနအား ခြေအုံး ခေါင်းအုံး ၂-ပါးစုံ အပ်မအပ်၊ ဂိလာနအား ခေါင်းအုံးပေါ် အိပ်အပ် မအပ် ပြခဲ့ပါ။

[(ပဥ္စမအကြိမ်)

(က) အဂိလာနအား အုံး ၂-ပါးစုံ အပ်၏၊
(ခ) ဂိလာနမှာ ခေါင်းအုံးပေါ်တွင် အိပ်ကောင်း၏။

---

● တူလောနဒ္ဓ မဥ္စပိဌကို ကိုယ်တိုင်ပြုရာ, သူတပါးအား ခိုင်းရာ သုံးဆောင်ရာ အာပတ် အသီးသီး ပြပါ။

ကိုယ်တိုင်ပြုရာ ပယောဂ တိုင်း၌ဒုင်း သူဘပါးကို ခိုင်းတိုင်း ၌ဒုင်း ဒုက် အာပတ် သင့်၏။

ကိုယ်တိုင် လုပ်၍ပြီးရာ ခိုင်းထားတာ ပြီး၍ ရရာပါစိတ်၊
ပြီးဆုံး ရရှိ၍ သုံးဆောင်ရာ ဒုက္ကဋ် အာပတ် သင့်၏။

**မှတ်ရန်**...ကိုယ်တိုင် ပြုပြီးရာ ခိုင်းထားတာ ရရာ၌ ပါစိတ်၊ သုံးဆောင်ရာ ဒုက္ကဋ်(သတိ)၊ သူတပါး ခိုင်း၍ လုပ်ပေးရသော ရဟန်းအား ပယောဂတိုင်း ဒုက် သင့်သေး၏။

---

● နိသီဒန ပမာဏနှင့် အနုပညတ် ထုတ်ပြပါ။

နှစ်ထွာ, ထွာခွဲ၊ မြိတ်ဆာတွဲ၊ ပြုမြဲ နိသိဒ်မှာ။
(နိသီဒိုင်နှင့် ဆိုင်ရာကို နိဿဂ္ဂိ၌ ပြန်ကြည့်)

---

● နိသ်ဒိုင်သည် အဘယ်ဇာတ်ရှိ၍ ၎င်းကို အဘယ် အကျိုးငှာ ခွင့်ပြုတော် မူပါသနည်း။

(က) သက်န်းဇာတ် (သက်န်းအမျိုးအစား) ဖြစ်၏၊

(ခ) ကာယ, စီဝရ, သေနာသနကို စောင့်ရှောက်ရန် အကျိုးငှာ နိသီဒိုင်ကို ခွင့်ပြုတော် မူပါသည်။

● အမာလွှမ်းကို သုံးဆောင်ရာ ဌာနနှင့် ပမာဏ ပြပါ။

(၁) ချက်အောက် ဒူးအထက် အနာပေါက်ရာ သုံးရ၏၊
(၂) လေးနှင့် နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍုပဥ္စွဆွာဒိ။

---

● ကဏ္ဍု ယားနာ တမျိုးအတွက်သာ မှတ်ရမည်လော။

ဥပလက္ခဏာ နည်းအားဖြင့် ဆိုထားသည်, အမှန်မှာ အိုင်းနာ သွေးစုနာ ဆီးရောဂါ အစရှိသော ရောဂါများ အားလုံးအတွက် **အသုံးပြုနိုင်ပါသည်။**

---

● သုဂတ စိဝရ၏ ဝစနတ္ထနှင့် ပမာဏ ပြပါ။

(က) သုဂတဿ စီဝရံ သုဂတစီဝရံ၊ သုဂတစီဝရဿ ပမာဏံ ဝိယ ပမာဏံ ဧတဿာတိ သုဂတစီဝရပမာဏံ၊ ဘုရားသင်္ကန်း ပမာဏကဲ့သို့ ပမာဏရှိသော သင်္ကန်း။

| **အလျား** | | **အနံ** |
|---|---|---|
| ဘုရား.... | ၉-ထွာ | ၆-ထွာ၊ |
| မဇ္ဈိမ.... | ၂၇-ထွာ | ၁၈-ထွာ၊ |
| ပကတိ.... | ၄၀ ½ထွာ | ၂၇-ထွာ၊ |

ပကတိ....အတောင် ၂၀-နှင့် ၆-သစ်၊ ၁၃-တောင်ထွာ၊

သုဒ္ဓပါစိတ် ပြီးပြီ။

[(ပဉ္စမအကြိမ်)

## ပါဋိဒေသနီယ

● ပါဋိဒေသနီယ အဓိပ္ပါယ်နှင့် ပြောကြားပုံ ရေးပါ။

(က) ပဋိဝိသုံ ဒေသေတဗ္ဗန္တိ ပါဋိဒေသနီယံ၊ (ပဋိ+ဒိသိ+အနီယ) သီးခြားပြောကြားအပ်သောကြောင့် ပါဋိဒေသနီယ မည်၏၊

(ခ) ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ ပဋိဒေသနီယံ, တံ ပဋိဒေသေမိ၊ (ခံလျှင် ဒုက်၊ မျိုတိုင်း ပါဋိဒေသနီ သင့်၏)

---

● ယာမ ကာလိက ယာဝဇီဝကကိုရင်း ကောတော ဥပသမ္ပန္န ဘိက္ခုနီဆီမှရင်း ခံယူစားသောက်ရာ အသို့နည်း။

ထိုကာလိကများကို ဘိက္ခုနီထံမှခံယူစားသောက်ရာ ပယောဂ တိုင်း ဒုက္ကဋ် အာပတ် သင့်ပါသည်။

---

● ဝေါသာသမာနအရ စီမံပုံပြပါ။

ဣဓ သူပံ ဒေထကား စီမံပုံတည်း၊ (အပသက္က စသည်ကား နှင်ထုတ်ပုံ အခြင်းအရာကို ပြသော စကားတည်း)

(သာမဏေရီ သိက္ခမာန် လူမိန်းမ စသည်တို့က စီမံရာ၌ အနာပတ္တိ)

---

● ကိုယ်ပိုင်ကို ကိုယ်တိုင် ခိုင်းရာ ပေးရာ အသို့နည်း။

(က) ကိုယ်ပိုင်ကို ကိုယ်တိုင်ပေးရာ၌ ပထမ သိက္ခာပုဒ်ဖြင့် အာပတ်သင့်၊

(ပဥ္စမအကြိမ်)

(ခ) သူတပါးအား အပေးခိုင်းရာ လုံးဝ အပြစ်မရှိ။

---

● သူတပါးပိုင်ကို ပေးရာ ခိုင်းရာ အဆုံးအဖြတ်။

(က) သူတပါး ပိုင်ကို ကိုယ်တိုင်ပေးရာ အနာပတ္တိ၊

(ခ) သူတပါးပိုင်ကို အပေးခိုင်းရာ ဒုဖြင့် သင့်၏။

---

● သေက္ခ သမုတ်ထိုက်သူနှင့် သမုတ်ပုံ ပြပါ။

(က) ပစ္စည်းရှား၍ သဒ္ဓါတရား အားကြီးသူကို သေက္ခ သမုတ်ထိုက်သောသူဟု ယူပါသည်၊

(ခ) သုဏာတု မေ ဘန္တေ သံဃော, ဣတ္ထံနာမံ ကုလံ သဒ္ဓါယ ဝဍ္ဎတိ, ဘောဂေန ဟာယတိ, ယဒိ သံဃဿ ပတ္တကလ္လံ, သံဃော ဣတ္ထံ နာမဿ ကုလဿ သေက္ခ သမ္မုတိံ ဒဒေယျ၊ ဧသာ ဉတ္တိ။

ဤသို့ ဉတ္တိ ဒုတိယ ကံဖြင့် သမုတ်ရ၏။

---

● အနုပညတ် ပြ၍ ဂိလာန အခြေအနေပြပါ။

(၁) ပုဗ္ဗေ အနိမန္တိတော

(၂) အဂိလာနော = ၂-ချက်၊

(၃) ဆွမ်းခံ မသွားနိုင်လောက်အောင် နာဖျားနေလျှင် ဂိလာန။

(ပဉ္စမအကြိမ်)

● စတုတ္ထ၌ အရညကနှင့် အနုပညတ် ပြပါ။

(၁) ရွာဥပစာမှ လက်တာ ငါးရာ ကွာသော ကျောင်းသည် အရညက တောရကျောင်း မည်၏၊

(၂) အဂိလာနေ အနုပညတ်တည်း။

(အာစရိယမနေခေါ် ကုလလေးနှင့် အဘာ အပြန် ငါးရာ)

---

## သေခိယ

● သေခိယကို ဝစနတ္ထပြု၍ ရှင်းပြခဲ့ပါ။

သိက္ခိတဗ္ဗန္တိ သေခိယံ၊ သေခ+ဏျ ကမ္မတ္ထ၊ သင်အပ် ကျင့်အပ် အားထုတ်အပ်သောကြောင့် သေခိယ မည်၏။

သိက္ခတီတိ ဝါ သေခေါ အရိယော၊ သိက္ခာသုံးပါးကို သင်တတ် ကျင့်တတ်သောကြောင့် အရိယာ ပုဂ္ဂိုလ်သည် သေခ မည်၏။

သေခဿ ဣဒံ သေခိယံ-အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သေခိယ သိက္ခာပုဒ်ကို ရ၏။

တနဲ—တီသု သိက္ခာသု ဇာတောတိ သေခေါ၊ သိက္ခာသုံးပါး တို့၌ ဖြစ်သော မဂ်ဖိုလ် သမာဓိ ရ၏။

ဣက္ခတိ တောယာတိ ဣက္ခာ၊ ရှုကြောင်းဖြစ်သော မဂ်ဖိုလ် သမာဓိကိုပင် ရ၏၊

သေခေါ စ သော ဣက္ခာ စာတိ သေခိယောဟု တနည်း တွဲရသေး၏။

(ပဥ္စမအကြိမ်)

● သေခိယဥ်သချ်ာနှင့် ကာရက မည္ဟန်းကြောင်း ပြပါ။

(က) ဤ ၇၅-ပါးမှ တပါးသော စုဒ္ဒသ ဝတ်များသည် လည်း ကျင့်အပ်သော သေခိယ တွေချည်း မည် ကြောင်း ပြလို၍ သချ်ာမတပ်ပါ။

(ခ) ပရိမဏ္ဍလကျအောင် မဝတ်တိုင်း ဒုက္ကဋ် သင့်၏ဟု ယူမည်စိုး၍ ပုဂ္ဂလကို မည္ဟန်းပါ၊ အမှန်မှာ အနာဒရိ ယစိတ် မလေးစားသော စိတ်ဖြင့် ဝတ်မှသာ သင့်၏ ဟု ပြလို၍ တည်း။

---

● သေခိယဥ် ဘာ့ကြောင့် အာပတ် မတပ်သနည်း။

စာရိတ္တ ကျင့်ဝတ်ကို ပြသောကြောင့် ပြစ်ချက် မတပ်ပါ၊ (ပါဠိတော်၌ ဒုက္ကဋသာ ဟောသောကြောင့် အာပတ်ကိုသိပါ၊ ရဟန်းအတွက် ဒုက်၊ သာမဏေ အတွက် ဒဏ်သင့်)

---

● သေခိယ၏ နိဒါန, ပုဂ္ဂလ, ဝတ္ထု အချုပ်ရေးပါ။

(က) သုရု သုရု ကာရက သိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်ပါသည်။

(ခ) အာမိသနှင့် သောက်ခွက်ကိုင်မှု သသိတ္ထက ပတ္တာ ဓောဝန သိက္ခာ ၂-ပုဒ်ကို ဘဂ္ဂတိုင်းမှာ ရဟန်းများ အတွက်၊

(ဂ) ကျန် ၇၂-ပါးကို သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့အတွက်။

'(ပဥ္စမအကြိမ်)

● အနုပညတ်ပါသော သိက္ခာပုဒ်များ ပြပါ။

သူပေါဒနုဝိညတ္တိ, ဓမ္မဒေသနာနှင့် စပ်သော ၁၆-ပါးနှင့် ဉစ္စာရ သိက္ခာသုံးပါးတို့၌ အဂိလာန တချက်စီ ပါသည်။

---

● သေခိယ၌ သာရုပ္ပ, ဘောဇန, ဓမ္မဒေသနာ, ဥစ္စာရဆိုင်ရာ သိက္ခာပုဒ်များ ရေတွက်ပြပါ။

(၁) သာရုပ္ပ သိက္ခာပုဒ် ၂၆၊
(၂) ဘောဇန ပဋိသံယုတ္တ ၃၀၊
(၃) ဓမ္မဒေသနာ ပဋိသံယုတ္တ ၁၆၊
(၄) ဥစ္စာရ သိက္ခာပုဒ် ၃+၇၅၊

---

● သာရုပ္ပသိက္ခာပုဒ် ၂၆-ပါး ရေးပြပါ။

(၁) ပရိမဏ္ဍလ ဝဂ် ၁၀၊
(၂) ဥဇ္ဇဂ္ဃိက ဝဂ် ၁၀၊
(၃) ခမ္ဘကတ အစ ၆+၂၆။

---

● ဘောဇန ပဋိသံယုတ္တ သိက္ခာပုဒ် ၃၀-ရေးပါ။

(၁) ခမ္ဘကတ အဆုံး ၄၊
(၂) သက္ကစ္စ ဝဂ် ၁၀၊
(၄) ကဗဠ ဝဂ် ၁၀၊
(၄) သုရု ဝဂ်၌- သသိတ္ထကံထိ ၆+၃၀။

● ဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ် ၁၆-ပါး ပြပါ။

(၁) သုရုသုရု ဝဂ် အဆုံး ၄၊
(၂) ပါဒုက ဝဂ် အစ ၁၂+၁၆။

ဆတ်,ဒဏ်,သတ်,အာ၊ ပါ့,ဥ,ယာ၊ သ,ပလ်,ဝေ,ဩ,ဆ။
နိ,ဋ္ဌ,ပဋ္ဌာ၊ ဥပ္ပထာ၊ မှတ်ပါသောဋ္ဌသ။

---

● ဥစ္စာရဆိုင်ရာ သိက္ခာပုဒ် ၃-ပါး ရေးပါ။

"ဥစ္စာရံဝါ"ပါသော ပါဒုကဝဂ် အဆုံး ၃-ပုဒ်တည်း။

---

● သေခိယ သိက္ခာပုဒ်များ၌ အာပတ် အင်္ဂါ ရေးပါ။

(၁) မရိုသေခြင်း,
(၂) အကြောင်းမဲ့ ဖြစ်ခြင်း,
(၃) လွန်ကျူးခြင်း,
အင်္ဂါ ၃-ပါးစီ ညီမျှ၏။

---

● အာပတ် ပြစ်ချက် ရောက်နိုင်သူများ ရေးပါ။

သိတင်းသုံးဘော်ငါးဦး အပြစ်အာပတ် ရောက်ပါသည်။

ဘိက္ခုပိ သာမဏေရော စ,
သိက္ခမာနာ စ ဘိက္ခုနီ၊
သာမဏေရီတိ ကထိတာ,
ပဉ္စေတေ သဟဓမ္မိကာ။

(ပဥ္စမအကြိမ်)

● အာပတ် မုချသင့်, ဥပစာ သင့်ပုံ ခွဲခြားပြပါ။

ဘိက္ခု ဘိက္ခုနီမှာ မုချ, ကျန် ၃-ဦး သဒိသူ သင့်၏။ (ဘိက္ခု ဘိက္ခုနီနှင့် ပြစ်ချက်ရချင်းတူ၍ သဒိသူ ဟူလို)

---

● ပရိမဏ္ဍလ ဖြစ်အောင် ဝတ်ရုံပုံ နည်းကိုပြပါ။

(က) သင်းပိုင်ဝတ်ရာ ချက်ဖုံး၍ ဒူးအောက် လက်ရှစ်သစ်ခန့် ချ၍ ညီညာစွာ ဝတ်ခြင်းသည် (သင်းပိုင်၏) ပရိမဏ္ဍလ၊

(ခ) ကေစိကို ရှေ့နောက် အစွန်း ၂-ဘက် ညီညာစွာ ဒူးအောက် ၄-သစ်ခန့် ချ၍ (ဘေးကပါ) ရုံးခြင်းသည် ပရိမဏ္ဍလ။

---

● ၄-သစ်ထက် ပိုရှေရာ တိုနေရာ အဆိုနည်း။

လက် ၄-သစ်ခန့် ဆိုခြင်းကြောင့် ၄-သစ်ခန့် မှန်ထား ဝတ်ရာ အနည်းငယ် ပိုနေ တိုနေသော်လည်း အနာပတ္တိ။

---

● ပရိမဏ္ဍလ ကျအောင် မဝတ်သော်လည်း အာပတ် မသင့်ပုံ ပြပါ။

ကျင့်ဝတ်ကို မသိသေး၍, ဘေးရန် ရှိ၍, ဝန်းပိုင်းစွာ ဝတ်လျက် မညီညွတ်၍, ခြေသလုံး ကြီးခြင်း, အမာရွတ် ရှိခြင်းကြောင့် တမင်ရှေ၍ တို၍ဝတ်ရာတို့၌ အာပတ်မသင့် အပြစ် မရှိပါ။

(ပဌမအကြိမ်)

● သုပ္ပဋိစ္ဆန္န အရ ကောင်းစွာ ဖုံးလွှမ်းပုံ ပြပါ။

(၁) လည်ပင်းကို ဖုံးလွှမ်းရခြင်း,
(၂) လက်ကောက်ဝတ် အထိ ဖုံးမိရခြင်း,
(၃) အစွန်း ၂-စ ညီစွာလိပ်၍ ပခုံး၌ ချိတ်တင်ခြင်း၊

ဤအင်္ဂါ ၃-ပါးသည် သုပ္ပဋိစ္ဆန္န လက္ခဏာ တည်း။

---

● ပရိမဏ္ဍလ ၂-ပါးနှင့် သုပ္ပဋိစ္ဆန္န ၂-ပါးအထူး ပြပါ။

(က) ရိုးရိုးဝတ်မှု သင်္ကန်း ရမ်းတင်မှု ပရိမဏ္ဍလ၊
(ခ) သင်္ကန်းရုံမှုသည် သုပ္ပဋိစ္ဆန္န မည်၏။
(ပရိမဏ္ဍလ ၃-မျိုးနှင့် သုပ္ပဋိစ္ဆန္န ၃-မျိုး သတိပြု)

---

● သုပ္ပဋိစ္ဆန္န ဂမန နှင့် သုပ္ပဋိစ္ဆန္န နိသီဒန အထူးပြပါ။

(က) တိမဏ္ဍလ အဝန်းသုံးပါး ညီညာစွာ ဖုံးဝတ်၍သွားမှုသည် သုပ္ပဋိစ္ဆန္နဂမန၊
(ခ) လည်မျို အထက်, လက်ကောက်ဝတ်မှ အဖျားဘက်နှင့် ခြေသား လုံး အောက် ဖော်၍ ထိုင်မှုသည် သုပ္ပဋိစ္ဆန္န နိသီဒန။

---

● သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်၌ ဝါသူပဂတ အရ ပြပါ။

ညဉ့်အိပ် နေ့နေ ကပ်သော ရဟန်းအား အနာပတ္တိ။
သုပ္ပဋိစ္ဆန္န မရှိသော်လည်း အပြစ်မရှိ ဟူလို။

(ပဥ္စမအကြိမ်)

● ကျောင်းအမှတ် သီတင်းသုံးပါဟု ခုကာလ ဒကာများ လျှောက်ထားချက် အရ အဆောက်အဦ၌ အသို့နည်း။

အလှူ မမြောက်သောကြောင့် ရင်း, ညဉ့်အိပ် နေ့နေ မဟုတ်ဘဲ ယာယီ နေရာ ဖြစ်၍ရင်း, သုပ္ပဋိစ္ဆန္န အတိုင်း ကျင့်ရ၏။ ဤအဆောက်အဦ မျိုး၌ ထင်သလို မနေရ။

(တကယ် ညဉ့်အိပ် နေ့နေ ကပ်အပ်သော အဆောက်အဦ၌ လျှောက်ဖွယ် မလိုဘဲ နေနိုင်၏)

**မှတ်ရန်** ... တထာ ဝစနာ ဘာဝါ, ဒါနလက္ခဏာ ဘာဝါ ဝိဟာရ သင်္ချာနုပ ဂမနတော = တို့သို့ လျှောက်ထားတိုင်း မဖြစ်ခြင်း, ဒါနအရာ မရောက်ခြင်း, ကျောင်းဟု မရေတွက်ရခြင်းကြောင့် ဟူလို။

---

● ဥက္ခိတ္တ စက္ခု၌ ဝစနတ္တ ပမာဏ အစပ် ပြခဲ့ပါ။

(က) အဝက္ခိတ္တံ စက္ခု အနေနာဘိ ဥက္ခိတ္တ စက္ခု၊ (အဝသဒ္ဒါ ဥ-ပြု၍ ဥက္ခိတ္တ ပြီးသည်)

(ခ) ထမ်းပိုး တပြန် ၄-တောင်ခန့် ပမာဏ မျှသာ ကြည့်ရ၏၊

(ဂ) ရှိသည်ဖြစ်၍ ဟုပေး, ဂမိဿာမိ၌ စပ်။

(ဘေးရန်အတွက် ရပ်လျက် ၄-တောင်ထက် လှမ်းကြည့် ကောင်း၏)

---

● ဥဋ္ဌိ ကာယ၌ အပ်သော ရယ်ခြင်းကို ပြပါ၊

သိတ အရ ပြုံးရုံသာ အပ်၏၊ (ဟသိတ၊ ဝိဟသိတ၊ ဥပဟသိတ၊ အပဟသိတ၊ အတိဟသိတ ၅-မျိုး မအပ်)

(ပဉ္စမအကြိမ်)

မိဟိခေတ်တပစ္စည်း၊ မိဟိကို သိပြု သီတပြီး။

မျက်စိ ပွင့်ရုံ၊ ရယ်ပြုံးတုံ၊ မှတ်ကုန် "သိတ" သာ။

---

● အပ္ပသဒ္ဒ နှင့် မဟာသဒ္ဒ အရ ပိုင်းခြားပြပါ။

(က) ခြောက်တောင်ခန့်၌ ရှိသော ပုဂ္ဂိုလ် နားလည်၍ ၁၂-တောင်ခန့်၌ ရှိသော ပုဂ္ဂိုလ်မှာ မသဲမကွဲ ကြား နိုင်လောက်လျှင် အပ္ပသဒ္ဒ၊

(ခ) ၁၂-တောင်ခန့်က ပုဂ္ဂိုလ် နားလည်အောင် ကျယ် လျှင် မဟာသဒ္ဒ။

---

● ဥက္ကုဋိကာယ အရ ပဆွံ့နင်းပုံ ပြပါ။

ဘဝါးတခုလုံး မနင်းဘဲ ဖကျောင့်နှင့် ဖြစ်စေ, ခြေဖျားနှင့် ဖြစ်စေ မစုံမလင် နင်းလျှင် ပဆွံ့နင်းသည် မည်၏။

---

● အာယောဂပတ် ပတ်ဖွဲ့နေပုံ ရေးပါ။

ဒူးထောင်၍ လက်ဖြင့် သိုင်းထိုင်လျှင် ဟတ္ထ ပလ္လတ္ထိကာ၊

ခါးနှင့် ခြေသားလုံးကို အဝတ်ဖြင့် သိုင်း၍ ထိုင်လျှင် ဒုဿ ပလ္လတ္ထိကာ။

---

● သက္ကစ္စနှင့် ပတ္တသညီ အဓိပ္ပါယ်ကို ရေးပါ။

(က) သတိရှေ့ထား၍ လေးစားမှုကို သက္ကစ္စခေါ်၏။

**သတိရှေ့ချ၊ အလေးမူ၊ မှတ်ယူ သက္ကစ္စ။**

(ပဥ္စမအကြိမ်)

(ခ) ပတ္တေ ပဝတ္တာ သညာ ဧတေဿတိ ပတ္တသညီ၊ သပိတ်၌ သတိထားရှိပြီး စားသောက်လျှင် ပတ္တသညီမည်၏။
(သညာဆိုရာ ဥပလက္ခဏ, မျက်စိပါ စူးစိုက်ရမည်)

---

● သူပ်ဝါ ဩဒနံဝါအရ ကောက်ပြပါ။

ပဏီတ ဘောဇနမှ ကြွင်းသမျှ ဟင်း ထမင်းကို ယူ။
(ဂိလာနများကား ခါတ်စာနှင့် ဆေးဝါးအတွက် တောင်းကောင်း၏)

---

● နာတိမဟန္တ အရ ပမာဏကို ပြပါ။

ဥဒေါင်းဥအောက် ကြက်ဥ အထက်သည် နာတိမဟန္တ, ဥဒေါင်းဥအရွယ်သည် အတိမဟန္တဖြစ်၍ အာပတ်သင့်၏၊ ကြက်ဥအရွယ်နှင့် ထို့ထက်ငယ်လျှင် သာရုပ္ပ မဖြစ်၊ သို့သော် အလွန်ငယ်သော အရွယ်အတွက် အနာပတ္တိ။

---

● ပရိမဏ္ဍလ နှင့် သဗ္ဗဟတ္ထ အဓိပ္ပါယ် ရှင်းပါ။

(က) ရှေ့လမြှော အတောင့်လိုက် မဟုတ်လျှင် ခပ်မြှောမြှော ဖြစ်စေကာမူ ပရိမဏ္ဍလ ဖြစ်သည်၊ဝိုင်းစက်နေမှဟု မယူရ၊
(ခ) လက်ချောင်း အပေါင်းသည် သဗ္ဗဟတ္ထ မည်၏၊ သို့သော် တချောင်းတလေမျှ မဝင်စေရ။
(အပေါင်း ကေဒေသိ၏ ဟတ္ထအမည်ကို အစိပ် ကေဒေသ၌ ကေဒေသျှ တင်စားသည်)

(ပဋ္ဌမအကြိမ်)

● ကဗလ ဝစ္ဆေဒကဥ် သစ်သီးများ ပါသလော။

ကဗဠဆိုသဖြင့် ငှက်ပျောသီး, စသည်ကို ကိုက်ဖြတ် စား ကောင်း၏၊ သစ်သီးသည် ခါဒနိယ ဖြစ်၍ ကိုက်စား အပ်သည် သာ။

---

● အဝဂဏ္ဍကာရက ဖြစ်အောင် စားပုံ ပြပါ။

ပါးစောင်၌ ကွမ်းသီးလုံးကို ငုံထားသလို အဖုကြီးဖြစ်အောင် မျောက်ကဲ့သို့ ထား၍ စားခြင်းမျိုးတည်း။(သစ်သီး၌ အနာပတ္တိ)

---

● ပိဏ္ဍုက္ခေပကကို အဘယ့်ကြောင့် ဝိစ္ဆတ္ထ ပေးသလဲ။

ပိစ္ဆာအနက်ကို က-ပစ္စည်းက ပြသောကြောင့် ပေးကြသည်၊ (ဟတ္ထနိလ္လဟက စသည်၌ နည်းတူ၏)

(ပိဏ္ဍုက္ခေပ သဒ္ဒတော ဝိစ္ဆတ္ထေ ကပစ္စယော။

---

● ဟတ္ထနိလ္လေဟကဥ် ဟတ္ထအရ ပြပြီး ယာဂု, ပျား, ထောပတ် စသည် မှီဝဲရာ လျက်သင့် မသင့် ပြပါ။

ဟတ္ထအရ အစိတ်အပေါင်း အားလုံးကို ယူရပါသည်။

ကုလားများ လက်ချောင်းစုပ် လက်ဝါးလျက်သလို လက် ချောင်းကို လျက်ခြင်း စုပ်ခြင်း မပြုရ။

ယာဂုစသည် ကော်စားသော အခါတွင် သွင်းစုပ်ခြင်း လျက် ခြင်းကို ပြုရာ၌ အနာပတ္တိ။

(ပဌမအကြိမ်)

● သာမိသေန ဟတ္ထေနအရ ကိုင်ကောင်းပုံ ပြပါ။

(က) လက် ၃ ချောင်း ပေနေလျှင် ၂-ချောင်းဖြင့်ရင်း၊

(ခ) ပေနေစေကာမူ ကိုင်ပြီး ဆေ အုံ့ဘု နှလုံးသွင်း၍ရင်း (ကိုင်ပြီးတော့ ဆေ )

---

● ဆတ္တဘေဒနှင့် ဒဏ္ဍပမာဏကို ပြပါ။

(၁) သောတ၊ ကိလဋ္ဌ၊ ပဏ္ဍ ထိ ၃-စား၊

(၂) ၄-တောင်ရှိသော ဒုက်ကိုယ်။

---

● ဆတ္တပါဏိသာ, ဒဏ္ဍပါဏိသာ ဆိုခြင်းကြောင့် လက်ကိုင်ထားမှသာ မဟောကောင်းဟု မှတ်ရမည်လော။

ကိုယ်အင်္ဂါတ နှင့် စပ်နေလျှင် မဟောကောင်းပါ။

ပါဏိသာ ဆိုသည်မှာ ဥပလက္ခဏ နည်းတည်း။

ဆတ္တံ ယံကိဉ္စိ ဟတ္ထေန၊
သရီရာဝယဝေန ါ.
သစေ ခာရယမာနဿ၊
ဓမ္မံ ဒေသေတိ ဒုက္ကဋံ၊

---

● ဤပုဂ္ဂိုလ်များ ဟောလျှင် ဘယ်လို သင့်သလဲ။

ပဒ အနုပဒ အန္ဒက္ခရ အနုဗျဥ္ဇန အတွက်ကျ သင့်၏။ ဓမ္မပရိစ္ဆေဒ ဧဏ္ဍ ပဒသ ဓမ္မ တွေနယေနဝ ဝေဒိတဗ္ဗော။

● ပါဒက နှင့် ဥပါဟန အရ ရှင်းပြပါ။

(က) အဖျား၌ အဖုတပ်၍ စီးအပ်သော ဘိနပ်သည် ပါဒုက၊

(ခ) သဲကြိုးပါသော ဝါ ရှူးစသော ဘိနပ်သည် ဥပါဟန။

---

● အာယုဓဘေဒနှင့် လိုရင်း အာယုဓကို ပြပါ။

မုတ္တာ မုတ္တ မမုတ္တဥ္စ၊
အာယုဓံ တံ စတုဗ္ဗိဓံ။

ဤလက်နက် လေးမျိုးတို့တွင် အာယုဓ အရ လေးလက်နက် တမျိုးကိုသာ ယူရပါသည်။ (မြွားပါ)

---

● ယာနဂတ၌ ယာနဘေဒကို ပြပါ။

**ယာနံ နာမ**

(၁) ဝယှံ၊
(၂) ရထော၊
(၃) သကဋံ၊
(၄) သန္ဒမာနိကာ၊
(၅) သိဝိကာ၊
(၆) ပါဘင်္ကိ။

---

● သယနဂတ အရ အိပ်ရာ၌ အိပ်မှ ယူမည်လော။

အိပ်ရာမှာဖြစ်စေ မြေပေါ်မှာဖြစ်စေ မဏ္ဍပ် ဖျာတို့အပေါ်မှာဖြစ်စေ လျောင်းနေသူ အားလုံး တို့ကို(အိပ်မူဏ္ဍရိယာပုထ်ကို) ယူရပါသည်။

(ပဥ္စမအကြိမ်)

● အိပ်သူအား ထိုင်လျက်, ထိုင်သူအား ထလျက် အဘဲ့ကြောင့် တရား မဟောကောင်းသနည်း၊ ရှင်းပြခဲ့ပါ။

အိပ်ခြင်းထက် ထိုင်ခြင်း ဣရိယာပုထ်က မြတ်သဖြင့်ရင်း, ထိုင်ခြင်းထက် ထခြင်းက မြတ်၍ရင်း မဟောကောင်း၊ (ယုတ်သော ဣရိယာပုထ်ဖြင့် နာလျှင် မရိုသေရာ ရောက်၏။)

**မှတ်ရန်** .... အိပ်ရက်ဟောလျှင် အိပ်, ထိုင်, ရပ်သူကို ဟောရ၏၊ ထိုင်လျက်ဟောလျှင် ထိုင်, ရပ်သူကိုဟောရ၏၊ ထဟောလျှင် တသူကိုသာ ဟော၊ ထိုင်, အိပ်ကို မဟောရ။

---

● ဦးထုပ်ဆောင်းသူ ခေါင်းပေါင်း ရှိသူအား ဟောရာ အသို နည်း။

ဦးထုပ် ရှိသူ ဆံပင် မပေါ်အောင် ခေါင်းပေါင်း၍ ထား သူအား ဟောလျှင် ဒုက်၊ ဆံပေါ်အောင် ခေါင်းပေါင်းထား သူအား ဟောကောင်း၏။

---

● ခွက်လျှံ၍ သစ်ရွက်စိမ်းပေါ် ကျင်ငယ်ကျရာ အသို့နည်း။

ခွက်မှ လျှံ၍ သစ်ရွက်စိမ်းပေါ်ကျရာ အနာပတ္တိ။

(ခေဠဖြင့် တံတွေးကိုပါ ယူရ၏၊ ဝါ-သဒ္ဒါဖြင့် ယူလျှင် လည်း သင့်၏။)

---

● ဥဒကေ အရ ပြခဲ့ပါ။

သုံးဆောင် နေသော ဝါ-သုံးဆောင် ကောင်းသော ရေကို ယူ၊ မသုံးဆောင်သော ရေကို မယူရ။

● ကုဋ္ဌိအောက် မြစ်ရေ ဝင်ရာ, လှေ, သင်္ဘော စီးသွားရာ ရေခြံ ကျင်ကြီး ကျင်ငယ် စွန့်လျှင် အသို့နည်း။

စွန့်ကောင်းပါသည်၊ သို့သော် ကမ်းသို့ ကပ်နိုင်လျှင် ကုန်းပေါ်သို့ တက်စွန့်ရသည်။

---

● သေခိယကို ကြိယာ သညာ စိတ္တဖြင့် ခွဲပြပါ။

သေခိယ အားလုံးသည် ကြိယ, သညာ ဝိမောက္ခ, သစိတ္တက ချည်းသာတည်း။

---

## အဓိကရဏ သမထ

● ဝိဟိက္ကမ စသော အကြောင်းမရှိဘဲလျက် အဓိကရဏ်း ၄-ပါး ကို ဘယ်အကျိုးငှါ ပညတ် သနည်း။

အဓိကရဏ်း ၄-ပါးမှ စင်ကြယ်ခြင်း, မစင်ကြယ်ခြင်း ၂-ပါး ကို မေးမြန်းရန် အကျိုးငှာ ပညတ်အပ်ပါသည်။

---

● ဝိဝါဒ နှင့် အနုဝါဒ သဘောကို ပြပါ။

(၁) ဘေဒကရ ဝတ္ထု ၁၈-ပါးဖြင့် အချင်းချင်း ငြင်းခုံမှုသည် ဝိဝါဒါဓိကရဏ်း မည်၏။

(၂) သီလ, အာစာရ ဒိဋ္ဌိ, အာဇီဝ ဝိပတ္တိ ၄-ပါးဖြင့် အချင်းချင်း စွပ်စွဲမှုသည် အနုဝါဒါဓိကရဏ် ။

[(ပဉ္စမအကြိမ်)

● အာပတ္တာ နှင့် ကိစ္စာဓိကရဏ်း သဘောကို ပြပါ။

(၁) အာပတ် ၅-ပုံ, ၇-ပုံသည် အာပတ္တာဓိကရဏ်း၊

(၂) အပလောကန စသော ကံ ၄-ပါးကို ဆောင်ရွက်ခြင်း
သည် ကိစ္စာဓိကရဏ်း မည်၏။

---

● ဘယ် အဓိကရဏ်းသည် ဘယ် သမထဖြင့် ငြိမ်းသလဲ။

ဝိဝါဒေါ သမ္မတိ ဒွိဟိ,
အနုဝါဒေါ စတူဟိ စ၊
အာပတ္တိ ပန တီဟေဝ,
ကိစ္စ မေကေန သမ္မတိ။

---

● "ဝိဝါဒေါ သမ္မတိ တီဟိ" အရ ပြပါ။

(၁) သမ္မုခါ ဝိနယ သမထ နှင့်,

(၂) ယေဘုယျသိကာ သမထ ၂-ပါး။

---

● "အနုဝါဒေါ စတူဟိ စ" အရ ကောက်ပါ။

(၁) သမ္မုခါဝိနယ,
(၂) သတိ ဝိနယ,
(၃) အမူဠ္ဟဝိနယ,
(၄) တဿပါပိယျသိကာ။

(ပဥ္စမအကြိမ်)

● "အာပတ္တိပန တီဟေဝ" အရ ကောက်ပြပါ။

(၁) သမ္ဘုခါ,
(၂) ပဋိညာတ ကရက,
(၃) တိဏ ဝတ္ထာရက = ၃-ပါး။

---

● "ကိစ္စ မေကေန သမ္မတိ" အရ ပြပါ။

သမ္မုခါ ဝိနယ သမထ တပါး။

---

● ဒုက္ကဋ် အာပတ် ၈-မျိုး ရေတွက်ပြပါ။

ပုဗ္ဗ သဟ၊ နာမသနှင့်၊ ဒုရူပစိဏ္ဏာ၊ ဝိနယာ, ညာတ၊ ဥတ် ပဋိဿဝ၊ အဋ္ဌ ဒုက္ကဋ် အာပတ်တည်း။ ပုဗ္ဗပယောဂ ဒုက်....ဥတ္တိ ဒုက္ကဋ် ပဋိဿဝ ဒုက္ကဋ်၊

---

● စတုဗ္ဗိခံ ဟိ ဝိနယံ အရ ၄-ပါး ပြပါ။

(၁) သုတ္တ ....ဝိနယ ပါဠိတော်,
(၂) သုတ္တာနုလောမ....မဟာပဒေသ ၄-ပါး,
(၃) အာစရိယဝါဒ ....အဋ္ဌကထာ,
(၄) အတ္တနောမတိ ....မိမိ၏ အယူအဆ သဘော။

---

● မဟာပဒေသ ၄-ပါး ရေတွက် ပြပါ။

(က) "မအပ်" ဟု တိုက်ရိုက် ပယ်အပ်သည်နှင့်

((ပဥ္စမအကြိမ်)

၁-အလားတူလျှင် မအပ်၊
၂-အလားမတူလျှင် အပ်၏။

(ခ) "အပ်၏" ဟု တိုက်ရိုက် ခွင့်ပြု အပ်သာနှင့်
၁-အလားတူလျှင် အပ်၏၊
၂-အလား မတူလျှင် မအပ်။
ဤကား မဟာပဒေသ ၄-ပါး အချုပ်တည်း။

ဘိက္ခု ပါတိမောက် နှင့် ကခ်ါ
အမေး-အဖြေ ပြီးပြီ။

# ဘိက္ခုနီ ပါတိမောက်နှင့် ကခ်ါ

## အမေး အဖြေ

### ပါရာဇိက ကဏ္ဍ

● ဘိက္ခုနီ ပါရာဇိကၡ "ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ" ဟု အဘယ့်ကြောင့် မဟောသနည်း။

ဘိက္ခုနီများ၌ သိက္ခာချခွင့် မရှိသောကြောင့်တည်း။

---

● ဘိက္ခုနီများ သိက္ခာချလျှင် ဘာ ဖြစ်သနည်း။

ဘိက္ခုနီများ သိက္ခာချပြီးလျှင် ပါရာဇိက ကျသကဲ့သို့ နောင်တဖန် ပြန်၍ ဝင်ခွင့် မရှိတော့ပါ။

(အမှန်မှာ လူဝတ်လဲလျှင် သိက္ခာ ကျသွားတော့၏)

---

● ဆန္ဒသော အရ အဓိပ္ပါယ် နှင့် ပါရာဇိက ကျစေနိုင်သော ပုဂ္ဂိုလ် အမျိုးအစား ပြခဲ့ပါ။

(က) မေထုန ရာဂသည် ဆန္ဒသောအရ ဖြစ်၏၊

(ခ) ဇာတ်အားဖြင့် လူ, ဘီလူး, တိရစ္ဆာန် ယူ။
ပုဂ္ဂိုလ်အားဖြင့်-ယောကျ်ား, ဉဘတော ဗျဉ္ဇနက နှင့် ပဏ္ဍုက်ကို ယူရ၏။

(ပဌမအကြိမ်)

● ဘိက္ခုနီ ပါရာဇိကအတွက် မင်္ဂကို ရေတွက်ပါ။

လူ၌-ယောကျ်ား ဥဘတောဗျည်း ပဏ္ဍုက်= ၃-မင်္ဂ၊
ဘီလူး, တိရစ္ဆာန်တို့၌ ၃-မင်္ဂစီ, ပေါင်း ၉-မင်္ဂတည်း။

**မှတ်ရန်**....သဇီဝ နိဇ္ဇီဝ သန္တတ အသန္တတ ယေဘုယျေန အက္ခာယိတ အင်္ဂါကို မိမိ၏ မင်္ဂ ၃-ပါးဖြင့် အလွောကာသ ဌာန၏ အတွင်းအထိ သွင်းမိလျှင် ပါရာဇိက သင့်၏။

---

● အတင်း ဗလက္ကာရ မိုဝဲရာ အသိုနည်း။

အတင်း မိုဝဲရာ-သာယာမှ ကျ၏၊ မသာယာက မကျ။

---

● အစက္ခက, ဥဗ္ဘဇာဏု မဏ္ဍလတို့ကို ပိုင်းပြပါ။

(၁) ညှပ်ရိုး ၂-ချောင်းအောက် အစက္ခက၊
(၂) ဒူးဆစ် ၂-ဘက် အထက် ဥဗ္ဘဇာဏုမဏ္ဍလ။

---

● လက်ကို အစက္ခက ဥဗ္ဘဇာဏု ခွဲဝေ ပြပါ။

(၁) တထောင်ဆစ်၏ အပေါ်ဘက် အစက္ခက၊
(၂) တထောင်ဆစ်၏ အောက်ဘက် ဥဗ္ဘဇာဏု ယူ။

(ဤသိက္ခာပုဒ်၌ ကာယသံသဂ္ဂရာဂ ရှိမှုကို သတိပြု)

ဌာတ္တေ စ ဥဗ္ဘက္ခကပ္ပရမ္ဘိ ဥဗ္ဘဇာဏုမဏ္ဍလေနေဝ သင်္ဂဟိတံ။

"(ပဌမအကြိမ်)

● အာမသန္, ပရာမသန စသည်တို့၏ အထူး ပြပါ။

(၁) နေရာမရွေ့ဘဲ ဖြစ်ညှစ် သုံးသပ်လျှင် အာမသန၊
(၂) နေရာရွေ့၍ သုံးသပ်လျှင် ပရာမသန၊
(၃) ဘမ်းကိုင်လျှင် ဂဟဏ၊
(၄) ထိရုံ တို့ရုံသည် ဖုသန၊
(၅) ပွေ့ဖက် ဖြစ်ညှစ်ခြင်းသည် ပဋိပီဠန။

---

● ကာယသံသဂ္ဂ ရာဂ, မေထုန ရာဂ, ဂေဟသိတပေမ,၏အချစ် သုံးစား ခွဲခြား၍ ပြပါ။

(၁) ကိုယ်လက် နှီးနှော၁လိုသော ရာဂသည် ကာယသံသဂ္ဂ ရာဂ၊
(၂) မေထုန် မှီဝဲလိုသော ရာဂသည် မေထုန ရာဂ၊
(၃) မောင်ချစ် နှမချစ် မိတ်ဆွေချစ် အချစ်မျိုးသည် ဂေဟသိတပေမ မည်ပါသည်။

---

● ဘိက္ခုနီက ကာယသံသဂ္ဂ ရာဂရှိပြီး ပုရိသက မေထုနရာဂ, ဂေဟသိတ ပေမ, သဒ္ဓစိတ် တပါးပါး ရှိ၍ သုံးသပ်ရာ၌ အဘယ် အာပတ်နည်း။

ပုရိသက ကာယသံသဂ္ဂ ရာဂ မရှိ၍ ထုလ္လစ္စည်း။

---

● ဘိက္ခုနီက မေထုနရာဂ ရှိပြီး ပုရိသက ကာယသံသဂ္ဂ ရာဂ အစွမ်းအားဖြင့် သုံးသပ်ရာ အသို့နည်း။

(ပဉ္စမအကြိမ်)

ဘိက္ခုနီက ကာယသံသဂ္ဂရာဂ မရှိ၍ ဒုက်သင့်၏။
(၂-ပါးစုံတို့၏ ကာယသံသဂ္ဂရာဂ အရေးကြီးသည်)

---

● ဘိက္ခုနီက ဂေဟာသိတပေမ, သုဒ္ဓစိတ် တမျိုးမျိုး ရှိပြီးလျှင် ပုရိသက စိတ်တမျိုးမျိုးဖြင့် သုံးသပ်ရာ အသို့နည်း။

ဘိက္ခုနီက ဂေဟာသိတပေမ ရှိ၍ ဒုက် အာပတ်။
(ယောကျ်ားမှာ မေထုန်, ကာသံယသဂ္ဂ၊ ဘာစိတ် ရှိရှိ)

---

● ဘိက္ခုနီက ဂေဟာသိတပေမ စိတ်ရှိပြီး ပုရိသက မေထုန်,ကာယ သံသဂ္ဂ, ဂေဟာသိတ စိတ် တမျိုးမျိုးရှိ၍ သုံးသပ်ရာ ဘာ အာပတ်နည်း။

ဘိက္ခုနီက ဂေဟာသိတ ပေမ စိတ်ရှိ၍ ဒုက်။
(ဘိက္ခုနီက သုဒ္ဓစိတ်ရှိလျှင် ယောကျ်ားက ဘာစိတ်ဖြင့် သုံးသပ် သုံးသပ် အနာပတ္တိ ချည်းသာ)

---

● ကာယသံသဂ္ဂ ရာဂဖြင့် ဘိက္ခုနီက သုံးသပ်ရာ, ဘိက္ခုက သုံး သပ်ရာ ငြိမ်၍ သာယာလျှင် အသို့နည်း။

(၁) ဘိက္ခုနီက သုံးသပ်ရာ ဘိက္ခုက ငြိမ်ပြီး သာယာခဲ့ သော် ဘိက္ခု၌ အနာပတ္တိ၊

(၂) ဘိက္ခုက သုံးသပ်ရာ ဘိက္ခုနီက ငြိမ်၍ သာယာလျှင် ဘိက္ခုနီ၌ အကျေ့က ဥဗ္ဗဇာဏု အတွင်း၌ ပါရာဇိက၊ ထုလ္လစ္စယ ခေတ်၌ ထုလ္လစ္စည်း၊
ဘိက္ခု၌ သံဃာဒိသေသ သင့်၏။

(ပဥ္စမအကြိမ်)

● ဘိက္ခု၌ ကာယသံသဂ္ဂ သမာပဇ္ဇေယျ ဘိက္ခုနီ၌ ကာယသံသဂ္ဂ သာဒိယေယျ၏ သဘောသွား အထူးပြပါ။

(က) ဘိက္ခု၌ သုံးသပ်မှု ပဓာန ဖြစ်၏၊

(ခ) ဘိက္ခုနီ၌ မည်သူက သံသဂ္ဂ ပြုစေကာမူ မိမိက သာယာမှုသာ ပဓာနဖြစ်၏။

(ထို့ကြောင့် ဘိက္ခု ဘိက္ခုနီတို့ အချင်းချင်း သုံးသပ်ရာ၌ အာပတ်သင့်ပုံ သဘောသွားချင်း အထက်နားက ပုစ္ဆာ၌ မတူပေ)

---

● ကာယသံသဂ္ဂ ရာဂ ရှိကြသော ဘိက္ခုနီ နှင့် ပုရိသတို့သည် ကာယနှင့် ကာယပဋိဗဒ္ဓကို၊ ကာယ ပဋိဗဒ္ဓ ဖြင့် ကာယကို သုံးသပ်ကြရာ၌ အဆိုနည်း။

**ကာယေန ကာယပဋိဗဒ္ဓံ အာမသတိ၊ အာပတ္တိ ထုလ္လစ္စယဿ၊**
**ကာယပဋိဗဒ္ဓေန ကာယံ အာမသတိ၊ အာပတ္တိ ထုလ္လစ္စယဿ။**

---

● ကာယပဋိဗဒ္ဓဖြင့် ကာယပဋိဗဒ္ဓကိုရင်း၊ နိဿဂ္ဂိယ ဝတ္ထုဖြင့် ကာယကိုရင်း သုံးသပ်ရာ အဆိုနည်း။

**ကာယပဋိဗဒ္ဓေန ကာယပဋိဗဒ္ဓံ အာမသတိ၊**
**အာပတ္တိ ဒုက္ကဋဿ၊**

နိဿဂ္ဂိယ ဝတ္ထုဖြင့် ကိုယ်ကို သုံးသပ်ရာ၌လည်း ဒုက္ကဋ် အာပတ် သင့်ပါသည်။

(ပဉ္စမအကြိမ်)

● ညှပ်ရိုး အထက် ချက်အောက် သုံးသင်ရာ အသို့နည်း။

၂-ဦးသားတို့မှာ ကာယသံသဂ္ဂ ရာဂ ရှိကြပြီးလျှင် သုံးသပ်ကြသောကြောင့် ထုလ် အာပတ် သင့်ကြ၏။

---

● ချစ်စိတ် သနားစိတ်ဖြင့် ဘိက္ခုနီ တပါး၏ ပါရာဇိကကို ဖုံးရာ အာပတ် ဝေဒနာကို ပြပါ။

ဘိက္ခုနီတပါး၏ ပါရာဇိကကို ချစ်စိတ် သနားစိတ်ဖြင့် ဖုံးသော်လည်း ပါရာဇိက ကျ၏၊ ဒုက္ခ ဝေဒနာတည်း။

(ချစ်စိတ် သနားစိတ် ဖြစ်သော်လည်း အာပတ်ကို ကျူးလွန်လိုသော စိတ် အခိုက်မှာ ဒုက္ခ ဝေဒနာသာ ဖြစ်ပုံကို အထူး သတိပြုလေ)

---

● ဖုံးပုံပြ၍ အာပတ်သင့်ချိန်ကို ပြပါ။

(၁) ငါလဲ ဒီအာပတ်ကို မစောဒနာ တော့ဘူး, သူတပါးကိုလဲ မပြောတော့ဘူး ဟူ၍ ဆုံးဖြတ် ခြင်းသည် အာပတ်ကို ဖုံးသည် မည်၏။

(၂) ထိုဆုံးဖြတ်သည်၏ အဆုံး၌ ပါရာဇိက သင့်၏။

---

● ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒနနှင့် ဤဝဇ္ဇ ပဋိစ္ဆာဒန အထူး ပြပါ။

ဒုဋ္ဌုလ္လာပတ္တိ၌ ပါစိတ်သင့်, ဤ၌ပါရာဇိက။

(ဂဏ္ဌ အရ မိမိမှ တပါးသော ၁-၂-၃-ပါး စသည် ယူ)

● ဓမ္မ, ဝိနယ, သတ္ထုသာသန, အနာဒရ အထူး ပြပါ။

(၁) အမှန်ဖြစ်သော သဘောတရားသည် ဓမ္မ,
(၂) စောဒနာ သာရဏာ ၂-ပါးသည် ဝိနယ,
(၃) ဉတ်, ကမ္မဝါ ပြည့်စုံမှုသည် သာသန,
(၄) ကာရဏ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာ, ကံတပါးပါးကို မလေးစားခြင်းသည် အနာဒရ မည်၏။

---

● အပ္ပဋိကာရ နှင့် အကတ သဟာယ သဘော ပြပါ။

(၁) သမာနသံဝါသ အခွင့်ရအောင် သံဃာ့ ဘောင်သို့ မသွင်းရသေးသည်ကို အပ္ပဋိကာရ ခေါ်၏။
(၂) သမာနသံဝါသ မရှိသည်ကို အကတသဟာယ ခေါ်ပါသည်။

---

● ဥက္ခိတ္တာ နုဝတ္တက ရဟန်းနှင့် ဥက္ခိတ္တာ နုဝတ္တိကာ ဘိက္ခုနီ အထူးကို ရေးပါ။

(က) အနုဝတ္တက ရဟန်းသည် ဂဏပူရဏ အဖြစ် သံဝါသ အဖြစ် မရ၊ (ရှိခိုးခြင်း သဟသေယျ ပြုခြင်း မရ)
(ခ) အနုဝတ္တိကာ ဘိက္ခုနီသည် ၎င်း ၂-ပါး ပြုခွင့်ရ၏၊ ဤသို့ ထူးကြပါသည်။

---

● ဥက္ခိတ္တက ရဟန်း ပံ့လွန်တော် မူပြီးနောက်မှ ၎င်း ရဟန်း၏ အယူကို ယူလျှင် အနုဝတ္တိကာ ဖြစ် မဖြစ်ပြပါ။

လိုက်နာ ယူဆမှုသာလျှင် ပဓာန ဖြစ်၍ ရှေးဆောင် ရဟန်း ပံ့လွန်ပြီးမှ ယူသော်လည်း အနုဝတ္တိကာ မည်၏။

(ပဌမအကြိမ်)

● ဟတ္ထ အရ နှင့် သံတိဌေယျ အရ ပြပါ။

(က) ညှပ်ရိုး အထက်, ဒူးဆစ်အောက် တတောင်ဆစ်မှ လက်သဲဖျား အထိ ဟတ္ထအရ ယူပါ။

(ခ) ယောကျ်ား၏ ဟတ္ထပါသ် အတွင်း၌ တည်နေခြင်းကို သံတိဋ္ဌေယျ အရ ယူပါ။ ပဝိသေယျ အရလည်း ဟတ္ထပါသ် အတွင်းဝင်မှုကိုပင် ယူ။
(သယ်ာဌိကဏ္ဍဖြင့် တထည်လုံး ယူရ၏)

---

● အသဒ္ဓမ္မ သရုပ်နှင့် အမိပ္ပေတတ္ထ ပြခဲ့ပါ။

(က) မေထုန အသဒ္ဓမ္မ၊

(ခ) ကာယသံသဂ္ဂ အသဒ္ဓမ္မ ၂-ပါးရှိ၏။
ဤ၌ ကာယသံသဂ္ဂ အသဒ္ဓမ္မကို ယူရ၏။

---

● မေထုန နှင့် အဋ္ဌဝတ္ထုက အဝဿုတ ၂-ပါး၏ အထူးကို ရေး သား ခဲ့ပါ။

**မေထုန အဝဿုတ, ကာယသံသဂ္ဂ အဝဿုတ ထူး၏။**

---

● အဋ္ဌဝတ္ထုက မပြည့်မီ အာပတ် သင့်မသင့်၊ သံဝရ မရှိဘဲ ဒေသနာ ကြားရာ တ မထ ဆုံးဖြတ်ပါ။

**(၁) ရှစ်ပါး မပြည့်လျှင် ထုလ္လစ္စည်း သင့်၏။**

**(၂) သံဝရ မရှိဘဲ ဒေသနာကြားရာ မထပါ။**

**မှတ်**.... သလ္လပေယျကိုသာ သာယာဦးအံ့ ရည်ရွယ်၍ ဝင်းဝဏ္ဏကိုပင် နောင်ခါ နောင်စေ့း အနေနှင့် ရည်ရွယ်၍ဝင်း ဟတ္ထဂ္ဂဟာဏကို ကြား သော်လဲ မထ၊ ရှစ်ပါးစေ့က ပါရာဇိက။

((ပဥ္စမအကြိမ်)

● အဌဝတ္ထုကြ၌ ဘာ ပယောဂ ဘာ အာပတ် သင့်သလဲ။

(က) ချိန်းထားရာသို့ သွားရာ ခြေလှမ်းတိုင်း ဒုက်၊
(ခ) ဟတ္ထပါသ် အတွင်း ဝင်မိလျှင် ထုလ္လစ္စဉ်း၊
(ဂ) ယောကျ်ား လာမှု သာယာလျှင် ဒုက်၊
(ဃ) ဟတ္ထပါသ် အတွင်းရောက်လျှင် ထုလ်၊
(င) ကြွင်း ပယောဂတိုင်း၌ ဒုက် သင့်၏။

---

● သတ္တုလဒ္ဓုပသမ္ပန္နာ, သံဃဘေဒလဒ္ဓုပသမ္ပန္နာ, ကေဘော ဥပသမ္ပန္နာ, ဥဘတော ဥပသမ္ပန္နာတို့ကို ပြပါ။

(၁) မိထွေးတော် ဂေါတမီသည် သတ္တု လဒ္ဓုပသမ္ပန္နာ မည်၏။
(၂) ကြွင်းဘိက္ခုနီများ သံဃဘော လဒ္ဓုပသမ္ပန္နာ၊
(၃) မိထွေးတော်ကြီး၏ နောက်လိုက် သာကီဝင် မင်းသမီး ၅၀၀-သည် ကေဘော ဥပသမ္ပန္နာ။
(၄) ကြွင်းဘိက္ခုနီသည် ဥဘတော ဥပသမ္ပန္နာမည်၏။

မိထွေးတော် ဂေါတမီနှင့် နောက်လိုက် သာကီဝင်မင်းသမီး ၅၀၀-တို့မှ ကြွင်းသော ဘိက္ခုနီ အားလုံးသည် ဥဘတော ဥပသမ္ပန္နတွေချည်း ဖြစ်ကြသည်။

ပါရာဇိကပြီးပြီ

## သံဃာဒိသေသ

● ဥဿယဝါဒိကာနှင့် ဂဟပတိအရ ပြပါ။

(၁) မာန ဒေါသ ထောင်၍ တရားတပေါင် စွဲဆိုနေသော ဘိက္ခုနီမသည် ဥဿယဝါဒိကာ မည်၏၊

(၂) သီတင်းသုံးဘော်မှ တခြားပုဂ္ဂိုလ် အားလုံးသည် ဂဟပတိ မည်ကြသည်ချည်းသာ။

---

● နိဿာရဏီယနှင့် သဘော အာပတ်သင့်ရာ အခါပြပါ။

(၁) နှင်ထုတ်အပ်သော သဘောသည် နိဿဂရဏီယ၊

(၂) တရားသူကြီးထာ ဆုံးဖြတ်ချက်(ဒိဂရိ)ချပြီးလျှင် နိုင်နိုင်ရှုံးရှုံး အာပတ် သင့်တော့၏။

---

● အာပတ်ကို သာရဏီယ ခေါ်ပုံ နည်းပြပါ။

ဘိက္ခုနီမကိုသာ နှင်ထုတ်အပ်သော သဘောရှိသောကြောင့် သာရဏီယဟု ခေါ်ရ၏၊ သို့သော် ဤအရာ၌ကား ကတ္တားပုဂ္ဂိုလ်၏ သဘောကို အကြောင်း၌ တင်စားထားသဖြင့် အာပတ်ကို ကတ္တုပစာ နည်းဖြင့် သာရဏီယဟူ၍ ခေါ်ဆိုသုံးစွဲ ထားပါသည်။

ဌာန ဘိက္ခုနီ၏ သာရဏီယ သဘောကို အာပတ်ဌာနီပေါ် ဌာနုပစာ တင်ထားသည် ဟူ၍လည်း ဆိုနိုင်ပါ၏။

[(ပဥ္စမအကြိမ်)]

● သူခိုးက ဥစ္စာထုပ်ကြီး ခိုးသွားသည်ကို မြင်ရသဖြင့် အော်မိ၍ သူခိုးက ဥစ္စာချထားခဲ့ပြီး ထွက်ပြေးသွားရာ အသို့နည်း။

သူခိုးဟု ခေါ်လိုက်၍ ဥစ္စာ ချထားရာ အပြစ် မရှိပါ။

**မှတ်ရန်**...သူခိုးအိမ် ရောက်ပြီး ပစ္စည်းကိုပင် သူခိုးအပြစ်မရောက်သောနည်းဖြင့် ပြန်တောင်းကောင်း၏၊ အော်မိ၍ သူခိုးက ပစ်ချထားခဲ့ရာ ဘဏ္ဍာစားမထိုက်။

**အဝဟာရဘဏ္ဍ အာဟာရပေထာတိ ဝတ္တဗ္ဗံ။**

---

● ပြေး ဘာခိုးသွားတယ် ဟူ၍ရင်း, သူခိုးတွေ ဘာခိုးသွားတယ် ဟူ၍ရင်း တိုင်ရာ အသို့နည်း။

(က) ပြေးမှာ ငွေကုန်ကျလျှင် ဘဏ္ဍာစား ပေးရ၏၊

(ခ) မည်သူမည်ဝါ ဟူ၍ မညွှန်းဘဲ အနောဒိဿ အာစိက္ခဏာ သာမည တိုင်ရာ၌ကား သူခိုးမှာ ဘာဖြစ်ဖြစ် အပြစ်မရှိပါ။

(ဩဒိဿ အာစိက္ခဏာ၌ တာဝန်ရှိပုံကို သတိပြုလေ)

---

● စောရီ အရ ပြ၍ ဂဏ, ပူဂ, သေဏိ အထူး ပြပါ။

(၁) ငါးပဲ ခိုးမိသူသည် စောရီ၊
(၂) ဒေသန္တရ တရားသူကြီး အစုသည် ဂဏ၊
(၃) သာသနာရေး အဖွဲ့ အသင်း စသည်တို့၏ ခေါင်းဆောင် အပေါင်းသည် ပူဂ၊
(၄) အသင်း အဖွဲ့ အစည်းအရုံးသည် သေဏိ၊

(ပဥ္စမအကြိမ်)

● အညတြ ကပ္ပါ၌ ကပ္ပ အဓိပ္ပါယ်ကို ရေးပါ။

(၁) ဝရမ်းပြေးမိန်းမသည် တိတ္ထိတို့ အဌာန်၌ရင်း၊
(၂) တခြား ဘိက္ခုနီမများ အဌာန်၌ရင်း၊ ရဟန်းသာမဏေ ရှိပြုနေခဲ့ဘူးသူ ဖြစ်ခဲ့လျှင် မင်းတို့ကို မတိုင်ဘဲ ရဟန်း ခံပေးရန် ကပ္ပ အပ်သူ မည်၏။

---

● စောရိမကို ရဟန်းခံပေးရာ အာပတ်သင့်ပုံ ပြပါ။

(၁) သက်န်းသပိတ် ရှာမှီးရာ ပုဗ္ဗကိစ္စ အဝဝနှင့် ဉတ်ဆုံးရာ အထိ ပယောဂတိုင်း ဒုက္ကဋ်၊
(၂) ကမ္မဝါ ၂-ကြိမ် အဆုံး ထုလ္လစ္စည်း။
(၃) ကမ္မဝါ ၃-ကြိမ် (ယျ အဆုံး)၌ သံဃာဒိသိသ်။

---

● ဂါမန္တရ အရ ကောက်ပြီး အာပတ်သင့်ပုံ ပြပါ။

(၁) မိမိနေရင်းမှ တပါးသော ရွာသည် ဂါမန္တရ၊
(၂) တခြားရွာသို့ သွားသော ခြေလှမ်းတိုင်း ဒုက်သင့်၍ ရွာ အာရာမ် ဉပစာသို့ သွားရာ ပဌမ ခြေလှမ်း၌ ထုလ္လစ္စည်း။
(၃) ဒုတိယ ခြေလှမ်း လွန်လျှင် သံဃာဒိသိသ်။

---

● ဆင်တို့ လှဲတို့ စီးပြီး ရွာတပါးဝင်လျှင် အသို့နည်း။

ခြေဖြင့်သွားမှုသာ ပဓာနဖြစ်၍ 'မ်ိဳးဝင်ရာ' အနာပတ္တိ။

(ပဥ္စမအကြိမ်)

သစေ ပိ ဟတ္ထိပိဋ္ဌိ အာဒိဟိ ဝါ ဣဒ္ဓိယာ ဝါ ပဝိသတိ၊ ဝဋ္ဋတိ ယေဝ။ (တံခိုးဖြင့် ဝင်ရာလည်း အနာပတ္တိ)

---

● ဂဏမှာ အရ ပြ၍ ကျန်ရစ်ခဲ့ပုံ သဘော ပြပါ။

(၁) တယောက်ချင်းမှစ၍ အဖော်ကို ဂဏ ယူ၊

(၂) ဒဿနူ သဝနူ လွန်လျှင် ကျန်သည်မည်၏၊ အဖော်များ၏ နောက်သို့ အမှီလိုက်ပါလျက် အကြောင်းတစုံ တခုကြောင့် မမှီ၍ ကျန်ရာ၌ အနာပတ္တိ။

---

● အခန်းတွင်း၌ မကင်းကောင်းသော ဥပစာ ပြပါ။

အရဏ်မတက်မီ နှစ်တောင့်ထွာလွန်၍ မခွဲကောင်း၊ (အဖော်နှင့် ဟတ္ထပါသ် ကွာပြီး အရဏ်တက်လျှင် သံဃာဒိသိသ် အာပတ် သင့်၏။)

ဟတ္ထပါသာတိက္ကမေ ကောဂဗ္ဘေ ပိ န ရက္ခတိ။

---

● အနုပညတ်ပြ၍ ပယောဂ တချက်ထည်းဖြင့် အာပတ် ၄ ချက် သင့်နိုင်ပုံပြပါ။

(၁) ကော ဝါ နဒီပါရံ အစရှိသော ၃-ချက်သည် အနုပညတ် ၃-ချက် မည်၏။

(၂) အရဏ်မတက်မီ မိမိရွာမှ ထွက်၍ အရဏ်တက်ရာ တခြားတရွာကိုကျော်ပြီး မြစ်ကူးလျှင် ၄-ချက်သင့်၏။

**မှတ်ရန်**...ဤအနုပညတ်များသည် အာပတ္တိကရ သီးခြားအာပတ် သင့်စေနိုင်၏၊ ရွာကိုကျော်ပြီး မြစ်ကို တယောက်ထည်း ကူးသဖြင့် အာပတ် ၄-ချက် သင့်၏။

(ပဋ္ဌမအကြိမ်)

● ဂဏသဿဆန္ဒ၌ ဂဏ အရ ကောက်ပြပါ။

ဥက္ခိတ္တက ကံဆောင်သော သံဃာကို ဂဏ ယူပါသည်။ (၂-ပါး ၃-ပါးကို ဂဏဟု မယူရပေ)

---

● ဆန္ဒ မယူဘဲ ဩသာရဏာ ပြုရာ အာပတ်ကို ပြပါ။

(က) သံဃာရှာသည်မှ သိမ်သမုတ်ရာ ဉတ်ဖတ်၍ ပြီးရာ အထိ ပယောဂတိုင်း ဒုက် သင့်၏။

(ခ) ထမ္မဝါ ၂-ကြိမ်၏ အဆုံး ထုလ္လစ္စည်း၊

(ဂ) တတိယ ကမ္မဝါအဆုံး (ယျ)၌ သံဃာဒိသိသ်။

---

● ဥဘတော အဝဿုတ, ကေတော အဝဿုတ အားဖြင့် ခဲဘွယ် ဘောဇဥ် ခံယူစားသောက်ရာ အပြစ်ပြပါ။

(၁) ဥဘတော အဝဿုတ အနေအားဖြင့် ခံယူလျှင် ထုလ္လစ္စည်း, မျိုချတိုင်း မျိုချတိုင်း သံဃာဒိသိသ် အာပတ် သင့်ပါသည်။

(၂) ကေတော အဝဿုတ အားဖြင့် ခံယူရာ၌ ခံယူတိုင်း ဒုက်, မျိုတိုင်း မျိုတိုင်းမှာ သံဃာဒိသိသ် အာပတ် သင့်ပါသည်။

(ရေဒန်ပူ ခံယူရာ စားသောက်ရာတိုင်း ဒုက်)

---

● သံသဋ္ဌ, ပါပသမာစာရ အထူးကို ပြပါ။

(၁) ဆံဖွပ် မောင်းထောင်း ချက်ပြုတ်၍ ပေးခြင်း စသော ဆက်ဆံ ရောနှောမှု အားလုံးသည် သံသဋ္ဌ မည်ပါသည်။

(၂) မကောင်းသော အကျင့် ရှိမှုသည် ဝါ-အကျင့် ယုတ်မာမှုသည် ပါပသမာ စာရ မည်ပါသည်။

---

● ပါပသဒ္ဒ, ပါပသိလောက အလူးကို ပြပါ။

(၁) အကျင့် မကောင်း လှသဖြင့် မကောင်း သတင်း ထွက်နေခြင်း ကျော်မကောင်း ကြားမကောင်း ဖြစ်နေခြင်းသည် ပါပသဒ္ဒ၊

(၂) မကောင်းသော နည်းဖြင့် ကျော်ကြားအောင် လှော်၍ ဒလံနည်းဖြင့် ကျော်ကြား နေခြင်းသည် ပါပသိလောက။

(ပါပသဒ္ဒကား ပင်ကိုယ် ယုတ်မာမှု၊ ပါပသိ လောက အရကား သွယ်ဝိုက်၍ ကျော်စောမှု)

---

● ဝဇ္ဇပဋိစ္ဆာဒိကာ၌ ဝဇ္ဇ အရကောက် ပြပါ။

အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို ဝဇ္ဇ ယူပါ။

**မှတ်**....ပါရာဇိကကို ဖုံးလျှင် ပါရာဇိက ကျတတ်၍ ပါရာဇိကမှ ကျန်သော အပြစ်ကို ယူ။ (နေ၁မတိ)

---

● ဉညာယ, ပရိဘဝေန, အက္ခန္တိယာ, ဝေဘဿိယာ ၄-ပုဒ်၏ သဘာဝတ္ထ အသီးသီးကို ရေးခဲ့ပါ။

(၁) သေးနုပ် စုပ်ချာ၏ဟု ထင်မှုသည် ဉညာယ၊

(၂) လူရာ မဝင်ဟု ဘိနှိပ် ထင်မှတ်မှုသည် ပရိဘဝ၊

(ပဥ္စမအကြိမ်)၊

(၃) ဒေါသ ရှေ့ထားမှုသည် အကုသိုလ်၊
(၄) အင်အားပြ၍ ခြိမ်းခြောက်မှုသည် ဝေဘာသိယ။

---

● ဘိက္ခုနီများ သံဃာကို သင်းခွဲနိုင်သလော။

(၁) သံဃာ သင်းကွဲသည် အထိ မပြုစွမ်းနိုင်ပါ။
(၂) အားထုတ်ခြင်း နောက်လိုက်လုပ်ခြင်းကိုသာ ဘိက္ခုနီမ များ ပြုနိုင်၏။

ဘိက္ခုနီ သံဃံ န ဘိန္ဒတိ, ပရက္ကမတိစေဝ အနုဝတ္တတိစ။

---

● ဘိက္ခုနီသည် ဘာကြောင့် ပက္ခမာနတ် ကျင့်ရသလဲ။

ပရိဝါသ် ကိစ္စနှင့် ဒုက် အာပတ် မရှိသောကြောင့် ပက္ခမာနတ် ကျင့်ရ၏။

ဘိက္ခုနီများမှာ အာပတ်ကို ဖုံးဖုံး မဖုံးဖုံး ပက္ခမာနတ် ချည်းသာ ကျင့်ရ၏ ဟူလို။

**သံဃာဒိသေသ ပြီးပြီ**

## နိသဂ္ဂိယပါစိတ်

● ဘိက္ခု အတိရေက ပတ္တ သိက္ခာပုဒ် နှင့် ဘိက္ခုနီ အတိရေက ပတ္တ သိက္ခာပုဒ် ၂-ပါးတို့၏ အထူးကို ပြပါ။

ဘိက္ခု၌ ၁၀-ရက် လွန်သောအခါ ဘိက္ခုနီ၌ ၁-ရက် လွန်သောအခါ နိဿဂ္ဂိ ပါစိတ် သင့်ပါသည်။ (၁၀-ရက်လွန်နှင့် တရက်လွန် အားဖြင့် ထူး၏။)

---

● အကာလ စီဝရ အရ ပြပါ။

(၁) ကထိန် မခင်းလျှင် တလ, ကထိန် ခင်းလျှင် ၅-လ (စီဝရကာလ)မှ တခြား အခါ၌ လှူ အပ်သော သင်္ကန်းသည်ရင်း,

(၂) ကာလ အတွင်းမှာပင် ပုဂ္ဂိုလ်ကိုရည်၍ လှူအပ်သော သင်္ကန်း သည် ရင်း အကာလ စီဝရ (၂-စား) မည်၏။

---

● ဆရာတော်ကြီး ရည်ရွယ် ခင်းမည့် ဆရာတော်ကြီးအား ရည်ရွယ် လှူသော သင်္ကန်း၌ အဆုံးအဖြတ်။

ပုဂ္ဂိုလ်ကို ရည်ရွယ် လှူခြင်းကြောင့် အကာလ စီဝရ မည်၏။ ထို သင်္ကန်း စားဖြင့် ခင်း အပ်သော ကထိန် လည်း မမြောက်။

ထို့ကြောင့် ကထိန် ဒကာများ၏ နားလည်မှု အရေးကြီး လေသည်၊ ခုကာလ ဒါမျိုးတွေ များလှသဖြင့် နားလည်အောင် ဆုံးမထားသင့်၏။

(ပဥ္စမအကြိမ်)

● တစပ်ထည်း သက်န်း, အသီးသီး သက်န်းလုရာ အသို့နည်း။

တစပ်တည်း လုံးထွေးနေသော သင်္ကန်း အများကို တခါတည်းနဲ့ လှူရလျှင် ပါစိတ်တချက် သင့်၏။

အသီးအသီး သင်္ကန်းကို လှူယူလျှင် ဝတ္ထု အတွက်ကျ ပါစိတ် သင့်ပါသည်။

လူ့အဝတ်, သာမဏေရိ သင်္ကန်းလုရာ ဒုက်။

---

● သင်္ကန်းလုရာ ဘာ့ကြောင့် ပါရာဇိက မကျသလဲ။

သကသညာ ရှိသောကြောင့် ပါရာဇိက မကျပါ။
(သကသညီ မရှိဘဲ လုယက်လျှင်ကား ဝတ္ထုတန်ဘိုး အလိုက် အာပတ်များ သင့်၏။)

---

● ထောပတ်တောင်းပြီး ဆိ ထပ်တောင်းရာ အသို့နည်း။

(၁) တောင်းပြီးသော ထောပတ်ကို ပယ်ယောင် ပြုပြီး ထောပတ်ရော ဆီကိုပါ လိုချင်၍ တောင်းရာ၌ ဒုက် သင့်၏၊ ရလျှင် နိဿဂ္ဂိ သင့်၏။

(၂) ထောပတ် တောင်းစဉ် တပါတည်း ဆီကိုပါ ရော တောင်းရာ, သို့မဟုတ် မူလ တောင်းပြီး ထောပတ်ကို တကယ် စွန့်ပြီးလျှင် တန်ဘိုးချင်း တူသော ဆီကို တောင်းရာ အနာပတ္တိ။

(တစ် အချက်မှာ ၂-ပါးစုံ လိုချင်၍ တောင်းသည်၊ နှစ် အချက်မှာ သန့်ရှင်း၍ အပြစ်ကင်း၏။ သတိ)

[(ပဥ္စမအကြိမ်)

● အညဒတ္တိက နှင့် အညာဒိဿိက အထူးကို ပြပါ။

(က) အညဿ အတ္တာယ ဒိန္နော အညဒတ္တိကော၊ တပါး သော သင်္ကန်းစသည် အကျိုးငှာ လှူအပ်သော ဝတ္ထု၊

(ခ) အညံ ဥဒ္ဒိဿိတွာ ဒိန္နော အညုဒ္ဒိဿိကော၊ သင်္ကန်း စသည်ကို ရည်မှန်းလှူအပ်သော ဝတ္ထု။
(ဝေါဟာရမျှသာ ထူး၍ သဘာဝ အတူပင်)

---

● အညဒတ္တိကဖြင့် တပါးဟာ ဝယ်ကောင်းပုံပြပါ။

(၁) သင်္ကန်းဘိုးမှ ပိုသော ကြေးငွေဖြင့် ဝယ်ရာ၊

(၂) အလှူ့ရှင်များ ပန်ကြားပြီး တခြားဟာ ဝယ်ရာ၊

(၃) အဓိကရုဏ်း စသည်ကြောင့် အခြားအရပ်သို့ ထွက် ပြေးကြရာ အခါတို့၌ အညဒတ္တိကဖြင့် တခြားဟာ ဝယ်ကောင်းပါ၏။

---

● ခုကာလ သင်္ကန်းဘိုး စာအုပ်ဘိုး ပြောကာ ဒကာ့ဆီမှ အလှူ ခံပြီး တခြားဟာ သုံးလျှင် အသို့နည်း။

ဘိက္ခုနီ ပါစိတ်သည် ဘိက္ခု၌ ဒုက္ကဋ် သင့်၏။

---

● သံဃိကနှင့် မဟာဇနိက အထူး ရေးပါ။

(၁) ၄-ပါး ပိုင်သည် သံဃိက၊

(၂) ၃-ပါး ၂-ပါးပိုင် (တိသန္တက ဒွိသန္တက) ပစ္စည်းများ သည် မဟာဇနိက။

(ပဥ္စမအကြိမ်)

● ဂရုပါဝုရဏ, လဟုပါဝုရဏ အထူး ရေးပါ။

(၁) အေးသောအခါ၌ ခြုံရသော လေးသောအထည်သည် ဂရုပါဝုရဏ၊

(၂) ပူသောအခါ ခြုံရသော ပေါ့သော အထည် အဝတ်သည် လဟုပါဝုရဏ။

---

● ကံသကို ကျပ်တန်ကျေး ဖွဲ့ပြပါ။

တကံသသည် ၄-ကျပ်တန်၏၊ ၄×၄=၁၆-ကျပ်၊ ၄-ကံသ ၁၆-ကျပ်၊ ၂-ကံသခွဲကား ၁၀-တန်ဖြစ်၏။

နိဿဂ္ဂိယပါစိတ် ပြီးပြီ

## သုဒ္ဓပါစိတ်

### လသုဏ ဝဂ်

● လသုဏကြက်သွန် အမျိုးအစား ပြပါ။

**အမြှောင့်များသော ကြက်သွန်ဖြူ ယူရ၏။**

**မှတ်ရန်....**လသုဏကို ဟိန္ဒီဘာသာ၌ လဟဆူးန် ဟု ခေါ်၏၊ ယခု အခါ တိုင်အောင်ပင် ဟိန္ဒူများနယ်၌ ကြက်သွန်ဖြူ လဟဆူးန်စားသူကို အိမ်မဝှားချေ၊ မသိအောင် စားရ၏။

---

● ကြက်သွန် စားကောင်းပုံ အခြင်းအရာကို ပြပါ။

(၁) အနီကို အစိမ်းအကျက် မရွေး စားကောင်း၏။

(၂) အဖြူကို အစိမ်းမစားကောင်း အကျက်အဖြစ် လက်သုတ်အဖြစ်ဖြင့်သာ စားကောင်း၏။

(ကျက်သွန်ဖြူကို အနံ့ဆိုးလွန်းလှ၍ ပယ်ပုံရ၏။)

---

● ပလဏ္ဍုက စသော ၄-ပါး အထူးကို ပြပါ။

(၁) ဖျော့၍ တမြှောင့်သာရှိလျှင် ပလဏ္ဍုက၊

(၂) နီ၍ ၂-မြှောင့် ရှိလျှင် ဘဉ္စနက၊

(၃) စိမ်း၍ ၃-မြှောင့် ရှိခဲ့လျှင် ဟရိတက၊

(၄) အမြိတ်စား (ဥ-မရှိသော) ကြက်သွန်သည် စာပလသုဏ။

(ဤ ၄-မျိုးကို အစိမ်းအကျက် စားကောင်း၏)

**ဟရိတကသာ တိသော မိဋ္ဌာ ယောဇနာ္တိ။**

(ပဥ္စမအကြိမ်)

● သမ္မာဇပြ၍ နှုတ်စရာဝတ္တုကို ပြပါ။

(က) သမ္မာဓ အရ ချိုင်းကြား, ပေါင်ကြား ယူ၊

(ခ) နှုတ်စရာကား မေး,မွေးညှပ်, ကက်ကျေး ယူ၊

(ရဟန်းယောကျ်ားများမှာ ပယောဂတိုင်း ဒုက် သင့်)

---

● တလ အရနှင့် ပုတ်စရာ ဝတ္တုကို ပြခဲ့ပါ။

(က) အင်္ဂါဇာတ် အပြင်ကို တလ ခေါ်သည်၊

(ခ) ကြာရွက် ကြာပွင့်ဖြင့် သော်မှ မပုတ်အပ်၊

(လက် အဝတ် စသည်မှာ ဆိုဖွယ် မရှိချေ)

---

● ဇတုမဋ္ဌက တမျိုးကိုသာ မသုံးအပ် သလော။

မူလ အဋ္ဌုပ္ပတ္တိရင်းမှာ လာတဲ့အတိုင်း ချိပ်တောင့် တမျိုး တစားသာ နာမည်ကြီးခဲ့၏။

အမှန်မှာ သစ်သားတောင့် ကြာရိုး စသည်ဖြင့်လည်း မကလိ ကောင်း။

---

● ဒွင်္ဂုလ ပဗ္ဗံကို အစပ်ပြ၍ အဓိပ္ပါယ် လင်းခဲ့ပါ။

ဒွင်္ဂုလ ဒွိပဗ္ဗ လက် တချောင်း တဆစ်ကျ ယူလျှင် လက် ၂ ချောင်းအတွက် ၁-ဆစ်စီ ဖြစ်၏၊ တချောင်းတည်း သွင်းလျှင် ၂-သစ် ထိအောင် သွင်းရ၏။

ဒွိန္နံ အင်္ဂုလာနံ သဟ ပဝေသနေ ဧကေက အင်္ဂုလဿ ဧကေက ပဗ္ဗံ ကတွာ ဒွေပဗ္ဗာ၊ ဧကင်္ဂုလ ပဝေသနေ ဒွိန္နံ ပဗ္ဗာနံ ဉပရိ န ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ (ဝဇိရဗုဒ္ဓိ)

နှစ်ချောင်း တဆစ်၊ နှစ်ဆစ်တစ်ချောင်း။ (ဆောင်ပုဒ်)

(ပဥ္စမအကြိမ်)

● လက် ၃-၄-ချောင်းကို တသစ်ခန့် သွင်းရာ အသွိနည်း။

တချောင်း တဆစ်ကျ, ၃-ဆစ် ၄-ဆစ် ဖြစ်၍ မအပ်။

---

● ပါနီယ, ဝိဓူပန အရ ပြ၍ အာပတ် သင့်ပုံ ပြပါ။

(က) သောက်ရေ, ရက်တက်ရေ, နို့ရေသည် ပါနီယ၊

(ခ) သက်န်းစွန်းကို အစထား၍ အဆောက် အဦး တခုခုဖြင့် လေရအောင် ပြုပေးမှုသည် ဝိဓူပန၊

(ဂ) ဟတ္ထပါသ်အတွင်း ပါစိတ်၊ အပြင်ကျလျှင်ဒုက်။

---

● အမိ အဌာန် စပါးစိမ်း တောင်းသော် အသွိနည်း။

မအပ်၍ တောင်းမှု ချက်မှု ဒုက်၊ မျိုတိုင်း ပါစိတ်။

---

● စပါး ၇-မျိုး ရေတွက် ပြပါ။

သာလိ ဝိဟိ ယဝေါ ကင်္ဂု,

ကုဒြူသ, ဝရ, ဂေါဓုမာ။

သလေး, ကောက်, မုယော, ဆတ်၊ · လူး, ပြောင်း, နတ်၊ ဉာသတ္တ တည်း။ (ပါပြီးသော်လည်း လိုက်ရှာ မနေရဘဲအလွယ် တကူ သိဘို့ရန် ထပ်ပြလိုက်သည်)

---

● မတောင်းဘဲ ရလာ၍ စားရာ, တခြား ဘိက္ခုနီ တောင်း၍ ရသည်ကို စားရာ၌ အသွိနည်း။

ဘယ်နည်းနှင့် ရ ရ, စားလျှင် ဒုက် အာပတ် သင့်၏။

(ပဥ္စမအကြိမ်)

● တောင်းကောင်းပုံ သုံးဆောင်ကောင်းပုံကို ပြပါ။

ဖျားနာ၍ ချွေးထုတ်ရန် တောင်းရာ၌ အပ်၏။
မတောင်းဘဲ ရလာလျှင် နဝကမ္မ အကျိုးငှါအပ်၏၊
ဉာတိ ပဝါရိတ ပုဂ္ဂိုလ်များ အထံမှ ပဲကြီး ပဲနောက် တို့ကို
တောင်းကောင်း၏၊ အပြစ် မရှိပါ။

---

● ဂိဃာသ ပြပြီး ကုဋ္ဌ, ပါကာရ အပြား ရေး ခဲ့ပါ။

(၁) ဆေးရေ, ဒန်ပူဖတ်, အရိုး စားကြွင်းသည် ဝိဃာသ မည်ပါသည်။

(၂) အုဋ္ဌ, ကျောက်, သစ် အားဖြင့် ၃-စားစီ ရှိ၏။

---

● ဟရိတ ပြ၍ ရဟန်းများ အတွက် ဆုံးဖြတ်ပါ။

(က) စပါးခင်း, ပြောင်းခင်း, ထန်းတော အုန်းတော စသော စိမ်းစိုသော ကောက်ပဲနှင့် သစ်ပင်ရှိရာ အရပ် ဒေသကို ဟရိတ ယူ၊

(ခ) ဘိက္ခုများ အခင်းသွားလျှင် ဒုက္ကဋ် သင့်၏။

---

● ရိတ်သိမ်း ပြီးသား အခင်း၌ အသို ဆိုမည်နည်း။

(၁) လူတို့သည် ရိတ်သိမ်းပြီး၍ အပြီး အပြတ် စွန့်သွားသော အခင်း၌ အနာပတ္တိ၊

(၂) အငုပ် ပေါက်၍ နောက်တဖန် သီးပွင့်လတံ့ အသီး အပွင့်ကို စောင့်ရှောက် နေသေးသော အခင်း၌ ပါစိတ်ပင် သင့်၏။

● စွန့်ကောင်းသော ဟရိတ အခင်းမျိုး ပြခဲ့ပါ။

သံဃာပိုင် အခင်း, အရှင်ကို ခွင့်တောင်းထားသော အခင်း၌ စွန့်ကောင်း၏။

(အညှောက် ပေါက်စ ဖြစ်သော အခင်းသည် ဟရိဘ စိမ်းသော အခင်း မဟုတ်သေး၍ စွန့်ကောင်း၏ ဟူလို)

---

● နစ္စ, ဂီတ, ဝါဒိဘ သဘော အသီးသီး ပြပါ။

(၁) ဒေါင့်က, မျှောက်က စသည်ကား နစ္စ၊

(၂) သီချင်း အမျိုးမျိုး, ဓမ္မကထိကများ အရှုအရှိက် ဆွဲငင် ရွတ်ဆိုခြင်းမျိုးသည် ဂီတ၊

(၃) သားမရေဖြင့် ကြက်အပ်သော စည်အမျိုးမျိုး ယုတ်စွ အဆုံး သံစည်ပိုင်း သံပုံး စသည်တို့သည် ဝါဒိတ။

---

● ပွဲကြည့်သွားရာ အာပတ် သင့်ပုံ စုံအောင် ပြပါ။

ခြေလှမ်းတိုင်း ဒုက္ကဋ်၊ စူ စိုက် ကြည့်ရာ၌ ပါစိတ်၊ လှည့်၍, စောင်း၍ ကြည့်ရာ ပယောဂတိုင်း၊

(ရဟန်းများမှာ ဒုက်ချည်း ဘိက္ခုနီသော သဗ္ဗတ္ထ ဒုက္ကဋ်)

---

● စေတီ အတွက် တီးကြလော့၊ ပူဇော်ကြလော့ ခိုင်းရာ အပြစ် ရှိ, မရှိ ဆုံးဖြတ်ခဲ့ပါ။

(က) တီးကြလော့, ကကြလော့, ခိုင်းလျှင် ပါစိတ်၊

(ခ) ပူဇော်ကြလော့, ခိုင်းလျှင် အနာပတ္တိ။

(ဘိက္ခုကိုယ်တိုင် ကလျှင် ဒုက်၊ ဘိက္ခုနီ၌ ပါစိတ်)

● ပွဲကြည့်ကောင်းသော နည်းပရိယာယ် ပြပါ။

(၁) မိမိ အရပ် ထွင်းမှာ ကတာ ဖြစ်စေ,
(၂) မိမိ ရှေ့သို့ အလိုလို ရောက်လာတာ ဖြစ်စေ,
(၃) ခရီး ရင်ဆိုင် ကြုံကြိုက်ရာ ဖြစ်စေ,
(၄) ဘေးရန်ကြောင့် ပွဲသို့ ဝင်ပြေးမိသော အခါ၌ ဖြစ်စေ ပွဲကြည့်သော်လည်း အနာပတ္တိ။

---

ရတ္တန္ဓကာရဝဂ်

● ရတ္တန္ဓကာရဖြင့် အဓိပ္ပါယ် ပြည့်စုံပါလျက် အဘဲ့ကြောင့် အပဒိပေ ပုဒ်ကို ဟောပြန်ပါ သနည်း။

ရတ္တန္ဓကာရ၏ အဓိပ္ပါယ်ကို ပြလို၍ ဟောပါသည်။

---

● မီးရောင် ကင်းသော မှောင်ကို သာ ယူရ မည်လော။

ဥပလက္ခဏ ဖြစ်၍ နေရောင် လရောင် ကင်းသော မှောင်ကိုပါ ယူရပါသည်၊ (အမှန်မှာ အမှောင်ထည်း၌ ဘာ အရောင်မှ မရှိ)

---

● ပုရိသ အရ သံတိဋ္ဌေယျ အရ ပြပါ။

(၁) နေထိုင်ပုံ နှင့် ပြောစကား နားထောင်သူ ယူ၊
(၂) ဟတ္ထပါသ်အတွင်း ဝင်နေလျှင် ပါစိတ် သင့်၏။

---

● သလ္လပေယျ အရ ဘာ စကားမျိုး ယူမည်နည်း။

ခင်မင်ရင်းနှီးစွာ ပြောမှု ယူ၊ (ရည်းစားစကား မယူရ)
သလ္လပေယျဝါ ထိ ဂေဟသိတကထံ ကထေယျ။

(ပဉ္စမအကြိမ်)

● သံတိင္ဒေယျ, သလ္လပေယျ အတွက် အာပတ် ၂-ချက် သင့်သလော တချက်တည်း သင့်သလော။

သံတိင္ဒေယျ ပြုလျှင် တချက်၊ ဟတ္ထပါသ် အတွင်းဝင်၍ သလ္လပေယျ ပြုလျှင်လည်း တချက်သာ သင့်၏။

**မှတ်ရန်** .... ပုရိသာသ ဟတ္ထပါသေ ဌိတာ သလ္လပတိ, အာပတ္တိ ပါစိတ္တိယဿ ဟု ဟတ္ထပါသ်မှာ တည်၍ ပြောရာ ဒွိန္နံ ပါစိတ္တိယာနံ ဟု မဟောဘဲ တချက်သာ ဟောသည်ကို ထောက်၊ ဝဇီရဗုဒ္ဓိဋ္ဌ ဝါဒတွေ ပြပြီး, ဒီနည်းမျိုး ဆုံးဖြတ်ထား၏။

---

● ဟတ္ထပါသ် အပြင်က ရပ်ပြောရာ အသို့နည်း။

ဟတ္ထပါသ် အပြင်မှ ပြောသဖြင့် ဒုက် သင့်၏။
ဤကို ထောက်၍ ပြောမှု၌ အာပတ် သီးခြားမသင့်။

---

● ပဥ္စမ အာသန နှင့် သတ္တမ သေယျ အထူးပြပါ။

ထိုင်ရာသည် အာသန၊ အိပ်ရာသည် သေယျ ထူး၏။
မြက် သစ်ရွက် ခင်းထား စေကာမူ သေယျခေါ်၏။

---

● ရတ္တန္ဓကာရ ဝဂ်၌ သုံးစွဲသော ပုရေဘတ္တ, ပစ္ဆာဘတ္တ ဝိကာလ တို့၏ အလူးကို ရေးပါ။

(၁) အရုဏ်တက်မှ မွန်းတည့်အထိ ပုရေဘတ္တ၊
(၂) မွန်းလွဲမှ နေဝင်အထိ ပစ္ဆာဘတ္တ၊
(၃) နေဝင်မှ အရုဏ် အထိ ဝိကာလ။

**မှတ်ရန်**....ဝိကာလ ဘောဇန သိက္ခာပုဒ်၌ မွန်းလွဲမှ အရုဏ် အထိ ဝိကာလ၊ စာရိတ္တ သိက္ခာပုဒ်၌ ဆွမ်းမစားမီ ပုရေဘတ္တ၊ ဆွမ်းစားပြီး ပစ္ဆာဘတ္တ ဟု မွန်းမတည့်မီတွင် ၂-ချိန် ယူသည်။

---

● ကုလာဒနိ ပုဒ်၏ ဥပစာနည်းကို ပြပါ။

ကုလာဒနိဖြင့် ဃရကို ဌာနျူပစာဖြင့် ယူ။

---

● နိရယ ဗြဟ္မစရိယဖြင့် ဆဲပုံ ရေးပါ။

(၁) ငရဲ လားပါစေ .... နိရယဖြင့် ကျိန်ဆဲပုံ၊

(၂) လူဖြစ်သွားပါစေ....ဗြဟ္မစရိယဖြင့် ဆဲပုံ။

---

● တိရစ္ဆာန် ဖြစ်ပါစေ, ကျိုးပါ ကန်းပါစေ ဟု ကျိန်ဆဲရာ အဆုံးဖြတ် မည်နည်း။

ဒုက္ကဋ် အာပတ် သင့်၏၊ ပါစိတ် မ သင့်ပါ။

---

● ဝမိတ္တာ ရောဒေယျ၌ အာပတ် သင့်ပုံ ပြပါ။
ထုရုံ ဒုက်, ငိုရုံ ဒုက်၊ ၂-ပါးစုံ ပြုက ပ စိတ်။
(ဉာတိ ဗျသန စသည်ကြောင့် ငိုရုံ ငိုရာ အနာပတ္တိ)

ရတနဝဂ် ကာရ ဝဂ် ပြီးပြီ

---

## နဂ္ဂ ဝဂ်

● နဂ္ဂ ဖြစ်ပုံ အာပတ် သင့်ပုံကို ရှင်းပြပါ။

(က) ခါးဝတ်ရော ကိုယ်ရုံပါ ချွတ်လျှင် နဂ္ဂ၊

(ခ) ချိုးဆဲ ပယောဂတိုင်း ဒုက်သင့်၍ နောက်ဆုံး ချိုးမှု ပြီးဆုံးရာ၌ ပါစိတ် သင့်၏။
(ရေသနုပ် မရှိသောအခါ ချွတ်ချိုးကောင်း၏)

● ဘိက္ခုနီ ရေသနုပ် ပမာဏ ပြပါ။

| | အလျား | အနံ |
|---|---|---|
| ဘုရား .... | ၄-ထွာ | ၂-ထွာ |
| မဇ္ဈိမ .... | ၁၂-ထွာ | ၆-ထွာ |
| ပုရိသ .... | ၁၈-ထွာ | ၉-ထွာ |

● ချိုးကောင်းသော ပဋိစ္ဆန္န ၃-ပါး ပြပါ။

(၁) ရေချိုးခန်းဖြင့် ဖုံးကွယ်ရာ,
(၂) ရေဖြင့် ဖုံးကွယ်ရာ,
(၃) အဝတ်ဖြင့် ဖုံးကွယ်ရာ ချိုးကောင်း၏။

● အန္တရာယိကိနီ အရ အန္တရာယ်ကို ပြပါ။

ဉပုသ် အန္တရာယ် ၁၀-ပါးသည် အန္တရာယ်မည်၏။

● သင်္ကန္တိ သဘော နှင့် သရုပ်ကို ပြပါ။

သင်္ကန်ဳယတေ ချုပ်စပ်အပ်သောကြောင့် သင်္ကန္တိ၊
တန်-ပေါင်းစပ် ဝတ်ရုံအပ်၍ သင်္ကန္တိ မည်၏။

တိဝိဝိရုတ်၊ ရေသနုပ် ဖုံးအုပ် သံကစ္ဆိ၊
ငါးထည်ရောစပ်၊ ဝတ်ရုံအပ်၊ ခေါ်မှတ် သင်္ကန္တီ။

(ပဉ္စမအကြိမ်)

● မလဲဘဲ ဝတ်ရာ အာပတ် သင့်ပုံ ပြပါ။

တထည် မလဲလျှင် တချက်၊ ငါးထည် ငါးချက်၊
တွေ့ စ ကော်သို့ စီဝရေကော အာပတ္တိ, ပဥ္စသု ပဥ္စ။
(ဂိလာန ဖြစ်ရာ ဘေးရန် ရှိရာ၌ အနာပတ္တိ)

---

● စီဝရ သက်မနီယ သဘောကို ပြပါ။

ခေတ္တ ငှားရမ်း ဝတ်ရုံအပ်သော သင်္ကန်းတည်း။
(သင်္ကန်း ငါးထည်တွင် တထည်ထည်ကို ယူလေ)

---

● ဂဏ အရ စီဝရ အရ ကောက်ယူပြပါ။

(ဏ) ဘိက္ခုနီ သံဃာကို (၂-၃ မဟုတ်) ဂဏ ယူ၊
(ခ) အဓိဋ္ဌာန် လောက်သော ခေါမ အစရှိသည့် သင်္ကန်း
မျိုး ၆-ထည်ကို ယူရပါသည်။

---

● အန္တရာယံ ကရေယျ၌ အန္တရာယ် ပြုပုံ, အန္တရာယ် ပြုရာ မရောက်ပုံကို ရေးပါ။

(က) အခွင့် ရှိသလောက် ခွဲဝေ ပေးခြင်း မရအောင် အနှောက် အရှက်ကို ပြုခြင်းသည် အန္တရာယိက အန္တရာယ်ကို ပြုသည် မည်၏။
(ခ) ၂-ကျပ်တန် တခုကို တကျပ်တန် ၂-ခုနှင့် ညီမျှအောင် ဝင်ရောက်၍ စိတ်ကောင်း ဆန္ဒနှင့် စီမံပေးရာ၌ အန္တရာယ် မဖြစ်ပါ။

[(ပဥ္စမအကြိမ်)]

- သင်္ကန်းမှတပါးသော ဘိက္ခုနီ သံဃာ၏ ပရိက္ခရာကို၎င်း ဘိက္ခုနီ ဂိုဏ်းပိုင်, ဝါ-ပုဂ္ဂိုလ်ပိုင် သင်္ကန်းကို၎င်း အန္တရာယ် ပြုရာ အသိုနည်း။

အညသ္မိံ ပရိက္ခာရေ ဒုက္ကဋံ၊ သမ္ပဟုလာနံ ပန ကေ ဘိက္ခုနိယာ ဝါ စီဝရလာဘေ ပိ ဒုက္ကဋံ။ (ဒုက္ကဋ်သင့်)

---

- သမဏ စီဝရ အရ ပြ၍ မိဘအား ပေးရာ, ၎င်းမှတဆင့်ပေးရာတို့၌ အသိုနည်း။

(က) ကပ္ပဗိန္ဒု ထိုးပြီးသား သင်္ကန်းသည် သမဏ စီဝရ၊ (ကပ္ပဗိန္ဒု မထိုးရ သေးလျှင် သမဏစီဝရ မမည်၍ ပေးချင်တာ ပေးနိုင်၏၊ မသင့်)

(ခ) မိဘအား ကပ္ပဗိန္ဒု ထိုးပြီးသား သင်္ကန်းကိုလည်း ပေးကောင်း၏။ (၎င်းမှ တခြားသူအား ခေတ္တ ပေးနိုင်ပါသည်)

---

- ဒုဗ္ဗလစီဝရ ပစ္စာသာ,အဒုဗ္ဗလ စီဝရပစ္စာသာကို ပြပါ။

(၁) တတ်နိုင်တော့ လှူပါမည် ဟု လောကွတ်နှင့် လျှောက်ထား သွားသော မြော်လင့်ချက်သည် မရေရာလှ၍ ဒုဗ္ဗလ စီဝရ ပစ္စာသာ မည်၏။

(၂) အဟုတ်တကယ် လှူမည့် မြော်လင့် ချက်သည် အဒုဗ္ဗလ စီဝရ ပစ္စာသာ မည်၏။

(ပဉ္စမအကြိမ်)

● စီဝရကာလ သမယကို ပိုင်းခြားပြပါ။

ကထိန်မခင်းလျှင် တလ၊ ခင်းလျှင် ငါးလ ယူပါ။

---

● ခမ္မိက စီဝရ ဝိဘင်္ဂ နှင့် ကထိနုဒ္ဓါရ ပြပါ။

(က) သံဃာ ညီညွတ်စွာ စည်းဝေးပြီး သင်္ကန်း ဝေဖန်မှု သည် ခမ္မိက စီဝရဝိဘင်္ဂ မည်၏။

(ခ) သံဃာ ညီညွတ်စွာ စည်းဝေးပြီး ဉတ္တိဒုတိယ ကမ္မဂါဖြင့် ကထိန် နှုတ်မှုသည် ခမ္မိက ကထိနုဒ္ဓါရ မည်ပါသည်။

---

● အဘယ့်ကြောင့် ကထိန် နှုတ်ရသနည်း။

အကာလ သင်္ကန်းကို လှူလိုသောကြောင့် နှုတ်ရ၏။

---

● ဘယ်အခြေအနေ လှူမှ နှုတ်ကောင်းသလဲ။

မူလ အကျိုးနှင့် တူသည် ဖြစ်စေ, ပို၍ဖြစ်စေ တန်ဘိုးရှိသော သင်္ကန်းကို လှူမှ နှုတ်ခွင့် ရပါသည်။

(မူလ အကျိုး အောက်လျော့လျှင် မနှုတ်ကောင်း)

---

● ကထိန် နှုတ်ပြီး ပြန်ခင်းကောင်းသလော။

မူလ အတ္ထုပ္ပတ္တိ၌ ကထိန် ခင်းပြီး ကျောင်းတိုက်၌ အာဂတာနာဂတ သံဃိက စီဝရ အဖြစ် လှူလိုသော ကျောင်းဒကာ

၏ ခွင့်တောင်းချက် အရ ခင်းပြီး ကထိန်ကိုနှုတ်၍ အကာလ သင်္ကန်း လှူဒါန်းမှုသာ လာသောကြောင့် ဘဖန်ထပ်၍ ခင်းခွင့် မရှိ, မခင်းကောင်းပါ။

နဂ္ဂဝဂ် ပြီးပြီ

---

တုဝဋ္ဋဝဂ်

● ကေတ္ထရဏ ပါဝုရဏအရ ရှင်းပါ။

(က) ကော် အတ္ထရဏဥ္စ ပါဝုရဏဥ္စ ဘောသန္တိ ကေတ္ထရဏ ပါဝုရဏာ၊

(ခ) တထည်တည်းကို ခင်း၍ ၎င်းကိုပင်ခြုံ၍ အိပ်မှုသည် ကေတ္ထရဏ ပါဝုရဏ မည်၏။

---

● ကော်ဇော တချပ်တည်းပေါ်တွင် ဖောင်တထည်တည်း ခြုံ၍ အတူ အိပ်ခဲ့သော် ဘာ အာပတ်နည်း။

အခင်း တခြား အခြုံ တခြားဖြစ်၍ ဒုက် သင့်၏။

(အခင်းနှင့် အခြုံ တထည်တည်းဖြင့်မှ ပါစိတ်သင့်)

---

● တယောက်က အိပ်,တယောက်က ထိုင်နေရာ အသို့နည်း။

၂-ယောက်လုံး မအိပ်သောကြောင့် အာပတ်မသင့်၊
၂-ယောက်လုံး အိပ်လျှင် ပါစိတ် သင့်၏။

(ပဉ္စမအကြိမ်)

● ကော်ဇော တချပ်စီ စောင်တထည်စီ ခြုံ၍ ပူးကပ်ပြီးအိပ်လျှင် အပြစ် ရှိ,မရှိ ဆုံးဖြတ်ပါ။

အလယ်က သက်န်း, တောင်ဝှေး, ခါးပန်း စသည် တခုခု ခြားပြီးအိပ်လျှင် အပြစ်မရှိ၊ မခြားလျှင် ဒုက်။

---

● ရဟန်းချင်းဖြစ်စေ, သာမဏေ ကျောင်းသားနှင့် ဖြစ်စေ, အ တူ အိပ်သော ရဟန်း၌ အသို့နည်း။

(က) ကုတင် တလုံးတည်း တခင်းတည်းပေါ်မှာ ဖြစ်စေ,
(ခ) တထည်တည်းခင်း၍ ၎င်းကိုပင် ခြုံ၍ဖြစ်စေ,
(ဂ) တခင်းတည်း ခင်း၍ တထည်တည်းခြုံ၍ ဖြစ်စေ,
(ဃ) အခင်း အခြုံ တထည်စီ ခြုံပြီး ပူး၍ဖြစ်စေ, အတူပူး အိပ်လျှင် အသာရုပ္ပဖြစ်၍ ဒုက်သင့်၏။

---

● သဟာဇီဝိနီ အရ အဘယ်တပည့်မကို ယူရမည်နည်း။

သဒ္ဓိဝိဟာရိကာ တပည့်မ တမျိုးကိုသာ ယူ။

---

● ဆရာ ၄-မျိုး သရုပ်ကို ထုတ်ပြခဲ့ပါ။

(၁) နိဿယာစရိယ,
(၂) ပဗ္ဗဇ္ဇာစရိယ,
(၃) ဥပသမ္ပဒါစရိယ,
(၄) ဓမ္မာစရိယ,

(ဥပဇ္ဈာယာစရိယသည် ၂-နှင့် ၃-၌ ပါဝင်၏)

● နိဿယာစရိယ ဓမ္မာစရိယ သဘောကို ပြပါ။

(၁) အာစရိယော မေ ဘန္တေ ဟောတိ, အာယသ္မတော နိဿာယ ဝစ္ဆာမိ-ဟု နိဿယည်းယူရာ ဆရာသည် နိဿာယာစရိယ မည်၏၊

(၂) ပါဠိ ပိဋကတ်တော် ချပို့ပေးသော ဆရာသည် ဓမ္မာစရိယ ဆရာ မည်၏။

ဗုဒ္ဓဝစန သိက္ခာပကော ဓမ္မာစရိယော နာမ။

---

● ပဗ္ဗဇ္ဇာစရိယ, ဥပသမ္ပဒါစရိယ သဘောကို ပြပါ။

(က) ရဟန်း သာမဏေများအား အကျင့် သိက္ခာကို သင်ပေးသော ဆရာသည် ပဗ္ဗဇ္ဇာစရိယ၊

(ခ) ကမ္မဝါ ဆရာသည် ဥပသမ္ပဒါ စရိယ မည်၏။

---

● သဒ္ဓိဝိဟာရိက, အန္တေဝါသိက အထူးပြပါ။

(က) ဥပဇ္ဈာယ် ယူသော တပည့်သည် သဒ္ဓိဝိဟာရိက တပည့် မည်၏၊

(ခ) ၁-နိဿည်း ယူသော တပည့်,
၂-အဆုံးမ ယူသော တပည့်,
၃-စာပေ သင်ယူသော တပည့်

ဤ ၃-စားသည် အန္တေဝါသိက တပည့် တွေချည်း မည်ပါသည်။

(သဒ္ဓိဝိဟာရိက တပည့်ကား အရင်းအချာဆုံး ဖြစ်သည်)

(ပဥ္စမအကြိမ်)

● အန္တေဝါသိက ၄-ပါးကို ဆရာ ၄-ပါးနှင့် ဟပ်ပြပါ။

(၁) နိဿယန္တေဝါသိက....နိဿယာစရိယ,
(၂) ပဗ္ဗဇ္ဇန္တေဝါသိက....ပဗ္ဗဇ္ဇာစရိယ,
(၃) ဥပသမ္ပဒန္တေဝါသိက....ဥပသမ္ပဒါစရိယ,
(၄) ဓမ္မန္တေဝါသိက....ဓမ္မာစရိယ၊

ဓမ္မ အရာ၌ သိပ္ပန္တေဝါသိက ဟူ၍၎င်း သိပ္ပါစရိယ ဟူ၍၎င်း ခေါ်သေး၏)

---

● ဆရာ့ဝတ်ကို တသက်လုံး တာဝန်ယူ၍ ပြုရသော တပည့်များကို ဘော်ပြပါ။

(၁) ပဗ္ဗဇ္ဇန္တေဝါသိကသည် ပဗ္ဗဇ္ဇာစရိယအား,
(၂) ဥပသမ္ပဒန္တေဝါသိကသည် ဥပသမ္ပဒါစရိယအား ဝါ–ဥပဇ္ဈာယ် ဆရာအား တသက်လုံး တာဝန် ဝတ္တရား ရှိ၏။

---

● နိဿယန္တေဝါသိက နှင့် ဓမ္မန္တေဝါသိက ၂-ပါးသည် အဘယ် အခါထိအောင် ဝတ်ပြုရသနည်း။

ဆရာ၏ အထံ နေခိုက်သာ ဝတ်ပြုရ၏၊ အရပ်တပါး ကွာခြားသွားသော် မပြုဘဲ နေခွင့် ရ၏။

---

● ဂိလာန ဝတ်မှတပါး တခြားသော ဝတ်များ ပျက်ကွက်ခဲ့သော် ဘယ်အပြစ် ရောက်သနည်း။

တခြားဝတ်များ ပျက်လျှင် ဝတ္တဘေဒ ဒုက် သင့်၏။

(ပဥ္စမအကြိမ်)

● ဥပဿယံ အရ မည်သူပိုင် ကျောင်း ဖြစ်သနည်း၊ ဆွဲချရာ ဘယ်အခါ ဘာ အာပတ် သင့်သနည်း။

(၁) တံခါး တပ်ထားသော ပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိက ကျောင်း သည် ဥပဿယ မည်၏။

(၂) တံခါး အထပ်ထပ် ရှိ၍ တထပ် တခါ နား၍ ဆွဲ ထုတ်ရခဲ့သော် တံခါးစေ့ အာပတ် သင့်၏၊ တလျှောက် တည်း ဆွဲချရာ တချက်သာ။

---

● တံခါး မတပ်သော ကျောင်းမှုရင်း, လူ သာမဏေရိ ကိုရင်း ဆွဲချခဲ့သော် ဘာ အာပတ်လဲ။

ဤ ၂-မျိုးသုံး၌ ဒုက္ကဋ္ အာပတ်ချည်းသာ သင့်၏။

---

● အန္တောရဋ္ဌ နှင့် အာပတ် သင့်ပုံကို ပြပါ။

(က) မိမိ နေထိုင်ရာ နိုင်ငံ သည် အန္တောရဋ္ဌ၊

(ခ) ရွာ တခုကို လွန်တိုင်း တချက်ကျ သင့်၏၊ ရွာမဟုတ် သော တော၌ ယူဇနာခွဲ လွန်တိုင်း သင့်၏။ (ဘေးရန် ရှိသောအခါ အနာပတ္တိ)

---

● ခရီး တိုင်းပုံ နှင့် အာပတ်သင့်ရာ အခါ ပြပါ။

(က) ၃-ယူဇနာ ခရီးသို့ သွားပြီး, ဤ လမ်းဖြင့် ပြန်လာ လျှင် ၃-ယူဇနာပင် ယူ၊ အသွား တလမ်း အပြန် တလမ်း ဖြစ်ခဲ့သော် အသွား ၃-ယူဇနာ, အပြန် ၃-

ယူဇနာ ပေါင်း ၆-ယူဇနာ ယူရ၏။ (တလမ်းတည်း နှင့် လမ်း အသီးသီး)

(ခ) မသွားတော့ပြီ ဝန်ချရာ အခါ အာပတ်သင့်၏။

(မသွားဘဲ ဝန်ချရာ, ၁-၂-ယူဇနာ သွားပြီးမှ ဝန်ချရာယူ၊ ဝန်ချပြီးမှ တဖန် သွားသော်လည်း အာပတ်ပင်)

တုဝဋ္ဋဝဂ် ပြီးပြီ

## စိတ္တာဂါရဝဂ်

● ရာဇာဂါရ, စိတ္တာဂါရ, အာရာမ, ဥယျာန, ပေါက္ခရဏီ အသီးသီးတို့၏ အရကို ပြခဲ့ပါ။

(၁) မင်းသုံး ပျော်ပွဲရုံသည် ရာဇာဂါရ၊
(၂) အမျိုးဘကာတည်းခိုနိုင်သော စတုဒိသာဇရပ် စသည် ကား စိတ္တာဂါရ မည်၏၊
(၃) မြို့တွင်းရှိ ပန်းခြံသည် အာရာမ၊
(၄) မြို့ပြင်ရှိ ဥယျာဉ်ကြီးသည် ဥယျာန၊
(၅) ကူးခပ် လှော်ယက် ကစားရာ ကန်ကြီးသည် ပေါက္ခရဏီ မည်၏။

---

● အာသန္ဒိ ပလ္လင် အထူး ပြ၍ သုံးဆောင်ရန် အပ်အောင် လုပ် နည်းကိုပါ ညွှန်ခဲ့ပါ။

(၁) လက် ရှစ်သစ်ထက် ခြေရှည်သော ကုတင်သည် အာသန္ဒိ၊

(၂) ရုပ်လုံးပေါ် ထုအပ်သော ထိုင်စရာ တမျိုးသည် ပလ္လင်္ကာ။

ရှစ်သစ်ထက် ရှည်သော ခြေကို ဖြတ်, ရုပ်လုံးကို ပျောက်အောင် ထွင်းပစ်လျှင် သုံးဆောင် ကောင်း၏။

---

● သုတ္တံကန့်ယျဉ္ဈ သုတ္တအရ ပြပြီး မယက်မိ ရှေးရှေးပယောဂ တိုင်း၌ အပြစ် ရှိ,မရှိ ဆုံးဖြတ်ပါ။

ခေါမ၊ ကပ္ပါသ၊ ကောသေယျ၊ ကမ္ဗလ၊ သာဏ၊ ဘင်္ဂ။ ဝါဖန်ခြင်း ငင်ခြင်း အထိ ဒုက်သင့်၊ ထို့နောက် ပါစိတ်။

ခေါ, ကပ်, ကော, ကမ်၊ သာ, ဘင်္ဂ၊ မှတ်ရန် ဆ-သုတ္တ။

---

● ဂိဟိ ဝေယျာဝစ္စ သဘောကို ရှင်းပြပါ။

ထမင်းဟင်း ချက်ပေးခြင်း, အဝတ်အစား ဖွပ်လျှော် ပေးခြင်း စသော လူမှုကိစ္စ အဝဝသည် ဂိဟိဝေယျာဝစ္စ။

---

● လူတို့၏ ထမင်းဟင်းကို ဝိုင်းချက်ပေးပြီး စားသောက်လျှင် ဘယ်အခါ ဘာ အာပတ် သင့်သနည်း။

(က) ချက်ပြုတ် လုပ်ကိုင်ပေးတိုင်း ဒုက္ကဋ်။

(ခ) စားစရာ ထမင်း, ယာဂု, ပုဂံ ခွက်တို့၏ အရေအတွက်ကျ ပါစိတ် သင့်ပါသည်၊ မုံ့လုံး ရေပေါ် စသည် စားရာ အလုံးရေ အတွက်ကျ အာပတ် သင့်ပါသည်။

(ပဋ္ဌမအနေ...)

● ဝေယျာဝစ္စ လုပ်ပေးကောင်းတာ ရှိလျှင် ပြပါ။

သံဃာ့ အတွက်, စေတီ အတွက်, မိမိ၏ ကပ္ပိယ ကာရက ပုဂ္ဂိုလ် အတွက် ဝိုင်းဝန်း ချက်ပြုတ် လုပ်ကိုင် ပေးကောင်း ပါသည်။

---

● မိဘ၏ ဝေယျာဝစ္စ အတွက် အဘယ်သို့နည်း။

ယပ်ခတ်မှု တံမြက်စည်းတံ သပ်မှု ကိစ္စကို ခိုင်းပြီးမှ သူတို့၏ ဝေယျာဝစ္စ ချက်ပြုတ်မှု စသည်ကို ပြုပေးကောင်း၏၊ အသလွှာ ချက်ပြုတ် မပေးကောင်း။

**မှတ်ရန်**....ရပ်ဝေးနေ မိဘများသည် သား ဘိက္ခု, သမီး ဘိက္ခုနီ ကျောင်းသို့ ရောက်လာရာ ဘာမှ မခိုင်းစေရ သေးဘဲ ချက်ပြုတ် မပေး ကောင်း, တခုခု ခိုင်းပြီးမှ ကပ္ပိယ ဝေယျာဝစ္စ ကရနှင့် အလားတူ ပြုပေးကောင်း၏။

---

● ရေ, ဒန်ပူ ပေးရာ အာပတ် သင့်, မသင့် ပြပါ။

ရေ, ဒန်ပူ ပေးလျှင် ဒုက္ကဋ် အာပတ် သင့်သည်သာ။

---

● အာဝသထ စီဝရကို ပြ၍ အာပတ်ရက်ကို ပိုင်းပြပါ။

(၁) ရာသီ လာတုံး အချိန်အခါ အတွင်းမှ သုံးရသော ဥတုနီး သက်န်းသည် အာဝသထ စီဝရ မည်၏။

(၂) ၄-ရက်မြောက်၌ လျှော်ဖွပ် မပေးလျှင် အာပတ် သင့် တော့သည် သာ။

(ပဥမအကြိမ်)

**မှတ်ရန်**.... နောက်ထပ် ရာသီ ပေါ်နေသော (အသုံးပြုရမည့်) ဘိက္ခုနီ မရှိ ခဲ့သော်ငြား, သင်္ကန်း ပျောက်သော်ငြား, ဘေးရန် ရှိခဲ့သော်ငြား ဝတ်ကောင်းသေး၏၊ အာဝသထ—ကျောင်းအား၊ ဒိန္န-လှူအပ်သော၊ စီဝရံ—သင်္ကန်း၊ တကျောင်းလုံး သုံးနိုင်အောင် လှူအပ်သော သင်္ကန်း ဟူလို။

---

● အာဝသထ နှင့် အာပတ် သင့်ရာကို ပြပါ။

(က) တံခါး တပ်အပ်သော ကျောင်းသည် အာဝသထ မည်၏၊

(ခ) တခြား သွားသောအခါ "စောင့်ရစ်လော့" ဟု အစောင့် မထားခဲ့ဘဲ ကျောင်း ဥပစာကို ပ—ခြေလှမ်း လွန်လျှင် ဒုက်၊ ဒု-ခြေလှမ်း လွန်လျှင် ပါစိတ်။ (တံခါး မတပ်သော ကျောင်း၌ ဒုက္ကဋ် အာပတ် သင့်၏။)

---

● တိရစ္ဆာန ဝိဇ္ဇာ သဘော နှင့် သရုပ် ပြပါ။

(၁) မဂ်, ဖိုလ်ကို ရရောက်ကြောင်း မဟုတ်သော သာသနာ့ပြင်ပ သာသနာ့ကျိုး မရှိသော အတတ်သည် တိရစ္ဆာန ဝိဇ္ဇာ မည်ပါသည်၊
ဗာဟိရကံ အနတ္ထ သံဟိတံ(ပါစိတျာဒိဋ္ဌ)

(၂) ဟတ္ထိ အဿ၊ ရထ ဓနု၊ ထရု သိပ္ပ၊ အာထဗ္ဗန၊ ခိလန နှင့်၊ ဝသီကရဏ၊ သောသာပန၊ မန္တာဂဒံ၊ ပယောဂံ၊ တိရစ္ဆာန် ဝိဇ္ဇာတည်း။

● အဘယ် အရေ အတွက်အားဖြင့် အာပတ် သင့်သလဲ။

ပုဒ် အရေအတွက် အားဖြင့် ၎င်း, အက္ခရာ အရေ အတွက် အားဖြင့်၎င်း အာပတ် အတွက်ကျ သင့်ပါသည်။

စိတ္တာဂါရ ဝဂ် ပြီးပြီ

---

အာရာမ ဝဂ်

● သဘိက္ခုက အာရာမ သဘောကို ပြ၍ ပန်ကြားအပ်ရာ ပုဂ္ဂိုလ် များကို ပြခဲ့ပါ။

(၁) သစ်ပင်ရင်း၌ ထိုင်နေသော ရဟန်း ရှိသော အာ ရာမ်သည် သဘိက္ခုက အာရာမ (ရဟန်းရှိအာရာမ်) မည်၏။

(၂) ဘိက္ခု, သာမဏေ, အာရာမ်စောင့် စသော ပုဂ္ဂိုလ် များသည် ပန်ကြား အပ်ကောင်းသော ပုဂ္ဂိုလ်များ ဖြစ်၏။

---

● သဘိက္ခုက အာရာမပင် ဖြစ်သော်လည်း မပန်ကြားဘဲ ဝင် ကောင်းသော နည်းရှိက ပြပါ။

(၁) ဘိက္ခုနီမများ ရှိနေနှင့် ခဲ့လျှင် ၎င်းတို့၏ အထံသို့ သွားလိုခဲ့သော်၎င်း,

(၂) သဘိက္ခုက အာရာမကို ဖြတ်ကျော်သွားရမည့် လမ်း ဖြစ်နေခဲ့သော်၎င်း, ဘေးရန် အန္တရာယ် ရှိခဲ့သော်၎င်း မပန်ကြားဘဲ ဖြတ်သွားကောင်း၏။

● အနုပညတ်ကို ရနိုင်သရွေ့ ကောက်နုတ် ပြပါ။

(တ) သန္တဲ့ ဘိက္ခုံ အနာပုစ္ဆာ-ပ အနု,

(ခ) ဇာနံ သဘိက္ခုကံ-ဒု အနု၊ ပေါင်း ၂-ချက်။

---

● အက္ကောသ ပရိဘာသ အထူးကို ပြပါ။

(၁) အက္ကောသဝတ္ထု ၁၀-ပါးဖြင့်ဆဲလျှင် အက္ကောသ၊

(၂) ခြိမ်းခြောက် ဖမောင်းမဲလျှင် ပရိဘာသ၊

(လူ သာမဏေအား ထိုကဲ့သို့ ပြုမိလျှင် ဒုက် သင့်၏။)

---

● ဂဏ နှင့် ပရိဘာသနာကာရကို ရေးပါ။

(၁) ဘိက္ခုနီ သံဃာသည် ဂဏ မည်၏၊

(၂) အမိုက်မတွေ့, သတ္တိမရှိတဲ့ ဟာမတွေ့, မသိသား ဆိုးဝါးတဲ့ ဟာမတွေ့ စသည်ဖြင့် ကျိန်းမောင်းပုံ အမျိုးမျိုးသည် ပရိဘာသနာကာရတည်း။

---

● ရှေ့သိက္ခာပုဒ် နှင့် ဤ သိက္ခာပုဒ်တို့၌ ပါသော ပရိဘာသေယျ အရ ပရိဘာသန အထူး ပြပါ။

(က) ရှေ့ သိက္ခာပုဒ်၌ ခြိမ်းခြောက်မှု ယူပါ။

(ခ) ဤသိက္ခာပုဒ်၌ ရှုံ့ချပြစ်တင်မှု ယူပါ။

---

● ဘိက္ခုနီ ၁-၂-၃-ပါးကိုရင်း လူမိန်းမ သာမဏေရီမကိုရင်း ရှုံ့ချရာ အဘယ်အာပတ် သင့်သနည်း။

သမ္မဟုလာ ဝါ ဧကံ ဝါ အနုပသမ္ပန္နံ ဝါ ပရိဘာသန္တိယာ ဒုက္ကဋံ၊ အားလုံးအတွက် ဒုက္ကဋ် သင့်၏။

(ပဥ္စမအကြိမ်)

● စတုတ္ထ သိက္ခာပုဒ်၌ ခါဒနီယ, ဘောဇနီယ တို့မှ တပါးသော ကာလိက ၃-ပါး၌ အဘယ် အာပတ်နည်း။

ကာလိက ၃-ပါးကို ခံယူရာ သုံးဆောင်ရာ ဒုက်။

---

● ဘိက္ခုပဝါရိတ နှင့် ဉာတ်ပဝါရိတ အထူး ပြပါ။

(၁) ဘိက္ခုပဝါရိတ၌ အတိရိတ် ပြုပြီးသောအခါ တဖန် ပြန်၍ စားကောင်းပါသေး၏၊

(၂) ဉာတ်ပဝါရိတ၌ ပြန်စားခွင့် မရ၊ ဉာတ်သို့ ထူး၏။

---

● အဘိက္ခုက အာဝါသ အရကို ပြပါ။

ယူဇနာဝက် အတွင်း၌ ရဟန်းမရှိသော ကျောင်းသည် အဘိက္ခုက အာဝါသ မည်၏၊ ယူဇနာခွဲ အတွင်းမှာပင် ရှိစေကာမူ အန္တရာယ်ကြောင့် မသွား မလာနိုင်၍ ရဟန်းများနှင့် ဆက်ဆံခွင့် မရှိသော ကျောင်းသည်လည်း အဘိက္ခုက အာဝါသ ပင်။

---

● ယူဇနာခွဲအတွင်း ဝါအတူကပ်သော ရဟန်းများ လူထွက် သေ ကြေ ရွှေ့ပြောင်းလျှင် အသို့နည်း။

ဝါကပ်ပြီးမှ ထွက်,သေ,ရွှေ့သော်လည်း အနာပတ္တိ၊

(အဘိက္ခုက အာဝါသ ဖြစ်သွားသော်လည်း ထိုအဘိက္ခုက အာဝါသမှာ နေမှုအတွက် အပြစ်မရှိ ဟူလို)

(ပဥ္စမအကြိမ်)

● ဘိက္ခုနီများ၏ ပဝါရဏာရက်ကို ပြပါ။

ပုရိမဝါ ကပ်သူများသည် တန်ဆောင်မုန်း လဆန်း ၁၄-ရက်နေ့၌ ပြုရ၏။ (ရဟန်းထက် တရက်စော)

---

● ဘိက္ခုများထံမှာ ပဝါရဏာပြုရက် ပြပါ။

အဖိတ်နေ့ ဘိက္ခုနီချင်း ပြုပြီး လပြည့်နေ့ကျတော့ ကိုယ်စားတပါးလွှတ်၍ ဘိက္ခု သံဃာ့ထံမှာ ပြုရ၏။

(ဤသို့ ဥဘတော သံဃာမှာ ပြုရ၏၊ ဒုတိယ ဝါဆိုသူ ပစ္ဆိမဝါသိကာ ဘိက္ခုနီများအတွက် နည်းတူမှတ်)

---

● တေဝါစိက, ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ပဝါရဏာ ၄-ပါး ပြုရာ အခါ ပြပါ။

(၁) အန္တရာယ် မရှိလျှင် တေဝါစိကကိုသာ ပြုရ၏၊

(၂) အန္တရာယ် ရှိခဲ့လျှင် ကြွင်း ပဝါရဏာများ အနက် သင့်လျော်ရာ ရွေးချယ် ပြုရ၏။

---

● သဗ္ဗသင်္ဂါဟိက ဥတ်ထားပုံပြ၍, ၎င်းဖြင့် ပြုကောင်းသော ပဝါရဏာကို ပြခဲ့ပါ။

သုဏာတုမေ ဘန္တေ သံဃော, အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ ယဒိ သံဃဿ ပတ္တကလ္လံ, သံဃော ပဝါရေယျ။

ဤဥတ်ထားပြီး ၄-မျိုးလုံး ကြိုက်ရာ ပြုနိုင်၏။

(ပဥ္စမအကြိမ်)

● တေဝါစိက ဥတ်၌ ဒွေဝါစိက ကေဝါစိကကိုရင်း, ဒွေဝါစိက ဥတ်၌ တေဝါစိက ကေဝါစိကကိုရင်း ပြုကောင်း, မပြုကောင်း ပြပါ။

(၁) တေဝါစိက ဥတ်ကို ထားပြီးလျှင် ဒွေဝါစိက ကေဝါစိက ပဝါရဏာကို မပြုကောင်းပါ။ ဥတ်အောက် မလျှော့ကောင်း ဟူ၏၊

(၂) ဒွေဝါစိကဥတ်၌ တေဝါစိက ပဝါရဏာပြုကောင်း၏၊ လျှော့ပြီး ကေဝါစိက ပဝါရဏာ မပြုရ။

**မှတ်ရန်**....ဥတ်အောက် လျှော့ပြီး မပြုရ၊ ဥတ်အထက်ကို ပို၍ ပြုကောင်း၏၊ ကေဝါစိက ဥတ်၌ သိသာပြီ။

---

● ကေဝါစိက စသော အမိပ္ပါယ် ၄-ပါးကို ရေးပါ။

(၁) တကြိမ်သာဖိတ်၍ ပြုလျှင် ကေဝါစိက ပဝါရဏာ,

(၂) နှစ်ကြိမ်ဖိတ်၍ ပြုလျှင် ဒွေဝါစိက ပဝါရဏာ,

(၃) သုံးကြိမ်ဖိတ်၍ ပြုလျှင် တေဝါစိက ပဝါရဏာ,

(၄) ဝါတူပေါင်း၍ပြုလျှင် သမာနဝဿိက ပဝါရဏာ။

**မှတ်ရန်**....ဝါတူ ပေါင်းဖိတ်၍ ပြုရာ တကြိမ်, နှစ်ကြိမ်, သုံးကြိမ် အားဖြင့် တမျိုးမျိုး ဖိတ်ရ၏။

---

● ဩဝါဒ သံဝါသ အထူးကို ရေးပါ။

(၁) ဂရုဓမ္မကို နာယူခြင်းသည် ဩဝါဒါယ၊

(၂) ဥပုသ် ပဝါရဏာ မေးမှု ဖိတ်မှု သံဝါသာယ။

[(ပဋ္ဌမအကြိမ်)

● ကေဒွေသ စသည်ကို ဘာ့ကြောင့် သံဝါသ မယူသလဲ။

ဘယ်ဘုရား လက်ထက်မှ ဘိက္ခု နှင့် ဘိက္ခုနီများ ကေဒွေသ စသည် မပြုကောင်း၍ မယူရပါ။

---

● ပသာခ၏ ဌာနနှင့် အခိပ္ပါယ်ကို ရေးပါ။

ချက်အောက် ဒူးဆစ်အထိ အရပ်ကို ပသာခ ခေါ်၏၊ သစ်ကိုင်း ကဲ့သို့ ပေါင်များ ပေါက်ထွက်ရာ ဖြစ်၍ သဒိသူပစာ အားဖြင့် ပသာခ ဟု ခေါ်သည်။

---

● ဂဏ္ဍ နှင့် ရုဓိတ အထူးကို ရှင်းပြခဲ့ပါ။

(၁) အမာ အဖု အကြိတ်သည် ဂဏ္ဍ၊

(၂) သွေးပြည် ယိုနေသော အနာသည် ရုဓိတ။

**အာရာမ ဝဂ် ပြီးပြီ**

---

ဂဗ္ဘိနီ ဝဂ်

● အဂဗ္ဘိနီကို ဂဗ္ဘိနီ, ဂဗ္ဘိနီကို အဂဗ္ဘိနီ အမှတ်ရှိပြီး ရဟန်းခံပေးလျှင် အဘယ် အာပတ်နည်း။

(က) အဂဗ္ဘိနီကို ဂဗ္ဘိနီ သညာ၌ ဒုက်၊

(ခ) ဂဗ္ဘိနီကို အဂဗ္ဘိနီ သညာ၌ အနာပတ္တိ၊

(ယုံမှားရှိလျှင် ဂဗ္ဘိနီ အဂဗ္ဘိနီ တို့၌ ဒုက်)

(ပဥ္စမအကြိမ်)'

● ဘယ်အခါ ဘာအာပတ် သင့်သနည်း။

(၁) သံဃာရှာမှု ပရိက္ခရာ ရှာမှု ဥတ်ဆုံးမှု ကမ္ဘဝါ ၂-ကြိမ်ဘတ်၍ ဆုံးမှုဌ် ဒုက်၊

(၂) ကမ္ဘဝါ သုံးကြိမ်၏ နိဂုံး အဆုံး၌ ပါစိတ်။

---

● ပါယန္တိ သရ ကို ပြပါ။

ကိုယ်ပိုင် သားကို နို့တိုက်နေသည် ဖြစ်စေ, ငှါး၍ ကလေးကို နို့တိုက်နေ သည် ဖြစ်စေ ပါယန္တိ မည်၏၊ (ခလေး နို့စို့ ခံနေရသော သားသယ် နို့ထိမ်းသယ် ယူ)

---

● သားသယ် မအေ ဘိက္ခုနီများသည် ခလေးကို နို့တိုက်ကောင်း မတိုက်ကောင်း ဆုံးဖြတ်ပါ။

ကုမာရ ကဿပ မယ်တော် တပါးတည်းသာ နို့တိုက်ခွင့်ရ၏၊ တခြား ဘိက္ခုနီများ နို့တိုက်ခွင့် မရပါ။

---

● ဒွေဝဿ နှင့် အသိက္ခိတ သိက္ခာအရ ပိုင်းခြား ပြပါ။

(က) ပဝါရဏာ ၂-နှစ် ၂-ကြိမ်ပြုရာ ကာလ ဒွေဝဿ၊

(ခ) သိက္ခာပုဒ်ကို လုံးဝ မဆောက်တည် ရသေးသော သိက္ခမာန်, ဆောက်တည်ပြီး သိက္ခာ ပျက်သော သိက္ခမာန် ၂-မျိုး ၂-စားလုံးသည် အသိက္ခိတ သိက္ခာ ဖြစ်သော သိက္ခမာန် မည်၏။

(ပဉ္စမအကြိမ်)

● အသမ္မတ သိက္ခမာန်၏ သဘာဝကို ရှင်းပြီးလျှင် အသိက္ခိတ အသမ္မတ ၂-ဦး၏ အမည်ထူးကို ပြပါ။

(၁) သိက္ခာ ၆-ပါးကို နှစ်နှစ်တိုင်တိုင် ကျင့်ပြီး ဖြစ်စေ ကာမူ ရဟန်းခံဘို့ အသိအမှတ် မပြုရ သေးသည်ကို အသမ္မတ သိက္ခမာန် ခေါ်၏။

(၂) ဤ သိက္ခမာန်ကြီး တွေကို အရွယ်တော် ၂၀-ကျော် ပိုင်းမို့ သိက္ခမာန် အဟိုင်းကြီးတွေ ဟူ၍ (မဟာ သိက္ခမာန်) ခေါ်၏။

---

● သိက္ခမာန် ကျင့်ဝတ် သီလကို ခံယူပုံနှင့် ဘာ့ကြောင့် ၂-နှစ်တိုင် သိက္ခမာန်ကျင့် ကျင့်ရပုံ ပြပါ။

(၁) ပါဏာတိပါတာ ဝေရမဏိံ ဒွေ ဝဿာနိ အဝီ တိက္ကမ သမာဒါနံ သမာဒိယာမိ၊...လ.... ဝိကာလ ဘောဇနာ ဝေရာမဏိံ ဒွေ ဝဿာနိ အဝီတိက္ကမ သမာဒါနံ သမာဒိယာမိ။
(ဆောက်တည်ပုံ)

(၂) အသက် ၆၀—ရှိစေကာမူ မာတုဂါမသည် စိတ်ထား မတည်တန့်၍ ၂-နှစ်တိုင် အစမ်း ကျင့်နေရပါ သည်။

---

● သိက္ခမာန် ပြုကောင်းသော အရွယ် ဘိက္ခုနီ ပြုကောင်းသော အရွယ် ပမာဏ ပိုင်းခြား ပြပါ။

(၁) ၁၀-နှစ်အရွယ်မှ စ၍ သိက္ခမာန် ဝတ်နိုင်၏၊

(ပဉ္စမအကြိမ်)

(၂) ၁၂-နှစ် အရွယ်မှစ၍ ဘိက္ခုနီ ပြုနိုင်ခွင့် ရှိ၏။
(ဤ သိက္ခမာန်တွေသည် အအိုတွေ ချည်းသာ တည်း)

---

● ဂိဟိဂတ, ကုမာရီဘူတ, မဟာသိက္ခမာန် အတူး ပြပါ။

(၁) ၁၀-နှစ်မှ ၁၈-နှစ် အရွယ်အထိ ဂိဟိဂတ,
(၂) ၁၈-နှစ်မှ ၂၀-အထိ ကုမာရီဘူတ,
(၃) ၂၀-ကျော်လျှင် မဟာသိက္ခမာန် ခေါ်၏။
(ယောကျ်ားနှင့် ဆက်ဆံ သွားလာဘူးလျှင် ဂိဟိဂတ)

---

ကုမာရီ ဘူတ ဝဂ်

● ဤဝဂ် အစ သိက္ခမာန်များကား အပျိုလား, အအိုလား။

ငယ်ဖြူ သာမဏေရီမများ ဖြစ်ကြ၏၊ ၎င်းတို့သည် ရဟန်းခံကာနီး သိက္ခမာန်အဖြစ် ကျင့်ကြရ၍ သိက္ခမာန် ခေါ်သည်၊
အမှန်မှာ ငယ်စဉ်က သာမဏေရီလုပ်ခဲ့သော အပျိုစင်တွေ ဖြစ်ကြ၏။

---

● ဂိဟိဂတနှင့် ကုမာရီဘူတ အထူး ပြပြီး ရဟန်း ခံနိုင်သော အရွယ် အသီးသီး ပြပါ။

(၁) ယောကျ်ားနှင့် ဆက်ဆံဘူး (လင်ရဘူး) လျှင် ဂိဟိဂတ တောထွက် သိက္ခမာန် ဖြစ်၏၊ ထိုဂိဟိဂတများသည် ဆင်းရဲ ခံနိုင်၍ ၁၂-နှစ် အရွယ်မှာ ဘိက္ခုနီ လုပ်ခွင့် ရ၏။

(၂) အပျိုစင် သာမဏေရီ အဖြစ်ဖြင့် သန့်ရှင်းစွာ (ယောကျ်ားနှင့် မဆက်ဆံဘူးဘဲ) နေလာသော သာမဏေရီသည် ကုမာရိဘူတ မည်ပါသည်၊ ရဟန်းခံကာနီး သိက္ခမာန် အကျင့်ကို ကျင့်ရ၍ ကုမာရိဘူတသိက္ခမာန် ခေါ်ပြန်၏။ (အမှန်မှာ သာမဏေရီပင်) ဤကုမာရိဘူတ သာမဏေရီ အစားမျိုးကို ၀ါ-သိက္ခမာန်ကိုကား ဆင်းရဲအတွေ့ အကြုံနဲ၍ ၂၀-ပြည့်မှ ရဟန်းခံ ပေးရ၏။

---

● ဥပဇ္ဈာယ် လုပ်နိုင်သော ဘိက္ခု ဘိက္ခုနီ ၀ါကို ပြပါ။

(၁) ဘိက္ခုမှာ ၁၀-၀ါ ရပြီးမှ,

(၂) ဘိက္ခုနီမှာ ၁၂-၀ါရပြီးမှ ဥပဇ္ဈာယ် လုပ်နိုင်၏။

---

● ၁၈-မှ ၂၀-အတွင်း သိက္ခမာန်ကို ဘယ်လို ခေါ်၍, ဘယ်လို မခေါ်ရ သလဲ ရှင်းခဲ့ပါ။

(၁) လူ့ဘ၀မှ ၁၈-နှစ်အရွယ် အထိ နေပြီး သိက္ခမာန် ဖြစ်လာသူကို ဂိဟိဂတ သိက္ခမာန်, ကုမာရိ ဘူတ သိက္ခမာန် ဟု အမည် ၂-မျိုးဖြင့် ခေါ်နိုင်၏။

(၂) ငယ်စဉ်က သာမဏေရီဖြစ်လာ၍ ၁၈-နှစ်ပြည့်တော့ သိက္ခာ သမ္မုတိ ပေး၍ သိက္ခမာန် အဖြစ် ကျင့်နေခိုက် ကုမာရိဘူတခေါ်၊ ဂိဟိဂတမခေါ်ရ၊

လင်ယောကျ်ားနှင့် မဆက်ဆံခဲ့ဘူးသောကြောင့် ဂိဟိဂတ မခေါ်ရ။

(ပဌမအကြိမ်)

● မဟာ သိက္ခမာန်ကြီးကို ဘာခေါ်နိုင်သေးသလဲ။

ဂိဟိဂတ သိက္ခမာန်, ကုမာရိဘူတ သိက္ခမာန် ဟု ခေါ်သင့်သော်လည်း မခေါ်ရ၊ မဟာသိက္ခမာန်ဟဲ ခေါ်။

---

● ပုရိသ ကုမာရက အထူးနှင့် သံသဋ္ဌ ပြုပုံ ပြပါ။

(၁) ပုရိသောနာမ ပတ္တဝီသတိဝဿော၊ ၂၀-အရွယ်၊
(၂) ကုမာရော နာမ အပတ္တဝီသတိ ဝဿော၊ ၂၀–မပြည့်သေး၊ (၂၀–ပြည့်လျှင် ပုရိသ, မပြည့်လျှင် ကုမာရက)
(၃) သံသဋ္ဌာ နာမ အနန္နု လောမိကေန တာယိဏ ဝါစသိကေန သံသဋ္ဌာ၊ သမီးရီးစား ထားကာ နှုတ်မှု လက်မှု ကျူးလွန် ဘူးသူသည် သံသဋ္ဌ ပြုဘူးသည် မည်၏။

---

● မိဘနှင့် လင်ကို ပန်ကြားရာ အခါ ပြပါ။

သာမဏေရီ ပြုရာ အခါ နှင့် ဘိက္ခုနီ ပြုရာအခါ ၂-ကြိမ် လုံး၌ ပန်ကြား ရပါသည်။

---

● ရဟန်းများမှာ အဘယ်အခါ ပန်ကြား ရသနည်း။

(၁) သာမဏေ ပြုစဉ်က ခွင့် တောင်း ပြီး ဖြစ်ခဲ့ လျှင် ရဟန်းခံသော အခါ၌ ယောကျ်ားများ အတွက် ပန်ကြားခွင့် မလို။

(ပဥ္စမအကြိမ်)

(၂) သာမဏေပြုစဉ်က မပန်ကြားရ သေးဘူးလျှင် ရဟန်းခံတော့ ထပ်၍ပန်ကြားရ၏။ တခါနဲ့ ပြီး၏။

---

● ရဟန်းလောင်းများ မိန်းမကို ပန်ကြား ရသလော။

ရဟန်းလောင်းများမှာ မယားကို ပန်ကြားခွင့် မရှိ။

---

● ပါရိဝါသိယ လေးပါးကို ပြပါ။

(၁) ပရိသပါရိဝါသိယ,
(၂) ရတ္တိပါရိဝါသိယ,
(၃) ဆန္ဒပါရိဝါသိယ,
(၄) အဇ္ဈာသယ ၄-ပါး။

---

● ပရိသ ပါရိဝါသိယ သဘောကို ရေးပါ။

ရဟန်းတော်များ ကံဆောင်ရန် စည်းဝေး နေခိုက် မိုးရွာခြင်း, အန္တရာယ် ကြုံခြင်း, လူတွေ ဝိုင်းအုံ ဆူညံပြီး ရှန်းရင်းဆန်ခတ် ဖြစ်ခြင်း စသော အနှောက်အရှက် တခုခုကြောင့် ကံဆောင်လိုသော ဆန္ဒ မစွန့်ဘဲ တခြား ရွှေ့ပြောင်းကြရလျှင် ပရိသ ပါရိဝါသိယ= ပရိသတ် သိုးသည် မည်၏။

---

● ရတ္တိ ပါရိဝါသိယ သဘောကို ပြပါ။

ဥပုသ်ပြုရန် ရဟန်းတော်များ စည်းဝေးပြီး တရားဟောပြောသည်ကို နာယူ ဆွေးနွေး နေခိုက် အရုဏ်တက်ကျင်း၍ မိုးလင်းသွားလျှင် ရတ္တိပါရိဝါသိယ မည်၏။

(ပန္နမအကြိမ်)

● ဥပုသ် မပြုခင် မိုးလင်းသွားလျှင် ဘာလုပ်ရသလဲ။

(က) စာတုဒ္ဒသီ ညဉ့်မှာ တရားကို ဆွေးနွေးရင်း မိုးလင်း လွှားလျှင် ပန္နရသီ ဥပုသ် အဖြစ်ဖြင့် (တရက်နေ့ မှာ ပင်) ပြု။

(ခ) ပန္နရသီ ညဉ့်မှာ မိုးလင်း သွားလျှင် ဘာ ဥပုသ်မှ မပြုရတော့ချေ၊ တခြား ကံများတော့ ပြုကောင်း၏။

---

● ဆန္ဒ-ပါရိဝါသိယ သဘောကို ရေးပါ။

အဗ္ဘာန် စသော ကံပြုမည့် ဆဲဆဲ ရဟန်းတပါးက "နက္ခတ် မကောင်းသေး၍ စောင့်ပါဦး" ဆို၍ ကံကို မပြုလိုဘဲ ဆန္ဒကို စွန့်ပြီးမှ အခြားတပါးက "နက္ခတ်စောင့်လို့ ဘာ အကျိုးရှိအံ့ နည်း" ဆိုသဖြင့် ကံကို ပြုလိုသော ပြန်ပေါ် လာသည့် ဆန္ဒ သည် ဆန္ဒ ပါရိဝါသိယ သိုးသောဆန္ဒမည်၏၊ အဇ္ဈာသယ ပါရိဝါသိယလည်း ခေါ်၏။

---

● ပေးလိုက်သော ဆန္ဒများ သိုးရာ ဘာလုပ်ရသနည်း။

ပေးလိုက်သော ဆန္ဒများ သိုးပုပ် ပျက်စီးသွားသောကြောင့် ဆန္ဒအသစ် ပြန်တောင်းရ ဆောင်ရ၏။

---

● ဥပဇ္ဈာယ် ဆရာမကြီးသည် အဘယ်မျှ ခြားနားပြီးမှ အဘယ်မျှ တပည့်မကို ရဟန်းခံ ပေးကောင်းသလဲ။

(၁) တပည့်မ တပါးကို ရဟန်းခံ ပေးပြီး နောက် တနှစ် ကျော် ကြာမှ နောက် တယောက်ကို ခံပေးကောင်း သည်။

(ပဋ္ဌမအကြိမ်)

(၂) တနှစ်တည်း၌ကား ၂-ပါး ခံမပေးကောင်း။
(ဤ စကားဖြင့် ဘိက္ခုနီ၌ ဒွန် မခံကောင်းဟု သိလေ)

---

ဆတ္တ ဝဂ်

ဆတ္တုပါဟန၌ ဆတ္တဘေဒကို ပြ၍ အသုံး ပြုခြင်းကြောင့် အာပတ်သင့်ပုံကို စုံလင်စွာ ဘော်ပြပါ။

သေတစ္ဆတ္တ,
ကိလဉ္ဇဆတ္တ,
ပဏ္ဏဆတ္တ,
၃-မျိုး ရှိပါသည်။

တမျိုးသုံးလျှင် ဒုက်, ၂-မျိုးလုံး သုံးမှ ပါစိတ်။
(ပယောဂ အရေ အတွက်ကျ သင့်)

---

ဆတ္တုပါဟန, ယာန-ဂိလာန အထူး ပြပါ။

(၁) ထိး, ဘိနပ်တို့နှင့် ကင်း၍ မသွားနိုင် မလာနိုင်အောင် နာဖျားနေလျှင် ဆတ္တု ပါဟန ဂိလာန၊
(၂) ယဉ်နှင့် ကင်း၍ မသွားလာ နိုင်ခဲ့လျှင် ယာန ဂိလာန။
(၎င်းတို့နှင့် ကင်း၍ သွားလာနိုင်လျှင် အဂိလာန)

---

ဣတ္ထာ လက်ာရ ဘေဒ နှင့် အာပတ် သင့်ပုံ ပြပါ။

(၁) သီသူပဂ,
(၂) ဂီဝူပဂ,

(ပဥ္စမအကြိမ်)

(၃) ဟတ္ထူပဂ,
(၄) ပါဒူပဂ,
(၅) ကဋူပဂ ပေါင်း ငါးပါး
ဋ္ဌတ္တာလင်္ကာရ အရေအတွက်ကျ သင့်၏။

---

ဋ္ဌတ္တာလင်္ကာရ၌ အဂိလာန အတွက် အသုံးနည်း။

အာဗာဓ ပစ္စယာ- အနာဟူသော အကြောင်းကြောင့်၊ ကဋိသုတ္တံ-ခါးကြိုးကို၊ ဓာရေန္တိယာ- ဆောင်သော သိက္ခမာန်မအား၊ အနာပတ္တိ၊ ခမဲ အတွက် နတ် အတွက်လည်း ဆောင်အပ်မည်သာတည်း။

---

ဥမ္မဒ္ဒ, ပရိမဒ္ဒ အထူးနှင့် အာပတ် သင့်ပုံ ပြပါ။

(၁) တွန်းလျှင် ပွတ်လျှင် ဥမ္မဒ္ဒ၊
(၂) ဆုပ် နယ်လျှင် ပရိမဒ္ဒ၊
(၃) လက်ကို ဖျည်၍ ဖျည်၍ ပွတ်တိုင်း ဆုပ်တိုင်း ပယောဂ အရေ အတွက်ကျ သင့်၏။

---

ဂန္ဓ, ဝဏ္ဏ, ပိညာက အရ အသီးသီး ပြပါ။

(က) နံ့သာမှုန့် ဂန္ဓ မည်၏၊
(ခ) နံ့သာဆီ အလှရည်သည် ဝဏ္ဏက၊
(ဂ) နံ့သာဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်သည် ပိညာက မည်၏။

(ဝါသိတက ပိညာက အရ ဆပ်ပြာမွှေးလဲ ရ၏)

[(ပဉ္စမအကြိမ်)]

● ဘိက္ခုသြ ပုရတော အရ ပြပါ။

ရဟန်း၏ ရှေ့နောက် ပတ်လည် ၁၂-တောင် ဥပစာ အနီး အရပ်ကို ယူရ၏။

---

● ပုစ္ဆာ မေးလိုရာ ပန်ကြားပုံ ရေးပါ။

(က) ပုစ္ဆိတဗ္ဗံ အတ္ထိ, ပုစ္ဆာမိ အယျ၊

(ခ) မေးစရာ ရှိပါသည်၊ မေးပါရစေ အရှင်။

---

● သံကစ္စိက အသုံး ပြုရာနှင့် အသုံး ပြုပုံ ပြပါ။

ညှပ်ရိုးအောက် ချက်အထက် အရပ်ဌာနကို ဖုံးစရာ လောပတ် ထိုးစရာ နံငယ်ပိုင်း တည်း။

(ကေသိ၏ အတွင်းက ထား၍ ပတ်ဖွဲ့စရာ ဖြစ်၏)

---

● ဘိက္ခုနီသုဒ္ဓပါစိတ် ၁၆၆-ပုဒ်ကို သာဓာရဏ အသာဓာရဏ ၂-ပါး ခွဲခြား ပြပါ။

(က) မုသာဝါဒဝဂ် စသော ဘိက္ခုပါတိမောက် လာ သိက္ခာပုဒ် ၇၀-သည် ၂-ဦးဆိုင်သော ဘိက္ခု ဘိက္ခုနီ သာဓာရဏ၊

(ခ) ဘိက္ခုနီ ပါတိမောက် လာ ဆတ္တ ဝဂ် အထိ သိက္ခာပုဒ် ၉၆-ပါးသည် ရဟန်းများနှင့် မဆိုင်၍ အသာဓာရဏ။

● အသာခရဏ သိက္ခာပုဒ် ၉၆-ပါးတို့တွင် အစိတ္တက လောက ဝဇ္ဇ သိက္ခာပုဒ်များကို ပြပါ။

(၁) ဂိရဂ္ဂသမဇ္ဇ,
(၂) စိတ္တာဂါရသိက္ခာပုဒ်,
(၃) သဃာဋိ,
(၄) ဋ္ဌတ္ထာလက်ာရ,
(၅) ဂန္ဓဝဏ္ဏက,
(၆) ပိညာက,
(၇-၈-၉-၁၀) ဥမ္မဒ္ဒန သိက္ခာပုဒ် ၄-ပါး။

ဤသိက္ခာပုဒ် ၁၀-ပါးသည် အစိတ္တက လောကဝဇ္ဇ ဖြစ်သောကြောင့် အကုသိုလ် ဖြစ်၏၊ ကြွင်းသိက္ခာပုဒ် ၈၆-ပါးသည် သစိတ္တက ပဏ္ဏတ္တိဝဇ္ဇတည်း။

---

● အစိတ္တက လောကဝဇ္ဇ အကုသိုလ် သဘော ပြပါ။

(၁) ကျူးလွန်လိုစိတ် မရှိသော်လည်း အာပတ်သင့်စေတတ်သော သိက္ခာပုဒ်သည် အစိတ္တက သိက္ခာပုဒ်မည်၏။

(၂) လွန်ကျူး လိုသော စိတ်ရှိခဲ့သော် လောကပြစ် အကုသိုလ် ဖြစ်၍ လောကဝဇ္ဇ အကုသလစိတ္တ မည်၏။

ဝိနာပိ စိတ္တေန အာပဇ္ဇိတဗ္ဗတ္တာ အစိတ္တကာနိ၊ စိတ္တေ ပန သတိ အကုသလေနေဝ အာပဇ္ဇိတဗ္ဗတ္တာ လောကဝဇ္ဇာနိ စေဝ အကုသလာနိ စ။

(ပဋ္ဌမအကြိမ်)

● အသာဓာရဏ ၉၆—ပါးအနက် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇနှင့် သစိတ္တက လောကဝဇ္ဇ ခွဲပြပါ။

(၁) ဓောရိဝုဋ္ဌာပန,
(၂) ဂါမန္တရ,
(၃) အာရာမသိက္ခာပုဒ်,
(၄-၁၀) ဂဗ္ဘိနီအစ ၇,
(၁၁-၁၅) ကုမာရီဘူတအစ ၅,
(၁၆) ပုရိသသံသဋ္ဌ,
(၁၇) ပါရိဝါသိယဆန္ဒဒါန,
(၁၈) အနုဝဿံဝုဋ္ဌာပန,
(၁၉) ဧကန္တရိကဝုဋ္ဌာပန

ဤသိက္ခာပုဒ်ပေါင်း ၁၉-ပါးသည် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ၊ ကြွင်း ၆၇-ပါးသော သိက္ခာပုဒ်သည် သစိတ္တက လောက ဝဇ္ဇ မည်၏။

ဘိက္ခုနီ ပါတိမောက် ပြီးပြီ။

---

နောက်ဆက်တွဲ

# ကင်္ခါသာရ

သောတာရုနံ သုခေနေဝ၊
မာရေတုံ စ သုဒုက္ခိတုံ။
ဝိညာတုံ စ ဆဋ္ဌမူလ၊
ကင်္ခါတော သာရမုဒ္ဓဋံ။

**အကတာနုဓမ္မေနာတိ** အနုဓမ္မော အာပတ္တိယာ အဒဿနေ ဝါ အပ္ပဋိကမ္မေ ဝါ ပါပိကာယ ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဝါ ဝိနယေန ဥက္ခိတ္တကဿ အနုလောမဝတ္တံ ဒိသွာ ကတဩသာရဏာ၊ သော ဩသာရဏာသင်္ခါတော အနုဓမ္မော ယဿ န ကတော၊ အယံ အကတာနုဓမ္မော နာမ။

**အကပ္ပိယကုဋိနာမ** သံဃဿ ဝါ ဥပသမ္ပန္နပုဂ္ဂလဿ ဝါ သန္တကံ ဝသနတ္ထာယ ကတဂေဟံ။

**အကာလစီဝရံနာမ** ယွာယံ "အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော, အတ္ထတေ ကထိနေ ပဉ္စ မာသာတိ စီဝရကာလော ဝုတ္တော၊ တံ ဌပေတွာ အညဒါ ဥပ္ပန္နံ, ယဉ္စ ကာလေပိ သံဃဿ ဝါ ဣဒံ အကာလစီဝရန္တိ, ပုဂ္ဂလဿ ဝါ

(ပဉ္စမအကြိမ်)

ဣဒံ တုယှံ ဒမ္မိတိ အာဒိနာ နယေန ဒိန္န၊ တော် အကာလ စီဝရံ နာမ။ (စီဝရဝဂ် တတိယသိက္ခာပုဒ်)

အကာလစီဝရန္တိ အတ္ထတေ ကထိနေ ကထိနမာဒသဟိ, အနတ္ထတေ စီဝရမာသတော အညသ္မိံ ကာလေ ဥပ္ပန္နံ၊ ယံ ဝါ ပန ကာလေပိ အာဒိဿ ဒိန္နံ၊

အာဒိဿ ဒိန္နံ နာမ သမ္ပတ္တာ ဘာဇေန္တူတိ ဝတွာ ဝါ ဣဒံ ဂဏဿ, ဣဒံ တုမှာကံ ဒမ္မိတိ ဝတွာ ဝါ ဒါတုကာမတာယ ပါဒမူလေ ဌပေတွာ ဝါ ဒိန္နံ။ (ဘိက္ခုနီ ပတ္တဝဂ် ဒုတိယ)

ဇာတိ, နာမ, ဂေါတ္တ, ကမ္မ, သိပ္ပ,အာဗာဓ, လိင်္ဂ, ကိလေသ, အာပတ္တိ,အက္ကောသဝသေန အက္ကောသဝတ္ထူနိ ဒသ။

အဂိလာနေနာတိ အဒ္ဓယောဇနမ္ပိ ဂန္တုံ အသမတ္ထေန။ (ဘောဇနဝဂ် ပဌမ)

အဂိလာနေနာတိ ယဿ တေဟိ ဝိနာပိ ဖာသု ဟောတိ။(ဘောဇနဝဂ် နဝမ)

အဂိလာနော နာမ ယော သက္ကောတိ ပိဏ္ဍာယ စရိတုံ။ (ပါဋိဒေသနီ တတိယ)

အဂိလာနော နာမ ယော သက္ကောတိ ပိဏ္ဍာယ ဂန္တုံ။ (ပါဋိဒေသနီ စတုတ္ထ)

အဂ္ဂဠဌပနာယာတိ သတာဝါဠကဿ ဒွါရဗန္ဓဿ နိစ္စလဘာဝတ္ထာယ(ဘူတဂါမဝဂ် နဝမ)

[(ပဌမအကြိမ်)]

ဥင်္ဂုလိပတောဒကေတိ အင်္ဂုလီဟိ ဥပကစ္ဆကာဒိဃဋ္ဋနံ ဝုစ္စတိ။

**အစ္စေကစီဝရန္တိ** ဂမိက, ဂိလာန, ဂဗ္ဘိနီ, အဘိနဝုပ္ပန္နသဒ္ဓါနံ ပုဂ္ဂလာနံ အညတရေန ဝဿာဝါသိကံ ဒဿာမီတိ ဧဝံ အာရောစေတွာ ဒိန္နံ။

**အညတြ အဓိမာနာတိ** ယွာယံ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တဿ အာရဒ္ဓဝိပဿကဿ အပတ္တေ ပတ္တသညိတာသင်္ခါတော အဓိမာနော ဥပ္ပဇ္ဇတိ၊ တံ အဓိမာနံ ဌပေတွာ၊

**အညာတိကာယာတိ** န ဉာတိကာယ၊ မာတိတော ဝါ ပိတိတော ဝါ ယာဝ သတ္တမံ ယုဂံ၊ တာဝ ကေနစိ အာကာရေန အသမ္ဗဒ္ဓါယာတိ အတ္ထော၊

**အတိခုဒ္ဒကာ** (သီမာ) နာမ ယတ္ထ ဧကဝီသတိ ဘိက္ခူ နိသီဒိတုံ န သက္ကောန္တိ။

**အတိမဟတီ** (သီမာ) နာမ ယာ အန္တမသော ကေသဂ္ဂမတ္တေနာပိ တိယောဇနံ အတိက္ကမိတွာ သမ္မတာ။

အတိရေကပတ္တောနာမ အနဓိဋ္ဌိတော စ အဝိကပ္ပိတော စ။

အဓိကရဏာနန္တိ

ဝိဝါဒါဓိကရဏံ,

အနုဝါဒါဓိကရဏံ,

အာပတ္တာဓိကရဏံ,
ကိစ္စာဓိကရဏန္တိ
ဣမေသံ စတုန္နံ။

အဓိကရဏာ ဝူပသမနံ ဝေံ ဝေဒိတဗ္ဗံ။

ဝိဝါဒါဓိကရဏံ ဒွီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ။

အနုဝါဒါဓိကရဏံ စတူဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ သတိဝိနယေန စ အမူဠှဝိနယေန စ တဿပါပိယသိကာယ စ။

အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။

ကိစ္စာဓိကရဏံ ဧကေန သမထေန သမ္မတိ သမ္မုခါဝိနယေနေဝ။

အဓိဋ္ဌိတ ဝိကပ္ပိတေသု အပရိယာပန္နတ္တာ အတိရေကံ စီဝရန္တိ အတိရေကစီဝရံ။

အနတိရိတ္တန္တိ န အတိရိတ္တံ န အဓိကန္တိ အတ္ထော၊ တံ ပန ကပ္ပိယကတာဒီဟိ သတ္တဟိ ဝိနယကမ္မာကာရေဟိ အကတံ ဝါ ဂိလာနဿ အနဓိကံ ဝါ ဟောတိ။

အနီကဿ ဒဿနံ အနီကဒဿနံ၊ အနီကံ နာမ,
ဒွါဒသပုရိသော ဟတ္ထီ

တိ ပုရိသော အဿော
စတုပ္ပုရိသော ရထောတိ

ဣမိနာ လက္ခဏေန တယောဟတ္ထိ ပစ္ဆိမကံ ဟတ္ထာနီကံ၊
အဿာနီကရထာနီကေသုပိ ဧသေဝ နယော၊

စတ္တာရော ပန အာဝုဓဟတ္ထာ ပုရိသာ ပစ္ဆိမကံ ပတ္တာနီကံ။

အနုပညတ္တိနာမေသာ

အာပတ္တိကရာ စ ဟောတိ- အညဝါဒက သိက္ခာပဒါ ဒီသုဝိယ၊

အနာပတ္တိကရာ စ- အညတြသုပိနန္တာတိ အာဒီသု ဝိယ၊
အာပတ္တိ ဥပတ္ထမ္ဘကရာ စ- အဒိန္နာဒါနာဒီသု ဝိယ။

**အမူလကေနာတိ** ယံ စောဒကေန စုဒိတကမှိ ပုဂ္ဂလေ အဒိဋ္ဌ အဿုတံ အပရိသင်္ကိတံ၊ ဣဒံ ဧတေသံ ဒဿန သဝန ပရိသင်္ကာ သင်္ခါတာနံ မူလာနံ အဘာဝတော အမူလကံ နာမ။ (သံဃာဒိသေသ အဋ္ဌမ)

**အမူလကေနာတိ** ဒိဋ္ဌာ ဒိ မူလ ဝိရဟိတေန။ (သဟစမ္မိကဝဂ် ဆဋ္ဌမ)

**အဝလိတ္တာနာမ** တထေဝ ဝုတ္တနယေနေဝ ဆဒနသာ ဗဟိ လိတ္တာ။

ဝတ္ထု ကာလော စ ဩကာသော၊
အာဝုဓံ ဣရိယာပထော။

(ပဋ္ဌမအကြိမ်)

ကြိယာဝိသေသောတိ ဣမေ၊
ဆ အာဏတ္တိနိယာမကာ။

ပဥ္စဝိသတိ အဝဟာရာ....
နာနာဘဏ္ဍ ပဉ္စကံ
ဧကဘဏ္ဍ ပဉ္စကံ
သာဟတ္ထိက ပဉ္စကံ
ပုဗ္ဗပယောဂ ပဉ္စကံ
ထေယျာဝဟာရ ပဉ္စကန္တိ။

အာဝသထန္တိ ကဝါဋဗဒ္ဓဝိဟာရံ။

အာဝသထစီဝရန္တိ ဥတုနိယော ဘိက္ခုနိယော ပရိဘုဥ္ဇန္တိတိ ဒိန္နစီဝရံ။

အာသန္ဒိနာမ အတိက္ကန္တပ္ပမာဏာ ဝုစ္စတိ။

အာဟစ္စပါဒကန္တိ အင်္ဂေ ဝိဇ္ဈိတွာ ပဝေသိတပါဒကံ။

ဣတ္ထာလင်္ကာရန္တိ သီသူပဂါဒီသု အညတရံ ယံ ကိဉ္စိ ပိဠန္ဓနံ။

ဥဒကသုဒ္ဓိကန္တိ မုတ္တကရဏဿ ဓောဝနံ။

ဥပရိဝေဟာသကုဋိယာတိ ဥပရိ အစ္ဆန္နတလာယ ဒွိဘူမိက ကုဋိယာ ဝါ တိဘူမိကကုဋိယာ ဝါ။

ဥလ္လိတ္တာနာမ ဌပေတွာ ထမ္ဘတုလာ ပိဋ္ဌသင်္ဃာဋ ဝါတပါန ဓူမစ္ဆိဒ္ဒါဒိဘေဒံ အလေပေါကာသံ အဝသေသေ လေပေါ ကာသေ ကုဋ္ဋေဟိ သဒ္ဓိံ ဃဋ္ဋေတွာ ဆဒနဿ အန္တော သုဓာယ ဝါ မတ္တိကာယ ဝါ လိတ္တာ။

(ပဥ္စမအကြိမ်)

ဥလ္လိတ္တာဝလိတ္တာနာမ တဿ ဆဒနဿ အန္တော စ ဗဟိ စ လိတ္တာ။

ကောံ အတ္ထရဏဉ္စေဝ ပါဝုရဏဉ္စ တေသန္တိ ဘေတ္ထရဏပါဝုရဏာ။

တေ တတော ပဋ္ဌာယ ယာဝကထိနဿုဗ္ဘာရာ

အနာမန္တစာရော,

အသမာဒါနစာရော,

ယဝဒတ္ထ စီဝရံ,

ဂဏ ဘောဇနံ,

ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ တသ္မိံ အာဝါသေ သံဃဿ ဥပ္ပန္နစီဝရဉ္စာတိ

ဣမေ ပဉ္စာနိသံသေ လဘန္တိ။

ကပ္ပဗိန္ဒုပမာဏ မောရက္ခိမဏ္ဍလ မင်္ဂုလပိဋ္ဌိနံ အညတရပ္ပမာဏံ ကပ္ပဗိန္ဒုံ အာဒိယိတွာ တံ စီဝရံ ပရိဘုဉ္ဇိတဗ္ဗံ။

ကဗဠပ္ပမာဏ နာတိမဟန္တန္တိ

မယူရဏ္ဍံ အတိမဟန္တံ၊

ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ၊

တေသံ ဝေမဇ္ဈပ္ပမာဏံ။

ပုဗ္ဗဒါနာဒီဟိ မနုဿာနံ သဒ္ဓံ ဝိနာသေန္တော ကုလာနိ ဒူသေတီတိ ကုလဒူသကော။

ဂဏဘောဇနေတိ ဂဏဿ ဘောဇနေ၊ ဣဓ စ ဂဏောတိ စတ္တာရော ဝါ တတုတ္တရိ ဝါ ဘိက္ခူ၊ တေသံ နိမန္တန

((ပဉ္စမအကြိမ်)

တော ဝါ ဝိညတ္တိတော ဝါ လဒ္ဓေ ဩဒနာဒိနံ ပဉ္စန္နံ ဘောဇနာနံ အညတရဘောဇနေတိ အတ္ထော။

ဂရုပါဝုရဏန္တိ သီတကာလေ ပါဝုရဏံ။

ရာသိဝသေန ဟိ ပဉ္စ ဂရုဘဏ္ဍာနိ ဝုတ္တာနိ၊ တတ္ထ—

ကရာမော အာရာမဝတ္ထူတိ ဧကံ၊
ဝိဟာရော ဝိဟာရဝတ္ထူတိ ဒုတိယံ၊
မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနန္တိ တတိယံ၊

လောဟကုမ္ဘီ လောဟဘာဏကံ လောဟဝါရကော လောဟကဋာဟံ ဝါသိ ပရသု ကုဌာရီ ကုဒါလော နိခါဒနန္တိ စတုတ္ထံ။

ဝလ္လိ ဝေဠု မုဉ္ဇံ ပဗ္ဗဇံ တိဏံ မတ္တိကာ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍန္တိ ပဉ္စမံ။

ယံ ပန သဗ္ဗန္တိမံ ဃရံ ဟောတိ၊ တဿ ဃရဿ တာဒိသေ ဃရူပစာရေ ဌိတဿ ထာမမဇ္ဈိမဿ ပုရိသဿ ယထာ တရုဏမနုဿာ အတ္တနော ဗလံ ဒဿေန္တာ ဗာဟုံ ပသာရေတွာ လေဍ္ဍုံ ခိပန္တိ၊ ဧဝံ ခိတ္တဿ လေဍ္ဍုဿ ပတနဋ္ဌာနဗ္ဘန္တရံ ဂါမော နာမ။

တတော အညဿ လေဍ္ဍုပါတဿ အဗ္ဘန္တရံ ဂါမူပစာရော နာမ၊ ပတိတဿ ပန လေဍ္ဍုနော ပဝတ္တိတွာ ဂတဋ္ဌာနံ န ဂဟေတဗ္ဗံ။

ပရိက္ခိတ္တဿ ပန ဂါမဿ ပရိက္ခေပေါယေဝ ဂါမဿ ပရိစ္ဆေဒေါ၊ တဿ သစေ ဒွေ ဣန္ဒခီလာ ဟောန္တိ အဗ္ဘန္တရိ

မေ ဣန္ဒခီလေ ဌိတာယ လေဍ္ဍုပါတဗ္ဘန္တရံ ဂါမူပစာရော နာမ။

နိဗ္ဗကောသဿ ဟိ ဥဒကပတနဋ္ဌာနဗ္ဘန္တရံ ဃရံ နာမ။

စတုက္ကံသပရမန္တိ ကံသော နာမ စတုက္ကဟာပဏိကော ဟောတိ၊ တသ္မာ သောဠသကဟာပဏဂ္ဃနကံ။

ယံ ပန ဒွါရေ ဌိတော မာတုဂါမော ဘာဇနဓောဝနဥဒကံ ဆဍ္ဍေတိ၊ တဿ ပတနဋ္ဌာနဉ္စ,

မာတုဂါမေနေဝ အန္တောဂေဟေ ဌိတေန ပကတိယာ ဗဟိ ခိတ္တဿ သုပ္ပဿ ဝါ သမ္မုဉ္စနိယာ ဝါ ပတနဋ္ဌာနဉ္စ,

ဃရဿ ပုရတော ဒွိသု ကောဏေသု သမ္ဗန္ဓိတွာ မဇ္ဈေ ရုက္ခသူစိဒွါရံ ဌပေတွာ ဂေါရူပါနံ ပဝေသန နိဝါရဏတ္ထံ ကတပရိက္ခေပေါ စ,

အယံ သဗ္ဗောပိ ဃရူပစာရော နာမ။

စီဝရကာလသမယန္တိ အနတ္ထတေ ကထိနေ ယာဝ ဝဿာနဿ ပစ္ဆိမော မာသော, အတ္ထတေ ကထိနေ ယာဝ ပဉ္စ မာသာ။

စီဝရနိက္ခေပဋ္ဌာန၊ ဂါမ နိဂမန နိဝေသန ဥဒေါသိတ အဋ္ဋ မာဠ ပါသာဒ ဟမ္မိယ နာဝါ သတ္ထ ခေတ္တ ဓညကရဏ အာရာမ ဝိဟာရ ရုက္ခမူလ အဇ္ဈောကာသ ဝသေန စီဝရ နိက္ခေပဋ္ဌာနာနိ ပန္နရသ ဟောန္တိ။

(ပဌမအကြိမ်)

စိဝရသက်မနိယန္တိ သက်မေတဗ္ဗစိဝရံ၊ အညိဿာ သန္တကံ အနာပုစ္ဆာ ဂဟိတံ ပုန ပဋိဒါတဗ္ဗံ ပဠန္နံ အညတရံ စိဝရန္တိ အတ္တော။

စိဝရာနိ နဝ သံဃာဋိ ဥတ္တရာသံဂ အန္တရဝါသက ဝဿိကသာဋိက နိသီဒန ပစ္စတ္ထရဏ ကဏ္ဍုပ္ပဋိစ္ဆာဒိ မုခပုဉ္ဆန ပရိက္ခာရစောဠဝသေန။

ဇာယတ္တနေ ဝါ ဇာရတ္တနေ ဝါတိ ဇာယဘာဝေ ဝါ ဇာရဘာဝေ ဝါ။

ပုရိသဿ ဟိ မတိံ ဣတ္ထိယာ အာရောစေန္တော ဇာယတ္တနေ အာရောစေတိ။

ဣတ္ထိယာ မတိံ ပုရိသဿ အာရောစေန္တော ဇာရတ္တနေ အာရောစေတိ။

အပိ စ....

ပုရိသဿေဝ မတိံ ဣတ္ထိယာ အာရောစေန္တော ဇာယတ္တနေ ဝါ အာရောစေတိ နိဗဒ္ဓဘရိယဘာဝေ။

ဇာရတ္တနေ ဝါ မိစ္ဆာစာရဘာဝေ။

သုဝဏ္ဏံ ရဇတံ ကဟာပဏော မာသကောတိ ဣမာနိ ဟိ စတ္တာရိ နိဿဂ္ဂိယဝတ္ထူနိ။

ဥတ္တိဒေါသ၊ ဝတ္ထု သံဃ ပုဂ္ဂလ ဥတ္တိန် အပရာမသနာနိ ပဌာ ဥတ္တိဋ္ဌပနုဒ္ဓာတိ ဣမေ တာဝ ပဉ္စ ဥတ္တိဒေါသာ။

(ပဉ္စမအကြိမ်)

တိရစ္ဆာနဝိဇ္ဇန္တိ ယံ ကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ ဟတ္ထိ အဿ ရထ ဓနု ထရု သိပ္ပ အာထဗ္ဗဏ ခိလန ဝသီ ကရဏ သောသာပန မန္တာဂဒပ္ပယောဂါဒိဘေဒံ ပရူပ ဃာတကာရံ ဝိဇ္ဇံ။

ဓညာနိ သတ္တ သာလိ ဝီဟိ ယဝေါ ဂေါဓုမော ကင်္ဂု ဝရ ကော ကုဒြူသကောတိ။

ပကတတ္တောတိ အနုက္ခိတ္တော သမာနသံဝါသကော။

ပညတ္တိဝိဝိဓန္တိ....

ပညတ္တိ,
အနုပညတ္တိ,
အနုပ္ပန္နပညတ္တိ,
သဗ္ဗတ္ထပညတ္တိ,
ပဒေသပညတ္တိ,
သာဓာရဏပညတ္တိ,
အသာဓာရဏပညတ္တိ,
ဧကတောပညတ္တိ,
ဥဘတောပညတ္တိဝသေန
နဝဝိဓာ ပညတ္တိ။

ပဏ္ဍကာ ပဉ္စဝိဓာ အာသိတ္တ, ဥသူယ, ဩပက္ကမိက, နပုံသက, ပက္ခ ပဏ္ဍကဝသေန။

ဧဟိ ဘိက္ခူတိ ပကတိယာ ဧဝ အတ္တနော အတ္တနော အင်္ဂ ဋ္ဌိတံ ပတ္တံ ဂဟေတွာ သန္နိပတိတဗ္ဗံ။

(ပဌမအ...)

တတော သမ္မတေန ပတ္တဂ္ဂါဟာပကေန ပတ္တဿ ဝိဇ္ဇမာနဂုဏံ ဝတွာ “ဘန္တေ ဣမံ ဂဏှထာ” တိ ထေရဿ ဝတ္တဗ္ဗော။

သစေ ထေရဿ သော ပတ္တော န ရုစ္စတိ အပ္ပိစ္ဆတာယ ဝါ န ဂဏှာတိ ဝတ္တတိ၊ တသ္မိံ ပန အနုကမ္ပာယ အဂဏှန္တဿ ဒုက္ကဋံ။

သစေ ပန ဂဏှာတိ, ထေရဿ ပတ္တံ ဒုတိယတ္ထေရံ ဂါဟာပေတွာ ဧတေနေဝ ဥပါယေန ယာဝ သံဃနဝကာ ဂါဟာပေတဗ္ဗော။

ဧဘန ပရိစ္စတ္တပတ္တော ပန ပတ္တပရိယန္တော နာမ။

ပတ္တော နဝဝိဓော ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမက, မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမ, မဇ္ဈိမောမက, ဩမကုက္ကဋ္ဌ, ဩမက, ဩမကောမက ဝသေန။

ဝိနယ ဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒါ, ဂဏင်္ဂဏူပါဟနာ, ဓုဝနှာနံ, စမ္မတ္ထရဏန္တိ ဧတေသံ ဝသေန စတုဗ္ဗိဓော ပဒေသပညတ္တိနာမ။

ပရမ္ပရဘောဇနေတိ ဂဏဘောဇနေ ဝုတ္တနယေနေဝ ပဉ္စဟိ ဘောဇနေဟိ နိမန္တိတဿ ယေန ယေန ပဌမံ နိမန္တိတော၊ ဘဿ တဿ ဘောဇနတော ဥပ္ပဋိပါဋိယာ ဝါ အဝိကပ္ပေတွာ ဝါ ပရဿ ပရဿ ဘောဇနေ။

ပဋိစ္ဆန္နပရိဝါသော သုဒ္ဓန္တပရိဝါသော သမောဓာနပရိဝါသော စာတိ တိဝိဓော ပရိဝါသော။

ပုရိမဝဿံဝုတ္ထာနံ ပန ပုဗ္ဗကတ္တိက ပုဏ္ဏမာ ဝါ, တေသံယေဝ သစေ ဘဏ္ဍနကာရကေဟိ ဥပဒ္ဒုတာ ပဝါရဏံ ပစ္စုက္ကဍ္ဎန္တိ၊ အထ ပုဗ္ဗကတ္တိကမာသဿ ကာဠပက္ခစာတုဒ္ဒသော ဝါ, ပစ္ဆိမ ကတ္တိယ ပုဏ္ဏမာ ဝါ၊

ပစ္ဆိမဝဿံဝုတ္ထာနဉ္စ ပစ္ဆိမ ကတ္တိက ပုဏ္ဏမာ ဝေါတိ ဣမေ တယော ပဝါရဏာဒိဝသာပိ ဟောန္တိ။

ပါဏာတိပါတဿ ဆ ပယောဂါ သာဟတ္ထိကော, နိဿဂ္ဂိယော, အာဏတ္တိကော, ထာဝရော, ဝိဇ္ဇာမယော, ဣဒ္ဓိမယောတိ။

ပါတိမောက္ခန္တိ ပအတိမောက္ခံ၊ အတိပမောက္ခံ အတိသေဋ္ဌံ အတိဥတ္တမန္တိ အတ္ထော။

ပါရိဝါသိက ဆန္ဒဒါနေနာတိ ပါရိဝါသိယေန ဆန္ဒဒါနေန။
တတ္ထ စတုဗ္ဗိဓံ ပါရိဝါသိယံ—
ပရိသပါရိဝါသိယံ
ရတ္တိပါရိဝါသိယံ
ဆန္ဒပါရိဝါသိယံ
အဇ္ဈာသယပါရိဝါသိယန္တိ။

ပုရာဏစီဝရန္တိ ရဇိတွာ ကပ္ပံ ကတွာ ဧကဝါရမ္ပိ နိဝတ္ထံ ဝါ ပါရုတံ ဝါ၊ ယံ အန္တမသော ပရိဘောဂသီသေန အံသေ ဝါ မတ္ထကေ ဝါ ကတွာ မဂ္ဂံ ဂတော ဟောတိ၊ ဥဿီသကံ ဝါ ကတွာ နိပန္နော၊ ဧတမ္ပိ ပုရာဏစီဝရမေဝ။

ပုရာဏသန္ထတံ နာမ ယတ္ထ သကိံပိ နိသိန္နော ဝါ ဟောတိ နိပန္နော ဝါ။

ပူဂန္တိ ဓမ္မဂဏံ။

ပေါက္ခရဏိန္တိ ကိဋ္ဌနပေါက္ခရဏိံ။

ဗီဇဂါမော ပဉ္စ မူလဗီဇ, ခန္ဓဗီဇ, ဖလုဗီဇ, အဂ္ဂဗီဇ, ဗီဇဗီဇဂါမဝသေန။

ဗျူဟောတိ အနိဝိဒ္ဓရစ္ဆာယံ။

ဘိက္ခုနိနံ စီဝရာနိ ပဉ္စ-တိစီဝရ,ဥဒကသာဋိကာ, သံကစ္စိကာဝသေန။

ယေနကေနစိ ပန စောဋ္ဌေန ဝါ ကပ္ပိယစမ္မေန ဝါ ဆဝိံ ကတွာ ဌပေတွာ မနုဿလောမံ ဘာလီသပတ္တဉ္စ ယေဟိ ကေဟိစိ လောဏပဏ္ဏတိဏဝါကစောဋ္ဌေဟိ ပူရေတွာ ကတာ သေနာသနံ ဘိသိတိ ဝုစ္စတိ။

ဘောဇနာနိ ပဉ္စ ဩဒနော, ကုမ္မာသော, သတ္တု, မစ္ဆော, မံသန္တိ။

မနုဿာ မနုဿတိရစ္ဆာနဂတဝသေန ဟိ တိဿော ဣတ္ထိယော၊ တာသံ ဝစ္စမဂ္ဂပဿာဝမဂ္ဂမုခမဂ္ဂဝသေန တယော တယော ကတွာ နဝ မဂ္ဂါ၊ တထာ ဥဘတောဗျဉ္ဇနကာနံ။

ပုရိသာနံ ပန ဝစ္စမဂ္ဂမုခမဂ္ဂဝသေန ဒွေ ဒွေ ကတွာ ဆ မဂ္ဂါ၊ တထာ ပဏ္ဍကာနန္တိ တိံသမဂ္ဂါ။

မဟာဖလာနိ နဝ တာလ, နာဠိကေရ, ပနသ, လဗုဇ, အလာဗု, ကုမ္ဘဏ္ဍ, ပုဿဖလ, တိပုသဖလ, ဧဠာလုကာဝသေန။

ပုပ္ဖာဒီဟိ ဏတော အာသဝေါ မေရယံ။

(ပဉ္စမအကြိမ်)

ရတနန္တိ မုတ္တာဒိဒသဝိဓံ။
ရတနသမ္မတန္တိ ယံ ကိဉ္စိ မနုဿာနံ ဥပဘောဂ ပရိဘောဂံ။
ရထိကာယာတိ ရစ္ဆာယ။
လသုဏန္တိ မဂဓရဋ္ဌေ ဇာတံ အာမကံ ဘဏ္ဍိကလသုဏမေဝ။
န ကေဒ္ဓိတိမိဉ္ဇကံ။
လဟုပါဝုရဏန္တိ ဥဏှကာလေ ပါဝုရဏံ။
ဝိကာလေတိ ဝိဂတေ ကာလေ၊ မဇ္ဈန္တိကာတိက္ကမနတော ယာဝ အရုဏုဂ္ဂမနာတိ အဓိပ္ပါယော။ (ဘောဇနဝဂ် သတ္တမ)
ဝိကာလေတိ မဇ္ဈန္ဟိကာတိက္ကမနတော ပဋ္ဌာယ အန္တော အရုဏော။ (ရတနဝဂ် တတိယ)
ဝိကာလေတိ အတ္ထင်္ဂတေ သူရိယေ။ (ဘိက္ခုနောဝါဒဝဂ်)
ဝိပတ္တိယော စတုဗ္ဗိဓာ

သီလဝိပတ္တိ
အာစာရဝိပတ္တိ
ဒိဋ္ဌိဝိပတ္တိ
အာဇီဝဝိပတ္တိဝသေန၊

သီမာယော ကောဒသ

အတိခုဒ္ဒကာ
အတိမဟတီ
ခဏ္ဍနိမိတ္တာ
ဆာယာနိမိတ္တာ
အနိမိတ္တာ
ဗဟိသီမေဌိတသမ္မတာ
နဒိယာသမ္မတာ

(ပဉ္စမအကြိမ်)

သမုဒ္ဒေသမ္ဗတာ
ဇာတဿရေသမ္မတာ
သီမာယသီမံသမ္ဘိန္ဒန္တေနသမ္မတာ
သီမာယသီမံ အဇ္ဈောတ္ထရန္တေန သမ္မတာတိ။

**သီမာနိမိတ္တာနိ** အဋ္ဌ
ပဗ္ဗတနိမိတ္တံ
ပါသာဏနိမိတ္တံ
ဝနနိမိတ္တံ
ရုက္ခနိမိတ္တံ
မဂ္ဂနိမိတ္တံ
ဝမ္မိကနိမိတ္တံ
နဒီနိမိတ္တံ
ဥဒကနိမိတ္တန္တိ။

**သံဃာဒိသေသောတိ** ယာ အညတြ သုပိနန္တာ သဥ္စေတနိကာ သုက္ကဝိဿဋ္ဌိ၊ အယံ သံဃာဒိသေသောနာမ အာပတ္တိနိကာ ယောတိ အတ္ထော၊

ဝစနတ္တော ပနေတ္ထ သံဃော အာဒိမှိ စေဝ သေသေ စ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။

**ကာယော**, ဝါစာ, စိတ္တံ, ကာယစိတ္တံ, ဝါစာစိတ္တံ, ကာယဝါစာ စိတ္တန္တိ ဆ သမုဋ္ဌာနာနိ။

**ဌပေတွာ** ဓာတုဒ္ဒသ, ပန္နရသေ အညော ဟိ ယော ကောစိ ဒိဝသော သာမဂ္ဂီဥပေါသထ ဒိဝသောနာမ။

**သာမီစီတိ** အနုဓမ္မာ အနုဂတာ ဩဝါဒါနုသာသနီ ဓမ္မတာ။

[(ပဌမအကြိမ်)

သီမာတိ ခဏ္ဍသီမာ, ဥပစာရသီမာ, သမာနသံဝါသသီမာ, အဝိပ္ပဝါသသီမာ, လာဘသီမာ, ဂါမသီမာ, နိဂမသီမာ, နဂရ သီမာ,အဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာ,ဇနပဒသီမာ, ရဋ္ဌသီမာ, ရဇ္ဇသီမာ, ဒီပသီမာ, စက္ကဝါဠသီမာတိ ပန္နရသ ဝိဓာ။

သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဍ္ဍကီဟတ္ထေန ဒိယဍ္ဍော ဟတ္ထော ဟောတိ။

သုပ္ပဝါယိတန္တိ သုဋ္ဌု ပဝါယိတံ၊ သဗ္ဗဋ္ဌာနေသု သမံ ကတ္វာ တန္တေ ပသာရိတံ။

သုဝိတစ္ဆိတန္တိ ကောစ္ဆေန သုဋ္ဌုဝိတစ္ဆိတံ၊ သုဋ္ဌု နိဗ္ဗေဌိတန္တိ အတ္ထော။

သုဝိလေခိတန္တိ လေခနိယာ သုဋ္ဌု ဝိလေခိတံ။

သုဝီတန္တိ သုဋ္ဌု ဝီတံ၊ သဗ္ဗဋ္ဌာနေသု သမံ ကတွာ ဝီတံ။

ပိဋ္ဌာဒီဟိ ကတံ မဇ္ဇ သုရာနာမ။

သေက္ခသမ္မတာနီတိ လဒ္ဓ သေက္ခ သမ္မုတိကာနိ။

သေဏိန္တိ ဂန္ဓိကသေဏိ ဒုဿိကသေဏိ အာဒိကံ။

သေနာယ ဝိယူဟံ သေ နာ ဗျူ ဟံ၊ သေနာနိဝေသဿေတံ နာမံ။

သေဝိယ ဝိနိစ္ဆယောယံ....

သုရှိသုရှိကာရကံ ကောသမ္ဘိယံ ပညတ္တံ၊

သာမိသေန ဟတ္ထေန ပါနီယထာလကာ, သသိတ္ထကာ ပတ္တ ဓောဝန ပဋိသံယုတ္တ ဒွယံ ဘဂ္ဂေသု သမ္ဘဟုလေ ဘိက္ခူ အာရဗ္ဘ,

(ပဥ္စမအကြိမ်)

သေသာနိ သဗ္ဗာနေဝ သာဝတ္ထိယံ ဆဗ္ဗဂ္ဂိယေ အာရဗ္ဘ ဩလမ္ဗေတွာ နိဝါသနာဒိဝတ္ထုသ္မိံ ပညတ္တာနိ။
ဧတ္ထ စ ယသ္မာ ဝတ္တက္ခန္ဓကေ ဝုတ္တဝတ္တာနိပိ သိက္ခိတဗ္ဗတ္တာ သေခိယာနေဝ ဟောန္တိ၊ တသ္မာ ပါရာဇိကာဒီသု ဝိယ ပရိစ္ဆေဒေါ န ကတော။
စာရိတ္တဝိနယဒဿနတ္ထဉ္စ "ယော ပန ဘိက္ခု ဩလမ္ဗေန္တော နိဝါသေယျ၊ ဒုက္ကဋ"န္တိ ဧဝံ အာပတ္တိနာမေန အဝတွာ သိက္ခာ ကရဏီယာတိ ဧဝံ သဗ္ဗသိက္ခာပဒေသု ပါဠိ အာရောပိတာ။
သေယျာ နာမ ဘိသိ, စိမိလိကာ, ဥတ္တရတ္ထရဏံ, ဘူမတ္ထရဏံ, တဋ္ဋိကာ, စမ္မက္ခဏ္ဍော, နိသီဒနံ, ပစ္စတ္ထရဏံ, တိဏသန္ထာရော, ပဏ္ဏသန္ထာရောတိ ဒသဝိဓာ။
ဟတ္ထပါသော နာမ အဍ္ဎတေယျဟတ္ထပ္ပမာဏော ဩကာသော။

## ပါတိမောက် နှင့် ကင်္ခါ အမေး အဖြေကျမ်း

## အားလုံး ပြီးဆုံးပြီ

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊

ဣမံ ပုညဘာဂံ သဗ္ဗေ သတ္တာ သမံ ပဋိလဘန္တု။

---

# နိဂမ ပတ္ထနာ

ကင်္ခါမောက္ခေန သံဝါသာ,
ဂန္ထ-ကညံ ဝိဇာယတိ၊
နယာလင်္ကာရ လိင်္ဂိတံ,
ပိယန္တု တံ ယုဝါ သုဘံ။

ကင်္ခါ မောက္ခေန သံဝါသာ—ပါတိမောက် နှင့် ကင်္ခါ ယှဉ်ကာ တွဲကာ, အစဉ်အလာ မကွဲကွာတဲ့ အကြောင်းရင်း အထပ်ထပ်တို့ဖြင့်, ပေါင်းသင်း ချစ်ခင်အပ်လေသောကြောင့်၊

ဂန္ထ-ကညံ—မေး-ဖြေပုံ သိမ်မွေ့ ဣန္ဒြေ သိက္ခာဂုဏ်, ဣဋ္ဌာရုံ ပီယဝါစာ, စိတ်အာရုံ ညီမျှစွာသာ, နိုပ်စရာတဖုံ သီလ စာရာ တို့ဖြင့်, သာယာ ပြေပြစ်, ချစ် နှစ် သက် စ ရာ, အဆစ် ဖြစ်တဲ့ ဝစနာတို့နှင့် အသစ်ဖြစ်တဲ့ ဆန်းညာဏ်ထွင်ကာ, ကျစ်လစ်တဲ့ ကျန်းဂန် ယဉ်တဖြာ, ချစ်နှစ်သက်အပ်တဲ့, နန်းဆန် သည့် ခင်ကညာ ကလေးကို၊

ဝိဇာယတိ—နေ့အချိန်မှာလဲ တထိန်ထိန်, ညဉ့်အချိန်မှာ လဲ တဝင်းဝင်း, အဆင်းက သိင်္ဂီရွှေ, စိန်ရတီတွေ အရှိန်ဟပ် သလို, တထိန်ထိန် တလျှပ်လျှပ် ကြည်အေး သွားသောက်အောင် စီရေးသားကာ, တလီမွေးဖွား၍ လာခဲ့ပြန်ပါပေသတည်း။

(ပဉ္စမအကြိမ်)၊

နယာ လင်္ကာရ လင်္ကိတံ–သဒ္ဒါနည်းတွေက အထွေထွေ၊ သဘာဝတွေက အခိုင်ခိုင်၊ အပြိုင်အဆိုင် အနည်းအနည်း တို့ဖြင့် စတိုင်ကြီးကာ ပြိုင်ယှဉ်မဲ့ ပေါ်လာလျှင်၊ အိုင်တင်နဲ့ မော်ကာ မူရာမျိုးဆန်းကာ စုံအောင်တန်းဆာအကုန် ဆင်အပ်ပေသော၊

သုဘံ–အကောင်းမှာ ထိပ်ပိတ်၊ အနိပ်မှာ ပထမ၊ အလှမှာ တဆင့် (ကျိုးကုန်အောင်) တင့်မျိုးစုံလှပေသော၊

တံ ဂန္ထ-ကညံ–အသစ်ဖြစ်တဲ့ ဆန်းညဏ်ထွင်ကာ၊ ကျစ်လစ်တဲ့ ကျမ်းဂန် ယဉ်တဖြာ၊ ချစ် နှစ် သက် အပ် တဲ့၊ နန်းဆန်သည့် ခင်ကညာ ကလေးကို၊

ယုဝါ=ယုဝါနော–ကျူူးရင့်ပုံ သံသာ ထူးတင့်စုံ ဖြာဖြာ ဖူးပွင့်ငုံမာလာ၊ သာသနာဆိုတဲ့ ပန်းမြိုင်ရဂုံတွင်၊ လျှမ်းကြိုင်ထုံ ကျမ်းဂန် အခင်းတွေကို၊ တမ်းတခြင်း ရှိနေကြတဲ့၊ ပဥ္စင်း သာမဏေ အရွယ်ကောင်း လုလင်ပျို အပေါင်းတို့သည်၊

ပိယာယန္တု–ဆရစ်ဝိုင်းပမာ၊ အဆစ် အပိုင်း အဖြာဖြာတွေကို၊ အချစ်လှိုင်း တအိမ့်အိမ့်နှင့်၊ နှစ်သိမ့် မပြေ၊ ချစ်ခင်တော် မူနိုင်ကြပါစေကုန်သတည်း။

● ပြန်လည်ထွက်ပေါ်လာပါပြီ ●

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ

ဆရာကြီး ဦးကံသာ

စီစဉ်ရေးသားသည့်

# အဘိဓမ္မာသင်တန်း

ပဌမအဆင့် - ဒုတိယအဆင့် - တတိယအဆင့်

တပေါင်းတည်း ပူးတွဲထုတ်တည်း

ရိုက်နှိပ်၍ ပြီး စီး ထွက် ပေါ် လာ ပါ ပြီ

အဖိုး ၅-ကျပ်

○ သာသနာ့အလင်း စာပေဌာန ○

၂၁၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

◄ သင့်အားစာပုံနှိပ်တိုက် ►

၁၇၊ မလွန်ကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်